www.burmeseclassic.com

# ချစ်



BURMESE CLASSIC .com

အမှုန်းကွန်

www.burmeseclassic.com

www.burmeseclassic.com

ရွှေသမင်စာပေ

၃၇/၃၉၊ (၄၄-လမ်း)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၃၉၈၅၅၇၊ ၈၆၁၀၀၈၈၊





www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ကေနိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နှဲ့နှဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း။
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်ထလောက်အညွှန်း" (CIP)

| | |
|---|---|
| | ၈၉၅.၈၃ |
| သျှင်မ | |

အမုန်းကွန်/သျှင်မ၊ -ရန်ကုန်၊ ရွှေသမင်စာပေ၊
၂၀၁၂။
၄၂၈ စာ ၊ ၁၅ စင်တီ x [illegible] စင်တီ ။
(၁) အမုန်းကွန်




## အခန်း (၁)

နာမည်က ချိုနီး တဲ့လား ...။
ချစ်ဖို့ကောင်းလိုက်တာ ...။

မြင်လောက်ဘုးထင်[illegible]ယ်ရုပ်လေးကနေ လွှတ်လွှတ်လပ်လပ် နိုးကြည့်နေမိသည်။ သိပ်မဝေးပေမယ့် နာရီဝိုင်းကြည့်လိုက်၊ လမ်းသားကိုမျှော်ကြည့်လိုက်နှင့် မျက်နှာက သစ်ပင်အကွယ် ဂွခုံထိပ်ကနေ မျက်လုံးလေးတွေချည်းပေါ်နေသည့် ဖူး ကို ရုတ်တရက်တွေ့ဖို့ မလွယ်ပါ။

အရောင်အသွေးစုံအောင် လှနေသည့် တက္ကသိုလ်မြေမှာ ရှပ်အင်္ကျီလက်ရှည်အဖြူတွေပဲ အဝတ်များကာ အပေါ်ထပ်တွေကိုတော့ ဒီနိုင်းခရိုး အရောင်မထပ်အောင် ဝတ်တတ်သူမှန်းလည်း ချောင်းကြည့်ဖန်များလွန်းလို့ ဖူး မှတ်မိနေသည်။

ပြီးတော့ မုဆိုးနဲ့ဆိုလည်း ချောသည်၊ သောင်းဘီရှည်ဝတ်ထားတောလည်း ပါးလျှားမြင့်မားသည့်ကိုယ်ဟန်က ကြည့်ကောင်းနေတာပဲ ဖြစ်သည်။

တစ်ခါတစ်ရံ ကိုယ်ပိုင်ကားနှင့်လာတတ်ကာ ကြုံသလိုကျသလို ရောက်လာတာတွေလည်း မြင်သည်။ ဖူး အမြဲတမ်းမြင်နေတာတစ်ခုက သူ့မျက်နှာ ဘယ်တော့မှ ချွေးစတွေနဲ့ အဆီပြန်နေတာမျိုး မရှိဘဲ ...။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာကိုလာချင်၍ အကြောင်းရှာထွက်ခဲ့ပြီး ဝယ်ထားသည့် မုန့်ထုပ်တွေကိုလည်း မစားဖြစ်ခဲ့ပါ။ ချိန်း မျက်နှာကို မျက်လုံးမခွာတမ်းငေး၍ လွယ်အိတ်ထဲကို ငုံ့မကြည့်ဘဲ လက်နဲ့စမ်းသည်။

အိတ်ထဲကို မုန့်ထုပ်တွေ လျှောလျှောလျူလျူဝင်သွားတဲ့အထိ မမြင်မစမ်းထည့်လိုက်တာ တန်းခနဲ။ တစ်ခုခု စိတ်ဝင်စားသည့်ပုံဖြစ်နေသဖြင့် တစ်ယောက်ယောက်နဲ့ချိန်းထားပြီးမှ အတူတူသွားကြဖို့ လာစောင့်နေတာ ဖြစ်နိုင်သည်။

နာရီကိုငုံ့ကြည့်လိုက်သော မျက်တောင်ဖျားတို့က တိုစိပ်စိပ်လေးတွေနှင့် နက်မှောင်နေသည်။ အလိုမကျစွာ တွန့်ကုတ်နေသည့် မျက်ခုံးနှစ်ဖက်သည် ဖြူဝင်းသည့်မျက်နှာ[illegible]သွယ်မှာ သိသာအောင် ထူနက်နေကြ၏။

နှာတံပေါ်ပုံကလည်း ကော့ခြ[illegible]ခြင်း ကင်း၏။ ထူပြည့်နီမြန်းသည့်နှုတ်ခမ်းအစုံနှင့် ထိုယောကျ်ားသည် ဖူး မျက်လုံးထဲမှာတော့ မင်းသားတစ်ပါးပဲ ဖြစ်လေသည်။

သူ ဘယ်သွားသွား လိုက်ကြည့်နေကြသည့် မျက်လုံးတွေရှိသည်။ ဘယ်နေရာမှာတွေ့တွေ့ သူပဲဆိုတာကို အမှတ်တရ သမင်လည်ပြန်ကြည့်တတ်ကြ၏။ ထိုယောကျ်ားသည် အရမ်းကို ပေါ်ပြူလာဖြစ်လွန်းတဲ့သူပါ ...။ သို့သော် ...

ဤသူကိုမှ လူသိမများသော .. တလည်းမတော် .. အလွန်အမင်းအသည်းငယ်တတ်၍ ပတ်ဝန်းကျင်ကို ရင်မဆိုင်ရဲသည့်မျက်ဝန်းတို့ကိုအမြဲတမ်း ငုံ့လျှိုးဖုံးကွယ်ထားတတ်သော ဖူးဖူးစင် ဆိုသည့် သူမကအမြဲတမ်းပဲ တိတ်တိတ်လေး ချောင်းကြည့်နေကျ ..။

"ဟဲ့ .. ဟိုမှာကြည့်စမ်း .."

"ဟယ် .. ချောင်းကြည့်နေတာတော့ .."

"သနားပါတယ် .. ပြောပေးလိုက်ပါဟယ်"





"အေးပါဟယ် .. သူ့ခမျာ အသားမည်းမည်း ပတ္တမြားခဲလေးမို့လို့နော် .. သနားပါတယ်ပေါ့နော်၊ ပြန်ကြိုက်လိုက်ပါ .. အဲ .. အဲဒါမို့လား"

"ဟယ် .. ဟုတ်လား"

"ဖြစ်ရလေနော်"

လေးယောက်အုပ်စု ..၊ ဖူး ရဲ့နောက်က ခုံတန်းမှာ အကျအနလာထိုင်သည်။ လူကိုလှည့်မကြည့်ဘဲ ကျကျနနပြောရင်း သံပြိုင်ရယ်ကြသေးသည်။ ဖူး မျက်နှာလေးငုံ့ကာ အငေးတစ်ပိုင်း ထွက်လာခဲ့မိသည်။

"ဟော့ .. ဟော့ .. ဖူးလေး .."

အဆောင်ကိုမရောက်ခင် ဘယ်ကမြင်သွားမှန်းမသိဘဲ ဒရိုင်ဘာ[illegible]ကြီး က ခြေလှမ်းကျဲကြီးများနှင့် အမီလိုက်လာ၏။

"ဖူးလေး မုန့်စားမလို့ဆို ဝယ်ပြီးပြီလား .. ဦးလေး ဝယ်ပေးရမလား၊ [illegible]ယ်ကိုလဲ .."

ဖူး ခြေလှမ်းတွေ ရပ်ပစ်လိုက်ကာ ဝယ်ထားသည့်မုန့်ထုပ်တွေကို[illegible]ယူပြီး ဦးချက်ကြီး ကို လှမ်းပေးလိုက်၏။

"ဝယ်ထားတာတွေ မစားချင်တော့ဘူး၊ ရော့ .. ပြန်ယူသွား"

"ဟော .. ဘာဖြစ်လို့လဲ ဖူးလေး ရဲ့ .. ဒါမဟုတ်ရင် ဘာစားချင်လို့လဲ၊ ဦးလေး ဝယ်ပေးမယ်လေ"

"မစားချင်ပါဘူးဆိုမှ"

"အိမ်က ဘာမှမစား .."

ဦးချက်ကြီး ဆိုးအောင်မပြောရသေးခင် ဖူး အဆောင်ဘက်ကို ပြေးထွက်သွားသည်။ ဆံပင် ပခုံးမထိတထိလေးတွေ တဖတ်ဖတ် လှုပ်ခါသွားလျက် အမှတ်တမဲ့ကြည့်လျှင် ခြေဆောင့် စိတ်ကောက်သွားတာနှင့်တူ၏။

"ဟလို .."



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးလားခင်ဗျာ .. ဖူးလေး ဗိုက်ဆာလို့လို့ ထွက်လာပြီး ရှာလည်း ဝယ်တယ်၊ ဒါပေမယ့် မစားဘဲ ကျွန်တော့်ကို ပေးထားခဲ့ပြီး ပြန်ဝင်သွားတယ်"

"မျက်နှာမှာ ဘာဖြစ်နေတာနဲ့တူလဲ .. နေထိုင်မကောင်းတာနဲ့ တူလား၊ တစ်ယောက်ယောက်နဲ့ စိတ်ကောက် ရန်ဖြစ်ထားတာမျိုး"

ဦးချက်ကြီး မဖြေခင် ဖူး ထွက်သွားသည့်ဘက်ကို လှမ်းကြည့်မိသေးသည်။ တစ်ယောက်ယောက်နဲ့ ရန်ဖြစ်စိတ်ကောက်ဖို့ရာ ဖူး ကို မြင်လိုက်တိုင်း အနားမှာ မိန်းကလေးသူငယ်ချင်း တစ်ယောက်ယောက် အတူရှိနေတာမျိုးလည်း တစ်ခါမှ မတွေ့ ...။

"ဟော့ .. ချက်ကြီး"

"ဗျာ .. သူဌေး"

"မင်းကို ငါ မေးနေတာကွာ"

"ဟုတ်ကဲ့ .. စဉ်းစားနေတာပါ သူဌေး၊ အဲဒါ မဟုတ်လောက်ပါဘူး၊ ဖူးလေး မှာ သူငယ်ချင်းရှိပုံလည်း မရဘူး"

မြင်တဲ့အတိုင်း ပြောပြလိုက်တော့ သူဌေးကြီး အသံတိတ်သွားသည်။ ဦးချက်ကြီး စိတ်တော့မကောင်းပါ ...။ ဒီအိမ်မှာ သူ အလုပ်လုပ်တာ ဖူးလေး ရှစ်တန်းကျောင်းသူအရွယ်တည်းကဖြစ်ကာ ထိုနှစ်ထဲမှာပဲ သူဌေးကြီး အိမ်ထောင်သစ် ထူခဲ့တာမို့ အမှတ်တရ ဖြစ်နေခဲ့၏။

ကလေးငယ်ငယ်တုန်းကလည်း ငယ်သေးလို့ မိထွေးနဲ့ဖြစ်ပါ့မလား လို့ သူဌေးကြီး စိတ်ပူခဲ့သည်။ လက်လွှတ်တဲ့အရွယ်မို့ နားလည်တတ်ပြီ ထင်ပြီး အိမ်ထောင်ပြုလိုက်တော့လည်း ဖူးလေး က မလိုလားခဲ့ပေ ...။

သူတို့သားအဖရဲ့အတွင်းရေး ဘယ်လိုရှိကြသည်မသိသော်လည်း သူဌေးနဲ့ သူဌေးကတော်ရယ်၊ ဖူးဖူးစင် ဆိုသော တစ်ဦးတည်းသော သမီးလေးရယ် သုံးယောက်တည်းမှာ တစ်ယောက်တစ်ကန့်စီ ဖြစ်နေခဲ့ကြပြီး အဆင်မပြေ ...။





ပိုဆိုးတာက ဖူးဖူးစင် ပဲ ဖြစ်၏။

သူမကိုမသိတဲ့လူတွေမြင်လျှင် စီးပွားရေးလုပ်ငန်းများစွာနှင့် သူဌေးကြီး ဦးမင်းခ ၏ တစ်ဦးတည်းသောသမီး ဆိုတာကို ယုံကြည်နိုင်ဖို့ မလွယ်ပေ ...။

ခုခေတ်မှာ မလှတဲ့မိန်းကလေးတွေလည်း လှနေကြပါပြီ။ သူမလို ရှက်ကြမ်းရေကျိုအလှလေးရှိထားသူအတွက် အလှဆုံးဖြစ်သွားအောင် ပြင်ဆင် ပြောင်းလဲပစ်လို့ ရသည်။

ဒီလိုပြောင်းလဲဖို့အတွက်လည်း သူမမှာ ရွှေမရှား ငွေမရှား ပြည့်စုံနေသည့်ဘဝ ...၊ ဒါပေမယ့် ဘာမှပြင်ဆင်ခြယ်သမှု မရှိ၊ ဘာမှလည်း တောက်တောက်ပပ မဝတ်ဆင် ...။

တက္ကသိုလ်ကျောင်းသူဖြစ်လာတဲ့အထိ သူမမှာ အရင်းနှီးဆုံးသူငယ်ချင်းဆိုတာလည်း မတွေ့ခဲ့ရပေ။

ဖြစ်နိုင်တာတစ်ခုက ဖူးဖူးစင် ဟာ လူတောမတိုးချင်တော့သလို ကိုယ့်စိတ်ကို နှိပ်စက်နေတာလား .. ဒါမှမဟုတ် လူတောမတိုးခဲ့ရဲအထိ ပျော့ညံ့နေခဲ့တာလား ...။

ဦးချက်ကြီး ကားထဲပြန်ဝင်ကာ ဖူး ပေးထားခဲ့သည့်မုန့်ထုပ်တွေကို တစ်ချက်တော့ ငုံ့ကြည့်လိုက်မိသည်။

ဒါပေမယ့် သေးမှာ အိတ်လိုက်လေးပဲ ချထားလိုက်ကာ နာရီကြည့်လိုက်၏။ အတန်းချိန်ပြီးတဲ့အထိ သို့မဟုတ် ဖူးဖူးစင် ထွက်လာတဲ့အချိန်ကို စောင့်ရမည်။

ဒီကောင်မလေးက သနားစရာတော့ ကောင်းနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ကြည့်ပါလား .. ရုပ်ကိုက မျက်နှာနဲ့လိုက်ပြီး စိတ်ပုပ်တယ်"

အတန်းထဲမှာထိုင်နေတာပေမယ့် ကိုယ့်ရဲ့ပြတင်းပေါက်ဘေးမှာ တမင်လာကာပ်ပြောနေတာမို့ ဖူး အတိုင်းသား ကြားနေရသည်။

ကိုယ့်ကိုမမြင်အောင် နံရံနဲ့ အတင်းကပ်ကွယ်ရင်း လူက စားပွဲခုံမှာ မှောက်အိပ်နေသလိုပုံစံမျိုး ဖြစ်နေတာတောင် အပြစ်က မလွတ် ..။

"အေးနော် .. သူကြည့်ရင် လူကြောက်သလိုလို .. အရှုံးပေးသလိုလို နဲ့၊ မထင်ရဘူး"

"ငါကဟာ နင်တို့တွေအားလုံးအတွက် ရိုးသ်ကျောသာထုံးပေးနေ တာ တီချယ် သိမှာစိုးလို့ သူကို အကောအညီတောင်းတာပါ၊ လက်မှတ် ဆိုပေမယ့် အေးမြတ်သီရိ က 'အေး လို့ပဲ ရိုးရိုးလေးထိုးတာဥစ္စာ၊ မထိုး တတ်စရာလည်း မလိုပါဘူး၊ အဲဒါကို သူကို အဆိပ်ကျွေးတာကျနေတာ ပဲ .. ခေါင်းတခါခါနဲ့ ဘေးလူတွေတောင် သိတယ်၊ ငါ ဘယ်လောက် စိတ်တိုမလဲ ,တွက်ကြည့် .."

"အေးလေ .. ငါသာဆိုလည်း စိတ်တိုရုံတင်မကဘူး လူသတ်ချင် စိတ်ပါ ပေါက်မှာ၊ တကယ်ပဲ .. ဘော်ဒါစိတ်ဓာတ် မရှိဘူး"





"မရှိလို့ နေရတာကို ကြည့်ပါလား .. သူ့ကို ဘယ်သူက အပေါင်း အသင်းလုပ်လို့လဲ"

"မောင်မယ်သစ်လွင်နေ့ကလည်း မကြားလိုက်ဘူးလား၊ သချာကွင်း ရွေးခံရမယ့်တစ်ယောက်ကို မသိသလိုလို၊ မမြင်သလိုလိုနဲ့ တိုက်ချပစ် လိုက်တာ အကျီမှာ အချိုရည်တွေပေပြီး ပြန်သွားရတယ်လေ"

"မနာလိုတာ နေမှာပေါ့၊ သူ့ရုပ်က မယ်ကုဝဏ် ဆိုတော့ .."

"မယ်ကုဝဏ် က ဘာလဲ"

"ဘီလူးမ"

ခိုးခိုးခစ်ခစ်ရယ်သံတွေ ထွက်လာသည်။ ဖူး စားပွဲနဲ့ ပါးတစ်ဖက် ကပ်နေအောင် ကိုယ်ကိုပြားကာ သူတို့ ကိုယ့်ကို လှမ်းမြင်တာ မမြင် တာလည်း မသိ ..။

လူများများရှေ့ရောက်တာနှင့် ခြေလှမ်းမမှန်ဖြစ်ရသည့်အကျင့်က ကိုယ့်အကြောင်းပြောနေမှန်း သိတော့ ဒီနေရာကနေ ထွက်ပြေးချင်စိတ် တွေသာ ဖြစ်နေခဲ့သည်။

"ပြီးခဲ့တဲ့ ဖရိုက်ဒေးတုန်းက ချိန်း ကို သွားချောင်းကြည့်နေတာတဲ့၊ နင်တို့ မကြားလိုက်ဘူးလား"

"ကြားသားပဲ .. အဲဒါရော တစ်ခါတည်း မှတ်လို့လား"

"ဟယ် .. ဟုတ်လား"

"ချိန်း ဒီဘက်ကိုရောက်လာတိုင်းပဲ"

"ဖြစ်ရလေဟယ် .. မတန်မရာ .."

"သူ့ကိုယ်သူ ကားအကောင်းစားကြီး စီးလာတယ်ဆိုပြီး မာန်လေး ဘာလေးတော့ တက်နေမှာပေါ့"

"ချိန်း တို့ကလည်း ချမ်းသာတာပဲဟာ၊ ဟိုက မေဂျာကင်း မဟုတ် ဘူးနော .. တစ်ကျောင်းလုံးမှာ ကင်း၊ ငါတို့တော့ သူ့ဟာသူ သေအောင် ချောနေပစေ ကိုယ်နဲ့မဆိုင်သလိုပဲ နေလိုက်တယ်၊ ကိုယ်က ဖေဖဖက်



www.burmeseclassic.com

www.burmeseclassic.com



သတ် ပိုးပန်းနေတော့လည်း ကိုယ့်ရုပ်က သူ ပြန်ကြိုက်နိုင်မယ့်ရုပ်မျိုးမှ မဟုတ်တာ၊ မစားကောင်းတဲ့အသီးလို့ သဘောထားလိုက်တော့ စိတ်ချမ်းသာတယ်"

"အဲဒီလိုမြစ်တွေက ကြိတ်ကြံကြတာဟ၊ သူတို့ကို ဘယ်သူမှ သတိမထားမိတဲ့အချိန်မှာမှ 'ဟင်'ခနဲ 'ဟာ'ခနဲ ဖြစ်ကုန်အောင် ထလုပ်တတ်ကြတာ၊ 'တောသူသားရဲ့တော့ ချွဲထုတ်'ဆိုတဲ့စကားပုံနဲ့ ခပ်ဆင်ဆင်ပဲ"

ဖူး အံကြိတ်ထားရင်း စောင်းကပ်ထားရသည့် ခေါင်းတစ်ခြမ်းက နာကျင်လာခဲ့၏။

"အမလေးဟယ် .. စောစောစီးစီး အိပ်ငိုက်နေလား မသိပါဘူး၊ ဒီမှာတော့ .."

မျက်နှာရှေ့ကို စာအုပ်နှစ်အုပ် ဘုတ်ခနဲ ပစ်ကျလာသဖြင့် ဖူး မျက်နှာ နောက်ကို နည်းနည်းတွန့်သွားသည်။ အပြင်ကရန်ကို ရှောင်ရှားရနိုင်သည့်အပြင် အထဲမှာလည်း တစ်မျိုး ...။

"အဲဒီထောင့်မှာကပ်ပြီး ကျောက်ချမနေနဲ့လေ၊ ဒီနေ့ ငါတို့ အမှိုက်ကောက်ရမယ့်အလှည့်၊ တကယ်ပဲ .. ဘာမှလည်း လုပ်မထားဘူး"

"ဟုတ်ပ .. ငါတို့က အရင်ရောက်ရင်တော့ သူ့ကို မတွက်ကပ်ဘဲ အကုန် ကျူးလုပ်ထားရတယ်"

"ဘုတ် .."

ဟိုကပစ်ချ ဒီကပစ်တင်နှင့် စားပွဲပေါ်မှာ စာအုပ်တွေရော လွယ်အိတ်တွေရော တစ်မျိုးပြီးတစ်မျိုး ရောက်လာတာ သိမ့်မြည်၏။

"ဖူးဖူးစင် .. နင့်ကိုပြောနေတာ ကြားပါတယ်နော်"

ဖူး ကိုယ်လေးမတ်သွားပြီး ခေါင်းညိတ်သည်။ အပြင်ကိုလှမ်းကြည့်လိုက်တော့ သုံးယောက်သော အာစနည်တွေက ဖူး တို့ကို လက်ပိုက်ကြည့်နေကြတာ မဲ့မဲ့ရွဲ့ရွဲ့ ...။

ဖူး ချာခနဲပြန်လှည့်ကာ လွယ်အိတ်ကောက်လွယ်လိုက်သည်။ ပြီး





တော့ ထရပ်လိုက်လျှင် ...

"ဟဲ့ .. နင့်ကို အမှိုက်ကောက်ချင်လို့ ဖယ်ပေးပါ ပြောနေတာ မဟုတ်ဘူး၊ လွယ်အိတ်ကို ချထားလေ"

"ဪ .. အင်း .."

လွယ်အိတ်ကိုပြန်ချတော့လည်း မဲ့ရွဲ့နေသည့်မျက်နှာတွေက ပိုတိုးလျက်နှင့် ...

"စိတ်ညစ်ပါတယ်ဟယ် .. ပြောလိုက်ရင် ငါတို့ကပဲ ဗိုနိုဝ်ပြောနေသလိုလို .. ပြုံးတူးပြတဲ့နဲ့"

"ဟွန်း .. ငါဖြင့် အဖက်လုပ်ပြီးတော့ကို ပြောမနေချင်တာ"

ဖူးဖူးစင် သည် ဤသို့သော 'မျက်နှာမြင် ချစ်ခင်ပါစေ' ဆိုသည့်ဆုနှင့် ပြည့်ဝခဲ့ပါ၏။

"ဖူးဖူးစင် လာ .. ဒီဘက်ကို၊ ဒီဘက်က လာကောက် .."

"လာပါပြီ"

သူများခြေထောက်တွေကို 'မ'ပါ 'ကြွ'ပါလို့ မပြောချင်တာ မဟုတ်ပါ။ မပြောရဲတာ ဖြစ်သည်။

ထိုင်နေကြသည့်လူတွေရှေ့ သို့မဟုတ် ဘေးမှာ ထီးထီးမားမား မတ်တတ်ရပ်၍ ထိုင်လိုက် ထလိုက် အလုပ်လုပ်နေရမှာကို မလုပ်ရဲပေ။

အကြောက်ဆုံးက ကိုယ့်ဆီကို မျက်နှာ နှစ်ခု သုံးခု ဒါမှမဟုတ် အများတကာ သတိထား လှမ်းကြည့်လိုက်တာမျိုးကို ရင်မဆိုင်ရဲခြင်း ဖြစ်၏။ နှစ်ခုထဲက တစ်ခုနှင့်တူနေသည်ဆိုရင်တောင် သူမကတော့ နှစ်မျိုးစလုံးနှင့်သက်ဆိုင်နေသော သို့မဟုတ် များစွာနှင့် တစ်ခုမှမလွတ်တာ သူမပဲ ဖြစ်၏။ ဥပမာ ...

သူမဟာ ကြောက်တတ်တာလား သို့မဟုတ် ရှက်တတ်တာလား ဆိုလျှင် ကြောက်လည်း ကြောက်သည်၊ ရှက်လည်း ရှက်သည်။

ဂရုမစိုက်တာလည်း မဟုတ်၊ အမှတ်မရှိတာလည်း မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်ဆိုးတာက ပရယ်ဒီကယ်တိုင်းမှာလည်း နားမလည်၊ ကျွ တိုနိုရယ်ဆိုလည်း ရတာ ဘာမှမရှိ ..။

ဒါဟာလည်း နှစ်မျိုးထဲမှာ နှစ်မျိုးစလုံးနှင့်သက်ဆိုင်နေတတ်သော သူမရဲ့ရာဇဝင် ဖြစ်၏။ သူများတွေ ခေါင်းချင်းဆိုင် တိုင်ပင်ကြ မေးမြန်းကြချိန်မှာ ဖူး က တစ်ယောက်တည်း ..။

ပြောပြဖေးမမယ့်သူ မရှိသော်လည်း ဖူး စာမရတာကိုတော့ သူတို့တွေ သိကြလေသည်။

ဒီနှစ် နောက်ဆုံးနှစ်ဆိုပေမယ့် ကျောင်းပြီးတော့မယ်ဆိုသည့် အမျှော်တွေက ကျောင်းဖွင့်စမှာပဲ ပျက်စီးယိုယွင်းကုန်ပြီ ဖြစ်၏။

ကျောင်းကပဲ မျက်နှာလိုက်တာလား၊ လူတွေကပဲ မြေနိမ့်ရာလှံစိုက်ချင်တာလား။ ဖူး ကို နှိမ့်ချမဲ့ရှုံ့မယ့်သူသာရှိကာ ကြိုဆိုမယ့်သူ မရှိ။

ဒီစကားကို ဒက်ဒီ ကြားတော့ ရယ်သေးသည်။

"မြေနိမ့်ရာလှံစိုက်ရအောင် သမီးက ဆင်းရဲနေလို့လား သမီးရယ်၊ ငါ့သမီး ဒီလို ရိုးရိုးကုပ်ကုပ်နေတာကို အထင်လွဲနေတယ်ဆိုရင်လည်း ကိုယ့် ဘာမှန်းသိသွားအောင် ဝတ်စားပြလိုက်ပေါ့၊ နှိမ့်ချခြင်းက မင်္ဂလာမည်ပေမယ့် နိမ့်ကျတာက မကောင်းဘူး သမီး၊ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ ဆိုတဲ့စကားက လူမှုဆက်ဆံရေးနယ်ပယ်အတွက် မရှိမဖြစ် လိုအပ်ချက်လေးတစ်ခုကို ထောက်ပြထားတဲ့စကားပဲ၊ ဒါကို မမေ့နဲ့" တဲ့။

ဖူး မှာတော့ ဟန်တွေမာန်တွေ ဘယ်သူ့ဖို့မှ မလုပ်ရသေးပါဘဲ ဘယ်သူနဲ့မှလည်း ဆက်ဆံပေါင်းသင်းလို့ မရ ..။

"ဒီမှာ သုံးယောက်တည်းလားဟင်"

ဖူး တို့ အမိုက်ကောက်ပြီး လက်ဆေးသန့်စင်ပြီးမှ အတန်းထဲမှာ သေချာမထိုင်ရသေးပေ။ စကားသံ ညှိရှရှလေးဖြစ်ကာ မျက်ခုံးလေးနှစ်ဖက်ပင့်၍ မေးနေသည့်မျက်နှာလေးက ဖြူနုဝင်းမွတ်လျက် ...

"မဟုတ်ပါဘူး .. လေးယောက်တောင်"





ဖူး တို့အတန်းထဲမှာ ဘာဖြစ်ဖြစ် အသံအရင်ထွက်လာတတ်သည့် ပြည့်စုံမွေး က မလိုလားသံနှင့် ဦးဆုံးဖြေ၏။ သူမကို အတန်းထဲမှာရှိနေသည့် ကျောင်းသားတွေက လှမ်းကြည့်နေကြ၏။

ကျောင်းဖွင့်တာကြာပြီဖြစ်ကာ သူမ ရောက်လာပုံကို ကြည့်ရခြင်းအားဖြင့် ခုမှ အတန်းစတက်တာလည်း သိသာနေသောကြောင့် စိတ်ဝင်စားနေကြခြင်း ဖြစ်သည်။

သူမက ဘယ်ကိုမှမကြည့်ဘဲ ပြည့်စုံမွေး ပြောလိုက်တာကိုလည်း ရှက်ရွံ့ကြောင်အမ်းသွားသည့်မျက်နှာမျိုး ဖြစ်မသွားပေ ..။

"ဟုတ်လား .. ငါက ခုမှ အတန်းစတက်ရတာမို့လို့ပါ၊ ရပါဘယ်.. ငါ့နာမည် 'နေကမာ' .. နင့်နာမည်ကရော .."

"ငါက ပြည့်စုံမွေး .. သူငယ်ချင်းတွေကတော့ မွေး လို့ပဲ ခေါ်ကြတယ်၊ သူက 'သဲ'တဲ့ .. တစ်လုံးတည်းပဲ၊ သူက သူသူသန်း၊ သူကတော့.."

ဖူး အလှည့်ကျမှ မဲ့ရွဲ့သွားကာ ...

"သူ ပြောလိမ့်မည်" လို့ ဆို၏။ နေကမာ ဖူး ကို ငုံ့ကြည့်ပြီး ရယ်ပြသည်။ နှုတ်ခမ်းဖွင့်ထားပုံလေးကလည်း ချစ်ဖို့ကောင်းတာပါပဲ။

ဖူး ပြန်ငေးနေတာကို သူမက မေးဆတ်၍ ...

"နာမည် ဘယ်လိုခေါ်လဲဟင်"

"ဖူးဖူးစင်"

"လှတယ်နော်"

ဖူး မျက်လုံးတွေ မွေး တို့ဆီ ဖျတ်ခနဲ ရောက်သွား၏။ ထင်သည့်အတိုင်း မဲ့ရွဲ့သွားသည့်နှုတ်ခမ်းတွေက ဓာတ်လိုက်သွားတဲ့အတိုင်း ..။

"ငါ့ကိုလည်း ကမာ လို့ပဲ ခေါ်ပါ"

သူမကိုယ်သူမ မိတ်ဆက်ပြီးမှ နောက်ကအတန်းကို လှည့်ကြည့်သည်။ နောက်မှာ ယောက်ျားလေးနှစ်ယောက် ပီကေဝါးရင်း နားကျပ်တွေနဲ့ သီချင်းနားထောင်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကမာ သူတို့ဘက်လှည့်ပြီး ခုံပုတ်လိုက်မှ နားကျပ်တွေ ဖြုတ်လိုက်ကြတော့ —

"ဘာလဲ"

"ဒီမှာ နှစ်ယောက်တည်းလားဟင်"

"ဘာဖြစ်လို့လဲ .. ဒီလိုပဲ ထိုင်ချင်တဲ့နေရာ ထိုင်နေကြတာ"

"ငါက ထိုင်စရာမရှိတဲ့လူ ဖြစ်နေလို့ပါ၊ နင်တို့ နောက်မှာ သွားပေါင်းထိုင်ပေးလို့ ရမလားဟင် .. အကူအညီတောင်းတာပါ"

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြပြီး တစ်ယောက်က ခေါင်းခါသည်။ ပြီးတော့ ရယ်ချင်ပက်ကျိဖြစ်သွားသည့်မျက်နှာတွေက မချိမချဉ် ဖြစ်လာကြ၏။ ထိုအခါ တဇွတ်တဖောင်း အကဲခတ်နေကြသည့် မွေး တို့မျက်လုံးချင်း တိုင်ပင်၍ ...

"ငါတို့အတန်းမှာပဲ လာထိုင်ပါစေဟာ၊ ဟိုရှေ့တန်းမှာလည်း ငါးယောက်ထိုင်ကြတာပဲ"

"အေးလေ .. ဘယ်သူမှလည်း တစ်နေကုန် ကျပ်ကပ်ထိုင်နေကြမှာ မဟုတ်ပါဘူး"

"ကမာ .. ဒီမှာပဲ လာထိုင်လိုက်တော့"

တိုင်ပင်သံအဆုံးမှာ ခေါ်လိုက်ခြင်းပါ ပြီးစီးသွားသည်။

"ကျေးဇူးပဲဟာ .. ငါက ခရီးလွန်နေလို့ ဒီနေ့မှ စတက်ရတာ"

သူတို့ချင်း အဆင်ပြေသွားကြတာနှင့် ဖူး ကိုယ်ခံသော နားလည်ကာ ချောင်ကပ်ထိုင်နေတာကို ထပ်ပြီး တိုးကပ်ပေးလိုက်သည်။

မွေး နေရာပေးလိုက်တာက ဖူး နဲ့ကပ်လျက်မို့ ကမာ ရဲ့အပြုံးကို ဖူး ပထမဆုံး မြင်ဖူးသွားခဲ့၏။ ကိုယ့်အပေါ်မှာ ပြုံးရယ်ဆက်ဆံဖူးတဲ့သူဟာ သူမက ပထမဆုံး ...။

နောက်ရက်တွေမှာရော ဖူး ကို သူမ ပြုံးပြဦးမှာလား ...၊

"နင့်ကို ငါတို့ တွေ့ဖူးနေပါတယ်"





"ဟုတ်မှာပေါ့ .. အတူတူတက်ကြတာပဲဟာ"

ဟိုနှစ်တွေတုန်းကတော့ ရှေ့ခန်းတွေမှာပဲ မြင်နေခဲ့တာပါ။ တစ်ခန်းတည်း အတူဖြစ်သွားတာက ဒီနှစ်မှ ...၊ မွေး ကလည်း ကမာ့ ကို စကားတွေပြောနေလိုက်တာ ဖောင်ဖွဲ့လျက် ...။

"နင့်နာမည်က တစ်မျိုးပဲနော်"

"လှပါတယ် .. နင်ကလည်း"

"ဟုတ်ပါတယ် .. လူကလည်း လှပါတယ်"

သူတို့ချင်း ပြောနေပြီးမှ ...

"ငါတို့က နင့်ကို လှလို့ သတိထားမိကြတာ၊ နောက်ပြီး .."

သဲ က ရယ်ချင်သည့်မျက်နှာနှင့် ပန်းလေးတွန့်၏။

"နင်တွဲတာတွေက အလန်းစားတွေပဲနော် .. တကယ်မိုက်တယ်"

"E မေဂျာကကောင်တွေက မေးဖျားက ကောင်းကင်မှာချိတ်နေကြတာ၊ နင့်ဘေးမှာတော့ ..."

"မဟုတ်ပါဘူး သဲ ရယ် .. တစ်ယောက်က သူငယ်ချင်းပါ"

"ချိန်း ကရော .."

"သူတို့ကလည်း သူငယ်ချင်းပဲ"

"ဟုတ်လို့လား ကမာ ရယ် .. ငါတို့မြင်လိုက်တိုင်း သူတို့နှစ်ယောက်က နင့်ရဲ့တစ်ဖက်တစ်ချက်မှာ အရမ်းရင်းနှီးနေကြတဲ့ပုံပဲ၊ ရွဲ့ရဲ့ချင်တာ မဟုတ်ပါဘူး .. ငါတို့က အားကျလို့"

ပြောကြရယ်ကြနှင့် ခုမှရောက်လာသည့် ကမာ က သူတို့အတွက် တကယ့် ငယ်ပေါင်းသူငယ်ချင်းတွေလိုပင်။

ဖူး ကတော့ အမြဲတမ်း ဘေးမှာပါ။

ကမာ ရဲ့အပြုံးကို အထပ်ထပ်မြင်ယောင်ရင်း နောက်ထပ် ဒီဘက်လှည့်လာပါ့မလားလို့ တွေးမိနေသောစိတ်က ချိန်း ဆိုသည့်နာမည်ကြောင့် စီးနေသည့်သွေးတွေ ရုတ်တရက် ရပ်ဆိုင်းသွားသလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ချိန်း က ကမာ နဲ့ ခင်မင်နေတဲ့သူ ...၊

ကမာ ဆိုတဲ့ သူမက ဘယ်လိုမိန်းကလေးလဲ ..။

အတန်းထဲကိုရောက်လာခဲ့သည့်မျက်နှာ၊ နှစ်လိုဖွယ်အသံလေးနဲ့ ချိုသာသောစကားတွေ၊ မိန်းကလေးချင်းသာမက ယောကျ်ားလေးတွေကိုပါ ရင်းနှီးရီးသားစွာ ပွင့်လင်းရဲတဲ့သူ ..။

ဖူး နဲ့တော့ တခြားစီပါလား ...၊

ရင်ခုန်နှုန်းတွေ မြင့်တက်လာခဲ့ပြီး စကားပြောနေသည့် ခပ်စောင်းစောင်း ကမာ့ မျက်နှာလေးကို ငေးသွားမိသည်။

လှလိုက်တာလည်း ပါရမီထူးပါပေသည်။

မျက်နှာသွယ်သွယ် .. နှာတံပေါ်ပေါ်လေးနှင့် ဖြူအုနေသည့် အသားရောင်လေးက စကားဝါရိပ်သမ်းနေသလိုလို၊ ပန်းခရမ်းရောင် ဆန်နေသလိုလို။

သူမ ဖြီးလိမ်းပြင်ဆင်ထားသည်လား၊ မပြင်ထားဘူးလား၊ ဒါတော့ ဖူး မသိပါ။ ကော့ညွှတ်နေသည့်မျက်တောင်တွေကလည်း ကီရိယာသုံး၍ ကော့ထားတာဖြစ်ရင်တောင် ရှည်အောင်တော့ တအားဆွဲထုတ်လို့ရမည် မထင်ပါ ..။

နှုတ်ခမ်းနှစ်လွှာက အထူအပါးညီကာ တင်းခြောက်မနေဘဲ နှုတ်ခမ်းနီရောင်လည်း မမြင်။ ဒါပေမယ့် နီမြန်းဖူးရှနေအောင် လှ၏။

ပြင်ထားတာဖြစ်ဖြစ်၊ နဂိုလှနေတာဖြစ်ဖြစ် ကိုယ်က မလှတဲ့သူမို့ အထင်ကြီးခြင်းတွေ တရစ်ရစ် တိုးမြင့်လာခဲ့၏။

ကကြိုးပုံ အလယ်ခွဲဆံနွယ်တွေကွဲ အဲထပ်လိုက် အလန်လေးတွေဖြစ်ကာ ကျောတစ်ဝက်လောက်ရှည်ပြီး အဖျားနားမှာ အခွေလိပ်လေးတွေ ဖြစ်နေ၏။ ပြီးတော့ ဆံပင်တွေက တရောင်တည်းမဟုတ်ဘဲ နီပြာရောင်လိုလို၊ ပန်းခရမ်းရောင်လိုလို အလင်းရောင် ဖြစ်သွားသည့်နေရာလေးတွေမှာမှ အရောင်ပြေးလေးတွေ ဖြစ်သွားတာမျိုး ..။





လှအောင်လုပ်ထားတာဆိုရင်တောင် ဘယ်လိုပညာတွေ သုံးထားလို့ ဒီလောက်လှနေတာလဲ ..။

"မှတ်ထားပေ့ .. သေချာကြည့်ပြီး မှတ်ထား၊ ပိုက်ဆံရှိတိုင်း ဒီလိုဖြစ်အောင် လိုက်လုပ်လို့ရရင် ရမယ်၊ လုံးဝ ပုံကောင်းတွေ ထွက်လာမှာမဟုတ်တာတော့ သေချာတယ်"

ဖူး မျက်နှာ ဖျန်းခနဲ ပူထူသွားသည်။ ဟိုဘက်လူက ကျော်ပြောလိုက်တာမို့ ကမာ က ရုတ်တရက် ဘာမှန်းမသိလိုက်သလို ဖြစ်သွားကာပြီးမှ ဖူး ကို လှည့်ကြည့်၏။

"နင့်ကို အသေထိုင်ကြည့်နေတာ အဲဒီတစ်ယောက်၊ တောမိမင်းသမီးလေးလေ .."

ကမာ အားတုံ့အားနာဖြစ်သွားသလိုလေး ရယ်ကာ ဘယ်သူ့အကြောင်း ဘယ်လိုရှိမှန်းလည်း မသိသည်မို့ ...

"ဆောရီးပါဟာ .. ငါ ဒီဘက်မှာ စကားကောင်းသွားလို့"

"အမလေး .. နင် သွားပြောလည်း သူက ပြောချင်မှပြောမှာ၊ တောင်းပန်မနေနဲ့"

ဟိုဘက်လှည့်ကြည့်၊ ဒီဘက်လှည့်ကြည့်ဖြစ်သွားသည့် ကမာ့ ကိုလည်း ဖူး မကြည့်မိတော့ပါ။ မျက်နှာတွင်တွင်ငုံ့ရင်း ရှေ့တန်းက လှည့်ကြည့်လာသည့်မျက်နှာတွေကိုပါ တိမ်းရှောင်နိုင်ဖို့ ကြိုးစားမိသည်။

ကံအကျိုးပေးခြင်းက အဲဒီလို ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ကံမကောင်းဘူးသာဆိုတယ် .. ကြည့်လိုက်ရင် မင်းသမီးနဲ့လောက်တယ်နော် .. ဟွန်း"

ဆိုင်ထဲဝင်လာကတည်းက ဒေါ်ရွှေရုပ် က ကမာ့ တစ်ကိုယ်လုံးကို အားမနာတမ်းကြည့်၍ ချီးမွမ်းသွားသည်။

မှန်ရှေ့မှာထိုင်နေသည့် မိန်းကလေးတချို့ရော၊ ထိုင်စောင့်နေသူတွေရော ဒေါ်ရွှေရုပ်နဲ့ ကမာ့ ကို မှန်ထဲက ကြည့်တဲ့သူကြည့်၊ လှည့်ကြည့်ကြတာက ... များ ..။

ကမာ ကတော့ အပြုံးမပျက်ပါ။ ထုံစိုင်းမာတဲ့ ငါးဖယ်သို့ပဲ ပြောပြော၊ ဘယ်လိုထင်ထင် ကိုယ်လုပ်နေသမျှဟာ လုပ်ချင်လို့လုပ်နေရတာ တစ်ခုမှ မပါ။

"မေမေ ပဲခူးသွားတော့မလို့လား၊ ညနေမှဆို .."

ထက်ထက်မင်း က တစ်ယောက်ကို ဆံပင်ညှပ်ပေးနေရင်း လှမ်းမေးသည်။

ဒေါ်ရွှေရုပ် က အတွင်းခန်းထဲ မသွားဘဲ ကောင်တာစားပွဲဘေးမှာ ထိုင်ချလိုက်ကာ မျက်လုံးတွေကတော့ ကမာ့ ဆီမှာပဲရှိနေလျက် ...





"အစက ညအိပ်သွားမလို့လေ၊ အခု နေ့ချင်းပြန်သွားဖို့ ဖြစ်လာတာနဲ့ စောစောထွက်လာတာ"

"ခဏလေး မေမေ .. သမီး ပြီးပြီ၊ ကမာ သူ့ကိုခေါင်းလျှော်ခန်းထဲကထွက်လာရင် ဖြောင့်ဆေး တင်ပေးလိုက်နော်"

"ဟုတ်ကဲ့ မထက်"

ဆံပင်ဖြောင့်မယ့်တစ်ယောက်ကို မှာထားခဲ့ပြီး ထက်ထက်မင်း နဲ့ ဒေါ်ရွှေရုပ် တို့ နောက်ခန်းထဲ ဝင်ခဲ့ကြ၏။

"ညည်းကလည်း ငါ မပြောချင်ဘူးနော် ထက်ထက်"

"ဘာဖြစ်လို့လဲ မေမေရယ် .. မေမေကလည်း ဆိုင်ရောက်လာရင် ကမာ့ ကို ပြောဖို့ကျနေတာပဲ၊ လူကြားသူကြားလေးလည်း ရှောင်ပါဦး၊ သူ့ခမျာ အပျိုလေးပဲ ရှက်မှာပေါ့"

"အမလေး .. ရှက်သွားတဲ့မျက်နှာလေး ညည်းတောင်မကိုလည်း ပြန်ကြည့်ပါဦး ထက်ထက် ရယ် .. ငါ မပြောလိုက်ချင်ဘူး"

ဒေါ်ရွှေရုပ် က လက်ကိုင်အိတ်ကြီးကို ဆိုဖာပေါ်ပစ်ချ၍ ဆောင့်ခနဲ ထိုင်သည်။

"ဆိုင်ထဲဝင်လာတဲ့သူတိုင်း သူ့ကိုပဲ ဆိုင်ပိုင်ရှင်လို့ ထင်ကြမှာ၊ ဆံပင်ကအစ မျက်နှာ ကိုယ်လုံး အို .. အကုန်လုံး ပြင်ထားလိုက်တာ လက်လက်ကို ထနေတာပဲ"

"လက်လက်ထနေတာက သူ့နဂိုအလှ ရှိလို့ပါ၊ ဘယ်လောက်ပြင်ပြင် နဂိုအတိုင်းနဲ့ တစ်ကိုယ်လုံး ပြီးပြည့်စုံအောင်လှဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ၊ နောက်ပြီး သူ့ကို ဒီလိုနေပါ .. ဒီလိုပြင်ပါလို့ သမီးကိုယ်တိုင် ခိုင်းထားတာ"

"ဘာရယ် .."

"ဟုတ်တယ်လေ .. မေမေပဲ စဉ်းစားကြည့်၊ သမီးက အလှပြင်ဆိုင်မဟုတ်ဘူးလား၊ ဆံပုံကနေ ခြေဖျားထိ လက်သည်းခြေသည်းကအစ



www.burmeseclassic.com

www.burmeseclassic.com



လှအောင် ပြင်ပေးနေတာလေ”

“အဲဒါနဲ့ ဘာဆိုင်လဲ”

“ဆိုင်တာပေါ့ မေမေ .. အလှပြင်ဆိုင်ကိုလာတဲ့သူက ဆိုင်မှာ လှလှပပလေးတွေတွေ့မှ ဒီဆိုင်မှာ လှအောင်ဖန်တီးလို့ရမယ် ဆိုတာကို ယုံကြည်မှာပေါ့၊ ဆံဝင်ဆိုင်ဖွင့်ထားပြီး သနပ်ခါးဘေးကျားတွေနဲ့ ဘီးဆံပတ်ကြီးတွေ မြင့်မြင့်တင်ထုံးထားရင် ဘယ်သူက လာတော့မှာလဲ”

“မဟုတ်ဘူး ထက်ထက် .. ကမာ့ ကို ညည်းလုပ်ပေးထားတာရှိတာထက်ကို ပိုနေတာ၊ သူပဲ ထူးခြားပြီး အရောင်ထွက်နေတာ”

“သူက အလှဆုံးမို့လို့ပေါ့ မေမေရယ် .. ဆိုင်မှာ အသင်မိန်းကလေးတွေကအစ သမီး ဘယ်လိုနေခိုင်းထားသလဲ မေမေ မြင်မှာပါ၊ ဆံပင်တွေကို ကိုယ့်အသားနဲ့လိုက်မယ့်အရောင်တွေ တစ်ရောင်စီ ဆိုးပေးထားတယ်၊ ဒီဇိုင်းအမျိုးမျိုးတွေ ညှပ်ဖေးထားတယ်၊ အားလုံးထဲမှာ သူပဲ ပိုလှနေတာ သူ့ရုသိုလ်နဲ့သူပါ”

“တော်ပြီ တော်ပြီ .. ငါ ထပ်ပြောလည်း သမီးနဲ့ ညီမဝမ်းကွဲ တော်ပါသေးတယ်လို့ ညည်း ပြောဦးမှာပဲ၊ ထားလိုက်တော့ .. ဆိုင်ကို အောင်မြင် လာသေးလား”

“လာပါတယ် မေမေ၊ ဘာဖြစ်လို့လဲ .. အောင်မြင် က ကမာ နဲ့ သူငယ်ချင်းတွေဥစ္စာ”

“ဟင်!...”

ဒေါ်ရွှေရုပ် အံ့ဩသည့်မျက်နှာနှင့် သမီးဖြစ်သူကို ကြည့်သည်။

အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းလေးနှင့် အထပ်ဆံပင်လန်လန်လေးတွေက ပခုံးပေါ်မှာဝဲနေသည်။ အရပ်ကလည်း မနိမ့်မမြင့်မို့ မိန်းမချောလေးလို့လည်း သတ်မှတ်ခံရသူပါ။

ဒါပေမယ့် ကမာ နဲ့ယှဉ်လိုက်တိုင်း အများကြီး လိုသေးသည်လို့ပဲ ခံစားမိနေသည်။





“မယ်ထက်ထက် ရယ် .. ကမာ့ ဆီကိုလာတာများ ညည်းအမေငါက မေးနေပါ့မလား .. ခက်ရချေရဲ့အေ”

မြန်မြန်ပြန်တာပဲ ကောင်းသည်ဆိုသည့် ဆုံးဖြတ်ချက်တွေ ချက်ချင်းဖြစ်ကာ လက်ကိုင်အိတ်ကြီးကို လက်မှာ ချိတ်ပစ်လိုက်မိသော်လည်း...

“သူငယ်ချင်းဖြစ်လာကြတာ ခုမှမဟုတ်ဘူး ငါသိတယ်၊ နောက်ဖြစ်လာဖို့ရှိတာတွေလည်း ညည်း မသိပေမယ့် ငါသိတာပဲ၊ အဲဒါကြောင့် မေးနေတာ .. ညည်းဆီကိုလာတာ မဟုတ်ဘူးပေါ့”

“မေမေကလည်း ..”

“ဟဲ့ .. မေးတာကိုပဲ ဖြေစမ်း၊ ‘မမထက်’လို့ ခေါ်ပြီး ညည်းဆီကို တန်းတန်းမတ်မတ်ဝင်လာတာမျိုး တစ်ခါမှ မရှိဘူးပေါ့ .. ဟုတ်လား”

“မလာဘဲနေမလား မေမေရယ် .. အောင် က သမီးကိုခင်ပါတယ်”

“အခု ခင်ရမယ့်အချိန် မဟုတ်ဘူးလေ .. ခက်ပါလားနော်”

ထက်ထက်မင်း မျက်နှာလေးကလည်း စိတ်ပျက်သည့်အရိပ်တွေနှင့် ရှုံ့တွတွလေးဖြစ်ခဲ့ပြီး ...

“သမီးတို့က ရိုးရိုးသားသားပဲ ခင်ကြတာ မေမေ၊ နောက်ပြီး အောင့်ထက် သမီးက အသက်ကြီးတယ်၊ တစ်နှစ် နှစ်နှစ်လောက်ဆိုလည်း မပြောဘူး”

“အဲဒါတွေကို လူကြီးတွေက ကျေနပ်လို့ စေ့စပ်ပါရစေလို့ ပြောနေကြတာပေါ့၊ အသက်ကွာပေမယ့် ညည်းက ဖြူဖြူသွယ်သွယ် နုဖတ်ဖတ်လေး၊ ကိုယ့်စီးပွားရေးနဲ့ကိုယ် ဥစ္စာပေါ ပညာတတ်”

ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြီဆိုသည့်အကြည့်နှင့် ဒေါ်ရွှေရုပ် ကို ကြည့်ပြီး ထက်ထက်မင်း က ရယ်သည်။

“မရယ်နဲ့ .. ခုခေတ်ယောက်ျားလေးတွေကလည်း ဦးဆောင်ဖို့ထက် အားကိုးဖို့ လိုချင်တဲ့ဟာလေးတွေက များတယ်၊ ဒီခေတ်ထဲမှာ အသည်း



www.burmeseclassic.com

www.burmeseclassic.com



တွေ အသက်တွေ အဓိကမဟုတ်တော့ဘူး၊ ရုပ်ရှိရေလျှံဖို့ အဓိက၊ ရုပ်ရှိဖို့အတွက် ဓနတီးလို့ရသလို ရေလျှံဖို့က ဘာလိုသလဲ"

"သမီးက ရှာနိုင်ဖွေနိုင်လို့ သူက အားကိုးချင်တာဆိုရင်ရော မေမေက ဘာကို အထင်ကြီးနေတာလဲ၊ ကြီးရင်မှ ငယ်ရင်ရှိတဲ့၊ ကိုယ့်ကိုမှိုမှာများ .."

"အဲဒါကို ငါ မေးတာပဲလေ .. ရေလျှံဖို့က ဘာလိုသလဲဆိုတာ ညည်းရဲ့အရည်အချင်းကို သူမိဘက မက်တယ်၊ ငါက သူမိဘ ချမ်းသာတာကို မက်တယ်၊ တစ်ဦးတည်းသောသားကို ရထားမှတော့ သူမိဘပိုင်ဆိုင်သမျှ ကိုယ်ပိုင်တာပေါ့၊ ရေလျှံဖို့က အဓိက .. ဘာကြောင့်လဲ လျှံလျှံ"

ကွန်ပျူတာခေတ်မှာ ဒါက အကောင်းဆုံး ဖြစ်လေသည်။



မှ

## အခန်း (၄)

"သွားမယ် .."

"နေဦး .. သား"

အောင်မြင် နဲ့ ချိုနွန်း တို့ ခြေလှမ်းတွေပြင်ထားပြီးမှ ရှေ့မဆက်ဖြစ်တော့ပေ ..။

"အခု ကျောင်းသွားမှာရော ဟုတ်ရဲ့လား"

"ဘာဖြစ်လို့လဲ မာမီ"

ဒေါ်မီမီလတ် က အောင်မြင် ကို ပြုံးပြပြီး ချိုနွန်း ကို ကြည့်တော့ 'သတိထား'လို့ ပြောနေတာမျိုး ..။

"မေးတာကိုမဖြေဘဲ ပြန်ပြန်မေးတယ်၊ ပြီးတော့ ဒီလိုနဲ့ ရောကော သောကော ထွက်သွားပြန်ရော၊ ကျောင်းပြီးတော့မယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ခွင့်တွေ၊ လွတ်လပ်ခွင့်တွေနဲ့ မြောက်ကြွမနေနဲ့၊ အဲဒါကို သတိပေးချင်လို့"

"ကျွန်တော်က ဘာလုပ်နေလို့လဲ မာမီ၊ မာမီ့သားလေးရော်ကော် သိက္ခာသမာဓိပြည့်ဝတာ သွားရှာကြည့်ပါဦး"

www.burmeseclassic.com

"ရှာစရာမလိုပါဘူး .. ဒီလိုပဲ .. အစကရိုးရိုး၊ နောက်ကျမှ တစ်မျိုး တိုးကြတာ၊ အခု မာမီ့သား ကျောင်းသွားတယ်ဆိုပြီး ကျောင်းမှာ မရှိဘူး သင်တန်းတွေတက်နေတာလည်း ဘယ်သင်တန်းချိန်က ဘာတွေမှန်းလို မသိဘူး၊ ကျူရှင်ရယ် သင်တန်းချိန်တွေရယ် အိမ်ကိုပြန်ကပ်တော့ ညကိုးနာရီ .. ဆယ်နာရီ"

"ကျောင်းချိန်လွတ်အောင် သင်တန်းတက်ရတာ မိုးချုပ်တာပေါ့ မာမီရ .."

"အောင် ကရော သားနဲ့အတူတူ သင်တန်းတွေတက်ကြတာလား"

"ဟုတ်ကဲ့ အန်တီ .. အတူတူပါပဲ၊ ကျွန်တော်တို့က လိမ်လိမ်မာ မာလေးတွေပါ"

ဒေါ်မီမီလတ် က မယုံကြည်သည့်မျက်ဝန်းတွေနှင့် ခပ်မှုံမှုံပြုံး ကာ ...

"ဟုတ်လား .. အန်တီကတော့ သားမေမေဆီ သွားဖြစ်တိုင်း သား အကြောင်းတွေပဲ ကြားနေရတာ၊ မင်းသူငယ်ချင်းနဲ့ သိပ်လည်း မထူး ပါဘူး"

အောင် က ရယ်လိုက်ရင်း မျက်နှာငုံ့သွားသည်။ ဒေါ်မီမီလတ် က နှစ်ယောက်စလုံးကို စူးစိုက်ကြည့်ရင်း လေ့ကားတိုင်မှာ ပခုံးနဲ့မှီရပ် လိုက်ကာ ...

"မင်းတို့ကို မာမီ မေးမယ်၊ အောင် အရင်စဖြေ .."

'ဟုတ်'လို့ ပြောရင်း အောင် က သတိဆွဲသလို ခပ်တောင့်တောင့် ရပ်၏။ ဒီအိမ်မှာဆို ဝင်ထွက်စားသောက်နေကျမို့ ကိုယ့်အိမ်ရာလို ရင်း နှီးပြီးသား ...။

အောင် တို့ အိမ်မှာဆို ချိန်း လည်း ဒီတိုင်းပဲ ဖြစ်သည်။

"နေကမာ ဆိုတဲ့ မိန်းကလေးကို ကြိုက်နေတာ ဘယ်သူလဲ"

မေးခွန်းထွက်သွားသည်နှင့် နှစ်ယောက်စလုံး မျက်နှာကို ဒေါ်မီမီ





လတ် မလွှတ်တမ်း အကဲခတ်သည်။ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ ခဏ တိတ်နေကြပြီးမှ ...

"ဒီကောင် .."

ချိန်း က အောင့် ကို လက်ညှိုးထိုး၏။ အောင် က စပ်ဖြဲဖြဲမျက်နှာ ဖြစ်သွားလျက် ...

"အန်ဟီကလည်း .. ကျွန်တော်က .."

"မြင့် က ပြောတော့ သူ့သားကိုမေးတာ မဟုတ်ဘူးလို့ ပြောတယ် တဲ့၊ ချိန်း လိုက်နေတဲ့ ကောင်မလေးပါ ဆို .."

"အဲဒါ .. ဟို အန်တီကလည်း မေမေက အရမ်းပွားတာ"

"ဘာ!... မိဘကို ကြည့်စမ်း"

"ကန်တော့ .. ကန်တော့ .. မဟုတ်ဘူး အန်တီ .. ဒီလို .."

"တော်ပြီ ဒီမှာ လာဝန်ခံတော့ရော အန်တီက ပြန်မပြောဘူး ထင် လို့လား၊ မိတ်ဆွေကောင်းဆိုတာ မဒတ်တာတွေ့ရင် အမှန်းခံပြီး တား ဆီးပေးရတယ်၊ စားသောက်ကောင်းရဲ့ လက်ညှိုးထောင် ခေါင်းညိတ် လုပ်နေလို့ ရမလား"

"ဟဲ .. ဟဲ .. ရပါတယ်၊ မေမေ့ဆီရောက်ရင်လည်း ခေါင်းညိတ် မှာမှ မဟုတ်တာ"

"အေး .. အေး .. ကြည့်လုပ်ကြ၊ ဟိုရောက်ရင် ချိန်း နဲ့ပါ၊ ဒီကို ရောက်ရင် အောင် နဲ့ပါဆိုတာတွေ၊ ဘယ်သူနဲ့ဆိုတာ သိတဲ့တစ်နေ့ မလွယ်ဘူး မှတ် .."

ကောင်းကောင်း ကြိမ်းလွှတ်လိုက်တာကို စိတ်ညစ်ခြင်းကြီးစွာနှင့် ချိန်း မျက်နှာ ရှုံ့မဲ့နေကာ ...

"မင်းအမေက ပွားရုံပဲ ပွားတာ .. မာမီက ပျော်ကျအောင် လောင် တာ"

"အေး .. မင်းလည်း အဲဒါကိုသိရင် ရှေ့မဆက်နဲ့၊ အန်တီက

နှလုံးရောဂါနဲ့ 'လိုဟာရ'ပါမစ် ရထားတာ .. မင်းဒက်ဒီလည်း မင်းကို ခွင့်ပြုမှာ မဟုတ်ဘူး"

"အံမယ်ကွာ .."

ချိန်း က အောင့် ပခုံးကို ထိုးပစ်လိုက်ပြီး ရယ်သည်။

"ရုပ်တည်ကြီးနဲ့ ဟာသလုပ်နေပြန်ပြီ၊ ရယ်လည်း မရယ်ရဘူး.. သွားစမ်းပါ"

"ဘာလဲ .. အကောင်းပြောနေတာ"

"အကောင်းပြောနေလည်း အဆိုးက မကြားဘူး၊ ဒီမှာ နာမည်က 'ချိန်း'ပေမယ့် လူမချိန်းဘူး၊ တစ်ယောက်ဆိုတစ်ယောက် လုံးဝ အပြောင်းအလဲ မရှိ"

"မင်း မပြောင်းလဲတာက အရေးမကြီးဘူး၊ ခေါင်းကျိန်းနေရတာ က ငါ .."

"ခေါင်းကျိန်းတာမှ ဟုတ်ရဲ့လား"

ချိန်း မျက်နှာက စပ်ဖြဲဖြဲ ...၊

ကားတစ်စီးကို နှစ်ယောက်အတူ စီးဖြစ်ကြသည့်ဝါသနာက ချိန်း က သူ့ကားနဲ့ပဲ သွားတတ်သည့်အကျင့်ကြောင့် စခဲ့တာ ဖြစ်သည်။

ထို့ကြောင့် ကားပေါ်ကဆင်းတိုင်း ကားရဲ့ဇာပဂီရတွေနှင့် ချိန်း နောက်ကျသဖြင့် အောင် က အမြဲတမ်း ရပ်စောင့် ...၊

"ဘာလဲ .. ရုပ်က စပ်ဖြဲဖြဲနဲ့၊ မင်းကြောင့် ငါ့ကို မေမေကလည်း ဟိုမေးဒီမေးနဲ့ .. အခုလည်း ခေါင်းစရဲ့ပြီ"

ချိန်း က ကားသော့ကို လှည့်ပတ်ကစားရင်း မျက်နှာမော့ ရယ်ကာ ...

"ခေါင်းရှိလို့ ခံစွင့်ရတာ ရုတ်ယူလိုက်ဦး"

"သေပါလား .. ရုပ်ကိုက .."

"ဟား .. ဟား .. မင်းအတွက် တစ်နေ့ အခါရှစ်ဆယ်လောက်





အနောင့်နဲ့ပေါက်ချင်ဖွယ် ဖြစ်နေမှာပေါ့၊ ကမော့ ကို တိတ်တိတ်ပုန်း ကြိတ်ကြိုက်နေတဲ့ကောင်ရှေ့မှာ ချိန်း ဆိုတဲ့ကောင်က တရားဝင် လျှောက်လွှာတင်ထားတာကိုး"

"ဘာ တရားဝင်လဲ .. ခုပဲ ဟိုလွှဲချ ဒီလွှဲချ၊ ဒီမှာ ချိန်း ... ကမော့ ကို ငါက တိတ်တိတ်ကြိတ်ပိုးနေတာ မဟုတ်ဘူး၊ ဖြူစင်တဲ့သူငယ်ချင်း အချစ် လက်ကျန်လေးကို ထိန်းသိမ်းထားတာ"

"ဟုတ်လား .."

ချိန်း က အသေရယ်သည်။ ဒေါ်တန်သည့်မျက်နှာကြီး ဖြစ်နေပြီးမှ အောင့် မျက်နှာ မချိုမချဉ် ဖြစ်လာ၏။

"ခွေးကောင် .. ငါ တင်းလာပြီနော်"

"အင်း .. တင်းတဲ့ရုပ်ကြီး မှတ်ထားဦးမှ .."

အောင် ခွီးခနဲ ရယ်ကာ ချိန်း လက်မောင်းကို လက်သီးဆုပ်ကြီးနဲ့ ရွယ်၏။ ချိန်း က ဘေးကို ခြေလှမ်းရွှေ့၍ ရှောင်လိုက်စဉ် ...

"အမလေး !..."

"ဟာ!... ဆောရီး .."

မိန်းကလေးတစ်ယောက်ကို တိုက်မိလိုက်ပြီမှန်း သိကာ လူကို သေချာမကြည့်ဖြစ်မီ ချိန်း ပျာပျာသလဲ တောင်းပန်၏။

သူမလက်ထဲက ကျသွားသည့် စာအုပ်နှစ်အုပ်ကိုပါ သူပဲ လိုက် ကောက်ပေးကာ ...

"ဆောရီးပါဗျာ .. ရော့ .. တောင်းပန်တယ်နော်၊ ဒီကောင် နောက် လိုက်လို့ပါ"

"ရပါတယ်"

အသားလတ်လတ်နှင့် မျက်နှာက လေးထောင့်ဆန်ဆန်တာလား.. ဒါမှမဟုတ် ဝိုင်းသလိုလို ပြားသယောင်နှင့် နှာတံလေးပေါ်နေတော့ လှတော့ လှပါ၏။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တအုပ်တွေကို လှမ်းယူရင်း ချိန်း ကို သူမ တစ်ချက်တော့ ငေးခနဲ ကြည့်၏။ ပြီးတော့ အပြေးတစ်ပိုင်း လျှောက်ထွက်သွားသည့် ခြေလှမ်းတွေက ချိန်း သူမနောက်က ပြေးလိုက်လာမှာ စိုးနေသလိုလို ..။

"ဟား .. ဟား .. ဟား ..."

"ယောကောင် .."

"ဓာတ်လမ်းက အဲဒီမှာ စတာ .."

"မင်း 'စ' ချင်ရင် လိုက်သွား .."

"ဟား .. ဟား .. ဟား ..."

အောင် က ခါးကုန်းနေအောင် ရယ်သည်။ ကောင်မလေး ကြား သွားမှာစိုးကာ ချိန်း အောင့် ပါးစပ်ကို လက်နှစ်ဖက် ဖိအုပ်ပစ်ကာ ...

"တော်တော့ .. ဝမ်းသာအားရရှိနေတဲ့ ပါးစပ်ကြီး၊ မင်းဘိုးအေ ချိန်း ဆိုတဲ့ကောင်က မင်းကြိုက်နေတဲ့ နေကမာ ကလွဲရင် ဖွဲဆန်ကွဲ"

"ဟား .. ဟား .. ဟား ..."

အောင် က သူ့လက်တွေကို ဖယ်ချပစ်ပြီး ရယ်လို့ အားမရသလို အသံထွက်နေဆဲနှင့် ...

"ချိန်း .. ချိန်း .. ကိုယ့်ဖူးစာရှင် ကိုယ့်ရှေ့ကို ဘုတ်ခနဲ ခုန်ချပြီ လာတာတောင် .."

"ကမာ မှ ကမာ ပဲ"

"မင်းကို ကမာ မကြိုက်ပါဘူး .. လက်လျှော့လိုက်တော့"

"စောင့်ကြည့်လိုက်လေ .."

"အံမာ .. ခုတောင် ငါမပါဘဲ မသွားရဲသေးဘဲနဲ့၊ လေသံကို ပြင်း.."

"မင်းကို လိုအပ်နေလည်း ခဏပဲ ယောကောင် .. မကြာခင် ခေါင်းအုံးပြေးဖက်ပြီး မင်း ကြိုကြိုပါအောင် ငိုရတော့မှာ"

"ငိုချင်လွန်းလို့ပါ .. လိုပ်စမ်းပါ"

တစ်ယောက်နဲ့တစ်ယောက် ခေါ်သမပါသည့် စကားစစ်ခင်းရင်း





ကိုယ့်အတန်းကို မသွားနိုင် ..၊ ဒီအချိန် ကမာ မရောက်သေးဘူးဆိုတာ သိထားကြသဖြင့် မြင်သာသည့်နေရာလောက်ကနေ့ အကာအကွယ်ယူ၍ ထိုင်လိုက်ကြ၏။

"ချိန်း .. မင်းကို ငါ အတည်ပြောမယ်"

"ပြော .."

"မင်းအမေနဲ့ အဆင်မပြေနိုင်ဘူးနော်"

"ဒါပဲလား"

"ကမာ တို့က အခု နိမ့်ပါးနေပေမယ့် မင်းတို့ ငါတို့လို အဆင့်အတန်းထဲက မိန်းကလေးကွ၊ သူ့ဘဝသူလည်း မာနထားတယ်၊ နောက်ပြီး မင်းအမေ ကမာ့ ကို .."

"ဘာလဲ .. ဓာတ်လမ်းတွေထဲကလို နောက်ဆုတ်ပါ၊ မတူပါဘူး၊ မတန်ပါဘူးနဲ့ မာမီ သွားပြောမှာစိုးလို့လား .."

"မပြောပါဘူးလို့ မင်း ပြောနိုင်လို့လား .. မင်းအစ်ကိုဆိုရင် သူချစ်သူနဲ့ ခွဲရမလားဆိုပြီး နိုင်ငံခြားထွက်သွားလိုက်တာ ခုထိ ပြန်ကို လာတော့ဘူး၊ အဲဒီတုန်းကတောင် မင်းအမေ သုံးလလောက် အိပ်ရာထဲ လဲသွားတယ်လေ .. သေမင်းလက်ထဲက အသက်ပြန်လုထားရတာလို့ မင်းအဖေ ခုထိ ပြောတုန်းပဲ၊ အဲဒါ မင်းအစ်ကို မွေးစားသားပဲ ရှိသေးတယ် .. ပြောရရင် မင်းလည်း ငါ့လိုပဲ တစ်ဦးတည်းသော သား .."

အောင် က တကယ် အတည်ပြောလာတော့ ချိန်း မျက်နှာမှာ ချစ်ကန်ကန်ပုံစံတွေ ဖြစ်လာပြီး အသံတိတ်သွား၏။

"အခု လေပြေလေးနဲ့ သတိပေးနေတာ၊ ဘာမှ မသေချာသေးလို့လို့ ငါ ထင်တယ်၊ မင်း တကယ် အတည်ကြိုးစားမှာဆိုရင် စဉ်းစားသင့်တယ်"

"မင်းကရော .."

"ဘာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ထမ့ ထို –"

"ဒီလောက်လှနေတဲ့ သူငယ်ချင်းလေးကို မရိုးမသားဖြစ်မိတာတော့ ရှိတာပေါ့ကွ၊ ဒါပေမယ့် .."

"တကယ် မချစ်မိခဲ့ဘူးပေါ့"

"အဲဒါလည်း မသိဘူး .. ငါ သိတာက တစ်နေ့နေ့မှာ ငါ မမထက် နဲ့ပဲ လက်ထပ်ဖြစ်မယ် ထင်တာပဲ"

"မင်း သူ့ကို ဘယ်လိုမှ ရင်မခုန်ဘူးဆို"

အောင် က အနားက ဖြတ်သွားကြသည့် မိန်းကလေးတချို့ကို ငေးကြည့်ရင်း သက်ပြင်းချသည်။ ပြီးတော့ စိတ်ဝင်စားတာနဲ့ မတူဘဲ မျက်လုံးတွေ ဟိုရောက်ဒီရောက် ငေးနေရင်း ...

"မင်းနဲ့ငါ သူငယ်ချင်းတွေပေမယ့် ငါ မင်းလို မဟုတ်ဘူးဆိုတာတော့ သေချာတယ်"

"ဘာကိုလဲ –"

"ငါ့မှာ အတိုက်အခံစိတ် သိပ်မရှိဘူး၊ ဥပမာ မင်းက ဂုဏ်ထူးတွေနဲ့ အောင်တယ်၊ ဆေးကျောင်းတက်ခွင့် ရနိုင်ရက်နဲ့ အင်္ဂလိပ်စာပဲ ယူလိုက်တယ်၊ အဲဒီအတွက် အန်တီတို့နဲ့ မင်း အတိုက်အခံတွေ ဖြစ်ခဲ့ရတာ ကြောက်စရာပဲ"

"ပညာရေးက ငါ့ဘဝအတွက်ပဲလို့ ပြောကြတာလေ .. အဲဒါကြောင့် ငါ့ဘဝအတွက် ငါ့ဝါသနာပါဖို့က အရေးမကြီးလို့လား"

"ဟုတ်တယ် .. ခုလည်း ကမ့ ကို မင်း ချစ်ခွင့်ရရင် ဒီပုံစံ လုပ်မှာပဲဆိုတာ ငါ တွေးမိပါတယ်၊ ငါကတော့ .."

အောင် ဆက်မပြောပေမယ့် ဘာပြောချင်တာကို ဖော်ပြပြီးဖြစ်ကာ မျက်နှာက ရယ်တော့မလို မဲ့တော့မလို ...။

"ငါတို့က မင်းတို့လောက် မချမ်းသာဘူး၊ ဒါပေမယ့် မေမေက မင်းအမေထက် မပိုရင်တောင် မလျော့တဲ့မာနတွေ ရှိတယ်၊ အဲဒါ ငါ





သိတယ် .. ဒီကြားထဲကွာ .. မမထက် အမေက အချိန်ပြည့် သတင်းတွေ ပို့ပြီး ကျပ်ပေးနေတာ"

"ဒေါ်ရွှေရုပ် လား .."

"ဟုတ်တယ် .. ငါ ကမ့ကို ကြံရွယ်လိုက်တာနဲ့ ကမာ မလွယ်ဘူး၊ တကယ်ဟုတ်ခဲ့ရင် မင်းကိုလည်း ငါက လိုးလွှဲချလို့ရမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကမာ က အန်တီရွှေ့ တူမ ဝမ်းကွဲလေ၊ ပြီးတော့ မမထက် ဆီမှာ အလုပ်လုပ်နေရတာ .. အဲဒီလို အကြောင်းကြောင်းတွေထဲမှာ ကမ့ ကို မထိခိုက်စေချင်တာက နံပါတ်တစ်ပဲ၊ နံပါတ်နှစ်က ငါ့ကို ကမာ ရိုးရိုးသားသားပဲ ခင်တာ ငါ သိနေတယ်"

ချိန်းဇာက ပြုံးလိုက်သဖြင့် အောင် မျက်မှောင်ကုတ်သွားကာ ...

"ခွေးကောင် .. အတည်ပြောနေတာကို ရှုပ်က –"

"ပြောပါ .. ဆက်ပြော .. အဟွန်း .."

သွားတွေပေါ်အောင် ရယ်လိုက်တော့ အောင် က မျက်စောင်းထိုးသလို ကြည့်၏။

"ပထမအခက်အခဲက မင်းအမေနဲ့ အမေ မိတ်ဆွေတွေဖြစ်နေခြင်း .. ဒုတိယအခက်အခဲက မင်း အားနေတိုင်း ကမာ အလုပ်လုပ်တဲ့ နေရာထိ ခြေအေးဝမ်းယောင် လုပ်ချင်တိုင်း ငါ့ကို ဒုက္ခပေးခြင်း .."

"မင်း ပါစရာမလိုတော့အောင် .. ငါ ကြိုးစားနေတာပဲကွ၊ ခဏတော့ စောင့်ပေါ့"

"ငါက ပြဿနာမရှိဘူး ဟေ့ကောင် .. ကမာ ဒုက္ခများမှာစိုးလို့ ပြောတာ၊ အန်တီရွှေ့ အကြောင်း မင်းထက် ငါ ပိုသိတယ်"

"အေးပေါ့ .. ပေါင်းလာတာ ကြာပြီကိုး"

"ခွေးဝဲစား .. သေနာ"

"ဘာလဲ .. မင်းတို့က အရင်တုန်းတည်းက မိသားစုနှစ်ခုက တစ်စုတည်းလို နေခဲ့ဖူးတာဆို၊ ဒီမိန်းမကြီးလက်ပေါ်မှာပဲ မင်း.."

www.burmeseclassic.com



"ချိန်း .."

"ပြောတာတောင် မဆုံးသေးဘူး"

"မပြောနဲ့တော့ .. ဟိုးမှာ ကမာ လာနေပြီ"

အပြာမစစ် ဖေဒါရောင်မဖြစ်သော ပြာမှိုင်းသည့်ဝတ်စုံလေးနှင့် ကမာ့ ပုံရိပ်လေးက ဘယ်ကကြည့်ကြည့် ထင်းနေသည်။

ထို့ပြင် ကိုယ်ကျပ်ဖြစ်ဖြစ် စပို့ရှပ်မွမွလေးတွေဖြစ်ဖြစ် ဘယ်လို ဝတ်စုံပဲ ဝတ်ထားထား ညွတ်ခွေငုံ့ဝိုက်၍ ပေါ်နေသော ကိုယ်ခန္ဓာ၏ ကောက်ကြောင်းလေးတွေက ပျောက်ကွယ်သွားသည်ဆိုတာ မရှိ ..

"ကဲ .. ထိုင်ကြည့်နေမှာလား .. ပြီးပြီလား"

"ပြီးစရာလားကွ .."

ချိန်း က ပေါင်ပေါ်တင်ထားသည့် ကြိုးရှည်အိတ်ကို ပခုံးမှာ ကောက်ချိတ်လိုက်ပြီး ထရပ်သည်။

ချိန်း ကို မြင်နေရသည့် တစ်နေရာမှာရှိနေသော ဖူး ရဲ့မျက်ဝန်း လေးတွေ ချိန်း ဘာကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားရခြင်းကို ရှာ ပြီးသား ဖြစ်သွား၏။

မျက်ဝန်းတွေ ရီဝေမှုများနှင့် ရင်ဘတ်ထဲမှာ ပူလောင်သွားခဲ့သည်။

"ဦးလေး .."

"ဟေ .."

ကားရပ်ထားပေမယ့် အလကား ထိုင်မနေတတ်သည့် ဦးချက်ကြီး က ကားကို ပွတ်တိုက် သန့်စင်နေရာကနေ ဖူး ရဲ့ဘေးကို ချက်ချင်း ရောက်လာ၏။

"ဘာလဲ ကလေး .."

"လူတွေရဲ့ လိုလားချစ်ခင်ခြင်းကို ရအောင် ဘာလုပ်ရသလဲဟင်"

"ဟော!.."

နှောက်ထပ် ဟော .. သံ ထွက်ကာ ဦးချက်ကြီး ဟိုကြည့်ဒီကြည့်





တော့ ဖြစ်သွား၏။ ဒါပေမယ့် ဘာမှလည်း မတွေ့၊ ကျောင်းကိုရောက် ပေမယ့်လည်း ကားထဲက ဆင်းချင်မှ ဆင်းသည့် ဖူး ရဲ့အကျင့်ကို သိ ထားသဖြင့် သိပ်မထူးဆန်းသော်လည်း ထူးထူးဆန်းဆန်းတွေ မေးလာ တိုင်း ခေါင်းကြီးခဲ့ရမြဲ ..။

"ဦးလေး ဖြေလေ .."

"ဟို .. လူချစ်လူခင် ပေါတယ် ဆိုတာက .."

"မျက်နှာမြင် ချစ်ခင်ပါစေ ဆိုတဲ့ဆုနဲ့ မပြည့်တဲ့လူတိုင်း လူတွေ ရဲ့ ဖယ်ကြဉ်မှုကို ခံကြရတာပဲလား .. သူတို့အတွက် ဘာမှ ပြင်ဆင် ကြိုးစားခွင့် မရှိဘူးလားဟင် .."

ဖူး မျက်နှာလေးက တစ်ဖက်တည်းကို လှည့်ကာ မျက်ဝန်းလေး တွေက တစ်နေရာတည်းမှာပဲ စူးစိုက်နေကြသည်။ ဦးချက်ကြီး မသိ သော လိုက်ကြည့်မိတော့ ဖေဒါရောင်မိန်းကလေးတစ်ယောက်နှင့် ကောင်လေးနှစ်ယောက် ..။

ထိုသုံးယောက်ထဲက ဖူး ဘယ်သူ့ကို ခင်ချင်နေတာလဲ ..၊ ခင်မင်မှု ကို အလိုရှိနေတာလား .. ချစ်ခြင်းမေတ္တာကိုလား ..။

ဒီလောက်ထိ ရိုးအေး အားငယ်တတ်သော မိန်းကလေးဟာ မရိုး ထားသည့်ချစ်ခြင်းကို အလိုရှိနေတာတော့ မဖြစ်နိုင်ဘူးလို့ပဲ မှတ်လိုက် တာ ဖေဒါရောင်မိန်းကလေးရဲ့ပုံစံနဲ့ တစောင်းမျက်နှာလေးကို သေချာ ကြည့်ထားလိုက်မိသည်။

ပြီးမှ ဖူး ဘက်ကို ပြန်လှည့်၍ ..

"အတိတ်ကံချည်းပဲတော့ မဟုတ်ဘူးပေါ့ ကလေးရယ် .. 'ကံ ကို ဉာဏ်ရှိတိုင်း မွဲ'လို့ ဆိုရိုးရှိခဲ့သလို 'ကံယုံပြီး ဆူးချုံမနင်းနဲ့' ဆို တာလည်း ရှိတယ်လေ၊ အတိတ်ကံကို ပစ္စုပ္ပန်ကောင်းမှုနဲ့လည်း ဖာထေးလို့ ရတယ်"

"ဦးလေး မြင်သလို ပြောပြစမ်းပါ၊ ဖူး မျက်နှာက တင်းတင်း



www.burmeseclassic.com

www.burmeseclassic.com



မာမာနဲ့ မှုံဝေါက်ချိုးထားသလို ကြည့်ရဆိုးနေလားဟင်"

"မဟုတ်တာ သမီးရယ် .. သမီးမျက်နှာလေးက ကလေးဆန်ပြီ မြင်လိုက်တာနဲ့ ဖြူစင်တဲ့အမှန်း သိသာစေတဲ့မျက်နှာမျိုးပါ၊ ဦးလေး ညာတာ မဟုတ်ဘူး .. တကယ် ပြောတာ"

"ဒါပေမယ့် ဖူး ကို ဘယ်သူမှ မခင်ကြဘူး"

ဦးချက်ကြီး ဖူး မျက်နှာလေးကို ကြည့်ပြီး သနားသွားသည်။ ဒါဟာ ဘယ်လိုကံအကျိုးပေးလဲဆိုတာကို မသိပေမယ့် ဒီလို ခံစားချက် တွေနဲ့ လုံးထွေး နစ်မွန်းနေသရွေ့ ဘယ်တော့မှ စိတ်ချမ်းမြေ့ခြင်းကို မရနိုင်ဘူးဆိုတာတော့ နားလည်နေမိသည်။

သို့သော် ဖူး ဆိုတဲ့ မိန်းကလေးရဲ့ဘဝကိုက ကစားဖော် မရှိ မြို့ဆိုင်သူမရှိသည့် ငယ်ဘဝနှင့် အထီးကျန် ကြီးပြင်းလာခဲ့ရသည် ဆိုတာ သိထားခဲ့သည်။

ဖခင်တစ်ယောက်လုံး ရှိပေမယ့်လည်း အရှယ်ကောင်းတုန်း စီးပွားရေးနောက်ကို လိုက်ကာ ငြိမ်းချမ်းချင်ပြီဆိုတော့ နောက်အိမ် ထောင်ပြုခဲ့၏။

ဒီသမီးလေးအတွက် ရွှေးရွေ့အသည့်အချိန်ဆိုတာ ဘယ်ကာလ ထဲမှာမှ မပါ ...၊ ရှေ့ဆက်ကြမည့် မိသားစုဝရိုးလမ်းမှာလည်း အေး မလား .. ချေးမလားဆိုတာ မသေချာပေ ...။

ထို့ကြောင့် ဦးချက်ကြီး ဖူး အတွက် စိတ်မာတ်အင်အားတွေ ပေးချင်ပေမယ့် ဘယ်ကနေ အစဆွဲထုတ်ပြီး ချည်နှောင်ရမှန်း မသိ။

"ဖူး သွားတော့မယ်"

အတန်းချိန် နီးကပ်နေကာမှ ဖူး ကားထဲက ထွက်သည်။ ကား ကနေ ကားပြင်ရောက်တာနှင့် ခေါင်းကို ငုံ့ချပြီးသားဖြစ်ကာ ဆံပင်တို နှစ်ဖက်က မျက်နှာတစ်ဖက်စီမှာ ပဝါနှစ်စလို အုပ်ကွယ်ပြီးသား ...

လှေကားရင်းကနေ ထိပ်ကို တစ်ချက်မော့ကြည့်လိုက်သည်။



ယောက်ျားလေးတွေ အေးတစ်ဖက်မှာ စုရုံးရပ်နေကြတာ မြင် တော့ တစ်ကိုယ်လုံး ပူထူကာ ပြန်လှည့်ပြေးချင်စိတ်တွေ ဖြစ်သွား၏။

ဒါပေမယ့် ခေါင်းကို ငိုင့်ငယ်ရင်း လွတ်နေသည့်တစ်ခြမ်းဘက်ကို တစ်၍ အပြေးအလွှား တက်ခဲ့မိသည်။

"ဟင်!..."

သူမတက်မည့် ရှေ့မှာ လူရိပ်တွေ ...

မော့ကြည့်လိုက်တော့ ခုန ကျောင်းသားတွေပဲဖြစ်ကာ လှေကား ထိပ်တစ်ပြင်လုံးမှာ လူဖြန့်ပြီး ရပ်နေကြ၏။

ကျောခိုင်းထားရင်း စကားတွေ ပြောနေကြသော်လည်း တမင် ပိတ်လိုက်တာမှန်း ဖူး စိတ်က အလိုလိုသိ၏။ ဒါပေမယ့် ဘာမှ မပြော ဘဲ ခေါင်းငုံ့ပစ်ကာ လူနည်းနည်းကျဲသည့်နေရာကို ရှောင်လိုက်မိသည်။

ဖူး ခြေလှမ်းရွှေ့လိုက်တိုင်း လူရိပ်တွေက မသိမသာ ပူးကပ်သွား ပြီး ပိတ်ထားပြီးသား ဖြစ်သွားသည်။

ဖူး ရင်တွေတုန်လာကာ ဒေါသလား .. ငိုချင်တာလား မသိဘဲ တစ်ယောက်တည်း ကယ်သူမဲ့နေ၏။

"မင်းကလည်း အတန်းဝင်ရတော့မှာကို သွားမယ်လေကွာ .."

"သွားမှာပေါ့ကွ .. ခြေထောက်တွေက ရွှေ့လို့ကို မရသေးတာ၊ နေပါဦး"

"ဒါဆိုလည်း ဒီဘက် နည်းနည်းတိုးနေပါ"

"အေးလေ .. လမ်းမလွတ်ဘူး၊ ဒီဘက်ကို တိုး"

ဖူး ခြေလှမ်းရွှေ့လိုက်တာနှင့် ပိတ်ထားကြသဖြင့် ထုပ်ဆီးတိုးနေ သည့်နယ် ...၊ ဆုံးဖြတ်ချက်မရှိအတွေ နောက်ပြန်လှည့်ဖို့ ပြင်လိုက်ကာမှ...

"နင်တို့က ဖယ်လိုက်ကြလေ.. နောက်မှာ သူများ သွားစရာ မရှိ တော့ဘူး"

ကမာ့ အသံလေးကို ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖူး ဝမ်းသာအားရ မော့ကြည့်လိုက်မိသည်။

"လာလေ .. ဖူး .."

ကမာ့ ကိုယ်လေး တစောင်းဝင်တိုးလိုက်ကာမှ ယောက်ျားလေးတွေက ခုမှ သိတာလိုလို ပြုံးပြုံးလှည့်ကြည့်ပြီး ဖယ်ပေးကြ၏။

ဖူး လက်လေးတစ်ဖက်ကို လှေကားထိပ်ကနေ လှမ်းဆွဲခေါ်ပြီးမှ ကမာ က အတည်လိုလို ရွဲ့တာလိုလိုနှင့် ...

"လမ်းဖယ်ကြပါလို့ အော်ပြောရတယ် ဖူး ရဲ့ .. လူတွေက အာ... တွေ အရမ်းများလာရင် မမြင်ကြ .. မကြားကြတော့ဘူး၊ ပြောရ... ကန်းကုန်ကြတာပေါ့နော်"

"ဟာ .. ကြည့်စမ်း"

နောက်မှာ အသံတွေ တိုးတိုးတိတ်တိတ် ကျန်ရစ်၏။

ကမာ ကိုင်ထားသည့်လက်ပေါ်ကနေ ထပ်ဆုပ်ကိုင်ထားမိ... ဖူး ရဲ့ပုံစံလေးက အားကိုးတကြီး ဖက်တွယ်ထားသော ကလေးငယ်... ယောက်လို..၊

ဖူး လည်း ကလေးတော့ မဟုတ်ပေမယ့် ...၊





<u>အခန်း (၅)</u>

"ကမာ .."

ခေါ်သံက ရင်းနှီးနေတာမို့ အားရောက်လာသည့်လူကို လှည့်ကြည့်လိုက်မိသည်။

"ချိန်း .."

"ဟုတ်တယ် .. ဒီနေ့ နောက်ကျတယ်နော်"

"အင်း .. မေမေ သိပ်နေမကောင်းတာနဲ့လေ .. အောင် မပါဘူးလား"

"မပါရင် ကိုယ် လာခွင့်မရှိဘူးလား".

"မဟုတ်ပါဘူး ချိန်း ရဲ့ .. အောင် မပါဘဲ ဒီလမ်းထဲထိ တစ်ယောက်တည်း ရောက်နေတာ အံ့ဩလို့ပါ"

ကမာ က မိုးဖွဲလေးတွေ ကျလာတာကို မော့ကြည့်ပြီး အိတ်ထဲက ထီးထုတ်ယူလိုက်သည်။ ဖွင့်မလို့ ပြင်ပြီးမှ ဒီတိုင်း ကိုင်ထား၍ ...

"သင်တန်း လာစုံစမ်းတာလား"

"ဟင် .. ဘာသင်တန်းလဲ"

"ရှေ့က လမ်းထိပ်မှာလေ .. မမြင်ခဲ့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မမြင်ခဲ့ပါဘူး .. ဒီလမ်းထဲမှာ ကိုယ် တခြားစိတ်ဝင်စားစရာ ဘာမှမရှိဘူး"

ကမာ က ဖျတ်ခနဲ မော့ကြည့်သည်။ ချိန်း က ငုံကြည့်ရင်း ပြုံးပြကာ ...

"မင်းဆီကို လာတာဆိုရင် ဘာဖြစ်သွားနိုင်လို့လဲ"

"ဘာမှမဖြစ်ပါဘူး .. နည်းနည်း အံ့သြသွားတာပဲ ရှိတယ်၊ ကားရော မပါဘူးလား"

ချိန်း က ပြုံးလိုက်ပြီး ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက် ထည့်သည်။

"မိန်းကလေးတစ်ယောက်က အပြစ်တောက်စရာ ဖြစ်မှာတွေ ကိုယ်က ကြိုတွက်မိတယ် .. အဲဒါကြောင့် တမင် ထားခဲ့တယ်"

"သြော် .. လမ်းကြောင်းရှင်းတဲ့နည်းတွေလည်း ကျွမ်းသားပဲနော်"

"အဟွန်း .. ခြင်တစ်ကောင်ကို မပိုင်ဘဲ ရိုက်လိုက်ရင် မြသနား မရှိပေမယ့် ကိုယ် မြတ်နိုးနေတဲ့ပန်းကို ခူးယူနိုင်ဖို့ဆိုရင် မပိုင်လို့ ဘယ်ရမလဲ၊ ဥပမာ .. ဘယ်လိုအခက်အခဲတွေကို ကျော်လွှားရမလဲ၊ ဘာတွေ ဘာတွေ ဖြစ်နိုင်မလဲ၊ ပန်းကို ခူးနိုင်ပေမယ့် ကိုယ့်လက်ထဲကို မကြွေမကျ မပျက်မစီးဘဲ ပါလာအောင် ဘယ်လို .."

"တော်ပါပြီ ချိန်း ရယ်.. ချိန်း တို့ ယောကျ်ားလေးတွေက တစ်ခုခု ဆိုရင် အရှောင်အလွှဲ သိပ်ကောင်းကြတာပဲ၊ လာရင်းကိစ္စ ဘာပဲဖြစ်ဖြစ် ပါ .. အခု ဘယ်ဆက်သွားမှာလဲ"

ကားမှတ်တိုင်နားနီးလာတော့ ကမာ ခြေလှမ်းတွေကို နှေးချပစ်လိုက်သည်။ အတူတူ ဆက်မသွားချင်သည့်သဘောမှန်း ချိန်း က နားလည်ကာ ...

"အရှောင်အလွှဲကောင်းတာက ကိုယ် မဟုတ်ဘူး ထင်တယ်"

ကမာ က ဖျတ်ခနဲ မော့ကြည့်သည်။ ပြီးတော့ မိုးပွဲတွေ ရေပ်သေး





တာကို အာရုံရောက်သွားသလို ထီးကို ခေါင်းပေါ်တင်၍ ခြေလှမ်း မြန်လိုက်၏။

"ထီးဖွင့်ဆောင်းလေ .. ကိုယ် လိုက်ကစ်မဆောင်းပါဘူး"

"မဟုတ်ပါဘူး.. မှတ်တိုင်ရောက်ရင် လူတွေကပ်နေတော့ ပြန်ပိတ်ရမှာပဲလေ"

"ဒါပေမယ့် မိုးဖွားက စိပ်လာပြီ .. ဆောင်းလိုက်ပါ"

"ဟင့်အင်း .."

ချိန်း က ကမာ့ မျက်နှာလေးကိုပဲ စိုက်ကြည့်နေသဖြင့် မှတ်တိုင်က လူတချို့ သတိထားမိသွားကြ၏။ ဂျင်းဘောင်းဘီရှည်၊ ကြည်ပြာရောင်ရှပ်လက်ရှည်နှင့် နက်ပြာနှင့် အပြာကွက်ရောသော ချိုင်းပြတ်ခါးတို အပေါ်ထပ်က ပါသေးသည်။

ဖြူဝင်းနေသည့် မျက်နှာချောချောနှင့် ချိန်း ပုံစံက လူ သတိထားမိချင်မှယ် ဖြစ်၏။ ပြီးတော့ တိုက်ဆိုင်စွာ ကမာ ဝတ်ထားသည်ကလည်း ဂျင်းဘောင်းဘီနှင့် စပို့ရှပ် အပြာစင်းလေး ဖြစ်နေသည်။ အဖြူနှင့်အပြာ အသီးအလုံးလေးတွေပါသည့် ဆွဲကြိုးအရှည်နှင့် နားမှာ အပြာရောင် ဝန်းပွင့်လေး ကပ်ပန်ထားသေးသည်။

လက်ကောက်တွေကအစ အရောင်အသွေးတူကာ ဖန်စီတွေ ဝတ်ထားပေမယ့် ကမာ့ တစ်ကိုယ်လုံး လင်းလက် တောက်ပနေ၏။

နှစ်ယောက်စလုံး လိုက်ဖက်ညီစွာ ရှိနေကြသဖြင့် ကားစောင့်နေသူတွေအကြည့်က လမ်းကို မဟုတ်ဘဲ သူတို့ဆီမှာ ဖြစ်လာကြသည်။

ကမာ့ မျက်နှာလေးတော့ ပျက်ချင်ချင်ပါ။ ဒါပေမယ့် ဂရုမစိုက်တတ်အောင် လေ့ကျင့်ထားပြီးသည့်စိတ်က မျက်နှာကို ပြေပြစ်ခြင်းအတိုင်း ရှိနေစေခဲ့၏။ ထိုစဉ် ကားရောက်လာသဖြင့် ...

"သွားတော့မယ်"

"သွားမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်လိုက်တာကို ခေါင်းညိတ်ပြီး ချိန်း က အတူတူ လိုက်တတ်သည်။ ဒီတိုင်းဖြစ်မှာပဲဆိုတာ ကမာ တွက်မိသည်။

ရှည်းစားစကားပြောဖို့ ကြိုးစားနေသူ၏ပုံစံကို အကဲမခတ်မိရလောက်အောင် ကိုယ် မတုံးဘူးဆိုတာ ချိန်း ကလည်း သိနေပုံပါ။

ညနေခင်းမှာ ကားကကျပ်တော့ ဘတ်စ်ကားစီးခ မရှိသည့်လူကဟိုရှောင်ဒီရှောင်နှင့် အဝင်ဝမှာ ကျန်ရစ်ခဲ့ပြီး ကမာ အတင်းတိုးဝင်သွားသဖြင့် ချိန်း နဲ့ အလှမ်းကွာသွား၏။

ထိုစဉ် မိုးတွေ မြည်သံပေး၍ သည်းသည်းမည်းမည်း ရွာချလာသည်။ ထီးဖွင့်ကြ တန်းစီကြနှင့် ကားအတက်အဆင်းမှာ ပိုကြာသွား၏။ ချိန်း နဲ့ ကမာ ကားပေါ်ကဆင်းခါနီးကျမှ ပြန်ဆုံဖြစ်ကာ ...

"ထီး ကိုယ့်ကို ပေး .."

"ရ ..."

ငြင်းမလို ပါးစပ်ပြင်နေတုန်း ထီးကိုဆွဲယူလိုက်ကာ သူ အရင်ဆင်းသည်။ ဟန်တစ်လုံးပန်တစ်လုံးနဲ့ ယူသွားပြီး တကယ်ဖွင့်တော့လည်း ထီးဖွင့်ခြင်းက တော်တော်နှင့် မအောင်မြင် ...။

"လေလာတဲ့ဘက်ကို လှည့်ပေးလိုက် ချိန်း .."

"ကဲ .. ဆင်းပါဗျာ .. နောက်မှာ လူတွေဆင်းဖို့ အများကြီး ရှိသေးတယ်"

စပယ်ယာ၏ စိတ်မရှည်သံအဆုံးမှာ ကမာ လှေကားတစ်ထစ်ကို ဆင်းရစ်လိုက်ရသည်။ ထိုစဉ် နောက်က ဘယ်လိုတိုးတိုက်ပစ်လိုက်မှန်းမသိဘဲ ခြေနိုင်နိုင်မရစ်လိုက်ရဘဲ အောက်ထိ ခုန်ဆင်းချလိုက်သလိုဖြစ်သွား၏။

"အား .."

ထီးဖွင့်နေသည့် ချိန်း ရဲ့ပခုံးကို အရှိန်နှင့် သိမ်းကျုံးဖက်လိုက်သည်။ အားလုံးထံမှ အာမေဍိတ်သံတွေ ထွက်လာကြစဉ် ထီးတစ်ဖက်





နှင့် ချိန်း နဲ့ ကမာ ဒယိမ်းဒယိုင်တွေ ဖြစ်လို့ ကောင်းတုန်း ...။

"ဆောရီး ချိန်း ရယ် .. နောက်က တွန်းလိုက်လို့"

တစ်ယောက်ကိုတစ်ယောက် ထိန်းဖက်ထားမိကြသည့်ပုံစံနှင့် မိုးရေတွေလည်း စိုကုန်ကြ၏။

"ခဏလေး .. ခဏလေး ရပြီ .."

ချိန်း က ကမာ့ ပခုံးလေးကို ရင်ခွင်နဲ့ဆွဲကပ်ထားကာ ထီးဖွင့်လိုက်သဖြင့် ကမာ သူ့ရင်ခွင်ထဲမှာ အဖက်ခံထားရသလို ဖြစ်သွား၏။

သွားပြီ...၊ ဒီပတ်ဝန်းကျင်မှာ ကိုယ့်ကိုသိတဲ့ တစ်ယောက်ယောက်များ ရှိနေရင် ...

"လာ .. သွားမယ်"

ချိန်း လည်း ကားမထွက်သေးခင် ကမာ့ ပခုံးလေးကိုဖက်၍ ချက်ချင်းထွက်၏။ နှစ်ယောက်စလုံး ပလက်ဖောင်းပေါ် ရောက်ကြကာမှ...

"ဆောရီးနော် .. ရော့ .."

ဖက်ထားသည့်လက်ကို ဖြုတ်၍ ကမာ့ လက်ထဲကို ထီးထည့်ပေးသည်။ မျက်နှာတစ်ပြင်လုံးလည်း နီမြန်းနေကာ ...

"သွားတော့မယ်"

"ချိန်း .."

ချိန်း က ထီးပြင်ရောက်သွားပြီမို့ ကမာ က ထီးမိုးပေးလိုက်ပြီး အနားတိုးကာ ...

"ဆိုင်ရှေ့ထိ လိုက်ခဲ့တော့လေ .. ကားလည်း မပါဘဲ ဒီထီး ယူသွားပေါ့"

စေတနာက ရှေ့ရောက်သွားပေမယ့် မျက်လုံးချင်းဆုံတော့လည်း မျက်လွှာချပစ်မိသည်။ ပြီးတော့ လက်တစ်ဖက်နှင့် ရေစိုနေသည့် ဆံပင်တွေကို ဖွပစ်မိလိုက် .. ဆွဲချမိလိုက်နှင့် ...

"ဆိုင်ထိ လိုက်တာကို မင်း မကြိုက်ဘူးမို့လား၊ ရပါတယ် .. စို



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ... မဟုတ်ဘူးလေ ... ဆက်သွားစရာရှိသေးတယ်မို့လား ... ရှဲ့သွားလိမ့်မယ်"

"မရှိပါဘူး ... ကိုယ် မင်းဆီကို လာတာ"

"ဟင်!..."

မျက်လုံးချင်းဆုံသွားလျှင် ကမာ မျက်နှာလွှဲမပစ်ခင် ထီးကိုင်ထား သည့်လက်လေးကို ချိန်း က ထပ်ဆုပ်ကိုင်လိုက်ကာ ...

"မသိချင်ယောင် ဆောင်မနေပါနဲ့ကွာ ... ကိုယ် မင်းကို ဘယ် လောက်ထိ ..."

"ချိန်း ..."

ကမန်းကတန်း ဖြတ်ခေါ်လိုက်မိတာ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ် သွားမှန်းတောင် မသိ ...၊ ထိုစဉ် မိုးတွေ သည်းမည်းစွာ အားကောင်းလာ ကာ ပတ်ဝန်းကျင်တစ်ခုလုံးပါ မှုန်ဝါးသွား၏။

ချိန်း က ကမာ့ လက်ခုံကလေးကနေ လက်ကောက်ဝတ်လေး ကိုပါ ဆုပ်ကိုင်လိုက်ပြီး နဖူးနားထိ မျက်နှာတိုးကပ်၍ ...

"အရမ်းချစ်တယ်"

ကြည့်စမ်း ...၊

ရည်းစားစကားပြောတာ မိုးတွေသည်းနေတဲ့လမ်းပေါ်မှာ ...၊

ကမာ ပြုံးလိုက်မိကာ ကျောပြင်မှာ ရေတွေစိုရွှဲနေပြီမို့ ထီးကို ဝှဲ၍ နှိမ့်ချလိုက်ရသည်။ ချိန်း က မိုးသံကို ကျော်အောင်လာအောင် နားနားမှာကပ်ပြောတော့ ထီးကိုင်ထားသည့်လက်တို့သာ ခြားနားနေ ခဲ့ပြီး ရင်ဘတ်ချင်းက ထိကပ်တော့မတတ် ...၊

"ဘယ်သူမှ မမြင်တော့ဘူး တွေ့လား ... မျှော်စရာကြီး"

"ချိန်း နော် ..."

သူ့မျက်နှာက ပါးပြင်လေးနားမှာ ရှေ့ရှိနေသဖြင့် ကမာ အတင်း



... ပခုံးတွေ ကျုံ့နေမိ၏။ ဘေးကနေ အပြေးတစ်ပိုင်း ဖြတ်ကပ် ...တဲ့သူတွေ ရှိပေမယ့် လေတိုက်ရာနောက်ကို ထီးပါမသွားအောင် ...ကြ၊ သုတ်သုတ်လျှောက်ကြနှင့် ကိုယ့်ဇာတ်နဲ့ကိုယ် ...။

အမြဲတမ်း ပတ်ဝန်းကျင်ကို ထည့်တွက် ဆင်ခြင်နေရသမျှ မိုးရဲ့ ...ကြောင့် ချိန်း တို့ လမ်းမကြီးဘေးမှာ ရင်ခုန်သံတွေနဲ့ အပျော် ...ခွင့် ရသွား၏။

"သွားရအောင် ချိန်း ..."

"ခဏနေပါဦး"

"ဟင့်အင်း ..."

"မိုးတွေ ရွာနေပြီပဲကွာ ... ဘာမှ မထူးတော့ပါဘူး၊ ခုန ကိုယ်ပြော လိုက်တာ ကြားတယ်မို့လား ..."

"မကြားဘူး"

"ဟွန်း ..."

ချိန်း က ရယ်လိုက်ပြီး ...

"ကြားတယ်ဆိုရင် အေးဆေး ပြန်သွားမလို့ပါ၊ မကြားဘူးဆိုတော့ ထပ်ပြောရဦးမှာပေါ့"

"ဟင် ..."

"ဒီမှာ ... မင်းကို အရမ်းချစ် ..."

"ချိန်း ..."

ကမာ လန့်ဖျန့်ကာ ချိန်း အင်္ကျီလက်မောင်းစကို အတင်းဆွဲလှုပ် ပစ်မိသည်။ ပါးစပ်ကြီးဖြဲအော်ရင်း မျက်နှာမော့ထားရာကနေ ချိန်း က စပ်ဖြဲဖြဲနှင့် ...၊

"ဘာလဲ ... မကြားဘူးဆို ..."

"ချိန်း နော် ... သတိမထားမိတဲ့သူတွေ ထားမိကုန်အောင် ဘယ်လို ဖြစ်နေတာလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အရမ်းချစ်နေတာတွေ ဒီနေ့ ဖွင့်မပြောရရင် ဘယ်ဘက်ရင်အုံမှာ မီးထတောက်နိုင်တယ်"

"သေလိုက်ပါလား .."

ယိမ်းယိုင်လွင့်ပါသွားချင်နေသည့် ထီးကို ထိန်းကိုင်နေရင်း သူ ထပ်ဆုပ်ထားသဖြင့် ကမှာ့ လက်ကလေး နာကျင်နေမှာကို သတိထားမိကာ ...

"လက်ကို အရင်ဖယ် .."

ဆိုပြီး သူကိုယ်တိုင် ဖယ်ချပစ်လိုက်သည်။ ပြီးတော့ သွေးခြည်ဥသလို နီရဲနေသည့် လက်ဖဝါးလေးကို တစ်ဖက်နဲ့ ပြန်ဆုပ်ထားလိုက်ရင်း ...

"နှစ်နှစ်တောင် ရှိပြီကွာ .. မသိချင်ယောင် ဆောင်နေဦးမှာလား"

"သွားမယ် .."

"ကမာ .."

ကမာ့ က အတင်းလှည့်ထွက်သွားတော့ ချိန်း က ဘေးမှာ ပခုံးချင်းထပ်လျက် ကပ်ပါလာကာ ...

"စဉ်းစားပေးနော် .. မနက်ဖြန် ကျောင်းမှာ စောင့်နေမယ်"

သူ ဒီတိုင်း ပြေးထွက်သွားတော့လည်း ကမာ သမင်လည်ပြန် လိုက်ကြည့်မိပြန်သည်။ မိုးရေထဲမှာ ပျောက်ကွယ်သွားသဖြင့် ဘယ်ဘက်ကို ဘယ်လိုထွက်သွားလိုက်မှန်းတောင် ကြည့်လို့မရတော့ပေ ..။

မနက်ဖြန်ဖြစ်ဖြစ် .. ဘယ်အချိန်ဖြစ်ဖြစ် ရှင်ဟာ ကျွန်မအတွက် မစဉ်းစားသင့်တဲ့လူပဲ ချိန်း ..။





## အခန်း (၆)

"ကား ယူမသွားဘဲနဲ့ ဘာလဲ .. ကလေးတွေလို မိုးရေထဲမှာ ဘောလုံးကန်လာတာလား"

အလုပ်သွားခါနီး သားဖြစ်သူကို လူမမာဝင်မေးသည့် ဒက်ဒီ မျက်နှာက မတည့်မပြုံးနှင့် အကောင်းပြောသလိုလို ရွဲ့တာလိုလို ..။

"အဲဒါ ရှင့်သားက သင်တန်းသွားပါမယ် အတင်းလုပ်နေတာ"

"ညနေဆို မိုးရွာတတ်တာ မသိဘူးလား၊ သင်တန်းက ခုမှ ဘာ အရေးကြီးနေတာလဲ"

လင်မယားနှစ်ယောက် မေးဖြေနေကြပြီး မျက်လုံးတွေက ချိန်း မျက်နှာပေါ်မှာပဲ ဖြစ်ကာ ...

"ပြောစမ်းပါဦး .. မိုးရေထဲမှာ သွားလာဖြစ်ခဲ့ရတဲ့အကြောင်း .."

ဆွဲထားသည့်အိတ်ကို စားပွဲပေါ်မှာတင်၍ ဘေးမှာ ထိုင်လိုက်တဲ့အထိ ဒက်ဒီ စကားလုံးတွေထဲမှာ စိုးရိမ်တာ သိပ်မပါသေးဘူး ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတလေ လမ်းလျှောက်သွားချင်လို့ပေါ့ ဒက်ဒီ၊ ဟိုနားဒီနားလျှောက်နေရင်းနဲ့ ဝေးဝေးလံလံ ရောက်သွားတာရော မဖြစ်ရတော့ဘူးလား"

ဦးထွန်းထွန်း က သွားတွေပေါ်အောင် ရယ်လိုက်ပြီး ခေါင်းညိတ်သည်။

"ဟိုနားဒီနားဖြစ်ဖြစ် .. ရန်ကုန်တစ်မြို့လုံးကိုပဲ ပတ်နေနေ မိုးချုပ်လာရင် မိုးမစိုအောင် ဝင်ခိုနေလို့ မရဘူးလား"

အိပ်ရာထက်မှာ ခပ်လျှောလျှောမှီနေရင်း ချိန်း မျက်နှာက မှုန်ကုတ်ကုတ် ..၊

"ဆိုင် တစ်ဆိုင်ဆိုင်ဆိုလည်း ဖြစ်တယ်၊ ပလာဇာ မားကတ် အင်တာနက်ဆိုင် လမ်းဘေးလက်ဖက်ရည်ဆိုင်တွေလည်း ပေါမှ ပေါ၊ နောက်ဆုံး ကျွမ်းယားဆိုင် ခေါင်မိုးစွန်းလေးမှာဖြစ်ဖြစ် .."

"ခေါင်မိုးစွန်းလောက်ကို စာမဖွဲ့နဲ့ ဒက်ဒီ၊ အဲဒီနေ့က မိုးကတ်ခါးဖွင့်ထားမိတဲ့အိမ်တွေဆို အိမ်ထဲမှာတောင် တစ်အိမ်လုံး ရွှဲတာ၊ လမ်းဘေးအနိမ့်ပိုင်းက တိုက်တွေလည်း ရေတွေ ဝင်တာပဲ၊ လေရော မိုးရော ကြီးခဲ့တာ ဒက်ဒီ သိရက်သားနဲ့"

"အဲဒီအချိန်မှာ မင်း မျက်စိအောက်မှာ ရှိမနေပေမယ့် ငါ့သားလေး မိုးလုံလေလုံတစ်နေရာမှာ ရှိနေမှာပဲလို့ ဒက်ဒီတို့က တွက်ထားတာ၊ ကားမပါလို့ မိုးခိုစရာ မလုံခြုံလို့ ဘာဖြစ်ဖြစ် အိမ်ကို ဖုန်းလှမ်းဆက်လိုက်လို့ မရဘူးလား"

"ဖုန်းမှ ပါမသွားတာ"

"လူတိုင်း ဟန်းဖုန်းကိုင်ကြတာမှ မဟုတ်ဘဲကွ .. မြို့လယ်ခေါင်မှာ ဖုန်းဆက်လို့ မရတဲ့နေရာ မရှိပါဘူး"

"ဒက်ဒီက ကျွန်တော် ဘယ်ရောက်နေတယ်ထင်လို့ လှည့်ပတ်မေးနေတာလဲ"



"ငါ့သား ဘယ်ရောက်နေတာကို ဒက်ဒီ စိတ်မဝင်စားပါဘူး၊ ကိုယ့်ကိုယ်ကိုယ် မိုးမိမခံနိုင်တာ သိရက်နဲ့ ဒီလောက်ထိ တစ်ညနေလုံး ရေစိုနဲ့နေခဲ့တာကို သိချင်တာ .. ဘာကိစ္စတွေ အရေးကြီးနေသလဲ"

ချိန်း မျက်နှာ ငုံ့သလို လွှဲသလိုနှင့် ဆံပင်သပ်မိသည်။ မိဘနှစ်ပါး၏ မျက်စိအောက်မှာ အပြစ်ပြုမိထားသူအဖြစ် ရှိနေရသည့်ဒုက္ခကတာကယ့်ကို အီလည်လည် ..။

"မိုးနည်းနည်းမိတာတောင် ဖျားတတ်တဲ့ဟာ"

"ငယ်ငယ်တုန်းကပါ မာမီရာ .. ကျွန်တော် ကလေးမှ မဟုတ်တော့တာ"

"ဟုတ်ပ .. မှန်လိုက်တာ မာမီ့သားရာ .. အဲဒါကြောင့် မင်းကိုယ်မင်း သိပြီဆိုတော့ ကျောင်းလည်းပြီးတော့မယ် .. အိမ်ထောင်ပြုဖို့ .."

"နေဦး လတ် .. အိမ်ထောင်ရေးဆိုရင်တော့ မင်း ငါ့ကို ဦးစားပေးရလိမ့်မယ်"

"ဟင် .. ဘာကိုလဲ"

ဦးထွန်းထွန်း က သူ့ကို စူးစိုက်ကြည့်နေသည့် ချိန်း မျက်နှာဘက်ကို မျက်လုံးဝေ့ပြီးမှ ဒေါ်မီမီလတ် ဆီ ပြန်လှည့်၍ ...

"ငါ့မိတ်ဆွေတစ်ယောက်က သူ့သမီးနဲ့ သားကို ကမ်းလှမ်းထားတယ်"

"ဟာ!... ဒက်ဒီ"

"ဘယ်လို .. ရှင့်မိတ်ဆွေ .. ဟုတ်လား"

နှစ်သံ ထွက်လာတော့ ဦးထွန်းထွန်း က နှစ်ယောက်စလုံးကို ဝေ့ကြည့်၍ ...

"ဟုတ်တယ် .. ငါ့ရဲ့ အကျိုးတူလုပ်ငန်းရှင်ယောက်ပဲ၊ ဒါပေမဲ့ ဟိုတုန်းကတော့ ငါတို့က သူနဲ့ မကောင်းရာမကောင်းကြောင်း အမှီသဟဲပြု

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာ၊ သူ့အကူအညီနဲ့ အများကြီး အကျိုးရှိခဲ့တယ်၊ စိတ်ရင်းကောင်းပြီး ဖြောင့်မတ်တဲ့သူပါ"

"ဒက်ဒီ .. ဒက်ဒီ့အပေါ် ကျေးဇူးရှိခဲ့ဖူးတာနဲ့တော့ .."

"ချိန်း .."

ဦးထွန်းထွန်း က မျက်မှောင်ကုတ်သွားလျက် ...

"ကျေးဇူးရှိခဲ့ဖူးတဲ့သူအဖြစ် ဒက်ဒီ ညွှန်းပြနေတာ မဟုတ်ဘူး ဒက်ဒီတို့ လေးစားခဲ့တဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့ ပြောပြတာ"

"ဘယ်သူများလဲ ကိုထွန်း .. သမီးရှင်ဘက်က စပြောတယ်ဆို ကတည်းက ရှင်တို့ ဘယ်လောက်ထိ ရင်းနှီးပွင့်လင်းနေကြသလဲဆိုတာ လတ် တွက်မိပါတယ်၊ အဲဒီလူကို လတ် မသိရဘူးလား"

"ဟုတ်တယ် .. ငါတို့ တအား ရင်းနှီးပေမယ့် မင်းနဲ့ ဆုံဖြစ်တဲ့ အထိ မကြုံခဲ့ဘူးထင်တယ်၊ နောက်တော့ တွေ့ကြရမှာပေါ့ကွာ၊ လော လောဆယ် မင့်သားကို သတိပေးချင်တာ"

ချိန်း ဘက်ကို ပြန်လှည့်လိုက်သည်နှင့် ခေါင်းခါနေသည့်မျက်နှာ က ပလုတ်တုတ်မျက်နှာထက် ပိုသွက်နေ၏။

"ဒါတော့ မမိုက်ဘူး ဒက်ဒီရာ .. လူကြီးချင်း ရင်းနှီးတာနဲ့ပဲ ဘာမှမသိတဲ့လူငယ်နှစ်ယောက်ကို ပေးစားတာ တကယ် ရက်စက် တယ်၊ ကျွန်တော်ကတော့ နိုးပဲ"

"နိုးလို့ မရဘူး"

ဦးထွန်းထွန်း က ယတိပြတ်ပြောပြီး နေရာမှ ထရပ်သည်။

"ဟိုကိုလည်း စကားတွေဘာတွေ လွှန်ထားလို့ မဟုတ်ဘူး၊ ပေး ကို ပေးစားမှာမျိုးလည်း မဟုတ်သေးဘူး၊ ဒါပေမယ့် မင်း ရည်းစား မထားရဘူး"

"ဟား!..."

ချိန်း မျက်နှာ မဲ့ရွဲ့ စုတ်သပ်ခြင်းတွေ စုံလျက် ...



"တကယ် ဆုံဖြစ်ရဖို့ ရှိလာတဲ့အခါ မင်းနဲ့ ဒက်ဒီတို့ အဆင် မပြေတာတွေ မဖြစ်ရအောင် ကြိုသတိပေးထားတာ"

ဦးထွန်းထွန်း ထွက်သွားတော့ ဒေါ်မီမီလတ် မျက်မှောင်ကုတ်၍ တွေးနေဆဲမို့ ချိန်း ဖြစ်ပျက်နေတာတွေကို သတိမထားမိ ...။

ခေါင်းထဲမှာ ဦးထွန်းထွန်း ပြောသည့်လူက ဘယ်လောက်ချမ်း သာလို့လဲဆိုတာအပြင် သူ့သမီးက ဘယ်လောက်တော်လို့လဲဆိုသည့် မေးခွန်းတွေလည်း ဖြစ်နေသည်။

ချိန်း ကတော့ ကမာ နဲ့သာ လက်ထပ်ပေါင်းဖက်နိုင်အောင် ဘယ်လိုလုပ်ရမလဲလို့ မျက်လုံးစုံမှိတ် တွေးနေခဲ့လျက် ...၊

ကိုယ်ချစ်တာ ကိုယ်ယူကြေး ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ကဲန်တင်းမှာ သုံးယောက်ထိုင်ကြတော့ သူတို့မျက်နှာတွေ တစ်မျိုးပါလားလို့ အောင် ချက်ချင်း ရိပ်မိသည်။ ချိန်း ပုံစံက တစ်စုံတစ်ရာကိုပဲ ဦးတည်ပြောချင်နေတာမျိုးဖြစ်ကာ ကမာ က မျက်နှာလေး ပျက်သွားသလိုဖြစ်လိုက်.. ဘာမှမဟုတ်တော့သလို ပြောဆိုမပျက်ရှိနေလျက်..

"အတန်းချိန်နီးပြီ .. ငါ သွားတော့မယ်ဟာ"

ကမာ နာရီလေးကြည့်ပြီး ထရပ်လိုက်ကာမှ ချိန်း ပျာပျာသလဲဖြစ်ကာ မဖျိုနိုင်၊ မအောင့်နိုင် ...။

"လိုပါသေးတယ် ကမာ .. ခဏနေပါဦး"

"ဟုတ်တယ် .. ဒါပေမယ့် သူငယ်ချင်းတစ်ယောက်က အတန်းထဲမှာ သူငယ်ချင်း သိပ်မရှိဘူး၊ သူက တို့ကိုပဲ မျှော်နေတာ .."

"သူငယ်ချင်းမရှိတော့လည်း ရှိတဲ့လူနဲ့ ပြောဆိုနေမှာပေါ့၊ မင်း တစ်ယောက်တည်းရှိတာမှ မဟုတ်တာ"

တကယ့်ကို ကိုယ်တစ်ယောက်ပဲ ဖေါ်ပြောမယ့်သူ ရှိတာပါလို့ ပြောလိုက်လျှင် ယုံမည်မထင် ...။ ကမာ ပြန်မထိုင်တာနှင့် သုံးယောက်စလုံး ထထွက်လာခဲ့ကြကာ ...



"ကိုယ် ကျောင်း သုံးရက်ပျက်သွားတာ မင်း မျော်နေလား ကမာ"

ကမာ က သူ့ကိုကြည့်ပြီးမှ အောင့် ဆီရောက်ကာ ဘာမှမပြောဘဲ မျက်နှာငုံ့ပစ်၏။ အောင် ကလည်း သူ မသိသေးသည့်ကိစ္စပေမယ့် အရှိန်၏သက်ရောက်မှုကို နားလည်လိုက်ကာ မသိမသာ နောက်ချန်နေလိုက်၏။ ကမာ ခေါင်းခါပြီး ဘာပြောနေမှန်း မသိဘဲ သိပ်မကြာခင်မှာပဲ အတန်းတက်သွားသည်။

"မင်းတို့က ဘယ်တုန်းက ဘယ်လိုတွေ ချိတ်မိတွယ်မိကုန်တာလဲ"

နဖူးပွတ်ရင်း မအီမလည် ကျွန်ရစ်သူကို မေးမိသည်။ ချိန်း က ကမာ ထွက်သွားတဲ့ဆီ လှမ်းကြည့်ရင်း ...

"ငါကတော့ ချိတ်မိတွယ်မိရုံမကတော့ဘူး အချစ်ဆိပ်တက်နေပြီ၊ ဖြေဆေး အချိန်မီမရရင် ဂေါက်သွားနိုင်တယ်"

"သိတယ် .. မင်းမျက်နှာကြီး မြင်ကတည်းက၊ မင်း ဖွင့်ပြောလိုက်ပြီလား .. ဘယ်တုန်းကလဲ"

ချိန်း က ချက်ချင်း မချိုမချဉ်မျက်နှာဖြစ်သွားကာ ရင်ထဲကအကြောင်းတွေ ပြောမကုန်ဖြစ်လျက် လေလည်းရောကာ မိုးလည်း ပါ၏။

အားကျသွားသလိုဖြစ်လိုက် တအံ့တဩ အထင်တကြီးဖြစ်သွားလိုက်နှင့် အောင် မျက်ခုံးတွေပင့်နေရင်း နားထောင်ကာ ပြီးတော့မှပဲ ဆိုမျက်ခုံး နေရာကျလေသည်။

"ဒါကြောင့် မင်း အရေးပေါ် ပြေးရမလို ဖြစ်သွားတာကိုး .. အံ့ရောကွာ .."

"ဟွန်း .."

ချိန်း ရယ်နေတာကို အနားက ဖြတ်သွားသည့်ကောင်မလေး နှစ်ယောက် မျက်တောင်မခတ် ကြည့်သွားကြ၏။ လွန်သွားတော့ ရယ်သံလေးတွေ ထွက်လာကာ နောက်ပြန်လှည့်ကြည့်ပြီး ဘာတွေ ပြောကြသည် မသိ ...။

www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရောင်ရှပ်အင်္ကျီလက်တို၊ အနက်နှင့် ဆင်ဆင်တူသော နီညိုရောင်ကွက်စိပ်ပုဆိုးနှင့် ချိန်း သည် နီမြန်းသည့်နှုတ်ခမ်းတွေကြောင့် မျက်နှာချောချောက ထင်းနေသည်။

အရပ်မြင့်သလောက် လမ်းလျှောက်ပုံက ဆွဲဆောင်မှု ရှိနေ၏။

ကိုယ့်လူကို ပြန်ကြည့်မိရင်း အောင် သက်ပြင်းရှိုက်မိသည်။ ချိန်းကို ကမာ ပြန်ချစ်သွားမယ်ဆိုလည်း အပြစ်မဆိုသာပါ ...။

ကမာ့ ကိုမှ ချိန်း က စွဲလမ်းပါသည်ဆိုတာလည်း မယုံနိုင်စရာမရှိ ...။ သူတို့နှစ်ယောက်ဟာ အလိုက်ဖက်ဆုံး စုံတွဲပဲလို့ ချိန်း က ချစ်နေတာကို သိထားတဲ့တချို့ကလည်း ပြောကြသည်။

သူ့အနေနဲ့က ကမာ့ ကို မရိုးသားစိတ် ဖြစ်နေခဲ့ရင်တောင် ရှေ့ဆက်ကြိုးစားဖို့ စိတ်ကူးတွေ မဖြစ်ခဲ့ဖူးတာမို့ ဒါကို သဝန်တိုခြင်းဖြစ်ဖို့မရှိ ...။ သူတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားရင်တောင် ဆုံစည်းဖို့မလွယ်ဘူးဆိုတာကတော့ ချိန်း က ချစ်နေတယ်ဆိုကတည်းက သူ တွေးမိနေခဲ့တဲ့အချက်တစ်ချက် ...။

ချိန်း လည်း အစက မတွေးမိခဲ့ရင်တောင် ခုတော့ နားလည်နေမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မိဘတွေက သဘောတူဖို့ မိန်းကလေးရှိတဲ့အကြောင်း ကြေညာလိုက်သည်ဟု ဒီမနက် ကျောင်းမှာ ဆုံမိကြကတည်းက ချိန်း ပြောပြခဲ့သည်။ ပြောနေတုန်းကတော့ မျက်နှာမှာ heat တက်နေတဲ့အရှိန်က မီးထတောက်တော့မယ့်အတိုင်း ...၊ ခုကျတော့ ဘယ်လိုမျက်နှာလို့ ပြောရမှန်းတောင် မသိ ...။

ကမာ့ မျက်နှာလေး မြင်လိုက်ရတာကိုပဲ သေရကျိုးနပ်ပါပြီလို့ အော်တော့မလိုလို ...။





အခန်း (၈)

"ဘာဖြစ်လို့လဲ ဖူး ..."

မေးလိုက်တော့ ခေါင်းခါပြသည်။ စာသင်နေကတည်းက ဖူး ဆီကနေ အသံတစ်မျိုး ထွက်ထွက်လာသလို ထင်လိုက်သဖြင့် ကမာ လှည့်ကြည့်မိတာ ခဏခဏ ...။

ခုလည်း စားပွဲနဲ့ မျက်နှာ ထိမတတ် ငုံ့ချထားလျက် လက်တစ်ဖက်က စာအုပ်ဖွင့်ထားသည့်ပေါ်မှာ ဘောလ်ပင်နဲ့ကိုင်လျက်ရှိကာ တစ်ဖက်က ဗိုက်ကို ဖိနှိပ်ထား၏။

"ဖြစ်နေပါတယ် ... ဗိုက်နာနေတာလား .. အိမ်သာသွားချင်လို့လား၊ တို့ကို ပြောလေ"

"ဟင့်အင်း .."

ခေါင်းသာ ခါနေသည်၊ လူက ကွေးကောက်လုလု ဖြစ်နေ၏။ ဖူး ရဲ့ဆံပင်တစ်ဖက်ကို သပ်တင်ပြီး မျက်နှာကို မြင်ရအောင် ငုံ့ကြည့်မိ၏။

ချွေးတွေ ပြန်နေတာ စိုလက်နေသဖြင့် ဘာဖြစ်တာလဲဆိုတာ ကမာ နားလည်သွား၏။

"ဘာဖြစ်နေတာလဲ .. ဟိုတစ်ယောက်"



www.burmeseclassic.com

www.burmeseclassic.com



မွေး က လက်တို့မေးပေမယ့် ဖူး ကို ကြည့်ပုံက စောင်းချိတ်ချိတ် မျက်နှာနှင့် ...

"ငိုက်နေတာ ထင်တယ် .. သူ မသွားရဲလို့ဖြစ်မယ် .. ငါ လိုက်ပို့လိုက်ဦးမယ်"

"မသွားရဲတာ မဟုတ်ဘူးလေ .. မပြောရဲတော့တာ၊ ဟွန်း .. လူ ဆိုတာ အလှည့်ဆိုတာ ရှိတယ်ဟ၊ ငါ အဲဒီလိုဖြစ်တုန်းက အနားမှာ သူငယ်ချင်းတွေမရှိလို့ သူ့ကို ခေါ်တာလေ အမလေး .. ခေါင်းခါလိုက်တာ ခါးခါးသီးပဲ၊ တော်သေးတယ် .. ထွက်ကျမကုန်ခင် သဲ တို့ ရောက်လာလို့ .."

ဟိုဘက်ကနေ သဲ ကလည်း ငုံ့ကြည့်ကာ ...

"အဲဒီလိုလူမျိုးပေါ့ဟ .. သေရင်တောင် ဆွဲချမယ့်လူ ရှိမှာမဟုတ်ဘူး၊ အသုဘာဘ ရောက်ရင်လည်း ပို့မယ့်သူ မရှိတဲ့ မသာ ဖြစ်မှာပဲ"

"ဟဲ့ .. ဘာဖြစ်နေလို့လဲ"

ရှေ့တန်းကနေ လှည့်မေးကြတော့ ကမာ မဖြေဖြစ်တော့ပေ။ မွေး တို့ကတော့ တက်ညီလက်ညီ မဲ့ရွဲ့လို့ကောင်းတုန်း ...၊

"အား .."

ကြိတ်မှိတ်လိုမ့်ခံရင်း ခပ်သဲ့သဲ့ထွက်လာသည့် ညည်းသံကို ထပ် ကြားရကာ ဘယ်သူတွေ ဘာပြောပြော ကမာ မနေရက်တော့ဘဲ ဖူး လက်လေးကို ဆုပ်ကိုင်၍ ...

"ထပါ ဖူး ရယ် .. ငိုက်နေတာကို ဘယ်လိုလုပ် အောင့်နိုင်မှာ လဲ၊ အဲဒါ အန္တရာယ်ဖြစ်တတ်တယ် .. ထ .. ထ .. ငါ လိုက်ခဲ့မယ်"

"ဟင့်အင်း .. ရ.. တယ် .."

ဖူး ခေါင်းခါလိုက်သော်လည်း ဘောလ်ပင်နဲ့ကိုင်ထားသည့် လက် က လက်သီးဆုပ်လေးဖြစ်သွားကာ ဘောလ်ပင်နဲ့က စာအုပ်ပေါ်မှာ တလိမ့်လိမ့် ပြေးလွှားရင်း ကြမ်းပေါ်ကို ခေါက်ခနဲ ခုန်ဆင်း၏။





"ကဲ .. ထပါ၊ တီချယ့်ကို ငါ ပြောပါ့မယ် .. ထပါ ဖူး ရယ် .."

"အမလေးဟယ်.. သူ အောင့်နိုင်လို့ နေမှာပေါ့၊ ထားလိုက်စမ်းပါ"

"အဲဒါပေါ့ 'ထင်းခွေမကြီးလည်း ရေခပ်တော့ ကြုံမှာပါ' ဆိုတာ လေ .. ချမ်းသာတိုင်းပဲ Only one နေလို့ ရသလား"

"ရချင်ရမှာပေါ့ဟ .. အနားမှာ ဘယ်သူမှ မရှိတော့လည်း ကိုယ် ဆိုတာ ကိုယ်စား ဟီး .. ဟီး .."

ပြောချင်တာ ပြောကြပစေ ...၊ ဖူး လက်လေးကို ဆွဲထုတ်လာခဲ့မိ ၏။ လက်သီးဆုပ်လေးက ချွေးစေးတွေစို့ရွှဲကာ အေးလည်း အေးနေ သည်၊ တုန်လည်း တုန်နေ၏။

ပြီးတော့ ကမာ့ လက်မောင်းတစ်ဖက်ကို ကလေးလို ဖက်တွယ် လိုက်ခဲ့ရင်း ဖူး ငိုရှာသည်။

"သက်သာသွားပြီလား .. အိမ်သာတက်ချင်လို့ ငိုက်အောင့်တာ နေမှာပါ၊ ငါက နင် ပြန်ထွက်လာတဲ့အထိ ငိုက်အောင့်နေသေးရင် အိမ် ပြန်ပို့ပေးဖို့ စဉ်းစားနေတာ"

"ကျေးဇူးတင်ပါတယ် ကမာ ရယ် .."

လိုက်လိုက်လှဲလှဲ ပြော၍ နဖူးမှာ ချွေးနဲ့ကပ်တွယ်နေသည့် ဆံပင် တွေကို ဖယ်ရှားရင်း ပြုံးပြသည်။ မျက်ရည်လက်ကျန်တွေက အိမ်သာ ထဲမှာ ဆက်လက်ငိုကြွေးထားခဲ့မှန်း သိသာလျက် ...

"ငါလေ .. ငါ သူတို့ခေါ်တုန်းက မလိုက်ချင်လို့ မဟုတ်ရပါဘူး ကမာ ရယ် .."

ပတ်ဝန်းကျင်မှာ လူသူကင်းရှင်းနေတော့ ဖူး မျက်နှာလေး မော့၍ စကားပြောဖော် ရလာ၏။

"ငါ့ကို နင်ပဲ နားလည်ပါတယ် .. နားလည်ပေးပါဟာ၊ ငါလေ.. တစ်ခန်းလုံး လူတွေထိုင်နေကြတဲ့ထဲကနေ မတ်တပ်ထရပ်လိုက်တဲ့ အချိန်မှာ မျက်နှာတွေ စုပြုံလှည့်ကြည့်လာကြမှာကို အရမ်းကြောက်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါ့ရဲ့ကောင်းခြင်း၊ မကောင်းခြင်း ဘာဖြစ်ဖြစ် နောက်ကျော ကနေ ပြောနေကြမှာကို ရှက်တယ် ..."

"မျက်နှာတည့်တည့်ကြည့်ပြောနေတာတွေလည်း နင် ခံနေရတာ ပဲမို့လား ဖူး ရယ် .."

"ဟုတ်တယ် .. ခံနေရတယ်၊ ဒါပေမယ့် ငါ အဲ့ဒါကို ကြားခွင့် ရနေသေးတယ်လေ၊ နောက်ကွယ်မှာ ပြောတာကျတော့ .."

"အဲဒါကိုလည်း ကြားချင်တာပဲလား"

"ဟင့်အင်း .. ဒါပေမယ့် ကြောက်တယ်၊ ငါ မကြားရတဲ့ ငါ့ အကြောင်းတွေက ငါ့ကို တစ်ခုခု ပုတ်ခတ်ရိုက်နှက်လာတော့မှာမျိုး.."

"ဖူး ရယ် .."

"ငါ လူတွေကို ကြောက်တယ်"

ပြောနေရင်း ငိုပြန်သည်။ မျက်ရည်တွေက သုတ်ပစ်ပေမယ့် ရှိ နေဆဲပဲဖြစ်ကာ ...

"နင် ငါ့ကို ပစ်မထားပါနဲ့နော် .. သူတို့က ဘာပြောပြောလေ .. နော် .."

"အေးပါ ဖူး ရယ် .. ငါ စဉ်းစားနေတာက နင့်ကို ဒီလိုစိတ်တွေ ပျောက်သွားအောင် ဘယ်နည်းနဲ့ ဆွဲခေါ်ရမှန်း မသိလို့ နင့်မှာ မောင်နှမ တွေဘာတွေ မရှိဘူးလား .."

"ဟင့်အင်း .."

"ဆွေမျိုးနီးစပ်ရော .."

"မရှိပါဘူး .. ရှိနေကြတာတွေလည်း အိမ်ကို ဘယ်သူမှ မလာ ကြဘူး"

"ပြဿနာရှိထားကြတာမျိုးလား .."

"မသိပါဘူးဟာ .. ငါ့အထင်ပြောရရင်တော့ ဒက်ဒီက အရမ်း စည်းကမ်းကြီးတယ်၊ မာနကြီးတယ်လို့ပြောရင် ပိုမှန်မယ် ထင်တယ်၊





အိမ်ကို ဘယ်သူလာတာမှ မကြိုက်ဘူး၊ ငါ ငယ်ငယ်တုန်းက စမ်းကွဲ မောင်နှမ ညီအစ်မဆိုတာတွေ မကြာမကြာ ရောက်လာတာ ရှိတယ်၊ ဒါပေမယ့် ငါနဲ့ ပေးမဆော့ခိုင်းဘူး၊ ငါစားတဲ့ နေရာ၊ ငါအိပ်တဲ့နေရာထိ ဆိုက်စား လိုက်အိပ်တာလည်း မရဘူး၊ အဲဒါနဲ့ပဲ ကလေးပါတဲ့ဆွေမျိုး တွေကို ဒက်ဒီက လက်မခံချင်သလို ဖြစ်လာတယ်၊ နောက်လည်း မလာ ကြတော့ဘူး ဆိုပါတော့ဟာ .."

"နင် အဲဒါတွေကို မှတ်မိနေတယ်ပေါ့"

"ဟင့်အင်း .. ဒက်ဒီ့ပုံစံကို ခပ်ရေးရေးပဲ မြင်နေမိတာပါ၊ ငါ့ကို ထိန်းခဲ့တဲ့ နာနီကြီးက ပြောပြတာ ..၊ သူက ဒက်ဒီ့အတင်း ပြောတာ တော့ မဟုတ်ဘူး၊ ငါ့ကိုယ်ငါ အားငယ်နေမှန်းသိလို့ အားပေးတာမျိုး ပေါ့၊ ဘာချို့ယွင်းချက်မှ မရှိဘဲ မွေးလာခဲ့ပေမယ့် ငယ်ငယ်ကတည်းက စည်းကမ်းတင်းကျပ်တဲ့ မိဘလက်ပေါ်မှာ အထီးကျန် ကြီးပြင်းလာခဲ့ ရတဲ့အကြောင်းကြောင့် ဒီလို အကျိုးဖြစ်လာတယ်ဆိုတာ ငါလည်း နာနီ ကြီးပြောတာတွေကို သိပ်တော့ နားမလည်ဘူး၊ မှန်နေတာက ဒီနေ့ထိ ငါ့မှာ သူငယ်ချင်းတစ်ယောက်မှ မရှိခဲ့တာပဲ"

ကာမာ နားလည်လို့ ရသွားခဲ့သည်။ လူကြီးက အစွန်းရောက်မာန တွေနှင့် တင်းကျပ်ထိန်းချုပ်သမျှ ကလေးက တိုက်ပိတ် အချုပ်ကျခံ ခဲ့ရသလို ကြီးပြင်းခဲ့ရသည်။ ဒီလိုလူတစ်ယောက်ရဲ့အနာဂတ်က ဘယ်လိုလုပ် အေးချမ်း ဖြောင့်ဖြူးပါ့မလဲ ...။

"ငါလေ .. နင့်ကို စကားတွေ အများကြီးပြောလိုက်ရတာ ပျော် လိုက်တာဟာ၊ ငါ့အားကို နင် ရောက်လာတာ နတ်ကောင်းနတ်မြတ် တွေ ဖန်ဆင်းပေးလိုက်သလိုပဲ၊ နင် ငါ့ကို မွေး တို့လို စိမ်းကားမသွား ဘူးမို့လားဟင် .. နောက် ငါ ဘယ်လိုနေနေ အထင်မလွဲဘူးမို့လား"

"အေးပါ ဖူး ရယ်.. ရှေ့ကို အများကြီး ကြိုတွေးမနေပါနဲ့၊ လောလော အခု ဗိုက်နာပျောက်သွားပြီဆိုတော့ အတန်းပြန်တက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကမာ .."

"ဟင် .. ဘာလဲ .."

"မှင် အတန်းမှန်မှန် တက်မှာလား .. ဖျက်ဦးမှာလားဟင်"

ထက်ချင်းထပ်ဆုပ်ပြီး အတူသွားနေရင်း ဖူး က လက်ကို လှုပ်ယမ်း၏။

"အင်း .. မှန်မှန်တက်ဖို့တော့ မလွယ်ဘူး ဖူး ရဲ့ .. ငါ့ကျတော့ နင့်လို ဘဝက မဖြည့်စုံဘူးလေ၊ သားအမိနှစ်ယောက်တည်းပေမယ့် ကြွေးတင်နေတာတွေကလည်း ရှိတယ် .. မနက်စာ ညစာ ပူနေရတဲ့အထိ မဟုတ်ပေမယ့် ဖြည့်ဆည်းနေရအောင် အမြဲ ရုန်းကန်နေရတာ"

ပြောပြရင်း ကမာ က ရယ်လိုက်ကာ ...

"အဲဒါ နင် အထင်တကြီးဖြစ်နေတဲ့ ငါ့အပေါင်းအသင်းတွေ ရှိလာချင်း အကြောင်းရင်းပေါ့"

"ဘယ်လို .."

"ဟုတ်တယ်လေ .. နင်က တစ်ယောက်တည်း တစ်ပင်တိုင်မြနန်းထဲမှာ အထီးကျန် ရှင်သန်ခဲ့ရသလို ငါကျတော့ ရှစ်တန်းကိုးတန်းကတည်းက ဖေဖေ ဆုံးသွားပြီး မေမေက အားငယ်မှာ ရပ်တည်ရင်း မိသွားရေးတွေ ယှိုင်နဲ့လာတဲ့ အိမ်ကြီးထဲမှာ .."

အတန်းနားနီးလာတော့ ကမာ က စကားမပြတ်သေးသည်မို့ ခြေလှမ်းကို နှေးချပစ်လိုက်ကာ ...

"ငါ နေ့တိုင်း ကြားမြင်နေရတာက ပတ်ဝန်းကျင် ကဲ့ရဲ့သံတွေ၊ ထင်သလို ပြောဆို စေဖန်နေကြတာတွေ .. အထူးသဖြင့် အောင် တို့ မိသားစုပေါ့"

"အောင် ဆိုတာ .."

"အောင်မြင်သူ တဲ့ .. ငါ့ဆီကို လာနေတဲ့ နှစ်ယောက်ထဲက နည်းနည်းပိုပိန်ပြီး ဆံပင်တိုတဲ့တစ်ယောက် .."





"ဩော် .. ချိန်း ကရော .."

"ချိန်း က သူ့သူငယ်ချင်းပါ၊ အောင် ကတော့ ငါ့ရဲ့ငယ်သူငယ်ချင်း၊ သူတစ်ယောက်ကလွဲရင် သူ့မိသားစုအားလုံးက မေမေ့ကို အစွမ်းအစမရှိဘူး၊ ပျော့ညံ့တယ်၊ ရှိတာ ရောင်းစားနေတယ် ဘာညာတွေပေါ့ဟာ၊ အိမ်မှာ တစ်ခုခုလုပ်ပြီဆို သူတို့ကြောင့် လူပိုသိတယ်၊ အဲဒီတုန်းက သူတို့က ငါတို့နဲ့ ခြံချင်းကပ်လျက်နေတာလေ .."

"ခု မတူတော့ဘူးလား"

မတူတာကမှ ပိုဆိုးသွားခြင်းဆိုတာကိုတော့ မပြောဖြစ်ခဲ့ပါ။ အတင်းအဖျင်းပြောတတ်သည့် အိမ်နီးချင်းက မကောင်းရာမကောင်းကြောင်း ကြည့်ရှုစောင့်မရှမှာစိုးလို့ ကင်းအောင်နေခဲ့သည့် ဒေါ်ရွှေရုပ် တို့နဲ့ တစ်လမ်းတည်း အတူနေဖြစ်သွားခဲ့သည်မို့ ခုချိန်မှာ သူမအဖြစ်က အခုလိုနေနေ အပြစ်မလွတ်နိုင်ခဲ့သည့် မိန်းမ ...။

သူ့သားနဲ့ နီးစပ်မှာစိုးရိမ်နေသော ဒေါ်ခင်မြင့် သည် သားဖြစ်သူကို အလိုရှိနေသော ဒေါ်ရွှေရုပ် နှင့် ခမည်းခမက်တော်ရဖို့ အရေးအတွက်...၊

"အခု သူက တခြား ပြောင်းသွားတာပေါ့နော် .. ဒါနဲ့တောင် နင့်ဆီကို လာနေတာပဲနော်၊ တော်တော်ခင်တာပဲ .. ငါ အားကျလိုက်တာ ကမာ ရယ် .."

မိသားစုအရေးတွေ ပြောပြနေတာပေမယ့် မေ့ကွာင်တော်မှတ်နေရှာသည့် ဖူး အတွက် အောင် နဲ့ ကမာ တို့ရဲ့ သူငယ်ချင်းသံယောဇဉ်ကအထူး အားကျဖွယ်ဖြစ်သွားခဲ့လျက် ...

"ငါ့ကို အဲဒီလို ခင်မယ့်သူရှိရင် ငါ သေပျော်ပါပြီ"

လို တမ်းတမ်းတတ ပြောရှာ၏။ 'သေပျော်ပါပြီ' လို့ ပြောပေးလိုက်တိုင်း တကယ် သေခွင့်ရရင်ရော ပျော်မှာမို့လို့လား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"တကယ်ပြောတာ နာနီကြီးရဲ့ .. အရမ်းကို လှတာ၊ ဆံပင် ကျော့လောက် အရှည်ကြီးပဲ၊ ဒါပေမယ့် ဖြောင့်ထားတာ မဟုတ်ဘူး ဆံပင်အဖျားမှာ အခွေလေးတွေနဲ့ သိလား .. နေရောင်မှာဆို ဆံပင် အရောင်တစ်မျိုး၊ အရိပ်ထဲမှာရှိတဲ့ အလင်းရောင်မှာ တစ်မျိုး .."

"အဲဒီလို ပြောင်းနေတဲ့ဆိုးဆေး ရှိလို့လား ကလေးရယ် .."

"ဆိုးဆေးက ပြောင်းနေတာ မဟုတ်ဘူးလေ .. အဲဒီလို လှ အောင် ပြင်ထားတာကို ပြောတာ၊ မျက်တောင်တွေဆို အတုတပ်ထား သလား ထင်ရတယ် .. ကော့ပျံ နက်မှောင်နေတာပဲ"

"အတုလားမှ မသိတာကွယ် .. ခုခေတ်က အစစ်အမှန် သိပ်မှ တော့တာ"

"အတုမဟုတ်ပါဘူး နာနီကြီးကလည်း .."

"တမင် လှအောင် ပြင်ထားတာပဲ ဖူး ရယ် .. ဒါတွေက .."

"ဟုတ်တယ်လေ .. ပြင်တော့ ပြင်ထားတာပေါ့၊ ဒါပေမယ့် ပြ ဒိုင်း လှလို့လား.. သူ့လို ဖူး ရဲ့မျက်တောင်တွေကို လုပ်ကြည့် .. တို ပါးပါးလေးတွေ ဘယ်လိုလုပ် ရှည်ကော့ထွက်လာမှာလဲ"

ပြောသမျှ သူများကို အမှတ်ပေးဖို့ချည်း ပါနေသဖြင့် နာနီကြီ သက်ပြင်းချလိုက်မိသည်။ နာမည်အရင်းက ဒေါ်ပုကြွယ် ပါ ..။





အားလုံးကလည်း ဒေါ်ပု လို့ပဲ ခေါ်ခဲ့ကြတာ ဖြစ်သည်။ ဖူး ကို ထိန်းကျောင်းခဲ့ရင်း နာနီကြီးဆိုတဲ့နာမည် ဖူး ရဲ့ပါးစပ်ထဲမှာ တွင်နေ ကာမှ လူကြီးတွေကပါ နာနီကြီးလို့ပဲ ခေါ်ကြတော့သည်။

ဖူး က နာနီကြီးရဲ့ လက်မောင်း၀၀ကြီးကို လက်နှစ်ဖက်နဲ့ ဆွဲလှုပ် လိုက်၊ ပြောနေလိုက်နှင့် ပြောရင်းနဲ့ အားမရဖြစ်နေတာမျိုး ..။

"ကိုယ်လုံးကလည်း လှမှလှ .. အတုတပ်ထားတယ်လို့ မပြောနဲ့ နော် .. အဲဒါတော့ လုံး၀ မဟုတ်ဘူး"

"အေးပါ မပြောပါဘူး .. ဒါနဲ့ ဒီကောင်မလေးက ဖူးလေး ရဲ့ သူငယ်ချင်းလား .. ပုံဖော်ကြည့်ရတာတော့ ရုပ်ရှင်မင်းသမီးပုံ ပေါက် နေပြီ ထင်တယ်"

"မင်းသမီးလုပ်ရင်လည်း ဖြစ်မှာပဲ .. ကမာ က အရမ်းလှတာ"

အပေါ်ထပ်က ဆင်းလာသည့် ဦးမင်းခ ခြေလှမ်းတွေ တဖြည်း ဖြည်း နှေးကျသွားကာ ထမင်းစားခန်းဘက်ကို ဦးတည်နေခဲ့၏။

ဒါ .. သမီးလေး စကားပြောနေတာလား ..၊

ရယ်သံလေးရော အားတက်သရော ဖြစ်နေတာလည်း သိသာ လျက် တစ်ယောက်တည်း လုယက်ပြောနေရင်း မောနေပြီလား မသိ..။

"အမလေး .. ပြောရတာ အာခေါင်ခြောက်လာပြီ၊ နာနီကြီး ဖူး ကို ရေတစ်ခွက်လောက် တိုက်ပါဦး"

"တိုက်ပါ့မယ်တော် .. မီးဖိုချောင်ထဲထိ လိုက်ပြီး စကားတွေ ပြောပေးနေတော့ နာနီကြီးက အပျင်းပြေတယ်လေ .. ကျေးဇူးရှင်လေး ကို ပြုစုရမှာပေါ့"

"ဟွန်း .."

သမီး ရယ်သံလေးက နားထဲမှာ ချိုအီသွား၏။ ဦးမင်းခ ထမင်း စားခန်းအကွယ်လေးမှာ ခြေလှမ်းတွေ ရပ်လိုက်ရင်း မျက်နှာမှာလည်း အပြုံးတွေ ဝေနေခဲ့သည်။ သမီးလေး တစ်ခါမှ ခုလို ရယ်မော တေ



www.burmeseclassic.com

www.burmeseclassic.com



ရေနဲ့ဘူးပေါ့။ သူ့အမေဆုံးသွားသည့်နောက်ပိုင်းမှာ အထီးကျန်ဆန်လာ
သေယ့်အမေသစ် ရလာတာကိုလည်း ပျော်ပျော်ရွှင်ရွှင် မရှိခဲ့ပေ ..။

ထို့ကြောင့် ပိုစိမ်းသွားသဲလို ဖြစ်ခဲ့ရင်း ဖအေကိုတောင် စကား
တတ သိပ်မပြောဘဲ နေ၏။ ခုတော့ တကယ့်ကို အံ့သြစရာပါ။

"နာနီကြီးက ဖူး ကို လာရှုပ်နေတယ်ဆိုပြီး ရွံ့တာပေါ့လေ"

"မြတ်စွာဘုရား .. မဟုတ်ရပါဘူးတော် .. ဖူးလေး ခုလို ရယ်ေ
နေမယ်ဆိုရင် ပြောချင်တာတွေ ပြောစမ်း၊ ဘာမှမလုပ်ဘဲ နားထော
ပေးဦးမှာ"

"ပြီးရော .. သူများက သူငယ်ချင်းကောင်း ရထားတာကို ဝမ်းသ
လို့ ပြောတဲ့ဥစ္စာ"

"ဒါဆိုလည်း အိမ်လည်လေး ဘာလေး ခေါ်လေ ကလေးရဲ့
တလေးကို ချစ်တဲ့သူဆိုရင် နာနီကြီးတို့ကလည်း ချစ်ချင်တာပေါ့၊ မု
တွေ အများကြီးကျွေးမယ်၊ ထမင်းဟင်းတွေ ရှယ်ချက်ကျွေးမယ်၊ ဒါ
တလေးသူငယ်ချင်းက ဆင်းရဲသလား .."

"ဘာဖြစ်လို့ ဆင်းရဲသလားလို့ တန်းမေးတာလဲ .. ခုနကပြေ
တော့ မင်းသမီးပုံ ပေါက်နေတယ်ဆို .."

ဖူး က ဒါမျိုးကျတော့ လျင်သည်။ နာနီကြီးကိုယ်တိုင် ရုတ်တရ
ဘာပြေရမှန်းမသိ ဖြစ်သွားပြီး ...

"ဘာမှမဖြစ်ပါဘူး သမီးရယ် .. အဆင့်အတန်းတူချင်းကျတော့
ဂုဏ်တုဂုဏ်ပြိုင်တွေ ရှိကြတယ်လေ၊ အခု ခင်မင်ကြရင်လည်း ရေ
မှာ ကတောက်ကဆ ရှိနိုင်တာပေါ့၊ နာနီကြီးက သမီးနဲ့ အမြဲတမ်
သူငယ်ချင်းကောင်း ဖြစ်နိုင်မှာကို တွေးပြီး လွှတ်ခနဲ မေးလိုက်တာပါ"

"နာနီကြီးက မသိလို့ပါ .. ဆင်းရဲတဲ့လူတိုင်းလည်း နှိမ့်ချကျိုးနွံ
တာ မဟုတ်ပါဘူး၊ ကိုယ့်ထက်သာ မနာလိုဆိုတာမျိုး သူတို့မှာ မရှိ
လို့ ဘယ်သူ ပြောနိုင်လို့လဲ .. ပြိုင်လို့မရလည်း ရတဲ့လူနဲ့ ပြိုင်နေတာပဲ





"အေးပါ..ဟုတ်ပါတယ်၊ ဘာတဲ့.. ဖူးလေး သူငယ်ချင်းနာမည်က.."

"ကမာ .. နေကမာ တဲ့ .."

"နေကမာ ဆိုတာ ဘယ်လိုကြီးလဲ .. နေက အထက်မှာ အပူလုံး
ကမာ ဆိုတာက ရေထဲမှာ .. ဘာမှလည်း မဆိုင်ဘူး"

"ဩော် .. သက်ဆိုင်တာတွေပဲ နာမည်မှည့်ကြတာမှ မဟုတ်တာ၊
ကိုလည်း ကြည့်ပါဦး .. နာမည်က ဖူးဖူးစင် တဲ့၊ ဖူးဖူးစင်အောင်
ည်း မလှဘဲနဲ့ .."

"အို .. ဘာလို့ မလှရမှာလဲ .. သူတို့က ကျောင်းလာတက်ပြီး
ကျောင်းသူလိုမလာဘဲ မင်းသမီးရှိုးအောင် ပြင်လာတာလေ၊ ဖူးလေး
အဲဒီလို ပြင်ကြည့်ပါလား .."

"ဒီရုပ်ပဲ .."

"ဟဲ့ .. ဟဲ့ .. ဩော် ..."

ဖူး အခန်းထဲကနေ မဲ့ရွဲ့ထွက်လာလျှင် အပြင်ဘက်မှာ ရပ်နေသည့်
ခင်းခ နှင့် မျက်နှာချင်းဆိုင်ပြီးသား ဖြစ်သွား၏။ ရယ်မြူးဟန်များနှင့်
လိုပြုံးမလိုမျက်နှာလေးက ဖျတ်ခနဲ တည်သွားကာ ...

"ဒက်ဒီ .."

"သမီး ဗိုက်ဆာလို့လား.. နာနီကြီးက မကျက်သေးဘူးထင်တယ်"

"မဟုတ်ပါဘူး"

ဒါပဲပြောပြီး ဖူး ခေါင်းလေးငုံ့၍ ရှောင်ထွက်၏။ ခေါ်မလို့ ပါးစပ်
ပြင်ပြီးမှ ဦးမင်းခ ခေါင်းခါလိုက်မိသည်။

သူ ဘာမေးမေး ကောင်းကောင်းမွန်မွန် ပြန်ဖြေမှာမှ မဟုတ်ဘဲ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ဟင်!... သူ့ကို ခေါ်လာမလို့လား .."

"အင်းလေ .. ဘာဖြစ်လို့လဲ၊ သူတစ်ယောက်တည်း အတန်းထဲမှာ ကျန်နေခဲ့မှာလေ၊ ငါတို့လည်း လူများသွားတာပေါ့"

လက်ဆွဲထားတာကိုပဲ ဖြုတ်ချပြီး ထွက်ပြေးတော့မလိုလို ငုံ့ထား လိုက်သည့်မျက်နှာက နဖူးနဲ့ မြေကြီး ပြေးတိုက်တော့မည်။

ဘယ်သူကမှ မကြည်လင်ပေမယ့် မသင့်မြတ်လောက်အောင်လည်း ဖြစ်ခဲ့ကြတာ မဟုတ်တော့ နောက်ထပ် ကန့်ကွက်သံ ထွက်မလာတော့ပေ ..။ ကမာ တို့ရဲ့ရှေ့တန်းက အုပ်စုတွေကတော့ အံ့ဩသလိုလို တစ်ခုခု ပြောချင်သလိုလို မျက်နှာတွေနှင့် ကော်ရစ်ဒါမှာ ကျန်ရစ်ခဲ့ကြ၏။

ကဲန်တင်းမှာ ထိုင်ကြတော့လည်း ဘာမှမမှာဘူး လုပ်နေသဖြင့် ကမာ ကပဲ ခေါက်ဆွဲချဉ်စပ်တစ်ပွဲ မှာပေးလိုက်ကာ အအေးတစ်လုံးနှင့်..။

"စာမေးပွဲဖြေဖို့ ကျောင်းပိတ်တော့မှာဆိုတော့ ငါ့မွေးနေ့ရောက်ရင် မကျွေးရမှာစိုးလို့နော် .. တခြားဆိုင်ကြီးတွေမှာလည်း မတတ်နိုင်တာနဲ့လေ၊ အပျှန်း .. ဒီမှာတော့ ကြိုက်တာ မှာစားကြပါ၊ စိတ်ကြိုက် တစ်ဝကျွေးမှာ .."

"အိုခေ .."

"နင်ကလည်း ကြိုမပြောဘူးဟာ .. ဘာလက်ဆောင်မှလည်း မပေးရဘဲနဲ့ စားရမှာ .."





"လက်ဆောင်မလိုပါဘူးဟာ .. ငါတို့ကျောင်းသူအရွယ်ဆိုတာ အဲပြောပြော မိဘဆီမှာ လက်ဝါးဖြန့်နေရတုန်းပဲမဟုတ်လား .. ရတဲ့မုန့်ဖိုး ထဲသုံးလို့တောင် မလောက်ဘူး"

"ဒါတော့ ဒါပေါ့ဟာ .. ဒါပေမယ့် .."

"ဒါတွေ ခဏထားပြီး ကျွေးမွေးဒါနပြုတာလေးကို ပျော်ရွှင်ဝမ်းမြောက်စွာ စားကြပါ၊ ဒါနမြောက်သွားအောင်လို့ .. အပျှန်း .."

မွေး တို့က ဖူး ကို အမြင်မကြည်တာလေးတွေရှိလို့ အပြောဆိုးပေမယ့် စိတ်ရင်းလေးတွေတော့ ကောင်းရှာပါ၏။ စားစရာတွေ ရောက်လာတဲ့အထိ မျက်နှာလေးတွေ မသာမယာရှိနေလျက် ...

"နင် ပြောသလို ဟုတ်ပေမယ့် ငါတို့က နင့်ကို ပိုပြီး ငဲ့သင့်တဲ့လူတွေပါ ကမာ ရယ် .. ငါတို့ ဟိုအစက နင် ပြင်တာဆင်တာတွေအပေါ်မှာ အထင်မြင်သေးခဲ့ဘူးတယ်၊ နင့်အကြောင်းကို သိလိုက်ရမှ .. ပြီးတော့ နင့်ရဲ့စိတ်ရင်းကို နားလည်လာမှ ပိုပြီး ခင်မင်ကြတာ၊ နင်က ဆံပင်ဆိုင်မှာတော့ လုပ်နေရမှာပဲလေ .."

"ဟုတ်တယ် ကမာ .. ငါတို့က သိပ်မချမ်းသာကြရင်တောင် မိဘတွေနဲ့ စီးပွားရေးအသင့်အတင့်နဲ့ ပြည့်စုံမှု ရှိကြပါတယ်၊ နင့်ကျတော့ အမေက သိပ်မကျန်းမာဘူး၊ နင့်တစ်လုပ်စာထဲနဲ့ .."

"ငါ့တစ်လုပ်စာထဲပေမယ့် ငါက ဆံပင်ဆိုင်မှာ သန့်ရှင်းရေးမှ မဟုတ်တာဟ .. မမထက် မျက်နှာလွှဲထားရတဲ့ ဒုတိယလက်ထောက်ရာထူးနဲ့ပါ၊ အဲဒါကြောင့် ဒီလောက်တော့ ကျွေးနိုင်ပါတယ်၊ ငါ့ကို နားလည်ကြတဲ့ သူငယ်ချင်းတွေဆိုတော့ ပိုပြီးတော့တောင် စေတနာ ရှိသွားသေးတယ်၊ စားကြ .."

စားသောက်နေကြတုန်း ကမာ က ဖူး ကို တစ်သျှူးယူပေးလိုက်၊ စားကောင်းရဲ့လားလို့ မေးလိုက်နှင့် မျက်နှာမှာလည်း တကယ့်ကို ခင်မင်နှစ်လိုခြင်းတွေ ပြည့်နှက်လျက် ...။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဖူး ရဲ့မီးစားချက်လေးတွေကို စကားထဲမှာပါအောင် ထည့်ပြောသွားတော့သဖြင့် မွေး တို့မှာ နားမထောင်ချင်လည်း မရ၊ ထောင်နေရတာနဲ့ မျက်လုံးကလည်း ဖူး ဆီကိုပဲ ရောက်ရောက်သွားမိကာ ...

"ကမာ .. နင် ငါတို့ကို နောက်စပ်ကြောင်းလမ်းနေတာတော့ မဟုတ်ပါဘူးနော် .."

သဲ က တည့်တည့်ပဲ မေးတော့သည်။ ဖူး မျက်နှာလေး လန့်ဖျန့်ဖော့လာတော့ ကမာ က ရယ်လိုက်ကာ ...

"နောက်စပ်ရအောင် နစ်နိုင်ငံ စစ်ဖြစ်နေတာမှ မဟုတ်တာဟာ .. တစ်ယောက်နဲ့တစ်ယောက် အထင်လွဲမှုလေးတွေ ရှိနေတဲ့အတွက် နင်တို့တွေ အပြောအဆို အဆင်မပြေကြဘူးလေ .."

"ပြေဖို့ကို မလွယ်တာ ကမာ .. အဲဒါ နင် သဘောပေါက်လိုက်ငါတို့က မြစ်စိုကို အရမ်းမုန်းတာ"

မွေး က ခေါင်းခေါက် မဲ့ရွဲ့နေသလောက် ဖူး မျက်နှာလေး ပြန်ကာ ဘာမှလည်း မပြောရှင်းပေ ...။

အရည်တွေချည်း ခပ်သောက်နေသဖြင့် ခေါက်ဆွဲဖတ်တွေချည်း ကျန်တာကို မွှေလိုက် ဆွဲဖွလိုက်နှင့် လက်လေးတွေက မတည်ငြိမ် ...

"ကဲပါ .. ခေါကန်မနေပါနဲ့၊ ငါ ကျွေးတာလေးကိုတော့ ပြုံးပြုံးရယ်ရယ် စားလိုက်ပါဦး"

မွေး တို့ကို ကမာ က ပြန်ချော့ကာ သူတို့ မှာထားသည့် အအေးဘူးတွေကို ဖောက်ထည့်ပေးရင်း လက်မှုထိအောင် တိုးကပ်ပေးတော့ မျက်နှာတွေ ကြည်လင်သွားပြန်ကာ ...

"နင်က သူ့အကြောင်း ငါတို့ရဲ့နောက်မှ သိတာပါ၊ ငါတို့ သူ့ကို ဘယ်ဖြစ်ဖြစ် တွဲသွား သွားလာဖြစ်ဖို့ ခေါ်ကြသေးတယ် သိလား ..."

"ဟုတ်တယ် ကမာ .. သူလေ ဟိုနားခေါ်လည်း 'ဟင့်အင်း .. ဟင့်အင်း' .. ဒီသွားရအောင်ဆိုလည်း 'မလိုက်ဘူး .. မလိုက်ဘူး' ..





ရှုံ့မဲ့ ဖြစ်ပျက်သွားပုံက ငါတို့ကပဲ အလကားနေရင်း ဖလန်းဖလန်းထနေတာလိုလို .."

သဲ က ရှုံ့မဲ့ရင်း လက်ရောမျက်နှာရော အမူအရာတွေ လုပ်ပြနေပြီးမှ အားစားပွဲကလူတွေလှည့်ကြည့်ကြတာကို တွေ့သွားသည်။ ထိုအခါကျမှ...

"ဟွန်း .. ငါ မပြောလိုက်ချင်ဘူး၊ သူက အဲဒီလို ကြီးကျယ်တာ" ဟု အဆုံးသတ်၏။

"သဲ ရယ် .. သူက ကြီးကျယ်တယ်ဆိုရင် အခု နင်တို့ သူ့အပေါ် အထင်လွဲပြီး ပြောဆိုနေတာတွေမှာ ဟုတ်တာမဟုတ်တာကို ရှင်းပြမှာပဲ၊ စိတ်ဆိုးစရာလို့ ယူဆရင်လည်း စိတ်ဆိုးမှာပဲလေ၊ ကြည့်ပါဦး .. အဲဒါ မာနကြီးတဲ့ မျက်နှာမျိုးလား .."

ကြည့်ပါဦးလို့ ပြောလိုက်တာနှင့် ဖူး မျက်နှာ ပန်းကန်လုံးနဲ့ ထိတော့မတတ် ငုံ့ကျသွားလေသည်။ နောက်ထပ် ရှဲပြောမလို့ ကြံလိုက်သေးမယ့် ဖူး ပုံစံကြောင့် သူသူသန်း က ခစ်ခနဲ ရယ်သည်။

"အဲဒါကို ငါ ပြောသေးတယ် သိလား ကမာ .. မာနကြီးတာတော့ မဟုတ်လောက်ဘူးလို့ .. အဟွန်း .."

ရှမ်းခေါက်ဆွဲစားနေရင်း ရယ်သည်။ ပြီးတော့ ဘာမှမပြောတော့ဘဲ ခဏကြာမှ ...

"တစ်ခုခုတော့ တစ်ခုခုပဲလို့ .."

ဝေါက်နေတာလို့ ပြောချင်တာမှန်း ဖူး ကိုယ်တိုင် သိလိုက်သည်။ ခါသစိတ်တော့ တင်းခနဲ ဖြစ်သွားပေမယ့် တစ်စုံတစ်ယောက်နှင့် ခွန်းကြီးခွန်းငယ် ပြောဆို အနိုင်လုရဲတဲ့သတ္တိ သူမမှာ မရှိ ...။

"ငါ ပြောချင်တာလည်း အဲဒါပဲလေ .."

ကမာ က ဟိုအကြောင်း ဒီအကြောင်း ပြောလိုက်၊ ဖူး နဲ့ပတ်သက်တာလေး ပြောဖြစ်သွားအောင် ဆွဲယူလိုက်နှင့် ဖူး ဗိုက်နာတဲ့နေ့ကအဖြစ်လေးကိုပါ ပြောပြသည်။



www.burmeseclassic.com

သူမ ဤသို့ စိတ်ရင်းလေးရှိရှာတာပါလို့ ပြောပြလိုက်တော့ မွေး
တို့ မျက်နှာတွေ မသိမသာ ပြေကျကုန်၏။

"ငါဖြင့် ဖူး ကို မြင်တော့ အရမ်းချမ်းသာတဲ့မိန်းကလေးဆိုတာ
လုံးဝ မထင်ခဲ့ဘူး၊ လူတစ်ယောက်ရဲ့ နေပုံထိုင်ပုံက သူ့ရဲ့စိတ်ကို နည်
နည်းတော့ မှန်းလို့ရပါတယ်ဟာ .. မဟုတ်ဘူးလား၊ သူ့ရင်ထဲမှာ ပကာ
သနရှိရင် သူ့မှာရှိတဲ့ ပကာသနတွေ အများကြီး ထုတ်ကြွားလို့ရတာပဲ
သူ့အတွက် အရေးကြီးတာ အဲဒါ မဟုတ်ဘူးဆိုတာ မသိသာဘူးလား

ဒါလည်း ဖြစ်နိုင်သည်ဟု မွေး က တွက်သည်။ သူဌေးသမီး
ထင်စရာရှိပေမယ့် တချို့ကျတော့ မွေးစားသမီးဖြစ်နေတာတွေ၊ အိမ်
ဘာအခွင့်အရေးမှ မရနိုင်တာတွေ ရှိသည်။

ဖူး ကိုတော့ ဒရိုင်ဘာလူကြီးက ဘယ်လို ဂရုစိုက် အလေးထ
တယ်ဆိုတာ အမှတ်တမဲ့မြင်ရတာတွေနဲ့ပဲ သိသာနေခဲ့၏။ ဖူး အကြော
သိပ်မသိပေမယ့် တစ်ဦးတည်းသော သူဌေးသမီး အမှန်ဖြစ်ကြော
တော့ သူတို့အားလုံး လက်ခံမိကြ၏။

ထိုစဉ် ခေါင်းနည်းနည်းမတ်လာပြီး မျက်နှာတစ်ဝက်လော
ဖော့ယောင်ပြလျက် ဘယ်မျက်နှာကိုမှ မကြည့်ဘဲ ဖူး က စကားပြေ
ထုးထူးဆန်းဆန်း ပြောလာခဲ့၏။

"တကယ်ပါ မွေး ရယ်.. ငါ နင်တို့ကို မခေါ်ချင်လို့ မဟုတ်ပါဘူး
ငါ့ရဲ့စိတ်ရင်းကို ပြောခွင့်မရတာပါ၊ ငါ့ကို ယုံပါ .. ငါ တကယ်
ချယ်တာ မဟုတ်ပါဘူး"

ဖူး ရှင်းပြလိုက်သည်နှင့် ကမာ က စလိုက်သော စစ်ဆင်ရေးတ
အောင်မြင်စွာ ပြီးဆုံးလေသည်။ သို့ပေမယ့် ဖူး ဆုပ်ကိုင်ထားသ
တစ်ဖက်တည်းသော လက်ပိုင်ရှင်ဟာ ကမာ ပဲ ဖြစ်ခဲ့၏။

နေကမာ သည်သာ သူမအတွက် ထာဝရသူ့ရဲ့ကောင်း ...၊



အခန်း (၁၁)

'ဒီတစ်ခါ မုန့်တိုင်းတွေဘာတွေ မရှိတော့ဘူးလား' လို့ တွေးမိရင်း
မိုးကို မျှော်မိသည်။

တစ်နေရာမှာ မုန်တိုင်းရှိနေလျှင်တော့ အချိန်အခါမဟုတ်ပေမယ့်
မိုးကြီးတတ်တာမို့ သူ့အတွက် မိုးကြောင့် အမှတ်တရ ရင်ခုန်ခဲ့ရသည့်
အဖြစ်လေးကို ပြန်လွမ်းနေမိ၏။

ပြီးတော့ ပြုံးမိသည်။

"ဒီနေ့ ကမာ အတန်းမတက်ဘူးနေမှာပါကွာ .. ဖြန့်မယ်"

"တက်ပါတယ် .. ငါ မနက်က သေချာမြင်လိုက်တာ"

"ဘယ်မှာလဲ .."

"ကားမှတ်တိုင်မှာ .."

ချိန်း ပြေလိုက်တာကို အောင် က မျက်စောင်းထိုးသည်။ ထိုစဉ်
အောင် မျက်နှာလွှဲလိုက်သည့် စက္ကန့်ပိုင်းလေးမှာပဲ ချိန်း ထံမှ အထိတ်
တလန့်သံတွေ သံစုံမြည်သွားခဲ့၏။

"ဟာ!... သွားပြီ .."

"အမလေး .."

www.burmeseclassic.com



"ဘုတ် .."

"ကန်တော့ .. ကန်တော့နော် .."

"ကျွတ်!.. သွားပြီကွာ .."

ချိန်း သည် တိုင်ကိုမှီလျက် ဖရိုဖရဲ ယိမ်းယိုင်သွားကာ ကော
လေးတစ်ယောက်က သူ့ခြေရင်းမှာ ကုန်းကွပြန်ထရင်း မြန့်ကျဲသွ
သည့်စာအုပ်တွေ .. အိတ်တွေကို စုထပ် ကောက်ပေးရင်း ...

"တောင်း .. တောင်းပန်ပါတယ်၊ ဖူး .. နောက်ကို လှည့်ကြ
လိုက်မိလို့ .."

သူ့လက်ထဲကို စုထပ်ကောက်ထားသည့်စာအုပ်တွေ အတင်းထ
ပေးပြီး လွယ်အိတ်လေး ပခုံးပေါ် ထပ်ဆွဲချိတ်ကာ ကားပါ့ကင်ဆီ လ
ခနဲ ပြေး၏။

"ဟာ .. ဒီ .. ဒီကောင်မလေးပဲ .."

ချိန်း စိတ်တိုနေတာ မပြေသေးဘဲရှိကာ အောင် က ထိုကျောင်
လေးကို မှတ်မိသွားသဖြင့် လက်သို့းထိုးလိုက်မိစဉ် ...

"အမလေး .."

"ဘုန်း .."

"လဲပြီဟ"

သိပ်မကွာလှသေး ..၊

ဝါးတစ်ရိုက်လောက်အကွာမှာပဲ သူမ ဘိုင်းခနဲ ပစ်လဲသွားတာ
မှောက်လျက်သား ..၊

"ဟား .. ဟား .. ဟား ... မိုးလည်း မရွာ၊ ဗွက်လည်း မရှိဘဲ
အံ့ရော .. ဟား .. ဟား .. ဟား ..."

အောင် က ခွက်ထိုးခွက်လန် ရယ်လေသည်။

တခြားကျောင်းသားတွေပါ ရယ်သံတွေ ထွက်ကုန်ကြ၏။

"ဖူး .. ဖူး .. ဘာဖြစ်သွားသေးလဲ .. ထ .. ထ .."





ကမာ အတင်းပြေးသွားပြီး ဆွဲထူပေးသည်။ ဖူး သူမနဲ့ အတူတူ
ထွက်လာတာ ဖြစ်သည်။ လှေကားအဆင်းကျမှ သူငယ်ချင်းတစ်
ယောက်နဲ့ တွေ့လို့ စကားရပ်ပြောတုန်း ဖူး နဲ့ အလှမ်းကွာသွားတာ
ဖြစ်၏။

အလွန် အရှက်အကြောက်ကြီးရှာသည့် ဖူး ကို ကျောင်းသားတွေ
အလယ်မှာ အဖြစ်ဆိုးရှာ မြင်လိုက်ရသဖြင့် ကမာ တွဲထူပေးရင်း ဘယ်
လိုမှ စိတ်မကောင်းနိုင် ..။

ထင်သည့်အတိုင်း ဖူး က ရှိုက်ငိုနေပြီဖြစ်ကာ ...

"ငါ သွားတော့မယ်"

အမှတ်မရှိတာလား .. ပူထူနေတာလား မသိ၊ ဖူး ပြေးရှုးထွက်
သွားပြန်သည်။

ဒီလောက် ပစ်ခတ်လဲလိုက်တာ ဖူး ရဲ့ကိုယ်မှာ ဒဏ်ရာ တစ်ခုခု
တော့ ဖြစ်သွားမှာပါ။ ရှက်အားကြီး၍သာ ဒါကို သတိမထားနိုင်တော့
တာ ဖြစ်သည်။

ဒီဘက်ပြန်ကြည့်လိုက်တော့ ပါးစပ်အပြဲသားနဲ့ ရယ်နေတာက
အောင်မြင်သူ ..၊

"အောင် .."

"ဟမ် .."

ဒေါသကြောင့် 'အောင်'လို့ ခေါ်တာက 'အောင့်'ဖြစ်သွားတဲ့အထိ
ကမာ့ အသံက ဆောင့်အောင့်လျက် ...

"နင် ဒီလောက်တောင် စာနာစိတ် မရှိရလားဟင်"

အောင် ပါးစပ်ဖြဲလျက်နှင့် ဟိုမရောက်ဒီမရောက် မျက်နှာကြီးက
မဲ့ကျသွားသည်။

"ဘာလဲ .. ရယ်စရာမို့လို့ ရယ်တာ .. ဘာဖြစ်လို့လဲ"

"ဟဲ့ .. နင်က ယောကျ်ားလေးဖြစ်ပြီး မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို ငိုသွားရမှန်း မသိ .. ပြောထွက်ရမှန်း မသိ၊ ဖြတ်သားလိုက်တဲ့ပါးစပ်ကြီးက ပွင့်ဟန်း .. ဒီမှာမှာ နင့်အသံ အပြီဆုံးပဲ"

"ကမာ နော် .."

"ဘာ ကမာ နော်လဲ .. ပြော .."

"ရယ်နေကြတဲ့လူတွေ နင် သွားပြောပါလား"

"နင့်အသံကြီးပဲ ငါ ကြားတာလေ"

"ငါက ရယ်မှာပေါ့ .. အဲဒီ မပျာယာလေးက ချိန်း ကို ဝင်တိုက်တာ နှစ်ခါရှိပြီ"

"ဘာ!..."

"တိုက်မိပြီး လဲကွဲကုန်ပြီဆို အဲဒီလိုပဲ ထွက်ပြေးတာ ဖလန်း ဖလန်း .."

"အောင် နော် .. နင် မိန်းကလေးတစ်ယောက်ကို .."

"မယုံရင် မေးကြည့်ပါလား၊ အဲ .. ဟိုတစ်ခါကတော့ ငါတို့ကြောင့် တိုက်မိတာပါ၊ ဒါပေမယ့် ခုလိုပဲ ဖလန်း .."

"လာပြန်ပြီ ဖလန်း ဖလန်း .. တော်တော့"

"အား .."

ကမာ က အောင့် လက်မောင်းကို ဖြန်းခနဲ ရိုက်ပစ်သည်။ ဒါတောင် မျက်နှာပဲ မဲ့သွားပြီး အောင် က ပြောတာကို မရပ် ..။

"နင် သေချာကြည့်ထား .. အဲဒီကောင်မလေး ချိန်း ကို တမင် စောင့်ပြီး ဝင်တိုက်တာ .."

"ဘာ!..."

"မဟုတ်ရင်လည်း ချိန်း ရဲ့ဖူးစာရှင်စစ်စစ် .."

"ခွေးကောင် .. ပါးစပ်ပုတ်ကြီးနဲ့ .. ဒီမှာ တင်းနေရတဲ့အထဲ"

ဘာမှဝင်မပြောဘဲနေသည့် ချိန်း ရဲ့မျက်နှာကလည်း တင်းနေသည်။ အောင့် ကို ဘေးယိုင်သွားအောင် တွန်းပစ်လိုက်ပြီးမှ ...





"သူက မင်းသူငယ်ချင်းလား .."

"ဟုတ်တယ် .. သူက အရမ်းရှက်တတ်တာ၊ ဒီလိုဖြစ်တာ မပြောနဲ့ .. လူများများရှေ့ကတောင် လမ်းဖြတ်လျှောက်ရမှာ ကြောက်တဲ့သူ၊ အနားပါတယ် .. ဘယ်နားနာသွားလဲ မသိဘူး"

"ဟုတ်တယ် .. ဒီမှာ တစ်ခါလဲသေးတာ"

အောင် ပြောသည့် ချိန်း ကို ဝင်တိုက်သွားသည်ဆိုအောကို ပြန်တွေးမိကာ ကမာ စကားမပြောနိုင်အောင် ဖြစ်သွားခဲ့၏။

"ပြန်မယ်လေ .. ငါ နင့်မွေးနေ့မှာ စားဖို့ ဝမ်းနတ်လာခဲ့တာ"

ချိန်း က စကားဖြတ်ဖို့ ကြိုးစားလိုက်ပြီးမှ မျက်နှာပျက်သွားကာ...

"လက်ဆောင်ကတော့ နောက်နေ့မှ ပေးတော့မယ်"

ဟိုတစ်ယောက် ဝင်တိုက်လိုက်လို့ ပြုတ်ကျ ပျက်စီးသွားတဲ့အကြောင်းတော့ မပြောတော့ပါ။ ဒီနေ့ကျမှ ခုလိုဖြစ်ရခြင်းကြောင့် ကောင်မလေးကို စိတ်တိုသွားကာ ဘာမှလည်း မပြောမိ၊ လှည့်လည်း မကြည့်ဖြစ်လိုက်ပေ ..။

ထို့ကြောင့် ရယ်သံတွေ ထွက်လာကာမှ သူမ ချော်လဲသည့်အဖြစ်ကို လှမ်းမြင်လိုက်တာဖြစ်၏။ ဖူး အကြောင်း ပြိုင်တူ တွေးမိသွားကြပြီး မျက်နှာတွေ အိုသွားကြပေမယ့် ကမာ က သနားကြင်နာခြင်းများနှင့်ဖြစ်ကာ ချိန်း ကတော့ နောက်ထပ် မဆုံပါရစေနဲ့လို့ ဆုတောင်းခြင်းဖြင့်..၊

သို့သော် တစ်ချိန်ချိန်ဆိုတာမှာတော့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"အကန့်အသတ်မရှိတဲ့ အချိန်ဆိုတာကြီးကို ဘယ်လို မျှော်လင့်ချက်နဲ့ စောင့်ရမှာလဲ ကမာ .. နှစ်နှစ်ဆိုတဲ့ကာလမှာ ကိုယ် ဘာတစ်ခွန်းမှ မဟာခဲ့ဘဲနဲ့ ချစ်တဲ့မြတ်နိုးတဲ့ အပြုအမူတွေ ပြခဲ့တယ်၊ ရင်းနှီးမှုတွေ ယုံကြည်မှုတွေ ရှိကြဖို့ ကြိုးစားခဲ့တယ်၊ အခုမှ ဖွင့်ပြောခဲ့တာတောင် မင်း ပြောတဲ့ စဉ်းစားပါ့မယ်ဆိုတာက အဓိပ်ကြီးမှာပါလား"

"ချိန်း က စိတ်တိုနေတာလား"

"ကျွတ်!..."

သူပဲ လျှော့ရတော့မယ်ဆိုတာ သေချာနေခဲ့လျက် ချိန်း နားသယ်စက ဆံဝင်တွေကိုပဲ အထပ်ထပ် ဖွပစ်မိရင်း ...

ပြန်ကြည့်မိတော့ ကော့နက်သည့် မျက်တောင်ရှည်တို့ ရံခနေသော မျက်ဝန်းပြာလေးတွေက သူ့မျက်နှာကိုပဲ စူးစိုက်ကြည့်နေသည်မို့ ...

"ကိုယ့်မှာ စိတ်တိုခွင့် ရှိလို့လား ကမာ .. အမြဲတမ်း တွေ့ဆုံရယ်မောခွင့်ရနေရင်တောင် ကျေနပ်နေလို့ ရသေးတယ်၊ ဆိုင်ကိုဖြစ်ဖြစ်၊ ကျောင်းမှာဖြစ်ဖြစ် အောင် မပါတဲ့အခါ မင်း ကိုယ့်ကို ဘယ်တုန်းက





ချက်တွေ့ခဲ့သလဲ ..၊ ဘယ်သင်တန်းတွေ တက်နေသလဲ မေးရင်ရော ဘယ်တုန်းက မင်း ဖြေခဲ့သလဲ၊ အဲဒီအခွင့်အရေးတွေ ဘာမှ မရခဲ့တဲ့ ကိုယ်က .."

ဆံပင်လေး ခါပစ်လိုက်ပြီး မော့လာတော့ သူမ တစ်ခုခု ပြောတော့မယ်ဆိုတာ သိလိုက်ပြီး ချိန်း က ဆက်မပြောဘဲ နေ၏။ ကမာ က သူ့ကိုကြည့်ကာ ...

"သုံးယောက်ဆိုရင် သူငယ်ချင်းတွေလို့ လူတိုင်း ယုံတယ်လေ၊ နှစ်ယောက်တည်းဆိုရင် .."

"အဲဒါကြောင့် အောင် နဲ့ရှည်းပဲ မင်းနားမှာ ကိုယ်နေခဲ့တာ နှစ်နှစ်.."

"ဒါပေမယ့် အောင် က နင်နဲ့ ငါနဲ့ပဲ ပြောတာ၊ ချိန်း ပြောတော့က မင်းနဲ့ကိုယ် .."

"ဘာဖြစ်သွားနိုင်လဲ ကမာ .. အောင် နဲ့ ခင်မိကာမှ မင်းကို ကိုယ် တွေ့တာ .. အောင် နဲ့အတူ မင်းနားကို ရောက်လာတာလည်း သူငယ်ချင်းဖွဲ့ဖို့မှ မဟုတ်ဘဲ"

ကမာ မျက်နှာလေး လွှဲပစ်သည်။

"မင်းရဲ့အချစ်ကို မရမနေ ကြိုးစားမယ်ဆိုတဲ့ ချစ်စိတ်တွေနဲ့လာတာ၊ အများသူငါ သုံးတဲ့နည်းအတိုင်း ခင်မင်ခွင့်ပေးပါဆိုပြီး နင်တွေ ငါတွေနဲ့ ရောပါနေရင် ချစ်ခွင့်ရမယ့်အဆင့်ကို ဘယ်လို ကျော်တက်မလဲ ..၊ ခုတောင် မင်း ဒီလောက် သွေးအေးနေတာ"

လွှဲထားသည့် မျက်နှာတစောင်းလေးက နှာတံကော့ကော့လေးနဲ့ မျက်တောင်ရှည်တွေကို စိုက်ကြည့်ရင်း ဘာမှ ပိုင်ဆိုင်ခွင့်မရသေးသည့် ကိုယ့်အဖြစ်ကို မချင့်မရဲ ဖြစ်နေမိ၏။

ကျောင်းတွေပြီးဖို့ဆိုတာ တစ်လပြီးတစ်လနဲ့ ဘယ်လောက် ကြာမှာလဲ ..၊ မိဘတွေ စီစဉ်ချင်နေတဲ့ အိမ်ထောင်ရေးက တစ်ဖက်၊ ချစ်တဲ့သူကို ပိုင်စိုးခွင့်မရတာက ဒုက္ခတစ်မျိုး ..။



www.burmeseclassic.com

www.burmeseclassic.com



"ကမာ .."

လေးထောင့်စားပွဲမှာ ထောင့်မှန်ကျ ထိုင်နေတာမို့ ကမာ့ လက်ချောင်း လေးနားထိ သူ့လက် တိုးကာ လက်သန်းလေးချင်း ကပ်ချိတ်ထားမိ ရင်း ..

"ဘယ်နေ့ အဖြေပေးမယ်ဆိုတာ အချိန်တစ်ခုခုတော့ ကန့်သတ် လိုက်ကွာ .. ကျောင်းတွေပြီးတော့မယ်"

"ခုမှ ပထမနှစ်ဝက်တောင် မဖြေရသေးဘူး"

"ဒီတစ်နှစ်လုံး ကိုယ့်ကို စောင့်ခိုင်းချင်တာလား"

"မစောင့်ခိုင်းချင်ပါဘူး ချိန်း ရယ် .. ချိန်း သဘောကျတဲ့ မိန်း ကလေးတွေ့ရင် မျက်နှာပူစရာ မလိုဘဲ ကမာ့ ကို နှုတ်ဆက်သွားလို့ ရပါတယ်၊ ကြိုးရှည်ရှည်နဲ့ လှန်ထားတယ်ဆိုတဲ့အကြည့်မျိုးနဲ့တော့ မကြည့်နဲ့ .."

"မင်းကို .."

"ကမာ ချစ်သူ မရှာချင်သေးဘူး၊ ချိန်း နဲ့ ကမာ အခြေအနေချင်း ကလည်း အရမ်းကွာပါတယ်၊ ကမာ မေမေ့ကို ကတိပေးထားလို့ အဲ့ဒါ ကို တည်ချင်တယ်"

"ရည်းစားမထားပါဘူးဆိုတာလား .."

"မဟုတ်ပါဘူး .. မမထက် တို့ရဲ့ ငြိုငြင်ခံရမယ့်အဖြစ်မျိုး .."

"ဟာ .. အဲဒါတော့ အရမ်းကို ဘောင်ကျဉ်းသွားပြီ ကမာ၊ မင်း အမေဆိုပေမယ့် သူတို့အားလုံးရဲ့ ပြောသံဆိုသံတွေ ထွက်လာတိုင်း ဘာကောင်းတာ ရှိလို့လဲ၊ မင်း ခုရော ပြောဆိုကြိမ်းမောင်းခံနေရတာပဲ မဟုတ်ဘူးလား"

စိတ်လိုက်မာန်ပါ ပြောပြီးမှ ဆောရီး လုပ်ကာ ချိန်း ခေါင်းခါ လိုက်၏။

"အဲဒီလို ကြားရတိုင်း ကိုယ် ချစ်နေတဲ့ မိန်းကလေးတစ်ယောက်



ဆက်က ကိုယ့်နားထဲမှာ ကန့်လန့်ကြီး ဖြစ်ဖြစ်သွားတာ သတိရလို့ပါ.. ဆောရီး"

ကမာ က သူ ချိတ်ထားသည့် လက်သန်းလေးကို ပြန်ဆွဲရုတ်ကာ ပြုံးလိုက်၏။

"ရပါတယ် ချိန်း ရယ် .. ဆောရီးဖို့ မလိုပါဘူး၊ ချိန်း ပြောတာ မှန်တယ်၊ ဒါပေမယ့် 'အနင်းခံနိုင်တဲ့စပါး သန်တယ်'တဲ့၊ ပြောနေတဲ့လူ ရှိတော့ ပိုထိန်းမိတာပေါ့၊ ကမာ အဲဒီစကားတွေကြောင့် စိမ်းနည်း သိမ်ငယ်မနေမိအောင် ကြိုးစားထားတယ်၊ ဒီလိုပြောတတ်တာရှိပေမယ့် ကိုယ့်ရဲ့စားဝတ်နေရေး ပြေလည်နေတာ သူတို့ကြောင့်လို့ပဲ မှတ်ထား တယ်"

"မင်း လုပ်ပေးနေတာတွေထက် သူတို့က ပိုပြီး ထောက်ပံ့ခဲ့တာ ရှိလို့လား .."

ကမာ ဖျတ်ခနဲ မျက်လွှာပင့်ကြည့်လိုက်တော့ ချိန်း က မျက်နှာ လွှဲပစ်ကာ ...

"အောင် ပြောပြောနေတာတွေလည်း ကြားထားတာ ရှိလို့ပါ၊ ကိုယ် မိန်းမလိုမိန်းမရစကားတွေ ပြောနေမိတယ်ဆိုရင် တောင်းပန်ပါ တယ်"

ကမာ က မချိတရိလေးပြုံးကာ ခေါင်းခါပြသည်။

"ချိန်း ပြောတာ မမှားပါဘူး .. အားလုံး မှန်တယ်၊ ဒါပေမယ့် စီးပွားပျက်ဆိုတဲ့ဘဝမှာ ကမာ တို့လို မိန်းမတွေအတွက် အရမ်း အန္တရာယ်များတာ ချိန်း သိလား၊ မမထက် တို့ ဆိုင်မှာ ကမာ အလုပ် လုပ်နေတာ ငွေကြေးဖိနှိပ်မှုတွေ ရှိချင်ရှိမယ်၊ ပြောဆိုဆက်ဆံတာတွေ မှာ ကြားမကောင်း မြင်မကောင်းတာတွေလည်း ရှိနေမှာပဲ၊ ဒါပေမယ့် မေမေနဲ့ ကမာ လိုချင်တာက လုံခြုံမှု အမိကာပဲ၊ ပြည့်စုံကြွယ်ဝတဲ့ အရိပ် အမိုးတစ်ခု ရှိထားချင်တာ၊ သူ့အစ်မဆိုင်မှာ အတူတူ အလုပ်လုပ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ဂုဏ်က ပတ်ဝန်းကျင်မှာ မနိမ့်ကျပါဘူး၊ ကိုယ်လည်း ပညာရတာပဲလေ၊ ဒီအလုပ်က မိန်းကလေးနဲ့ အသင့်တော်ဆုံး အသက်မွေးဝမ်းကျောင်းပညာ ..."

"ဟုတ်ပါပြီ .. ကိုယ် ဝေဖန်မိတာ မှားသွားပါတယ်၊ ကိုယ်တို့အဲဒါတွေ မပြောနဲ့တော့ကွာ၊ အခု မွေးနေ့လက်ဆောင် ပေးမယ်၊ ကိုယ့်ကို အပြေမပေးတဲ့အတွက် လက်ဆောင်ကို မငြင်းရဘူး"

တစ်ခါတည်း တားဆီးနေပုံကြောင့် ကမာ မျက်ခုံးလေးတွေ တွန့်သွားသည်။

"မနေ့က ကျောင်းမှာ လာစောင့်နေတုန်းက ပေးမလို့ပဲ .. ဟိုကောင်မလေး လုပ်ချလိုက်တာ ပျက်စီးသွားလို့ .."

ပြောနေရင်း ဘောင်းဘီအိတ်ထဲကို နောက်ပြန် နှိုက်ယူနေသဖြင့်...

"ဘာမို့လို့ ပျက်စီးသွားတာလဲဟင်"

"ပြန်ပြောရင် စိတ်တိုတယ်ကွာ .. အဲဒါ ကိုယ် တစ်ညလုံး စိတ်ကူးယဉ်ပြီး လုပ်ထားတဲ့အိမ်လေး"

"အိမ်လေး .."

"အင်း .."

အလိုမကျသည့် မှုန်ကုတ်ကုတ်မျက်နှာနှင့် ချိန်း က ခေါင်းညိတ်သည်။ အိတ်ထဲက နှိုက်ယူလိုက်ပေမယ့် လက်ထဲမှာ ဘူးတွေ ခွက်တွေ ဘာမှမပါလာဘဲ လက်သီးတော့ ဆုပ်ထား၏။

ကမာ ဇာလည်း ဘူးလက်ထဲကပစ္စည်းကို စိတ်မဝင်စားပါ။

"စိတ်ဝင်စားစရာလေးပဲ၊ ဘယ်လို အိမ်လေးလဲဟင်"

"ဖော်မီကာပြား အပါးလေးတွေကို ချိုးပြီး တစ်လက်မပတ်လည် အိမ်လေးနှစ်လုံး ဆောက်ထားတာကွာ၊ အိမ်ဒီနိုင်းတွေကို သေးသေးကွေးကွေးတွေနဲ့ လှနေအောင် တအား စဉ်းစားရတာ၊ ကွန်ပျူတာရှေ့မှာ တစ်ညလုံးပဲ"







"ဟုတ်လား .. ကြည့်ချင်လိုက်တာ"

"အဲဒါ ဖော်မီကာပြားပေါ်မှာပဲ စုပါဂလူးနဲ့ ဖြတ်ချိုးပြီး ဆောက်တော့ အန်းခေါင်ကျော်မှ ပြီးတာ၊ ကီးချိန်းတွေထဲက သေချာရွေးထားတဲ့ စုံတွဲရုပ်လေးကို အိမ်နှစ်လုံးရဲ့ရှေ့ကွက်လပ်လေးမှာ အတူတူ ထိုင်ပေးထားသေးတာ၊ ဘေးမှာ သစ်ခြောက်ပင်လေး နှစ်ပင်နဲ့ .."

"ဟင်!..."

ကမာ့ မျက်ဝန်းလေးတွေ လင်းလက်နေတာ မြင်ရတော့ စိတ်ဓာ ပိုပြီး တိုလာသည်။

မိန်းကလေးပီပီ ဒီလို စိတ်ကူးပုံဖော်တာလေးတွေကို သဘောကျမယ်ဆိုတာ သူ တွက်မိပြီးသား ...၊ ဒါကြောင့်လည်း အိပ်ရေးမျက်ပင်ပန်းခံပြီး ကြိုးစားလုပ်ခဲ့တာ ဖြစ်သည်။

"စာအုပ်သေတ္တာလေးထဲမှာ ထည့်ပိတ်ပြီး သော့နဲ့ သေချာခတ်ပိတ်ထားတာ၊ မင်းကို စောင့်နေရင်း အဲဒါကို ကိုင်ထားတာလေ၊ မင်းကောင်မလေးက တိုက်ချလိုက်တယ်၊ သူ့ပဲ ဒူးနဲ့ ဖိကြိတ်ပစ်လိုက်တယ်"

စာအုပ်ပေါ်မှာ ဒူးထောက်ပစ်လဲသွားသည့်မြင်ကွင်းကို ခဏခဏ သတိရမိတိုင်း စိတ်တိုသည်။ ကမာ ကတော့ မယ်မင်းကြီးမလေး အကြောင်း ပါလာကတည်းက တုက်ကြွဝင်းလက်နေသည့်မျက်လုံးတွေကို ဖျတ်ခနဲ မျက်လွှာချပစ်သည်။

'နမြောစရာလေး'လို့ တိုးသဲ့စွာ ပြောလိုက်ပြီးမှ 'မနမြောတော့ပါဘူး'လို့များ ပြင်ပြောချင်နေသလား မသိ ...၊ သူ တွေးလိုက်သည့်အတိုင်းပင် ...။

"ကဲပါ .. ပျက်စီးသွားပြီးမှတော့ ဘာတတ်နိုင်မှာလဲ .. သူလည်း တမင်လုပ်တာမှ မဟုတ်တာ"

ချိန်း က မျက်မှောင်ကုတ်နှင့် စိုက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ ဖူး ကို အပြစ်တင်ဖို့ ပြောနေတာ မဟုတ်ဘူး၊ မေး
ပြောပြတာ .. အဲဒီကောင်မလေးနဲ့ မင်း ဘယ်တုန်းက အဲဒီလော
ခင်သွားတာလဲ"

ကမာ က သူမရှေ့က စတော်ဘယ်ရီမစ်ရှိတ်ကို ဆက်မသော
တော့ဘဲ အားကို တွန်းလိုက်၍ ...

"ဒီနှစ်ကျမှပါ .. ဖူး က သနားဖို့ ကောင်းတယ် ချိန်း ရဲ့ .."

"မော်ဒယ်အမြင့်ဆုံး မာစီးဒီးနဲ့ ကျောင်းလာတက်တဲ့သူကိုလား

"ဟင် .. ချိန်း သိနေတာလား ကမာ က မသိဘူး ထင်နေတာ

"အောင် ပြောတာ"

ချိန်း က မျက်မှောင်ကုတ် မပြေ ...၊ ရှေ့မှာ ရှိနေသည့် မစ်ရှိတ်
လည်း လက်နဲ့တောင် မထိဘဲ ရှိလျက် ...

"ခေါင်းငုံ့ပြီး အပြေးတစ်ပိုင်းသွားတတ်တဲ့ အဲဒီ ကုတ်ချော
ချောင်းတစ်ယောက်ကို ဘယ်သူမှ သတိမထားမိဘူး ထင်လို့လား၊ ဟွ
တမင်ထွင်နေတာ ထင်ပါတယ်၊ သူ့အကြောင်း ဟိုလူပြော ဒီလူပြောနဲ့

ချိန်း ဒေါကန်နေရသည့်အကြောင်းရင်းကို သိနေသဖြင့် ကမာ
ဘယ်လို ဖြေစကား ပြောပေးရမလဲ အစရှာနေမိသည်။

ထိုစဉ် ချိန်း က ကမာ့ လက်လေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာ
"လက်ဆော[illegible]ပေးမယ်"

"ဟင် .. ဘာလဲ .."

ကမာ ပြန်ရုန်းတော့ လက်ကို အတင်းအကျပ် ပြန်ဆုပ်ထားလျက်
သူ ဆုပ်ကိုင်ထားဆဲအရာကို လက်ဝါးဖြန့်ပြလိုက်သည်။

လက်စွပ်လေး တစ်ကွင်း ...၊

လုံးချောမောင်းကွင်းလေးမို့ သိပ်မဆန်းပေမယ့် အလေးချိန်အား
ဖြင့် ထုခဲနေတာလေးကို ကြည့်တာနဲ့ သိသာသည်။ ထို့ပြင် ချိန်း ဆို
သည့်နာမည်ကို အင်္ဂလိပ်စာလုံးလေးတွေ ထွင်းထည့်ထားတာ တဖျပ်ဖျပ်





ာက်နေ၏။

"ဟင့်အင်း .. မလိုချင်ဘူး"

ကမာ ချက်ချင်း ခေါင်းခါသည်။ ချိန်း ကလည်း ဖွတ်တရွတ်ဆန်
ာ ခေါင်းခါလျက် ...

"ဘာမှ ထပ်မလုပ်ချင်တော့လို့ .. အမှတ်တရလည်း ဖြစ်စေချင်
ာနဲ့ ဒါကို ယူလာတာ၊ ဒီလက်စွပ်က ကိုယ် ရှစ်တန်းအောင်တုန်းက
ာမီကိုယ်တိုင် လုပ်ပေးပြီး အမှတ်တရလက်ဆောင် ပေးခဲ့တာလေ၊
ိုယ် အဲဒီအရွယ်တုန်းက နည်းနည်းဖိုင့်တယ်ကွ၊ အဲဒါကြောင့် ခုဆို
ိန်းကလေးလက်နဲ့ အတော်ပဲ၊ လက်ဖြန့် .."

"ဟင့်အင်း .. မလုပ်ပါနဲ့ ချိန်း ရယ် .. တန်ဖိုးကြီးတာကြီး မလိုချင်
ူး၊ ချိန်း မာမီကိုယ်တိုင် ပေးထားတာကိုလည်း မယူရဲပါဘူး၊ ပြီးတော့
လက်စွပ်ဆိုတာက .."

"မလိုချင်ရတဲ့အကြောင်းတွေ ချက်ချင်းကြီး ထွက်ချလာတာ
ားလှချေလား ကမာ၊ ကိုယ်ကတော့ မင်းကို ပေးချင်တာ အကြောင်း
ာစ်ခုပဲ ရှိတယ်၊ ကိုယ် အရမ်းမြတ်နိုးတဲ့ ချစ်ရသူမို့လို့ တန်ဖိုးကြီးတာ
ကို ပေးချင်တာ၊ ဒါပဲ .."

ရုန်းသူနဲ့ ဆွဲထားသူ နှစ်ယောက်၏ လက်နှစ်ဖက်က မြဲမြဲနေဆဲ
နှင့် ...

"ကိုယ့်ခေါင်းထဲမှာ မင်းပဲရှိနေတဲ့အကြောင်း ပုံဖော်ပြချင်လို့
စိတ်ကူးတွေ ရင့်သန်ခဲ့တာက ပျက်စီးသွားတယ်၊ အဲဒါကြောင့် ကိုယ့်
ကိုယ်ပေါ်မှာ အကြာကြီး ရှိနေခဲ့ဖူးတဲ့ အမှတ်တရပစ္စည်းတစ်ခုကို ပေး
ချင်တယ်၊ ထူးဆန်းတာ ဘာမှမပါဘူး၊ ဒီလက်စွပ်မှာရှိတဲ့ တန်ဖိုးက
ငွေကြေးမဟုတ်ဘူး ကမာ .. ကိုယ့်အချစ်တွေ .."

ကမာ့ သူ့မျက်နှာကို မော့ငေးနေစဉ် သူ့အလိုကျ ဆောင်ရွက်သွား
ခြင်းဖြင့် ကမာ့ လက်သူကြွယ်လေးမှာ လက်စွပ်က နေရာတကျ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ ချိန်း က.ကမာ့ လက်ချောင်းဖြူဖြူပြည့်ပြည့်လေးကို တ
တယ ငုံ့ကြည့် ပြုံးရင်း ...

"အတော်ပဲ တွေ့လား .. မင်းအချစ်ကိုသာ ရပြီးနေပြီဆိုရင်
လက်ချောင်းလေးတွေကို ဆွဲကိုက်မိမလားပဲ"

"ချိန်း ကလည်း .."

ကမာ ပါးပြင်လေးနှစ်ဖက် ပန်းရောင်ရင့်သွားကာ ရှက်နေသ
အပြုံးနက ကြည့်မဝနိုင်ဖွယ် ..၊ လက်ချောင်းလေးတွေကို သူ့လက်
ဖက်ထဲမှာ ဖွဖွလေး ဖိဆုပ်ထားလိုက်ပြီး ချိန်း က စိုက်ကြည့်ကာ ..

"အရမ်းချစ်တာပဲ ကမာ .. မင်းအချစ်ကိုရရင် ဘာကိုဖြစ်
ကိုယ် ဂရုမစိုက်ဘူး"

"ချိန်း .."

"ဟာင် .."

"လက်ဖွပ်မှာ ချိန်း ရဲ့နာမည် ပါရွေးဆို့ပါ၊ ကမာ့ ကို နားလ
ပါ ချိန်း ရယ် နော် .. ဒါကို လက်ခံထားရရင် ကမာ့ အတွက် အန္တရာ
အရမ်းများလို့ပါ"

"ချစ်သူတိုင်း ပေါင်းဖက်ကြစေသတည်းဆိုတဲ့ ဆိုရိုး ရှိခဲ့လို့လာ
'ကိုယ် ချစ်တာ ကိုယ်ယူကြ'လို့ မိဘတိုင်းရော ခွင့်ပြုနိုင်ကြလို့လာ
'မေတ္တာစစ်မှန်ရင် မဖြောင့်ဖြူးတယ် မရှိဘူး' ဆိုတဲ့ ရှေးစကားကသာ
တည်ခဲ့တာပါ၊ ကိုယ့်ကို မင်း ချစ်လာတဲ့နေ့မှာ အဲဒီသတ္တိတွေ မင်းမှာ
ရှိလာလိမ့်မယ်"

"ဟုတ်လိမ့်မယ် .. ဒါပေမယ့် ကမာ စဉ်းစားပါ့မယ်ဆိုတဲ့ကာလ
မှာ ဒီလိုပစ္စည်းကြောင့် .."

"လုံးဝ အားနာစရာ မလိုဘူး ကမာ၊ ဒါ မင်းကိုချစ်နေတဲ့အတွက်
ပေးတဲ့လက်ဆောင် .. ကိုယ့်ကို ပြန်ချစ်လာအောင် ဖြားယောင်းတာ
မဟုတ်ဘူး၊ မင်းလိုပဲ ပြောရမယ်ဆိုရင်တော့ ကိုယ် မဟုတ်ဘဲ တခြာ





ယောက်ကို ရွေးသင့်တယ်လို့ မင်း ဆုံးဖြတ်မိတဲ့အခါ မျက်နှာပူ
မလိုဘဲ နှုတ်ဆက်သွားလို့ ရတယ်"

ကမာ့ ကို စိုက်ကြည့်နေရင်း မျက်ဝန်းတွေ လွှဲသွားကာ သောက်
စနှင့် ဘေးဖယ်ထားသည့် စတော်ဘယ်ရီမစ်ရှိတ်ကို ဆွဲယူလိုက်
ည်။ ပြီးတော့ ပိုက်ကိုပါ ကိုင်လိုက်သဖြင့် ...

"ချိန်း .. ဘာလုပ်မလို့လဲ၊ ကမာ သောက်ပြီးသားတွေ"

"ဘာဖြစ်လဲ .."

"မဟုတ်ဘူးလေ .. ဟို .. ကိုယ့်ဟာကိုယ် သောက်ပါ ချိန်း ရဲ့.."

"မသောက်ချင်လို့ .."

"ဒါဆိုလည်း ခဏ .."

ကမာ က တစ်သျှူးတစ်စ ထုတ်လိုက်ပြီး ဖန်ခွက်ကို လက်လှမ်း
တော့ လက်ကို ဖယ်ပစ်လိုက်ကာ ...

"ဘာလုပ်မှာလဲ .."

"ဟို .. ပိုက်မှာ နှုတ်ခမ်းနီတွေနဲ့"

"ထားလိုက်ပါ .. နမ်းခွင့်မရှိသေးတဲ့လူဆိုတော့ ဒီလောက်နဲ့ပဲ
ကျေနပ်ရမှာ"

"ချိန်း ကလည်း .."

ကမာ ရှက်ရှက်နှင့် ဆံပင်ကိုင်မိလိုက်၊ နဖူးလေး ကုတ်မိလိုက်
ဖြစ်သွားသည်။ ထို့ပြင် နှုတ်ခမ်းနီရောင်စွန်းပေနေသော ပိုက်တံလေး
သူ့နှုတ်ခမ်းတွေထဲ ရောက်သွားသည်။ ပူပူထူထူကြီး ဖြစ်သွားမိလျက်...

"ပြီးရင် ပြန်မယ်လေ"

ဘာတွေပြောမိမှန်းလည်း မသိ၊ ချိန်း က စိုက်ကြည့်ရင်း ပြုံးကာ...

"ပြီးရင်တော့ ပြန်ကြရမှာပါ၊ မင်းက ကိုယ့်နောက်လိုက်မှာမှ
မဟုတ်တာ"

"ချိန်း နော် .."

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား .. ဘယ်မှာ လာခိုးရမလဲ .. ဘယ်အချိန်လဲ"

"ကြည့်ပါလား .."

ကမာ သူ့လက်ခုံကို ဖွဖွလေး ထုပစ်လိုက်မိသည်။ ထိုလက်ဖ[illegible] ကို ချိန်း က ဖမ်းဆုပ်ထားလိုက်ကာ ...

"ဘယ်လို ချစ်မှန်း မသိဘူး"တဲ့ ...။

ကမာ ရင်တွေခုန်နေမိကာ ကြည်နူးခြင်းတစ်ဝက်နှင့် ထိတ်လ[illegible] ခြင်းကလည်း မပြေ ...။

နှစ်ယောက်တည်း မတွေ့ဖြစ်အောင် တတ်နိုင်သမျှ ရှောင်ရှားခဲ့[illegible] သော အကြောင်းတရားတို့သည် ဤသို့သော အကျိုးတရားတွေ[illegible] ရင်မဆိုင်ချင်လို့ ...၊

ဒါပေမယ့် ...။





အခန်း (၁၃)

"နေထိုင်မကောင်းဖြစ်လာရင် ဆေးကုရမှာပဲ မေမေ၊ စိတ်ဆင်းရဲ ရာတွေ ပြည့်နှက်နေတာကိုပဲ စဉ်းစားနေလို့ စိတ်ဖိစီးမှုကနေ ရောဂါ ဖြစ်လာတာ၊ မေမေ့မှာ ကြီးကျယ်တဲ့ရောဂါ ဘာမှမရှိဘူး၊ သေးသေး မွှားမွှားကို မကုသဘဲ ထားရင်သာ .."

"မေမေ ဘာမှမဖြစ်ပါဘူး"

ဆေးခန်းသွားပြဖို့ ဖြစ်လာတိုင်း မေမေ့ကို အလွယ်တကူ ခေါ်သွား လို့ရခဲ့တာ တစ်ခါမှ မရှိပေ။ ကမာ့ ရင်ထဲမှာ ရှိနေတာက တစ်မျိုး၊ မေမေ ခံစားနေရတာက တခြား ...။

သားအမိနှစ်ယောက်တည်း ရှိနေပြီး ဆုံးဖြတ်ဖို့ရှိလာပြီဆို ဘယ် တော့မှ တပ်တူညီခဲ့တယ် မရှိ ...။

"မေမေက သမီးရဲ့အမေအဖြစ် ရှိနေပေမယ့် ဘာမှ ဦးဆောင်လမ်း ပြ မပြုနိုင်တဲ့အပြင် သမီးက ရှာဖွေကျွေးနေရသေးတယ်၊ စိတ်ကူး ကောင်း အကြံဉာဏ်ကောင်းဆိုတာလည်း မေမေ့မှာ .."

"မေမေ့မှာ အမေဆိုတဲ့ ပုဓော်ခံထိုက်တဲ့ဂုဏ် ရှိပြီးသားပဲ မေမေ၊ သားသမီးဆိုတာ လူလားမမြောက်ခင်မှာပဲ မိဘက ပြုစုစောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



ပေးတာကို ခံသင့်တာ၊ အရွယ်ရောက်နေကာမှ မိဘကို တစ်လှည့် ပြ
ပြီး မပြုစု မစောင့်ရှောက်နိုင်ရင် သားသမီးကောင်း ဖြစ်ပါ့မလား၊ မေမေ
က သမီးကို မချိတရိ ရှန်းကန်ရှာဖွေကျွေးနေရင်သာ သမီး အပြစ်ရှိ
ပါ မေမေရယ် .. မေမေ့ကို ပြုစုရတာ သမီး ကုသိုလ်တွေ ယူနေတာပါ
ဘာမှတွေးမနေပါနဲ့ .. တခြားလူတွေလို နေပူစပ်ခါးထဲ ထွက်ရှာနေ
တာလည်း မဟုတ်ဘူးလေ .. နော်၊ မေမေ့သမီး ကြွကြွလုံ့လုံ့ရှာနေရင်
နဲ့ မေမေ့ကို ပြုစုနေတာ၊ လာပါ .. ဆေးခန်းသွားရအောင်"

ဒေါ်အမာလွင် ခေါင်းမညိတ်သေးဘဲ ကမာ့ ဆံပင်လေးတွေကို
တယုတယ သပ်တင်ပေးရင်း မျက်ဝန်းတို့မှာ မျက်ရည်ဝေ့နေဆဲ ...

"ဒါတွေ မေမေ သိပါတယ် .. မိဘရင်ထဲမှာ ဘာတွေရှိနေတယ်
ဆိုတာတော့ တစ်ခုချင်း ချပြီး ညည်းတွားမနေချင်တော့ပါဘူး၊ ဆိုးဝါး
နေရတာတွေကို ဒါ အကောင်းဆုံးပဲလို့ မြင်နိုင်ဖို့ဆိုတာကလည်း .."

"မေမေရယ် .."

"သမီးနဲ့ မေမေ့အကြောင်းကိုပဲ ပြောရမယ်ဆိုရင် သမီးက အဆင်
ပြေပါတယ်လို့ ပြောနေပေမယ့် လူတွေ စည်ကားနေတဲ့ဆိုင်ထဲမှာ မရွေ
တို့ သားအမိတွေ မေမေ့သမီးအပေါ်မှာ .."

"သားအမိ မဟုတ်ပါဘူး မေမေ .. မမထက် က သမီးကို ညှာပါ
တယ်၊ အန်တီရွှေ ကတော့ မေမေတို့ တွေ့ကြရင်လည်း သူ ပြောပုံက
ဒီပုံစံပဲ၊ သမီးရင်ထဲမှာ ရင်နင့်ကြေကွဲနေတာမှ မဟုတ်ဘဲ မေမေရယ်..
စိတ်မကောင်းဖြစ်မနေပါနဲ့ .."

"အခု သမီးကို တစ်ဆိုင်လုံး လွှဲလို့ရနေပြီဆိုတာတောင် လစာကို
တန်ရာတန်ကြေး ပေးလို့လား သမီး၊ နှုတ်ကလည်း မချို၊ လက်က
လည်း တို၊ သမီး အပျိုအရွယ်လေးနဲ့ သူတို့ ပြောဆိုသမျှ ခံနေရတာ
ဘေးလူတွေအမြင်မှာ ဘယ်လောက် အထင်သေးကြသလဲ"

"တစ်ခွန်းမှ ပြန်မပြောတဲ့လူနဲ့ တစ်ယောက်တည်း အော်ဆဲနေတဲ့





ဘယ်သူ့ကို ကဲ့ရဲ့ကြမလဲ မေမေပဲ စဉ်းစားကြည့်ပါဦး၊ သမီး ခံစား
ည်း ခဏပဲ၊ အဲ့ဖွဲ့ ခံစားမနေမိအောင် ကြိုးစားထားခဲ့တာ အသားကျ
ပါပြီ"

"အေးလေ .. တခြားဆိုင် ပြောင်းလုပ်ဖို့ ဆိုတာကျတော့လည်း.."

"မဖြစ်ဘူး မေမေ .. မမထက် က သမီးအပေါ် ကောင်းတယ်၊
က်ပြီး ဒီပညာတွေကို သူ ပေးခဲ့တာ၊ ကိုယ့်အစ်မဝမ်းကွဲလည်း ဖြစ်
သေးတယ်၊ တခြားလုပ်တာထက်စာရင် ဆွေမျိုးချင်း ထူထောင်ထား
သလို စည်းစည်းလုံးလုံးလုပ်ရတာ ဂုဏ်လည်း ရှိပါတယ်"

ဒေါ်အမာလွင် ကျေကျေနပ်နပ် ခေါင်းညိတ်သည်။ သို့သော် ...

"အေးပါ .. မေမေ ဒီနေ့တော့ ဆေးခန်းသွားလို့ မဖြစ်သေးဘူး
သမီး"

"ဟင်!..."

"စိတ်ညစ်နေတာတွေကို တမင် ထိုင်တွေးနေတာ မဟုတ်ပါဘူး
သမီးရယ် .. ဒီနေ့ အဲဒီပြဿနာထုပ် ရောက်လာမှာကို တွေးနေမိလို့ပါ"

"အိမ်ကိစ္စလား မေမေ"

ဒေါ်အမာလွင် လှုပ်လီလှုပ်လဲ့ ခေါင်းညိတ်ရင်း နေရာမှ ထရပ်
သည်။ နဂိုက သွယ်လျသော ကိုယ်ခန္ဓာဟာ တဘက်စောင်ပါးလေး
ခြုံထားသည့်အောက်မှာ တကယ့်ကို သေးသေးကွေးကွေးပဲ ကျန်၏။

ဘဝကို မြင့်သထက်မြင့်အောင် ရိုးသားစွာ ရှာဖွေ ရုန်းကန်ခဲ့ပေ
မယ့် အမြင့်ဆုံးဆိုတဲ့နေရာ မရောက်နိုင်ခင် ဖေဖေ အပေါင်းအသင်း
ဖျက်လို့ ခြေလှမ်းမှားခဲ့၏။

အမှားမပြုခဲ့ဘူးသူမို့ မှားပြီဆိုသည့် တုန်လှုပ်ခြင်းကို ဟန်လုပ်
မတင်းနိုင်ခဲ့ပေ။ ထို့ကြောင့် 'ဆရာများ သားသေ'ဆိုသလို မိသားစု
ဘဝပျက်တဲ့အထိ ဖြစ်ခဲ့ရသည်။

မှားသွားလို့ ကြောက်လန့်ပြီး ရှန်းလေ နစ်လေ ...။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ မဆုံးမီကတည်းက ဒီအိမ်နဲ့ခြံကို ပေါင်ခဲ့ရတာ ဖြစ်သည်။ အတိုးတွေ ရင့်သန်လာသည့်အချိန်မှာ ရှိတဲ့အထည်ကြီးတွေကိုပဲ ထုခွဲရောင်းချ၍ အတိုးတပ်ခဲ့ရသည်။

ကမာ ရှာဖွေတဲ့လစာဟာ သားအမိ စားဝတ်နေရေးအတွက်တော့ ချို့ငဲ့နိုင်မှာ မဟုတ်ပေမယ့် အပေါင်တိုးအတွက်ကို မတတ်နိုင် ..။

ပတ်ဝန်းကျင်ကို အသိမခံဘဲ ဖြေရှင်းနေကြတာမို့ အိမ်ပေါင်ထားရသည့်အဖြစ်ကို လူမသိပေမယ့် ပစ္စည်းတွေရောင်းပြီ ထုတ်ပြီဆို ကြီးကြီးသေးသေး ပတ်ဝန်းကျင်က သိပြီးသားဖြစ်နေခဲ့၏။

ထို့ကြောင့် ပစ္စည်းတွေရောင်းချပြီး ထိုင်စားနေသည်ဟု ဒေါ်ရွှေရုပ်တို့က ကြေညာမောင်းခတ်၍ ကဲ့ရဲ့ခဲ့သည်။ ကမာ ကတော့ ဆုံးဖြတ်ပြီးသားပါ။ ကိုယ်နဲ့မထိုက်လို့ မမြဲတော့သည့်ပစ္စည်းဆို ဘာကိုမှ မက်မောခုံမင်နေဖို့ မလိုပေ ..။

အိမ်ခြေရာခြေ ပျက်ရမည့်အဖြစ်ကို ကြောက်ပေမယ့် ကြိုးစားနေသည့်ကြားထဲက ပျက်စီးသွားမည်ဆိုလျှင်လည်း မတတ်နိုင် ..။

တိုက်နဲ့မတန်တော့ တဲနဲ့နေရုံပဲ ရှိသည်။ သူမ အဓိက ဆုံးရှုံးမခံနိုင်သည်က မေမေပဲ ဖြစ်၏။ ဖေဖေ ရှိနေကတည်းက ငြိမ်းငြိမ်းလေး နေလာခဲ့သည့်မေမေ့ကို ယောကျ်ားမရှိကာမှ 'ထွက်ရပြီ .. ရှာရပြီ' ဆိုတာမျိုး မမြင်ရက်နိုင် ..။ ပြီးတော့ မေမေက လူရောစိတ်ပါ ခံစားလွယ်တတ်သူမို့ ဖေဖေ ရှိတုန်းကအတိုင်းပဲ မီးမလောင် နေမခစေချင် ..။

သားအမိနှစ်ယောက်စလုံး ရှာနေလည်း ထူးခြားဖွံ့ဖြိုးလာဖို့ မရှိနိုင်မည့်အတူတူ ကိုယ်ပဲ အပင်ပန်းခံဖို့ ဆုံးဖြတ်ပြီးသား ..၊ မေမေ အသက်တစ်နှစ် ပိုရှည်လျှင် မေမေလို့ ခေါ်နိုင်မည့် ပြုစုဖို့အခွင့်အရေး တစ်နှစ်ပိုရမည်။ သူမအတွက် မေမေ အသက်ရှည်ရှည် နေနိုင်ဖို့ထက် အရေးကြီးတာ ဘာမှမရှိ ..။

"ညတည်းက သူတို့ ဖုန်းဆက်ထားတာ"





မေမေ ပြန်စပြောမှ ကမာ အတွေးတွေ ပြတ်တောက်သွားကာ ...ဘေးမှာ သွားရပ်မိ၏။

"မဟုတ်သေးပါဘူး မေမေ .. တစ်နှစ်စာက ပြည့်မှ မပြည့်သေး ...နှစ်လနီးပါး လိုသေးတာကို"

"ဒါပေမယ့် မနှစ်က အတိုးတုန်းက တစ်နှစ်နဲ့ လေးလကြာမှ ...တို့ လာတာလေ၊ အခုလည်း လလိုသေးပေမယ့် .."

"အို .. ဒီလို ဘယ်ရမလဲ"

ကမာ့ စကားအဆုံးမှာ ဆလင်းဘက်ခ်ထဲက ဖုန်းသံလေး ပေါ်လာ...၊ ဒေါ်အမာလွင် ထိတ်လန့်သည့်မျက်နှာနှင့် လှည့်ကြည့်ပေမယ့် ...မာ က အိတ်ဆီ ဆိုးဆိုးဆတ်ဆတ် လျှောက်သွားကာ စားပွဲပေါ်...နေ ဆွဲယူလိုက်သည်။

ဖုန်းထုတ်ယူပြီး အိတ်ကို ဆိုဖာပေါ် ပစ်တင်လိုက်ကာ ...

"ဟလို .. ဒေါ်အမာလွင် အိမ်ကပါ"

"... ... ... ..."

စိုးရိမ်တကြီး လှမ်းကြည့်နေသည့် ဒေါ်အမာလွင့် ထံ ကမာ့ မျက်...ဝန်းတွေ ဖျတ်ခနဲ ဝေ့လာပြီးမှ ဘေးတံခါးဘက်ကို ထွက်လိုက်သည်။

မကြားစေချင်ပေမယ့် မေမေ ထွက်လိုက်လာမှာပဲဆိုတာကိုတော့ သိနေခဲ့၏။

"ကျွန်မတို့ အဆင်သင့် မဖြစ်သေးဘူး အန်ကယ်လ် .. တစ်နှစ်လည်း မပြည့်သေးဘူးဆိုတော့ ကျန်တဲ့အချိန်လေးမှာ ကြိုးစားရဦးမှာ"

"... ... ... ..."

"ဟုတ်ကဲ့ သိပါတယ် .. ဒါပေမယ့် အန်ကယ်လ် .. အဲ့ဒါ ကျွန်မတို့က အချိန်ပိုပေးပါလို့ တောင်းဆိုခဲ့တာ မဟုတ်ဘူးနော် .. သူဌေးနိုင်ငံခြားရောက်နေတယ်၊ ညွှန်ကြားချက် မလာသေးလို့လို့ အန်ကယ်လ်တို့ပဲ ကန့်သတ်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



“ ”
... ... ... ...

“အဲဒီလို မဟုတ်ပါဘူး၊ ဒါပေမယ့် တစ်လခွဲ နှစ်လနီးပါးဆိုတာ နည်းတဲ့အချိန်မှ မဟုတ်တာ၊ အန်ကယ်လ်တို့ဘက်က ရစရာရှိတာကို တစ်နှစ်စာ ထပ်ရွှေ့ထားလည်း ပြဿနာရှိတာမရှိတာ အန်ကယ်လ်တို့ အပိုင်းပါ၊ ကျွန်မတို့အတွက်က တစ်ရက်၊ တစ်ပတ်ကအစ အများကြီး ပြောင်းလဲနိုင်တယ်၊ အဲဒါကြောင့် တစ်နှစ်မပြည့်သေးဘဲ အတိုးတပ်ဖို့ မဖြစ်နိုင်တာကို နားလည်ပေးပါ”

“ ”
... ... ... ...

“ရပါတယ် အန်ကယ်လ် .. သူဌေးပဲဖြစ်ဖြစ် သူဌေးရဲ့ဘိုးတော် ဖြစ်ဖြစ် ကျွန်မက ဒီတိုင်းပဲပြောမှာပါ၊ တစ်ခုရှိတာက ဘယ်သူကပဲ ပြောချင် တွေ့ချင်တာဖြစ်ဖြစ် ကျွန်မဖုန်းကိုပဲ ဆက်သွယ်လိုက်ပါ၊ အိမ်ဖုန်းကို မဆက်ပါနဲ့ .. မေမေက ကျန်းမာရေးမကောင်းလို့ အိမ်တွင်းရေးကိစ္စမှန်သမျှ ကျွန်မကပဲ ဖြေရှင်းမှာပါ”

တစ်ဖက်က ခြိမ်းခြောက်သွေးတိုးစမ်းသည့်စကားတွေကို အပြီးသတ်ထိ နားထောင်ပြီး ကမာ က မဲ့သည်။ ဒေါ်အမာလွင် က ဘေးက နေ သမီးမျက်နှာကို ငေးနေလျက် ပီတိမျက်ရည်တွေ တဝေ့ဝေ့လည်၏။

ဟိုတုန်းကတော့ ကိုယ်ဟာ သမီးလေးကို ထိန်းကျောင်းပြုစုခဲ့တဲ့ မိခင်တစ်ယောက်ပါ။ ခုတော့ သူမ ကလေးပြန်ဖြစ်ခဲ့ပြီလား ..။

မိခင်တစ်ယောက်အပေါ် အေးမြသည့်အရိပ် မိုးပေးချင်နေသော သမီးမျက်နှာလေးကို ငေးနေရင်း ငိုချင်လာမိ၏။

ထိုစဉ် အိမ်ရှေ့က လူခေါ်ဘဲလ်သံလေး မြည်လာသဖြင့် ...

“နေပစေ မေမေ .. သမီး သွားလိုက်မယ်”

ကမာ ရှေ့ကို ပြန်ထွက်ခဲ့ပေမယ့် ဒေါ်အမာလွင် က လက်ကိုဆွဲလျက် အတူပါလာခဲ့၏။

“ဟင်!... ဖူး ..”





ဘာဂျာတံခါးရှေ့မှာ ရပ်နေသည့် ဖူး ကို မြင်တော့ တအံ့တသြ ဖြစ်သွားမိ၏။ ဖူး က ဆံပင်တွေကို ဘီးကုတ်လေးနဲ့ သိမ်းတင်ထားကာ ကျက်ရှည်ပွပွကြီးနှင့် တီရှပ်အနက်ရောင်လေးကို ဝတ်ထားသည်။

မီးခိုးရောင်ကြိုးရှည်အိတ်လေး လွယ်ထားလျက် တံခါးကိုကိုင်၍ သွားလေ့တွေပေါ်အောင် ရယ်နေရင်း ...

“အံ့သြသွားလား ..”

“အံ့သြတာပေါ့ .. အိမ်ကို ဘယ်လိုလုပ် သိတာလဲ”

ကမာ က ပျာပျာသလဲ တံခါးဖွင့်ရင်း ဖူး လက်လေးကို ဆွဲခေါ်တာ ...

“မေမေ .. သူက သမီးသူငယ်ချင်း ဖူးဖူးစင် တဲ့၊ အရမ်းအေးတာ သိလား .. ရေခဲတုံးလေး ကျနေတာပဲ”

“ဟုတ်လား .. ထိုင် သမီး ထိုင် ..”

ဒေါ်အမာလွင် ကလည်း ဖူး လက်လေးတစ်ဖက်ကို ဆွဲ၍ လိုက်လှဲဖော်ရွေစွာ ကြိုဆို၏။

“သမီး အေးဆေးပဲဆိုရင် အန်တီ စားစရာတစ်ခုခု သွားလုပ်လိုက်ဦးမယ် .. ခဏစောင့်နော်”

“ဟာ .. မေမေ မလုပ်နဲ့၊ သူက သူဌေးသမီးပါ၊ စားစရာကို မက်တာ မဟုတ်ဘူး၊ သမီး သူ့ကို နှင်းဆီခြံထဲ ခေါ်သွားပြမလို့”

“ဟာ .. ကောင်းတယ်”

ဖူး ဝမ်းသာအားရလေး ထပြောပြီးမှ ဒေါ်အမာလွင် ကြည့်နေတာကို သတိရပြီး အသံလေး ပြန်တိတ်သွားသည်။

“အေး .. အေး .. ဒါဆို သွားကြ၊ သမီးဦးလေးတော့ အိပ်နေတုန်းပဲနေမှာပါ”

ဒေါ်အမာလွင် က ဖူး ကိုပါ နှုတ်ဆက်ပြီး အိမ်ထဲ ပြန်ဝင်သွား၏။

“နင်တို့ သားအမိနှစ်ယောက်တည်းလားဟင် .. ငါတို့မည်း



www.burmeseclassic.com

www.burmeseclassic.com



အ[illegible]ကတော့ သားအဖနှစ်ယောက်တည်းပဲ၊ ခုတော့ .."

"ကဲ .. သိပြီးသားတွေ ပြောမနေပါနဲ့၊ လူတိုင်းမှာ နာကျင်စရာ တစ်ခုခုတော့ ရှိကြတာပဲ၊ ကိုယ့်မှာပဲ ပူလောင်လှပါလား ထင်မနေနဲ့၊ စကားစလိုက်ရင် စပ်ပူစပ်လောင်တွေ ပါပါလာတယ်"

"မပါပါဘူး ကမာ ရယ် .. အဲဒါကို ညည်းမလို့ မဟုတ်ပါဘူး၊ အိမ်မှာ ငါတို့သားအဖပဲ အဲ .. လူ သုံးယောက် ရှိပေမယ့် အိမ်အကူတွေက အများကြီးပဲ၊ ဒါတောင်မှ ပျင်းတဲ့လူနဲ့ ခိုကပ်တဲ့လူနဲ့၊ ကြမ်းတိုက်ပါဦး .. ဖုန်သုတ်ပါဦးဆိုတာ မနားတမ်း ပြောနေရတာ၊ မပြောတဲ့နေ့က ပြောင်ပြောင်စင်စင် မရှိတဲ့နေ့ပဲ"

"ဟုတ်လား .. သူတို့ကို အစတည်းက ကြပ်မတ်မထားခဲ့လို့လား"

ဆိုဖာမှာ နှစ်ယောက်အတူ ကပ်ထိုင်ကြရင်း ပြောဖြစ်ပြီးဆိုကတည်းက ပြန်ထဖို့ မေ့သွားကြ၏။

"ဒက်ဒီ့ကိုပဲ သူတို့က ကြောက်တာ၊ နာနီကြီးကတော့ အမြင်မတော်ရင် ပြောပြတယ် .. သင်တယ်၊ ပြင်းပြင်းထန်ထန် မဆူဘူး၊ လူတိုင်းမှာ အဆိုးအကောင်း အကျင့်တစ်ခုခုတော့ ရှိကြတာပဲတဲ့၊ သူတို့တွေက ပြောမှ သိကြ လုပ်ကြပေမယ့် မခိုးမဝှက်တတ်ဘူး၊ စပ်စုတတ်တာပဲ ရှိတယ်၊ အပြင်မှာ အိမ်ထဲက အတင်းအဖျင်း ထုတ်မပြောဘူးတဲ့၊ ကိုယ့်အိမ်မှာ ကျွမ်းဝင်ပြီးသားလူကို ထုတ်လိုက်ရင် နောက်လူက ပိုဆိုးမဆိုး အသစ်ထပ်ပေါင်းရမယ်၊ မကြိုက်ရင် နှင်ထုတ်၊ ဒါနဲ့ပဲ အလုပ်သမားကောင်းလည်း ရလာမှာ မဟုတ်ဘူးတဲ့"

"ဒါလည်း ဟုတ်တာပဲ"

"ကောင်းတဲ့လူတွေကျတော့လည်း ဟိုက ခေါ်ချင်၊ ဒီကခေါ်ချင်ဖြစ်လာကြတော့ 'ငါပဲ တော်တယ် .. ကောင်းတယ်'ဆိုတဲ့မာန် တက်လာတာပဲဟာ၊ အဲဒါလည်း ငါ့အမြင်ပဲ၊ လူကောင်းသူကောင်း ရထားပေမယ့်လည်း ကိုယ့်ဆီမှာမြဲဖို့ မလွယ်ဘူးလေ၊ အဲဒါကြောင့် အရမ်းမဆိုး





[illegible]ဆိုရင် သည်းခံရမယ်လို့ နာနီကြီး ပြောတာကို ငါ လက်ခံခဲ့တာ၊ [illegible]ဆိုတာ ပေးတဲ့ဘက်ကချည်း နေရတော့လည်း မကောင်းဘူး၊ ယူတဲ့[illegible]က်ကချည်းပဲလည်း မနေသင့်ဘူးတဲ့၊ တစ်ယောက် အနွံအတာ တစ်[illegible]ယောက်ခံကြမှ သံယောဇဉ်ဆိုတာ ဖြစ်လာတာတဲ့၊ အဲဒါ ဟုတ်နိုင်[illegible]ယ်နော်"

ကမာ က ဖူး မေးတာကို ခေါင်းညိတ်၍ ပြုံးနေသည်။

"အိမ်မှာ ငါတို့အလုပ်သမားတွေ တာဝန်မကျေတာတွေ ရှိပေ[illegible]ယ့် ငါတို့အပေါ်မှာ သံယောဇဉ်ရှိတာ သေချာတယ်ဟ၊ အပြင်အထွက်[illegible]ားတဲ့ မမလှ ဆိုရင် ငါ့အတင်းပြောနေတာ ကြားပြီး မုန့်ဟင်းခါး[illegible]ိုင်မှာ အမျိုးသမီးတစ်ယောက်နဲ့ နပမ်းလုံးကြတာ သိလား"

"ဟုတ်လား .."

"အင်းပေါ့ .. ဟိုးတစ်ခါဆိုရင် နာနီကြီးက ဈေးသည်ခေါ်ဝယ်ပြီး [illegible]ဝမှာ စကားများကြတာလေ .. နာနီကြီးကို ဈေးသည်က နင်ပဲငဆ[illegible]ွ လက်ညှိုးထိုးပြောရမလားဆိုပြီး မမလှ တို့ အဲဒီဈေးသည်ကို ထွက်[illegible]ိုက်ကြတာ"

"ဟယ် .. ကြောက်စရာပါလား၊ တော်တော် အားကိုးရတာပဲ"

နှစ်ယောက်သား စကားတွေ ရေလိုက်လွဲကုန်ကာ ဟားတိုက်ရယ်မိကြ၏။ ဖူး က ပြောနေရင်း ဘာကို သတိရသွားမှန်းမသိဘဲ မျက်နှာလေး တည်သွားကာ ...

"ဘယ်မှာမှ သုံးစားမရတာ တစ်ယောက်ပဲ ရှိတယ်"

"ဟင် .. ဘယ်သူလဲ"

"ဒက်ဒီ့မိန်းမလေ 'ငြိမ်း'တဲ့၊ သူကတော့ ဘယ်သူတွေ ဘာဖြစ်နေနေ အေးဆေးပဲ၊ ဒက်ဒီသွားလေရာ တကောက်ကောက်လိုက်ပြီး လက်ဝါးကြီးနဲ့ရော လက်ဝါးလေးနဲ့ရော အုပ်ဖို့ပဲ စဉ်းစားနေတာ"

ဖူး ပြောပုံက ကွယ်ရာမှာ အတင်းတုတ်နေတာမျိုး မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲကြီးစွာ ညည်းတွားနေခြင်း ဖြစ်၏။

"ငါလေ နင့်အိမ်မှာ သားအမိနှစ်ယောက်တည်းနေတယ်လို့ ကြား ကတည်းက လာချင်တာ သိလား .. ငါ ဒီနေ့ထိ ဘယ်သူနဲ့မှလည်း သူငယ်ချင်း မဖြစ်ဖူးဘူး၊ ခုလို အိမ်လည်ဖို့ဆို ဝေးရော .."

"နင်က အကျင့်မရှိတာလား .. နင့်ဒက်ဒီက စည်းကမ်းလုပ်ထား တာလား"

"စည်းကမ်းတွေနဲ့ နေလာခဲ့ရတဲ့အကျင့်ပေါ့ဟာ၊ ငါ့ပုံစံ ဘာဖြ နေလဲတော့ မသိဘူး၊ ခုကျမှ ဒက်ဒီက ငါ့ကို သူငယ်ချင်းတွေနဲ့ ပေ ဝန်းကျင်နဲ့ ရောထွေးစေချင်တဲ့ပုံ ဖြစ်လာတယ်၊ ငါ ဘာပြောပြော ခွင့်ပြုဖို့ အဆင်သင့်ဖြစ်နေတာမျိုး၊ ဒါလည်း ငါ တွေးမိသလောက်တော့ သူ့အိမ်ထောင်ရေးကို ငါ ငြိုငြင်မှာစိုးလို့ ဖြစ်မှာပါ"

"ဘာကြောင့်ဖြစ်ဖြစ်ပေါ့ ဖူး ရယ် .. ချုပ်ချယ်ခဲ့တုန်းကလည်း နင့်ကို ချစ်လို့ပဲ၊ အခု ခွင့်ပြုနေတာလည်း နင် အထီးကျန်ဖြစ်လာရတာ ကို ခုမှ နောင်တရမိလို့ပေါ့၊ အားလုံးက မိဘမေတ္တာပါဟာ၊ ကဲ - အခု ငါ့ဆီကိုလာတာ အလည်သက်သက်ပဲပေါ့၊ ကားကရော .."

"လမ်း ဟိုဘက်က လက်ဖက်ရည်ဆိုင်ရှေ့မှာ ဦးလေးကြီး စောင့် နေတယ်၊ ငါ နင့်ကို မွေးနေ့လက်ဆောင် ပေးချင်လို့လေ"

"ဖူး ရယ် .. မွေးနေ့က ပြီးသွားပြီဥစ္စာ"

"ပြီးတဲ့နောက်နေ့တည်းက ငါ ယူလာတာ သိလား .. တော်ကြာ မွေး တို့ရဲ့လက်ဆောင်တွေကြားထဲ ထည့်ပေးလိုက်ရင် ငါ့ကို ကြွား တယ်လို့ ထင်ပြီး မုန်းသွားကြဦးမှာ"

ပြောနေရင်း အိတ်ထဲက ထုတ်ယူလိုက်တော့ အနီရောင်ဘူးလေး ထဲမှာ ပလက်တီနမ်လည်ကပ်ကြိုးလေး တစ်ကုံး ..။

"နင့်လည်ပင်းလေးက ပြည့်ပြည့်ဖွေးဖွေးလေးဆိုတော့ ဒါလေးနဲ့ အရမ်းလှမှာ .. ငါ ဝတ်တာတွေ မဟုတ်ဘူးနော်၊ သပ်သပ် ဝယ်ပေးတာ





ရယ်နေသည့် ကမေ့ မျက်နှာလေး လျော့ရဲလျော့ရဲ ဖြစ်သွား၏။

ဖိုးကြီးတဲ့လက်ဆောင်တစ်ခုခုကို လက်ခံရခြင်းသာ ဝန်ထုပ်ဝန်ပိုး စ်ရလို့ပဲ ခံစားမိသည်မို့ မလိုချင် ..။

ဒါတွေ လက်ခံပြီးတော့လည်း လူမြင်ခံရဲမှာ မဟုတ်သည့် ကိုယ့် ခြေအနေကို ပေးချင်နေတဲ့လူတွေကတော့ သိမှာ မဟုတ်ပေ ..။

မလိုချင်ဘူး ခေါင်းခါလိုက်ရင်သာ ရှင်းပြရခက်မှာ ဖြစ်သည်။

တန်ဖိုးရှိတာ မဆိုထားနှင့် ဖန်စီတွေပဲ ရောင်စုံဝတ်တာတောင် တီရွှေ က အရိပ်တကြည့်ကြည့်နှင့် ...

"တစ်ကိုယ်လုံးကို ညွှတ်နေတာပါလား နေကမာ .. အဝတ် ား အရောင်ပြောင်းတိုင်း နားတွေလက်တွေမှာလည်း အရောင်တူ တွေ ပြိုးပြက်လက်နေတာပဲ၊ ခုခေတ်မှာ ဖန်စီတွေလည်း ဈေးက သာ မဟုတ်ဘူး၊ ရွှေပွင့်စင်တာတွေမှာ အရုပ်မတွေလည်ပင်းက ကြိုးတစ်ကုံး သွားမေးကြည့် .. အနည်းဆုံး သောင်းကျော်ရှိတယ်၊ စ်စတယ်လ်ကြိုးတွေ လက်ကောက်တွေရော ဘာထူးလဲ .. ဘာကိုင် က် ကိုင်လိုက် ရှစ်ထောင် တစ်သောင်းဆိုတာ အနည်းဆုံး .."

"သမီးရေ .. နင့်ညီမ မင်းသမီးကို သေချာကြည့်ပါဦး၊ လည်ပင်း ဟာ ဖန်စီမှ ဟုတ်ရဲ့လား .. လက်ရာကတော့ စိန်ထည်တွေနဲ့ နင်လား လားပဲ၊ ပြောလို့မရဘူးလေ .. မျက်နှာလေးက မင်းကြိုက်စိုးကြိုက် တော့ .."

"လူပြောခံရမှာပေါ့ .. ညည်း ဝတ်စားနေတာတွေက အတုတွေ ပေမယ့် ထင်စရာမှ မရှိတာ၊ ငါတောင် တစ်ခါတစ်ခါ ဇဝေဇဝါရယ်၊ ရှိကထူးတော့ အတုတွေဝတ်လည်း ကိုယ်ရောင်ကိုယ်ဝါ ထွက်နေ ာကိုး"

ဤသို့သော မျက်လုံးဒေါက်ထောက်ကြည့်ခြင်းဖြင့် ဝတ်ဆင်ထား ကို အမြဲတမ်း စူးစမ်းနေကြတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က မှန်တာပဲဆိုပြီး ဂရုမစိုက်ပေမယ့် စိတ်ဆင်းရဲတတ်သည်
မေမေ့နားထဲထိ ရောက်ကုန်မှာစိုးတော့လည်း သူမကပဲ ဆင်ခြင်ခဲ့
သည်။ တတ်နိုင်တာလေးတွေ ဝတ်ဆင်ခြင်းကိုကောင်း သိမ်းဆည်
ချွေတာခဲ့ရတဲ့အဖြစ် ...။

"ကမာ .."

"ဟင် .."

"ဘာဖြစ်သွားတာလဲ ယူပါဟာ .. နင် လက်ခံချင်မှာမဟုတ်ဘူ
ဆိုတာ ငါ သိပါတယ်၊ ဒါပေမယ့် ငါ ပေးတာလို့လည်း မပြောဘဲ
တစ်ရက်လောက်တော့ ဝတ်လာခဲ့ပါနော် .. နောက်နေ့တွေ မဝတ်ချ
လည်း သိမ်းထားလိုက်ပေါ့"

"အေးပါ .. နင် အမှတ်တရပေးတာကို ငါ ဝမ်းသာပါတယ်
ငါ့ကို ဘယ်လောက်ခင်လဲဆိုတာ သိရလို့လည်း ဂုဏ်ယူတယ်၊ ငါ တွေ
နေတာက .."

"မတွေးပါနဲ့တော့ .. အခု ငါကိုယ်တိုင် ဆွဲပေးခဲ့မယ်နော်၊ ဆံပ
တွေ ခဏဖယ်ပေး .."

ကမာ က ဆံပင်တွေကို တစ်ဖက်သတ် သိမ်းယူလိုက်ပြီး ခေါင်
ငုံ့ထားလိုက်တော့ ဖူး က ဝမ်းသာအားရ အနားတိုး၍ ဆွဲကြိုးလေး
သေချာဆွဲပေးသည်။

"ကမာ ရယ် .. နင် လှတာကို ငါ တကယ် လက်ခံသွားပြီ သ
လား၊ မျက်နှာမှာ မိတ်ကပ်ပေါင်ဒါနဲ့ ပြင်ဆင်ထားလို့ လှတယ်ပဲ ထ
နင့်လည်ဂုတ်လေးကို ကြည့်တာနဲ့ နင်က လှကိုလှတဲ့သူဆိုတာ သိသ
နေပြီ"

"လုပ်ပြီ ဖူး ရယ် .. ဘာမှ မကျွေးတော့ဘဲ ခြံထဲ ခေါ်သွားမယ်
ဟာကို"

"တကယ် ပြောနေတာ .. ဂုတ်သားလေးက ဝင်းဖန့် စိမ်းနုနေတ





ယဉ်စလေးတွေ ခြေဆင်းပေါက်နေတာနဲ့ မွေးညင်းနုလေးတွေ
ကာ အသည်းယားစရာလေး"

"ဘာလဲ .. ဖက်နမ်းချင်စိတ်တွေ ဖြစ်လာပြီလား"

"ငါက ယောက်ျားလေးဆိုရင်တော့ ခုလိုပုံဆို နင် ခံရမှာပဲ"

"ဘယ်လို .."

"အတင်း နမ်းသွားမှာကို ပြောတာ၊ နင့်အသားအရေလေးတွေက
ည်း လှတယ်၊ နူးလည်းနူးညံ့တယ်၊ ငါတို့နဲ့ လုံးဝမတူတာ သေချာ
တယ်"

"နင်လည်း လှပါတယ် ဖူး ရယ်.. ရတနာစိန်ကျောက်တွေတောင်
ချင်တင်သွေးပေးမှ အရည်အသွေးမြင့်လာတာ၊ နင့်ကို ငါ ပုံဖော်
စ်မယ်လို့ စဉ်းစားနေခဲ့တာ ကြာပြီ"

"ဟင် .. ငါ့ကို .."

"ဟုတ်တယ် .."

ကမာ က ဆံပင်တွေ ပြန်ချပြီး ဆွဲကြိုးကို လက်နဲ့ ပြန်စမ်းကြည့်
ည်။ ပြီးမှ ဖူး လက်လေးကိုဆွဲ၍ နေရာမှ ထရပ်လိုက်ကာ ...

"နင့်ကို ငါတို့ဆိုင် ခေါ်သွားပြီး ဒီဇိုင်းပြောင်းပေးမလို့လေ၊ ပထမ
ားတာက နင် လက်မခံမှာ စိုးတာ .. ဒုတိယ စဉ်းစားနေတာက
အားလုံး လုပ်ပေးချင်တာဆိုတော့ ငါ့မှာ .."

ဖူး မျက်နှာလေး ပြုံးသွားသည်။ ကမာ နဲ့ အတူတူ ခြံထဲရောက်
ကြမှ လက်ချင်းထပ်ဆုပ်ကာ ...

"နင်က အကုန်အကျခံပြီး ငါ့ကို အလှပြင်ပေးဖို့ စဉ်းစားနေတာ
.."

"ဟုတ်တယ် .. မိန်းကလေးတစ်ယောက်အတွက် အလှအပက
ကပဲ၊ ငါထင်တာ မှန်သလား .. မှားသလားတော့ မသိဘူး၊ ဒါပေ
နင် စဉ်းစားကြည့်လေ ဖူး .. ကိုယ့်ထက်လှတဲ့သူလို့ ထင်ရင်



www.burmeseclassic.com

www.burmeseclassic.com



အားမကျတဲ့သူ ရှိလား၊ မနာလိုဖြစ်သွားတာလည်း ငတ်စိတ်
အားကျသွားတာပဲလေ၊ ဖြူစင်တဲ့သူတွေကျတော့ ပေါ်ပေါ်တင်
ပေးပြီး အားကျတာ၊ ဥပမာ နင့်စိတ်ထဲမှာ ဖြစ်လာလိုက် ပျောက်
လိုက် ခံစားနေရတာတွေကိုပဲ ပြန်တွေးကြည့် ..."

"ဖြစ်လာတာက ဟုတ်တယ် .. ပြန်ပျောက်သွားတယ်ဆိုတာ
မဟုတ်ဘူး ကမာ .. ငါလည်း မိန်းကလေးပဲဟာ လှချင်စိတ်
ရှိတာပေါ့၊ ဒါပေမယ့် နင် သိတဲ့အတိုင်းပဲ .. ငါ ဒီတိုင်းနေရက်
တွေကြည့်ရင်တောင် အရမ်းရှက်တဲ့ဟာ .."

"နင် လှလာရင် သူတို့မျက်လုံးတွေလည်း အရောင်ပြောင်း
ကြမှာလေ၊ အခု နင် ရှက်နေလည်း ထူးခြားပြီး ရှက်နေတာကိုက
ချင်စရာ .. လှောင်ချင်စရာ ဖြစ်နေတာ၊ နင် ထူးထူးခြားခြား လှနေ
ဆိုရင် လှောင်ရယ်စရာလိုကြည့်တဲ့ မျက်လုံးတွေမှာ အထင်ကြီး လေး
ခြင်းတွေ ဖြစ်လာလိမ့်မယ်၊ နင်ကိုယ်တိုင် မထင်မှတ်ဘဲ ကိုယ့်
ကိုယ် ယုံကြည်စိတ်တွေ ဖြစ်လာမယ် .. တက်ကြွလာမယ်၊ မနာ
တွေအားလုံးကို မျှော်တာတ် ပျော်တတ်လာမှာ"

ဖူး မျက်ဝန်းလေးတွေ အရောင်လက်လာကာ ဆံပင်တွေ
ခဏ သိမ်းနေမိသည်။ တစ်ခုခုကို အပြင်းအထန် ရွေးချယ်ဖို့ စဉ်း
ဘာမှ ဝေခွဲမရအောင် စိတ်လှုပ်ရှားနေတာမျိုး ..၊

"ကမာ .."

"ဟင် .."

"ငါ နင့်လို မလှရင်တောင် လှတော့ လှချင်တာပေါ့ဟာ.. ငါ

"အင်း .. ဆက်ပြောလေ"

ကမာ က ခြေလှမ်းရပ်ပစ်လိုက်ပြီး ဖူး မျက်နှာလေးကို ပြန်
သည်။

"ပြောလေ ဖူး .."





"ဟို .. ငါ ပြောရင် နင် ရယ်မှာလားဟင်"

"ရယ်စရာဆိုရင်တောင် ရယ်ဖြစ်မှာ မဟုတ်ဘူး ဖူး၊ ငါက
ခံစားချက်တွေကို နားလည်ချင်တဲ့သူပါ"

မျက်နှာ ဝမ်းသာအားရလေး ဖြစ်သွားသည်။ သို့သော် ခဏ
မှာပဲ ပြန်၍ ညိုးကျသွားခဲ့ပြီး ...

"ငါ အဲဒါကို ပြောချင်ပေမယ့် အားယူရဦးမှာပါဟာ .. အခု
လာဆယ် နင့်အစီအစဉ်အတိုင်း ငါ လုပ်နိုင်အောင် ကြိုးစားမယ်
.. ငါ ဆုံးဖြတ်ပြီးရင် နင် ပိုက်ဆံမကုန်ရပါဘူး ကမာ ရယ်
အတိုင်းအတာအရ ငါက နင့်ကိုတောင် ပြန်ကူညီရမယ်ဟာ"

"ဟုတ်ပေမယ့် ငါက နင့်ကို ငါ့လက်နဲ့ ငါ့စိတ်ကူးနဲ့ပဲ
ပေးချင်တာ"

"အေးပါ .. ပြင်ပေးရမှာပါ၊ ငါ့စိတ်ကို ငါ တင်းနိုင်ပြီဆိုရင်
ကိုပဲ လာခဲ့မှာ၊ ဟယ် .. ရှေ့မှာ နှင်းဆီပင်တွေနော်၊ အများကြီးပဲ
တာ"

ပြောလက်စတွေကို မေ့ကြပြန်ကာ နှစ်ယောက်စလုံး ခြေလှမ်းတွေ
ကုန်ကြ၏။

"နိုင်ငံခြားနှင်းဆီတွေ ရောင်စုံပဲနော် .. လှလိုက်တာ ကမာ ရယ်၊
နင်တို့အပိုင်လားဟင်"

ကမာ က နှင်းဆီခြံသေးက ထင်းကိုဒေါင်ပုံစံ ပျဉ်ထောင်အိမ် ပုပု
သေးလေးကို လှမ်းကြည့်ပြီး သက်ပြင်းချရင်း ခေါင်းညိတ်သည်။

"ပိုင်တော့ ပိုင်ပါတယ်၊ အကျိုးအမြတ်ကတော့ ထင်သလောက်
ပါဘူးဟာ"

"ဘာဖြစ်လို့လဲ"

"ဒါတွေကို ဂရုစိုက် ပျိုးထောင်ပေးတာက မေမေ့မောင်အရင်း
လေးလေ .. ဟိုအိမ်လေးထဲမှာ နေတယ်၊ ငါတို့ စီးပွားရေးကောင်း

www.burmeseclassic.com

www.burmeseclassic.com



တုန်းကတည်းက မေမေနဲ့အတူတူလိုက်ပြီး ကူညီတယ်၊ မေမေ့ကို
အစ်ကိုရင်းလို လေးစားတယ်၊ ဒါပေမယ့် အရက်ကြိုက်တဲ့အ
မဖျောက်နိုင်ဘူးဟာ .. မေမေ ရှိတုန်းကတော့ ယောကျ်ားချင်းသို
ဆူဟယ်ပြောဟယ်နဲ့ပဲ ပြီးသွားတာပဲပေါ့၊ နောက်ပိုင်းကျမှ အ
ကြီးဖြစ်သွားတာ၊ အချိန်တိုင်း မူးယစ်ရီဝေနေတဲ့ ယစ်ထုပ်ကြီး

"ဟုတ်လား .."

"အဲဒါကြောင့် ငါတို့ ပြောလွန်းလို့ နားပူတယ်ဆိုပြီး ဒီအ
အကြောင်းပြကောင်းကောင်းနဲ့ ခြံထဲဆင်းနေတာလေ၊ အိမ်ထောင်
မပြုဘူး၊ အရက်ကိုလည်း မဖြတ်ဘူး၊ ငါလည်း မပြောတော့ဘူး
ယစ်ထုပ်ကြီး ဖြစ်နေလည်း သူ့အစ်မကိုတော့ စောင့်ရှောက်ဖော်
တယ်ဆိုပြီး ဒီတိုင်းပဲ ထားလိုက်တော့တယ်"

"အန်တီ့ကိုတော့ လေးစားတယ်ပေါ့"

"အင်း.. ချစ်လည်း ချစ်ပါတယ်၊ မေမေ ဆူရင် တစ်ချက်မှ
မထွက်ဘူး၊ ပြီးမှ လုပ်ချင်တာ လုပ်တာ၊ သူ လုပ်ချင်တာလုပ်
ဆိုတာက ဒီပန်းပင်တွေထဲက ရသမျှကို အရည်ဖျော်တာလေ"

"ဟင်!.."

"ငါက ပန်းအလှစိုက်တဲ့ ဆိုင်နှစ်ဆိုင်နဲ့ ဆက်သွယ်ထားတ
ဖုန်းနဲ့ ချိတ်ပေးရုံပဲ၊ သွားပို့တာ ငွေထုတ်တာတွေကို လေးလေး
လုပ်တာလေ .. ငါ့ကို ပြန်တော့ အပ်ပါတယ်၊ ဗိုက်တစ်ဝက် စင်
ဝက်ပေါ့"

"အေးနော် .. ဒီဝင်ငွေလေး အပြည့်အဝရရင်လည်း နင် 
တော် အသက်ရှူချောင်မှာ"

အဖူးအငုံတွေနှင့် ရောင်စုံဝေနေသည့် နှင်းဆီခြံလေးက တစ်
တစ်ခေါ်ကြီးတော့ မဟုတ်ပါ။ ဒါပေမယ့် ပေခြောက်ဆယ် ပတ်လ
လောက်တော့ ရှိမည်ထင်သည်။ အပင်တိုင်း ရှင်သန်လန်းဆန်းနေ





အငုံတွေ ဝေနေသဖြင့် မျက်စိအေးဖွယ် ဖြစ်၏။

"နင်တို့တိုက်ကြီးလည်း ဟောင်းနေပေမယ့် အကြီးကြီးပဲနော်၊
ည်းထားပုံလည်း စနစ်ကျတယ်၊ သူ့နေရာနဲ့သူ ကျယ်လည်း ကျယ်
ယ်၊ လေဝင်လေထွက်ကောင်းအောင် သေချာစီရင်ပြီး ဆောက်ထား
ာပဲ"

"ဖူး က ဒါတွေလည်း မြင်တတ်သားပဲနော်"

"မြင်တတ်တာပေါ့ .. ဒက်ဒီက လုပ်ငန်းတွေ အများကြီး လုပ်
ာလေ၊ ငါ့မှာ တခြားစပ်စုသွားလာစရာ မရှိတိုင်း အိမ်ထဲမှာပဲ နေ
ာ့ ဒက်ဒီ လုပ်ကိုင်ပြောနေသမျှ မမြင်ချင် မကြားချင်မှ အဆုံး .."

"နင်လည်း စိတ်ဝင်စားမှုရှိလို့ ခေါင်းထဲရောက်နေတာပါ ဖူး
ယ် .. ငါလည်း နင့်ကို သူလိုကိုယ်လို လွတ်လပ်ပွင့်လင်းတဲ့ မိန်း
လေးတစ်ယောက် အရမ်းဖြစ်စေချင်တာပဲ၊ နင့်မှာ ဘာမှ လိုအပ်ချက်
ိဘဲနဲ့ မနှစ်မွှန်းသင့်ဘဲ နှစ်မွှန်းနေတာ"

ဖူး က ဘာကို သတိရသွားသည်မသိဘဲ ရှက်ဝဲဝဲလေး ပြုံးလိုက်ပြီး
ိုးရှည်အိတ်လေးရဲ့ ကြိုးစအနားလေးတွေ ပွတ်သပ်နေရင်း ...

"ငါ နင့်ကို အားကျတာလည်း အဲဒါတွေပဲ၊ ငါတင် မကပါဘူး
ူး တို့လည်း ဒီတိုင်းပဲ"

"ဘာတွေလဲ .. ဘာကို အားကျစရာရှိလို့လဲ"

"အဟွန်း .. နင့်မှာ သူငယ်ချင်းချောချောလေးတွေ ရှိနေတာလေ"

ကမာ မျက်မှောင်ကုတ်သွားပြီးမှ တွေးမိသွားကာ ...

"ဪ .."

"ဟိုတစ်ခါ ပြောဖူးတယ်နော် .. ချိန်း ဆိုတာက .."

"အောင့် သူငယ်ချင်းပါ .. ခုတော့ အတူတူပါပဲ၊ ခင်နေကြတာပဲ
လေ .. ပိုရင်းနှီးတာနဲ့ သိပ်မရင်းနှီးကြတာပဲ ကွာတယ်"

"ဟိုလေ .. အဲဒီ ချိန်း ဆိုတဲ့လူနဲ့ ငါ ဝင်တိုက်မိတာ နင် သိသား"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ် .. ဟိုနေ့က နင် ချော်လဲတာကို ရယ်လို့ ငါနဲ့
စကားများကြသေးတယ်"

"ဘာလို့များတာလဲ ကမာ ရယ် .. ငါကိုက နမော်နမဲ့နိုင်
နင် သိသားနဲ့"

နောက်တစ်ခါဆို ချိန်း နဲ့ မိတ်ဆက်ပေးပါလားလို့ ပြောလိုက်
သည်။ ဒါပေမယ့် ပါးစပ်က မထွက်နိုင် ..၊ ကမာ့ ကိုဆိုရင် ဘာ
ပြောရဲနေပြီလို့ စိတ်က ထင်ပေမယ့် တကယ်တမ်းကျတော့ ချိန်း ဆို
မှာမည်ကို ထည့်ပြောလိုက်ရတာတောင် အသံတုန်ချင်၏။

ကိုယ်ကချည်းပဲ တစ်ချိန်လုံး ချောင်းမြောင်း ငေးမောနေခဲ့
ယောက်ျားကို သူ့တစ်ကိုယ်လုံး ကိုယ့်ပေါ် ပစ်ကျပြီး ထိကပ် ပွတ်တို
သွားမိတဲ့အထိ နီးစပ်ဆုံး တွေ့ခဲ့ရတဲ့အဖြစ်က တိတ်တမိုး ရင်ခုန်သံ
ကို ပါမစ်ပေးလိုက်တာလား ..။

မမျှော်လင့်ရဲခဲ့တာတွေက မျှော်လင့်မိတဲ့အထိ သွေးဆွခဲ့၏။ သူ
သူငယ်ချင်းမလေးက ကိုယ့်ကို အချစ်ဆုံးသူငယ်ချင်းအဖြစ် သတ်မှ
ဖော်ရွေလာခဲ့တာလည်း သူနဲ့ကိုယ်ရဲ့ ဆုံစည်းဖို့လမ်းစ ဖြစ်လာသ
မျှော်လင့်နေခဲ့မိသည်။

ဒါပေမယ့် ဒီနေ့ထိ ကမာ့ ဆီမှာ ချိန်း အကြောင်း သူမ ဘာ
မမေးရဲသေးပေ ..။ ကမာ ဒီလောက်လှနေတာကို အရမ်းချောတဲ့ ချိ
ကရော ချစ်နေနိုင်မလားလို့ တွေးမိခဲ့တာလည်း ရှိသည်။

ထိုအတွေးက 'သူငယ်ချင်းတွေပါပဲ'လို့ ကမာ ပြောလိုက်သည့်
စကားတွေအောက်မှာပဲ ပျောက်ပျက်သွားခဲ့ပြီ ဖြစ်သည်။

သူမအတွက် ကမာ နဲ့ ခင်မင်ခွင့်ရခဲ့ခြင်းသည် ဘဝက ပေးတဲ့
ကံကောင်းခြင်းလက်ဆောင် ..။





## အခန်း (၁၄)

"ခုတစ်လော ဖူး ပုံစံ ပြောင်းလာသလိုပဲ"

"ဘာဖြစ်လို့လဲဟင်"

အအေးသောက်နေသည့် ဖူး မျက်နှာလေးက အထိတ်တလန့်နှင့် မော့လာ၏။ သဲ က အားလုံးကို သက်သေပြုသလို ဝေ့ကြည့်၍ မေးဆတ်ပြကာ ...

"ဟုတ်တယ်မို့လား .. အပြင်တစ်ခါလိုက်ဖို့ လက်ဆွဲပြီး မရမက ခေါ်ထုတ်နေရတဲ့သူက အခု ရှောရှောလျှူလျှူ လိုက်လာပြီး မျက်နှာမော့ပြီး ပြောပြောဆိုဆို ရယ်ရယ်မောမော ဖြစ်လာပြီ"

"ဘယ်ခေါ်ခေါ် လိုက်ဖို့ပြင်ပြီးသား ဖြစ်နေတာလည်း ထည့်ပြောပါဦး"

မွေး က ဝင်ပြောပြီး ရယ်ကာ ...

"ဖူး လက်ကိုဆွဲပြီး ကျောင်းကိုပတ်ရတာ ဘယ်နှစ်ပတ်မြောက်မှာ ဖူး ဒီလို ပြောင်းလဲလာတာလဲ သိပါရစေ .."

ကမာ့ နှုတ်ခမ်းရဲ့မှာ ထီးရိုးလေးနဲ့လှမ်းကပ်ပြီး မေးတော့ အားလုံးက ရယ်ကြသည်။ ကမာ ကလည်း ခါးလေးဆန့် အကျီလေး ဆွဲချကာ လည်ချောင်းရှင်းလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ .. ကျောင်းကို နေ့စဉ် ပတ်လျှောက်ခဲ့တာတော့ ခြောက်ပတ် .."

"ဟဲ့ .. ဟဲ့ .. အမလေး .. ခြောက်ပတ်ဆိုတာကြီးကို ဗီဗီသသ ပြောစမ်းပါ၊ နားယားလိုက်တာ"

"ခြောက်ပတ်လေ .. ဗီပါတယ် .. ဗီတယ်မို့လား မွေး .."

"ခစ် .. ခစ် .. ခစ်"

"ဘာတွေ ကြေညာနေတာလဲ မသိဘူးကွ .. စိတ်ဝင်စားစရာပဲ" ကြည့်စမ်း ...၊

ရယ်နေသည့် ကမာ့ နှုတ်ခမ်းလေး တိုးလိုးတန်းလန်းနှင့် ရပ်သွားကာ နောက်ကျောက စားပွဲဆီ ဖျတ်ခနဲ လှည့်ကြည့်မိသည်။ သုံးယောက်တည်းနှင့် သွားကြီးတွေ အဖွေးသားဖြစ်နေကြကာ ကမာ့ ကျောပြင်လေးကို မျက်နှာမူ၍ ထိုင်သည့် ပိန်ရှည်ရှည်တစ်ယောက်က မျက်လုံးတွေ ဟိုလွဲဒီလွဲနှင့် ...၊

"ကြားလိုက်လား ကျော်ဇင် .. ငါပဲ နားကြားမှားတာလား မသိဘူး"

သူတို့ပဲ တခြားအကြောင်း ပြောနေတာလိုလို..၊ တခြား နှစ်ယောက်ကလည်း ကမာ တို့ စားပွဲကို ဖျတ်ခနဲ လှည့်ကြည့်ပြီးမှ စပ်ဖြဲဖြဲတွေ ဖြစ်ကုန်ကာ ...

"အချင်းချင်း အလုအယက် ကြော်ငြာနေကြတာ ဖြစ်မှာပေါ့ကွ၊ တချို့က အမှန်အကန် မဟုတ်တာတွေ ရှိတယ်လေ"

ယုတ်မာတာ ကြည့် ...၊

မွေး ဆတ်ခနဲ ကိုယ်မတ်သွားသည်။ သဲ တို့ စကားသံတွေ တိတ်ကျသွားလျက် နားရွက်တွေတောင် ထောင်ကားသွားသလား ထင်ရသည်။

"မကြုံဖူးပါဘူးကွာ .. အပတ်ရေ တွက်နေတာ ဒီလောက်လည်း ခက်တာ မဟုတ်ဘဲနဲ့"

"အေးလေ .."





"တောက် .."

မွေး တက်ခေါက်လိုက်တော့ ကမာ က မွေး လက်ညှိုးဆုပ်လေးကို လှမ်းကိုင်ထားလိုက်ကာ ...

"ဒေါသထွက်မနေနဲ့ .. ခုနေ သွားရန်စရင် သူတို့က အသာလေး ရှောင်ထွက်သွားမှာ"

"အေးလေ .. ပြီးရင် ကိုယ်ပဲ အရှက်ကွဲ ကျန်ခဲ့မှာကို"

"အသာလေးနေ .. ငါ လုပ်ပြမယ်"

ကမာ က စာအုပ်တစ်အုပ်ထုတ်၍ ဆော့ပင်နဲ့ စာလုံးခပ်ကြီးကြီး ရေးလိုက်၍ ရယ်ကာ ...

"ပိုက်ဆံရှင်းလိုက်တော့ မွေး .. သွားရအောင်"

မွေး တို့ကလည်း ဆတ်ခနဲ ခေါင်းညိတ်ကာ မဆိုင်းမတွ ဆောင်ရွက်၏။ ဖူး ကတော့ ကမာ ချရေးလိုက်တဲ့ စာတွေကို ဖတ်ကြည့်ပြီး မျက်လုံးတွေ ကျွတ်ထွက်မတတ် ပြူးကျယ်လာသည်။

ချက်ချင်း ခြောက်သွေ့လာသည့်အာခေါင်ကို တံတွေးမျိုချ၍ အကြိမ်ကြိမ် ဖျောင်းဖျနေရ၏။

"ဘ .. ဘာလုပ် .."

"တိတ်တိတ်နေ .."

ထစ်ထစ်ငေါ့ငေါ့ မေးဖို့ ပြင်လိုက်တော့ ကမာ က တိုးတိုးလေး ပြောပြီး ခေါင်းခါပြကာ လက်မအရွယ်လောက် ကော်ဘူးလေးကို ထုတ်လိုက်ပြီး သေချာလုပ်နေ၏။ လိုအပ်တဲ့ပစ္စည်းတွေက အားလုံး အဆင်သင့် ပါနေတာပဲ။ ဖူး အံ့သြပြီးရင်း အံ့သြလျက် ...

"အိုခေ .. သွားကြမယ်"

ကမာ က မျက်စပစ်လိုက်ပြီး စားပွဲနှစ်လုံးကြားကနေ သွားဖို့ အချက်ပြ၏။

မွေး က မျက်နှာလေးမော့၍ ရှေ့ဆုံးက ချီတက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖူး လက်ကို သဲ က ဆွဲ၍ နောက်ကလိုက်၏။ သူသူသန်း က ကမာ့နောက်မှ နောက်ဆုံးဖြစ်ကာ ကျောဆေးထိုင်နေသည့်တစ်ယောက် နားရောက်သည်နှင့် ကမာ အချက်ပြလိုက်သည့်အတိုင်း ...

"အမလေး .."

"အမေ့ရေ .."

ကမာ့ တစ်ကိုယ်လုံး ထိုကျောကုန်းပေါ် ကုန်းကွ ပြိုကျလေသည်။

"ဟ .. ဘာဖြစ်တာလဲ"

"ဆောရီးပါ .. သူ တွန်းလိုက်လို့"

"ဟား!..."

ကမာ့ မျက်နှာလေးကို လည်ပြန်မော့ကြည့်ကာ ထရပ်လိုက်မလို ဖြစ်သွားပြီးမှ မအီမလည် ပြန်ထိုင်၏။

"လဲမှာပေါ့ .. မိန်းကလေးတွေ ခြေလှမ်းမှားအောင် ပါးစပ်တွေက စက်သေနတ်ပစ်နေတာကိုး"

"အမ်မာ .. ဘာဆိုင်လို့လဲ"

မွေး က ရှေ့ဆုံးကနေ လှည့်ရန်တွေ့တော့ ယောကျ်ားလေး သုံးယောက်၏ အာရုံတွေ မွေး ထံမှာ စုပြုံ၏။

"ဟွန်း .. မပြောလိုက်ချင်ဘူး"

"ဘာ မပြောချင်တာလဲ .. မင်းလူက သူ့ဟာသူ မမြင်တာ"

"ဟုတ်ပါတယ် .. ဆောရီးပါ"

"မှားသွားပါတယ် .. တောင်းပန်ပါတယ် .. ဆောရီးပါရှင်"

သူသူသန်း က ခါးလေးကုန်း၍ ကျကျနန ရှိသည်။

တန်းစောင်းတစ်ခုလုံး ဝိုင်းစန်းကြည့်ရှုခြင်း ခံကြရကာ ထို သုံးယောက်မျက်နှာတွေက စပ်ဖြဲဖြဲနေခြင်းသို့ တစ်ဖန် ပြန်ရောက်၏။

ဘုရားရေ ...။





ခပ်လှမ်းလှမ်းရောက်နေကာမှ ပြန်လှည့်ကြည့်လိုက်မိသော ဖူး ပါးစပ်လေး အဟောင်းသားနှင့် ကိုယ့်ပါးစပ်ကို လက်နဲ့ ပြန်ပိတ်လိုက်မိသည်။

စောစောက ကမာ တရေးနေသည့်စာရွက်ကြီးက ဟိုတစ်ယောက်ရဲ့ ကျောပေါ်မှာ ပြန့်ပြန့်စန့်စန့်ကြီး ကပ်လို့ ...။

"ဟား .. ဟား .. ဟား .. ဟား ..."

တခြားစားပွဲက ရယ်သံတွေ တိုးတိုးကြိတ်ကြိတ် ထွက်လာကြ၏။ လှည့်ကြည့်လိုက်တော့ အားလုံး၏ မျက်လုံးတွေက ထိုစာရွက်ပေါ်မှာ ...။

ကျွန်တော်တာ အချစ်စစ်တို့ လှည့်ပတ် ရှာဖွေခဲ့ပေမယ့် ...
ခြောက်ပတ်ခြောက်မှာပဲ အညွန့်တုံးခဲ့ရပါသည်။

ပို့
A ဆုပ်ရ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဟဲ့ .. ဟိုရှေ့မှာ ဟိုကောင်တွေ စောင့်နေကြတယ် .. ဘယ်လို လုပ်မလဲ"

"ဟယ် .. ကမာ"

အားလုံးထဲမှာ ဖူး တစ်ယောက်တည်း ဒူးတုန်နေကာ ကမာ့ နောက်ကျောကို ချက်ချင်း ရောက်သွား၏။

"ဖူး ကို ခေါ်သွားကြ .. ငါ စခဲ့တာ ငါဘာသာ ရှင်းမယ်၊ ဟွန်း.. သူတို့ကိုများ ဂရုစိုက်မယ် မှတ်လို့"

"အံမာ .. ငါတို့လည်း လိုက်မှာပေါ့"

တစ်အုပ်စုလုံး တက်ညီလက်ညီနဲ့ ဆက်လျှောက်ကြသော်လည်း ဖူး ကတော့ ကမာ့ နောက်ကနေ ဖနောင့်ကို တက်နင်းလိုက်၊ ခြေထောက်ကို ဝင်တိုက်လိုက်နှင့် သူမ တစ်ယောက်တည်း အလဲလဲ အပြိုပြို...၊

"နေကမာ .."

အနားရောက်သည်နှင့် စာကပ်ခံရသူက ကျားကျားလျားလျား ထွက်လာပြီး ကမာ့ ရှေ့က ပိတ်ရပ်၏။





"ဘာလဲ .. ရှေ့က ဖယ် .."

"ဖယ်မလို့လာတာ မဟုတ်ဘူး၊ ရှင်းမလို့ .."

"ဘာကိုလဲ .."

"မနက်က ငါ့ကျောမှာ စာကပ်သွားတာ မင်း .."

"ဟုတ်လို့လား .. ကိုယ့်ကျောမှာ ဘာဖြစ်သွားမှန်းတောင် မသိလိုက်ဘူးတဲ့၊ ပြောကြည့်ပါဦး .. ဘာတွေ ရေးထားလို့လဲ"

ကမာ က မျက်ခုံးလေးပင့်ပြီး တည့်တည့်စိုက်ကြည့်၍ မေးသည်။ ထိုသူက ကမာ့ မျက်ဝန်းလေးတွေကို ကြည့်တော့ ဘာပြောမလို့မှန်း မသိဘဲ အကြာကြီး တိတ်နေပြီးမှ ...

"ငါတို့က ရယ်စရာမို့လို့ ရယ်တာ၊ ဒါပေမယ့် ဘယ်သူမှ မကြားဘူး၊ မင်းလုပ်သွားတာ ငါ ဘယ်လောက် အရှက်ကွဲခဲ့ရလဲ သိလား"

"ဘယ်သိမလဲ .. ငါက နင်မှ မဟုတ်တာ"

သုံးယောက်စလုံး ခပ်ချဲချဲပိတ်ကာပြီး ပြုံးပြုံးပြဲပြဲ ပြောနေပေမယ့် ကမာ့ မျက်နှာက တစ်စက်လေးမှ ဂရုစိုက်ပုံ မရှိ ..။

ဖူး ကမာ့ ကျောမှာ နဖူးလေးနဲ့ ကပ်ထိကွယ်ထားရင်း ရင်တွေခုန်နေတာ ဆူညံ ခုန်ပေါက်နေ၏။ ယောကျ်ားလေးသုံးယောက်စလုံး ညိုတဲ့သူရော ဖြူတဲ့သူရော အကျည်းတန်တာ တစ်ယောက်မှ မပါပေ။

ထို့ပြင် သေချာနေတာက ကမာ့ ကို ရန်လိုနေတာနှင့်မတူဘဲ စူးစိုက်ငေးမောနေကြတာပဲ မြင်နေရ၏။

ငါပဲ စိတ်ထင်နေတာလားလို့ တွေးနေတုန်း တစ်ဖက်က စကားသံကို ကြားလိုက်ရ၏။

"ငါတို့က ရန်ဖြစ်ချင်လို့ လာပြောနေတာတော့ မဟုတ်ဘူး၊ ဒါပေမယ့် မင်း တောင်းပန်သင့်တယ်ဆိုတာ .."

"ဘာဖြစ်လို့ တောင်းပန်ရမှာလဲ .. ငါကလည်း ပါးစပ်ပေါ်ဆွေမျိုး မရှိတဲ့လူတွေရှေ့မှာ စနောက်ချင်အောင် စကားမှားသွားတယ်နင်တို့



www.burmeseclassic.com

www.burmeseclassic.com



လည်း ပါးစပ်သရမ်းမှုကြောင့် ခံလိုက်ရတယ်. . ပြီးတာပဲ၊ ရှေ့က ဖယ်."

"ပြီးနိုင်ပါတယ် .. ဒါပေမယ့် ရန်မဖြစ်ကြဘဲ ဘော်ဒါတွေဖြစ်ကုန်ရင် ပိုအကျိုးမရှိဘူးလား"

"အံမာ .. ဆိုင်လို့လား"

"ဆိုင်လို့ရတာပဲ .. တစ်ကျောင်းတည်းပဲဟာ၊ လုပ်လိုက်ပါ .. ငါတို့က အမြိုးတေး မထားပါဘူး"

"ဟား .. ဟား .. ဟား .. ရယ်ရတယ်"

မွေး က အားရပါးရ ဟားတိုက်သည်။

"ငါတို့ကတော့ ချဲလန့်လုပ်မလို့ အပြတ်အသတ် မြင်နေတာ၊ လက်စသတ်တော့ ဇာတ်လမ်းဖြစ်ချင်တာပဲ"

သုံးယောက်သား မျက်နှာတွေက မချိုမချဉ်ဖြစ်သွားကြကာ ...

"လောလောဆယ် သူငယ်ချင်းတွေ ဖြစ်ကြဖို့ပါ"

"လောလောဆယ်လည်း မဖြစ်ဘူး၊ နောက်လည်း ဖြစ်ဖို့ မရှိဘူး၊ ကမာ .. လာသွားမယ်"

ငကြောင်တွေမှန်း သိတော့ သတိထားဖို့ တင်းထားသည့်စိတ်တွေလည်း လျော့ကျကုန်ကာ မွေး က ကမာ့ ကို လက်တို့ပြီး ကွေ့ရှောင်ထွက်၏။

မြူးပြုံလာခြောက်ဖို့ ကြိုးစားသည့်မျက်နှာတွေက ခုကျတော့ ဆီသုတ်ထားသလို ပြောင်ချောကုန်ကြကာ ...

"နေကမာ .. စဉ်းစားပေးနော် .. ခင်ချင်လွန်းလို့"

"စောင့်နေမယ် .. အိုခေ"

"ဖုန်းတစ်ချက်ပဲ ဆက်"

တစ်ယောက်တစ်မျိုး လှမ်းပြောရင်း ကျန်ရစ်ကြ၏။

သဲ နဲ့ မွေး တို့ အကွယ်ရောက်မှ လက်သီးလက်မောင်းတန်း၍ မဲ့ရွဲ့ ကဲ့ရဲ့လေသည်။



"ကျောင်းမတက်ဘဲ သရီးစတားအဖွဲ့ဆိုပြီး လူရှင်တော် လုပ်စားကြပါလား၊ ရုပ်တွေကိုက ချက်ချင်း .."

"အေးလေ"

"မပြောကြပါနဲ့ဟယ် .. ချောတောမောတောလေးတွေပါ"

"ဟုတ်ပ .. သူတို့ခမျာ ရှေ့မျက်နှာ ပေါင်ကြားထဲ ထားပြီး ကျောက်ကျောတုံး ဆီသုတ် လမ်းပြောင်းပြန်လျှောက်လာရလို့ ခေါက်တိခေါက်ထိုးလေးတွေ ပြောရရှာတဲ့ဟာကို .."

"တော်ပါတော့ .. သူပြောမှပဲ"

အားလုံး ရယ်ကြတော့ ထူးဆန်းအံ့ဖွယ် ..။

မွှေး ကလည်း ရယ်နေတာ အသံတွေတောင် ထွက်လို့ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ကမာ .."

ကားက ကိုယ့်ရှေ့ကျော်ပြီးမှ ရပ်သွားပေမယ့် ကိုယ့်ကြောင့်လို့ မထင် ..၊ ကားကိုလည်း သေချာမကြည့်လိုက်တာမို့ ဖူး တို့ကားဆိုတာ မသိလိုက်ခြင်း ဖြစ်သည်။

ခေါင်းနှင့်အတူ ဖူး မျက်နှာလေး ပေါ်လာမှ ...

"ဖူး .."

"ဘယ်သွားမှာလဲ .. လာ .. ကားပေါ်တက် .."

"နေပစေ ဖူး .. ရှေ့မှာ ကားမှတ်တိုင် ရောက်နေပြီ"

"လာပါ ကမာ ရယ် .. အိမ်ထိ လိုက်ပို့ပါ့မယ်၊ ငါလည်း အိမ် ပြန်မှာပဲ၊ အိမ်ကို ခဏ အလည်လိုက်ခဲ့ .. ခဏပဲ၊ ပြီးရင် ငါကိုယ်တိုင် ပြန်ပို့ပေးပါ့မယ် .. လာပါ"

တံခါးဖွင့်ပေး၍ သေချာခေါ်နေသဖြင့် ကမာ ဖူး ရဲ့ဘေးကို ရောက်သွားသည်။ သူမ ပါလာသဖြင့် ဖူး က ပျော်သွားပုံရှိကာ ...

"အတော်ပဲ .. ဒီနေ့ ငါ့အိမ်မှာ ရှမ်းခေါက်ဆွဲ လုပ်ခိုင်းထားတာ စားပြီးမှ ပြန်ရမယ်နော်"





"အင်း .. လူကြီးတွေ ကြိုက်ပါ့မလား ဖူး ရယ် .."

"ဘာမှ မကြိုက်စရာ မရှိဘူး၊ ဘယ်သူမှလည်း မရှိဘူး၊ ဒက်ဒီတို့က အချိန်ပြည့် သူ့အလုပ်နဲ့သူ ရှုပ်နေတာ"

တိုက်ကြီးက ခြံနဲ့ အဝေးကြီးမှာဖြစ်ကာ မျက်နှာစာတစ်ပြင်လုံးကို ကွန်ကရစ်အပြည့် ခင်းထား၏။ ဘေးနှစ်ခြမ်းစလုံးကတော့ မြက်ခင်းတွေချည်း စိမ်းစိုနေကာ ပန်းရောင်စုံတချို့ ရှိပေမယ့် ရွက်စိမ်းပင်တွေကပဲ များ၏။

တိုက်ကြီးထဲမှာတော့ ခေတ်မီ အပြင်အဆင် အဆောင်အယောင်များနှင့် လက်လက်တောက်နေတာ ခြေချရဲစရာ မရှိ ..။

ကမာ့ လက်ကိုဆွဲ၍ ဧည့်ခန်းဘက်ကို လှည့်ဝင်လိုက်သည်နှင့် ထွက်လာကြသည့် ဒက်ဒီနဲ့ သူ့ရဲ့ အတွင်းရေးမှူးနှစ်ယောက်ကို မျက်နှာချင်းဆိုင်လိုက်မိသလို ဖြစ်သွားသည်။

"ဟော .. သမီး ပြန်လာပြီလား"

သမီးကို နှုတ်ဆက်ရင်း ကမာ့ ဆီ မျက်လုံးရောက်လာတော့ အံ့ဩ ဟန်များနှင့် ...

"သူငယ်ချင်း ပါလာတာကိုး .. ဝင် သမီး အထဲဝင် .."

ဝမ်းသာလှိုက်လှဲသည့်မျက်နှာကြီး ဖြစ်သွားကာ ဖူး ရဲ့ဒက်ဒီက ဖော်ရွေသည်။

"ဒက်ဒီ .. သူက သမီး ပြောပြောနေတဲ့ ကမာ ပါ၊ နေကမာ တဲ့"

"အေး .. အေး .. ကြားနေမိတာ ကြာပါပြီ"

ဖူး က သူ့ဒက်ဒီနဲ့ မိတ်ဆက်ပေးပေမယ့် ကမာ ဟန်ဆောင်ပြီး တော့တောင် ခေါင်းညိတ်ပြုံးမပြနိုင်ဘဲ မျက်ဝန်းတွေက ဘေးကလူကြီး ဆီမှာ စူးစိုက်နေခဲ့သည်။ ထိုလူကြီးကလည်း ပြန်စိုက်ကြည့်နေလျက်...

"မင်း .. ဒေါ်အမာလွင် ရဲ့သမီးပဲ"

"ဟုတ်ပါတယ် .. အန်ကယ်လ်က .."



www.burmeseclassic.com

"အနက်ကယ်လ်က ဒီကို ခေါ်လာတာပါ"

တမာ နဲ့ ဒီမှာလာတွေ့ရတာကို အံ့ဩမပြေသည့်မျက်နှာနှင့် ကျွ
နဲ့ထွက် ...

"သူ့ဌေး .. သူ့ကို ခုမှ တွေ့ဖူးတာလား"

ကားနားထိ ဆင်းလာကြပြီးမှ မေးသည်။ ဦးမင်းခ က ခေါင်း
ညိတ်၍ ...

"ဘာဖြစ်လို့လဲ"

"အခု သူ့ဌေးလက်ထဲမှာ ကိုင်ထားတဲ့ဖိုင်က ခေါ်အမာလျှင် ဖိုင်
သူ့အမေလေ .."

"ဟင်!..."

ဦးမင်းခ ဖိုင်ကို ပြန်ငုံ့ကြည့်ကာ နောက်ထပ် အိမ်ထဲကို လှည့်ပ
လိမ်မတတ် ပြန်လှည့်ကြည့်သည်။

ဘာဖြစ်လို့ ဒီလိုတွေ တိုက်ဆိုင်နေခဲ့တာလဲ ...။





## အခန်း (၁၇)

"ဘာလာလုပ်တာလဲ အောင် .."

"ဟိုလေ .. မနေ့က မမထက် နေမကောင်းဘူးလို့ ကြားလို့"

နှစ်ယောက် ဝင်လာတာတွေ့တာနဲ့ ခေါ်ရွှေရှုပ် က မျက်နှာတင်း
င်းနှင့် မေးသည်။ အောင် က ပါးစပ်ထဲရောက်လာသည့်အတိုင်း
ဖြေ၏။

အထဲက ထွက်လာရင်း ထက်ထက်မင်း ပြုံးလိုက်မိ၏။ အောင့်
ကို သူမ ချစ်ပါသည်။ မရိုးမသားချစ်တာမျိုးလည်း ဟုတ်သလို မောင်
ငယ်တစ်ယောက်လို ချစ်တာမျိုးလည်း မှန်တာပဲ ဖြစ်သည်။

ထို့ကြောင့် အောင် ဘယ်လိုနေနေ ကိုယ့်ကို ဂရုစိုက်စိုက် မဆိုက်
ဆိုက် သူမကတော့ နားလည်ပြီးသားပါ။

"ဟုတ်လား .. အံ့ဩစရာပဲ၊ မနေ့ညက ခေါင်းနည်းနည်းအုံနေလို့
အိမ်ကကောင်မလေးကို စက်ကြော်နှိပ်ခိုင်းလိုက်တာ၊ အောင် ဆီ ဘယ်
ချ သတင်းပို့လိုက်တာလဲ"

"မမကလည်း .."

ထက်ထက်မင်း တမင် စလိုက်တာမှန်း သိကာ အောင် က ရှက်
ရွံ့ကျဲနှင့် ချိန်း ကိုပါ လှည့်ကြည့်ကာ ...

www.burmeseclassic.com



"တကယ်ပါ .. မမထက် ဆီကို လာတာ၊ ဒီကောင်ကလည်း ခေါင်းလျှော်ချင်တယ်ဆိုတာနဲ့"

ဒေါ်ရွှေရုပ် က ကိုင်ထားသည့်စာအုပ်ကို ဖျန်းခနဲမြည်အောင် ပစ်ချလိုက်ပြီး မပြုံးချင်ပြုံးချင်နှင့် ထရပ်လိုက်၏။

"ဒါဆိုလည်း လုပ်ပေါ့ .. ကမာ တော့ မရှိဘူးထင်တယ်၊ ရှိတဲ့ မိန်းကလေးတွေနဲ့ပဲ .."

"ရတယ် .. ကျွန်တော် ကမာ့ ကို စောင့်နေမှာပါ"

ဒေါ်ရွှေရုပ် ဆိုသည့် မိန်းမကြီးကို သိပ်ကြည့်မရတာနှင့် ချိန်း တည့်တည့်ပဲ ပြောချလိုက်သည်။ ကမာ့ အတွက် ဆင်ခြင်ရမှာကို သိပေမယ့် စိတ်ထက်အရင် ပါးစပ်က ပြောပြီးသားဖြစ်သွားတာကို မတတ်နိုင် ...။

အောင့် ကိုပဲ တည်ငြိမ်စေချင်တာမို့ ချိန်း နဲ့ဆိုလျှင်တော့ ပြောစရာသတင်းတစ်ခု တိုးသည်လို့ မှတ်လိုက်ကာ ဒေါ်ရွှေရုပ် က အပြုံးအပျက်ပေ ...။

"အေး .. အေး .. စောင့်ကြ .. စောင့်ကြ၊ ကျောင်းတွေလည်း ပြီးတော့မှာဆိုတော့လေ .."

ပြောပြီး တလှုပ်လှုပ်နဲ့ အထဲဝင်သွား၏။ ဆိုင်ကိုရောက်လာတိုင်း အတွင်းခန်းထဲ ဝင်မနားဘဲ ဆိုင်ရှေ့ခန်းမှာပဲထိုင်ကာ အလုပ်လုပ်နေသည့် မိန်းကလေးတွေ အထူးသဖြင့် ကမာ့ ကို ပြောဆိုကြိမ်းမောင်းစရာ သူရှာသလို မျက်လုံးဒေါက်ထောက် ကြည့်နေတတ်သည့်သူ ဖြစ်သည်။

ဒေါ်ရွှေရုပ် အကြောင်းတွေ ဆိုင်ကို မကြာခဏ ရောက်လာတာ လောက်နှင့်ပဲ ချိန်း တော်တော်ကြီး အကဲခတ်မိနေပြီ ဖြစ်သည်။

ဒီလိုနေရာမျိုးမှာ ကမာ ဘယ်လိုမေတ္တာစာတ်တွေ စီးဖြန်းပြီး ဥပေက္ခာထိုး နှလုံးမူထားသည် မသိ ...၊

ရှာမှ ရှားတဲ့ မိန်းမကြီး ...၊ သိပ်မကြာခင် ကမာ ရောက်လာသည်။





ပေမယ့် တစ်ယောက်တည်း မဟုတ်ပေ ...။

"ချိန်း ရောက်နေတာလား .. အတော်ပဲ မိတ်ဆက်ပေးရဦးမယ်၊ င်တို့က သိပြီးသားတွေပါ"

ဖူးဖူးစင် လို့ သိလိုက်ရသည့် အသားခပ်လတ်လတ်နှင့် မျက်နှာကို ဝတ္တရားဆန်ဆန် ပြုံးပြသည်။

အောင် ကတော့ သူ့မျက်နှာနဲ့ သူမကို ခေါက်တုံ့ခေါက်ပြန် ကြည့်ကာ စပ်ဖြဲဖြဲ အချိုးမပြေသည့် မျက်နှာနှင့် ...၊

"ဖူးဖူးစင် တဲ့လား .. ဟဲ .. ဟဲ .. တစ်နေ့နေ့ ဖြစ်လာမှာပဲဆိုတာ ထင်သားပဲ"

ပြောပုံက ...၊

ချိန်း မျက်ခုံးထူထူနှစ်ဖက် သိသာစွာ ကုတ်ကျသွားတာကို အောင် က ဖျတ်ခနဲ လှမ်းကြည့်ပြီး ရယ်ကာ ...

"ခင်ခင်မင်မင် ဖြစ်လာကြမှာကို ပြောတာပါ၊ ခုရော မဟုတ်ဘူးလား၊ ကဲ .. ဖူး က ကမာ့ သူငယ်ချင်းဆိုတော့ ငါတို့နဲ့ ခင်မင်ကြဖို့ ဖြစ်လာပြီ၊ ရေစက်လေ .. ရေစက် .."

ကမာ ကလည်း ဘာတွေ သဘောကျနေသည် မသိ၊ ဖူး ကတော့ ခေါင်းတွင်တွင်ငုံ့ကာ နောက်ထပ် မော့လာတာလည်း မရှိတော့ပါ ...။

"ငါ ခေါင်းလျှော်မလို့"

"အင်းပါ .. ဖူး ကလည်း ဆံပင်ပြင်မလို့ပဲ၊ ချိန်း တို့ကို ကမာ ကိုယ်တိုင် လုပ်ပေးမှာ"

"ကမာ ရေ .."

"ရှင် .. မမထက်"

ထက်ထက်မင်း က လူငယ်တွေနားကို ရောက်လာပြီး တစ်ယောက်စီကို သေချာကြည့်၍ ...

"အဲဒီ ချာတိတ်နှစ်ယောက်ကို လုပ်ပေးလိုက်ဦး၊ မျက်နှာတွေက



www.burmeseclassic.com

www.burmeseclassic.com



စုစုမှုမှုနဲ့ ..."

ခင်မင်နေကြပြီမို့ ထက်ထက်မင်း က လှမ်းစသည်။ ချိန်း က အားနာပါးနာ ပြုံးလိုက်ပြီး မျက်နှာ ငုံ့ပစ်၏။

"အောင် ကရော .."

"ငါက အေးဆေးပါ၊ ဒီကောင်ကတော့ ပူလောင်နေတာ သူ့ကိုပဲ နင် ကြည့်ရှင်း .."

အောင် က ဘာပြောပြော မျက်လုံးက ဖူး ဆီမှာပဲ ဖြစ်နေကာ ဘာပြောချင်နေမှန်းလည်း သိနေသဖြင့် ချိန်း ရဲ့ မကြည်လင်မှုတွေက အောင့် ဆီမှာသာ စုပြုံနေခဲ့၏။

"အဟွန်း .."

နှာခေါင်းပွတ်ရယ်ရင်း အောင် က ညှော်သည်တွေထိုင်သည့် ဆိုဖာရှည်ကြီးမှာ ဝင်ထိုင်ကာ ဟဲရ်ဒီဇိုင်းစာအုပ်ကို ဆွဲယူသည်။

"လာလေ ချိန်း .."

"ရတယ် .. သူ့ကို လုပ်ပေးလိုက်ပါ"

ဖူး ဆိုတဲ့ ကောင်မလေးနဲ့ ဘယ်တစ်ဖက် ညာတစ်ဖက် ဆွဲခေါ်တော့မည့်ပုံ ပေါက်နေသဖြင့် ချိန်း က အောင့် ဘေးမှာပဲ ဝင်ထိုင်၍ သဘောထားကြီးပေးလိုက်၏။

"ဒါဆို ဖူး လည်း ခဏလေး ထိုင်ဦးနော် .. ငါ အထဲမှာ လိုအပ်တာလေး ဝင်လုပ်ပေးလိုက်ဦးမယ်"

ထိုင်ဆိုပြီး နေရာပေးလိုက်တာက ချိန်း ရဲ့ဘေးမှာဖြစ်ကာ ကမာ ဘာလုပ်လိုက်မှန်း မသိ၊ ထိုင်လိုက်တာနှင့် မတူဘဲ ဖုတ်ခနဲ ပုံကျလာတာ ဖြစ်၏။ ချိန်း က အောင့် ဘက် တိုးပေးလိုက်ကာ ...

"ရလား .."

"ဟုတ် .."

လက်ရမ်းနဲ့ ချိန်း ရဲ့ကြားမှာ ဖူး ပခုံးလေးကျုံ့၍ ခေါင်းငုံ့ထား





သည်။ ဘယ်လိုဟာလေးမှန်းလည်း မသိပါလား ...။

လူမမြင်ဘူးတဲ့ တောထဲက လူရိုင်းမလေးလိုလို ...၊

ဘာမှမဟုတ်ဘဲ လူတွေ သတိထားမိကုန်အောင် လုပ်နေသလိုကြီးမို့ ချိန်း စိတ်တိုနေမိ၏။ အရေးထဲ ဒီဘက်က ခွေးဝဲစား အောင် ကလည်း ဟိုဘက်တိုးပါဆို ကိုယ်ပဲ လှုပ်ပြီး ဖင်ကြွအောင် တိုးမပေး ...။

ထသွားလည်း မကောင်း၊ ထိုင်နေရတာလည်း မတော် ...၊ ဒီမှာထိုင်ချလိုက်လို့ ကမာ တမင်လုပ်သွားတာလား၊ ဒါလည်း မဖြစ်နိုင် ...။

ချိန်း မျက်နှာကြီး ဖြစ်ပျက်နေတာကို မှန်ထဲမှာ မြင်နေရရင်း ကျော့ခိုင်းထွက်ခဲ့ပြီးမှ ကမာ စိတ်မကောင်းဖြစ်သွားမိသည်။ ပြီးတော့ ဆွဲယဲ့လေးပြုံးရင်း သက်ပြင်းချမိသည်။

ခွင့်လွှတ်ပါ ချိန်း ရယ် .. ဖူး က နင့်ကို တိတ်တခိုး မေတ္တာရှိနေရှာတာ၊ သူ့ရဲ့ မျိုသိပ်ခံစားရသမျှ များစွာထဲမှာ အချစ်စိတ်ကို မျိုသိပ်ရတာ အရှုံးပင်ပန်းမှာ ငါ သနားလို့ ...၊ စိတ်ထဲက တောင်းပန်မိသည်။

ဖူး ရဲ့ စာတစ်လုံးမှ မရေးရသေးတဲ့ စာအုပ်တစ်အုပ်ထဲမှာ ချိန်း ရဲ့နာမည်တွေချည်း အင်္ဂလိပ်လို မြန်မာလို စုံအောင် ရေးထားတာ ငါး ရွက်တိတိ တွေ့ရသည်။

ပြီးတော့ ချိန်း နဲ့ တိုက်မိခတ်မိတဲ့နေ့တွေမှာ ဖြစ်ခဲ့ရတဲ့ ရင်ခုန်သံတွေအကြောင်း ...၊ ပိုပြီး စိတ်မကောင်းဖြစ်ရသည်က 'ကမာ နဲ့ ချစ်သူ မဟုတ်သေးဘူးဆိုတာ သိရလို့ ပျော်လိုက်တာ'တဲ့၊ နေးကွေးသည့် ခြေလှမ်းများနှင့် စိတ်က နောက်မှာ ကျန်ရစ်ရင်း နောက်ဖေးခန်းတံခါးရှေ့ကို ရောက်လာခဲ့စဉ် ...

"ငါ့ကို မမြင့် ပြောပါတယ် ထက်ထက် ရယ် .. ချိန်း ရဲ့အမေက အရမ်းချမ်းသာသလောက် မာနလည်း ကြီးတယ်တဲ့၊ သူ့သားကို မင်းသားတစ်ပါးလို မွေးလာခဲ့တာ၊ ဘုရင်တစ်ဆူလို ကြီးကျယ်ခန့်ညားအောင်ထိုတဲ့ .. သူ့လို မိန်းကလေးနဲ့လား သဘောတူမှာ"



www.burmeseclassic.com

www.burmeseclassic.com



“အလှဆိုတာလည်း မိန်းကလေးရဲ့ ချမ်းသာကြွယ်ဝမှုတစ်မျိုး မေမေရယ် .. သဘောတူတူ မတူတူ ချိန်း နဲ့ ကမာ ဘယ်တော့ ညားကြမှာ မဟုတ်ဘူးလို့တော့ ပြောလို့မရပါဘူး၊ ကမာ က အရှ တာ ..၊ ဆင်းရဲတယ်ဆိုပေမယ့်လည်း အရှမ်းနိမ့်ပါးတဲ့ အဆင့်မျိုး မဟုတ်တာ၊ လှုငယ်တွေကိစ္စကို ထားလိုက်ပါ၊ တော်ကြာ နေရာတ ဝင်ပြောနေတယ်ထင်ပြီး မေမေ့ကို အရိုသေ တန်ကြလိမ့်မယ်”

“တန်နေတာပဲလေ .. ငါကတော့ ဂရုမစိုက်ပါဘူး၊ ပြောစရာရှိ ရင် ပြောမှာပဲ၊ ချိန်း နဲ့ ဘာဖြစ်ဖြစ် နေသာပေမယ့် အောင် နဲ့ သူ တိုင်း ဆက်ပြီး တရင်းတနှီးကြီးတွဲနေရင် ပတ်ဝန်းကျင်ကလည်း တ မျိုး မြင်လာမယ်၊ တစ်နေ့နေ့ ညည်းနဲ့ အောင် လက်ထပ်ကြရင်တော့ ကိုယ်နဲ့က အသက်အရွယ်တူတာ မဟုတ်ဘူး၊ ကမာ့ လက်ထဲက လုယူ သလို အထင်ခံရရင် ဘယ်လောက် သိက္ခာကျသလဲ”

ကမာ ရှေ့ဆက်သွားရမလို ပြန်လှည့်ရတော့မလို ဖြစ်လျက် အခန်း ရှေ့မှာ ဒီတိုင်း ရပ်နေမိ၏။

ချိန်း ရယ် .. အောင် ရယ် .. သူမရယ် ..၊

ဒီသုံးယောက်ရဲ့ ရှုပ်ထွေးမှုဟာ လူကြီးချင်း ရောယှက်နေတဲ့အထိ အခိုင်အမာပါလား ..၊ ဒီထဲမှာ မုန်တိုင်းရဲ့ ဦးတည်ချက်က သူမဘက်မှာ ပဲ ရှိနေလျက် ..၊

ရာသီဥတုက ကိုယ့်ဘက် မပါ ..။





အခန်း (၁၈)

ကိုယ့်မျက်စိရှေ့မှာပေမယ့် စာချုပ်စာတမ်းနှင့်တကွ ခန့်ညားစွာ ထိုင်နေသည့်ပုဂ္ဂိုလ်ကြီး၏ မျက်နှာကိုပါ မယုံနိုင်စွာ ကြည့်နေမိဆဲ ...

သူမလိုပဲ ဒေါ်အမာလွင် လည်း နားမလည်နိုင်သေးသည့် မျက်ဝန်း တို့နှင့် တိတ်ဆိတ်စွာ ရှိနေခဲ့၏။

“ဒါတွေကို အန်ကယ်လ်ကိုယ်တိုင် ခုလို လာပေးတာ မောင့်ဒီက သမီးလေးဟာ အန်ကယ့်လ်သမီး ဖူးဖူးစင် ရဲ့ သူငယ်ချင်းကောင်းတစ် ယောက်ဆိုတာကို သိလိုက်ရတဲ့အတွက်ပါ၊ အရှင်းဆုံး ပြောရရင်တော့ မိတ်ဆွေကောင်းတို့ ထားသင့်တဲ့ ကျင့်ဝတ်အတိုင်း ကိုယ့်မိတ်ဆွေ ဒုက္ခ ရောက်နေတဲ့အချိန်မှာ အတတ်နိုင်ဆုံး ကူညီရမယ်လို့ ဆင်ခြင်မိတဲ့ အတွက်ပေါ့”

“အန်ကယ်လ် .. ဟိုလေ .. ဒီကိစ္စတွေကို အန်ကယ်လ်နဲ့ စပြီး လုပ်ခဲ့တာက သမီးရဲ့မိဘတွေပါ”

“မှန်ပါတယ်”

“သမီးကလည်း သားအမိနှစ်ယောက်တည်း ရှိတော့တဲ့အတွက် တတ်နိုင်သမျှ မဆုံးရှုံးရအောင် ကြိုးစားနေတာ ဖြစ်တဲ့အတွက် ဟိုနေ့ က ဖုန်းထဲမှာလဲ အချေအင်တွေ ပြောလိုက်မိသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လ်ကို ပြန်ပြောပြပါတယ်"

ဦးမင်းခ မျက်နှာမှာ နားလည်သည့်အပြုံးတို့က ပျောက်မျက် မသွားခဲ့ပေ ..။

"လူကြီးချင်း စီးပွားရေးကိစ္စတွေကို ရှင်းရမှာ .. ကလေးတွေနဲ့ မဆိုင်ဘူးဆိုတာ မှန်သင့်သလောက် မှန်ပါတယ်၊ ဒါပေမယ့် ဒီမှာ သမီးက သမီးအမေအတွက် ရဲဘော်ရဲဘက်ကောင်းဖြစ်သလို အန်ကယ်လ် ဘက်မှာလဲ သမီးလေး ဖူး က အန်ကယ်လ်ဘဝအတွက် အရေးအပါဆုံး အန်ကယ်လ်ကိုယ်ပွား၊ ဘဝရဲ့ တစ်စိတ်တစ်ပိုင်းပါ၊ သမီးဖူး ရဲ့မျက်နှာကို ထောက်ပြီး ဒါတွေကို ပြန်ပေးလိုက်တဲ့အတွက် သမီးတို့ သားအမိမှာ ဘယ်လိုတိုးတက်မလဲ ..၊ ဘယ်လောက် မြင့်မားသွားနိုင်မလဲ၊ အဲဒါ အန်ကယ်လ် မသိဘူး၊ ဒါပေမယ့် သမီးရဲ့သူငယ်ချင်းဆီက မတရားသဖြင့် ရယူခြင်းဖြစ်သွားမှာမျိုးကိုတော့ ရှောင်ချင်တယ်၊ ငွေတိုးချေးတယ်၊ အတိုးပေါ်အတိုးထပ်တယ်ဆိုတာ တကယ်တော့ ဝိသမလောဘ လုပ်ငန်းပါပဲ"

ဦးမင်းခ က သားအမိနှစ်ယောက်စလုံးကိုကြည့်ပြီး လက်နှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ်မှာ ခပ်ကားကား ထောက်ထားလျက် ...

"ပုထုဇဉ်ပီပီ လောဘနဲ့ဖက်ပြီး ရှာဖွေရှန်းကန်ရတယ်၊ အဲဒါကြောင့်လည်း သမီးလေး ဖူး ရဲ့ဘဝကို အေးမြတဲ့အရိပ်မိုး အန်ကယ်လ် မပေးနိုင်ခဲ့ဘူး"

ဦးမင်းခ သည် ဒေါ်အမာလွင် ကို လှမ်းကြည့်တတ်တာရှိပေမယ့် ကမှာ ကိုပဲ လူကြီးလေးတစ်ယောက်လို ဦးတည်ပြောပြနေတာ ဖြစ်သည်။ ဒါပေမယ့် ခုချိန်ထိ သူ ရောက်လာခဲ့ရသည့် အဓိကဆန္ဒကိုတော့ ပြောသည့်ထဲမှာ မပါသေးဘူး ထင်သည်။

"သမီး ပြောပြထားမှာပါ၊ အန်ကယ်လ်တို့ မိသားစုရဲ့အကြောင်း တချို့ကို .."



"ဟုတ်ကဲ့ .."

"အဲဒီအတိုင်း မှန်ပါတယ်၊ ဟိုတုန်းက ကြိုးစားခဲ့သမျှ အားလုံး သမီးအတွက်ချည်းပါ၊ နောက်အိမ်ထောင်သစ် ထူထောင်ခဲ့တာ ည်း ကိုယ့်အတွက် သာယာမှုရှာတာ မှန်ပေမယ့် မိသားစုတစ်ခုရဲ့ တွေးမှုကို သမီးလေး ခံစားစေချင်တဲ့ဆန္ဒတွေ အများကြီး ပါခဲ့တာ"

ဦးမင်းခ က မျက်မှောင်ကုတ်နေရင်း တစ်ခုခုကို စဉ်းစားသလို သံတိတ် နေ၏။ ပြီးမှ ...

"အန်ကယ်လ် ရည်ရွယ်ခဲ့သမျှဟာ သူ့အတွက် စိတ်ဒဏ်ရာတွေပဲ ဖြစ်စေခဲ့မှန်း နားလည်လာတော့ တော်တော်ကို နောက်ကျသွားပြီ"

ဟုတ်ရှာပေလိမ့်မည်၊ မိဘမေတ္တာကို ငတ်မွတ်နေတဲ့ ကလေး အရွယ်မှာ ငွေကြေးစည်းစိမ်က ပဓာနကျပါ့မလား၊ နောက်ထပ် အိမ်ထောင်သစ်ထူလိုက်ပြီးမှ နွေးထွေးစေမယ်ဆိုတော့ရော တစိမ်းဖက်နေပြီ ဖြစ်သည့် ဖအေ့နားကို ဒီကလေး ဘယ်လို ကပ်တွယ် နိုဝင်မလဲ ..။

ဒေါ်အမာလွင် ဖူးဖူးစင် ဘက်က တွေးကြည့်ပေးရင်း သမီးလေး အရွယ်ပဲမို့ စာနာမိ၏။ သူမလေးဟာ ကိုယ့်ရဲ့အိမ်ကို အပေါင်ဆုံးနဲ့ သိမ်းတော့မည့် သူဌေးကြီးရဲ့သမီးပဲဆိုတာ သိလိုက်ရသည့်အပြင် ချက်ချင်းကြီး ပြန်ယူပါတော့ဆိုပြီး မျက်စိအောက်ကို လာချပေးသည်မို့ ကိုယ့်ကိုယ်ကိုယ် ဝမ်းသာလွန်းနေတာလား .. အံ့ဩမပြေနိုင်တာလား ဆိုတာတောင် မသိတော့အောင် ထူထူထိုင်းထိုင်းကြီး ဖြစ်နေမိသည်။

ပြောတာတွေကို နားထောင်ရင်း ဘာမှ ဝင်မမေးမိတဲ့အထိ အံ့ဩ သို့ ကောင်းတုန်း ..၊ ဒါမှမဟုတ် အပျော်လွန် ထုံဆေးမိသွားတာလား..။

"သမီးလေးရဲ့စိတ်ကို တူမကြီး အကဲခတ်မိလား မသိဘူး"

"ဟုတ်ကဲ့ .. ထူးဆန်းတယ်လို့ ထင်တာမျိုးပါ၊ အံ့လည်း အံ့ဩမိ တယ်၊ ပြည့်စုံကြွယ်ဝနေတဲ့ သူ့ရဲ့အခြေအနေမျိုးနဲ့ ဒီလောက်ထိ .."

'ဟို ..' 'အဲ ..' နှင့် ကမာ ဆက်မပြောတဲ ရပ်သွားတော့ ဦးမင်းခ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ မသာမယာနှင့် ...

"လှဝင်မဆုံတော့တဲ့အထိ အားငယ်စိတ်တွေ ဖုံးပြီး သီးခြားဆန်
သွားတာ"

ဦးမင်းခ ဆက်ပြောလိုက်ပြီး ...

"အားလုံးက အန်ကယ်လ်ကိုယ်တိုင် တစ်ဖက်စောင်းနင်း ထား
မိတဲ့စေတနာတွေကြောင့် ဖြစ်ခဲ့တာပါ၊ အမိမဲ့သွားတော့လည်း အမိမဲ့
သမီးလေးမို့ ဘယ်သူ .. ဘယ်ပတ်ဝန်းကျင်မှာမှ စိတ်မချခဲ့ဘူး၊ အရွယ်
ရောက်လာတော့လည်း သူ့ရဲ့တစ်ဖက်စောင်းဆန်ခဲ့တဲ့စိတ်ကြောင့် မှား
သွားမှာစိုးပြန်ရော .. ဒီနေ့ထိ အန်ကယ်လ်တို့သားအဖကြားမှာ ပျော်ရွှင်
နွေးထွေးမှုဆိုတာ မရှိခဲ့ပါဘူးကွယ်၊ ဘာနဲ့ တူသလဲဆိုတော့ ဇက်ကြိုး
ငြိနေတဲ့ မြင်းတစ်ကောင်လို နှစ်ဖက် မမြင်တတ်တော့တဲ့စိတ်ဟာ
စိတ္တဇဆန်လာခဲ့တယ်"

"အဲဒီလောက် မဆိုးသေးပါဘူး အန်ကယ်လ် .. ဖူး စိတ်က
နော်မယ်ပါပဲ၊ သူ ဘာပြောပြော မမှုတတ်တာမျိုး မပါဘူး၊ အိမ်မှာ အထီး
ကျန်ဆန်ခဲ့ရတဲ့အဖြစ်တွေကလွဲရင် အားလုံးကိုလည်း စိတ်ဝင်စားတတ်
ပါတယ်"

ဦးမင်းခ မျက်လုံးတွေ အရောင်လက်လာခဲ့ပြီး ကမာ ပြောနေသည့်
တွေ ဆုံးမှ ဆတ်ခနဲ ခေါင်းညိတ်၏။

"ဟုတ်တယ် .. အဲဒီလို ပြောင်းလဲဖို့ မျှော်လင့်ချက်တွေ ပြန်ရှိလာ
တာ သမီးကြောင့်ပါ၊ သမီးအကြောင်း စပြောလာတဲ့နေ့ကပဲ သမီး
ဖူးလေး ရဲ့ အပြုံးအရယ်ကို အန်ကယ်လ် ပြန်မြင်ရတာ၊ နောက်ပိုင်းမှာ
သမီးနာမည်က မပါမပြီး ဖြစ်လာတယ်၊ သူ့စိတ်ထဲမှာ သမီးက သူ့ရဲ့
ကောင်းပေါ့"

"အဲဒီလောက်တော့ မဟုတ်ပါဘူး .. ကမာ တို့က ကလပ်စ်မိတ်
တွေပဲ၊ ရင်းနှီးကြဖို့ လွယ်တယ်လေ၊ ဖူး ကိုယ်တိုင်က နူးနူးညံ့ညံ့လေး





ဆိုတော့ .."

"အန်ကယ်လ် ခုလို ရောက်လာခဲ့ရတဲ့အကြောင်းကို သမီးတို့ သိ
ချင်မှာပါ၊ အဓိက ပြောချင်တာကတော့ အန်ကယ်လ်သမီးလေးအတွက်
တကယ့် မိတ်ဆွေကောင်းတစ်ယောက် အလိုရှိနေတယ်"

"ရှင်!..."

"မေတ္တာစေတနာကို တန်ဖိုးဖြတ်လို့ မရနိုင်ဘူးဆိုတာ အန်ကယ်လ်
နားလည်တယ်၊ ဒါပေမယ့် စကားကို ဘယ်လိုပဲ လှအောင်ပြောပြော
အဓိပ္ပာယ်က ဒီတိုင်းပဲ ဖြစ်နေမှာမို့ အရှင်းဆုံး ပြောရတာပါ၊ စိတ်ဒုံးဒုံး
ချပြီး သောကတွေနဲ့ပဲ ကျော်ဖြတ်ရတော့မယ်လို့ ထင်ခဲ့ရတဲ့ အန်ကယ့်လ်
တို့မိသားစုရဲ့ မနက်ဖြန်တွေဟာ အခု သမီးကြောင့် အလင်းရောင်ကို
မြင်လာရပြီ၊ အဲဒီ အလင်းရောင်ကို ပီပြင်လာအောင် ပြန်ပျောက်မသွား
အောင် သမီးက ကူညီပေးစေချင်တယ်၊ ဖူးဖူးစင် ဆိုတဲ့ မိန်းကလေး
အထင်ကြီး ယုံကြည်နေတဲ့ သမီးဟာ ခုချိန်မှာ အန်ကယ်လ်တို့ မိသားစု
အတွက် အရေးပါဆုံးလူတစ်ယောက် ဖြစ်နေတယ်"

"အန်ကယ်လ် .."

"ပြောပါ .. ဘာဖြစ်ချင်တာရှိသေးလဲ .. အန်ကယ်လ် ဘာလုပ်
ပေးရမလဲ"

"ဟင့်အင်း .."

ခေါင်းခါရင်း မေမေ့ကို လှည့်ကြည့်မိသည်။ မေမေကလည်း
ဘာမှ ဝင်ရောက်ပြောဆိုလိုပုံ မရှိပေ။

ကိုယ့်ရှေ့ရောက်လာသည့် အခွင့်အရေးကို လက်လွှတ် ဆုံးရှုံး
လိုက်ရမှာ စိုးနေသည်လား ... ဒါမှမဟုတ် ကမာ့ လိုပဲ တာဝန်ကြီးတစ်
ရပ် ပုံကျလာတာကို ထိတ်လန့်သွားတာလား ...။

မေမေ့ကို အကဲခတ်ပေမယ့် ဘယ်လိုခံစားချက်မျိုးမှ ပီပြင်မနေ
တာမို့ ခွဲခြားမရခဲ့ပေ။ ဦးမင်းခ ကလည်း သားအမိနှစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ နားလည်သွားသည့်မျက်နှာနှင့် ...

"ဟုတ်ပြီ .. သမီး ဘယ်လို ခံစားလိုက်ရတယ်ဆိုတာ အန်ကယ် နားလည်ပြီ"

"ဟုတ်ပါတယ် အန်ကယ်လ် .. သမီးတို့ ပြန်ပိုင်ဆိုင်ခွင့်ရ တန်ဖိုးက အန်ကယ့်လ်အတွက် မပြောပလောက်ပေမယ့် သမီး အတွက်က အိပ်မက်တောင် ပြန်မက်ခွင့်မရှိတော့တဲ့ပမာဏပါ၊ ဖူး သမီး ခင်မင်သွားကြတာက သူလိုငါလို သူငယ်ချင်းဖြစ်ခဲ့ကြရုံပဲမို့လို့

"သမီးရဲ့ပါးစပ်ထဲမှာ ကြားနေရတာတော့ 'ကမာ'ဆိုတဲ့ နာ တစ်ခုပါပဲ၊ အခု ဒီလိုလုပ်ကြရအောင်ပါလို့ အလဲအလှယ်သဘော ကမ်းလှမ်းလိုက်တဲ့အဲတွက် ကြီးကျယ်သွားပေမယ့် သမီးတို့ချင်း လည်း သူငယ်ချင်း၊ နောက်လည်း ခင်သွားကြမှာပဲ၊ ဒါတွေကို ပြော လဲပြီး အဆင့်တက်အောင် ကြိုးစားပေးပါလို့ အန်ကယ်လ်က ခိုင်း မဟုတ်ဘူးလေ၊ ဒီတိုင်းလေးပဲ ဆက်ရှိသွားပြီး ဒီ့ထက် ပိုရင်းနှီးဖို့ နည်းပဲ ပိုတိုးပေးပါ၊ သမီးရဲ့မျှော်လင့်ချက်တွေ ရှင်သန်ပြီး လန်းဆ လာတဲ့မျက်နှာလေးကို အန်ကယ်လ် အမြဲ မြင်နေချင်တယ်"

ကမာ မျက်နှာလေး ငုံ့သွားမိသည်။ မျက်စိအောက်မှာ တန်း ဝင်လာတာတွေက ကိုယ့်ရဲ့အိမ်ကို ကိုယ်ပြန်ပိုင်ရမည့် အခွင့်အရေး

ဒါကို ဆုံးရှုံးမခံချင်ပေမယ့် ကိုယ့်ပခုံးပေါ်ကျလာတဲ့ တာဝန် ဘာတာဝန်မျိုးမှန်း မသိ ...၊ ဒါ မဖြစ်မြောက်ခဲ့ရင်ရော ဘာတွေ ထပ်ဖြ လာမှာလဲ ...။

"ကျွန်မ တစ်ခုလောက် မေးပါရစေ သူဌေးရယ် .."

"မေးပါ ဒေါ်အမာလွင် .. မေးလို့ ရပါတယ်"

"အလဲအလှယ်သဘော ဖြစ်နေပြီဆိုတော့ အားလုံးဟာ ညီ ရှိရမှာပဲ၊ အခုက တစ်ဖက်ကို မြင်ရပေမယ့် တစ်ဖက်ကို မမြင်ရ ဖြစ်နေတယ်၊ ကျွန်မသမီးက ကျောင်းတောင်မပြီးသေးတဲ့ မိန်းမငယ်





တစ်ယောက်ပါ၊ မြင်နေရတာကို ကျွန်မတို့ မက်မောပါတယ်၊ မယ့် အခု ဘာမှန်းမသိတဲ့အလျော်အစားက တစ်နေ့နေ့မှာ ကျွန်မ လေးအတွက် အန္တရာယ်ရှိလာနိုင်တယ်ဆိုရင်တော့ သမီးလေးနဲ့ ကိုမှ မလဲနိုင်ဘူး"

"မှန်တာပေါ့ ဒေါ်အမာလွင် .. သမီးအပေါ်မှာ ခင်ဗျားထားတဲ့ မျိုး ကျွန်တော့်မှာလည်း ရှိနေပါတယ်၊ အဲဒါကြောင့် သားသမီး တွက် ပေးဆပ်ချင်နေတဲ့ မိဘမေတ္တာလို့ သဘောထားပေးရင် ဒေါ်အမာ ွင် တို့ စိုးရိမ်နေတာတွေ ပြေပျောက်သွားပါလိမ့်မယ်"

ဦးမင်းခ က စကား ခဏရပ်လိုက်ပြီးမှ ...

"ကျွန်တော်တို့ အခု အလဲအလှယ်လုပ်နေကြတာ ဒြပ်ရှိပစ္စည်း ွမှ မဟုတ်ဘဲ ...၊ သမီးလေးရဲ့ အေးချမ်းသာယာမှုလေးရှိနိုင်တယ်ဆို ာ သိလိုက်ရတဲ့အတွက် အဲ့ဒါကို ရှုံးဆုံးမခံနိုင်တာ ...၊ ဒါကို ရဖို့ ပေးဆပ်ရမယ်ဆိုရင် တန်ဖိုးသတ်မှတ်လို့ မမီနိုင်အောင် ကျွန်တော် ပေးဆပ်နိုင်တယ်"

ဒေါ်အမာလွင် နားလည်သွားသည့်မျက်နှာနှင့် ခေါင်းညိတ်လိုက် ၏။ လူကြီးချင်း နားလည်သွားပြီဆိုတာ သိပေမယ့် ကမာ ဆုံးဖြတ်ဖို့ က်နေဆဲပင် ဖြစ်သည်။ အမိက သိချင်တာ မေမေက ငါ့ကို ဘယ်လို ဆုံးဖြတ်စေချင်တာလဲ ...၊

"ဒါကို တာဝန်တစ်ရပ်လို့ သဘောမထားဘဲ ပုံမှန်အတိုင်း ပေါ့ ပေါ့ပါးပါး ဆက်သွားရုံပဲ၊ ကျောင်းတွေပြီးသွားလည်း သမီးကသာ တွဲ ခေါ်မယ်ဆိုရင် သမီးလေး ဖူး အပြင်သင်တန်းတွေ တက်ချင်စိတ် ဖြစ် လာမယ်၊ ပြောရဲဆိုရဲ သွားရဲလာရဲ ဖြစ်လာမယ်၊ နောက်ဆို တခြား မိန်းကလေးတွေအတိုင်း သူ့စိတ် လွတ်လပ်ပွင့်လင်းပြီး လူ့ဘဝကြီးဟာ နေတတ်ရင် မြတ်တာပဲဆိုတာပါ နားလည်လာလိမ့်မယ်၊ လိုချင်တာ အဲဒါပါပဲ၊ သမီးကို ခုထက် နည်းနည်းလေး ပိုပြီး သည်းခံ ဂရုစိုက်ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



ရယ်.. ကျောင်းပြီးလို့ သူငယ်ချင်းတွေနဲ့မဆုံဖြစ်တော့ဘူးဆိုတဲ့ သဘာ
ကန့်သတ်လိုက်တဲ့ ဘဝတစ်ဆစ်ချိုးပြောင်းလဲမှုရယ်မှာ တခြား သူ
ချင်းတွေနည်းတူ ဖူးဖူးစင် ကို မေ့ဖျောက်မပစ်လိုက်ဖို့ ..”

ကမာ မေမေ့ကို လှည့်ကြည့်မိသည်။ ဒေါ်အမာလွင် က သက်
ချလိုက်ကာ ...

“တကယ်လို့ ထင်သလို ဖြစ်မလာဘဲ လူငယ်ပီပီ စိတ်အနေ့မသ
လို့ မုန်းသွားကြပြီဆိုရင် ..”

“ကျွန်တော် ဘာနဲ့မှ ချုပ်ကိုင် ခြိမ်းခြောက်မှာ မဟုတ်လို့ မပူပါ
ပြောပြီး ကမာ့ ကို အထင်ကြီးသည့် မျက်ဝန်းတို့နှင့် ကြည့်ကာ

“သမီးလက်ထဲကို အန်ကယ့်လ်သမီးလေးကို ယုံယုံကြည်ကြ
အပ်ရဲတယ်ဆိုကတည်းက ယုံကြည်ထိုက်တဲ့သူလို့ အန်ကယ်လ် ခံ
မိလို့ပါ၊ နောက်တစ်ခုက အလုပ်တစ်ခုကို လုပ်ပြီဆိုရင် မှားသွားလည်
အန်ကယ်လ် နောင်တမရတတ်ဘူး၊ ငွေကြေး ဆုံးရှုံးမှုဆိုတာ ကြွေတ
လှည့် ကြက်တစ်ခုန်ပဲ”

ဆွေးနွေးခြင်းအပြီးမှာ ဦးမင်းခ က စာချုပ်စာတမ်းတွေကို ဒီတိုင်
ထားပစ်ခဲ့ပြီး ပြန်သွားခဲ့၏။ ကမာ မတ်တတ်လေး ထရပ်ပြီး ကြည့်
လိုက်လျှင် ထွက်သွားသည့်ကားနောက်မြီးကိုပဲ မြင်လိုက်တော့သည်။

ကမာ ပင့်သက်လေးရှိုက်၍ စိတ်ကို ပေါ့ပါးစေပေမယ့် မရ ..၊

ဒါတွေကို ဖူး သိရင် ကျေနပ်သွားမလား .. ဒါမှမဟုတ် ကိုယ့်ကို
အထင်သေးပြီး ဘော်ဒီဂတ်တစ်ယောက်လို ဆက်ဆံမှာလား ..၊

ရယူလိုလျှင် ပေးဆပ်ရမှာပဲဆိုတာကို သိပေမယ့် ..၊





အခန်း (၁၉)

“ဘာပဲဖြစ်ဖြစ် သူငယ်ချင်းက သူငယ်ချင်းပဲလေ၊ စည်းရုံးသိမ်း
သွင်းနေရမှာလည်း မဟုတ်ဘူး၊ ဒီ့ထက် ပိုတိုးမလာလို့လည်း ဘာမှ
ဖြစ်ခံရမှာ မဟုတ်ဘူး .. သမီး အစကတည်းက ခင်မင်ခဲ့တဲ့အတိုင်း
ရုံပဲ၊ စိတ်ထဲ မထားပါနဲ့ သမီးရယ် ..”

ကားစီးနေရင်လည်း ဒီစိတ် ..၊ အလုပ်ထဲမှာလည်း ဒီစိတ်နှင့် ပေါ့
ပါးနေတတ်သည့်စိတ်က လေးလံ ထိုင်းမှိုင်းခဲ့ရတာတော့ အမှန်ပင်။

လောကမှာ ဘာမှ အလကားမရနိုင်ဘူးဆိုတာ ဒါပဲလား ..၊

ဦးမင်းခ ဆိုတဲ့လူကြီးကတော့ သူ့အတွက် ပွန်းပဲ့သွားမှာ မဟုတ်
သည့် ငွေကြေးထုထည်ကို ချပေးသွားခဲ့ပြီး ခုလောက်ဆို စိတ်လက်
ပေါ့ပါးစွာ ရှိနေလိမ့်မည်။

သူမမှာသာ ..၊

“ကမာ ..”

“ဟင် .. နင်တို့ ငါ့ကို စောင့်နေကြတာလား”

“ဟုတ်ပ ..”



www.burmeseclassic.com

www.burmeseclassic.com



ဗွေး တို့သုံးယောက်က ကမာ့ ကို ပြုံးမဲ့မဲ့ မျက်နှာတွေနဲ့ ကြ
ကာ တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ကြ၏။ သစ်ပင်ရိပ်
လေးယောက်စလုံး ဝင်ရပ်လိုက်ပြီးမှ ...

"မယ်ဖူးဖူးစင် ကို ရှင် အရေခွံလဲပေးလိုက်တာမို့လား"

"ဩော် .."

"ဘာ ဩော်တာလဲ၊ ဟိုမှာ အရင်ပုံစံအတိုင်း ပြန်ဖြစ်သွာ
အတန်းထဲကိုတော့ ဘယ်လိုဝင်လာသလဲ မသိဘူး၊ ခေါင်းကြီးငုံ့ပြီး
ကို မမော့တော့ဘူး၊ ခေါ်ထုတ်တာလည်း မရဘူး"

ကမာ က ရယ်လိုက်ကာ ...

"ဖူး လုရဲ့လားဟင် .. မျက်နှာကို လိမ်းဖို့ ငါ သေချာ သင်
လိုက်တာ၊ သူ လိမ်းတတ်ရဲ့လား"

"မလိမ်းတတ်ပါဘူး .. ပြာနှမ်းနေတာပဲ"

"ဟုတ်လား .."

ကမာ မျက်နှာပျက်သွားကာ ယူကျုံးမရသံ ပေါက်သွားတော
သဲ က အံ့ဩသည့်ဟန်နှင့် ...

"ဟဲ့ .. အဲဒီလို လိမ်းပြလိုက်ရုံနဲ့ပဲ ကိုယ့်ဟာကိုယ် ပြန်လိမ်းတ
ကြတမ်းဆိုရင် မိတ်ကပ်ဆရာမတွေ လုပ်စားစရာ ရှိပါတော့မလား

"အေးလေ .. ဒီလောက်တုံးတဲ့မိန်းမကို နင်ပဲ ကျောက်ခဲရှေ့
တာ၊ လိမ်းပြီးထွက်လာရဲတာတောင် ငါတို့က အံ့ဩနေတာ"

"နင်တို့ .. နင်တို့တွေ သူ့ကို မလှဘူးလို့ သွားပြောလိုက်တ
ပေါ့"

"သရဲမအတိုင်းပဲလို့ ပြောလိုက်တယ်"

"ဗွေး ရယ် .. နင်ကလည်း ပြောရက်လိုက်တာ၊ သူ့ခမျာ စိတ်
ငယ်တတ်တာ သိရဲ့သားနဲ့"

ကမာ မျက်မှောင်လေးကုတ်သွားပြီး တကယ် အပြစ်တင်သ





သံ ထွက်လာတော့ ဗွေး တို့ ပခုံးတွေ တွန့်၊ နှုတ်ခမ်းတွေမဲ့ ဖြစ်ကုန်
..

"တွေ့လား .. တွေ့လား .. ဆရာမ မျက်နှာက ဖြစ်သွားတာ"

"အေးလေ .. အရင်တုန်းက ပြောရင် ပြောဖြစ်ဦးမယ်၊ ဘော်ဒါ
ဖြစ်ကုန်ကာမှ ငါတို့က ပြောပါ့မလား နေကမာ .. ဟွန်း .. ငါတို့
ည်း ဒီလောက်တော့ ငဲ့ညှာစိတ်လေး ရှိပါသေးတယ်"

ကမာ့ မျက်နှာ ချက်ချင်း ပြုံးကြည်သွားသည်။

"အဲဒီလို ပြုပြင်ချင်စိတ်လေး ဖြစ်လာအောင် ငါ မနည်း စည်းရုံး
းရတာဟ"

"သိတယ်"

"သူလည်း မိန်းကလေးပဲဟာ .. လှချင်လို့သာ သတ္တိမရှိတဲ့ကြားက
ရဲစွန့်ပြီး ပြင်ဆင်လာတာပေါ့၊ ငါတို့လည်း ကိုယ်ချင်းစာပါတယ်၊
တစ်ခုတော့ ရှိတယ်နော် .."

သဲ က ကမာ့ ကို မချိုမချဉ်ကြည့်၍ စာအုပ်တွေကို ပိုက်သလို
ခွင်ထဲမှာ ထည့်ပိုက်လိုက်ကာ ...

"နင်နဲ့ မခင်မီတည်းက သူ ယောက်ျားတစ်ယောက်ကို လိုက်
ကြောင်းကြည့်နေတာ ငါတို့ သိတယ်"

"အဲဒါ ဘယ်သူလဲ .. နင် သိလား"

ချိန်း ကို ပြောတာမှန်း ကမာ သိသည်။ သူမလည်း သိနေပြီးသား
ရယ်လိုက်ကာ ...

"နင်တို့တောင် သိတယ် .. ငါ မသိဘဲ နေမလား၊ ချစ်တာပဲဟာ
န်းကလေးက စမချစ်ရဘူးဆိုတဲ့ တားမြစ်ချက် ရှိတာမှ မဟုတ်ဘဲ"

စကားဖြတ်ချင်တာရော ဖူး ဘယ်လိုပုံစံ ပြင်လာလဲဆိုတာကို သိ
င်ကာရော စိတ်လောနေမိကာ ကမာ က ဦးဆောင်ပြီး အတန်းရှိရာ
သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကန်တင်းသွားမယ်လေ .. စကားမှ မပြတ်သေးတာ"

မွှေး က လက်ကို ဆွဲထား၏။ ကမာ က ခေါင်းညိတ်ကာ ..

"အေးလေ .. ဖူး ကို သွားခေါ်ပြီးမှ သွားတာပေါ့၊ သူ တစ်ယော
တည်း ဖြစ်နေမှာ .."

"အမလေး သူ့ရဲ့ ဖူး က လိုက်မှာကျနေတာပဲ၊ သူ့ပုံစံသူ ရုက်
ထွက်လိုက်ရရင် သတ် .."

"အသတ်ခံပြီး လောင်းမနေနဲ့ သဲ .. ဖူး က ဘယ်သူခေါ်ခေ
မလိုက်ပေမယ့် ကမာ ခေါ်ရင် ထလိုက်လာမှာပဲ၊ သူ့ကို စောင့်နေတ
လည်း ဖြစ်ချင်ဖြစ်မှာ"

သူသူသန်း က ချီးမွမ်းသလိုလို ကဲ့ရဲ့သလိုလို ဘယ်သူ့ဘက်
ပြောလိုက်မှန်း မသိ ..။ သေချာတာတစ်ခုက သူတို့အားလုံး က
ကို ခင်မင်နေကြပြီဖြစ်သည်။

"နေပါဦး .. ဒါဆိုလည်း ဖူး ပါမလာခင် ငါ မေးချင်တာ မေး
ရစေ"

"ဘာလဲ .."

လှေကားနားမှာပဲ မွှေး က လက်ကို ပြန်ဆွဲထားလိုက်ကာ ..

"ကမာ .. နင် နဲ့ ချိန်း ဆိုတဲ့တစ်ယောက် ဘာမှ မဟုတ်ဘူး
တာ သေချာလား .."

"ဘာဖြစ်လို့လဲ .."

"မေးတာကို ဖြေစမ်းပါဟယ် .. ငါတို့ကတော့ အခု မဟုတ်ဘ
ဆိုတာကို ယုံတယ်၊ ဒါပေမယ့် ချိန်း က နင့်ကို ကြိုက်လာမှာပဲ၊ န
လည်း သဘောကျမှာပါ"

"နေပါဦး .. နင်တို့က ဒါကို ဘာဖြစ်လို့ စိတ်ဝင်စားနေကြတ
လဲ၊ အောင် ရယ် .. ချိန်း ရယ် .. ငါတို့သုံးယောက်က ဟို နှစ်ကတည်
က တွဲလာကြတာ"





"အောင် ကတော့ ငယ်သူငယ်ချင်းမို့လား .. ခုလည်း သူငယ်ချင်း
ဆိုတာ သိသာတာပဲ၊ မရိုးသားမှန်း အရမ်း သိသာနေတာက ချိန်း ဆိုတဲ့
တစ်ယောက် .."

ကမာ့ မျက်ဝန်းလေးတွေ မွှေး မျက်နှာပေါ်မှာ စူးစိုက်သွားသည်။
မွှေး က လှေကားကို ကျောကပ်မှီကာ လက်ပိုက်ထားလိုက်ပြီး ...

"ငါတို့တွေလည်း ကျောင်းပြီးရင် သိပ်တွေ့ကြတော့မှာ မဟုတ်
ပါဘူး၊ ခင်ကြတာလည်း ဒီနှစ်မှပေမယ့် ငါတို့က နင့်ကို ခင်ကြပါတယ်"

"ငါကလည်း နင်တို့ကို ခင်ပါတယ် မွှေး ရယ် .. ပြောရမယ်ဆို
ရင် အရွယ်ရောက်စကတည်းက ဘဝကို ရုန်းကန်ကြိုးစားပြီး ဘွဲ့ရဖို့ထိ
ရည်ရွယ်ခဲ့ရတဲ့ ငါ့အတွက် အရင်းနှီးဆုံးသူငယ်ချင်းဆိုတာ အောင် တစ်
ယောက်ပဲ ရှိခဲ့တာ၊ သူနဲ့ပဲ သွားဖြစ်လာဖြစ်တာတွေများပြီး အတန်းဖော်
သူငယ်ချင်းထားဖို့လည်း သတိမရတော့သလိုပဲ၊ ခုကျတော့ ထိန်းသိမ်း
သင့်တဲ့အသိတွေ ဝင်လာတယ်၊ အောင် နဲ့ ငယ်ငယ်ကလို တပူးတွဲတွဲ
နေသင့်တော့ဘူးဆိုတာ ဆင်ခြင်မိလိုက်တာနဲ့ ငါ့ဘေးမှာ ငါ့အတွက်
မိန်းကလေးသူငယ်ချင်းကောင်းတွေက နွေးထွေးစွာ ဝိုင်းရံနေကြတာ
ဘယ်လောက် ပျော်ဖို့ကောင်းလဲ၊ နင်တို့က ငါ့ရဲ့ ပထမ ရင်းနှီးခင်မင်
ရဆုံး သူငယ်ချင်းကောင်းတွေပါပဲ၊ အဲ့ဒါ ယုံပါ .. ခုလည်း ခင်တယ်၊
ကျောင်းတွေပြီးသွားလည်း မေ့ပျောက်သွားဖို့ မလွယ်ပါဘူး"

အားလုံး မျက်နှာတွေမှာ ကျေနပ်သည့်အပြုံးတွေနှင့် ရယ်တဲ့သူက
ရယ် .. ခေါင်းတညိတ်ညိတ်နှင့် ဆရာမကြီးစတိုင်လ် လုပ်နေတဲ့သူ
လုပ် ..။

"ဒါဆိုလည်း ငါတို့က စေတနာနဲ့ သတိပေးတာကို ခေါင်းထဲ
ထည့်ဖို့ စဉ်းစား၊ ဖူး ကလည်း သူငယ်ချင်းပေမယ့် ရှင်းရှင်းပြောရရင်
ငါတို့ကတော့ နင့်ဘက်ကလိုက်ပြီး စဉ်းစားပေးရမှာပဲ"

"ဘာဖြစ်လို့လဲ သဲ .."



www.burmeseclassic.com

www.burmeseclassic.com



"သူ့ ချိန်း ကို ကြိုက်နေတာ နည်းနည်းပါးပါး မဟုတ်ဘူးနော်
လျှော့မတွက်နဲ့"

ကမာ က ပြုံးလိုက်တာနှင့် သဲ က လက်ကို အားမလိုအား
ဆောင့်ဆွဲကာ ...

"မပြုံးနဲ့ ဆရာမ .. ဖူး ပုံစံက သူ့ရဲ့ အတွင်းစိတ်ကို ဘယ်လို
အကဲခတ်မရနိုင်အောင် သိုသိပ်တာ၊ မြင်တဲ့လူတိုင်းကလည်း သူ
ဂေါက်လို့ သတ်မှတ်ကြတာ နင် သိပါတယ်"

"တွေ့လား သဲ .. နင် စကားစရုံပဲ ရှိသေးတယ်၊ 'အဲဒီလို မပြော
နဲ့ဟယ်' လို့ သူက တားချင်နေပြီ"

သူ့သူ့သန်း က သဲ ကို လက်တို့၍ ကမာ့ မျက်နှာကို မေးဆတ်
သည်။ သဲ က 'ပြောပစေ' ဆိုသည့်မျက်နှာနှင့် ခေါင်းခါပစ်ကာ ...

"စိတ်ရဲ့စေတသိက်က ကြောက်စရာ ကောင်းတယ်၊ ငါ့အဖေ
စိတ်ရောဂါအထူးကုဆရာဝန်ကြီး၊ ငါ့မှာ ကြားဖူးနားဝတွေ အများကြီး
ပဲ .."

"နင်က ဘာကို ပြောချင်လို့လဲ .. ပြောလေ"

"နင့်ကို ဒုက္ခပေးမှာ စိုးလို့ပေါ့၊ အရူး အရူးနဲ့ အိမ်ဦး ချေးတ
ပန်းလိမ့်မယ်၊ သူ့ပုံစံနဲ့ နင့်လက်ထဲကလူကို လုယူလို့ မရနိုင်ဘူး
လူတိုင်း တွေးမှာပဲ၊ ဒါပေမယ့် လောကမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိ
ဟ .. ဖူး ပုံစံက စိတ္တဇဆန်တယ်၊ မိန်းကလေးက ဓွတ်ဖြစ်လာ
ယောက်ျားလေးတွေ ပါသွားတာပဲ၊ တချို့နေရာတွေမှာ ရုပ်လှတာ
တာနဲ့ တိုင်းတာသတ်မှတ်လို့ လွဲချော်သွားတာတွေ ရှိတယ်"

"နင် ပြောတာကို ငါ နားလည်ပါတယ်ဟာ .. ဒါပေမယ့်
က စိတ္တဇဆန်တဲ့ပုံ ပေါက်နေပေမယ့် အရမ်း ဖြူစင်ပါတယ်၊ သူ့စိ
ဘယ်လောက် နူးညံ့တယ်ဆိုတာလည်း ငါ အကဲခတ်မိတယ်၊ နောက်
ချိန်း ကလည်း ငါ့ချစ်သူမှ မဟုတ်တာ .."





"အေးလေ .. နင် ညာတာဖြစ်ဖြစ် တကယ်ဖြစ်ဖြစ်ပါ ငါတို့က
ချိန်း ကို နင်နဲ့ပဲ အဆင်ပြေစေချင်ကြတာ၊ ကျောင်းပြီးသွားကြပေမယ့်
တစ်ယောက် လက်ထပ်ရင် အားလုံးက အရောက်လာရမယ်လို့လည်း
ကတိပြုထားကြတာလေ၊ နင့်ရဲ့မင်္ဂလာပွဲကို ချိန်း နဲ့ လက်ထပ်ပွဲပဲ ဖြစ်
စေချင်တာ .."

ကမာ သူငယ်ချင်းတွေကို စိတ်ကျေနပ်အောင် ပြုံးပြုံးရယ်ရယ်ပုံစံ
နဲ့ပဲ ဖြေဖျောက် ပြောလိုက်သည်။

ဒါပေမယ့် ရင်ထဲမှာတော့ တစ်စုံတစ်ရာ ထိရှကျန်ခဲ့တာ အမှန်
ပင် ...။

ကိုယ့်အတွက် တွေးတောင် မတွေးမိခဲ့သည့်အဖြစ်တွေကို မွေး
တို့ ဘာဖြစ်လို့ အလေးအနက်ကြီး ပြောနေတာလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ကမာ ဘာလုပ်တာလဲ .. အဲ့ဒါ .."

"ဘာလဲ .."

"ကျွတ်!..."

သူ ဖွင့်ထားသည့်တံခါးကနေ ဖူး ကို သွင်းပေးလိုက်တာနှင့် ချိန်း မျက်နှာ ရှုံ့မဲ့သွားသည်။ အနားကပ် ကြိမ်းလိုက်ပေမယ့် ကမာ ချက်ချင်း လှည့်ထွက်လိုက်တော့ ဒီတိုင်းကျန်ခဲ့ပြီး ကားထဲ တော်တော်နဲ့မရောက်..။

"ခဏလေးနော် ဖူး .. စနီးတာဝါ သွားယူဦးမယ်"

အနီးဆုံးရှိနေသည့် စတိုးဆိုင်လေးထဲ ပြန်လှည့်ပြေးရပြန်၏။ စိုး ရိမ်မိသည့်အတိုင်း အောင် က သူမနောက်ကို ကပ်လိုက်လာခဲ့ပြီး ...

"နင် ဘာတွေ လျှောက်လုပ်နေတာလဲ"

"လာပြန်ပြီ တစ်ယောက်၊ ရုပ်ရှင်ကြည့်မယ်ဆိုလို့ ဖူး ကို ခေါ်လိုက် တာ ဘာဖြစ်လို့လဲ .. သူ ရုပ်ရှင်တစ်ခါမှ မကြည့်ဖူးဘူး"

"အဲ့ဒါ လိုက်ပြရမှာ နင့်တာဝန်လား"

"အောင် .."

"ဘာလဲ"





"နင်တောင်မှ ချိန်း ကို ခေါ်ရတာပဲမို့လား .. မခေါ်မဖြစ်လို့ပဲ ခေါ်ခေါ် ခေါ်ချင်လို့ခေါ်လာတာဖြစ်ဖြစ် ငါလည်း ဒီတိုင်းပဲ"

"ဟ .. ငါတို့က မနေ့တနေ့ကမှ တွဲကြတာလား"

ကမာ တစ်သျှူးထုပ် လှမ်းယူလိုက်ပြီး အောင့် လက်ကိုဆွဲကာ မျက်နှာစာနဲ့လွတ်အောင် ထောင့်တစ်နေရာမှာ ရပ်လိုက်၏။

"သူငယ်ချင်း ခင်တာပဲ .. မနေ့တနေ့ကမှ ခင်လို့ရော မရဘူး လား၊ အကြာကြီး တွေ့ဖူးမှ ခင်ခွင့်ရှိတာလား"

ရန်ဖြစ်လက်စကို ပြန်ဆက်တော့ အောင် က လက်ကို ဆောင့်ရုန်း လိုက်သည်။

"နင် ကတ်သပ်မမေးနဲ့"

ပြောပြီး မှန်ထုပ်တွေ ကြားထဲကနေ ကားဆီကို လှမ်းချောင်း ကြည့်ကာ ...

"ဟိုကောင့်မျက်နှာ သဖန်းသီး ဖြစ်နေပြီ .. တွေ့လား"

"မတွေ့ဘူး .. သဖန်းသီး ဘယ်လိုအရောင်မှန်းတောင် မသိတဲ့ ဟာ၊ ဘာဖြစ်ဖြစ် .."

"နေဦး .."

ကမာ က ပြန်ထွက်ဖို့ ပြင်သည်။ အောင် က လက်ပြန်ဆွဲထား၏။

"အခု တစ်ယောက်တစ်တွဲစီ ဖြစ်နေတဲ့ကိစ္စ ဘယ်လိုရှင်းမလဲ"

"နင်တို့နှစ်ယောက်နဲ့ ငါတစ်ယောက်တည်း အတူတူ သွားလာ နေတုန်းကရော ဘာတွေ ရှင်းခဲ့ရလို့လဲ"

"ဘာရှင်းစရာလိုလဲ .. ငါတို့ကို သူငယ်ချင်းတွေမှန်း သိထား တဲ့သူက ငါးဆယ်ရာနှုန်း ကျော်တယ်၊ အခု တစ်ယောက်စီ ဘက်ညီနေ တာကမှ ကြည့်ရဆိုးတာ၊ အဲဒါကို အတွဲမဟုတ်ဘူးလို့ ပြောတော့ရော ဘယ်သူက ယုံမှာလဲ .."

"ကဲ .. ဖူး တစ်မျိုးထင်နေဦးမယ်ဟာ .. စကားများလိုက်တာ ..



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်"

"ဟ .. နေဦး"

"ဘာလဲ .. စိတ်ညစ်လိုက်တာ"

"နှင့်ထက် ငါက ပိုညစ်တယ်"

ကမာ က ပုလဲရောင်တင်ထားသည့် နှုတ်ခမ်းသားလေးတွေကို ပုံဆိုးအောင် မဲ့ရွဲ့ပစ်သည်။ ကြိမ်သီးလေးတွေ တို့လို့တွဲလောင်းနှင့် ပုစွန်ဆီရောင် ကိုယ်ကျပ်အင်္ကျီလေးက ဂျင်းဘောင်းဘီပေါ်မှာ ကနွဲ့ကလျ ဖေးတင်နေသည်။

ပုလဲရောင် အပေါ်ထပ်ချိုင်းပြတ်လေးကျတော့ တင်အောက်ထိ ရှည်သဖြင့် အင်္ကျီခါးတိုပေမယ့် ရိုင်းသည့် မမည်တော့ဘဲ ရှိ၏။

မျက်တောင်လေးတွေ ကော့နက်နေသည်။ ပါးမို့လေးတွေက အင်္ကျီရောင်အတိုင်း နုမွတ်ဝင်းလဲ့နေ၏။ ပုံဆိုးအောင် မဲ့ရွဲ့နေလည်း ကမာ့ မျက်နှာလေးက လှပြီးရင်း လှနေသည်သာ ..။

ဆံပင်အရှည်ကြီးကို အဖျားလေးတွေ လိပ်ထားသဖြင့် သူမ အရပ် မြင့်တာနှင့် ပိုကြည့်ကောင်းသည်။ ကိုယ့်သူငယ်ချင်းလေးကို ရှေ့ရှေ့ မကြည့်မိအောင် နေခဲ့တာ ကြာပါပြီ။

ဒါမှလည်း ချိန်း အတွက် ရက်ရော ကြည်ဖြူနိုင်မှာမို့ သူမ အလှ မှာ သူ ရင်ခုန်လို့ မဖြစ် ..။ ဒီနေ့ကျမှ စိတ်တွေ တိုလွန်းလို့ ..၊

"ကမာ .."

"ဘာလဲ .. ပြော .. ပြော"

ခြေတစ်ဖက်ဆောင့်၍ မျက်နှာမော့ပစ်လိုက်သဖြင့် ပျော့နွဲ့သည့် ဆံနွယ်တွေပါ လှုပ်ခါသွား၏။

"ချိန်း ဟာ ရှေ့မှာ ထိုင်နေပြီ .."

"အဲဒါ ဘာဖြစ်လဲ"

"နင် နောက်မှာပဲ ထိုင်မယ်ပေါ့"





"ဟုတ်တယ် .. မုန်း က ကြောက်တတ်လို့ တမင် ရှေ့က တင် လိုက်တာ"

"ရုံထဲရောက်ရင်လည်း .."

အောင် က ပြောနေရင်း ခေါင်းတစ်ချက်ကုတ်၍ ...

"ငါ သိနေတယ် ကမာ .. နင် တစ်ခုခု လုပ်ဖို့ အကွက်ရှေ့တာ"

"အံမာ .."

"အဲဒီကောင်မလေး ချိန်း ကို ကြိုက်နေတာ"

"နင့်ကို ကြိုက်စေချင်လို့လား"

"ငါ့ကို မတည့်အောင် လာမပြောနဲ့ .."

"နင်လည်း ဘာမှမပြောနဲ့ .. ငါ့ဟာငါ အကွက်ပဲရှေ့ရှေ့ ဖယား ဓဲ ခင်းခင်း"

"နည်းနည်းပါးပါးလည်း ခေါင်းသုံးပါဦး .. ချိန်း လို ကောင်က များ အဲဒီ ဒီနိုင်းကြီးကို အားနာပါးနာ တွဲမယ် ထင်လား .."

"အဲ့ဒါ နင့်အလုပ်လား အောင် ..၊ သူများဆိုင်ထဲမှာ ချောင်ကပ်ပြီး နှီးမိုးကြဲနေတယ် ထင်တော့မှာပဲ ..၊ သွားမယ် .. လာ"

အောင် က နောက်ကနေတော့ ပါလာကာ ပါးစပ်က မပိတ် ..။

"နင် ချိန်း ကို လုံးဝ စိတ်မဝင်စားဘူးဆိုတာ သေချာမှ အကွက် ရှေ့နော် ..၊ ချိန်း က နင့်အကွက်ထဲတော့ ဝင်လာမှာ မဟုတ်ဘူး ..၊ နင့်ကိုပါ မုန်းသွားမှာ"

"ဟွန်း .."

ကမာ က တမင် မျက်နှာပြန်စောင်းပြီး မဲ့ပြလိုက်သည်။ ပြီးတော့ ခြေလှမ်းနေးလိုက်ကာ အောင် နဲ့ ပခုံးချင်း ယှဉ်မိကာမှ ...

"ရွှေနဲ့မြသား ဂဟေထားတော့ လိုက်ဖက်တာပေါ့ ..၊ ခုနေဆိုရင် ငါလည်း အသည်းကွဲလောက်အောင်ဖြစ်စို့ မရှိဘူး .. တစ်ဖက်သတ် ချစ်နေတဲ့ မိန်းကလေးလည်း စိတ်ချမ်းသာမယ် ..၊ ဒီထက်ကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



နည်း ရှိသေးလား ..”

ကြည့်စမ်း နေကမာ ..၊

သူထင်တဲ့အတိုင်း တကယ်လုပ်နေတာလား ..။

အောင် တအံ့တသြကြီး ပြန်ကြည့်၏။ ဖြစ်ချင်တိုင်း ဖြစ်ခွင့်မပေး တဲ့ လောကကြီးအကြောင်းကို မသိလေခြင်းဆိုသည့် မျက်ဝန်းတွေနဲ့ ဖြစ်သည်။

အချစ်ဆိုတာကို ဘာထင်နေလို့လဲ ..။ ‘သူ့ဆီကိုပဲ သွား ..၊ သူ့ကိုပဲ ချစ်လိုက်’လို့ လက်ညှိုးထိုး ခိုင်းတိုင်း ချစ်ကြသွားကြတာ တွေ့ဖူးခဲ့ သလား ..။

မျက်လုံးထဲမှာ အိုင်းရှဲဒိုးကို နှစ်ရောင်ထပ်တင်ပြီး ထူပျစ်ပျစ် နှုတ်ခမ်းမွှာကျတော့ ဝတ်ထားသည့် ဇေဒါရောင်လို နှုတ်ခမ်းနီအစွဲသားနှင့် မျက်နှာခပ်ပြားပြားကို မြင်ယောင်မိသည်။

ယောကျာ်းလေးပီပီ မိန်းကလေးတစ်ယောက်ရဲ့ အလှအပကို ခံစား ပြောရပါလျှင် ဖူးဖူးစင် က ရုပ်တော့ သိပ်မဆိုးပါ ..။

ဒါပေမယ့် မပြင်တတ်တာလား .. ပြင်လို့ ပိုဆိုးသွားတာလား ..။

သူ သိနေတာကတော့ ချိန်း အသေအချာ ဒေါကန်နေပြီ ..။

“ဘယ်ရုံမှာ ကြည့်မှာလဲ”

တစ်လမ်းလုံး ချိန်း က တစ်ခွန်းမှ မဟပေ ..။ အောင် က မေး တော့ ကမာ့ မျက်လုံးတွေ ရှေ့မှန်ဆီ ရောက်သွားသည်။

ချိန်း က မျက်မှောင်ကုတ်လျက် ဖျတ်ခနဲ မျက်လွှာပင့်ကြည့်လိုက် သဖြင့် အကြည့်ချင်း ဆုံ၏။ ချိန်း မျက်ခုံးနှစ်ဖက် ပိုပြီး တွန့်ချိုးသွား ၏။ ကမာ မျက်ဝန်းတွေ ရှေ့ပစ်လိုက်ကာ မမြင်လိုက်သလိုမျိုး ..၊

“သမ္မတမှာပဲ ကြည့်မယ် .. ဟာသကားကြည့်တော့ စိတ်လန်းတာ ပေါ့”

လက်မှတ်ဖြတ်တော့လည်း အောင် ပဲဖြစ်လျက် .. နောက်ချန်နေ





သည့် ချိန်း ကို ပြန်စောင့်ရင်း စူပွပွ မှုန်ကုတ်ကုတ် မျက်ခုံးတွေ ကိုလည်း ကြိုးစားရ၏။

ဒီနေ့ ကမာ့ ဆီက အဖြေတောင်းမည်ဆိုပြီး ရယ်ဟဟ မချိုမချဉ် လာခဲ့သည့် မျက်နှာ ..၊ ဖူး ကို မြင်လိုက်ကတည်းက ဒီတိုင်းဖြစ် တာ ဖြေဆေးရှာမရ ဖြစ်နေခဲ့၏။

အခြေအနေကို ပျော့ပျောင်းအောင် ကြိုးစားရင်း စိတ်ပင်ပန်းနေ တာ သူပဲ ဖြစ်သည်။

ကြာလာတော့ လေးယောက်အတူတူ မဟုတ်တော့တဲ့ မိန်းကလေး ယောက်က သပ်သပ် .. သူတို့က တခြား ဖြစ်လာ၏။

“မင်းကလည်း ဟိုကောင်မလေး ရိပ်မိသွားဦးမယ် .. အားနာစရာ ကွာ ..”

“ရိပ်မိရုံတင်မကဘူး .. ငါ ဘယ်သူ့ကို ချစ်နေမှန်း သိကိုသိစေ တာ၊ ရှဲပြီး ရင်ခွင်ထဲ ဆွဲသွင်းပစ်လိုက်ရရင် ကြည့်ကောင်းဦးမယ်.. ကောက် ..”

“ဘယ်သူ့ကိုလဲ”

“ဘယ်သူ့ကို ထင်လို့လဲ ခွေးကောင် ..၊ အဲဒါလေးကို ရင်ခွင်ထဲ ဆွဲသွင်းဖို့များ ရှဲပြီးတော့လည်း စိတ်မကူးဘူး .. အိပ်မက်ထဲလည်း ညှိမမက်ဘူး .. အလကား ချီးထုပ် ..”

ကလေးလို ဒေါကန်နေသည့်မျက်နှာ ကြည့်ကာ အောင် ရယ်ချင် သွားသည်။ ဒီလိုတွေဖြစ်လာမယ်ဆိုတာ သူ သိပြီးသား ..၊

“ဟိုမှာ ဝင်သွားပြီကွ .. မြန်မြန်လာ”

လူတွေ ဝင်နေကြတော့မှ ချိန်း လက်ကိုဆွဲ၍ လှေကားပေါ် အပြေး အလွှား တက်ရသည်။ တက်နေရင်းမှ ...

“ခုံက လေးလုံးတွဲကြီး ..၊ နောက်တစ်ခါ ကမာ နေရာချလိုက်ပြီ ဆိုရင် မင်း ငုတ်တုတ်မေ့လိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဒေါသနဲ့ကိုယ် သတိမရခဲ့တာကို အောင် က အကွက်[illegible]
သဖြင့် ကျေးဇူးတင်သွား၏။ အဲပေါ်ထဝ် ဒုတိယတန်းမှာ ဓာတ်မီး[illegible]
ဟာမှေ့မှေ့ ပြေးနေဆဲ ..။ ကိုယ့်ခုံနေရာကို သူတို့ ရောက်သွားကြသည်[illegible]

ကမာ က ဘေးစွန်မှာ ထိုင်ချလိုက်ဖို့ စိတ်ကူးနှင့် ဖူး လက်[illegible]
ကိုပါ လှည့်ဆွဲ၏။ ထိုလက်ကို ချိန်း က ဖျတ်ခနဲ ဖိဆွဲကာ အလယ်[illegible]
ထိုင်ဖြစ်အောင် ကပ်တွန်းပေးလိုက်သည်။

ပြီးမှ ခုံကြားထဲ တိုးဝင်သလိုလိုနှင့် သူမ ပြန်ထမရအောင် မီး[illegible]
လိုက်ပြီး ဟိုဘက်မှာ သူ ထိုင်၏။ ထိုအခါ ဖူး က ကမာ ဘေး[illegible]
အလိုလို ရောက်သွားကာ အောင် က သူ့ဘေးမှာ ..။

အံ့ဩသွားသလိုလို မကျေနပ်သလိုလို ကမာ မျက်ဝန်းလေး[illegible]
သူ့ဆီ ဖျတ်ခနဲ ရောက်လာ၏။ ချိန်း က ခပ်တည်တည် ..။

"ဖူး .. ဖြစ်ရဲ့လားဟင်"

"ဖြစ်ပါတယ် .. ကိုယ့်ခုံနဲ့ ကိုယ်ပဲဟာ"

ဖူး က ပြောတော့ပြောရှာပေမယ့် ကမာ ဘက်ကို တိုးကပ်လျ[illegible]
လက်မောင်းတစ်ဖက်ကိုပါ လက်နဲ့ ချိတ်ထားသေးသည်။

ထို့ပြင် ကြောက်တတ်သည့်အကျင့်က မပျောက်ဘဲ ကမာ [illegible]
ပေါ်မှာ ပါးလေးတစ်ဖက် ထိကပ်နေအောင် မျက်နှာကို မှောက်[illegible]
မလို ကွယ်တော့မလို ..။

ကမာ စိတ်မကောင်းဖြစ်သွားမိသည်။ သူ့မျော ကြောက်ကြော[illegible]
နဲ့ ပါလာရရှာတာ .. တခြား ဘာစိတ်ညာစိတ်တွေလည်း တွေး[illegible]
မပေါ်ပါ ..။

ချိန်း ဘာတွေစိတ်တိုနေမှန်း သိဖို့ဆိုတာ ဝေးလို့ တစ်ယော[illegible]
တည်း နေစရာမရှိ ဖြစ်နေရှာတာ သနားစရာ ..။

ပြင်ပါဆိုလို့ ပြင်လာခဲ့သည်။ 'မလှသေးဘူး .. ဒါလေးကို ဒီ[illegible]
လျှော့ .. ဒါလေးကို သုံး' စသဖြင့် သူမ ပြင်ဆင်ပေးသမျှ အားမ[illegible]





[illegible]ကြိုးစားခဲ့၏။

ထွက်လာပြီဆို 'ငါ လှရဲ့လား' လို့ မေးသည်။ နောက်ပိုင်းမှာ
[illegible]ခမ်းနီ မပျက်အောင်လည်း မနေတတ် ..။ ဆံပင်တွေကိုလည်း
[illegible]တိုက်တိုက် ဘာနဲ့ငြိမိငြိမိ ပြုပြင်ရမှန်းလည်း မသိ ..။

ဖူး ရဲ့ ဖြူစင်နူးညံ့ပုံလေးကို မြင်ရလေ တတ်နိုင်သမျှ ကူညီပေးမ
[illegible]သည့်စိတ်တွေ ရင့်သန်လာလေပင် ..။ ပြီးတော့ သူမ စိတ်ကူးမိသည့်
[illegible]တိုင်း လူတစ်ယောက်ဟာ အချစ်ရှိမှ အလှရှိသည်ဆိုတာမှန်လျှင် ...

"အမလေး .."

ရုပ်ရှင်ထဲက ညအမှောင်ထဲမှာ ခြောက်လှန့်ကြသည့် ဟာသခန်း
[illegible] ဖူး လန့်ဖျန့်ပြီး ထအော်၏။

ပြီးတော့ နှုတ်ခမ်းကို ကမာ့ လက်မောင်းမှာ ဖိကပ်ကွယ်ကာ...

"ငါ လန့်သွားလို့"

ဟု ကတုန်ကယင်လေး ပြော၏။ လှည့်ကြည့်လာကြသည့် မျက်
[illegible]တစ်ခုတစ်လေက ဖူး ကို 'ပိုကို ပိုတယ်' လို့ ပြောချင်တာမျိုး ..။

"နင် တစ်ခါမှကို ရုပ်ရှင်မကြည့်ဖူးဘူးလား"

ကမာ တိုးတိုးလေး ကပ်မေးတော့ ခေါင်းခါပြကာ ...

"ငယ်ငယ်တုန်းက ကြည့်ဖူးတယ် ထင်တယ် .. မှတ်တောင်
[illegible]မှတ်မိတော့ဘူး ..၊ ငါ ရုပ်ရှင်ကို ထူးဆန်းတာ မဟုတ်ဘူး .. လူတွေ
[illegible]များကြီးကို လန့်နေတာ"

"ဘာလန့်စရာရှိလဲ ဖူး ရယ် .. ငါတို့ဝင်လာတော့လည်း မီးမှိတ်
[illegible]ပြီလေ .. ဘယ်သူဘယ်ဝါမှန်း သိကြတာမှ မဟုတ်တာ၊ ခုလည်း
[illegible]နဲ့နောက် လှည့်ကြည့်ရင်တောင် မသဲကွဲတဲ့ ဥစ္စာ"

"အပြန်ကျရင်ရော မှောင်ထဲမှာပဲ ပြန်ရမှာလား"

"ရုပ်ရှင်ပြီးရင်တော့ မီးတွေ ဖွင့်မှာပေါ့"

"ဖွင့်မယ် .."



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း အသံတုန်သွားတော့ ဖူး လက်လေးကို ကမာ ဆုပ်ကိုင် လိုက်မိသည်။

"ကြောက်တာတွေကို ဖျောက်ပါတော့ ဖူး ရယ် .. နင် .. သူမျာ တွေလို ပေါ့ပေါ့ပါးပါး သွားလာရဲပြီဆိုမှ ငါတို့ ခဏခဏ အတူထ ထွက်ဖြစ်မှာပေါ့ ..၊ နင်ပဲ ငါနဲ့အတူတူဆိုရင် ဘယ်ဖြစ်ဖြစ် လိုက်ချင် နေတယ်ဆို .."

"အင်း .."

"အဲဒါဆို နင့်ပုံစံကို ပြုပြင်စမ်းပါဟာ ..၊ ဘယ်မှာဖြစ်ဖြစ် နင့်လ ပြန်ဆွဲ ပြန်တွဲနဲ့ တာဝန်တစ်ခု ပိုနေသလို ဖြစ်လာရင် ငါက ပြဿနာ မရှိပေမယ့် ခုလို အုပ်စုနဲ့ သွားကြတဲ့အခါ နင့်ကို တခြားလူက ငြိုငြ မှာပေါ့ ..၊ သူငယ်ချင်းတွေ သွားလာလည်ပတ်ကြတယ်ဆိုတာ လွတ် လပ်ပေါ့ပါးတဲ့ အရသာကို လိုချင်လို့ အိမ်ကနေ အလိမ်အညာ အလျှ အပတ်တွေနဲ့ အပြင်ရောက်အောင် ကြိုးစားထွက်ကြတာ ..၊ နင့်ကို နင်ပဲ ပြန်ကြည့်ပါဦး .. အပြင်ထွက် လိုက်လာပြီး ဘာမှလည်းမသိ ဘယ်ကိုမှလည်း မကြည့်ဘူး .. ဘယ်လိုလုပ် ပျော်စရာကောင်းမှာလဲ"

"နင် ငါ့ကို စိတ်ပျက်သွားပြီလားဟင် .. ဒါမှမဟုတ် ချိန်း လ ကလား"

မေးလိုက်တာလေးကို သနားသွားမိသည်။ ရုပ်ရှင်ရုံထဲ ရောက်လ ပြီး ကမာ့ မျက်နှာ ပိတ်ကားပေါ် မရောက်နိုင်ဘဲ ဖူးဖူးစင် ချွတ်ခြ အတွက် အင်တိုက်အားတိုက် ကြိုးစားနေရ၏။

"ငါက နင့်ကို ပုံစံပြောင်းပေးချင်လို့ ကြိုးစားနေတဲ့သူပဲ ဖွေး စိ စိတ်ပျက်စရာလား ..၊ တခြားလူကလည်း ဘာမှမပြောဘူး .. ပြောလ တာကို တကယ်ကြားရတဲ့အချိန်ဆိုရင် နင် စိတ်ဆင်းရဲသွားမှာပေ အဲဒါကြောင့် ကိုယ့်စိတ်ကို ပြုပြင်ကြည့်စမ်းပါ .. ဘာမှလည်း ခဲယဉ် တာ မဟုတ်ဘဲနဲ့"



"ငါလည်း ကြိုးစားနေပါတယ် ကမာ ရယ် .. လူတွေက ရူးသလို ကြောင်သလို ထင်တဲ့ မျက်လုံးတွေနဲ့ ငါ့ကို .."

"ဟား .. ဟား .. ဟား ..."

"အမေ့!..."

ဟိုဘက်ကနေ လူကိုတိုက်ချပြီး ချိန်း ရယ်နေတာ ဝါးလုံးကွဲ..။ ဖြိုးသိုးဖြောက်သောက် ရယ်သံတွေကြားမှာ အခြောက်တိုက် ာ်ရယ်ပြီး တွန်းပစ်လိုက်သဖြင့် ဖူး နဲ့ ကမာ ပူးကပ်နေရာကနေ ခြားစီ ဖြစ်သွားသေးသည်။

"ဘာဖြစ်တာလဲ .. ဒီလောက်တောင် .. အံဆုံးပေါက်ချင်လို့လား" ကမာ စိတ်တိုတိုနှင့် လက်တင်ပေါ်က သူ့လက်ကို တိုက်ချလိုက် ကပ်ကြိမ်းသည်။

ချိန်းက ပါးစပ်ကြီးဖြဲလျက်ရှိကာ ...

"ဟိုမှာလေ .. အရူးနဲ့ ငကြောင်နဲ့ တွေ့နေတာ ..၊ နင် ရူးတာ .. ရူးတာနဲ့၊ ဟား .. ဟား .. ဟား ..."

ကောင်းစုတ် သက်သက်ညစ်ပတ်တာ ..။ ကမာ ပြောဖို့စကားတွေ ပြန်မျိုချကာ ဖူး မရိပ်မိအောင် ထိန်းလိုက်ရသည်။ ဒီဘက်က ပြော နေတာတွေကို ကြားပြီး တမင်လုပ်တာ ချိန်း စုတ် ..။

စိတ်တိုရသည့်အထဲ ဟိုဘက်အစွန်ကနေ အောင် က တခွိခွိရယ် နေတာ မပြီးနိုင် ..။ သူများတွေရယ်လို့ ငြိမ်သွားကာမှ နှစ်ယောက်သား သံတွေ ထွက်နေသဖြင့် လှည့်ကြည့်တဲ့လူက ကြည့်၏။

ဖူး ကိုများ သူတို့ ဟာသလုပ်ဖို့ ခေါ်လာတယ် ထင်နေသလား သိ။ မိန်းကလေးတစ်ယောက်ကို ငဲ့ညှာဖေးမရမှန်းလည်း မသိ။

ဖူး ခများလည်း ကမာ့ ပခုံးကို မမှီရဲရှာတော့ပေ ..။ ထိုစဉ် ... လက်တင်ပေါ်က လက်ကို ဖိဆုပ်ကိုင်လိုက်သဖြင့် လှည့်ကြည့် တော့ ချိန်း က ခပ်တည်တည် ..။

www.burmeseclassic.com

www.burmeseclassic.com



လူကိုမကြည့်ဘဲ လက်ကို ဖိဆုပ်ထားတာ ရှန်းလို့လည်း မရ ဖူး သိသွားမှာစိုးလို့ သိပ်လည်း မရုန်းရဲ ..။

"အ!.."

အတင်းရုန်းလိုက်မိကာ လက်ကောက်ဝတ်မှာ မျက်ခနဲ နာ သွား၏။

"ကမာ ဘာဖြစ်လို့လဲ"

"ဟင် .. ဘာမှမဖြစ်ပါဘူး၊ ခါးညောင်းလို့"

ဖူး ငုံ့ကြည့်လာတော့ လက်နှစ်ဖက် ထပ်နေတာ မြင်မှာစိုး ခါးလေးကော့၍ ရှေ့တိုးလိုက်ရသည်။ ရုပ်ရှင်ကြည့်နေသည့် ချိန်း မျ နှာက ရယ်ချင်ပက်ကျိဖြစ်လျက် မချိုမချဉ် ..။

"လာလေ .. ဖူး .. ဒီတိုင်းပဲ လျှောက် .. မျက်နှာကို မော့ထ စမ်းပါ၊ ဟိုမှာတွေ့လား .. ချစ်သူစုံတွဲတွေရော၊ မိသားစုတွေ၊ သူငယ် ချင်းအုပ်စုတွေ ..၊ အားလုံးက ကိုယ့်အာရုံနဲ့ကိုယ်ပဲ ..၊ ငါတို့ကို တယ် မှ စုပြုံကြည့်မနေကြဘူး"

ရုပ်ရှင်ပြီးတော့လည်း ဖူး ကို ပခုံးလေးဖက်ပြီး ကမ္ဘာမြေမျက် ပြင် အနိမ့်အမြင့်တွေ ရှိနေတဲ့အကြောင်း လက်တွေ့နဲ့ယှဉ်ပြီး သင် နေရတာ တကယ့်ဆရာမကြီးအတိုင်း ..။

ချိန်း က မဲ့ရွဲ့ပြီး ရှေ့ဆုံးကထွက်သည်။ ထိုမျက်နှာကို လှစ်ခ မြင်လိုက်ကာ ဖူး မျက်နှာလေး ငယ်သွားလျက် ...

"ကမာ .. ချိန်း ငါ့ကို မဲ့သွားတာလား မသိဘူး"

"မဟုတ်ပါဘူး ..၊ သူ့ကို ငါ ကောထားလို့"

"ဟုတ်လား ဘယ်တုန်းကလဲ .. ဘာဖြစ်လိုက်တာလဲ ..၊ ငါလည် မကြားလိုက်ဘူး"

ဖူး က ချိန်း ကိုပဲ လိုက်ကြည့်နေသဖြင့် ဖူး မျက်နှာလေး မေးဖျားလေးက ကိုင်ပြီး ကိုယ့်ဘက်ပြန်ဆွဲ၍ ...



"ခုနကပဲလေ .. ခုံကြားထဲကထွက်တာ ငါ့ခြေထောက်ကို တက် လို့"

ပါးစပ်ထဲ တွေ့ရာပြော၍ အာရုံပြောင်းဖို့ ကြိုးစားပေမယ့် ...

"မတော်တဆဖြစ်တာမို့လား ကမာရယ် .. နင်ကလည်း သူငယ် ချင်းကို .."

"နေပစေ ပြဿနာမရှိဘူး ..၊ နင့်မျက်နှာကို ခုနက ချိန်း ကို ကြည့်လိုက်တာမျိုးပဲ ထားနော်၊ ဘေးမှာ လူတွေအများကြီး ရှိနေ တာ ဘာညာ ခေါင်းထဲမထည့်နဲ့ ..၊ ကြည့်ချင်တာကို လှမ်းကြည့်..၊ ဆိုင်ရောက်ရင် စားသောက်ဆိုင် ရှိတယ် .. အသုပ်တွေ၊ ဝက်သား တုတ်ထိုးတွေ အစုံရတယ်၊ အဲဒါ ဘာစားရကောင်းမလဲ စဉ်းစား .."

"ဟင် .. မစားချင်ပါဘူး"

"စားမှာ .. ငါ ဗိုက်ဆာနေပြီ ..၊ နင့်မျက်နှာကို မငုံ့နဲ့နော် .. ကွယ် ကြိုးစားနဲ့၊ အေး .. ဟုတ်တယ် .. အဲဒီအတိုင်း ဆက်လျှောက် .."

ဖူး ခဏပဲ မျက်နှာလေး မော့လျက်ပါလာကာ အဆင်းလှေကား တွေကို အကြောင်းပြ၍ ငုံ့ချပစ်လိုက်တာ ပြန်မော့မလာတော့ပါ။

ကမာ ပင့်သက်လေး ရှိုက်မိသည်။ အများကြီး ကြိုးစားရဦးမည် ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"အောင် .. ခဏဆင်း"

"သိတယ် .."

အတိုင်အဖောက် ညီနေကြပြီး ကားက ရပ်သွား၏။ ပြီးတော့ အောင် က တံခါးဖွင့်ဆင်းလိုက်သဖြင့် ကမာ နောက်ခန်းထဲက ဘယ်သူ့ကို ဘာမေးရမှန်းမသိ ဖြစ်သွားသည်။

"မင်း ဆိုင် ခဏထိုင်လိုက် ..၊ ငါ ပြန်ခေါ်မယ်"

အောင် က ကမာ့ ကို ငုံ့ကြည့်ပြီးမှ ခေါင်းညိတ်ပြသည်။

"ဘယ်သွားမလို့လဲ ချိန်း .. အိမ်ပြန်မယ်လေ"

"ပြန်ပို့ပေးမယ် ..၊ ခဏလောက် စကားပြောချင်လို့ပါ"

"ကျောင်းမှာလည်း ပြောလို့ရတာပဲ ချိန်း ရယ် .. တစ်နေကုန် လည်း အတူတူရှိနေကြတဲ့ဟာ"

"တစ်နေကုန် အတူတူရှိနေကြတယ် .. ဟုတ်လား"

ပြေးနေသည့်ကားက တုံ့ခနဲ နေးကျသွားသည်။ ပြီးမှ ရပ်ပစ်တော့ မလို ခပ်ဖြည်းဖြည်း လိမ့်နေရင်း ...

"တစ်နေကုန်ရှိနေတယ်ဆိုတာ ဘယ်သူနဲ့လဲ .. ပြောပါဦး"

"အတူတူသွားကြတဲ့လူတွေ အားလုံးပဲလေ .. ဖူး ကိုတောင် ခုနက မှ ဝင်ပို့ပေးခဲ့တာ မဟုတ်ဘူးလား"





ကမာ ပြောလိုက်တဲ့ပုံစံကို ချိန်း နားလည်သည်။ အားလုံးက သူငယ်ချင်းတွေပါပဲ။ ဒါပေမယ့် ပြောစရာမလိုဘဲ သိသင့်နေတာတွေ ရှိတော့ဘူးလား ..။ အများနည်းတူ သူငယ်ချင်းဘဝနဲ့ ကြာရှည်နစ်မြုပ် နေနိုင်ပါဘူးဆိုတာကို သူ ပြောခဲ့ပြီးသား ..။ ဘာပဲဖြစ်ဖြစ် ဒီနေ့ သွားခဲ့ကြတဲ့လမ်းဟာ သူပဲ စပြီး နှီးဆော် ဦးဆောင်ခဲ့တာ ..။

ကားက ရပ်ကွက်ငယ်လေးတစ်ခုကို ဖြတ်ထွက်ကာ အိမ်ရာ ဆောက်လုပ်ရေး အသစ်ချထားသည့် ဆောက်လက်စ အဆောက်အဦး တချို့ရှိနေသော လမ်းသစ် လမ်းသွယ်တွေထဲ ကွေ့ပတ်ဝင်၏။ ပြီးတော့ မှ အထွက်ဂိတ်ပုံစံ မရှင်းလင်းရသေးသည့် ချုံစပ်စပ်နှင့် လမ်းဝမှာ ဦးထိုးရပ်သွားသည်။

"လူကလည်း ရှင်းလိုက်တာ .. အမြန်လမ်းမကြီးပေါ် ရောက်နေ တဲ့အတိုင်းပဲ၊ ဒီထိ ဘာလုပ်ဖို့လဲ ချိန်း .."

"လာ .. အောက် ခဏဆင်း"

ဘေးတံခါးကို လာဆွဲဖွင့်လိုက်သဖြင့် ကမာ အောက်ဆင်းလိုက်ရ သည်။ ချိန်း က တံခါးကို တွန်းပိတ်ပစ်လိုက်ကာ ကျောကပ်မှီ၍ လက် ပိုက်၏။

"ဖူး ကို တမင်ခေါ်လာတာလား"

လေတစ်ချက် ဝှေ့သွားသဖြင့် ဆံစတွေ မျက်နှာပေါ် ရောက်လာ တာကို ဖယ်ရှားနေရင်း ကမာ ခေါင်းခါသည်။ ပြီးတော့ ခေါင်း ပြန်ညိတ်၍ ...

"တမင် မဟုတ်ပေမယ့် ချိန်း ရဲ့ ကားပေါ် တင်ခေါ်ခဲ့မိတော့ တမင်လို ဖြစ်သွားတာပေါ့ ..၊ ဖူး ကို ခုလိုမျိုး အပြင်ခေါ်သွားပေးချင် တာ ကြာပါပြီ၊ ကမာ လည်း အဆင်မပြေဘူး .. သူလည်း ဘတ်စ်ကား တိုးစီးတာမှာ မဟုတ်ဘူးလေ"

မဲ့ရွဲ့နေသည့် ချိန်း မျက်နှာက နားလည်ထောက်ခံနေတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



မုန်း ကမာ ဆိုနေမှာပါ ..။ ဒါနဲ့တောင် သေချာပြောပြနေလိုက်တာ သူများအတွက် ထိခိုက်စရာ သူမ ဘာမှမလုပ်ခဲ့တဲ့အတိုင်း ..။

"နောက်ပြီး .. ဒီနေ့ အပြင်ထွက်ခွင့်ရတာက မမထက် ကို အော ပြောပေးလို့လေ"

"အောင် .. ဘာကြောင့် ပြောပေးပြီး မရမက ခေါ်ထုတ်ခဲ့တာလဲ ဆိုတာရော .. သိရဲ့လား"

"ဟင်!..."

နားလည်သွားသည့် မျက်ဝန်းလေးတွေ သူ့မျက်လုံးနှင့် ဆုံသွား သည်။ ဒါပေမယ့် ချက်ချင်းပဲ မသိကျိုးကျွံပြုလိုက်လျက် ...

"အောင် နဲ့ ကမာ တို့က အပြင်မှာ တစ်ခုခု လုပ်စရာ ရှိ ပြီးရင် ဒီလိုပဲ တစ်ယောက်နဲ့တစ်ယောက် ခေါ်ထုတ်ပေးနေကျလေ ငယ်ငယ်တုန်းကဆို လူကြီးတွေကို လိမ်ညာပြီး နောက်ဖေးလမ်း နေ ခြံကျော်ထွက်ကြသေးတာ"

"ကမာ .."

ချိန်း က ကိုယ်ကို မတ်မတ်ရပ်လိုက်ကာ လက်တွေကို ဘောင်းဘီ အိတ်ထဲ ထည့်ထားလျက် ...

"အောင် နဲ့ ငယ်ငယ်က ပြေးလွှား ဆော့ကစားကြတာတွေကို မေးနေတာ မဟုတ်ဘူး ..၊ မနေ့တစ်နေ့ကထိ အောင် နဲ့ လွတ်လွတ်လပ် လပ် သွားလာရယ်မောခဲ့တာတွေလည်း မပါဘူး ..၊ အောင် နဲ့ သူငယ် ချင်းဖြစ်လို့ မရတော့တဲ့နောက် .."

"ဖြစ်လို့ မရပေမယ့် သူငယ်ချင်းချင်း ပြတ်တောက်ကုန်ကြတာ မှ မဟုတ်တာ .."

"သေသွားတဲ့အထိ ခင်မင်သွားခွင့်ရှိပေမယ့် အခု ကျောင်းပြီးတာ နဲ့ အောင် က မထက် နဲ့ လက်ထပ်တော့မှာ ..၊ အဲဒါ အစိက က မင်းနဲ့ ဝေးသွားဖို့ .."



"ကမာ သိတယ် ..၊ ဒါပေမယ့် .."

"မင်း သိသလို ကိုယ်လည်း သိတယ် ကမာ ..၊ အဲဒါကြောင့် ောင်းမှာလည်း တွေ့ချင်တိုင်း တွေ့လို့မရ ဆိုင်ကိုလာခေါ်တော့လည်း င် မပါရင် မဖြစ်လို့ အောင် လက်ထပ်သွားတဲ့အခါ မင်းနဲ့နီးစပ်ရ အခွင့်အလမ်းအတွက် ဒီနေ့ ကိုယ် ကြိုးစားခဲ့တာ"

သူ ရှေ့တိုးလာတော့ ကမာ မျက်နှာလွှဲပစ်ကာ ကားရှေ့ပိုင်းကို ည့်ထွက်ခဲ့သည်။ ချိန်း က နောက်ကနေ တစ်လှမ်းချင်း ပါလာလျက်...

"အစတုန်းက ဒီနေ့ မင်းဆီက အဖြေကို မရမကတောင်းမလို့..၊ အဲဒါထက် ပိုအရေးကြီးတာ မေးဖို့ ရှိသွားပြီ"

"အို .."

ချိန်း က နောက်ကနေ ကမာ့ လက်မောင်းလေးတစ်ဖက်ကို ကိုယ် ပတ်လည် ပါလာအောင် ဖျတ်ခနဲ ဆွဲလှည့်လိုက်၏။

ပြီးတော့ .. မျက်နှာလေးကို စေ့စေ့ကြည့်ကာ ...

"ဖူး ကို ခေါ်လာတာ ဘာရည်ရွယ်ချက်နဲ့လဲ"

"ပြောပြီးပြီပဲဟာ .. ဘာသိချင်သေးလို့လဲ"

"မဟုတ်ဘူး ကမာ .. မင်း သူ့ကို ကိုယ့်နားကို တွန်းပို့ဖို့ ကြိုးစား တာ ကိုယ် သိတယ်၊ မင်းကို ရူးလောက်အောင် ချစ်နေမှန်း သိရက်နဲ့ င်း ဘာလုပ်တာလဲ .. ဘာကို ရည်ရွယ်တာလဲ .."

ကမာ နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားလျက် ချိန်း ကို ပြန်ကြည့် ၏။ အလှအပကိုမကြိုက်တဲ့ မိန်းကလေးဆိုတာ မရှိနိုင်ပေ။ မျက်စိရှေ့မှာ င်နေရသည့် ဒီယောကျ်ားကိုလည်း သူမ သဘောကျမိပါ၏။ သို့သော်...

မိန်းကလေးတွေ အိုင်းလိုင်နာဆွဲထားသလို တိုတိုစိပ်စိပ် မျက် ာင်နက်တို့နှင့် စူးရဲသော မျက်ဝန်းတွေကို ငေးရင်း ကမာ ရုတ်တရက် ကားမဆိုနိုင် ..။ ပြီးတော့ .. ပိရိကျနသည့် နီမြန်းသောနှုတ်ခမ်းတွေ..၊

"ချိန်း က တော်တော်ချောတယ်နော် .. သူက နင့်ကိုတော

www.burmeseclassic.com

သူငယ်ချင်းလိုပဲဆိုတော့ ဘယ်လိုမိန်းကလေးမျိုးကို ချစ်နေတာလဲ မ
ဘူး" တဲ့ ..။ မနေ့တစ်နေ့ကမှ ဖူး နှုတ်ဖျားက မဝံ့မရဲ ဖွင့်အံလာခဲ့သ
မေးခွန်းတွေပါ ..။ ဖြေနိုင်းတာတော့ မဟုတ်ဘဲ မေးသလိုလို .. ကို
ဘာသာ ထူးဆန်းလို့ပဲ တွေးမိသလိုလို ..။

"သူချစ်တဲ့ ကောင်မလေးဆို တော်တော့်ကို လှမှာပဲနော်"

ဆိုတာလည်း ပါသေးသည်။ ဒါတွေကြောင့် သူမ စိတ်ကူး
က ဒီနေ့ ချိန်း ရဲ့ဘေးကို မသိမသာ ကပ်ပေးကြည့်မိတာ ဖြစ်သည်

ဖူး ကတော့ ပျော်ရွှင်ရက်ရွှဲ့နေပုံရှိကာ ချိန်း ပုံစံက တစ်စုံတ
ရာသော ထိခိုက်မှု တစ်ခုခု ရှိလိုက်တာနှင့် အချိန်မရွေး ပေါက်ကွဲသွ
နိုင်သည့် မိုင်းဗုံးတစ်ခုလို ..။

"ကိုယ် မေးလိုက်တာ တည့်တည့်ထိသွားတယ် ထင်တယ် .. တေ
တော် ဖြေရခက်နေလား"

ကမာ့ မျက်တောင်ဖျားလေးတွေ ခပ်လွဲလွဲ ငိုက်ဆင်းနေရာက
သူ့မျက်လုံးတွေဆီ ပြန်ရောက်သွား၏။ ချိန်း ဟာ သူ့ကို မသိစေ
ညာတာပါတေးနဲ့ သာသာလေး လှည့်စားလိုက်လို့ရမယ့်လူ မဟုတ်မှ
နားလည်သွားမိသည့်နောက် ...

"ဖြေရခက်နေတာ မဟုတ်ပါဘူး .. ပြောပြဖို့ ခက်နေတာ"

"ဘာလဲ .."

"လက်တွေ ဖယ်ပေး .."

ပခုံးနှစ်ဖက်မှာ ဖိဆုပ်ထားသည့် လက်တွေကို သူ လွှတ်လိုက်
ကမာ အသာလေး ဖယ်ချပစ်လိုက်ကာ ...

"ဖူး နဲ့ ကမာ ဘယ်လိုစတွေ့လဲ သိလား .."

သူ့မျက်နှာမှာ စိတ်ဝင်တစား ဖြစ်ပုံတော့ မရှိပါ။ ဒါပေမယ့်
တတ်နိုင်သမျှ စိတ်ဝင်စားလာအောင် ကမာ သေချာပြောပြမိသည်
ဖူး ရဲ့ဘဝ .. ဖူး ရဲ့ စိတ်၊ စေတသိက် အကြောင်းတွေ ..။



ပြောနေတဲ့လူက အချိန်တွေအကြာကြီး ဆိကာပတ်ကုံး ဖွဲ့နွဲ့၍
ကာ နားထောင်သည့်လူကလည်း ကြာမြင့်စွာ သည်းခံ စောင့်ဆိုင်း
နေခဲ့ရသလို မျက်နှာကြီး မှုန်ကုတ်ကုတ် ဖြစ်လာခဲ့ပြီး ...

"အဲဒါတွေ အခု သိပြီ .. ဘာပြောချင်တာရှိလို့ ဖူးဖူးစင် အစ္စူးပွတ်
ကို လာဖြည်နေတာလဲ"

စိတ်မရှည်တော့သည့် လေသံက မာနေသည်။ နဖူးက ပြုဆင်း
လာသည့်ဆံပင်ကို မျက်နှာမော့သွားတဲ့အထိ ခပ်ကြမ်းကြမ်း ခါထုတ်
ခ်လိုက်ကာ ...

"ပြောလေ ကမာ .. အောင် ရယ် တို့နှစ်ယောက်ရယ် ကြားမှာ
နောက်ထပ်တိုးဖို့ မပြောနဲ့ ရှိထားတဲ့စုစည်းမှုတွေလည်း မကြာခင် သွား
တော့မှာ၊ သူနဲ့ပတ်သက်ပြီး နင် ဘာလုပ်ပေးချင်လို့လဲ၊ ငါ့ကို ဘယ်လို
နေရာကနေ ဝင်ပါစေချင်တာလဲ .."

"ဒီလိုလေ .."

"ပြောမနေနဲ့တော့ သူ့ကို မင်း စိတ်ဝင်စားသလို ငါ စိတ်မဝင်စား
တာ လုံးဝ သေချာတယ်၊ အဲဒီတော့ .."

"နေပါဦး .. ခဏလေး၊ ပြောတာ နားထောင်ပါဦး"

"ငါ နားထောင်တာ မထောင်တာ မင်းအတွက် ဘာမှ တိုးပွား
လာမှာ မဟုတ်ဘူးလို့ ပြောပြီးပြီပဲ၊ သူ့အပေါ် မင်း ဘယ်ရှုထောင့်ကနေ
ဘယ်လောက် အနစ်နာခံပြီး ရှုညီနေနေ အဲဒါ ထားလိုက်၊ အခု ပြောဖို့
အရေးကြီးတာက တို့နှစ်ယောက်အကြောင်း .."

"ချိန်း စိတ်မဝင်စားပေမယ့် ကမာ က စိတ်ဝင်စားနေပါတယ်
ဆိုရင်ရော .. ဝိုင်းကူတွေးပေးဖို့ ချိန်း မစဉ်းစားပေးနိုင်ဘူးလား"

ကမာ ပြန်အော်လိုက်မှ ဖူး ကို စိတ်တိုခဲ့သမျှ ပေါက်ကွဲချင်နေ
သည့် ချိန်း ရဲ့ဒေါသတွေ [illegible]သွားသည်။

"ဘာဖြစ်လို့ အလကားနေရင်း ချိန်း က စိတ်တိုနေတာလဲ ..

www.burmeseclassic.com



ကျောင်းတွေပြီးတော့မှာ ဟုတ်တယ်၊ အောင် လက်ထပ်သွားရင် သူငယ် ချင်းဆိုတဲ့ ကြားခံနယ် ပျောက်သွားတဲ့အတွက် ချိန်း နဲ့ ကမာ အရင်လို လွတ်လွတ်လပ်လပ် ရင်းနှီးလို့ မရတော့ဘူးဆိုတာလည်း မှန်တယ် ဒါပေမယ့် အဲဒါ ပြေးလွှားကြံစည်ကြရလောက်အောင် ကြီးကျယ်တဲ့ အရေးအခင်း မဟုတ်သေးဘူး ချိန်း .."

"ဘာ!..."

"ချိန်း နဲ့ ကမာ တစ်မြို့တည်းမှာ ရှိနေကြတာ၊ ကမ္ဘာခြားကို ရောက်သွားကြမှာလည်း မဟုတ်ဘူး"

"ဟုတ်ပြီ .. ဒါဆိုရင် စည်းစိမ်ချွေရံတွေနဲ့ တစ်ဦးတည်းသော သူဌေးသမီး မှန်လုံကားထဲက မထွက်ဖုံတဲ့အဖြစ်ကတော့ ကြီးကျယ်တဲ့ အရေးအခင်းကြီးပေါ့"

ကမာ မျက်လွှာချပစ်မိသည်။ ဒါပေမယ့် စိတ်ကိုတင်း၍ ပြန် မော့ကြည့်ကာ ...

"သူ့အဖေကိုယ်တိုင်က အကူအညီတောင်းထားလို့ပါ ချိန်း ရယ်"

တောင်းပန်သည့် မျက်ဝန်းလေးတွေ ဖြစ်သွားတော့ ပြင်ဆင်ထား လိုက်သည့် ရန်လိုဒေါသတွေက လည်ချောင်းဝမှာ တစ်ဆို့ကုန်ကြ သည်။ တတ်လည်း တတ်နိုင်တယ် ...မင်း ...။

"ကျွတ် .."

ချက်ချင်းကြီး ပြောမထွက်တော့ဘဲ ဖြစ်သွားသည့် ကိုယ့်ကိုယ် ကိုယ် မကျေနပ်ဖြစ်ကာ မျက်နှာကို ပွတ်ပစ်ရင်း ကျွတ်ခနဲ ဖြစ်၏။

"ချိန်း ကူညီရင် ပိုပြီး အဆင်ပြေမယ်ထင်လို့ အဲဒါကိုလည်း ဒီနေ့ ပြောပြမလို့ပါ"

မျက်နှာလွှဲပစ်တော့ သူ့မျက်နှာရှေ့ထိ သူမက လာ၍ ...

"ချမ်းသာတိုင်း အရာရာကို ဖန်ဆင်းယူလို့ မရဘူးဆိုတာ ချိန်း သိပါတယ်၊ ခုချိန်မှာက ပြိုကွဲနေတဲ့မိသားစုဘဝထဲကနေ အတောင်



ပို့လျက်နဲ့ ပျံသန်းဖို့ ကြိုးစားနေတဲ့ ငှက်လေးတစ်ကောင်ပါ၊ သူမ အမဆုံး ထိတွေ့လိုက်တဲ့ ပတ်ဝန်းကျင်မှာ ကမာ က သူ့အတွက် ဆုံကောင်းလို့ ထင်နေတယ်၊ ဘယ်သူလက်တွဲခေါ်လို့မှ လက်မခံဘဲ မှာ လက်ကိုပဲ အတင်းဆုပ်ကိုင်ပြီး ခင်တွယ်နေတာ၊ မိဘပြောတာ ဘင် ဂရုမစိုက်ခဲ့တာတွေ .. မိဘကို တစ်မျိုးမြင်ပြီး မသိသလို နေခဲ့ တာတွေ အားလုံးကို ကမာ ပြောသမျှ ခေါင်းညိတ်တယ်"

"ဒါဆိုလည်း မင်းပဲလုပ်လေ .. ဘာဖြစ်လို့ .."

"ချိန်း က ကမာ့ ဘေးမှာ ရှိနေတဲ့သူပဲ၊ ဖူး က ချိန်း ဘက်ကို ရောက်ချင်လည်း ရောက်မယ်၊ ကမာ့ နားမှာ ရှိရင်လည်း ရှိမယ်၊ နည်း နည်းလေးတောင် သည်းခံမပေးနိုင်ဘူးလား"

"မဟုတ်ဘူး .. အဲဒါကို ရောမပြောနဲ့၊ မင်းနဲ့ သူ .."

"ချိန်း ရယ်.. ချိန်း လည်း ပါဝင်ပေးဖို့ ကမာ က ပြောနေတာလေ"

"ဘာ!..."

"ကြည့်ပါလား .. မပြောရသေးဘူး အော်ပြီ"

"အော်တာ မဟုတ်ဘူး .. အဲဒါ အလုပ်မဟုတ်တာကို ပြောချင် တာ၊ မင်းက ကိုယ့်သူငယ်ချင်းမို့လို့ ကူညီချင်တယ်ဆိုရင် ထားလိုက် ပါ၊ ကိုယ်နဲ့ ဘာဆိုင်လဲ .. ပြီးတော့ .."

"မိန်းကလေးသူငယ်ချင်းကို သူ လက်ခံသွားပြီ ချိန်း ရဲ့ .. သူငယ် ချင်းအုပ်စု သေးသေးလေးထဲမှာ ရယ်ရယ်မောမော နေတတ်နေပြီ၊ ယောကျ်ားလေးတစ်ယောက် ဒါမှမဟုတ် ယောကျ်ားလေး သူငယ် ချင်းတွေနဲ့ ပြောရဲဆိုရဲဖြစ်သွားမယ်ဆိုရင် ပြီးပြီ"

"ဘာပြီးတာလဲ .."

"ဖူး က ကမာ တို့လိုပဲ သာမန်မိန်းကလေး ဖြစ်သွားပြီပေါ့၊ အဲဒီ အခြေအနေလေးထိ ဆွဲတင်ပေးလိုက်နိုင်ရင် ကျေနပ်ပြီ၊ ကမာ တို့အနီးအနား မှာ အောင် နဲ့ ချိန်း နဲ့ပဲ ယောကျ်ားလေးရှိတော့ တို့သုံးယောက်ထဲကို

www.burmeseclassic.com

www.burmeseclassic.com



သွင်းလိုက်တာမျိုး မဟုတ်ရင်တောင် အားလုံးနဲ့ ရင်းနှီးသွားစေချင်တာ

ချိန်း ခေါင်းလည်းမညိတ်၊ ဘာမှလည်း မပြော၊ ဒါပေမယ့် ရင်ခံ တာဟော့ သေချာ၏။ မကြည်ဖြူမှန်းသိရက်နဲ့ ဒီနေရာထိ မျက်နှာပြော တိုက်ခေါ်လာခဲ့တာ ဖူးဖူးစင် ရဲ့အနာဂတ်အတွက် ဆွေးနွေးဖို့လား

အမိပ္ပာယ်မရှိတာ ..၊ ကိုယ့်စိတ်နဲ့ကိုယ် မိုင်းနက်စ်ပြလိုက်ပြီ ပြောလိုက်ဖို့ သူ့မဘက်ကို အလှည့် ...

"ကူညီပါ ချိန်း ရယ် .. လုပ်ပါ၊ ဟိုလေ .. ချိန်း က ဘာမှဆော ရှက်ပေးရမှာ မဟုတ်ပါဘူး၊ ဒီနေ့လို မျက်နှာပုတ်ကြီးချပြီး ရှောင်ထွက် မနေဘူးဆိုရင် ရပြီ"

"ယောကျ်ားလေးသူငယ်ချင်း ရှိစေချင်တာဆိုရင် အောင့် ကိုယ တော့ ဘာဖြစ်လို့ မပြောတာလဲ၊ မင်း ဒီနေ့ ကိုယ့်ဘေးမှာ ထားဖို့ချည် ကြိုးစားနေတာ အောင် လည်း သိတယ်"

ကမာ မလုံမလဲလေး ဖြစ်သွားပြီးမှ ရယ်ကာ ...

"ဒါကတော့ .. ဟို .."

မြန်မြန်ဆန်ဆန် အကြောင်းပြချက် ရှာတာတောင် ပါးစပ်ထဲ ရောက်မလာနိုင် ...။ ဖူး က စိတ်ဝင်စားနေတာကိုတော့ မသိစေချင်ပါ မိန်းကလေးချင်းမို့ အထင်မြင်သေးသည့်မျက်လုံးနှင့် အကြည့်ခံရမှာ တော့ ဖူး ကို အဖြစ်မခံနိုင် ...။ ထို့ကြောင့် ...

"အောင် က မကြာခင် လက်ထပ်တော့မှာလေ .. တော်ကြာ .."

"ငါကတော့ သက်ဆိုင်သူမရှိတဲ့ ကောင်ပေါ့"

"ချိန်း ကလည်း .."

ငါတွေ မင်းတွေ ဖြစ်လာပြီဆို ချိန်း အလိုမကျတော့ဘူးဆိုတာ သိသာသည်။ ကမာ က ဆံပင်လေး လက်တစ်ဖက်နဲ့သပ်၍ ချော့ သလို ရယ်လိုက်ကာ ...

"ဘာပဲဖြစ်ဖြစ် လက်ထပ်မယ့်သူ မရှိသေးဘူးဆိုတော့ အတူ





သွားကြ၊ တွဲကြတာ မြင်တဲ့လူက မြင်သွားလည်း ပြဿနာမရှိဘူးလေ၊ ပြီးတော့ အောင့် အမေအကြောင်း တို့ သိတယ်"

"မင်း ကိုယ့်အကြောင်းကိုတော့ မသိချင်ယောင်ဆောင်နေတယ် မို့လား"

မျက်လုံးချင်းဆုံသွားကာ ကမာ အရင်မျက်နှာလွှဲ၏။ ဒါပေမယ့် ချိန်း က ကမာ့ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ပြီး ...

"မင်းကို ချစ်တယ် .. အကြောင်းတစ်ခုခုကြောင့် ဝေးသွားမှာ လည်း မလိုချင်ဘူး၊ တခြားကိစ္စတွေကို ဖယ်ထားလိုက်ပါကွာ၊ ကိုယ့်ကို အဖြေ ဘယ်တော့ပေးမှာလဲ"

"ချိန်း ရယ် .. ကျောင်းပြီးတာနဲ့ပဲ ကမ္ဘာခြားပြီး ဝေးသွားကြမှာ ကျနေတာပဲ"

"ချစ်နေကြပြီဆိုရင် ကမ္ဘာခြားနေလည်း ဝေးတယ်လို့ ထင်ချင်မှ ထင်မှာ၊ အခု မင်း ကိုယ့်ကို ပြန်မချစ်သေးလို့ စိတ်ပူနေတာ ကမာ၊ နောက်ဆို ခုလို စကားပြောခွင့်ရဖို့တောင် ဘယ်လို အခက်အခဲတွေ ဖြစ်လာဦးမလဲ မသိဘူး"

ကိုယ့်မှာ လူကြီးတွေကိုယ်တိုင် ကန့်ကွက်နေတာတွေ၊ အိမ် ထောင်ရေးအကျဉ်းချဖို့ ရှိနေတာတွေ ဘာကိုမှ မပြောဖြစ်ပေမယ့် အဲဒါ တွေကြောင့် စိတ်ပူနေရသည့် သူ့မျက်နှာမှာ ဘယ်လိုအဓိပ်ကြောင်းတွေ ထင်နေပြီ မသိ ...။

"ပြောလေ ကမာ .. အချိန်တစ်ခုခု ပေးနိုင်တဲ့အထိတော့ မင်း ခေါင်းထဲ ထည့်ထားမှာပါ၊ ကိုယ့်ကို ဘယ်တော့ ပြန်ချစ်မှာလဲ"

"အခု လောလောဆယ် ခဏလေးတော့ နားမပူပါနဲ့ ချိန်း ရယ် နော် .. ဖူး အတွက် အဆင်ပြေစေချင်တဲ့စိတ်တွေနဲ့ ကိုယ့်ကိုယ်ကိုယ် တောင် မောလို့ မောမှန်း မသိတော့ဘူး"

"ဟား!..."



www.burmeseclassic.com

www.burmeseclassic.com



ချိန်း လက်ဖြုတ်ချရင်း ခေါင်းမော့ခဲ့သည်။ ပြီးမှ ပြန်ငုံ့ကြည့်

"ပြော .. အဲဒီ ဖူး အတွက် ကိုယ် ဘာလုပ်ပေးရမလဲ"

"တကယ်လားဟင် .."

ကမာ တက်တက်ကြွကြွ မေးလိုက်တာကို ချိန်း က မျက်မှော ကုတ်ကြည့်၏။

"ချိန်း ဘာမှလုပ်ပေးရမှာ မဟုတ်ပါဘူး၊ အဲ .. တစ်ခုတော့ တယ်၊ ဟိုလေ .. သူ့ကို လှတယ်လို့ ပြောမပေးနိုင်ရင်တောင် မလှ လို့တော့ သွားမပြောပါနဲ့၊ မသိတာ မတတ်တာတွေ၊ အပြောအ အနေအထိုင်မဟုတ်တာတွေ မြင်ရင်လည်း ရုပ်ရှင်ရုံထဲမှာ အော်ရ ပစ်လိုက်တာမျိုး မလုပ်ဖို့ .."

"ဟွန်း .. အဲဒါတော့ မင်း သိလား"

သူ ရယ်လိုက်တော့ ကမာ ဖမ်းသာသွားပေမယ့် မျက်စောင်းတေ ထိုးမိ၏။ ရုံထဲမှာတုန်းကဆို ဗိုက်ကို လိမ်ဆွဲပစ်ချင်ခဲ့တာ ..။

"ကမာ .."

"ချိန်း .. အို .. ဘယ်လိုလုပ်လိုက်တာလဲ"

သူ အတင်းတိုးကပ်ပစ်လိုက်သဖြင့် ကမာ နောက်ပြန်ယိမ်းယိုင် ခလုတ်တိုက်ရင်း ကားနဲ့ကျောပြင်လေး ထိကပ်သွား၏။ ချိန်း က ပခုံးတွေ ကိုလွှတ်လိုက်ပြီး ကားဘော်ဒီမှာပဲ လက်နှစ်ဖက်ခွဲထောက်လိုက်ကာ—

"မင်း ဖြစ်စေချင်သလို ကိုယ် လိုက်လျောမယ် .. အခု အဖြေပေး မလား"

"ဟင့်အင်း .."

"ဒါဆို ကိုယ်လည်း နီးပဲ .."

သူ လက်တစ်ဖက်ရုတ်၍ မျက်နှာလွှဲဖို့ ပြင်လိုက်တာနှင့် ကမာ စဉ်းစားချိန်မရဘဲ သူ့ရင်ဘတ်စကို ကမန်းကတန်း ပြန်ဆွဲထားမိကာ—

"ချိန်း .. နေဦး၊ ခုနကပြောတော့ ဘာလုပ်ပေးရမလဲဆို .."





"ဘာမှမလုပ်ရဘူးလို့ မင်းပြောပေမယ့် တားမြစ်ချက်တွေက ားကြီးပဲ .. ကိုယ် သဘောမတူဘူး"

"မဟုတ်ဘူးလေ .. အဲဒါတွေက တစ်ခုစီ ချပြနေလို့ပါ၊ ဒီလိုပဲ ားလာပြောဆိုရင်း ပုံမှန်ထဲမှာပဲ ပါသွားမယ့်ဟာကို .."

ချိန်း မျက်နှာ ရယ်မြူးရိပ်တွေနှင့် ပြန်ငုံ့ကြည့်လာမှ အတင်းဆွဲ ားမိသည့်လက်တွေကို သတိရသည်။ ကမာ ချက်ချင်း လက်တွေ ာ်ချပစ်ကာ ...

"ယောက်ျားဆိုတာ စကားအမျိုးမျိုး မပြောရဘူး"

အတင်းကြီး ကပ်နေသည့် သူ့မျက်နှာကို ရှောင်ကာ ပါးစပ်က ာတွေပြောမိကုန်မှန်းလည်း မသိ ..၊ ပြီးတော့ ပခုံးနှစ်ဖက်ဘေးမှာ ာစ်ဖက်စီ ကပ်ထောက်ထားသည့် သူ့လက်တွေကြောင့် ဘေးကို တိုး ိုလည်း မရ၊ ရှေ့နည်းနည်း ငိုက်မိတာနှင့် မျက်နှာချင်း ဝမ်းဆက်ဖြစ် ားဖို့က ကျိန်းသေလျက် ..။

"ဖယ်ပေးပါ ချိန်း ရယ် .. လူမြင်လို့လည်း မကောင်းဘူး"

"ဒီနားမှာ လူမပြောနဲ့ တိရစ္ဆာန်တောင် မတွေ့မိသေးဘူး၊ မျက်နှာ ည်းနည်းမော့ .."

"ဘာလို့ မော့ရမှာလဲ"

"စကားပြောနေတာလေ .. မျက်နှာကြည့် ပြောရမှာပါ"

"ချိန်း နောက်ဆုတ်ပါလား .. လက်တွေဖြစ်ဖြစ် ဖယ်ပေး"

"ဖယ်ပေးမှာပါ .. မင်းကို အတင်းနမ်းလိုက်မှာ စိုးလို့လား"

သူ့နှုတ်ခမ်းက လေပူတချို့ကို နဖူးကခံစားမိလိုက်ကာ ကမာ တစ် ကိုယ်လုံး ကျင်ကျင်ခဲခဲကြီးဖြစ်သွားသည်။ ဖူး ကို ပြောဆိုသင်ပြနေတုန်း ာတော့ ကိုယ့်ကိုယ်ကိုယ် မိန်းမတတ်ကြီးစတိုင်လ်နဲ့ တကယ်တမ်းကျ တော့ သူ့မှာ ရင်ခုန်သံတွေကိုတောင် နားထောင်နိုင်စွမ်းမရှိသေးပါလား။

"ချိန်း မဖယ်ရင် သူများ ထွန်းပစ်မှာနော် .. ဖယ်ပေး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့နော် .. ငုတ်တုတ်ထိုင်ချလိုက်ပြီး ထွက်ပြေးဖို့ မကြိုးစား
တစ်ခါတည်း ကားထဲ ပွေ့တင်ပြီး .."

"အို .. ဘာတွေ ပြောနေတာလဲ"

"ရမ်းကားမိမှာစိုးလို့ ကြိုပြောထားတာ"

ရှက်နေသည့်ပါးပြင်လေးနှစ်ဖက်က အနီရောင်ရင့်ရင့်ကို အရ
ခံကြည့်ရင်း ချိန်း က ပြုံးသည်။ မနမ်းရပေမယ့် သင်းပျံ့ပျံ့လေး
လာနေသည့် ကိုယ်သင်းနံ့လေးကိုပဲ သစ္စာမဲ့စွာ သိမ်းပိုက် နမ်းရှိုက်
မိရင်း ...

"ချစ်လား .."

"ဟင့်အင်းပါဆို .. ဖယ်ပေး"

အတင်းကြီးကပ်နေသည့် မျက်နှာကို ရှောင်မရလေ ရှက်စိတ်
မွှန်လာလေဖြစ်လျက် ကမာ သူ့ရင်ဘတ်ကိုပဲ ကမူးရှူးထိုး တွန်း
လိုက်မိသည်။ သို့သော် ချိန်း က သူမ ထင်ထားသလို ယိမ်းယို
နောက်ဆုတ်မသွားဘဲ ရယ်သံသဲ့သဲ့နှင့် ဖျတ်ခနဲ ကပ်လိုက်ကာ ..

"ဟင်!.."

နဖူးပြင်မှာ နွေးသွားသည်။ ထိုပြင် အနီးကပ် ကျနံ့ရစ်သော
ကိုယ်ငွေ့နွေးကြောင့် ကမာ ရုတ်တရက် ပူထူသွားကာ လက်နှံ
တစ်ဖက်က နဖူးကို ကပ်ထားပြီးသား ဖြစ်သွား၏။

ချိန်း က သွားတွေပေါ်အောင် ရယ်လိုက်ရင်း ကျောနိုင်းလှည့်ပ
ဆံပင်တွေ သပ်နေသလိုလို နဖူးခြစ်နေသလိုလို ..။

ပြီးမှ မျက်နှာ ခပ်စောင်းစောင်းလှည့်လာကာ ...

"သတိပေးထားတာကို နားမှမထောင်တာ"

လို့ ပြော၍ လှည့်ကြည့်သည့်မျက်နှာက မရှိုးမရှင် ..။

"အဲဒီလို အနိုင်ကျင့်ချင်လို့ ခေါ်ထုတ်လာတာ၊ ဟွန်း .. မှတ်
ပြီ၊ နောက် ဘယ်တော့မှ မလိုက်ဘူး"



နှုတ်ခမ်းလေးစုကာ တံခါးဆွဲဖွင့်၍ ဆောင့်ခနဲ ဝင်ထိုင်၏။ ထို
ဟိုဘက်ကနေ ချိန်း အသည်းအသန် လိုက်ဝင်ထိုင်ကာ ...

"စိတ်ဆိုးသွားတာလား"

"မုန်းသွားတာ"

"အသည်းယားအောင်လုပ်ရင် အဲဒီလိုဖြစ်တတ်တယ်ဆိုတာ
ပေးတာ၊ နဖူးလေးနမ်းတာကို ဒီလောက် တိုနေရလား"

"ချိန်း နော် .. ဒီက သူ့ရည်းစားမို့လို့လား"

"မဟုတ်ဘူး ချစ်သူ.. ကိုယ်က ရည်းစားရှာနေတာမှ မဟုတ်တာ"

"ရှင့်ကို ဘယ်သူက ချစ်တယ်လို့ ပြောသေးလို့လဲ"

"မပြောရသေးပေမယ့် ဆိုင်သူရှိပြီးသားဆိုတာ မေ့သွားမှာစိုးလို့"

ချိန်း က ကမာ့ ဘေးမှာ ပခုံးချင်းထိကပ် ထိုင်လိုက်ပြီး ...

"ကိုယ်တို့ ချစ်သူဘဝနဲ့ ရင်ခုန်လို့မရသေးဘူးလား ကမာ ..
ယ်လောက်ထိ စောင့်ရဦးမှာလဲ၊ ကိုယ် မင်းဆီက အဖြေရအောင်
အင်းဖို့ ဒီနေ့ စိတ်ကူးလာခဲ့တာ"

စောစောက အပြင်မှာ .. ခုက ကားထဲရောက်နေပြီမို့ ကမာ ပခုံး
းကျုံ့ လက်လေးပိုက်ထားမိလျက် ...

"အောင် တို့ လက်ထပ်တဲ့နေ့ .."

"ဘယ်လို .."

"အဖြေပေးမယ်"

"အဝေးကြီးပဲကွာ .. ကျောင်းပြီးရင် လက်ထပ်ပေးမှာဆိုတာ
ချင်း သေချာနေကြတာ၊ ဘယ်အချိန်ကာလဆိုတာ ဘာမှ မသတ်
ရသေးဘူး"

ကမာ က ဆံပင်လေးတစ်ဖက်သိမ်းလိုက်ပြီး သူ့ကို ငုံကြည့်၍
တာ ...

"ဒီလောက်တော့ စောင့်ပေါ့ ချိန်း ရဲ့ .. ကမာ ထင်တယ် အောင်

www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်လက်ထပ်ဖြစ်မှာပါ"

"ဘာကို ထင်တာလဲ .."

ချက်ချင်း မဖြေသေးဘဲ ကမာ က နာကျင်သည့်အပြုံးနှင့်

ရှေ့ကို ငေးနေသေးသည်။ ပြီးမှ ...

"အောင့် ကို ကမာ နဲ့ နီးစပ်သွားမှာပဲလို့ ထင်နေကြတာ၊ အဲ

စိုးရိမ်နေလို့ လက်ထပ်ဖို့အတွက် အမြန်ဆုံး အကောင်အထည်ဖော်

သေချာတယ်"

"မင်းကို အောင် ကရော ရိုးသားတယ်လို့ ထင်နေလား က

စိတ်ထဲက ပြောမိရင်း ကြိတ်ပြုံးသည့်မျက်နှာက မထိတထိ

ပေါက်သွား၏။

"ဒါဆို အောင် အမြန်ဆုံး လက်ထပ်ဖြစ်အောင် ကိုယ် လုပ်မ

"ဟင်!..."

"ဟုတ်တယ် .. အောင့် အမေက ကိုယ်ပါသွားတိုင်း ဘယ်

တွဲနေလဲ .. အောင် ဘယ်လို ခြေလှမ်းနေလဲဆိုတာ အစ်အောက်

ကျ၊ မင်းနဲ့ပတ်သက်ပြီး တစ်ခါမေးတုန်းက ကိုယ်နဲ့ ငြိနေတာပါ

အောင် ပြောလိုက်လို့ အေးချမ်းသွားတာ"

"ဩော် .."

ကမာ့ နှုတ်ခမ်းလေး မသိမသာ မဲ့သွားသည်။

"ခု ကိုယ် သိပြီ၊ သူတို့က အဲဒီလောက် စိုးရိမ်နေရင် တစ်

လောက် ဖွပေးလိုက်တာနဲ့ ပြီးပြီ"

"အို .. အဲလိုတော့ သွားမလုပ်ပါနဲ့ ချိန်း ရယ် .. အောင်

လက်မထပ်ချင်သေးဘူးဆိုရင် သနားပါတယ်၊ သူ .. သူ မမထက်

ဟိုလိုဒီလို ချစ်နိုင်ပါ့မလား မသိဘူး"

"ဘယ်ချစ်မလဲ .. သူ ချစ်နေတာ မင်းကို .."

အသံတိတ်စကားဆိုမိတိုင်း ချိန်း မျက်နှာ မချိုမချဉ်ဖြစ်၏။ သူ





လေး အောင် စောင့်နေတဲ့ဆီ ပြန်ရောက်သွားတော့ အောင် က

နှာနစ်ခုကို ပစ်စလက်ခတ် စိတ်တိုနေသည့် မျက်လုံးကြီးတွေနဲ့

ဝေ့ဝဲဝဲကြည့်၍ ...

"တော်သေးတာပေါ့ .. ငါက တစ်ခါတည်း နိုးပြေးသွားကြပြီ

င်နေတာ .."

ပြော၍ ရှေ့မှာ ဆော့င်အောင့်ထိုင်သည်။ သူ ထိုင်ပြီးတာနှင့် ကား

လမ်းပေါ်ပြန်တင်ကာ ချိန်း က မျက်နှာချိုသွေးသလို ရယ်နေလျက်...

"စိတ်ကူးထားလို့ကတော့ ပြေးပြီးသားပဲ၊ မင်း စိုးရိမ်တာ နောက်

နေဦးမှာ"

"အခု ဘာတွေ ဒီလောက်ကြာအောင် ဆွေးနွေးနေကြတာလဲ၊

ခဲသွားကြရင်လည်း ပြော .."

နောက်ကို မှန်ထဲက လှမ်းကြည့်မေးတာမို့ ကမာ က ပြုံးပြကာ...

"ဘာတွေ အယူလွဲနေတာလဲ အောင် .. ဒီမှာ ငါ ပြောတာကို

းထောင် .."

"ဘာလဲ .."

"မနက်ဖြန် ငါတို့အတန်းရှေ့ကို ချိန်း နဲ့ နင် လာခဲ့နော်"

"ဘာလုပ်ဖို့လဲ"

"ကဲန်တင်းမှာ ထိုင်မယ်လေ .. ငါက ဖူး ကိုပဲ ခေါ်လာမှာပါ"

"ဘာ!..."

အောင် အံ့ဩသွားကာ ကားမောင်းနေသည့် ချိန်း မျက်နှာကို

ပြန်ကြည့်မိသည်။ ပြေပြေပြစ်ပြစ် ရှိနေသည့်မျက်နှာက ပြုံးနေသလား

ဟောင် မသိ ..။

"တယ်ဟုတ်ပါလား .. ဖူး ကို ကြည်ကြည်ဖြူဖြူ ဖြစ်သွားတာ

ချက်ချင်းကြီးနော်၊ ရုံထဲမှာတုန်းကတော့ လက်သီးကြိမ်း ဓားကြိမ်းနဲ့

ဘယ်ကောင်လဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



အောင့် စကားကြောင့် ချိန်း ရယ်သံထွက်လာပြီး လှည့်ကြ
သည်။ ဘာမှမပြောသော်လည်း အောင် သဘောပေါက်သွား၏။

"အေးပေါ့လေ .. မယားပြောတော့ တစ်ညဆိုတာ"

"အောင် နော် .."

ကမာ နောက်ကနေ အောင် ထိုင်နေသည့် ကုရှင်ကို လှမ်းထုသည်
အောင် က အမြင်ကတ်သည့်မျက်စောင်းတစ်ချက်ကို မှန်ထဲကပဲ
လွှတ်လိုက်ပြီး ...

"ဘာဖြစ်တာလဲ .. ဒီလောက် အပြောင်းအလဲမြန်တဲ့မျက်နှာ
နှိုင်းစရာစကားပုံက ဒါပဲရှိတာ၊ နင့်ကို ခုနက တိုက်ထုတ်သွား
မုန်တိုင်းအရှိန် နင် မသိလိုက်ဘူးလား၊ ပြန်လာတော့ ဖြစ်နေတဲ့မျက်
က ချက်ချင်း .."

"ဟား .. ဟား .. ဟား ..."

"ချိန်း နော် .. ဟိုမှာ ပေါက်ကရတွေ ပြောနေတာကို ဘာရယ်တာ
လဲ .."

"ပြောပါစေ.. မင်္ဂလာရှိတဲ့နိမိတ်စကားဆိုတာ မတားကောင်းဘူး

"အံမာ .. ဒါကျတော့ သဘောကျနေလိုက်တာ၊ ဝဲစား လော
ကိုက်"

အောင် ဆဲချလိုက်တာ ဒေါသသံမပါသည့်အပြင် မျက်နှာက ပြ
ချင်ချင် ဖြစ်လာခဲ့လျက် ...

"သထားချင်စရာ မကောင်းတဲ့ မျက်နှာ"

ဟု ပွစိပွစိ ရေရွတ်နေရင်း ...



## အခန်း (၂၂)

"ဟယ် .. နင် တကယ်ပြောတာလား သဲ .."

"တကယ်ပြောတာပေါ့ .. ငါက သိပ်တော့မလှပေမယ့် အရမ်း
လှအပကြိုက်တာ၊ သူများလှနေတာကိုလည်း စိတ်ဝင်စားတာပဲ၊ အဲဒါ
ကြောင့် ဒီအလုပ်ကို ရွေးလိုက်တာ၊ နောက်ပြီး ကမာ နဲ့ အတူတူနေရ
လေ၊ ကျောင်းပြီးတာနဲ့ အားလုံးနဲ့ ခွဲကြရမယ့်အတူတူ တစ်ယောက်
ယောက်နဲ့ ဆက်လက် တွဲနေခွင့်ရတာလည်း နှုမျိုးခြင်းတစ်မျိုးပဲ"

"ဘာဆိုင်လို့လဲ .."

"ဆိုင်တာပေါ့ .. ကျောင်းပြီးပြီဆိုပြီး ကိုယ့်ကိုယ်ကိုယ် ဘဝ
ပြောင်းသွားသလို ခံစားရတာကြီး မဖြစ်တော့ဘူးလေ၊ ကမာ ဟဲ့ ..
နင် ငါ့ကို သေရှာသင်ပေးမှာတော့ ဟုတ်ပါတယ်နော်"

"သင်ပေးမှာပေါ့ သဲ ရယ် .. နင် ခုနစ်သိန်း ရှစ်သိန်း အကုန်ခံပြီး
သင်တန်းလာတက်တဲ့ဥစ္စာ"

"ပိုက်ဆံပေးသင်တာတော့ ဟုတ်တယ်လေ .. ငါ့ကို တခြား
ခေါက်စမလေးတွေ လာသင်ပေးတာတော့ မလိုချင်ပါဘူး"

သဲ.က ကမာ့ လက်မောင်းကို ဆုပ်ကိုင်ပြီး ကလေး ပူဆာသလို
ပြောနေတော့ မွေး တို့က ရယ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ငါတောင် သင်ချင်လာပြီ"

မွေး နဲ့ ဖူး တို့ ပြိုင်တူထပ်ပြောတော့ အားလုံးအကြည့်တွေ သူတို့ဆီ ရောက်သွားကာ သဲ က ဖူး မျက်နှာလေးကို ကြည့်၍ ခေါ် ခါသည်။

"မွေး က သင်မယ်ဆို တော်သေးတယ်၊ နင်ဆိုရင်တော့ မသင်သ ပါဘူး"

"ဟင် .. ဘာဖြစ်လို့လဲ"

"နင်နဲ့ငါဆိုရင် ကမာ က နင့်ကိုပဲ ဂရုစိုက်နေမှာ၊ ခုတော နင့်ကိုပဲ ခြေမခိုင်သေးတဲ့ ကလေးလေးလို တွဲကူဖေးမနေရတာလေ"

"မဟုတ်ပါဘူး သဲ ရယ် .. ဖူး က ဘာဖြစ်ဖြစ် တစ်ဆုံး တွေးတ လွန်းလို့ သူ့ကို စိတ်မချဖြစ်ရင်းနဲ့ အနားမှာနေဖြစ်တာပါ"

ကမာ ရှင်းပြသေမယ့် သဲ က နှုတ်ခမ်းမဲ့၍ လက်မခံ ..။ သွားလာ ကြသည့် ကျောင်းသားတွေဆီ လှမ်းကြည့်ကာ ဟိုရောက်ဒီရောက် မျ လုံးတွေကလည်း အဓိပ္ပာယ်မဲ့မဟုတ်ဘဲ ဒီနေ့ ဟိုနှစ်ယောက် မလာ ဘူးလို့ စူးစမ်းနေမိတာ ဖြစ်၏။

ဖူး ကို ကမာ ဘယ်လောက်ထိ အရေးပေးနေသလဲဆိုတာ ချိ တို့ နှစ်ယောက်နှင့် ဖူး ကို ခင်မင်ရင်းနှီးအောင် ရက်ရက်ရော ကြိုးစားဖန်တီးနေတာတွေက သက်သေ ..။

ချိန်း နဲ့ အောင် တို့က ရောက်တဲ့နေရာမှာ မိန်းကလေးတို သမင်လည်ပြန် ကြည့်တတ်ကြတဲ့အထိ ချောသည်၊ တကယ့်ပေါ်ပြူလ နှစ်ယောက်ကြားမှာ မင်းသမီးလေးတစ်ပါးလို ရှိနေခဲ့သည့် သူမ လည်း သတိမထားမိတဲ့သူ မရှိပါ။

ဒါနဲ့တောင် ဖူး အတွက် သူမက နေရာဖယ်ပေးဖို့ ကြိုးစားနေ သူတို့အားလုံး အံ့ဩမဆုံး ဖြစ်ရသည့်အချက်တစ်ချက် ဖြစ်၏။ ကတော့ ဒါကိုကြည့်ပြီး ပြောသေးသည်။





"ဖူး က ပုံဆိုးပန်းဆိုးကြီးမှ မဟုတ်တာ၊ ဖူး ပုံစံကို ဟိုနှစ်ယောက် ကျစရာ အကြောင်းမရှိဘူးလို့တွေးပြီး သွေးအေးနေတာတော့ မဖြစ် ။ သူကိုယ်တိုင်က ဖူး ကိုချစ်နေတာ ဒါမှမဟုတ် ဟိုနှစ်ယောက်ထဲ သူမကြိုက်တဲ့တစ်ယောက်နဲ့ အောင်သွယ်ဖို့ လုပ်နေတာပဲ"တဲ့ ..။

နှစ်ခုစလုံးက ဖြစ်နိုင်နေတာတော့ သေချာပါသည်။ ခုဆို ဟိုနှစ် က်လာတာနှင့် ဖူး ကို သိပ်ခေါ်စရာမလိုတော့တဲ့ အထူတူ တက်ညီ က်ညီ ထွက်သွားနေကြတာ သူတို့အမြင် ..။

ဘာပဲဖြစ်နေနေ ကမာ့ ကို နားမလည်နိုင်တာတော့ အမှန်ပင်..။

"မွေး ကရော တကယ် ဝါသနာပါတာလား"

ကမာ က မွေး ကို လှည့်မေးတော့ မွေး က ခေါင်းခါ၍ ...

"ပါပေမယ့် မဖြစ်နိုင်ပါဘူးဟာ .. ငါက နယ်ကဆိုတော့ နောက် င်သင်တန်းတစ်ခုလောက် တက်ပါရစေဦးဆိုတာတောင် ခွင့်ပြုပါ လား မသိဘူး၊ နောက်ပြီး ဆံပင်မိတ်ကပ် အလှပြင်သင်တန်းဆိုတာ ည်း ပြည့်စုံအောင် တက်ဖို့ဆိုရင် သင်တန်းကြေးက နည်းတာမဟုတ် ူး၊ ငါက သဲ တို့လောက် မချမ်းသာဘူး"

"ဟုတ်တယ်.. သဲ ကို သူ့အိမ်က ဗျူတီစလွန်းဖွင့်ပေးဖို့တောင် ကတိ ပေးထားသေးတာ၊ နင်သာ ငါတို့ရဲ့ သဲလေး ကို သေချာသင်လိုက်နော်"

"ငါကလည်း သူ့ မမထက် ကို ပြောမှာပါ၊ ကျွန်မက ကမာ့ သူ ငယ်ချင်း၊ ကမာ့ နားမှာ နေချင်လို့ တမင်လာသင်တာလို့ .. ကျွန်မတို့ကို တူတူပေးနေမှဖြစ်မှာလို့ ဟဲ .. ဟဲ .."

"ဘာ ဟဲ ဟဲ လဲ .. ကြည့်လုပ်ပါ မိသဲ ရယ် .. တော်ကြာ နင်တို့ နှစ်ယောက်ကို ဟိုလိုဒီလို ထင်သွားပါဦးမယ်"

"မွေး နော် .. ဒါ ထင်စရာလား"

ရယ်သံတွေ ထွက်ကုန်တော့ သူသူသန်း က သက်ပြင်းရှည်ကြီး ချလိုက်ပြီး ခေါင်းတညိတ်ညိတ်နှင့် ..။



www.burmeseclassic.com

www.burmeseclassic.com



"ကမာ က ဆုတောင်းကောင်းတယ်နော်.. တကယ့်ပါရမီရှင်ပဲ
"ဟင် .. ဘာဖြစ်လို့လဲ"

"အချစ်ရမှာလဲ.. နင့်ကိုရင်းနှီးမိလိုက်တာနဲ့ တန်းတန်းစွဲကုန်တာ ပဲလေ၊ များသောအားဖြင့် မိန်းကလေးချင်း မသင့်မြတ်ကြတဲ့ အဓိက အကြောင်းရင်းက ကိုယ့်ထက်သာ မနာလိုတာပဲ၊ အတိုက်အခံ အပြိုင် အဆိုင်တွေ ဖြစ်ကုန်ကြတာမှာ ပိုလှတာမလှတာက အခြေခံပဲလေ၊ နင့် ကျတော့ လှတယ်.. ချစ်ဖို့ကောင်းတယ်၊ ဒါပေမယ့် ခင်သွားကြတာပဲ"

"ဒါကတော့ ဒီလိုရှိပါတယ်"

မြွေး က လက်နှစ်ဖက်ကား၍ အားလုံး တိတ်ကြလို့ သတိပေးတာ မျိုးလုပ်ကာ သူပဲ သိနေတာမျိုး ..။

"လှတဲ့လူတိုင်း စိတ်ထားမကောင်းကြလို့ပေါ့၊ ကမာ က စိတ် ကောင်းရှိတယ်လေ .. အဲဒါကြောင့် ဖူး ကို ဟိုသွားဒီသွား လမ်းသစ်ဖွင့် ပေးတာတွေ၊ မိတ်သစ်ဆွေသစ် .. အဲ .. မိတ်ဆွေသစ် .. ဟိုနှစ်ယောက်.. ဟိုမှာ .."

စကားပြောလက်စနှင့် မျက်လုံးတွေနဲ့ ညွှန်ပြတော့ လူကိုပြတာ လား၊ စကားပြောနေတာလား မသိကြဘဲ သူ့မျက်နှာကိုသာ စိုင်းကြည့် နေကြသဖြင့် ...

"ငါ့ကို မကြည့်နဲ့ .. ဟိုမှာ .. ဟိုမှာ .. မင်းသားနှစ်ပါး ကြွလာပြီ၊ မင်းသမီးနဲ့ ရုံရှေ့ဖော်တို့ ကြွကြပေတော့"

ထိုအခါကျမှ ချိန်း တို့ လာနေတဲ့ဆီ လှမ်းကြည့်ဖြစ်ကြသည်။ ချိန်း က ဘောင်းဘီအဖြူစွတ်စွတ်နှင့် ခေါင်းစွပ်ပါသည့် ဆွယ်တာ လက်ရှည် ကြည်ပြာရောင်ပွပွကို ဝတ်ထား၏။

နောက်ပြန်ချထားသော ခေါင်းစွပ်ပေါ်ထိ လှိုင်းတွန့်ထင်သည့် ခပ်အုပ်အုပ်ဆံပင်ရှည်တို့က ခွေကျနေသည်။ ဖူး မျက်ဝန်းလေးတွေကို သဲ အမှတ်တမဲ့ လှမ်းကြည့်လိုက်မိ၏။ ရွှန်းလက်စိုက်ငေးနေသော မျက်





န်းတို့က ချိန်း ဆီမှာပဲဖြစ်နေကာ နှုတ်ခမ်းနှစ်လွှာက ပြုံးယောင် ခမ်းလျက် ...

"သူ့ကိုယ်မှာ အင်္ကျီမပာတ်ရင် ဘောင်းဘီ တစ်ခုခုကတော့ အဖြူ ရောင်တွေပဲ ဖြစ်တတ်တယ်နော် .. ပုဆိုးနဲ့ရော ဘောင်းဘီနဲ့ရော ဘာနဲ့ ဖြစ်ဖြစ် အရမ်းကြည့်ကောင်းတာပဲ"

ဟင်!...

အားလုံး၏ ဟင် .. ခနဲ အသံတွေက အပြင်ထွက်မလာပါ။ ဒါပေ မယ့် မျက်လုံးတွေအားလုံး ဖူး ဆီ ဖျတ်ခနဲ စုပြုံသွားကြ၏။ ကမာ ကိုယ်တိုင် အံ့သြဟန်လေးဖြစ်လျက် ဖူး ရဲ့ အမူအရာတွေကို ကာကွယ်ဖို့ ကြိုးစားလိုက်သေးသည်။

သို့သော် ဖူး က အိပ်မက်မက်ရင်း ထယောင်နေတာမျိုး ပတ်ဝန်း ကျင်တစ်ခုလုံးကို မေ့လျော့နေပုံရှိကာ ချိန်း တစ်ယောက်တည်းကိုပဲ ငေးကြည့်နေခဲ့၏။ ပြီးတော့မှ ပုံစံမမှန်စွာ တိတ်ကျသွားသည့် ကိုယ့် အားကအဖြစ်ကို သတိရသွားခဲ့ပြီး ...

"ဟင် .. ဘာ .. ဘာကြည့်နေကြတာလဲ၊ ငါ ဘာလုပ်လိုက်လို့လဲ"

ထိတ်ထိတ်ပျာပျာလေး မေးလျက် မျက်နှာတစ်ပြင်လုံး အညို ရောင်သမ်း၏။ ပြီးတော့ ငုံ့ချပစ်လိုက်တာ ပြန်မော့မလာတော့ပေ ..။

"ကဲ .. ငါ ဒီနေ့ သူတို့ကို ပြောစရာရှိလို့ တမင်ချိန်းထားတာဟ၊ သွားလိုက်ဦးမယ်"

"အေးပါ .. ချိန်းတဲ့နေ့ရော မချိန်းဘဲနဲ့ သွားတဲ့နေ့ရော ဘယ် အချိန်သွားသွား စိတ်ကြိုက်သွားပါ၊ ဟွန်း .. ဖူး လက်လေးကို ဆွဲထုတ် သွားဖို့လည်း မမေ့နဲ့ .."

ကမာ က တောင်းပန်သလိုလေး ရယ်ကာ ဖူး လက်လေးကိုဆွဲ၍ ထရပ်လိုက်သည်။ သဲ က ခေါင်းငိုက်စိုက်နဲ့အတိုင်း ထပ်ကြပ်မကျ ပါသွားသည့် ဖူး ကို နောက်ကနေကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတစ်ယောက်က ဘာလဲ မသိဘူး .. ရိုးပုံရိုးကန်းနဲ့၊ ကိုယ့် နဲ့ကိုယ် မတန်မရာ တက်မှန်းပြီး ဝေါက်သွားပြီထင်တယ်"

"ငါဖြင့် ကမာ က အရေးပေးနေလို့သာ၊ သူ့ကိုများ ဘယ်လိုမှ ခင်လို့မရဘူး"

"ငါလည်း ကမာ့ ကို သတိပေးထားတာပဲ .. ရှူးသလိုမှုးသလို အဲ့တစ်ယောက်ကို လျှော့တွက်လို့ မရဘူးဆိုတာ .."

တစ်ယောက်တစ်မျိုးပြောရင်း နံတန်းလေးပေါ်မှာ ကျန်ခဲ့ကြ မယ့် သူတို့စိတ်တွေက ထွက်သွားတဲ့လေးယောက်ဆီမှာပဲ စွဲကပ်ပါသွ ခဲ့သည့်ဖြစ်ရာ သဲ က ...

"ကမာ ဘယ်လို သနားကရုဏာတွေ ဖြစ်နေသလဲတော့ မသိဘူ ငါဖြင့် အဲ့တစ်ယောက်ကို ကြည့်ရင်း အဆိပ်ရှိတဲ့သတ္တဝါတစ်ကောင်လို မြင်လာတယ်၊ ဒါမှမဟုတ်လည်း ခေါင်းမြီးခြုံသွားနေတဲ့ စိတ္တဇလူသ သမားကြီးလိုလို .."

"နင်ကလည်း .."

"ဟုတ်တယ်.. ခံစားမိနေတာကိုပြောမပြတတ်လို့ သိသာအောင် ပြော ရတာ၊ ကမာ ကျတော့ မျက်နှာလေးလှသလောက် ချစ်ဖို့ကောင်းတယ်"

"ဘာပဲဖြစ်ဖြစ် ကျောင်းပြီးသွားရင် သူတို့လည်း .."

"ပြီးသွားမှာပဲလို့ ထင်လို့လား မွေး .. ကမာ့ အားကိုးနဲ့ သင်တန်း တွေ တက်ဦးမှာ၊ ချိန်း နဲ့ နီးစပ်ဖို့အတွက် ကမာ့ ဘေးမှာပဲ နေရအောင် ကြိုးစားဦးမှာ၊ သူတို့ပြောနေတာတွေ ငါ ကြားထားတာတွေ ရှိတယ် နင်တို့ထက် ပိုသိလို့ ပြောတာ ယုံလိုက် .."

"ယုံပါတယ် .. ယုံပါတယ်"

ခေါင်းညိတ်လိုက်ကြပေမယ့် ပျော်သွားကြတာတော့ မဟုတ် ..





## အခန်း (၂၃)

"အဲဒါကို ဘယ်လိုမောင်းရတာလဲဟင်"

ကိုယ့်အာရုံနဲ့ကိုယ် ကြည့်နေတုန်းမို့ မေးလိုက်သံကြောင့် ပြန်လှည့် ကြည့်မိသည်။ သူ့ဘေးမှာ ဖူးဖူးစင် ...။

သူမ ကိုယ့်ကို မေးလိုက်တာလား ...၊ ဟိုဒီရှာကြည့်လိုက်တော့ အောင် နဲ့ ကမာ တို့က အငြင်းအခုံ လဲနေကြသည်။

ဒါဆို ကိုယ့်ကို မေးလိုက်တာ သေချာသွားပြီမို့ ...

"အဲဒါလား .. ဒီလိုပဲလေ၊ လက်ကိုင်ထိန်းရတာပေါ့"

ဖူး က သူ့မျက်နှာကို ပြုံးပြုံးလေး လှည့်ကြည့်သည်။ ဘာမှ ထပ် မပြောဘဲ ငေးနေပြီးမှ ...

"ချိန်း က မောင်းဖူးတယ်မို့လား"

"အင်း .."

"လွယ်လား .. ခက်လား .."

"မောင်းကြည့်မှ သိတာလေ .. လွယ်တယ်ဆိုပေမယ့် တစ်ခါမှ မမောင်းဘူးရင်တော့ သူများတိုက်တာ ခံရတာပေါ့"

ဖူး က ရှေ့ပြန်လှည့်သွားသည့် ချိန်း ရဲ့မျက်နှာတစောင်းကို ငေး နေဆဲဖြစ်လျက် တိုက်ဂါးမောင်းတဲ့ဆီကို နည်းနည်းမှ မကြည့် ...။



www.burmeseclassic.com

www.burmeseclassic.com



ချိန်း နဲ့ အတူသွားဖြစ်တိုင်း မကြည့်ရဲ မထိရဲ ဖြစ်ရသည်။ သူ ကြည့်လိုက်တာနှင့် ဆုံတိုင်း မူထူရှိန်းဖိန်းကာ သတိလစ်ချင်သလို ဖြစ် တာမျိုးတွေ ...၊

အမှတ်တမဲ့ ပခုံးချင်းထိမိတာနှင့် တစ်ကိုယ်လုံး ကျင်ခဲကျိန်းေ သွားရတာတွေ ...၊ သူမဘက်မှာ ဤသို့သော တစ်ယောက်တည်း တု လှုပ်ရှားခြင်းများဖြင့် သီးခြားဘဝကနေ ပြောင်းလဲတိုးတက်ခွင့် မရခဲ့ေ ထို့ကြောင့် ...

ချိန်း ကို ဖုန်းနဲ့ခိုးရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံနှင့် နှစ်ရက်သုံးရ လောက် စကားတွေပြောခဲ့သည်။ ရင်ဘတ်ပေါ်မှာ သူ့ဓာတ်ပုံ ကပ်တင် ထားပြီး ရင်ခုန်သံမှန်နိုင်အောင် လေ့ကျင့်ခဲ့၏။

အခန်းတံခါးပိတ်ကာ မင်းသမီးဖြစ်ချင်လို့ ရူးကြသည့်ဝါသနာရှ တွေလို ဖူး ကတော့ ချိန်း ကို ချစ်လွန်းလို့ ရူးခဲ့ရသည်။ မရှက်တတ် အောင် အမူအရာတွေအမျိုးမျိုး လုပ်ကြည့်၍ သူ့ရှေ့မှာ စကားလုံးတွေ ပျောက်ရှတုန်ယင်မကျန်ခဲ့အောင် အထူးလေ့ကျင့်၍ ...၊

အခုတော့ သူမ တကယ် တိုးတက်ခဲ့ပြီ ထင်သည်။ တန်းပေါ် တံတောင်နှစ်ဖက်တင်၍ ရှေ့ကိုကြည့်နေသည့် ချိန်း ရဲ့ဘေးကို နေရာ တိုး၍ ကပ်လိုက်မိကာ ...

"နှစ်ယောက်တွဲ စီးနေကြတာ စုံတွဲတွေလားဟင်"

ချိန်း က လှည့်ကြည့်၏။ အံ့ဩရိပ်ထင်နေသည့် မျက်လုံးတွေကို ဖူး ဂရုမစိုက်မိပေ။ သူမ သိနေတာက တစ်ခုမေးလိုက်တိုင်း ချိန်း ရဲ့ အကြည့်တစ်ချက် ရလိုက်တာကို မက်မောနေမိခြင်း ...။

"မင်း မောင်းကြည့်ချင်လို့လား"

"ဟင် ... ဟုတ် .. အဲ .. မမောင်းရဲဘူး၊ အဲ့ဒါကြောင့် ချိန်း .."

"ကမာ နဲ့ မောင်းပေါ့၊ သူ မောင်းတတ်တယ်"

ချိန်း က တင်ထားသည့်လက်တွေကို ဖြုတ်ချပြီး ရှေ့ဆက်လျှောက်





သွား၏။ သွားနေရင်း ရှေ့ကမှန်ချပ်ထဲမှာ မြင်လိုက်တာက ဖူး က နောက်မှာပဲ ဖြစ်နေလျက် ...

"ကျွတ်!.."

ပြန်ကြည့်လိုက်တိုင်း ကမာ နဲ့ အောင် က တစ်နေရာမှာ ရှိနေခြင်း ကြာတော့လည်း ခံရခက်လာ၏။ ဖူး ဆိုတဲ့ ကောင်မလေးကရော ဘာဖြစ်လို့ ဒီလိုအချိုးတွေ ဖြစ်နေတာလဲ ...။

မပြောရဲ မကြည့်ရဲ လိပ်လေးတစ်ကောင်လို နေလာခဲ့ပြီး ရဲပြီဆို တော့လည်း ကြည့်မိတဲ့မျက်လုံးတွေက ထိုနေရာမှာ အပ်စိုက်ထားလိုက် တဲ့အတိုင်း ...၊ ချိန်း ခြေလှမ်းတွေ ဦးတည်ချက်မဲ့နေတဲ့အတိုင်း ဖူး က လည်း ဘေးမှာပါလာရာ လူရွယ်နှစ်ယောက် ဘာတွေသဘောကျပြီး ရယ်မော တွန်းထိုးလာကြသည် မသိ ...။

တစ်ယောက်က ဖူး နဲ့တည့်တည့်ဆီ ဘေးတိုက်ပစ်ကျလာ၏။ အမြင်မတော်လျှင် ပါချင်သည့်လက်ကလည်း စိတ်တို့နေသည့်ထဲကနေ ဖူး လက်မောင်းလေးကို ဒီဘက်ဆွဲယူလိုက်မိ၏။

"အမလေး .."

"ဟာ!... ဆောရီး .. ဆောရီး .. ဆောရီးနော် .."

သူ ဆွဲယူလိုက်တာတောင် ဖူး ရဲ့ပခုံးတစ်ဖက်ကို အစွန်းချင်း တပ်မိသွားသေးသည်။ နှစ်ယောက်စလုံး လက်ကာ ခေါင်းငါနှင့် တောင်းပန်သွားပေမယ့် သူ့ရင်ခွင်ထဲကို အော်တိုမစ်တစ် ရောက်လာ သည့် ဖူး ရဲ့ကိုယ်က တော်တော်နဲ့ နေရာမကျနိုင် ...။

"ဆောရီး .. မင်းကို တိုက်မိမှာစိုးလို့ ဆွဲလိုက်တာ"

ရင်ဘတ်စမှာ ဆုပ်ဆွဲထားသည့် သူမလက်တွေကို ဖယ်ချ၍ သူက ဲ တောင်းပန်လိုက်သည်။ နောက်ကို ပြန်လှည့်လိုက်တော့ အောင် နဲ့ ကမာ က သူတို့နောက် နီးနီးလေးမှာ ...

"ဘာတွေဖြစ်ကုန်တာလဲ .. ဟဲ .. ဟဲ .."



www.burmeseclassic.com

www.burmeseclassic.com



အောင့် မျက်နှာ ရယ်ချင်ပက်ကျိကို ကြာကြာမကြည့်ဖြစ်အေ မျက်နှာလွှဲပစ်မိသည်။ ပိုတိုးလာဖွယ်ရှိသည့် ဒေါသက အဲဒီမျက် ကြောင့် ဒီနေရာမှာတင် ရှော့ခ်ဖြစ်ဖို့ ရှိ၏။ ကမာ သည် သူ့မျက်လုံး ကို မဆုံမိအောင် ရှောင်၍ ဖူး ပခုံးလေးကို သွားဖက်၍ ...

"ချိန်း သာ မဆွဲလိုက်ရင် သူများ တိုက်သွားလို့ ပိုးစိုးပက် လဲသွားမှာ သိလား .."

"ဟုတ်တယ် .."

ဖူး ရဲ့ ကျေးဇူးတင်သည့်အကြည့်တစ်ချက်က ချိန်း မျက်နှာ ပစ်မှန်သွားသလို မှဲ့ခနဲ ဖြစ်၏။ အားလုံးကို သိနေသဖြင့် အောင် ရယ်ချင်နေကာ ...

"အဟမ်း .. ဒီကောင်တွေ တော်တော်မကောင်းတာပဲ၊ ငါ့နာ ဖြစ်လိုက်ရင် ပြီးပြီ"

"အံမာ .. ကောင်စုတ်"

ကမာ က မျက်စောင်းလှည့်ထိုးသည်။

"ဘာလဲ .. ငါက ဖူး ကြောက်တတ်တာ သိလို့ ပြောတာ၊ နင့် တိုက်ချသွားရင်ရော ချိန်း လို ငါက ဆွဲဖက်ထားလိုက်မယ် ထင် လား .. စိတ်ကူးယဉ်နေသေးတယ်"

"ကြည့်စမ်း .. အောင် နော်၊ ငါ လာထုလိုက်ရင် နာဦးမယ်"

"အဟွန်း .. ဓာတ်လမ်းဖြစ်ဖို့ မရှိတော့လို့ပါ၊ ငါက လက်ထပ် တော့မှာ"

"သွားသေလိုက်ပါလား .. ဘဝင်မြင့်လွန်ရောဂါနဲ့ .."

နှစ်ယောက်သား ရန်ဖြစ်နေကြသည် ထင်ရပေမယ့် အောင် ပြေ သမျှ ကိုယ့်ကို ချည်တုပ်ပြီးသား ဖြစ်နေသလိုပါလား ..။

ကိုယ်ကပဲ တွဲခွင့်ရှိနေလို့ အတွဲရှာနေသလိုလို ..၊ ဒါကြောင့် ဓာတ် လမ်းဖြစ်ဖို့တွေ ရှိနေပြီလိုလို ..။





ချိန်း မျက်နှာကြီး အနီရောင်သမ်းလာပြန်သည်။ ဒီလိုနေ့ ဒီလို အချိန်မှာတွေ ခဏခဏ ဖြစ်လာတော့ မျိုသိပ်ရ ခက်လာ၏။

ဖူးဖူးစင် ရဲ့စိတ်တွေ ပုံမှန်ရှင်သန်လာအောင်ဆိုတာ ဟုတ်ရဲ့လား၊ ကမာ ကို အလိုလိုက်ပြီး ဒါတွေ ကူညီဖို့ ခေါင်းညိတ်ခဲ့တာ မှားပြီထင် သည်။

ထို့ပြင် ဖူး ပုံစံကလည်း တစ်ခုခုတော့ တစ်ခုခု ..။

သူမရဲ့မနက်ဖြန်တွေ လင်းလက်လာအောင် ကူညီနေရင်း ကိုယ့်ရဲ့ မနက်ဖြန်တွေ မိုးလင်းပါတော့မလား ..။

ချိန်း ကားမောင်းလာခဲ့တဲ့အထိ စိတ်တွေ နောက်ကျိနေဆဲ ကမာ့ မျက်နှာလေး မြင်ချင်လို့ ထွက်လိုက်လာမိတိုင်း ဖူးဖူးစင် ရဲ့ မျက်လုံး တွေကြောင့် နေရခက်သည်။

ကိုယ့်ကိုယ်ကိုယ် စေတနာ့ဝန်ထမ်းလား .. ဘော်ဒီဂတ်ဖြစ်နေပြီ လား .. ဘာမှန်းတောင် မသိတော့တဲ့အဖြစ် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"အောင် မပါတော့ ကြောင်တောင်တောင်နဲ့ကွာ"

"ချိန်း ပဲ အောင် ပါတော့လည်း တစ်တွဲစီ ဖြစ်နေတာ မကြိုက်ဘူးဆို .."

ချိန်း က ကမာ့ မျက်နှာကို ပြန်ငုံ့ကြည့်သည်။ ပြောဖို့စကားတွေ တစ်လှေကြီးနဲ့ကြည့်လိုက်တာပေမယ့် ဘာမှလည်း မပြောဖြစ် ..။

"ချိန်း က ဘတ်စ်ကားတိုးစီးရမှာကို စိတ်တိုနေတာမို့လား .. အောင် ကလည်း မပါဘူးလေ၊ အောင် မပါဘဲ ချိန်း ရဲ့ကားကို ဘယ်လိုလုပ် လိုက်စီးရမလဲ၊ နောက်ပြီး ဘတ်စ်ကား နှစ်ခါသုံးခါလောက် တိုးစီးဖူးသွားရင် ဖူး လည်း တော်တော်လေး နားလည်သွားမလားလို့ပါ"

"ကိုယ်ကတော့ တော်တော်လေး နားလည်နေပြီ ကမာ"

နှစ်ယောက်အတူ သွားနေရင်း ခြေလှမ်းမပျက်ဘဲ ချိန်း က ပြန်ငုံ့ကြည့်ကာ ...

"ခုတစ်လော ကိုယ့်ကို မင်းချည်းပဲ ဟိုခေါ်ဒီခေါ် လုပ်နေတာ .. ကိုယ့်မျက်နှာကြီးကို မြင်ချင်နေတာမှ မဟုတ်ဘဲ၊ မင်း ရဲ့ ဖူး အတွက် အားထုတ်နေတာ"





"လုပ်ပြီ .. တွေ့တာနဲ့ မတည့်ဖို့က စတယ်"

"မစချင်ပါဘူး.. မင်းလည်း လုပ်စရာရှိတာ ဆက်လုပ်၊ ဟိုကြောင့်ဒီကြောင့်နဲ့ လိုးလွဲပြောမနေနဲ့၊ ဒီကကောင်က မင်းအတွက် အားလုံးဆေးဖို့ ပြင်ထားပြီးသား"

"ချိန်း ကလည်း တကယ်ပါပဲ"

မကြည်လင်သည့်မျက်နှာကြောင့် ကမာ လည်း စိတ်မချမ်းသာပါ၊ ဒါပေမယ့် ခင်လို့ ကူညီချင်တဲ့စေတနာထက် ဘယ်သူမှ မသိနိုင်သည့် အလေးအပင်တစ်ခုက ပခုံးပေါ်မှာ ဖိစီးနေသလို ခံစားနေရသည်။

ပိုဆိုးတာက ဒီပြဿနာကို ဖူး က မသိရှာပေ ..။ ဘာမှ မသိပေမယ့် ကိုယ့်ကိုပဲ တမ်းတ တွယ်ကပ်နေသည်။ ချိန်း နဲ့ သွားလာနီးစပ်ခွင့် ရနေတာကို ကြာလေ မက်မောလာလေမို့ ချိန်း ကို မျှော်လင့်ပြီး ကိုယ့်ကို ပို၍ အားကိုးနေမှန်းလည်း နားလည်လာ၏။

အစကတည်းက 'ချိန်း က ငါ့ချစ်သူ'လို့ ပြောလိုက်မိရင် အကောင်းသား၊ ချိန်း ကို သဝန်တိုတာတော့ မဟုတ်ပါ။

ဒါပေမယ့် ချိန်း ဒီလောက် စိတ်တိုတတ်နေတာက တစ်ချိန်ချိန်မှာသာ မရိုးသားကြတာတွေကို သိသွားခဲ့ရင် ကိုယ် ပြောခဲ့သမျှ စကား၊ မှန်ခဲ့သမျှ သစ္စာအားလုံး ရေစုန်မျောတော့မည်။

"ကမာ ဒီလောက်လှနေတာ ချိန်း က သဘောကျမှာပဲ၊ တစ်ခါမှ ဘာမှ မရိုးမသားပုံစံ မပြခဲ့ဘူးလား"

လို့ ဖူး မေးခဲ့ဖူးတာတောင် မသိသလိုလို မကြည့်သလိုလို သူမ ပြန်ဖြေခဲ့သေးသည်။ ဒီလိုတွေ ရှိလာမယ်ဆိုတာ တွေးမှ မတွေးမိခဲ့ဘဲ..။

ထို့ကြောင့် အားငယ်သွားမှာစိုးလို့ ကိုယ့်အပေါ် မရိုးသားတဲ့ ယောကျ်ားပါဆိုတာကို မသိစေခဲ့သည့် စေတနာတွေက ခုတော့ ကိုယ့်အတတ် ကိုယ်ရူးခဲ့ပြီ ဖြစ်၏။

ချိန်း ကို သူမ အဖြေပေးဖို့အတွက် ကွာဟနေတဲ့ အခြေအနေတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ခက်ခဲနေခဲ့ရခြင်းဟာ ဖူး အတွက် စဉ်းစားရခြင်းတစ်ခု ထပ်ဆင့် ပိုလာခဲ့သည်။ ဘာပဲဖြစ်ဖြစ် ချိန်း ရဲ့ သည်းခံနိုင်စွမ်း မကုန်ဆုံးသေးခင် ဖူး ကို အဆင်ပြေအောင် သူမ တွဲခေါ်မှ ဖြစ်မည်။

ခုလည်း ဖူးရဲ့အခြေအနေ အများကြီး ပြောင်းလဲနေပြီဖြစ်သည်။ ထိုပြောင်းလဲမှုတွေက ချိန်း နဲ့ပတ်သက်နေသည်သာ မဟုတ်လျှင် ...

"မျက်နှာက ဘာဖြစ်သွားတာလဲ"

တိတ်ဆိတ်စွာ ပူလောင်နေဆဲ ...၊ ချိန်း အသံကြောင့် ဖျတ်ခနဲ မော့ကြည့်မိ၏။

"အဲ့ဒါပဲ .. ဘာဖြစ်ဖြစ် ဒီက မစရသေးဘူး၊ မင်းချည်းပဲ .."

"ကမာ က ဘာဖြစ်နေလို့လဲ"

"ဘာမှမဖြစ်ဘဲနဲ့ မပြောနိုင်မဆိုနိုင် ဘာဖြစ်လို့ ခေါင်းကြီးငုံ့သွားတာလဲ"

ကမာ မျက်နှာလေးမော့ပြီး ဆံပင်တစ်ဖက် သိမ်းပစ်လိုက်ကာ...

"ချိန်း နဲ့ မဆိုင်ပါဘူး၊ ကိုယ့်အကြောင်းကိုယ် တွေးမိလို့"

"မင်းကို အပြစ်တင်ချင်လို့ ပြောနေတာ မဟုတ်ဘူး၊ ဒါပေမယ့် အခု ဖြစ်နေပုံကြီးက နည်းလမ်းမကျဘူးဆိုတာတော့ မင်း သိဖို့ ကောင်းတယ်"

"အင်းပါ ချိန်း ရယ် .."

"ခေါင်းညိတ်နေပြီး အချိန်တန်ရင် မင်း သဘောကျချည်းပဲ လုပ်သွားတာတွေကိုရော သတိထားမိရဲ့လား၊ မင်းရဲ့ ဖူး ကို ရောဂါသည်လေးလို မင်း ဆက်ဆံနေတာ အခုက ပြဿနာမရှိဘူး၊ ဒါပေမယ့် သူ.."

ဘာဆက်ပြောလာမလဲလို့ ကမာ က နားစွင့်နေသည်။ ဘာမှမပြောတော့မှ မျက်နှာကို မော့ကြည့်မိ၏။ ချိန်း က ပြန်ငုံ့ကြည့်ကာ ပြောရခက်နေသည့်မျက်နှာနှင့် ...

"တစ်ချိန်ချိန်မှာ ရှုပ်ကုန်မှာ သေချာတယ်"





"ချိန်း ဘယ်လိုထင်လို့လဲဟင်၊ ဖူး က ချိန်း ကို သဘောကျနေတဲ့ ပုံ ဖြစ်နေလို့လား"

"သူ ဘာပုံစံဖြစ်နေနေ ကိုယ် စိတ်မဝင်စားဘူး၊ သူ့အတွက် မင်း ကိုယ့်ကို လိုအပ်နေတာလားလို့ တွေးမိနေတာက ခံရခက်တယ်"

"အဲ့လိုဖြစ်သွားပေမယ့် အဲ့လောက်တော့ မဟုတ်ပါဘူး ချိန်း ရယ်.. ချိန်း ပါလာတိုင်း သူ ပိုပြီးတက်ကြွနေတာကို မျှော်လင့်မိတာပါ၊ ကမာ တွဲခေါ်နေရတာထက် ချိန်း နဲ့ဆိုရင် သူပဲ ရှေ့ကပြေးနေတာ ချိန်း လည်း သိတာပဲ"

"ဩော် .. မင်း ဒါလည်း သိတယ်ပေါ့"

"သိတယ် .. ချိန်း က ချောတဲ့ယောကျ်ားပဲ၊ သဘောမကျတဲ့ မိန်းကလေး မရှိလောက်အောင် ဆွဲဆောင်မှု ရှိတယ်၊ သူလည်း .."

"မင်း သဘောကျဖို့ပဲ လိုတာ၊ တခြား ဘာမှ ထည့်ပြောမနေနဲ့"

"မဟုတ်ပါဘူး .. ဖူး က သဘောကျနေတယ်ဆိုရင်လည်း ချိန်း မျက်နှာမှာ သူ့ကို စိတ်ဝင်စားခြင်း၊ မဝင်စားခြင်းတွေ ပေါ်နေမှာပါ၊ သူ နားလည်နိုင်မှာပါ .. မဟုတ်ဘူးလား၊ ဖူးဖူးစင် ရဲ့စိတ်က သူ့အသက်ထက် ငယ်နေတယ်ဆိုရင်လည်း နှလုံးသားကတော့ အရွယ်ရောက်နေပါပြီ"

ဒါဆို တစ်ဖက်သတ်ချစ်ခြင်းတွေ .. တစ်ဖက်သတ် ပေးဆပ်ရင်း ကျန်ရစ်ဖြစ်သွားကြတဲ့ အသည်းကွဲလူမိုက်တွေ ...၊ ဒီရာဇဝင်တွေ ဘာလို့ တွင်ကျန်ခဲ့ကြတာလဲ ...။

ချိန်း ရဲ့ခြေလှမ်းတွေ နှေးသွားရင်း မပြောချင်သည့်စကားတွေကို မျိုသိပ်ထားလိုက်ရင်း မျက်နှာက မသာယာနိုင် ...။ ယောကျ်ားလေးဖြစ်နေပြီး မိန်းကလေးတစ်ယောက်အပေါ် မစာမနာ မဝေဖန်ချင်ပါ။

ဒါပေမယ့် သူ ခံစားမိနေသည့် ဖူးဖူးစင် ရဲ့ မျက်လုံးတွေထဲမှာ...

"ဟိုမှာ ဖူး စောင့်နေတယ် .. တွေ့လား .."



www.burmeseclassic.com

www.burmeseclassic.com



မှတ်တိုင်နောက်မှာ ပန်းရောင်ဝတ်စုံလေးနဲ့ လွယ်ထားသ
အိတ်လေးရဲ့ ကြိုးရှည်တစ်စကို လက်နှစ်ဖက်နဲ့ ပြန်ကိုင်ထား
ဖူးဖူးစင် က သူတို့လာနေတာကို လှမ်းကြည့်နေသည်။

ပြီးတော့ သူမဘေးမှာရှိနေသည့် မိန်းကလေးနှစ်ယောက်
သွားဖို့ လက်ခါပြနေတာ တွေ့၏။ မိန်းကလေးတွေက ဒီဘက်ကို လှ
ကြည့်ပြီး ခေါင်းညိတ်သည်။ လမ်းတစ်ဖက်ကို ကူးသွားကြလျက်
ထားသည့် ကားအဖြူလေးပေါ်ကို တက်သွားကြ၏။

အင်းလျားကန်ဆောင်မှာ မုန့်သွားစားကြဖို့ လိုင်းကား တိုးစီး
တဲ့၊ ဒါပါနဲ့ဆို ဒုတိယအကြိမ်မြောက် ...၊

သူဌေးသမီးက ကိုယ်ပိုင်ကားကို ပြန်လွှတ်လိုက်ပြီး ဘတ်စ်က
ပေါ်တက်မည့်အဖြစ်မှာ ဘဝသမားမိန်းကလေးက ဆရာမကြီး ...။

ဒါဆို သူက ဘာလဲ ...။ နှစ်ယောက်စလုံး လမ်းတစ်လျှောက်
ပြောသမျှ ဘာတစ်ခုမှ အဆင်မပြေ ...၊ မျက်နှာတွေ မသာမယာ
စိတ်ရော ချမ်းသာကြလို့လား ...။

ဖူး မျက်နှာလေးကတော့ ပြုံးပန်းတွေဝေလျက် ဟိုတုန်းကထ
ပိုလှနေသည်။ လှသည့်မိန်းကလေးအဖြစ် ပြောင်းလဲရစ်တည်နေရုံမ
ကြောက်တာရှုံ့တာတွေလည်း မျက်နှာမှာ မမြင်တော့ပါ ...။

ဒါဆို ဘာလိုသေးလို့လဲ ...၊

"ဘာဖြစ်လို့လဲဟင် .. ဟို .. ဖူး .. ဖူး မလှလို့လား"

စူးစိုက်ကြည့်လိုက်မိတဲ့ ကိုယ့်အပြစ်ကိုပဲ ကျောတစ်ရာ ရင်တစ်
ဒက်ခတ်ချင်တော့သည်။ ကမာ က ပြုံးလိုက်ပြီး လှည့်ကြည့်တော့
ဆိုး၏။

"ဖူး က အရမ်းလှနေလို့ ဖြစ်မှာပါ၊ တကယ် ဒီနေ့ ဖူး တော်တော်
လှနေတယ် သိလား .. တိုးတက်လာပြီ"

"ဟုတ်လား .."





လို့ မေးလိုက်ပေမယ့် မျက်ဝန်းလေးတွေက ချိန်း ဆိုမှာ ...၊
ပြုံးသနေမှာပါလား ...၊

ကိုယ့်နဖူးကိုယ် ကုတ်ခြစ်ရင်း အသံတိတ်နေရတာလည်း ဒုက္ခ...။

"ကားလာပြီ"

အသံပေးလိုက်ပြီး ကမာ က အရင်ဆုံး တိုးတက်သွား၏။ မိန်း
ကလေးတွေကို ဦးစားပေးလိုက်ရတော့ ဖူး က သူ့ရှေ့မှာ ဖြစ်သွားသည်။

ကားက သိပ်မကျပ်တာမို့ ကမာ့ ကို လှမ်းမြင်လိုက်တော့ စိတ်တို
သွားမိသည်။ စီးရမှာ သိပ်မဝေးဘဲနဲ့ ဒီလောက်ထိ နောက်ရောက်အောင်
တိုးဝင်သွားဖို့ လိုသလား ...။

"အမလေး .."

မှတ်တိုင်က ထွက်တာနှင့် ကားကိုကျော်တက် ဝိုက်ဝစ်လိုက်တော့
ဖူး ကိုယ်လေး သူ့ရင်ခွင်ထဲ ယိုင်ကျလာသည်။

"ကိုင်ထားလေ"

"အင်း .. ဖူး မေ့သွားလို့ပါ"

"ကမာ့ နားကို တိုးဝင်သွားပါလား .. သူ့ကို မှီထားလို့ ရတာပေါ့"

"မသွားတော့ဘူး .. ကားမောင်းနေတုန်း ဖူး လမ်းမလျှောက်ရဲလို့"

မှတ်တိုင်တစ်ခုမှာ လူတွေ စုပြုံတက်လာကြသည်။

လက်ကိုင်ကွင်းတစ်ခုကို နှစ်လက်သုံးလက် စုထပ်ကိုင်တတ်ကြ
ပေမယ့် ဖူး က အထိတ်တလန့် လက်ကို ပြန်ရုတ်၏။

ထိုအခါ တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲပဲ ကပ်မှီပြီးသားဖြစ်လေသည်။

"ဒီတိုင်းနေမယ်နော် ချိန်း .."

"အင်း .."

ကျောကပ်မှီထားတာတောင် ဒယိမ်းဒယိုင် ဖြစ်နေရကာ နောက်
ကျတော့ သူ့ဘက်ကို မျက်နှာချင်းဆိုင် လှည့်လိုက်ကာ အကျႌရင်ဘတ်စ
ကို ဆုပ်ကိုင်ထားလိုက်သည့်အဖြစ်သို့ ရောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘေးလူတွေကြည့်ပုံက သူ့ကောင်မလေးကို အုတိုပြီး ရင်ခွင်ထဲ ထည့်ထားသည်ဆိုသည့် မျက်လုံးများနှင့် ...။

ဘယ်လိုထင်ထင် ဘာမှ မတတ်နိုင်တော့ပါ။ ကြာရင် ခါးကို ဖက်ထားတဲ့အထိ ဖြစ်တော့မှာမို့ မှူး ရဲ့ပခုံးလေးတစ်ဖက်ကို ကိုင်ပြီး ထိန်းပေးလိုက်ရ၏။

ချစ်နေလိုက်ကြတာလို့ ထင်ကြစမ်း ...၊

ချိန်း မျက်နှာမှာ စက်ရုပ်လို ငြိမ်သက်အေးစက်နေခဲ့ပြီး မှူး အတွက် လုံ့ဝ ပေးထားလိုက်တာ ကိုယ့်ကိုယ်ကိုယ် ဓာတ်တိုင်တစ်တိုင် အဖြစ် ...။





## အခန်း (၂၅)

"မင်းက ဘယ်လို ထင်လို့လဲ"

"မင်းကို မေးနေတာ .. ဘာဖြစ်လို့ ငါ့ကို ပြန်မေးနေရတာလဲ"

အောင် က ဆိုဖာမှာ မှီလိုက်ပြီး ခေါင်းခါသည်။ ဒီအချိန်တွေကျမှ ဘာဖြစ်လို့ လူတိုင်းမှာ ပြဿနာကိုယ်စီ ရှိနေကြတာလဲ ...၊

ပြီးတော့ သူ့ကျမှ ဘာဖြစ်လို့ မရှန်းသာမလွန့်သာ အခြေအနေကြီး ကျက်ချင်း ထရှိလာခဲ့သလဲ။ အချစ်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ရင်လည်း အကောင်းသား ...။

အောင့် မျက်နှာမှာ မမြင်ဖူးသော ရှုပ်ထွေးခြင်းတွေနှင့် သုန်မှုန်နေတာကို ချိန်း သတိထားမိသည်။ ဒါပေမယ့် ဒါကို အမိက အရေးကြီးတစ်ခုလို့ မတွက်မိသေးဘဲ ...

"သူခေါ်လို့ ငါက ကားထားခဲ့ပြီး လိုက်သွားတယ်၊ ကားပေါ်မှာ သည်း တစ်ယောက်တခြားနဲ့၊ ဟိုရောက်တာနဲ့ သူ့အမေ ဆေးဘူးတွေ ဒီတ်ထဲပါလာလို့ဆိုပြီး လှည့်ပြန်သွားတယ်၊ အဲဒါတွေက တိုက်ဆိုင်တာတွေလား .. ငါက မှူး နဲ့ တစ်နေကုန် လျှောက်လည်နေတာ ခင်း တွေးကြည့် .."



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေကုန် မလည်ဘဲ ပြန်လာလို့ရတာပဲကွ"

"အဲဒါကို ဆရာမကြီးက ဟိုကစောင့်ပါ၊ ဒီကစောင့်ပါနဲ့ ဖုန်း လှမ်းဆက်တယ်လေ .. ငါ သူ့ကို မျှော်လင့်ခဲ့ .. အလိုလိုက်ခဲ့သ ကြာရင် ငါနဲ့ ဟိုတစ်ယောက် .."

စကားမဆုံးလိုက်ဘဲ တက်ခေါက်သည်။ ဆိုဖာမှာ ပက်ခနဲ မှီ လိုက်ရင်း မျက်နှာကို မျက်နှာကြက်ဆီ မော့ငေးနေလျက် ...

"ကမာ တစ်ခုခု အကွက်ရွှေ့နေတာ သေချာတယ်"

"မင်းကို ဖူး နဲ့ တွန်းပို့နေတယ် ထင်လို့လား"

"အသိသာကြီး .."

"ယောက်ျားလေးက လိုက်လျောတတ်တဲ့အမျိုးမို့လို့ ခက်နေတ ချိန်း .. မင်း နေတတ်အောင် နေလိုက်"

"သိပ်နေတတ်တာပေါ့ .. မင်းက ငါ့ကို ဟိုမပြတ် ဒီမပြတ် ဝေနေတယ် ထင်လို့လား"

"ထင်တာ မထင်တာ မမေးနဲ့လေ .. မင်း မေးလို့ ငါက ပြောတာ အဲဒီကောင်မလေး မင်းကို ကြိုက်နေပါတယ်လို့ ဒါတွေ မစခင်တည်း က မင်းကို ပြောခဲ့သားပဲ၊ ကမာ ကြောင့်ဖြစ်ဖြစ် မိန်းကလေးမို့ ညာတ နေရတာဖြစ်ဖြစ် .. အဲဒီထဲကို မင်းကိုယ်တိုင် ခြေကျွံခဲ့တာ"

"မဟုတ်ဘူး .. အဲဒါ .. အဲ့ဒါ ဟုတ်ပေမယ့် လုံးဝ မဟုတ်ဘူး ကျွတ်!.."

ဘယ်လိုရှင်းပြရမှန်းလည်း မသိ၊ ကိုယ်ချစ်နေတဲ့ မိန်းကလေး တစ်ယောက်က ကူညီပါလို့ ပြောလာတာကို ဘယ်လိုအင်အားနဲ့ ငြ ရမလဲ ...။

ချစ်ခွင့်ရဖို့ ကြိုးစားနေရတဲ့သူက သူမဘက်က အလိုမကျ စိ ကွက်သွားစရာအဖြစ်မျိုးကို ဘယ်လိုသတ္တိနဲ့ စိန်ခေါ်မလဲ ...။

ဒါပေမယ့် သူ့မှာ ဒါတွေကိုရှင်းပြစရာ အကြောင်းပြချက်က





ညည့်ခန်းကျယ်ကြီးထဲမှာ ဘယ်မှ သွားလာကြဖို့လည်း စိတ်ကူးမရှိကြဘဲ တစ်ယောက်က လျှော့ရိလျှော့ရဲ မှီလျက် တစ်ယောက်က စီးကရက် လက်ကြားညှပ်လျက် ...၊

အောင် က စီးကရက်ကို ခွက်ထဲမှာ ဖိချေပစ်လိုက်ကာ ...

"ခုချိန်မှာ မင်းအတွက် ရွေးစရာလမ်း ရှိသေးတယ်၊ ငါ့မှာသာ.."

"ဘာဖြစ်လို့လဲ .."

"ချောင်ပိတ်မိနေတာ"

ချိန်း စိတ်ဝင်စားသွားကာ မတ်မတ်စန့်စန့် ပြန်ထိုင်လိုက်ပြီး ...

"မထက် နဲ့ ပေးစားနေလို့လား"

အောင့် မျက်နှာက နေလောင်ပန်းလို သိသာစွာ ညှိုးကျသွားလျက် တော်တော်နဲ့ စကားမပြန် ...။

"ငါနဲ့ ကမာ ချစ်သူတွေဖြစ်နေကြပြီလို့ ပြောလိုက်ပါလား၊ မင်း ကို ကမာ နဲ့ ငြိသွားမှာစိုးနေတာကို"

ပြောလိုက်တော့ အောင် က ချိန်း မျက်နှာကို ပြန်စိုက်ကြည့်၏။

"အဲဒီလို ငါ ပြောလိုက်ရင် မင်းမှာ အဆင်ပြေနိုင်မှာလား"

"မင်း အဆင်ပြေသွားရင် ပြီးတာပဲ"

အောင် က မဲ့ပစ်လိုက်သည်။ လက်နှစ်ဖက်ကို ဆိုဖာပေါ်မှာ ဆန့် ထားတင်လိုက်ပြီး ...

"မင်းက ငါ့ထက် ပိုဆိုးသွားမှာ သိနေလို့ ငါ မပြောတာ ချိန်း၊ ငါ့ဘက်မှာ အနှိုင်ရွေ့ ကြောင့်သာ မဟုတ်ရင် ကမာ့ အပေါ်မှာ မေမေ တို့ ဘယ်လိုသဘောထားတယ်ဆိုတာ ငါ သိတယ်၊ အဆင့်အတန်းဆို တဲ့ ခွဲခြားတဲ့စိတ်တစ်ခုကလွဲရင် ရင်နင့်ကြေကွဲဖွယ်တွေ ဖြစ်ဖို့မရှိဘူး"

"ဘာ!..."

"ကမာ နဲ့ မမထက် မင်းမိဘ ငါ့မိဘ ဒီလေးစုဟာ တစ်ခုနဲ့တစ်ခု ဆက်နွယ်မှုတွေ ရှိနေကြတယ်၊ လူကြီးချင်းတွေကွာ ..ကမာ တို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



အန်တီရွှေ တို့က ဆွေမျိုး၊ ငါနဲ့ ငယ်သူငယ်ချင်းဖြစ်တဲ့ ကမာ့ ကြော မမထက် တို့နဲ့ ငါတို့က လူရင်းတွေဖြစ်လာကြတယ်၊ မင်းအမေ ငါ့အမေက မိတ်ဆွေတွေ လာဖြစ်တော့ လူကြီးချင်းပတ်သက်မှုတွေ ငါတို့လူငယ်တွေရဲ့ ရင်းနှီးမှုတွေ ပတ်ရှုပ်ကုန်တယ်၊ ရှုပ်ကုန်ရခြင်း အကြောင်းတွေက ငါ့ရှေ့မှာချည်း လာလာပြောနေကြတော့ မင်း သိ ထားတာတွေထက် ငါ သိတာတွေက ပိုများတဲ့အကြောင်း ဖန်လာ တာပေါ့"

ချိန်း က မျက်မှောင်ကုတ်နေဆဲနှင့် ဘာမှထပ်မမေးဘဲ စိုက်ကြည့် နေသည်။

"မင်းမာမီနဲ့ ငါ့အမေ ခုတစ်လော ခဏခဏ တွေ့ဖြစ်ကြတယ် ကွ၊ တိုက်ဆိုင်ချင်တော့ တွေ့ဖြစ်တဲ့အခါတိုင်း မေမေ့ကို ငါ သွားကြိုတဲ့ အခါတွေနဲ့ ဆုံတယ်၊ အိမ်မှာ ငါရှိနေတုန်း ရောက်လာတတ်တာတွေ တိုးတယ်၊ မင်းအမေ ကမာ့ ကို ဘယ်လောက်ထိ စိတ်ဝင်စားနေလဲ သိလား .."

"အဲ့ဒါ မင်းအမေ ပြောတဲ့စကားတွေပေါ်မှာ မူတည်မယ် ထင် တယ်"

"ဟုတ်တယ် .."

အောင် က ချက်ချင်း ခေါင်းညိတ်၏။

"အဲဒါတော့ ငါ ဘာမှမတတ်နိုင်တဲ့အချက်ပဲ ချိန်း.. မင်းကိုမပြော နဲ့ ငါ ချစ် .."

စကားက တုံ့ခနဲ ဖြစ်သွားပြီးမှ ...

"ငါ သိပ်ခင်တွယ်ခဲ့တဲ့ ကမာ့ ကို ငါ့ရှေ့မှာ ချိုးဖဲ့ နှိမ်ချပြောရ တာတောင် ငါ ဘာမှမတတ်နိုင်ဘူး"

စကားများသွားသည်နှင့် ချိန်း နှုတ်ခမ်း လွန့်ခနဲ မဲ့သွားသည်။ ပြီးတော့ ခပ်ရိရိအပြုံးနှင့် အောင့် ကို ကြည့်ကာ ...





"မင်း ကမာ့ ကို ချစ်နေတယ်ထင်ပြီး ငါ့မာမီလည်း စိတ်ပူတတ် အောင် နှစ်လမ်းသွား ပြောလိုက်တာ နေမှာပေါ့"

အောင် က ချိန်း ကို ပြန်ကြည့်သည်။ ခဏတဖြုတ် ဆုံစည်းသွား ယှဲ့ မျက်လုံးချင်းတော့ နားလည်နေကာ ...

"မင်းမျက်နှာကြီးက သူခိုးဖမ်းနေသလိုပါလား"

"ခိုးထားတဲ့လူက မလုံတာပါ"

"ချစ်နေခွင့်ဆိုတာ အခွင့်အရေးတစ်ခုပါ ချိန်း ရာ .. ခိုးယူစရာ ပါဘူး၊ မင်းကို ဖူး က တစ်ဖက်သတ် ချစ်နေတယ်ဆိုရင်လည်း သူ့အခွင့်အရေး သူပိုင်တာပဲ၊ မင်းရင်ထဲက တစ်ယောက်ယောက်ကို ရှိနေတဲ့အချစ်က သူ့ဆီကိုပဲ ရွှေ့ပါသွားတာမှ မဟုတ်တာ"

ချိန်း က ခေါင်းညိတ်တာမဟုတ်ဘဲ မျက်ခုံးတွေပင့်၍ မဲ့သည်။

"မင်း မမဲ့နဲ့ ချိန်း .. ကမာ့ ကို မင်း မျက်စိကျနေဟာကို ငါက တွက်ခဲ့တာ၊ နောက်တစ်ခုက သူ့ကို ငါ မရိုးသားလိုက်တာနဲ့ ချစ်သူဖြစ်ခွင့်ရသည်ဖြစ်စေ မရသည်ဖြစ်စေ သူ့အပေါ် ပိုင်းဝန်း လာကြမှာ မိသားစုရှုစ်ရှု၊ ငါ သူ့ကို အဲဒီလို မျက်နှာငယ် စော်ကား အဖြစ်မျိုးနဲ့ မကြည့်ရက်ဘူး၊ ငါ လက်ရှောင်ခဲ့တာ မင်းအတွက် သက် မဟုတ်ဘူးဆိုတာ ပြောပြတာပါ"

"သိခွင့်ရတာ ကျေးဇူးတင်ပါတယ်"

"ကျောင်းသားလုပ်ကြတဲ့ကာလကလည်း ပြီးမြောက်ကြတော့ ငါ့မှာ ပြဿနာရှိသလို မင်းမှာလည်း ပြဿနာတွေနဲ့ ငါတို့ အခု ကြတယ်လို့ပဲ သဘောထားလိုက်ကွာ .."

"ကမာ့ ကို ချစ်နေတာတွေ ပြောမလို့လား"

"ပြောလိုက်ရင် ပေါ့သွားမှာပေါ့၊ ငါ သူ့အပေါ် ထားခဲ့တဲ့ သံယော က ငယ်ငယ်ကတည်းက ခုချိန်ထိ သိုသိပ်တဲ့ထုထည်ပမာဏ ဘယ် က်ထိရှိလဲဆိုတာ ငါ့ကိုယ်ငါတောင် မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဒီနေ့ အောင့် မျက်နှာ ထူးခြားဆွေးမြေ့နေသည် အမြဲလိုလို ရယ်မောနောက်ပြောင်နေတတ်ခဲ့ပြီးမှ လက်ထပ်ရတော့ သတို့သားလောင်းအဖြစ်ကိုတော့ ..၊

"ဆောရီးပဲ သူငယ်ချင်းရာ .. ပွင့်ပွင့်လင်းလင်း ပြောရရင် သိ သိစေ မမြင်စေနဲ့ဆိုတာမျိုး၊ ငါ သူ့ကို ငါ့ပတ်ဝန်းကျင်ကြောင့် မထိ အောင် စွန့်လွှတ်လိုက်နိုင်တယ်၊ ဒါပေမယ့် .."

"ငါနဲ့ဆိုရင်တော့ မကြည်ဖြူချင်ဘူးလို့ ပြောတာလား"

"အဲဒီလိုလည်း မဟုတ်ဘူး .. ငါ ကြည်ဖြူပါတယ်၊ ဒါကြေ လည်း မင်းကို ငါ ကူညီနေခဲ့တာပေါ့၊ ဒါပေမယ့် မင်းမာမီက အရှ

နှစ်ယောက်စလုံး အသံတိတ်သွားကြသည်။ ပြီးမှ ...

"မင်းကို ဘာမှမပြောသေးဘူးဆိုရင်တော့ အဲဒါ ပိုပြီး အန္တရာ ကြီးမယ်လို့ ငါ ထင်တယ် ချိန်း၊ နောက်ပြီး မင်းတို့က ငါတို့ထ ချမ်းသာတယ်၊ မင်းမာမီက ငါ့အမေထက် အများကြီး ပိုဆိုးနိုင်တ ကမ္ဘာ့ ကို ငါ့ကြောင့် မထိခိုက်စေချင်တဲ့အတွက် ငါ ဘာမှ မကြိုးစာ နေလိုက်တယ် .. အဲဒါ ငါ တတ်နိုင်သလောက် ကာကွယ်ပေးလိုက်တ ဒါပေမယ့် နောက်ထပ် သူ့ရဲ့ကံကြမ္မာကို သူပဲ ကာကွယ်ရမှာ၊ မကာကွယ်နိုင်လောက်တဲ့ မုန်တိုင်းမျိုး မင်းအရိပ်မျက်နှာကနေ တာ မမြင်ချင်ဘူး .. ငါ ပြောချင်တာ အဲ့ဒါပါ၊ မင်းနဲ့ အဆင်ပြေမယ် ငါ ကျေနပ်တယ်၊ ပိုပြီး ရှုပ်ထွေးကုန်မှာကို မလိုချင်တာ"

စကားပြောနေတုန်း ကားသံကြားသဖြင့် ဧည့်ခန်းအဝင်ဝကို လုံးတွေ ရောက်သွားကြသည်။

"ဟော .. သား ရောက်နေတာလား၊ မလတ် နဲ့ တွေ့ခဲ့သေးလ

ဒေါ်ခင်မြင့် က လက်ပွေ့အိတ်ကြီး ချိတ်ထားရင်း အထဲဝင် သည်။ ဒါပေမယ့် ဆိုဖာတွေနားထိ မလာဘဲ စားပွဲပေါ်ကို လှမ်းကြ ၍ ...





"ဘာမှ မကျေးဘူးလား သားရဲ့ .. ကိုယ့်သူငယ်ချင်းကို"

"ရပါတယ် အန်တီ .. ကျွန်တော် ခုပဲ ပြန်တော့မှာ"

"ဟုတ်လား .. သား မာမီတောင် စိန်တိုက်မှာ လက်စွပ်ကြည့်မလို့ း ခေါ်လို့ အန်တီ အဖော်လိုက်ပေးခဲ့သေးတယ်"

ချိန်း နဲ့ အောင် မျက်လုံးချင်းဆုံသွား၏။

"လက်စွပ်လေး နှစ်ကွင်းကို ကြည့်နေတာ လက်ထပ်လက်စွပ် တွေမို့လို့ အန်တီကတောင် မေးလိုက်သေးတယ်၊ သားကို မိန်းမ င်းပေးတော့မှာလားလို့ .."

ပြောနေရင်းနဲ့မှ ချိန်း မျက်နှာပျက်နေတာကို သတိရသွားသလို က်ကြည့်၍ ...

"ဘာမှမပြောပါဘူး .. ဒီလိုပဲ ကြိုကြည့်ထားရတာတဲ့၊ အပျွန်း.. ဦးတည်းသော သားသမီးတွေ မွေးထားရတာ ဒီလိုပဲ သားရေ .. ဆိုတော့ ပိုဆိုးတာပေါ့၊ သမီးမွေးရင် သားရပေမယ့် သားမွေးထား း သမီးရတာ မဟုတ်ဘူး၊ ယောက္ခမနဲ့ ချွေးမ ချစ်ခင်ကြတယ်ဆိုတာ း ဘယ်ရာဇဝင်မှာမှ မရှိခဲ့ဘူးလေ၊ ကိုယ့်သားလေး ဘယ်လိုမိန်းမ ို မျက်စိကျမလဲဆိုတာ သားလူပျိုဖြစ်လာတည်းက ပူရတော့တာပဲ"

ပြောနေရင်းနဲ့ အိမ်ထဲကို ဆက်ဝင်သွားသည်။ သူတို့ တစ်ယောက် တစ်ယောက် ငေးနေရင်း ကျန်ရစ်၏။

တော်တော်ကြီးကြာမှ ...

"ငါ ပြန်မယ်"

"ချိန်း .."

နှစ်ယောက် အတူတူ ထရပ်လိုက်မိသလို ဖြစ်သွားခဲ့ပြီး ...

"မင်းမှာ အဲဒီလို ရှိနေခဲ့သလား"

"ဘာလဲ .."

"လူကြီးသဘောတူထားတဲ့ မိန်းမ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ခါ ဒက်ဒီ ပြောခဲ့ဖူးတာကို သတိရပေမယ့် ဘာမှ လေး
ခဲ့တာ မဟုတ်သည်မို့ ...

"မရှိဘူး .."

အောင် က သေချာကြည့်နေပြီးမှ သက်ပြင်းရှည်ကြီးချကာ ...

"ငါ ထင်တယ် .. မင်းကို သတိပေးသလိုဖြစ်မှာစိုးလို့ မပြော
တာ၊ ဖြန်းဒိုင်းဆို ထလုပ်လိုက်ရင် မင်း ပြေးချိန်ရှိမှာ မဟုတ်ဘူး"

ချိန်း မျက်နှာမှာ မထိမဲ့မြင်အပြုံးတွေ ပြန်ဖြစ်လာကာ ကမာ့
နှာလေးကို မြင်ယောင်သွားခဲ့၏။ ပြီးတော့ အောင့် မျက်ဝန်းတွေ
အောင် စောင့်နေပြီးမှ ...

"မင်း လက်ထပ်ဖို့ကိစ္စကရော .."

စကားမစပ်ဘဲ ထမေးလိုက်တော့ အောင် မျက်မှောင်ကုတ်သွား
သည်။

"အဲဒီအတွက် ငါ စိတ်ညစ်နေတာကို မင်းက တွန်းပို့ချင်နေ
လား"

"မဟုတ်ပါဘူး .. ဒါပေမယ့် .."

"ဘာဖြစ်လို့လဲ .."

"မင်းကိုယ်တိုင်က ဒါကို လက်ခံဖို့ အစတည်းက ဆုံးဖြတ်
တာလေ .."

"ဟုတ်တယ် .. ဒါပေမယ့် ငါ မရဘူး"

"ဘာကိုလဲ .."

"အချစ်ဆိုတာ လိုအပ်တယ်"

ချိန်း က ခြေချင်းချိတ်လိုက်ပြီး ဂျစ်တိဂျစ်ကန် နှုတ်ခမ်းတွေ
တင်းနေအောင် စေ့ထား၏။ အောင် က ချိန်း မျက်နှာကို ဘေး
ကနေ ကြည့်နေကာ ...

"ငါ သေချင်တယ်လို့ လူတိုင်း ညည်းဖူးကြတာပဲ ချိန်း၊ ဒါ



နဲ့ သေချင်တဲ့လူ ရှိလား"

"လက်မထပ်နိုင်ဘဲနဲ့ လက်ထပ်မယ့်စကားတွေ ပြောနေတာက
ချင်လို့ အော်နေတဲ့လူ တကယ်မသေရဲတာထက် အပြစ်ရှိတယ်"

အောင် က မရိုတရိအပြုံးနှင့် စိုက်ကြည့်ရင်း ...

"ဒါပေမယ့် လူနှစ်ယောက် ချမ်းသာရရဲ့တယ်မို့လား .. ငါကိုယ်
နှုတ်လွှတ်ပေးဆုပ်နိုင်သူတစ်ယောက်လိုတော့ ကျေနပ်ခဲ့တာ အမှန်ပဲ"

"ဘယ်လူနှစ်ယောက်လဲ.. ဘာအတွက် မင်းက ပေးဆပ်နေတာလဲ"

"မင်းနဲ့ ကမာ လေ .. ငါ မချစ်တဲ့အတွက် ကမာ့ ကို မလိုမုန်းတီး
မယ့် ထိုးနက်စော်ကားမှုတွေ ဖြစ်မလာခဲ့ဘူး၊ မင်းအတွက် ပြိုင်ဘက်
င်းတယ်၊ ဒေါကန်မသွားနဲ့နော် .. ငါက မင်းနဲ့ပြိုင်ပြီး အနိုင်လုနိုင်တဲ့
လို့ ကြွေးကြော်နေတာ မဟုတ်ပါဘူး၊ အနည်းဆုံး မင်း ငါ့ကို ကျော်
တ်ရမှာတော့ သေချာတယ်မို့လား"

ချိန်း က ဘာမှမပြောဘဲ ပခုံးတွန့် မဲ့သည်။

"ငါတို့ရဲ့ ဘဝစာမေးပွဲအတွက် ဒါက ဖိုင်နယ်လ်ပဲ ထင်တယ်၊
ေးခွန်းထွက်လာလို့ အဖြေတွေကို ပြတာပါ၊ ငါတို့တွေ ဒီအဖြစ်တွေ
ကြောင့် အစကလည်း ပြဿနာမရှိဘူး၊ နောက်လည်း ရှိဖို့ မလိုဘူး"

"အခု မင်းမှာ ရှိနေပြီ အောင် .. မထက် ကို မင်း လက်မထပ်နိုင်
တော့ဘူး၊ အဲဒါ မင်းနလုံးသားရဲ့ ဒါရိုက်ရှင်က တခြားကို ဦးတည်နေ
လို့ပဲ .. ငါ စိတ်မကောင်းပါဘူး"

အောင် က ဘာမှမဖြစ်သလို ရယ်လိုက်ဖို့ ကြိုးစားသည်။ ဒါပေ
မယ့် ခြောက်ကပ်ကပ်ရယ်သံက ရယ်သံနဲ့မတူ ..။

"မလိုပါဘူးကွာ .. အစတည်းက ငါ့ဆုံးဖြတ်ချက်နဲ့ငါ အချစ်မရှိ
လည်း ဖြစ်တယ်လို့ တွက်ပြီး ထပ်တူပြုနိုင်ဖို့ ကြိုးစားခဲ့တာ၊ ငါ့အပြစ်
နဲ့ငါ ရှိပါစေ"

မင်းရဲ့အဖြစ်က ငါ့အတွက် ဝေဒနာပဲလို့ ပြောလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင် လက်ထပ်တဲ့နေ့ကျမှ အဖြေပေးမယ်လို့ ပြောခဲ့သ

ကမှာ စကားတွေကို သတိရလို့ပါ ...။

တကယ်တမ်း ပြောချင်တာတွေ ဘာမှမပြောဖြစ်လိုက်ဘဲ နေရ ထရပ်မိသည်။ အောင် က မော့ကြည့်ကာ ...

"ပြန်တော့မလို့လား.. မင်း ဆိုင်ကိုဝင်ချင်လို့ ငါလာခေါ်တာလာ

"မဟုတ်ပါဘူး .. သူ့ဆီကိုသွားလည်း ငါ့ကို မြင်လိုက်တာ ဖူး ကို ဘယ်လိုခေါ်ထုတ်ရမလဲပဲ စဉ်းစားနေတာ၊ ဟွန်း .. မိန်းမ ယောက်နဲ့ နေရာတကာ .. ငါကိုယ်ငါ ဘာကောင်မှန်းတောင် တော့ဘူး"

ချိန်း မျက်နှာပေါ်က နာကျင်မှုကို အောင် မြင်နေရသည်။ က ဘာတွေလုပ်နေမှန်း မသိတော့ သူလည်း ဘာမှမတတ်နိုင် ...။

သူ ထရပ်လိုက်ပြီး ချိန်း ကို ဖြေသိမ့်မှုပေးဖို့တော့ ကြိုးစားမိ ဒါပေမယ့် ပြုံးလိုက်သည့်အပြုံးဟာ အပြုံးတုသာ ဖြစ်နေခဲ့လျက် ခမ်းတို့သည် ဟိုမရောက်ဒီမရောက်နဲ့ပဲ ပြေကျလေသည်။

သူတို့ကျမှ ဘယ်လိုဝဋ်ကြွေးတွေနဲ့ သုံးပွင့်ဆိုင် လေးပွင့်ဆို ဇာတ်လမ်းတွေဖြစ်ပြီး ဒီလို ရှုပ်ထွေးခဲ့ရတာလဲ ...။

အဖြေတစ်ခုတော့ ရှိသင့်၏။





## အခန်း (၂၆)

"ငါ အရမ်း ရူးနေမိနေပြီလားဟင်.. ဒါပေမယ့် ငါ သူ့ကို အမြဲ မ်း မြင်နေချင်တာ သိလား .. ငါ့ရဲ့အနာဂတ်က သူ့ရဲ့ အပြုံးတစ် က်မှာ ဖူးပွင့်နိုင်မလားပဲ၊ အပြုံးမဲ့တဲ့ သူ့ရဲ့အကြည့်တစ်ချက်မှာတောင် အသိစိတ်တွေ ခဏတဖြုတ် သေဆုံးသွားသလိုပဲ"

"သူက တည်တည်ကြီးနေပေမယ့် ကြင်နာတတ်တယ်၊ အရမ်း ဘက်ျားပီသတာပဲ သိလား .. ငါလေ သူနဲ့ ထိတွေ့လိုက်ရတိုင်း ာကြီးက လှုပ်လိုက်တာလို့ ထင်တယ်၊ ငါ့လောက် ပျော်တဲ့လူရော သေးရဲ့လားလို့ တွေးမိတယ်၊ သူ ငါ့ကို ဘယ်လိုသဘောထားနေလဲ တာ အရမ်း သိချင်တာပဲ"

"နင်တို့က သူငယ်ချင်းတွေပဲ၊ ငါ့ကို သူ စိတ်ဝင်စားမှုရှိမရှိ မေး ကြည့်ပေးပါ ကမာ ရယ် .. နော်၊ ငါ့ရဲ့အချိန်တိုင်း နေရာတိုင်းမှာ ချည်းပဲ ဖြစ်နေတာ ငါ့ကို အရမ်းနှိပ်စက်တာပဲ"

"ငါသာ သူ့ချစ်သူ ဖြစ်ခွင့်ရရင် .."

"အား .."

"ဟဲ့ .. ဘာလဲ.."



www.burmeseclassic.com

လက်မှာ ကတ်ကြေးထိသွားပြီဆိုတာ သိလိုက်သည်။ တကယ် လူမသိအောင် မျိုသိပ်လိုက်ရမှာဖြစ်သော်လည်း နာကျင်မှုကြောင့် အေ သံက အားလုံးကို အသိပေးလိုက်သလို ဖြစ်သွားသည်။

တခြား မှန်တင်ခုံရှေ့ကလူတွေ လှည့်ကြည့်ကြသလို ကောင်ထ မှာ စာရင်းတွေလုပ်နေသည့် ထက်ထက်မင်း ခေါင်းထောင်သွား၏။

ဒေါ်ရွှေရုပ် ကတော့ အထိတ်တလန့် ဖြစ်သွားသည့်အကြည့်တို့ တစ်ဆက်တည်း ...၊

"ဘာတွေစိတ်ကူးပြီး လုပ်နေတာလဲ ကမာ.. ဘာဖြစ်သွားတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"ဖြစ်သွားတယ်မို့လား.. အော်လိုက်တဲ့အသံက စူးစူးဝါးဝါးကို"

ထက်ထက်မင်း က ပြောရင်း ကောင်တာထဲက ထွက်လာ ကမာ့ ဆီ ရောက်လာ၏။

"ပြစမ်း .."

"ကတ်ကြေး နည်းနည်းထိသွားတာပါ မမထက် ရဲ့ .. ရပါတယ်"

"မဟုတ်တာ .. သွေးထွက်နေတာ မြင်နေရတဲ့ဥစ္စာ၊ ပြစမ်း .. ပြစမ်း"

ဒေါ်ရွှေရုပ် ကတော့ လက်ပိုက်ကြည့်နေရင်း မျက်ခုံးတွေ တွ ကုတ်နေခဲ့လျက် ...

"တော်သေးတာပေါ့အေ .. ကက်စတန်မာကို မထိလို့၊ အလုပ် လုပ်လာတာပဲ အိုသေတော့မယ် .. ဒီပစ္စည်းတွေနဲ့ ဒီလက်က မယဉ်ပါ နိုင်ဘူး"

ပြောချင်နေတာတွေက ဒီစကား မဟုတ်ပေ။ ခုရက်ပိုင်းမှာ ထက်ထက် နဲ့ အောင် လက်ထပ်ဖို့ လှုပ်ရှားပြေးလွှားနေကြတာ အားလုံး သိသည်။ ကမာ့ မျက်နှာကလည်း ဒီရက်ပိုင်းတွေကျမှ တစ်ချက် အပြုံးအရယ်မရှိဘဲ ဖြစ်နေတာ ဘာလဲ ...။



ခုတစ်လော ကြားနေရသည်က ချိန်း လည်း မဟုတ်၊ အောင် လည်း လက်ထပ်တော့မှာဆိုတော့ ကမာ ဘယ်သူ့ကို မျှော်လင့် ပြီး ခံစားနေရတာလဲ၊ လက်ကို နိုက်မိလောက်အောင် အတွေးလွန် သည်ဆိုတော့ တစ်ခုခုတော့ တစ်ခုခုပါ ...။

ထိုစဉ် ဆိုင်ရှေ့မှာ ဘွားခနဲ ရောက်လာသည့် ကားကြောင့် လှမ်း ကြည့်လိုက်မိလျှင် အောင် တစ်ယောက်တည်း ...၊

"အန်တီရွှေ .. မမထက် ရော"

"မင်း မမထက် ရှိပါ့ .. အထဲမှာ"

ကမာ လက်ထိသွားလို့ဆိုတာတော့ မပြောဖြစ်လိုက်၊ အောင် အထဲကို တန်းဝင်သွားကာ လက်ဆေးနေသည့် ထက်ထက်မင်း ဆီ တွေ့သည်နှင့် ...

"မမထက် .."

"ဟော .. အောင် .. ဒီနေ့ ကျူရှင်ရှိတယ်ဆို"

"ရှိတယ် .. မသွားချင်လို့၊ ကျွန်တော် မမထက် ကို ပလာဇာ ခေါ်သွားမလို့ လိုက်ပို့မလို့လေ"

"ပြော် .. တို့က ဘာအရေးကြီးလို့လဲ အောင် ရယ် .. စာမေးပွဲ က ကပ်နေပြီဟာကို ကမာ တောင်မှ လက်မှာ ဒဏ်ရာရှိနေတာ မသွား ပါနဲ့ဆိုတာ မရဘူး"

"ဟင်!..."

ဘာဖြစ်တာလဲလို့ သူ မမေးရသေးခင် ဘက်လက်ညှိုးအောက်မှာ ပတ်တီးလေးနှင့် ကမာ က နောက်ခန်းထဲက ထွက်လာသဖြင့် မျက်နှာ ချင်းဆိုင် ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ လက်က .."

"ကတ်ကြေး နည်းနည်းထိတာ"

"နည်းနည်းထိရင် ပလတ်စတာ ကပ်ထားရုံနဲ့ ပြီးမှာပေါ့ ပတ်

www.burmeseclassic.com

www.burmeseclassic.com



တီးစည်းထားရတဲ့ဟာကို"

အောင် က ဝင်သွားပြီး ကမာ့ လက်လေးကို စိုးရိမ်တကြီး ကြည့်သည်။ ကမာ က ပြန်ရှန်းလိုက်ကာ ...

"ဘာမှမဟုတ်ပါဘူးဆိုမှ .."

အောင့် ကို ဖြေပြီး ထက်ထက်မင်း ဘက် လှည့်ကြည့်၍ ...

"မမထက် .. ဟိုနှစ်ယောက်ထဲက အရင်တစ်ယောက်ကို ဖြော့်ဆေးတင်ပေးခဲ့မယ်နော် .."

"ဩော် .. ကောင်မလေးတွေ ရှိနေတာပဲကွာ .. သွားစရာရှိ သွားပါ၊ လက်မှာလည်း ဒဏ်ရာနဲ့ .. ကာကွယ်ဆေးလေး တစ် လောက် ဝင်ထိုးလိုက်ဦးနော်"

"ဟုတ်ကဲ့"

ကမာ လွယ်အိတ်ပြင်တဲ့နားထိ လိုက်သွားကာ အောင် က ဆွဲလွဲယူပြီး စာအုပ်တွေထည့်ပေး၏။ မြင်ကွင်းကို လှမ်းကြည့် မျက်နှာလွှဲလိုက်ရပေမယ့် ထက်ထက်မင်း မျက်ဝန်းထဲမှာ ထိုအရိပ် က ကပ်ပါလာခဲ့သည်။

မနေ့တစ်နေ့ကလို ပေါ့ပါးစွာ ပျောက်ကွယ်မသွားခဲ့သည့်ရင် မှာ ကိုယ် လက်ထပ်တော့မည့်ယောက်ျား ဆိုတဲ့အသိက ခြောက်လှ လာခဲ့ပြီ ဖြစ်၏။

'မမထက် ရှိလား' ဆိုသည့် စကားတစ်ရပ်နဲ့ လှမ်းဝင်လာတာ မယ့် အောင့် ခြေလှမ်းတွေက သူမဆီကို မဟုတ်ခဲ့ဘူးဆိုတာ ဘယ် သိလို့လဲ ...။

အောင် ကတော့ ကျောနောက်က မျက်ဝန်းတစ်စုံကို အမှတ် ဖြစ်နေခဲ့လျက် ...

"နင် ဘာဖြစ်နေတာလဲ ကမာ"

"ဘာဖြစ်လို့လဲ .. စကားတွေ လာများမနေစမ်းပါနဲ့ အောင် ရယ်





ဒုဟာငါ နေပါရစေ"

"နင့်ဟာနင် နေတာကို မေးနေတာပဲ"

စိတ်ထဲရှိသလို ပြောချလိုက်ပြီးမှ ခေါင်းလျှော်နေကြသည့်အခန်း ဆီ လှမ်းကြည့်ကာ လေသံကို ပြန်လျှော့ချ၍ ...

"ဟိုကောင်လည်း ငါ့ဆီ လာညည်းနေတယ်၊ နင်တို့ ဘာတွေဖြစ် နေကြတာလဲ၊ ဖူး ဆိုတဲ့တစ်ယောက်က ဘယ်အရပ်ကနေ လေတိုက်ပါ လာပြီး ပီကေလို ကပ်တွယ်နေတာက ဘာလဲ၊ နင် ငါ့ကိုတော့ ရှင်း အောင် ပြောသင့်တယ်နော်၊ လူတစ်ယောက်ကို ကူညီတာ နင့်လို နေရာ တကာ ရှိသမျှ ပိုင်သမျှ အခွင့်အရေးတွေ အားလုံး ပုံချလိုက်လျှော့နေတဲ့ အထိ ဘယ်သူမှ မလုပ်ဘူး .."

ဟုတ်သည် .. ပုံစံမမှန်သည့်လမ်းပေါ်မှာ သူမ တည့်မတ်စွာ လျှောက်ဖို့ ကြိုးစားနေတာ ဖြစ်သည်။ ဖူး ကို သူမက တွဲခေါ်ပြီးတော့ လား၊ ဖူး က သူမကို တွဲခေါ်နေခဲ့တာလား ...။

ဖူး အတွက် အံ့ဩလောက်အောင် လိုက်လျောဖေးမနေသည်လို့ အားလုံးက ထင်ကြပေမယ့် ဖူး က မှီခိုအားကိုးသူ ဟုတ်ရဲ့လား ...။

တကယ်တော့ သူမသည်သာ လောင်းရိပ်မိနေတာ ဖြစ်သည်။

"ကမာ .."

"ဘာလဲ .."

"နင် တော်ပါတော့ .. အဲဒီကောင်မလေးကို ဘာရည်ရွယ်ချက် တွေနဲ့ ငါတို့ကြားထဲ ဆွဲသွင်းဖို့ ကြိုးစားနေတာလဲ၊ ချိန်း အကြောင်းကို နင် မသိဘူးလား၊ ဖူး ကို ချိန်း နဲ့ တမင်တကာ .."

"တော်ပါတော့ .."

ဒေါသနှင့် လွှတ်ခနဲ ပြောပြီး မော့လိုက်လျှင် ကမာ့ မျက်နှာမှာ မျက်ရည်ကြောင်းလေးတစ်ဖက်နှင့် ...၊ အောင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူ ဘာမှထပ်မပြောနိုင်ခင် ကမာ က သူ့ကိုထား



www.burmeseclassic.com

www.burmeseclassic.com



သည့်အိတ်ကို ဆွဲယူ၍ အပြင်ထွက်၏။

သတိရလို့ ချာခနဲ လှည့်လိုက်တော့ သူ့ရှေ့မှာ ထက်ထက်မင်းက ပိတ်ရပ်နေပြီဖြစ်ကာ ...

"သွားပြီ .. မင်းတို့ ဘာတွေဖြစ်နေကြတာလဲ"

အောင် ဘာမှပြန်မဖြေဘဲ ခေါင်းငိုက်စိုက်ကျ၏။ ကမာ ဘာဖြစ်လို့ ငိုတာလဲ၊ ဖူး နဲ့ ကမာ ရဲ့ကြားက ပတ်သက်မှုမှာ ဘယ်လို လျှို့ဝှက်ခြင်းတွေ ရှိနေလို့လဲ ...။

ဒီမျက်ရည်တွေဟာ ဖြစ်မြောက်လာမည့် သူ့ရဲ့မင်္ဂလာပွဲနဲ့ မသက်ဆိုင်ဘူးဆိုတာတော့ အသေအချာပါ။ ထို့ပြင် ...

ချိန်း ကလည်း ညစ်တာတွေကို ကမာ့ ရှေ့မှာ ဘာမှ ပြောဆိုပေါက်ကွဲသေးတာ မဟုတ် ...။ အမြဲတမ်း ကြည်လဲ့ ရွှန်းစိုနေတတ်သည့် မျက်ဝန်းလေးတွေမှာ မျက်ရည်တွေကို မြင်လိုက်ရတာ အောင် ဘယ်လိုမှ စိတ်မချမ်းသာနိုင်တော့ပေ ...။

မပြည့်စုံသည့်ဘဝမှာ ခွေမျိုးချင်း ပုတ်ခတ်နှိမ့်ချပြီး ဆက်ဆံနေတာကို ခံရတာတောင်၊ ကမာ ဆိုသည့်မိန်းကလေးက တစ်ချက်မှ အပြုံးမပျက်အောင် ရင်ဆိုင်နိုင်ခဲ့သည်။

ဒီလောက်ထိ ဖြစ်ရတာ ဖူး နဲ့ပတ်သက်နေသည်က လုံးဝ သေချာနေ၏။

"ဒီမှာပဲ ထိုင်မလား၊ အောင် .. မင်း စကားပြောစရာများ ရှိမလားလို့"

"ဟင်!..."

သူ သတိဝင်လာတော့ ထက်ထက်မင်း က သူ့ဘေးမှာရပ်လျက် ကုလားထိုင်ကို လက်နဲ့ ညွှန်ပြ၏။

"မမထက် ကို .."

"လိုက်မပို့ပါနဲ့တော့ .. ထူးထူးဆန်းဆန်းတွေ ထဖြစ်ကုန်လို့ လူ





ကိထားမိပါ့မယ်"

မမထက် မျက်နှာပေါ်က မချိပြုံးကြောင့် ကိုယ့်မျက်နှာကို ပြင်ဆင်ဖို့ ကြိုးစားရသည်။

"မမထက် ပြောစရာရှိရင်လည်း အပြင်မှာ သွားထိုင်မယ်လေ၊ မှာက .."

"ဒီမှာပဲ ထိုင်ပါကွာ .. နားခန်းထဲမှာဆို မေမေ ဝင်လာပြီး မင်းကြားချင်တာတွေ ပြောလိမ့်မယ်၊ ဒီမှာဆိုတော့ အလုပ်လုပ်နေတယ်ပဲင်မှာ .."

ဒီအခန်းထဲမှာ ဆိုင်အတွက် လိုအပ်သည့်ပစ္စည်းအပိုတွေရောသောင်းတွေရော ထားသည်။ ထို့ပြင် မိန်းကလေးတွေ ခဏတဖြုတ်နားကြ၊ စားသောက်ကြနှင့် အလုပ်သမားတွေ နားခန်းငယ် ဖြစ်နေ၏။

သူ သိပ်တော့ မထိုင်ချင်ပေမယ့် ထိုင်လိုက်မိ၏။

"ကဲ .. ပြော .."

မျက်နှာချင်းဆိုင်မှာ သူမဘာသာ ခုံဆွဲထိုင်ကာ ထက်ထက်မင်း စမေး၏။ မျက်လုံးချင်းဆုံသွားတော့လည်း သူမကပဲ ပြုံးကာ ...

"လူကြီးတွေက ဒီရက်ပိုင်းကိစ္စတွေအတွက် မင်းကို ခေါ်ကြယ်လေ .. လူကြီးတွေနဲ့ပြောဖို့ ရှိတာတွေ၊ ငါတို့ချင်း ပြောသင့်တာတွေအတွက်ပေါ့၊ မင်းက မလာခဲ့ဘဲ .."

"အဲဒါက .."

"တို့ နားလည်ပါတယ်၊ အဲဒါကြောင့် မင်း ပြောချင်တာတွေပြောလို့ရအောင် အခု အချိန်ပေးတာပေါ့၊ ပလာဇာ လိုက်ပို့မယ်လို့ဆက်တည်းက မင်း တစ်ခုခုပြောဖို့ ရှိနေပြီဆိုတာ သိပြီးသား"

အောင် မျက်လွှာချလိုက်တာက သူမ ထင်တဲ့အတိုင်း အမှန်ပါပဲခံလိုက်သလိုပင်။ သိနေပေမယ့် နည်းနည်းတော့ နာကျင်မိ၏။

"ကျွန်တော် မပြောသင့်ဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့်မမ



www.burmeseclassic.com

www.burmeseclassic.com



ထက် ပဲ ကူညီနိုင်မှာမို့လို့ပါ”

“ပြောလေ ..”

အောင် က ထက်ထက်မင်း ကို တောင်းပန်သလိုကြည့်၍ –

“လူကြီးတွေ စီစဉ်နေကြတာ မြန်လွန်းပါတယ် .. ကျောင်း
တာနဲ့ မိန်းမယူလိုက်ရမယ့်အဖြစ်ကို တစ်ခါမှ ခေါင်းထဲ မထည့်ခဲ့
ပေါ့ပေါ့ပါးပါး ရင်ဆိုင်နိုင်မယ်လို့ ထင်ထားခဲ့တဲ့အရာက ခေါင်းထဲ
အကြီးကြီး ဝင်နေတယ်”

မင်းက စောသေးတယ် ထင်ပေမယ့် တို့က အရွယ်ရောက်နေ
မိန်းမသား ..၊ တို့နှစ်ယောက် အသက်အရွယ် ကွာခြားတယ်ဆို
ရော မင်း မတွေးမိဘူးလား အောင် ရယ် ..၊

စကားလုံးပေါင်းများစွာ ပြောနေရင်း ရင်ထဲမှာ ဆွေးသွားသည
အားလုံးက ချိန်း ကိုပဲ ချောတယ်လို့ သာသာထိုးထိုး ပြောနေကြပေ
သူမ မျက်လုံးထဲမှာ အောင် ကသာ နတ်သားလေးတစ်ပါး ဖြစ်သည်

အောင့် ကို သူမ ဘယ်လောက်ထိ မြတ်နိုးမိသလဲဆိုလျှင် အော
ချစ်ခင်နေပါသည်ဆိုတဲ့ ကမာ့ ကိုတောင် မငြိုငြင်ရက်တဲ့အထိ ..

ကိုယ်စားမယ့် ပန်းကန်ထဲက ခွဲယူစားသုံးနေတာကို သိပါလျ
နှင့် ကြည်ဖြူဖို့ ကြိုးစားခဲ့မိသည်။ နောက်ဆုံး အောင် က တကယ်
ကမာ့ ကို ချစ်နေသည်ဆိုရင်တောင် သူမ သည်းခံ အလိုလိုက်ခဲ့သ
မေတ္တာတရားဈေးကြောင့် အောင် ဟာ သူမကိုသာ ငဲ့ညှာလိုစိတ် ဖြ
လာရမည်ဟု ယုံကြည်ခဲ့၏။

အောင့် ဆီ သူမ မျှော်လင့်ခဲ့မိတာ အချစ်တစ်ခုတည်း မဟုတ်
အချစ်နဲ့တကွ အရာအားလုံးကို လောဘတကြီး လိုချင်တာလည်
မဟုတ် ..၊

ကြည်ဖြူနားလည်သည့် နွေးထွေးမှုတစ်ခုကိုသာ အလိုရှိခဲ့သည်
ထို့ကြောင့် သူတို့သူငယ်ချင်းတွေ ချစ်ကြခင်ကြပါစေဆိုပြီး နားလ





ခဲ့မိတာ ဒီနေ့ထိ ..။

“မမထက် ကျွန်တော့်ကို အများကြီး နားလည်ပေးခဲ့တာပါ”

မင်း သိနေသေးတာပဲ ..၊ သူမ မျက်လွှာချရင်း ပြုံးလိုက်မိသည်။

“ဆက်ပြီးတော့ ကျွန်တော့်ကို နားလည်ပေးပါ၊ ဒီလက်ထပ်ဖို့ကိစ္စ
မမထက် ရဲ့အစီအစဉ်နဲ့ တတ်နိုင်သမျှ နောက်ဆုတ်ဖို့ ..”

“အောင် .. မင်း ဒီလိုပြောနေတဲ့အချိန်မှာ မိန်းကလေးဖြစ်တဲ့
ဘယ်လို ဘယ်လောက်ထိ အရှက်ရ ထိခိုက်စေသလဲဆိုတာ သိရဲ့
ား ..”

“ကျွန်တော် အထပ်ထပ် တောင်းပန်ပါတယ် မမထက် .. ဒီလို
ဖြစ်နိုင်ရင်လည်း လက်ထပ်မယ့်အစား စေ့စပ်ထားတာဖြစ်ဖြစ် လုပ်
ပါ၊ မမထက် ကိုပဲ ကျွန်တော် လက်ထပ်မှာမို့လို့ ကျွန်တော်တို့ချင်း
းလည်မှု ရှိနေချင်တယ်၊ အခုက ..”

“ပြောပါ .. အားနာရမယ့်လူတွေ မဟုတ်ဘူးလို့ သတ်မှတ်ပြီး
င်း ပြောနေတာပဲ”

“မမထက် ကျွန်တော့်ကို စိတ်ဆိုးသွားတာလား”

“ဟင့်အင်း .. အငြင်းခံရတဲ့ မိန်းမတစ်ယောက်အနေနဲ့တော့
ကတာပေါ့၊ တို့ ထင်ထားတာက မင်း ပြောမယ့်အကြောင်းဟာ ကမာ့
အတွက် အခွင့်အရေးတစ်ခုခုနဲ့ ပတ်သက်မယ်လို့ပဲ ထင်ခဲ့တာ”

“အဲဒါမဟုတ်ပေမယ့် ကမာ နဲ့ပဲ ပတ်သက်တာပါ၊ ကျွန်တော်..
ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောပြရင် မမထက် သည်းခံနိုင်ပါ့မလား”

“ကမာ့ ကို မင်း ချစ်နေတဲ့အကြောင်းလား ..”

အောင် ဖျတ်ခနဲ မျက်လွှာချသည်။

“တစ်သက်လုံး မျိုသိပ်လာခဲ့တာပါ၊ ဒါပေမယ့် ကျွန်တော်
ဒီတိုင်း အပြီးသတ်လိုက်ဖို့ထိကျတော့ ဘယ်လိုမှ မခံစားနိုင်ဘူး ဖြစ်နေ
တယ်၊ အဲ့ဒါကြောင့် နားလည်တတ်တဲ့ မမထက် ကိုပဲ အခွင့်အရေး



www.burmeseclassic.com

www.burmeseclassic.com



ယုမိနေတာလည်း တောင်းပန်ပါတယ်၊ ဒီအချစ်တွေအကြောင်း ကျွ
တော် ထုတ်နုတ်မခံစားလိုက်ရဘဲ လက်မထပ်ချင်ဘူး"

"ဟုတ်ပြီ .. မင်း ဘာပြောချင်တာလဲ၊ တို့ပါမှ ဖြစ်မယ်ဆိုတာ
ပြော .."

"ကမာ လက်မထပ်သေးဘဲ ကျွန်တော် အိမ်ထောင်သည်ဘဝ
မလိုချင်ဘူး"

ရင်ထဲမှာ မီးစတစ်စ ဖျင်းခနဲ ပစ်စိုက်သွားသည်။ နာကျင်မှု
အတူ ပူလောင်ခြင်းက တစ်ကိုယ်လုံး လောင်မြိုက်စေနိုင်၏။

"ချိန်း နဲ့သူ အဆင်ပြေသွားမှာပါ၊ အဲဒီအချိန်ထိ ကျွန်တော် စော
ပါရစေ"

"ဖြစ်ပါတယ် .. နောက်ပိုင်းမှာ လက်မထပ်ဖြစ်တော့အောင် မင်း
စိတ်ချမ်းသာဖို့အတွက် တို့က ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖန်တီးပေးရ
မယ်ဆိုလည်း သဘောတူနိုင်တယ်၊ ဒါပေမယ့် မင်း ထင်သလို ဖြစ်
လာပါ့မလားဆိုတာတော့ မင်း စဉ်းစားဖို့ လိုတယ်"

ထက်ထက်မင်း က ကုလားထိုင်မှာ ခါးမတ်မတ်လေးနှင့် ဒူးချင်း
ချိတ်ထားသည့်ပေါ်မှာ လက်နှစ်ဖက်တင်၍ လှလှပပလေး ရှိနေကာ
မျက်နှာလေးကိုတော့ လွှဲထားလျက် ...

"ချိန်း ရဲ့အဆင့်အတန်းနဲ့ ကမာ က ပိုဝေးတယ်၊ လူငယ်တွေ
ဘယ်လိုချစ်ချစ် တချို့နေရာတွေမှာ မိဘ၊ ဂုဏ်နေရဲ့ အဆီးအတားကို
မကျော်လွှားနိုင်ခဲ့ကြတာတွေ အများကြီး ရှိတယ်၊ မင်း သူ့ကို ဒီလောက်
ထိ မြတ်နိုးလာခဲ့တာပဲ၊ သူများနဲ့ စုံဖက်လက်ထပ်သွားတာကို စောင့်
မနေဘဲ မင်းကိုယ်တိုင် စွန့်စားသင့်တယ်လို့ရော မတွေးမိဘူးလား၊
ဒုက္ခဆိုတာ ခဏပါ"

လှည့်ကြည့်ပြီး ပြောသည့် မဲပြုံးကို အောင် က ပြန်ပြုံးပြပြီး ခေါင်း
ခါသည်။



"သူ ကျွန်တော့်ကို မချစ်ဘူး"တဲ့ ...။

ဟုတ်ရဲ့လား ...၊

ထက်ထက်မင်း အံ့သြသွားခဲ့၏။ အောင့် ကို သူမ မျက်လုံးထဲမှာ
တော့ မြတ်နိုးချစ်ခင်ဖွယ် အကောင်းဆုံး ကောင်ချောလေးတစ်ယောက်
လို့ပဲ မြင်နေခဲ့သည်။

ငယ်ငယ်တည်းက ခင်မင်ရင်းနှီးခဲ့တဲ့ သံယောဇဉ်နဲ့ ချစ်ကြလို့
မှာ မရနိုင်ဘူးလား ...။

မျက်လွှာချပြီး အံကြိတ်နေတဲ့ အောင့် ကို ကြည့်၍ ကရုဏာသက်
မိပြန်သည်။

ပေးဆပ်ရတဲ့ ချစ်ခြင်းတရားဆိုတာ ဒါမျိုးလား ...။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

ထမင်းစားဖိတ်ထားလို့ သွားမည်ဆိုတော့ ဒက်ဒီနဲ့ မာမီ တစ်ခါမှ အတူတူ လမ်းမထွက်ဘူးဘဲ တခမ်းတနား အတူတွဲထွက်လာတာကို နည်းနည်း အံ့ဩသွားခဲ့သည်။

ဒါပေမယ့် အတူမသွားလို့ မကောင်းလောက်တဲ့ မိတ်ဆွေရင်း တွေမို့ပဲ ဖြစ်သည်ဟု တွေးကာ ဘာမှမမေးဘဲ မောင်းထွက်လာခဲ့တာ အမှတ်တမဲ့ ...।

နောက်ကျမှ ဟိုကဝင် ဒီကထွက်နှင့် ဒက်ဒီ လမ်းညွှန်တဲ့အတိုင်း မောင်းနေရင်း မြင်ကွင်းတွေက သူ့အတွက် အံ့ဩဖွယ် ဖြစ်လာကာ...

"သွားမယ့်အိမ်က ဘယ်သူ့အိမ်လဲ ဒက်ဒီ .."

"ရှေ့က ဝိတောက်လမ်းထဲမှာပဲ .. ညာဘက်ကို ဝင်လိုက် .."

ချိန်း အံ့ဩခြင်းက မြင့်တက်လာကာ ထူနက်သည့် မျက်ခုံးတွေပါ တစ်ဆစ်ချိုး၏။

"ရှေ့က 'ဖူးပြည့်စုံ' ခြံပဲ .. ရောက်ပြီ"

"ဟင်!..."

ချိန်း အမှတ်တမဲ့ သတိလစ်ကာ ကားက နှစ်ချက်လောက် တုန် ခါသွား၏။





"ဒက်ဒီ ထမင်းစားလာတာ ဒီအိမ်လား .."

"ဟုတ်တယ် .. ထမင်းစားရင်း ဆွေးနွေးစရာ ဘာအကြောင်း ညာအကြောင်းလေးတွေ ရှိလို့ .."

'ဖူးပြည့်စုံ' ခြံ ...।

ဒါက ဖူးဖူးစင် တို့ရဲ့ တိုက်ကြီးပဲ ...။

ဒီရှေ့မှာ နှစ်ခါလောက်ထိ သူကိုယ်တိုင် ကားမောင်းလာပြီး ဖူးကို ရပ်စောင့်ခဲ့ဖူးသည်။ ကမာ က ဒီမှာ ရပ်ပါ၊ ဒီကစောင့်မယ် စသဖြင့် ညွှန်ကြားနေသည်မို့ မလှမ်းမကမ်းမှာ ရပ်စောင့်ရင်း စိတ်မရှည်စွာ အခါ ခါ မော့ကြည့်မိခဲ့တဲ့ တိုက်ကြီး ...။

မီးခိုးရောင်ရင့်ရင့် ကြွေပြားတွေ အပြည့်ကပ်ထားကာ မှန်နက် တွေ ပတ်လည်ကာလျက် လှသလောက် ထည်ဝါသည်၊ ထည်ဝါနေတာ ကိုပဲ စိတ္တဇဆန်သည်ဟု သူ တွက်ခဲ့သေးသည်။

ပေါ်တီကိုအောက်ထိ အသင့်ဖွင့်ထားသည့် တံခါးကနေ မောင်း ဝင်ခဲ့ရင်း သူ့စိတ်တွေက ပဟေဠိထဲမှာ နှစ်မျောနေဆဲ ...။

ဒီလူတွေနဲ့ ဘယ်လိုပတ်သက်တာလဲ ...। ဘာလုပ်ဖို့လဲ ...။

"ကြွပါဗျာ .. အချိန်အတိအကျ ရောက်လာတဲ့အတွက် ကျေးဇူး ပါပဲ၊ ကျုပ်က မျှော်ရတဲ့အလုပ်ကို သိပ်ကြောက်တာ"

ထောင်ထောင်မောင်းမောင်း ဥပမိရုပ်ကောင်းသောလူကြီးက ပုဆိုး တိုက်ပုံနှင့်မို့ ပို၍ ခန့်ညားနေသည်။

ဖူး နဲ့ မတူပေမယ့် ဖူး ရဲ့ဖခင်ပဲ ဖြစ်မည်ဆိုတာတော့ သူ ခန့်မှန်း လိုက်မိသည်။ ထိုစဉ် အိမ်ထဲကနေ အမျိုးသမီးတစ်ယောက်ထွက်လာ၏။

ဆံပင် ပခုံးလောက်ကို နောက်မှာ ကလစ်လှလှလေးနဲ့ ညှပ်ထား တာ ဖြူဝင်းသည့်အသားနှင့် သေးမျှင်သော မျက်ခုံးတန်းက ကြည့် ကောင်းသည်။ ထူသည့်ဘက်ကို များနေသည့် နှုတ်ခမ်းတို့က သဘော ကောင်းပုံလည်း ရှိ၏။



www.burmeseclassic.com

"ကဲ .. ထမင်းပွဲလည်း ပြင်ပြီးပြီဆိုတော့ အထဲကိုပဲ ကြွကြပါရှင်
ထမင်းဝိုင်းမှာဆိုတော့ ကလေးတွေရော တစ်ခါတည်း စုံစုံလင်
ဖြစ်သွားတာပေါ့"

"သူက ကျွန်တော့် အမျိုးသမီးပါ .. စုမြတ် တဲ့၊ ကိုထွန်း က
သိပြီးသား"

ဦးမင်းခ ဆိုသည့်လူကြီးက ထွက်လာသည့်အမျိုးသမီးနဲ့ပါ မိ
ဆက်ပေးသည်။ မတ်တတ်ကနေ အပြုံးချင်းဖလှယ် ရယ်မောနှုတ်ဆ
၍ ထမင်းစားခန်းသို့ ရောက်၏။

ပြင်ဆင်ထားသည့် ဟင်းပွဲတွေက ဟိုတယ်လ်မှာ ပြင်ဆင်သ
ဒင်နာတွေထက် အများကြီး သာသည်။ ဧည့်ခန်းအပြင်အဆင်နှင့် သ
သည့် ပန်းကန်ခွက်ယောက်တို့ကအစ ဆန်ပြား လှပနေ၏။

"စုမြတ် .. သမီးကို သွားခေါ်ပါဦး"

"ဟုတ်ကဲ့ ကိုကို"

သမီးဆိုတာ ဖူးဖူးစင် ...၊

ချိန်း မျက်နှာမှာ အလှုပ်ရှားဆုံးက မျက်လုံးတွေ ဖြစ်လာ
ပေးသည့်နေရာမှာ ထိုင်လိုက်ရသော်လည်း ဖင်က ခုံပေါ်မှာ ထိုင်မိ
သည် မထင် ...။

လူကြီးတွေ ဘယ်လိုပုံစံ ခင်းနေသည်ကို စိတ်ထဲက ခံစားမိ
သည့်အလျောက် မယုံနိုင်ခြင်း၊ လက်မခံနိုင်ခြင်းတွေနှင့် ရင်ဘ
တစ်ပြင်လုံး ရှန်းရင်းဆန်ခတ် ဖြစ်နေ၏။

ထို့ပြင် မကြာသေးခင်ကမှ အောင် ပြောခဲ့သေးသည်။

မြန်းဒိုင်းဆို ထလုပ်လိုက်ရင် မင်း ပြေးချိန်ရလိုက်မှာ မဟုတ်ဘူး
တဲ့ ...။





အခန်း (၂၈)

"မလိုက်ချင်ပါဘူး .. ဖူး ကိုယ့်အခန်းထဲမှာပဲ ထမင်းစားနေကျ"

"လိုက်သွားပါ ဖူး ရယ် .. ဧည့်သည်တွေလည်း ရောက်နေတယ်
ဦးမင်းခ ရဲ့ သမီးလေးကို ကြည့်ချင်လို့ပါဆိုတာ သမီး ထွက်မတွေ့
သမီးဒက်ဒီပဲ အရှက်ကွဲမှာပေါ့၊ သမီးက ဟိုတုန်းကလို အိမ်တွင်း
လေး မဟုတ်တော့ဘူးတဲ့၊ သမီး လူတွေနဲ့ပြောချင်ဆိုချင် ဖြစ်နေပြီ
.. သမီးဒက်ဒီက ဝမ်းသာနေတာ၊ ဒီလိုဖြစ်ဖို့အတွက်လည်း ခုတစ်
သူငယ်ချင်းတွေနဲ့ သမီး ဘယ်လိုနေနေ ဘယ်ကိုသွားသွား ဒက်ဒီ
ခွင့်ပြုခဲ့တယ်မို့လား .."

နာနီကြီး ရှင်းပြနေတာကို ဖူး နားတော့ ထောင်နေခဲ့၏။ ခက်နေ
က ဒေါ်စုမြတ် လာခေါ်တာမို့လို့ မလိုက်ချင်တာ ဖြစ်သည်။

"သမီး ဒက်ဒီက သမီး စိတ်ချမ်းသာအောင် အများကြီး လိုက်
လျှော့ခဲ့ပြီးပြီ၊ ထမင်းဆင်းစားပြီး ဧည့်သည်တွေကို ရည်ရည်မွန်မွန်
ပြောပေးဖို့လေးတောင် သမီးလေးက ပြန်မလုပ်ပေးချင်ဘူးလား"

"ကိုကိုက သူ့သမီး စိတ်ချမ်းသာအောင် လိုက်လျော့ရုံတင်မ
ဖအေဖြစ်ပြီး ထောင့်စေ့အောင်လည်း မြင်တတ်သေးတယ်"

www.burmeseclassic.com



အခန်းဝမှာ ပေါ်လာကာ ဒေါ်စုမြတ် က ဓာတ်ပုံတစ်ပုံ ကိုင် ဟန်ပါပါ လှမ်းဝင်လာ၏။ စုမြတ် က အပြောအဆို အနေအထိုင် ဆောင့်ကြွားကြွား အချိုးမပြေသလို ရှိပေမယ့် စိတ်ရင်းကတော့ မ ဘူးပဲ ပြောရမှာပါ။

အသက်အရွယ် ကွာပေမယ့် သူဌေးကြီးကို ချစ်ခင်ရိုသေသ သည်။ မျက်နှာအမူအရာတွေ တစ်ခါတစ်ခါ မိထွေးပီသသလို ဖြစ်သွ သော်လည်း ဖူး ကို မျက်နှာချင်းဆိုင်ပြီး ထိခိုက်ပုတ်ခတ်တာမျိုးလ တစ်ခါမှ မပြောခဲ့ပေ ...။

နေသာသလို နေလိုက်တာမျိုး ဂရုမစိုက်ဘဲ နေခဲ့သလို တ တကာ မလိုလားတာမျိုးလည်း မပြ၊ နာနီကြီးက ပြောလက်စ စကာ ရစ်ထားလိုက်ကာ ဒေါ်စုမြတ် အနားရောက်လာတဲ့အထိ ကြည့် လိုက်၏။

"ဒီမှာ ဓာတ်ပုံ .."

ဓာတ်ပုံကို လှမ်းပေးတော့ ဖူး က မယူသဖြင့် နာနီကြီးကပဲ လိုက်ရ၏။

"သူ့သမီးလေး အလှအပကြိုက်လာတာကို သိလို့ ဖူးစာရှင် ထားတာ .. ပြလိုက်ပါဦး၊ ဘယ်လောက်မိသလဲဆိုတာ .."

ပြောပြီး လက်ပိုက်၍ ရယ်သည်။

"ဓာတ်ပုံရှင် အောက်မှာ ရောက်နေပြီနော် .. စိတ်ဝင်စားရင် ဆ လိုက်လာခဲ့"

ဩော် ပြောပုံက ခက်တော့တာပဲ ...။

နာနီကြီး စိတ်ညစ်သွားမိသည်။ မိထွေးကို အကောင်းမမြင်နို သေးတာ သိရက်နဲ့ ဘယ့်နှယ် ဒီကိစ္စကို မိထွေးဖြစ်သူကိုမှ ပြောခိုင်း တာလဲ ...။ ထမင်းဝိုင်းကျမှ မိတ်ဆက်ပေးကြည့်၊ သွေးတိုးစမ်းကြည့် ဘာလုပ်လုပ် ရတာပဲ။





ဓာတ်ပုံကြိုပြပြီး ယောကျ်ားပေးစားမလို့ဆိုတာ အသိပေးလိုက် တာမှ ဒီကလေးက ဆင်းလာမှာတဲ့လား ...။

"ပြောသွားပုံက ကြည့်ပါလား .. ဟွန်း .. မဆင်းဘူး၊ လုံးဝ မဆင်း ဘူး"

"ဟဲ့ .. ဟဲ့ .. ဒါက ဘယ်ကိုသွားမလို့ ပြင်နေတာလဲ"

"သမီး သူငယ်ချင်းကို ခုလှမ်းခေါ် ခုရတယ် .. သွားမယ်၊ နာနီကြီး ဆင်းပြောလိုက် .. နေ့လည်တည်းက သူငယ်ချင်းနဲ့ လိုက်သွားတာလို့"

စတော့ကင်ကျပ်ကျပ်ကို အတင်းထိုးသိပ်ဝတ်ရင်း မွေ့ရာပေါ် နောက်ပြန် အိခနဲ ထိုင်ချလိုက်၏။ ပြီးတော့ ပခုံးတစ်ဖက်အကွဲနှင့် နီစိမ်းရောင် ခါးစည်းလက်ရှည်ကို ခေါင်းကနေ စွပ်သည်။

မှန်တင်ခုံရှေ့ ပြေးပြီး ဟိုလုပ်ဒီလုပ်နှင့် ခေါင်းဖြီးပြီးတဲ့အထိ မြန် မြန် ...၊ ဒီကလေးလေး အလှပြင်တာလည်း ကျွမ်းကျင်နေပြန်ပြီ ...။

"သမီး ဖူးလေး .. ဒီမှာ ကြည့်ပါဦး၊ နာနီကြီး မျက်စိမှုန်နေတာ သား ဒါမှမဟုတ် မဲမဲခြောက်ခြောက် ကုလားရုပ်ကြီးလား၊ မစု ပြော သွားတာ မယုံရင် နည်းနည်းတော့ ကြည့်ဦးမှပေါ့"

မျက်နှာရှေ့ကို ဓာတ်ပုံ အတင်းထိုးပေးရသည်။ ဒီလိုမလုပ်သင့်ဘူး ဆင်သော်လည်း သူဌေးက ဒီတိုင်း ဖြစ်လာချင်တာမို့ မတတ်နိုင် ...။

သို့သော် သူ ထင်သလို စိုးရိမ်ဖွယ် မဖြစ်ခဲ့ဘဲ ...

"ဟယ် ... ဒါ .. ဒါ .."

"ဘာဖြစ်လို့လဲ .. ဘာဖြစ်တာလဲ ဖူးလေး ရယ် .."

"ချိန်း .. အောက်မှာ ချိန်း ရောက်နေတယ် .. ဟုတ်လား၊ ချိန်း တ ဖူး နဲ့ .. ဟား!..."

ဖူး ခုန်ပေါက်ပြေးလေသည်။

"သမီး ဖူးလေး .. ဩော် .. ဘာဖြစ်သွားပါလိမ့်"

ကမန်းကတန်း လိုက်ပေမယ့် မမီတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖွး က ကြောင်လိမ်လှေကားကြီးကနေ ပတ်ချာလည်အောင် ပြေးဆင်းနေလျက် ...

"ချိန်း .. ချိန်း .. ဟုတ်ပါစေ၊ ချိန်း ပဲ ဖြစ်ပါစေ"

ခြေလှမ်းတို့သည် ခလုတ်ကန်သင်း မကြောက်သလို သိက္ခာသမာဓိတွေကိုလည်း မေ့နေခဲ့လျက် ...

"ချိန်း .."

ထမင်းစားခန်းထဲကို ခြေတစ်လှမ်း လှမ်းခနဲ ကျော်လိုက်ပြီးမှ ရှေ့တိုးနောက်ငင်နှင့် အရှိန်ပြန်သတ်၏။ သူမရင်အုံမို့မို့လေး ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေခဲ့သော်လည် နှုတ်ခမ်းတို့သည် တဖြည်းဖြည်း ပြုံးသွားခဲ့ပြီး သွားတွေပေါ်အောင် ရယ်လေသည်။

"သမီးလေး .. လာပြီ"

"သြော် .. ဖွးဖွးစင် တဲ့လား"

လူကြီးတွေအသံက နားထဲမှာ အမြွှာကိသံတွေ ဆက်တိုက်ကြားနေရသလို ဆူညံသွားသည်။

ချိန်း မျက်ခုံးတွေ စုကျုံ့သွားခဲ့ပြီး မျက်လုံးအစုံမှာ မီးတောက်မီးလျှံတွေလို စူးစူးရဲရဲ အရောင်တွေထွက်နေသည့်အတိုင်း ...၊

သူ နားလည်လိုက်တာက ဘဝပျက်ခြင်း ...။





## အခန်း (၂၉)

"နင် ဘန်ကောက်သွားနေတာ ဟုတ်လား"

"အင်း .."

"အထူးအဆန်းပါလား ကမာ ရယ် .. ဒီလောက် စာမေးပွဲနီးနေတာကို"

"ဟုတ်တယ် .. ဒါပေမယ့် အလုပ်အတွက်ဆိုတော့ မသွားလို့မဖြစ်ဘူးဟ၊ စာမေးပွဲပြီးတာနဲ့ အလုပ်လုပ်လို့ဖြစ်အောင်လို့"

"ဟင် .. ဘာအလုပ်လဲ"

"ငါ့အလုပ်ပဲပေါ့၊ ငါ ဒါပဲ ကျွမ်းကျင်တာဥစ္စာ"

"ဟေး .. အတော်ပဲ၊ ကမာ ကိုယ့်အလုပ် ကိုယ်လုပ်တော့မှာဆိုရင် ငါနဲ့ ကမာ အမြဲတမ်း အနီးကပ် တွေ့တွေ့နေရမှာ"

မေးစရာတွေက မကုန်သေးဘဲ အရေးထဲမှာ သဲ က ထပျော်နေသေးသည်။ ဒီရက်ပိုင်းတွေမှာ ဟိုနှစ်ယောက်နဲ့ ကမာ ဘာတွေပြဿနာရှိကြသည် မသိ ...။

ဟိုကလာတိုင်း ကမာ က ထွက်မတွေ့ ...၊ မရှိဘဲနဲ့ လွှဲနေကြတာတွေလည်းရှိသည်။ ဖွး ကတော့ ကမာ မရှိလည်း သူ့ဆီလာတဲ့ ဧည့်သည်လိုပဲ ကုတ်ချောင်းချောင်းလေးနဲ့ပဲ ထွက်တွေ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာပြီဆို မျောက်အုန်းသီးရသည့်မျက်နှာနှင့် ...

"ကမာ .. နင်တို့သုံးယောက် ဘာဖြစ်ကြတာလဲ၊ ဖွး လည်း မ ကတည်းက အတန်းမတက်ဘူး"

"ဟုတ်လား .. ငါတို့က ဘာမှမဖြစ်ပါဘူး၊ ခရီးသွားလိုက်တ တော့ သူတို့ကို မပြောခဲ့မိဘူး .. နေ့တိုင်း လာကြသလား"

"အောင်မြင်သူ က လာတယ်၊ ချိန်း ကိုတော့ မနေ့က မတွေ့ဘူ နေပါဦး .. နင်က ကိုယ်ပိုင်ဆိုင် ဖွင့်တော့မှာလား"

ကမာ ခေါင်းလေးညိတ်၍ ကန်တင်းတွေရှိတဲ့ဘက်ကို ခြေ လှည့်သည်။ မွေး တို့ပါ အတူပါလာကြကာ ...

"အလုပ်လုပ်မယ့် မျက်နှာက ဝမ်းသာအားရလည်း မရှိပါလာ ဒီလိုဆိုင်မျိုး ထူထောင်နိုင်တာ နည်းတဲ့အခွင့်အရေးမှ မဟုတ်တာကို၊ ဘ ဖြစ်နေတာလဲ .."

"မေမေက ကြိုးစားစေချင်တာပါဟာ .. ဒီအလုပ်မျိုးကို ဘယ် လောက် ရင်းနှီးသလဲဆိုတာ ငါ သိတာပေါ့၊ မေမေက အပင်ပန်း ထုခွဲရောင်းချပြီး ငါ့အတွက် မရမက ကြိုးစားပေးနေတာကိုလည် မတားရက်ဘူး၊ မတတ်နိုင်လို့ မချိတရိ လက်လျှော့လိုက်ရပြီး မေမေ ခံစားသွားရမှာလည်း သနားတယ်၊ အဲဒါကြောင့် ပျော်ရမယ့်ကိစ္စပေမယ့် ငါ မပျော်နိုင် ဖြစ်နေတာ၊ အန်တီရွှေ တို့ လက်အောက်မှာ ဒီလောက်ထိ တော်ပါတော့တဲ့ .. ငါ့ကိုပြောရင်း မေမေ မျက်ရည်ကျတယ်၊ အဲဒ ငါ ဘယ်လိုလုပ်ရမလဲ မွေး ရယ် .."

"ဘယ်လိုမှ မလုပ်နဲ့.. ဖြစ်အောင်သာ ကြိုးစားတော့ ကမာ၊ နင် ပညာစုံနေပြီမို့လား .. သူတို့ဆိုင်မှာ တစ်သက်လုံး အလုပ်သမား လု နေပါမယ်ဆိုပြီး ပညာသင်ခဲ့တာမှ မဟုတ်တာ၊ ကိုယ့်ဘဝအတွက် ရ တည်ကြဖို့ပဲ၊ ရစ်တည်နိုင်ပြီဆိုရင် ဘယ်သူဖြစ်ဖြစ် ခွဲထွက်မှာပဲလေ ပညာလည်း စုံပြီ၊ မိတ်ဟောင်းမိတ်သစ်တွေလည်း နင့်မှာ ရှိနေမှာ





စားရင် မဖြစ်ဘူးဆိုတာ မရှိပါဘူး"

"အေးလေဟာ .. မိဘရင်ထဲမှာလည်း မဖြစ်သာလို့သာ ကိုယ့်သား ကို ကြည့်နေခဲ့ရတာမျိုး ရှိရင်ရှိမယ်၊ တတ်နိုင်ပြီဆိုရင်တော့ ခေါင်း ရင်ကော့နေစေချင်မှာပေါ့၊ ဆိုင်က ဘယ်မှာဖွင့်မှာလဲ"

"ငါတို့ခြံ မျက်နှာစာတစ်ခြမ်းကို ဖွင့်လိုက်မှာလေ .. အဲဒီအရင်း အတွက် ငါတို့ရဲ့ ခြံတစ်ဝက်နီးပါးကို မေမေ ရောင်းပစ်လိုက်တာ"

"ဟင်!... ဟုတ်လား .. ဒါ .. ဒါဆို နှစ်ဆီခြံဆိုတဲ့ဟာလေး ပါသွား ပေါ့"

"ဟုတ်တယ် .."

ကန်တင်းရောက်ကြတော့ ထိုင်နေကျစားပွဲမှာပဲ ထိုင်လိုက်ကြကာ သိပ်မရှိသည့် တခြားစားပွဲတွေကို သဲ က မျက်လုံးဝေ့လိုက်ပြီး ...

"နင် ပထမဆုံးပျက်တဲ့နေ့က သူတို့လာတော့ ဖွး က ကုတ် ချောင်းချောင်းနဲ့ ထွက်တွေ့တယ် သိလား .. လူလူချင်း မျက်လုံးချင်းဆို ငုတ်နေတယ်ဆိုတဲ့ မိန်းမက ယောက်ျားလေးနှစ်ယောက်ရှေ့ကို ထွက်သွားလိုက်တာ အကောင်း .."

"အဲဒါ ပြောတာပေါ့ .. ဘယ်လိုစကားပုံနဲ့ တင်စားပြောရမှန်း အောင် မသိဘူး"

သူသူသန်း က စားပွဲကို ဘုတ်ခနဲ ပုတ်လိုက်ပြီး မျက်လုံးတွေ သူဆီ ရောက်သွားကြမှ ...

"စကားပုံတွေ ငါ ရှာပြမယ် .. တောသားရဲ့ ဆွဲထုတ်၊ အရူးဆိုပြီး အိမ်ဦးချေးတက်ပန်း၊ မျောက်အုန်းသီးရတဲ့ မျက်နှာ၊ မောင်ကျန် တစ် တို့ .. အဲ .. ဘာကျန်သေးလဲ"

"ဘာမှမကျန်တော့ဘူး .. တော်တော့"

သဲ က အော်ပစ်လိုက်ပြီး မျက်စောင်းထိုးသည်။

"အဲ့တစ်ယောက်က အဲဒါတွေထက် အများကြီး ပိုသေးတ နိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြစရာကို မရှိဘူး၊ ဒီမှာ သိလား ကမာ .. အဲဒီနေ့က ဒီထဲထိ ပါ
တာ သိလား၊ ဟိုထောင့်က စားပွဲမှာ ထိုင်ကြတာ"

"ဟုတ်လား .."

ကမာ က ပြုံးနေပေမယ့် သဲ က ထိုမျက်နှာကိုပဲ သေချာကြည့်
ပြီးတော့ မွေး ကို လှမ်းကြည့်ပြီး မျက်လုံးချင်း စကားပြောကြသည်

ကမာ့ မျက်လုံးထဲမှာ ဘာတွေရှိနေသလဲဆိုတာ ဘယ်လိုကြ
ကြည့် မတွေ့ရခြင်းအား ...၊

"ကမာ .."

"ဟင် .."

"နင်တို့ တစ်ခုခုဖြစ်ထားကြတာမို့လား .. အဲဒီတစ်ခုခုထဲမှာ
နဲ့ ပတ်ကိုပတ်သက်ရမယ်၊ အမှန်အတိုင်း ပြော .."

"ဟော .. ဟိုမှာ ဖူး လာနေပြီ"

ကမာ ဘာမှမဖြေရသေးခင် သူသူသန်း က ဖူး လာနေတာ
လှမ်းမြင်ပြီး သတင်းပေး၏။

အနက်ခက်လေးတွေပါသည့် မော်ဒန်စိမ်းရောင် ထဘီတစ်ထ
နှင့် လည်ပင်းမှာ ပဝါချည်ထားသလို မော်ဒန်စိမ်းရောင် အပေါ်သားဆေ
နဲ့ အင်္ကျီအနက်က မပိန်မဝ သူမကိုယ်လေးပေါ်မှာ ကြည့်ကောင်းနေ
သည်။

ပြီးတော့ ဂုတ်မထိတထိ ပျော့နွဲ့လက်တောက်နေသည့် ဆံနွယ်
လေးတွေနှင့် ပန်းနုရောင် ဝင်းနေအောင် မှုန်ဥနေသည့် မျက်နှာလေး

ဖူး ကို မြင်လိုက်တာနှင့် သဲ တို့အကြည့်တွေ ကမာ့ ဆီ ပြန်ရောက်
သွားကြသည်။ ကမာ ကတော့ ဖူး တစ်ကိုယ်လုံးကို လှမ်းကြည့်ရင်
နှုတ်ခမ်းတို့မှာ ပြုံးရိပ်ထင်၏။

"အဟမ်း .. အဟမ်း .."

သဲ က ချောင်းဟန့်လိုက်တာနှင့် သူသူသန်း က ဘာကို သတိ





သွားသည် မသိ ...၊ သဲ လိုပဲ လည်ချောင်းကို ကိုင်၍ ချောင်းတစ်ချက်
ဟန့်ကာ ...

".. အလှပြပြင်ပေးရပါတဲ့ .. ဉယျာဉ်မှူးဘဝအခြေ သူ့အတွက်
ဆိုရင်လေ .. အဟမ်း .."

"ဘာ အဟမ်းလဲ .. ဆက်ဆို .. နားထောင်ကောင်းတယ်"

"မရတော့ဘူး .. ဟဲ .. ဟဲ .. ကျွန်တော်တင်တဲ့ မင်းသမီး အဲ ..
မဟုတ်ပါဘူး၊ ကျွန်မတင်တဲ့ မင်းသမီး"

"ရာဇဝင်ကတော့ ကောင်းခဲ့ဖူးတာ မရှိဘူးနော် ကမာ .. တင်ပေး
လိုက်တာနဲ့ ပျံထွက်သွားကြတာပဲ၊ ကျေးဇူးကြီးလှချေရဲ့ဆိုပြီး ကိုယ့်
လက်ဖဝါးထဲမှာပဲ တောင်ပံစုံချပြီး ဝပ်နေမယ်ထင်ရင် အဲဒါ စိတ်ကူးပဲ"

"နင်တို့ကလည်း တော်ပါတော့"

ဖူး က သူတို့ဆီကို တည့်တည့်လျှောက်လာပြီး ခေါင်းငုံ့သွားလိုက်
ပြန်မော့ကြည့်လိုက်နှင့် ပြုံးနေသည့်မျက်နှာကတော့ သွားရွေတောင်
ပေါ်လို့ပါ ...။

"ဘာတွေ သဘောမနောခွေ့လာတယ် မသိဘူး"

သဲ က ပြောဖြစ်အောင် ပြောလိုက်သေးသည်။ ဖူး ပုံစံ ဟိုအရင်
ကနဲ့ လုံးဝမတူတော့တာကို မြင်လိုက်ရတဲ့အခါမှာ ဘယ်သူ့မျက်နှာမှာမှ
ဝမ်းသာပျော်ရွှင်ခြင်းတို့ ရှိမနေခဲ့ပေ ...။

ပြင်ဆင်နေထိုင်တတ်လာခြင်းက လူပုံကို ပြေပြစ်အောင် ညှိပေး
လိုက်သလိုရှိကာ တစ်ခါဖြီးလိမ်းလာရင်း ရုပ်ဆိုးရင်းနှင့် ခုဆို အရစ်း
လှတဲ့ မျက်နှာလေးလည်း ဖြစ်နေပြီ ...။

ကမာ ကတော့ ကိုယ် ထုဆစ်ပုံသွင်းထားတဲ့ အရုပ်တစ်ရုပ်ကို
တစိမ့်စိမ့်ကြည့်၍ ကျေနပ်နေတာမျိုး ...၊

"ပြုံးလို့ပါလား ဖူး .. ဘာတွေ ဝမ်းသာစရာ ပါလာလို့လဲ"

ဖူး က ကမာ့ ဘေးမှာပဲ ခုံတစ်လုံး ဆွဲ၍ ပူးကပ်ထိုင်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပခုံးချင်း ထိကပ်တိုးလိုက်ပြီး ...

"နံပါတ်တစ် ပြုံးတာက နင့်မျက်နှာကို လှမ်းမြင်လိုက်ရလို့၊ ငါ့ကို မပြောဘဲနဲ့ ဘယ်ထွက်သွားတာလဲ ပြော .."

"ခရီးသွားစရာကိစ္စ ပေါ်လာလို့ပါ၊ ပြောပါဦး နံပါတ်နှစ်က ဘာ လဲ .."

"နံပါတ်နှစ်က ပြောစရာရှိတယ်"

"အေးလေ .. ပြောပါဆိုမှ .."

ဖူး က တိတ်ဆိတ်စွာ ကြည့်နေကြသည့် သဲ တို့ အုပ်စုကို တစ် ယောက်ချင်း လိုက်ကြည့်ပြီး ပြောသင့်မပြောသင့် တွေးနေသေးသည်။ စိတ်မရှည်တတ်တဲ့သူက သဲ နဲ့ မွေး တို့ ဖြစ်၏။

"ကဲ .. ဘာလဲ ငါတို့ ရှောင်ပေးဖို့ လိုသေးလား၊ လိုရင်လည်း ပြော .."

"အံမယ် ပြောလည်း ရှောင်မပေးနိုင်ပါဘူး၊ ငါတို့ချင်း ဘာမှ လျှို့ဝှက်ချက်ထားဖို့ မလိုဘူး၊ မပြောချင်လည်း နေပေါ့"

ဖူး က မွေး တို့ပြောလိုက်မှ ပျာပျာသလဲ လက်ကာပြီး စိုးရိမ် တကြီး ဖြစ်သွားသည့်ပုံနှင့် ...

"မဟုတ်ပါဘူး သဲ ရယ် .. မွေး ပြောသလိုလည်း မဟုတ်ပါဘူး ဟိုလေ .. ချိန်း .. ချိန်း နဲ့ပတ်သက်နေလို့၊ ကမာ သိထားပြီးပြီလားလို့ တွေးမိလို့ပါ၊ နင်တို့လည်း သိများ သိနေလားလို့"

"ဘာလဲ .. ငါတို့ ဘာမှမသိဘူး၊ ချိန်း က ဘယ်မိန်းမနဲ့ လက်ထပ် သွားလို့လဲ"

"ဟဲ့ .. သူ ဒီလောက် ပြုံးရွှင်လာတာ တခြားမိန်းမနဲ့ လက်ထပ် တာ ဖြစ်နိုင်ပါ့မလား၊ ဘာလဲ ဖူး .. နင့်ကို ချိန်း က ချစ်ပါရစေတဲ့လား-- ဟွန်း .."

တစ်ယောက်တစ်မျိုး ထွေငေါ့မေးနေကြတာကို ဖူး က အံ့ဩ





...လေးနှင့် လိုက်ကြည့်သည်။ ပြီးတော့ မျက်နှာလေးက ဝင်လာတုန်း အတိုင်း ပြုံးယောင်သမ်းလာခဲ့လျက် ...

"ဟိုလေ .. ချိန်း က ငါ့ကို အဲဒီလိုတော့ မပြောပါဘူး၊ ဒါပေမယ့် ... နဲ့ ချိန်း နဲ့ လက်ထပ်ရတော့မှာ .."

"ဘာ!..."

"ဘာ .. ဘာပြောလိုက်တယ်"

အထိတ်တလန့်တွေ ဖြစ်သွားကြပေမယ့် ကမာ အသံထွက်မလာ ...။ မအံ့ဩလို့မဟုတ်ဘဲ နှုတ်ခမ်းလေးတွေ ဖွင့်ဟလျက် ကြားလိုက်ရ ...ကို မကြားလိုက်ဘူးလို့ ထားလိုက်ချင်တာမျိုး ...။

ဒါ အဖြစ်မှန်ပဲဆိုတာကို ဖူး ကို နောက်ထပ်မေးဖို့ မလိုလောက် ...င် အားလုံး ယုံကြည်လိုက်ကြတာ ဘာကြောင့်မှန်း မသိ ...။

မွေး တို့ သုံးယောက် ကမာ့ ကို လှမ်းကြည့်လိုက်မိသည်။ မဟုတ် ... ဘယ်လိုငြင်းနေနေ ချိန်း နဲ့ ကမာ ရီးသားကြသည်ဆိုတာကိုတော့ ...ယ်တုန်းကမှ မယုံကြည်ခဲ့ကြတာမို့ ...၊

"မြန်လှချေလား .. ဘယ်လိုတွေ ဖြစ်ကုန်တာလဲ"

"မေးမနေပါနဲ့ဟာ .. သူဌေးချင်းပဲ လူကြီးချင်း စေ့စပ်ကြတာ ...မှာပေါ့"

သဲ က မေးသည်။ မွေး က လက်တို့၍ မဲ့ပစ်သည်။ ပြောချင်လွန်း ...ို့ ပြုံးစိစိ ဖြစ်နေတဲ့မျက်နှာကို ပြောခွင့်ကို မပေးချင်တာ ဖြစ်သည်။ ...န်းမချင်းချင်းပဲ ကမာ့ မျက်နှာကို နည်းနည်းပါးပါး ပြန်ကြည့်ပါဦး ...ား ...၊

ဟိုအရင်တည်းက တွဲလာပြီး ဒီလောက် လိုက်ဖက်ညီတဲ့သူတွေကို ...ယ်သူက ဘယ်သူ့ကို ကြိတ်ပြီး ချစ်နေနိုင်မလဲရော မစဉ်းစားမိတော့ ...လား ...။

ဒီရုပ်ဒီရည်လေး ထွက်လာအောင် လက်ထပ်သင်ပေးခဲ့တဲ့သူရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုမှ မထောက်၊ သူတောင်းစား ရွှေထုပ်ကောက်ရသလို တ
နှစ်ခွေ့ခုန်အောင် အပျော်လွန်နေသည်။

အရှက်မရှိ ပြုံးနေလိုက်တာ သွားအဖြီးသားနှင့် ..။

ဖူး ကတော့ မလိုလားသည့် မျက်နှာတွေကို သတိမထာ
လောက်အောင် လက်ဖဝါးချင်း ထပ်ဆုပ်၍ နှုတ်ခမ်းရှေ့မှာ ကပ်လို
ရင်ဘတ်မှာ ဖိလိုက်နှင့် ခေါင်းငုံ့ထားပြီး ပြောဖို့ အားယူသလို လု
သေးသည်။

ပြီးမှ ...

"အဟွန်း .. မွေး က အရမ်းတော်တာပဲ၊ ဟုတ်တယ် သိလာ
ချိန်း တို့ ငါတို့အိမ်ကို ထမင်းစားလာပြီး စေ့စပ်စကားပြောမှပဲ
သိတာ"

"ချိန်း ကတော့ သိတယ်ပေါ့"

သဲ ကပဲ မေးတာ ဖြစ်သည်။ ဖူး က ခေါင်းညိတ်မလို ဖြစ်သွာ
မှ ခေါင်းခါ၍ ...

"မသိဘူးလား .. သိသလား ငါ မသိဘူး၊ ဒါပေမယ့် သူ ငါ့
စိုက်ကြည့်နေတာ အကြာကြီးပဲ၊ ငါ .. ငါတို့ စကားမပြောဖြစ်ကြပါဘူ
လူကြီးတွေကပဲ အစီအစဉ်တွေ ဆွဲနေကြတာ၊ ငါလည်း လက်တွေတု
တာ မူးတောင် မူးလာတယ် .. အဲ့ဒါနဲ့ .."

"အပျော်လွန်ပြီး မူးလဲမသွားလို့ တော်သေးတာပေါ့"

"မဟုတ်ပါဘူး .. အရမ်း အံ့ဩသွားလို့ပါ၊ ဒက်ဒီက 'ငါ့
မငြင်းနိုင်အောင် ဘာမှ ကြိုပြောမထားတာ'တဲ့၊ ငါကလည်း တခြား
ဆိုရင်တော့ ငြင်းမှာပဲ"

"အေးလေ .. ချိန်း ကို နင်က ချောင်းမြောင်းကြည့်နေခဲ့ရတာ
ဆိုတော့ .."

"သဲ ကလည်း နေပါဦး .. ငါ မေးစရာရှိလို့"





သဲ စကားတွေ ဒီ့ထက် ရင့်သီးမလာခင် ကမာ က တားဆီးလိုက်
ဖူး မျက်နှာကို ငဲ့ကြည့်၍ ...

"စေ့စပ်ထားပြီးပြီပေါ့"

"ဟုတ်တယ် .. သိပ်မကြာခင် လက်ထပ်ပေးမှာလို့ ပြောတာပဲ၊
နင့်ဆီ ဖုန်းဆက်သေးတယ်၊ နင်က ဖုန်းပိတ်ထားတာကိုး"

"ငါက ဖုန်းကိုင်ထားပေမယ့် ငါ ခေါ်စရာရှိမှ ဖွင့်တာ ဖူး ရဲ့ ..
ထားတာရှိရင်သာ အဲဒီအချိန် ဖွင့်ထားလိုက်တာ .."

"ဟင်!... ကမာ .. နင့်မှာ ဖုန်းရှိတယ် .."

မွေး တို့ကအစ ကမာ ဟန်းဖုန်းကိုင်တာကို မသိခဲ့ကြပေ။ သူတို့
သိရာဘဲ ဖူး ကိုတော့ နံပါတ်တောင် ပေးထားသည်မို့ မျက်နှာတွေ
ချင်း ညိုမှောင်ကုန်ကြသည်။

"မွေး ရယ် .. ငါ တောင်းပန်ပါတယ်ဟာ၊ ငါလေ နင်တို့ကိုပဲ
ပြောတာ မဟုတ်ပါဘူး၊ ချိန်း နဲ့ အောင် တို့လည်း လုံးဝ မသိဘူး၊
ချောင်းနဲ့ အန်တီရွှေ တို့ ဆိုင်မှာပဲ ငါ့ရဲ့အချိန်တွေ ကုန်နေရတာ
တို့ သိပါတယ်၊ ဖုန်းလာတဲ့အသံ တဗွမ်ဗွမ်မြည်နေရင် ငါ့ကို ဘယ်
ပြောကြမလဲ၊ ဆင်းရဲသားက ဖုန်းကိုင်ထားရင် ကဲ့ရဲ့မှန်းတီးလာကြ
ပဲ၊ ဒါကို ငါ တမင်လျှို့ဝှက်ထားတာပါ"

"ဘာဆိုင်လဲ ကမာ .. နင်တို့က ကုန်းကောက်စရာမရှိအောင်
င်းရဲနေတာမှ မဟုတ်တာ၊ ဘယ်တုန်းကမှ မချမ်းသာခဲ့ဘူးတဲ့လူတွေ
ည်း မဟုတ်ဘူး၊ ဖုန်းကိုင်တယ်ဆိုတာလည်း လူတိုင်းအတွက် အစစ
ရာရာ အရမ်းကို အဆင်ပြေတဲ့အလုပ်ပါဟာ .."

ကမာ က ခေါင်းတွင်တွင်ခါနေသည်။ ပြီးတော့ တောင်းပန်၏။
ါ ရွှေရုပ် ၏ ထောင့်စေ့အောင် ကဲ့ရဲ့ဝေဖန်တတ်ခြင်းကို ရှောင်ရှားရင်း
နေ့ ဘာကိုမှ ရင်မဆိုင်ချင်တော့သည့် ကိုယ့်အခြေအနေကို သူငယ်
င်းတွေကိုတော့ နားလည်စေချင်မိသည်။



www.burmeseclassic.com

သဲ တို့က မကျေလည်ပေမယ့် မျက်နှာတွေတော့ ပြေကျသွားပြီဖြစ်ကာ ...

"အဲဒါ ထားလိုက်ပါတော့ .. နင် မနေ့က ပြန်ရောက်တာမို့လား ချိန်း ကရော ဒီအကြောင်း ဘာမှ မပြောဘူးလား"

ကမာ က ပေါ့ပါးသည့်မျက်နှာနှင့် ခေါင်းခါပြလိုက်ရင်း ...

"ကျောင်းပြီးတာနဲ့ လက်ထပ်ကြမှာ ထင်တယ်၊ စာမေးပွဲနဲ့ အိုကီစွနဲ့ သူလည်း အလုပ်ရှုပ်နေမှာပေါ့"

"ရှုပ်စရာလား .."

ဟု ပြော၍ သဲ က မဲ့ရွဲ့နေသည်။ နားထောင်ရေးသမား လုပ်နေသည့် သူသူသန်း က ဖူး မျက်နှာကိုကြည့်၍ ...

"ထမင်းစားလာပြီး နောက်ထပ် ချိန်း နဲ့ ဘာမှမပြောဖြစ်ကြဘူးလား၊ ဖုန်းနဲ့ဖြစ်ဖြစ်လေ .."

"ဟင့်အင်း .."

ဖူး က ခေါင်းခါသည်။ သူသူသန်း က ခေါင်းညိတ်၏။ ပြီးတော့ စိတ်ထဲမှ တိုးတိတ်စွာ ရေရွတ်မိသည်။

တကယ်ကို အထူအပါး နားမလည်ပါလား ...။





အခန်း (၃၀)

"ငါ မလိုက်ချင်ဘူး အောင် .."

"ခဏလေးပဲဟာ .. တော်ကြာ ဖူး ရောက်လာရင် အပိုတွေ ပြောနေရဦးမယ်၊ ခု ဖြစ်သွားတဲ့ကိစ္စက .."

"ငါ သိပြီးပါပြီ .. ဒါ ဒီတိုင်းဖြစ်သင့်တာပဲဟာ ဘာထူးဆန်းလို့လဲ၊ နောက်ပြီးတော့ အခု ဖူး_မရောက်လာသေးတဲ့အတွက် ငါ မလိုက်နိုင်ဘူး"

"ကမာ .."

ပြတ်သားစွာ လှည့်ဝင်လိုက်သဖြင့် အောင် ကမန်းကတန်း ခေါ်သည်။ ခြေလှမ်းရပ်သွားပေမယ့် ကမာ က လှည့်မကြည့်ပေ ...။

"နင်ကလည်း လူငယ်တစ်ယောက်ဖြစ်ပြီးတော့ ခေါင်းသုံးစမ်းပါဟာ .. ဒီကိစ္စမှာ ချိန်း ရဲ့သဘော လုံးဝ မပါဘူး၊ ဖြစ်တတ်တဲ့သဘာဝတွေ နည်းနည်း တွေးကြည့်ပါဦး"

ကမာ က အောင့် ဘက် ပြန်လှည့်ကာ မျက်နှာကို သေချာစိုက်ကြည့်၏။ စာမေးပွဲနေ့မို့ ကျောင်းကို စောစောလာခဲ့လိုက်တာ ချိန်းနဲ့ ဒါတွေ ပြောကြ ရှင်းကြဖို့ မဟုတ် ...။

www.burmeseclassic.com



ပြီးတော့ သက်ဆိုင်သူရှိသွားပြီဖြစ်သည့် ယောကျ်ားတစ်ယော နှင့် ထိုသူရဲ့ကွယ်ရာမှာ ရှိနေဖို့ မသင့်ဟု အစောကတည်းက တွေးထ ပြီးသား ..။

"မှူး လာရင် ငါ လိုက်ခဲ့မယ်၊ နင် သွားတော့"

"ဟာ!..."

"နင် သွားတော့ အောင် ရယ် .. ငါက ဒါဆိုဒါပဲ နင် သိသားနဲ့"

"မဟုတ်ဘူးလေ .. ငါကလည်း နင့်အကျိုးယုတ်မှာမျိုးကို တ ဆီးမယ့်သူပါ၊ တွန်းပို့မယ့်အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး၊ အ မှူး ပါလို့ မဖြစ်တဲ့ စကားတွေ သူ နင့်ကို ပြောချင်နေတာ၊ ခဏလေ လိုက်နားထောင်လိုက်ပါဟာ၊ နင်တို့ချင်း နားလည်ရင် အခက်အ ဆိုတာ .."

"အောင် .."

ကမာ က အောင် ဆက်မပြောဖြစ်အောင် လေသံမာမာနှင့် ခေါ် လိုက်ပြီး ...

"သူနဲ့ငါ နင် ပြောသလောက်ထိ လိုအပ်တဲ့အဆင့်မျိုး မဟုတ်သေ ဘူး၊ သူလည်း ငါ့ကို အားနာဖို့ မလိုဘူး၊ ငါကလည်း အပြစ်တင် မုန် တီးဖို့ မရှိဘူး"

"အဲဒါက နင့်ကြောင့် မဟုတ်ဘူးလား ကမာ .. ချိန်း က နင့်ကို ချစ် .."

"တော်တော့ .."

ကမာ အံကြိတ်ပြောလိုက်ပြီး ဖျတ်ခနဲ လှည့်ဝင်သွား၏။ အော ခေါင်းတခါခါနှင့် ကျန်ရစ်၏။ သိပ်မကြာလိုက်ခင် မှူး တို့အိမ်က ဝင်လာတာ မြင်လိုက်ကာ မှူး က နံ့သာရောင်ဝတ်စုံလေးနှင့် လွယ် ကို မလွယ်ဘဲ ရင်ခွင်ထဲမှာ ပိုက်၍ ဆင်းလာ၏။

အရင်တုန်းက ဒီကောင်မလေးကို မြင်လိုက်ရတိုင်း အပြေးတ





လိပ်လို ခေါင်းလျှိုလျက်နှင့် ခုတော့ လမ်းလျှောက်ပုံလေး ကနွဲ့ လျှနှင့် မျက်နှာလေးက မငုံ့တငုံ့ မော့လိုက်တာလည်း ရှိလျက်..၊ တော်တော် ပြောင်းလဲသွားသည်ပဲ ..။

ဒါတွေဟာ ကမာ ထုဆစ်ခဲ့တဲ့ သက်ဝင်ရုပ်ကြွလေးတစ်ခုမှန်း လည်း သိနေသည်။ ပြောင်းလဲသွားသည့်အရာရာတိုင်းမှာ ကမာ တွက်ကျတော့ ကံကောင်းခြင်းတစ်စုံတစ်ရာမှ မပါခဲ့ပေ။ သိနေသည့် အတွက် ရင်ထဲမှာ မကောင်းနိုင် ..။

"မှူး .."

"ဟင် .. အောင် ပါလား၊ ချိန်း ရော .."

"ချိန်း ပါတယ်၊ အပြင်မှာ စောင့်နေတယ်"

"ဟုတ်လား .. မှူး ကလည်း သူ့ကို တွေ့ချင်နေတာ၊ အဖွင့် .. သွားမယ်လေ"

"အထဲမှာ ကမာ ရောက်နေပြီ၊ သွားခေါ်လိုက်ပါလား"

"ဟုတ်လား .. သူက စောစောမလာဘူးတော့ မရောက်သေးဘူး င်တာ၊ ခဏစောင့်နော်"

ကမန်းကတန်း ပြေးဝင်လိုက်ကာ ခေါက်မြင့်ဖိနပ် ချွတ်ပြီး ပုံမှက် န်းပျက် ယိုင်ထွက်သွား၏။ အထဲကထွက်လာသည့် ယောကျ်ားလေး တစ်သိုက် ဝါးခနဲ ထရယ်ကြသဖြင့် ထုံးစံအတိုင်း ခေါင်းငုံ့ချပြီး ပြေး လာသည်။

ဒီဖိနပ်က ဒီလောက်ထိ ကျင့်ပြီးသားကို လူရှေ့ကျမှ ဘာဖြစ်ရတာ ဲ ..။ လူကွယ်ရာမှာ ခြေထောက်လေး ဆောင့်မိရင်း ရှက်ရှက်နှင့် ရှူးလို ပြောနေမိသည်။

အတန်းထဲမှာ ကမာ တစ်ယောက်တည်း မြင်လိုက်ကာမှ ချော်လဲ သည့်အဖြစ်က ပျောက်သွား၏။ မွေး တို့တွေရှိနေလျှင် ဘယ်တော့မှ ကားကောင်းပြောလို့ မရပေ ..။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ဒီလိုအမိပွာယ်နှင့်ပြောလျှင် သူတို့က ဟိုလိုတွေး... ကမာ ကသာ ကိုယ့်ကို နားလည်ဆုံး ...၊ ထို့ကြောင့် သူမ ကမာ့ ကို ညီအစ်မရင်းလို ချစ်မိလေသည်။

"လာပါ ကမာ ရယ် .. နင်ကလည်း ဘာဖြစ်လို့လဲ"

"ဖူး .."

"ဟင် .."

ဆွဲခေါ်နေသည့် ဖူး လက်လေးကို ကမာ က ထပ်ဆုပ်ကိုင်လိုက်ပြီး ပြုံးကာ ...

"ဘယ်သူမှ မရှိတုန်းမို့လို့ ငါ ပွင့်ပွင့်လင်းလင်း ပြောမယ် .. အဲ့ဒါ နင့်ကို အထင်သေးတဲ့စကား မဟုတ်ဘူးနော်၊ နားလည်စာနာတဲ့ အစတည်းက နင့်အတွက် ငါ့ခေါင်းထဲ ထည့်ထားခဲ့တာတွေပါ"

"ဘာလဲဟင် .."

"ငါ့ဘဝအတွက် ငါ အရမ်းကြိုးစားနေရတာ နင် သိပါတယ်"

"သိတယ်လေ .."

"ချိန်း တို့တောင် ငါ နေရာတကာ တတွဲတွဲနေတာ မဟုတ်ဘူး"

"အင်း .. ငါ သိပါတယ်"

"အဲဒါတွေကို သိရင် ဖူး သဘောကျနေတဲ့ ကောင်လေးနဲ့ ... ကို နီးစပ်စေချင်လို့ တို့ ဘယ်လိုဖန်တီး လှုပ်ရှားပေးခဲ့သလဲဆိုတာကို ... တွေးကြည့်စမ်းပါ"

ဖူး က မတ်တတ်လေးကနေ တဖြည်းဖြည်း ထိုင်ချလိုက်ကာ ...

"ဘယ်လို .. ပြန်ပြောပါဦး .. ငါနဲ့ .."

"ဟုတ်တယ် .. နင့်ကို ချိန်း နဲ့ နီးစပ်အောင် .. ပြီးတော့ နင့်စိတ်တွေ လွတ်လပ်ပေါ့ပါးမှုကို မက်မောတတ်လာအောင် အားလုံးအတွက် အစီစဉ်ပြီး ဘယ်နေရာဖြစ်ဖြစ် ငါ အလုပ်ရှိရှိမရှိရှိ နင့်အတွက် အများကြီး အချိန်ပေးခဲ့တာ"





ခေါင်းလေး တွင်တွင်ညိတ်ရင်း ဖူး မျက်ဝန်းမှာ မျက်ရည်တွေ ...လာသည်။ ဒါပေမယ့် ပြုံးနေခဲ့ပြီး ...

"ငါ နားလည်ပါပြီ၊ ငါလေ .."

"နားလည်ရင် ပြီးတာပဲ .. အချိန်လည်း မရှိတော့ဘူး၊ သွားလိုက် ...လေ .. အခု နင်တို့ဖူးစာမှန်လို့ လူကြီးချင်း သဘောတူလိုက်ကြတဲ့အထိ အဆင်ပြေသွားပြီး သက်ဆိုင်သူတွေ ဖြစ်သွားပြီဆိုတော့ နင့်ဘက်က ...ှင့်လင်းဖို့အတွက် ဘာမှ မခက်ခဲတော့ဘူး၊ ငါ့မှာလည်း လုပ်စရာတွေ အများကြီး ရှိသေးတယ်၊ စာမေးပွဲပြီးမှပဲ ငါတို့ အတူဆုံဖို့ ကြိုးစားတာ ...ပါ .. နော် .. သွားတော့"

ဖူး ခေါင်းညိတ်ရင်း ပြန်ထရပ်သည်။

ဇေဒါရောင်ဝတ်စုံလေးနှင့်အပြိုင် ဇေဒါရောင်နုနု ပြေပြေလေးနဲ့ ...နေသည့် ကမာ့ မျက်နှာကို သူငယ်ချင်းလိုချစ်ခင်တွယ်တာ၍ ရဲဘော် ...ဘက်လို အားကိုးယုံကြည်သောမျက်ဝန်းတို့ဖြင့် ရွှန်းလက်စွာ ငုံ့မိုး ...ကြည့်ရင်း ...

"အရမ်းကျေးဇူးတင်တာပဲ ကမာ ရယ် .. နင်က ငါ့ဘဝအတွက် အကောင်းဆုံး သူငယ်ချင်း၊ အတော်ဆုံး သူရဲကောင်းပါ" တဲ့ ...။

ပြောလိုက်တော့ ကမာ က နှုတ်ခမ်းတွန့်ရုံလေး ပြုံး၏။

သူရဲကောင်းဆိုတာ သမိုင်းတွင်ရစ်တဲ့ ဘွဲ့တစ်ခု မဟုတ်ဘူးလား။ အသက်ကိုရင်း၍ ပေးဆပ်ခဲ့ပြီးမှ ဘွဲ့တစ်ခုအဖြစ်က ကမ္ပည်းတင်ရစ်ခဲ့ ...ည်ဆိုလျှင် ...၊

နေပါစေ ...၊

အချစ်အတွက် သူရဲကောင်း မဖြစ်ချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"မထက် ..."

"ချိန်း ..."

ခေါ်သံကြောင့် အလုပ်လုပ်နေရင်း ကမာ ဖျတ်ခနဲ လှည့်ကြည့် လိုက်မိသည်။ ချိန်း က အထဲကို လှမ်းကြည့်ကာ မမထက် ထိုင်နေသည့် ကောင်တာဘက် လှည့်ဝင်သွားကာ ...

"မထက် .. ကျွန်တော် ကမာ ကို ခဏလောက် စကားပြော ရမလား"

"ရပါတယ် ချိန်း ရဲ့ .. လူလည်း ပါးတာပဲ၊ ထူးထူးဆန်းဆန်း တစ်ယောက်တည်းပါလား"

အောင် က ဆိုင်ကို သိပ်ခေါ်မရတော့တာ ဘာကြောင့်မှန်း သူသိ ပေမယ့် မထက် ကတော့ အရင်လို ပြုံးပြုံးရွှင်ရွှင်ပဲ ဖြစ်နေသည်မို့ အား တော့နာသည်။

"ကမာ ရေ .. အဲဒီမှာ ချုပ်ဆေးတင်ခဲ့ပြီးရင် ထားလိုက်တော့၊ စက်ဆွဲဖို့ရှိတဲ့ခေါင်းကို သန္တာ တို့ပဲ ကိုင်လိမ့်မယ်"

"ဟုတ်ကဲ့ .."





ကမာ ချုပ်ဆေးထည့်နေတုန်း နောက်မှာ ချိန်း က လာရပ်သည်။

"အပြင် ခဏသွားရအောင်"

"ဒီနေ့ နားလို့မရဘူး .. ဟိုမှာ သွားထိုင်နေလေ"

"ထိုင်မလို့ လာတာမှမဟုတ်တာ .. လိုက်မှာလား၊ မလိုက်ဘူး ား"

"လိုက်လို့ မဖြစ်ပါဘူးဆို .."

ကမာ က လုံးဝ လှည့်မကြည့်ပေ။ ချိန်း က မှန်ထဲမှာ မြင်နေရ ည့် ကမာ့ မျက်နှာလေးကို စိုက်ကြည့်ပြီး ခဏငြိမ်သွား၏။ ကမာ မှန်ထဲမှာတောင် မျက်လုံးချင်းဆုံလို့ မရဘဲ သူ့ဆီကို တစ်ချက်မှ က်လုံးလှန်ကြည့်ဖော် မရ ...။

ဆံပင်ကောက်ခံနေသည့် အမျိုးသမီးကတော့ ကမာ့ ရင်ခွင်ထဲ နေ မှန်ဘက်ကို လှည့်ထိုင်နေသဖြင့် ချိန်း နဲ့ ကမာ ကို အပြတ် သတ် အကဲခတ်နေ၏။

ချိန်း ကမာ့ နောက်ကို ကိုယ်တစောင်းလှည့်ကပ်လိုက်မှ ထိုအမျိုး မီး၏ မျက်လုံးတွေက လွှတ်မြောက်သွားခဲ့ရကာ ...

"ရတယ် .. မပြောချင်လည်း နေ၊ ဒါပေမယ့် ဖူး ကို ငါ လက် ထပ်နိုင်ဘူးဆိုတာ အပြတ်ပြောလိုက်မယ်၊ အစတည်းက ရင်းနှီးခဲ့ကြ တာတွေအားလုံး ငါ့စိတ်နဲ့ ငါ့ကိုယ် မဟုတ်ဘူးဆိုတာ ဘယ်သူသိသိ သိသိ သူ သိဖို့ လိုတယ် .."

"ဘာ!..."

ကမာ့ မျက်ဝန်းလေးတွေ သူ့မျက်နှာဆီ လှည့်ရင်ဆိုင်လိုက်တော့ န်း က နှုတ်ခမ်းစေ့ရင်း မဲ့သည်။

ထိုမျက်ဝန်းလေးတွေကို စိုက်ကြည့်လိုက်ရင်း ...

"မင်းကို သူ့အတွက် လူစွမ်းကောင်းလို့ ထင်သွားမလား၊ မြင့်မြတ် ောင်လို့ ထင်မလား .. ဘာဖြစ်ဖြစ် ကောင်းတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ချိန်း .."

ပြောချင်ရာပြောပြီး ချိန်း က ပြန်ထွက်သွား၏။ ကမာ ကမ် ကတန်း လှမ်းခေါ်လိုက်၍ ...

"ခဏစောင့် .."

ချိန်း က ကျောခိုင်းလျက်ကနေ ပြုံးသည်။ ကမာ သူ့ကားပေါ် နှစ်ယောက်တည်း လိုက်စီးဖို့ မပြောနဲ့ အောင် ပါနေရင်တောင် ခေ တိုင်း ဘယ်တော့မှ အလွယ်တကူ မလိုက် ..။ နောက်ခန်းထဲမှာ အသ တိတ် ငေးငိုင်လျက် ပါလာသည့် မျက်နှာလေးကို မှန်ထဲကနေ လှ ကြည့်ပြီး ဆွေးသွားမိသည်။

မျက်တောင်မခတ် ငေးနေလည်း လှသည်၊ ရယ်နေလည်း ချစ် ကောင်း၏။ အထူးသဖြင့် စကားပြောဆိုနေပြီဆို မျက်ဝန်းလေး ပြုံးပြက်လက်နေတာက မကြောက်တတ်သည့် အတွင်းစိတ်သ ကို ဖော်ပြနေသည့်နှယ် ...။

ကမာ က လှသလောက် ထူးခြားသည့် မိန်းကလေးပါ။

သက်တူရွယ်တူချင်း ဖြစ်ကြရင်တောင် ပြောရေးရှိက ပြော သည်၊ ဆိုရေးရှိက ဆိုရဲသည်။ ရင်ဆိုင်ဖို့ဆိုတာ ရှိလာလျှင် မရွံ့မတွ တတ်သည့် မိန်းကလေးမျိုး ...၊

သူမကို လှလို့ စိတ်ဝင်စားခဲ့တာ မှန်ပေမယ့် ရင်းနှီးလာလေ ချစ်မိလေ ...၊ ဖူး နဲ့ ငြိတွယ်ဖို့ ကြိုးစားခဲ့သည့် သူမ ရေးသော ဇာတ်ညွှ ကို မကျေမနပ် ဝင် 'က' ပေးခဲ့ရတဲ့အထိ စိတ်တိုနေတာက သပ်သ အထင်ကြီး ရွံ့လမ်းမိတာက ကြာလာလေ ပိုတိုးလေ ...။

"ဘယ်အထိသွားမှာလဲ ချိန်း .. ဆိုင်မှာ တစ်ခုခု ဝင်စားပြီး ပြော မရဘူးလား"

သူ စိုက်ကြည့်နေတုန်း မှန်ဆီကို ဖျတ်ခနဲ ကြည့်လာပြီး ကမာ မျက်နှာလေးက အလိုမကျစွာ ...။



"နေ့လယ်ဆို အန်ကီရွှေ လာနေကျ"

"ဒီနေ့ လာမှာ မဟုတ်ပါဘူး .. စေ့စပ်ပွဲကို အခမ်းနားဆုံးဖြစ်ဖို့ စားနေကြတယ်"

ကားက လမ်းဘေးတစ်နေရာမှာပဲ ထိုးရပ်သွားသည်။

"ဆိုင်မှာ စကားပြောလို့ မကောင်းဘူးလားလို့၊ ဒီမှာပဲ ခဏ ဆင်း သား"

ခပ်လှမ်းလှမ်းမှာ ကားဆော်ဒီရုံတစ်ခုနှင့် ဟိုဘက်ထိပ်မှာ အထက် န်းကျောင်းကြီးတစ်ကျောင်း ရှိနေသည်။ သူတို့ကားလေးက သိပ် ကျယ်သော လမ်းသွယ်လေးရဲ့ဘေး ကန်စွန်းခင်းရဲ့အစပ်မှာ ...၊

ပတ်ဝန်းကျင်ကို မျက်လုံးကစားလိုက်ပြီး ကမာ ကားပေါ်က င်းသည်။ ပြီးတော့ ကန်စွန်းခင်းအစပ်ထိ လျှောက်သွားရင်း ...

"ဖူး နဲ့ စေ့စပ်တဲ့သတင်းဆိုရင် တို့ သိပြီးပါပြီ၊ တခြားကိစ္စပြောဖို့ ရှိလို့လား"

"ရှိတယ် ကမာ .. ဖြစ်ခဲ့တာတွေက ကိုယ်တို့နဲ့ မသက်ဆိုင်တဲ့ သောင့်တစ်နေရာကနေ ခေါင်းမြီးခြုံနဲ့ထွက်လာပြီး တစ်ချက်တည်း ချိုက်ထိအောင် ရိုက်သွားတာ၊ ဘယ်သူ့မှာမှ အပြစ်မရှိမှန်း သိရဲ့သား ကိုယ် မကျေနပ်နိုင်ဘူး၊ ဒေါသမထွက်သင့်မှန်း သိပေမယ့် ဖြေလို့ ရဘူး၊ မင်း သိပါတယ် .. ဖူး ကို ကိုယ် လုံးဝ စိတ်မဝင်စားဘူး"

ကမာ့ မျက်နှာလေး သူ့ဘက်ကို တဖြည်းဖြည်း လှည့်လာသည်။ က်လုံးချင်းဆုံစည်းခြင်းဟာ ညင်သာစွာ ပေါက်ကွဲခြင်းဖြစ်လျက် က်ရည်ဝေ့လာကာမှ ကမာ့ ဖျတ်ခနဲ လွှဲပစ်ကာ ...

"ကောင်းပါတယ်.. ဖူး အတွက် ချိန်း နဲ့ ကမာ ခဏခဏ စကား များရတော့ဘူးပေါ့"

"ဘာ!..."

"ပြောဖူးတဲ့ စကားတွေအားလုံးကို မေ့လိုက်မယ်၊ ဘာမှ ..ည်း

www.burmeseclassic.com

www.burmeseclassic.com



မလွန်ကျူးကြသေးဘူးဆိုတော့ တို့ကို ချိန်း မျက်နှာပူစရာ မလိုပါဘူ
ပြောရမယ်ဆိုရင် တို့ကတောင် ပြန်တောင်းပန်ရဦးမှာ၊ ခုလို ဓာ
ဖြစ်လာတာ ဖူး နဲ့သာ မဟုတ်ဘူးဆိုရင် ဖူး ကိုရော ချိန်း ကိုပါ က
အပြစ်လုပ်မိသလို ဖြစ်နေမှာ၊ မိဘတွေ စီစဉ်ကြတဲ့အတိုင်းပဲ .."

"ကမာ .. မင်း .. မင်း ကိုယ့်မျက်နှာကို ကြည့်ပြောစမ်းပါ၊ မင်
သူနဲ့ ကိုယ့်ကို ရင်းနှီးစေခဲ့တာ အစတည်းက မင်း ရှိသားခဲ့ရဲ့လား
တစ်နေ့နေ့ တကယ်ငြိသွားကြလည်း နားအေးတာပဲဆိုပြီးတော့ .."

"မဟုတ်ဘူး .."

ဖျတ်ခနဲ လှည့်လာသည့်မျက်ဝန်းတွေမှာ မျက်ရည်တွေ ပြည့်သိ
နေခဲ့သည်။ သူ့ကို စေ့စေ့ကြည့်ရင်း ပြုံကျုလုလု မျက်ရည်တို့ကြော
ပြန်လှဲဖို့ ကြိုးစားပေမယ့် နောက်ကျသွား၏။

မျက်ရည်စက်တွေ ခုန်ဆင်းသွားကြတော့ ပြက်ခနဲ လက်ခနဲ ..

"ဖူး ကို ကောင်းစေချင်တဲ့စေတနာပါ .. အဲဒါ အမှန်ပဲ၊ ဒါပေ
မယ့် သက်ရောက်မှုတစ်ခုခု ဖြစ်လာတဲ့အထိ ကမာ မရည်ရွယ်ခဲ့ပါဘူး
ချိန်း ကို အဲဒီလောက်ထိ ချုပ်ကိုင် စိုးမိုးဖို့လည်း ဘယ်တုန်းကမှ စိတ်
မကူးခဲ့ဘူး၊ ဖူး နဲ့ ချိန်း ကို ဆုံတွေ့စေတဲ့အခါတွေမှာ ချိန်း ဘက်က
ပြေပြေလည်လည် ဖြစ်ပါစေလို့ ဆုတောင်းနေခဲ့ရတယ်၊ ချိန်း တို့ကို
နှစ်ယောက်တည်း ထားလိုက်တိုင်း အဆင်မပြေစရာတစ်ခုခု ဖြစ်မလား
လို့ တွေးပြီး စိုးရိမ်နေရတယ် .. အမှန်အတိုင်း ဝန်ခံတာပါ၊ ကမာ
ကောင်းစေချင်လို့ ကြိုးစားခဲ့တာ ဖူး ရဲ့မနက်ဖြန်လေးတွေကိုပဲ၊ အနာ
ဂတ် မဟုတ်ဘူး၊ ဘယ်သူ့ရဲ့အနာဂတ်ကိုမှ ကမာ သိလည်း မသိချင်ဘူး၊
မြင်နိုင်ဖို့လည်း မကြိုးစားဘူး .. အဲဒါကို ယုံပါ"

"ဒါဆို မင်း ကိုယ့်ကို အဖြေမပေးဘဲ ထားခဲ့တာကရော .. မင်း
သူ့အတွက် .."

"မဟုတ်ဘူး ချိန်း .."





ကမာ က ဟိုဘက်လှည့်ပြီးမှ မျက်ရည်သုတ်သည်။ ပင့်သက်လေး
ချလိုက်ပြီးမှ သူ့ဘက် ပြန်လှည့်လာကာ ...

"ချိန်း ကို ဘာဖြစ်လို့ အဖြေမပေးခဲ့တာလဲဆိုတာ အခု အဖြေ
ထွက်နေပြီ၊ အဲဒါ ကမာ့ ကို ချိန်း မေးနေဖို့ လိုသေးသလား၊ အချစ်ဟာ
အရာရာကို ကျော်လွှားနိုင်တယ်ဆိုတာ မမှားဘူး၊ ဒါပေမယ့် ရာနှုန်း
ပြည့်တော့ မမှန်သေးဘူး၊ ခုချိန်မှာ ချိန်း လက်ခံသင့်ပါတယ်၊ ဘဝချင်း
ပေါင်းစပ်ဖို့ အချစ်ရှိနေရုံနဲ့ မပြီးဘူးဆိုတာ .."

"ဘာဖြစ်လို့ မပြီးရမှာလဲ .. ကိုယ် ဖြစ်ချင်တာကို လုပ်ပြီးရင်
အတွေဖြစ်လာလာ ရင်ဆိုင်မယ်ဆိုတဲ့သတ္တိနဲ့ တစ်ယောက်ကိုတစ်
ယောက် နားလည်ဖို့ပဲ လိုတယ်၊ ဖူး နဲ့ ကိုယ် လုံးဝ လက်မထပ်ဘူး၊
ဘယ်လောက်ထိ သေချာတယ်ဆိုတာ ထပ်ပြောမယ် .. ဖူး ကို ကိုယ်
လက်မထပ်ဘူး၊ မင်း ပြန်ချစ်ချစ် မချစ်ချစ်"

"ချိန်း .."

ဒါ အပြတ်ပဲဆိုသည့် မျက်နှာနှင့် ချိန်း က တစ်ဖက်လှည့်နေ၏။

"ချိန်း စဉ်းစားရမှာက .."

"မချစ်နိုင်တဲ့မိန်းမကို လုံးဝ လက်မထပ်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်
တွေ ခိုင်မာနေဖို့ပဲ၊ ကိုယ် အမြဲတမ်း စဉ်းစားနေတာ အဲဒါ .."

"ပြောတာကို နားထောင်ပါဦး .."

"အချစ်နဲ့ မသက်ဆိုင်တဲ့ မဟုတ်တမ်းတရားတွေ ဟောမနေနဲ့
ကမာ .. ငါ မင်းကလွဲပြီး ဘယ်မိန်းမကိုမှ မလိုချင်ဘူး .. ဒါပေမယ့်
ရတယ်၊ မင်းကို ချစ်ပါ၊ ကြိုက်ပါလို့လည်း နားပူနားဆာ မလုပ်တော့
ဘူး၊ ငါမဟုတ်တဲ့ နောက်ထပ်လူတစ်ယောက်ကို မင်း မရွေးချယ်သရွေ့
တိတ်တိတ်ဆိတ်ဆိတ် မျှော်လင့်ရင်း စောင့်နေမယ်"

ကမာ ရင်နင့်သွားသည်။ နှုတ်ခမ်းလေးတွေ လှုပ်နေပေမယ့် ဘာမှ
ပြောလို့ မရ ...၊ ရင်ထဲမှာ ကြည်နူးသွားတာမှန်း သိနေပါလျက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ငိုချင်နေ၏။ ကိုယ်သာလျှင် စည်ပိုင်းအပြင်ဘက် ထွက်ရတော့မည်မှ
သိနေတာတောင် ကြည်နူးသွားမိတာကိုလည်း ခွင့်မလွှတ်ချင်ပါ ..

ချစ်နေမိရင်လည်း ပစ်ရမယ့်အကြောင်းတွေ ဖန်လာအောင် အ
တည်းက မလုပ်နဲ့ပေါ့ ကမာ ..၊ ကိုယ့်ကိုယ်ကိုယ် နှိုးဆွ အပြစ်တင်ရ
စိတ်ကို ချုပ်ထိန်းနေရ၏။

"မင်းမှာ ပြောစရာစကား မရှိတော့ဘူးလား၊ ကိုယ့်ကို ဒီအပြ
ပဲ ထိုက်တန်တယ်လို့ စီရင်ချက်ချနေတာဆိုရင် ရပါပြီ .. ပြန်ကြမယ်

"ခဏနေပါဦး ချိန်း ရယ် .. မဟုတ်တမ်းတရားတွေလို့ မထင်
ပြောတာကို ခဏလေး နားထောင်ပေးပါ"

မျက်နှာချင်းဆိုင် ပြန်ရပ်မိကြပြီး တစ်ယောက်ကိုတစ်ယော
ငေးနေမိကြသည်။ ပြီးမှ ...

"ချိန်း နဲ့ အောင့် ကြားမှာ ကမာ က လှုသိများနေတဲ့ မိန်းမ
ချိန်း နဲ့လိုလို အောင် နဲ့လိုလိုနဲ့ မိဘတွေ တထိတ်ထိတ် ပူလောင်နေ
တုန်း အောင် က မမထက် ကို လက်ခံလိုက်တယ်၊ ချိန်း နဲ့ ကမာ
အတွဲလိုက် ကျန်ခဲ့တာလေ"

ချိန်း မျက်နှာတင်းသွားပေမယ့် ဘာမှမပြောဘဲ နားထောင်နေ

"ဒီလက်ထပ်ပွဲ ချိန်း က ငြင်းလိုက်တာနဲ့ ကမာ နေ့စရာဖြစ်သွ
မှာ .. အဲဒါ ချိန်း တွေးမိရဲ့လား"

"တွေးမိပါတယ်ဆိုတော့ ဖူး ကို ကိုယ်က လက်ထပ်မှဖြစ်မယ်
ဒီလိုလား .."

"ခဏလေးဖြစ်ဖြစ် မငြင်းဘဲနေပေးဖို့ စဉ်းစားပါ ချိန်း ရယ် ..
ချိန်း ရဲ့မာမိမှာလည်း နှလုံးရောဂါရှိတယ်မို့လား .. အောင် နဲ့ အန်တီ
တို့ ပြောကြတာ ကမာ ကြားတယ်၊ ပြီးတော့ သူငယ်ချင်းတွေပါလို
ပြောခဲ့ဖူးတဲ့ ကမာ့ စကားက ဖူး ကို ညာသလိုကြီး ဖြစ်သွားတော့မယ်

"သူငယ်ချင်းဖြစ်နေတော့ရော မင်းကို ကိုယ်က မရိုးသားခွင့် မ





ဘူးလား၊ မနေ့က သူငယ်ချင်းပေမယ့် ဒီနေ့ ချစ်သူတွေဖြစ်သွားလို့
မရဘူးလား၊ သူငယ်ချင်းတွေပါလို့ မင်း ပြောတိုင်း သူ ယုံခဲ့တယ်
င်တောင် အမြဲတမ်း သူငယ်ချင်းပဲလို့ သူ သတ်မှတ်ထားတာမှန်ရင်
ဒါ တမင် ဘောင်ခတ်လိုက်တာပဲ၊ သူ့အတွက် မင်းနဲ့ကိုယ် ဘယ်
ဘာမှ ချစ်သူဖြစ်ခွင့် မရှိတော့ဘူးလို့ မင်းနှိုးသားလိုက်တာ .."

"ဟင့်အင်း .. ဖူး ကို အဲဒီလို မပြောပါနဲ့၊ အရမ်းဖြူစင်လွန်းလို့
ရောင်ခြယ်တတ်ဖို့တောင် ကမာ ကြိုးစားနေခဲ့ရတာ ချိန်း မြင်သားနဲ့"

"ဒီမှာ ကမာ .."

ချိန်း က ရှေ့တိုးလိုက်ပြီး ဘောင်းဘီခါးစပ်မှာ လက်မနှစ်ဖက်
တ်၍ ခြေချဲ ရပ်သည်။ ကမာ့ မျက်နှာကို သေချာစိုက်ကြည့်ပြီး ...

"ဘယ်လောက် ဖြူစင်နေပစေ တိရစ္ဆာန်မှာတောင် လောဘစိတ်
တယ်၊ ကြီးနိုင်ငယ်ညှဉ်းသဘာဝတွေဆိုတာ လောဘကြောင့် ဖြစ်လာ
တာပဲ၊ စား အိပ် မေထုန် သုံးခုပဲသိတဲ့ တိရစ္ဆာန်တောင် လောဘစိတ်
ရှိတာ၊ အမျှားကြီးသိနေတဲ့ လူတစ်ယောက်ကို ဘယ်လောက်ထိ
င်ပါတယ်ဆိုတာ မင်း ဘယ်ပေတံနဲ့ တိုင်းကြည့်လိုက်တာလဲ"

ချိန်း ကို ဖူး သဘောကျနေတယ်ဆိုတာ ယောကျ်ားလေးပဲ ပိုသိမှာ
.. ၊ ကိုယ်ကသာ အမျိုးမျိုး လိုးလွှဲပြီး အကူအညီပေးပါလို့ ပြောခဲ့ပေ
ယ့် တစ်ခါတစ်ခါ ဂရုမစိုက်ဘဲ ရွှန်းရွှန်းစားစား ငေးကြည့်နေတတ်တဲ့
ရဲ့မျက်ဝန်းတွေကို ချိန်း မသိဘဲ နေမလား ..။

ဒါဆို နှစ်ဖက်စလုံးအပေါ်မှာ ဖုံးဖိပြီး ဟန်ဆောင်နေခဲ့မိတဲ့ သူမ
သာ အပြစ်ရှိခဲ့ကြောင်း ချိန်း က ထောက်ပြနေတာဆိုလျှင် ..၊

"ကိုယ် အဲဒီတစ်ယောက်အကြောင်း မပြောချင်ဘူး ကမာ"

တွေးနေသည့်စိတ်က ချိန်း ရဲ့စကားကြောင့် ပစ္စုပ္ပန်ဆီ ချက်ချင်း
ပြန်ရောက်၏။

"ကမာ .."



www.burmeseclassic.com

www.burmeseclassic.com



ချိန်း က ခါးစပ်မှာ ချိတ်ထားသည့် လက်တစ်ဖက်ကို ဖြုတ် ဆံပင်တွေထဲ ထိုးထည့် ဖွပစ်သည်။ စိတ်ရှုပ်ထွေးသလို မျက်ခုံး တွန့်ကုတ်နေခဲ့လျက် ...၊

"ဒီတစ်ခါတော့ မေးခွင့်ပြုပါ၊ ကိုယ့်ကို မင်း မချစ်နိုင်ဘူးလား

ကမာ သူ့ကို ငေးနေပြီး မဖြေ ...။

"ကိုယ် မင်းနဲ့ ရှေ့ဆက်ချင်တယ်၊ ဘာကိုမှထည့်မတွက်ဘဲ လောကလုံး ဘာဖြစ်ဖြစ် .."

"ဟင့်အင်း .."

ကမာ က ခေါင်းခါလိုက်ပြီး မျက်နှာငုံ့ပစ်သည်။ ပြီးမှ ပြန် လာကာ ...

"အဲဒီလို မမေးဘဲ ကမာ မေးတာကို အရင်ဖြေပါဦး၊ ခုနက ပြော သလို တိတ်တိတ်ဆိတ်ဆိတ် စောင့်နေနိုင်တယ်ဆိုရင် ကမာ ချစ်ပါတယ်ဆိုတဲ့အဖြေစကား မကြားရသေးဘဲနဲ့ ဒီတိုင်းပဲ ရင်းနှီး ကြရင်ရော မကောင်းဘူးလား .."

ချိန်း မျက်နှာ အနီရောင်သမ်းလာသည်နှင့် ကမာ ခေါင်းလေး ခါပြရင်း ,...

"ချိန်း ဘက်က ချစ်တဲ့စကားတွေကို ပြောချင်သလောက် ပြောခွင့် ရနေပေမယ့် ကမာ ပြောလို့မရဘူး၊ ပြောခွင့်ဆိုတာက ဘယ်ဥပဒေ ဘယ်လူကြီးကမှ ချုပ်ကိုင် တားဆီးထားတာ မဟုတ်တဲ့ ကမာ့ ဘက်မှာ မရှိကဲ့ အခွင့်အရေးပါ၊ ချိန်း လိုပါပဲ ကမာ့ ဘဝမှာ အရင်းနှီးဆုံး သူစိမ်း ယောကျ်ားဆိုလို့ ချိန်း နဲ့ အောင် ပဲ ရှိခဲ့တာ ..၊ အောင် က ဘယ်တုန်း ကမှ ဘယ်တော့မှ ပြောင်းလဲမှာမဟုတ်တဲ့ သူငယ်ချင်း .. ကမာ့ ရင်ထဲ ကို မရိုးသားစွာ နေရာယူခဲ့တာ ချိန်း တစ်ယောက်ပဲ ရှိခဲ့တာ .."

"တစ်ခုပဲ-ကျန်တော့တာ .. ချစ်ပါတယ်လို့ပဲ ပြောလိုက်ပါကွာ ကိုယ့်ကို ဒါတစ်ခုကိုပဲ ရှောင်ပြီး မနှိပ်စက်ပါနဲ့"





"ဟင့်အင်း .."

ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သဖြင့် ကမာ ဖယ်ချပစ်လိုက်မိ သည်။

"အတင်းအကျပ် မမေးပါနဲ့ .. အဲဒါကို မဖြေနိုင်လို့ မမေးပါနဲ့၊ ...င်းပန်ပါတယ်"

လက်ဖဝါးလေးကို ပြန်ဆွဲယူလိုက်တော့ ရုန်းနေရင်း ကမာ မျက် ...ည်သည်။

ချိန်း က လွှတ်မပေးဘဲ အတင်း ဖိဆုပ်ထားလျက် ...

"ကိုယ့်ကို မင်း ချစ်နေတာ ကိုယ် ရိပ်မိတယ်၊ ဒါပေမယ့် ဖူး ...တွေ ရှုပ်လာတော့ ကိုယ့်ရဲ့ ယုံကြည်ချက်က ပြန်ပြီး မှုန်ဝါးသွား ...၊ မင်းဟာ ကိုယ့်အနီးမှာလား .. ကိုယ်နဲ့ အဝေးကြီးမှာလား ဝေခွဲရ ...လာရင်း ကိုယ်တစ်ယောက်တည်း ရှုပ်ထွေးနေခဲ့ရတယ်၊ အဲဒါတွေ ...ပါတော့ ကမာ .. ကိုယ့်ကို ချစ်ခွင့်ပေးပါ၊ ချစ်တယ်လို့ပဲ ပြောစမ်း .. မင်းနဲ့ကိုယ် ဘယ်လိုမှ မဝေးနိုင်အောင် ကိုယ် ရင်ဆိုင်မယ်"

"တောင်းပန်ပါတယ်"

"ဘာ!..."

"စေ့စပ်ထားတဲ့မိန်းမရှိပြီးသား ယောကျ်ားတစ်ယောက်ကို အဖြေ ...လိုက်မိရင်း နေကမာ ဆိုတဲ့ဘဝ ဖောက်ထိုးဆင်းပြီး ဘယ်တော့မှ ...ပေါ်မလာနိုင်တဲ့ နိမ့်ကျခြင်းမှာ သိမ်ငယ်စွာ ရပ်တည်ရတော့မှာ၊ ...ဒီလို ကမာ ဘယ်တော့မှ မလုပ်ဘူး၊ ချိန်း ကို ချစ်နေသည်ဖြစ်စေ ...စ်သည်ဖြစ်စေ ကျန်ခဲ့ရမယ်ဆိုရင်လည်း ဂုဏ်သိက္ခာရှိရှိပေါ့"

ကမာ့ မျက်နှာလေးက မာနတွေနဲ့ အရောင်လက်နေသလိုပင် ...။ ...တော့ သူ့မျက်နှာကို စူးစိုက်ရင်ဆိုင်၍ ...

"မင်းသားရဲ့ ဖူးစာရှင်ရှာတဲ့ပန်းကုံး ဘယ်ဘက်ယိမ်းမလဲလို့ စိတ် ...င်တစား လိုက်မော့ကြည့်နေမိရင်တောင် ပွဲကြည့်ပရိသတ်အဖြစ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိချင်တယ်၊ ပန်းကုံးစွပ်ခံဖို့ တက်လာကြတဲ့ မင်းသမီးတွေထဲက
ယောက် မဖြစ်ချင်ဘူး၊ အဲဒါ မာနကြီးတာ မဟုတ်ပါဘူး၊ မ
တော်ရာက ငေးရတဲ့ဘဝကို မလိုချင်တာ၊ ရှုံးမှာ သေချာနေတဲ့ပွဲကို

"မင်းကို ရွေးချယ်မယ့်မိန်းမတွေထဲ ဝင်ပြီး တန်းစီခိုင်းနေ
မဟုတ်ဘူး၊ ကိုယ့်ရင်ဘတ်ထဲမှာ သီးသန့် နေရာပေးနေတာ"

"ရင်ဘတ်ထဲကနေရာဟာ ကြင်ဖက်ဖြစ်နိုင်တဲ့နေရာ မဟုတ်
ချိန်း .. ကမာ ပြောတာကို အနှ ခဏလေးပဲ နားလည်ပေးပါ၊ အနှ
ဆိုတာ ကံကြမ္မာလက်ထဲမှာပေမယ့် မိမိစိတ်ကြိုက် ပုံဖော်ထုဆစ်
ရှိပါတယ်၊ ကမာ တို့ စဉ်းစားလို့ ရသေးတယ်မို့လား .. လောလော
ချိန်း နဲ့ ကမာ နားလည်မှုရှိကြဖို့ပဲ လိုတာလေ၊ ချစ်သူဖြစ်ကြဖို့ အ
မဟုတ်ပါဘူး ချိန်း ရယ် .. ချစ်နေကြဖို့ပဲ လိုတာ"

"ဒါဆို ကိုယ့်ကို မင်း ချစ်တယ်လို့ပဲ ယူဆမယ်ဆိုရင်ရော အဲ
ကို ငြင်းမှာလား .."

ကမာ ဘာမှမပြောဘဲ မျက်လွှာချထားသည်။ မချင့်မရဲဖြစ်ရ
ချိန်း ကိုယ့်ဆံပင်တွေကိုပဲ အထပ်ထပ် ဖွလိုက် .. ပြန်သပ်လိုက်
လှုပ်ရှားနေသည့်စိတ်က ထိန်းမရချင် ..။

ချစ်ပါတယ်လို့ ဖြေလိုက်တာမဟုတ်ဘဲ အတိုင်းအဆမရှိ
သွားသည်။ စင်းချထားသည့် မျက်တောင်ဖျားလေးတွေကို ငေး
မျက်ဝန်းလေးတွေ မှိတ်ကျသွားအောင် မြတ်မြတ်နိုးနိုး နမ်းချင်မိ

ရယူလိုခြင်းအားလုံးဟာ ခေါင်းမညိတ်သေးသည့် သူမရဲ့ ရှော
ခြင်းအောက်မှာပဲ ရပ်တန့် ပြီးဆုံးခဲ့ရပြီ ..။

"ချိန်း .."

"နားထောင်နေတယ် ပြော .. မတည့်ရာမတည့်ကြောင်းတွေ
စေနဲ့"

ရန်လိုနေသည့်ပုံနှင့် ကမာ တင်းထားတာမှန်း သိသာနေသည်





း မျက်နှာကို ကြည့်ပြီး ကမာ ပြုံးချင်မိ၏။ ဒါပေမယ့် အရာရာ
က် သူမဟာ အကာအရံတစ်ခုသာမို့ ချစ်သူထံပါးမှာ စီးကရက်
းတစ်လိပ်လို ခဏတာဖြုတ် ယစ်မူးခွင့်လေးတောင် ရနိုင်မယ့်သူ
တ်ပါ။

ဂစ်တာလေးတစ်လက်လို ရင်ခွင်မှာ နေချင်လို့လည်း မရနိုင် ..။
း သည် မင်းသားလေးဖြစ်လျက် ဖူးဖူးစင် က မင်းသားရဲ့ကြင်ရာ
၊ သူမကတော့ ကြင်ရာတော်ရဲ့ ရံရွေဖော်လား ...၊

"ဟိတ် ပြောလေ .. မပြောဘဲနဲ့ ဘာလုပ်နေတာလဲ၊ မတည့်တာ
ပြောတော့မလို့လား .."

"မဟုတ်ပါဘူး .. ချိန်း ရယ် ဖူး ရယ် တို့ရယ်လေ အရင်အတိုင်း
နေရအောင်လို့"

"ကျွတ်!.."

ချိန်း မျက်နှာ မဲ့သွားသည်။ ထိုမျက်နှာနဲ့ပဲ ကမာ့ ကို စိုက်ကြည့်
 ...

"ဘယ်အချိန်ထိလဲ"

ကမာ က မဖြေဘဲ ငေးနေသဖြင့် သူကပဲ ခေါင်းညိတ်၍ ...

"မင်း မဖြေနိုင်ရင် ငါပဲ ဖြေမယ်၊ ဖူး နဲ့ လက်ထပ်ရတော့မယ့်
စ်မနေ အခြေအနေရောက်တဲ့အထိ ဟုတ်ပြီလား .. အဲဒီအချိန်ထိ
 ခေါင်းမညိတ်သေးရင်လည်း မင်းကိုပဲ ငါ ရအောင်ယူမှာ၊ စကြဝဠာ
တ်ပြေးနေလည်း မိအောင်ဖမ်းမယ်၊ ကောင်းကောင်းမွှန်မွှန် ပေါင်း
မရရင် မဟားတရား ပေါင်းမယ်"

"ချိန်း .."

"မပြောနဲ့တော့ .. ရပြီ၊ ပြန်မယ်"

"ကြည့်ပါလား"

"မကြည့်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ချိန်း က ကမာ့ လက်လေးတစ်ဖက်ကိုဆွဲ၍ ကားဆီ ပြန်လာ
တံခါးဖွင့်၍ တွန်းပို့လိုက်သည်။ ပြီးမှ တံခါးမပိတ်သေးဘဲ ပြန်ငုံ
လိုက်ပြီး ...

"မင်းကို ကြည့်နေမိရင် ရှောခ် ရှိတယ် .. အဲဒါ နားလည်လား

"နားလည်ပါပြီ .. သွားပါ"

ကမာ သူ့ကို တွန်းပစ်လိုက်ပြီး ကိုယ့်ဘာသာ တံခါးဆွဲပိတ်သ
ချိန်း က ပြုံးချင်ပေမယ့် အတင်းကြီး တည်ထားလျက် ရှေ့မှာ ဝင်
ပြီးမှ နောက်ပြန်လှည့်၍ ...

"လူကို ကျပ်ကျပ်အနိုင်ကျင့် သိလား .. ချိန်း ဆိုတဲ့ကောင် မ
ကျမှ ခေါင်းခါတတ်ဖို့တောင် မေ့နေပြီ"

ကမာ က ရှက်သွားသည့်မျက်နှာလေးနှင့် ပြုံးသည်။ ပြီး
ဆံပင်လေးသိမ်း၍ တစ်ဖက်လှည့် ရယ်၏။

မျက်တောင်ဖျားလေးတွေမှာ မျက်ရည်စတွေ ခိုတွဲနေဆဲကို
မြင်နေရသည်။ ဒါပေမယ့် ရယ်လိုက်တဲ့ မျက်နှာလေးက တကယ
ရှက်ရွံ့ကြည်နူးဟန်တွေ ပြည့်ပြည့်သိပ်သိပ်နှင့် ...။

လှလိုက်တာ အချစ်ရယ် .. ခုချိန်မှာ ကိုယ် အလိုချင်ဆုံးက မ
အလှအပအားလုံးကို သိမ်းပိုက် မြတ်နိုးခွင့် ...။



အခန်း (၃၂)

"ဘာ!... ဘယ်လိုပြောလိုက်တယ် ချိန်း .."

"ဘာဖြစ်လို့လဲ မာမီ .. ကျွန်တော်တို့ လေးယောက် အစတည်းက
သိုပဲ အတူတူသွားနေကျ"

"အစတုန်းက သူငယ်ချင်းတွေလေ .. အခု အောင် က စေ့စပ်
တော့မယ်၊ မင်းက လက်ထပ်တော့မယ်၊ ကိုယ့်လက်တွဲဖော်နဲ့ကိုယ်
နေရာတကျ ရှိကြပြီးသား .. နေကမာ က ဘယ်ချောင်ဘယ်ကြားကနေ
လာရတာလဲ"

"ချောင်ကြားက ပါလာတာ မဟုတ်ပါဘူး မာမီရာ .. ကျွန်တော်
တို့သုံးယောက် အမိကထဲကို တကယ် ကြားဝင်လာတာက မှုးမှုးစင်"

"ဘာပြောတယ် သား .."

"ကဲ .. ကဲ .. မင်းကလည်း ထစ်ခနဲရှိ ဒေါသဖြစ်ဖို့ပဲ"

သားအမိနှစ်ယောက် ဖြစ်နေကြတာကို ဦးထွန်းထွန်း ဝင်မပါလို့
မရတော့ဘဲ ဖြစ်လာသည်။ မအေက ကိုယ်ဖြစ်စေချင်တာကိုပဲ ဆွဲယူဖို့
ကြိုးစားသည်။ သားဖြစ်သူကလည်း မှန်တယ်ထင်ပြီဆို မပြောရဲတာ
ဘာမှမရှိ ...။

www.burmeseclassic.com

ကုတ်ချောင်းချောင်းထိုင်လျက် အခွင့်သာလျှင် ထလစ်ထွ
ပြင်နေသည့် အောင် က ဦးထွန်းထွန်း စကားစလိုက်မှ သက်သ
သက်သာ ခါးဆန့်ခွင့်ရသွား၏။

"ချိန်း က မင်းမာမီပြောတာကို နားလည်နိုင်အောင် ကြိုးစာ
ဘာဖြစ်လို့ ကိုယ်ထင်ရာ ကိုယ်ပြောပြီး ကလန်ကဆန်လုပ်နေရတာ

"ကလန်ကဆန် မလုပ်ပါဘူး .. ဒက်ဒီတို့ စီစဉ်တဲ့အတိုင်း
တော် ဘာကန့်ကွက်ခဲ့လို့လဲ ..၊ မာမီပဲ တစ်ဆိတ်ရှိ ကမာ နဲ့
အခြေအနေဖြစ်နေပြီလဲ .. ပြူးပြူးပြဲပြဲနဲ့"

"ကြည့်စမ်း .. မအေကို ရှင်သား .."

"ပြောပြတာ .. အခု မာမီ စိတ်အေးရင် ပြီးတာပဲဆိုပြီး ဖူးဖူး
ကို ကျွန်တော် လက်ခံခဲ့တာပဲ"

"ဟုတ်တယ် .. လက်ခံလိုက်တဲ့အတွက် မင်းက ဖူး နဲ့ပဲ သ
ဆိုင်တော့တာ၊ စာမေးပွဲပြီးလို့ ခရီးထွက်တာ ဖူး နဲ့ပဲ သွားရမှာပေ

"ဖူး နဲ့ နှစ်ယောက်တည်း သွားရအောင် ဟန်နီးမွန်း ထွက်တာ
မဟုတ်ဘဲ"

"ချိန်း .."

ဒေါ်မီမီလတ် က သည်းမခံနိုင်သည့်အသံနှင့် အော်လိုက်ကာ

"ဒါဆိုလည်း မင်းနဲ့ အောင် တို့ စုံတွဲတွေပဲ သွားကြရင် မဖြစ်ဘူး
လား .."

"မထက် က အလုပ်နဲ့မို့လို့ မလိုက်နိုင်ဘူး .. မေးကြည့်ပါလား
အောင့် ကို"

ကိုယ့်အလှည့် ရောက်လာတော့ အောင် ဆတ်ခနဲ မတ်သွားကာ
လည်ချောင်းရှင်း၏။

"ဟုတ်တယ် အန်တီ၊ မမထက် က မလိုက်တာပါ"

"မလိုက်ရင်လည်း .."





"ကမာ့ ကို ကျွန်တော် ခေါ်တာလည်း မဟုတ်ဘူး မာမီ၊ ဖူး
တိုင်က ကမာ နဲ့ သွားချင်နေတာ၊ ကမာ က သိပ်မလိုက်ချင်တာ
ပဲ မရမက ခေါ်နေတာ"

ဒေါ်မီမီလတ် က သိပ်မယုံချင်သည့် မျက်လုံးတွေနှင့် ချိန်း ပြော
ကို နားထောင်နေ၏။

"ကမာ ကလည်း ကျွန်တော်တို့နှစ်ယောက်ကြားမှာ ကန့်လန့်
လန့် မလိုက်ချင်ဘူးဆိုပြီး အောင်တို့ကို ခေါ်တာ .."

"ရှုပ်နေတာပဲ .."

ဒေါ်မီမီလတ် လက်ခါခေါင်းခါ ဖြစ်သွားပြီးမှ ...

"ဖူး ကိုယ်တိုင် ခေါ်တာဆိုလည်း မာမီ စမေးကတည်းက ပြော
သား၊ မင်းကိုက မအေကို အတိုက်အခံလုပ်ရတာကို ဝါသနာပါတာ"

"မာမီကရော .. ကမာ့ အသံ ကြားတာနဲ့ အစစ်အဆေးမရှိ တရား
သို့ သတ်မှတ်ပြီးသား ဖြစ်နေတာ မဟုတ်ဘူးလား"

"ချိန်း .."

ဦးထွန်းထွန်း ဝင်ပါရပြန်ပြီ ...။

"ဒီကိစ္စကို စခဲ့တုန်းက ဒက်ဒီရယ် .. အခု မာမီပဲ တဖူးတည်း
နေတာ"

"ဖူးလောက်စရာမို့ ဖူးနေရတာ သား ..၊ ဖူးဖူးစင် တို့ ဘယ်လို
ဆင့်အတန်းလဲဆိုတာ သိလိုက်ရကတည်းက မာမီ ကိုယ့်သားနဲ့
ထိုက်တန်ဆုံး မိန်းကလေးလို့ သတ်မှတ်လိုက် ကလွဲပြီး မင်း
ကို ဘယ်လိုမိန်းကလေးနဲ့မှ သဘောမတူနိုင်ဘူး၊ သဖြင့် နေကမာ
ဆိုတဲ့ မိန်းကလေးပဲ၊ ဖူး နဲ့ သူ့ကို မင်း နှိုင်းယှဉ်ကြည့်စမ်း"

"ယှဉ်လောက်စရာမှ မဟုတ်တာ"

"ချိန်း .."

"ယှဉ်ကြည့်ဆိုလို့ ပြောပြတာ"

www.burmeseclassic.com



"မင်း မာမီကို မရှဲ့နဲ့ .. ဖူး ရဲ့ ရိုးသားအေးချမ်းတဲ့ မျက်နှာလေး
အရမ်းကိုရင့်ကျက် လူရည်လည်နေတဲ့ နေကမာ ကို .."

"မပြည့်စုံတဲ့ဘဝနဲ့ ကြီးပြင်းလာရတဲ့ မိန်းကလေးတစ်ယောက်
ရင့်ကျက်မှုမရှိလို့ ဖြစ်မလား .. လူရည်မလည်ရင် လူလူချင်း နိုင်စား
တွေပဲ ခံရမှာပေါ့၊ မာမီ သိရက်သားနဲ့ တစ်ဖက်သတ် မကောင်း
ဝါဒနဲ့ ပြောနေတာ .."

"ပြောရမှာပဲ .. မိန်းကလေးတစ်ယောက်ဟာ လူရည်လည်
မလိုဘူး၊ မ'အ'ဖို့ပဲ လိုတယ်၊ ရိုင်းရိုင်းပြောရရင် မိန်းကလေးလည်တေ
မိန်းမလည်လို့ ခေါ်တာပဲ၊ မင်းအတွက် ရွေးချယ်သင့်တာ မိန်းမလည်
မဟုတ်ဘူး"

"အဲဒါတွေ တော်လောက်ပြီ လတ် .. မွင်းတို့ ငါတို့တွေ ကလေး
တွေ ဘယ်လိုသွားကြ၊ ဘယ်လိုစားကြသလဲဆိုတာလည်း အချိန်ပြည့်
လိုက်ကြည့်နေကြတာ မဟုတ်ဘူး၊ သူတို့တွေ ဒီတိုင်းနေလာခဲ့ကြတာ
အခု မင်းဖြစ်စေချင်တဲ့အတိုင်း စီစဉ်တော့လည်း နာခံခဲ့တာပဲ၊ မှားယွင်း
တိမ်းစောင်းခဲ့တာ ဘာရှိလို့လဲ .."

"ဒီတိုင်း လွှတ်ပေးထားလိုက်လို့တော့ မဖြစ်ဘူး ကိုထွန်း၊ ရှင်သာ
နာခံနေတာ မဟုတ်ဘူး .. နားအေး ပြီးရောဆိုပြီး ခေါင်းညိတ်နေတာ
အခြေအနေတွေ လွန်ကျူးကုန်မှ အားလုံး အရှက်တကွဲ ဖြစ်ကုန်ရင် မခက်
ဘူးလား .."

"ဒါ ကလေ... နေတာမှ မဟုတ်ဘဲ .. ပြီးပြီးရော ခေါင်းညိတ်
ရအောင် သူလည်း ...မဟုတ်ဘူး၊ ငါ ပြောတာက မလိုအပ်တာတွေ
နဲ့ အမြဲတမ်း ပဋိပ...စ်နေကြတာ မကောင်းဘူးကွ၊ သားသမီးတွေ
ဒီအရွယ်မှာ ဒီအခြေအနေဖြစ်လာတိုင်း မိဘကို အမြင်စောင်းကြတာ
သဘာဝပဲ၊ ရန်သူလို့တောင် မြင်လာကြတာတွေ ရှိသေးတယ်၊ မိဘ
ဖြစ်သူကလည်း ကိုယ့်သားသမီး ဘယ်လောက် လိမ္မာနေနေ မမှားနိုင်



...ဆိုတဲ့ ယုံကြည်စိတ်နဲ့ ဘယ်တော့မှ မျက်နှာလွှဲနေမှာ မဟုတ်တော့
...အချိန်မှာ အနည်းနဲ့အများ အဆင်မပြေဖြစ်ကြမှာပဲ၊ လူကြီးတွေပဲ
...တ်နိုင်သမျှ နားလည်ပေးရမှာ မဟုတ်ဘူးလား"

ဒေါ်မိမိလတ် ငြိမ်သွားသည်။ နေကမာ ဆိုတဲ့ မိန်းကလေးအသံ
...ားတိုင်း သေချာလည်း မြင်ဖူးတာမဟုတ်ဘဲ မေတ္တာထားကြည့်လို့
...ည်း မရ၊ ရှိပြီးတဲ့ရောဂါတောင် နှစ်ဆတိုးသွားသလို ခံစားခဲ့ရတာတွေ
...တွဲ့မပြချင် ...။

ချောင်းသာကို အပန်းဖြေခရီး သွားမည်တဲ့ ...၊ ချိန်း နဲ့ အောင်
...ယ်၊ ဖူး နဲ့ ကမာ ရယ် ...။ ယောက်ျားလေး နှစ်ယောက်စလုံးမှာ
...တ်ဆိုင်သူတွေ ရှိကြပြီးသား ...။

ဒါပေမယ့် နှစ်ယောက်စလုံးက ဆိုင်သူတွေကိုကျော်၍ သူမကိုပဲ
...ပ်မက် လိုချင်နေကြသည်။ ဒါကို သိသိကြီးနှင့် မျိုသိပ်နေရတာ
...အနာတစ်မျိုး တိုး၏။ ဒီမိန်းကလေးကရော ဘာလဲ ...။

ယောက်ျားလေးတွေ အာသာငမ်းငမ်း အလိုရှိနေကြတာကို မိန့်မိန့်
...ီး ရှစားပြီး အရသာခံနေရတာလား ...၊ သူမကိုမှ ခေါ်ချင်ပါသည်
...သော ဖူး ကိုလည်း အံ့ဩမိသည်။ အားလုံး ပြောနေကြတဲ့ပုံစံအရ
...ယ့်ထက် အများကြီးလှနေတဲ့မိန်းမကို ဘာဖြစ်လို့ တပူးတွဲတွဲ လုပ်နေ
...ာလဲ ...။

ကိုယ့်လူက ကိုယ့်ကိုကျော်ပြီး ဟိုကို ငေးမောနေတာများ နည်း
...ည်းမှ မရိပ်မိဘူးလား ...။

"အောင် .."

"ဗျာ .. အန်တီ"

"မင်းကရော ကမာ က ခေါ်လိုက်တာနဲ့ ခေါက်ခနဲ ပါလာတာပဲ
...ား .. ဈေးစပ်ပွဲက ကပ်နေပြီ"

"ပြန်လာတာနဲ့ အတော်ပါပဲ အန်တီ .. ချောင်းသာမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



အကြာကြီးနေကြမှာမှ မဟုတ်တာ၊ နောက်ပြီး မမထက် ကိုယ်
လိုက်မလို့ လုပ်သေးတာ ..."

"တော်ပါပြီ .. မင်းတို့မှာ အကြောင်းပြချက်တွေက ရှိနေပြီး
သိတယ်"

ဒေါ်မီမီလတ် နေရာမှထကာ နံရံကပ် ရှိုးကေ့စ်ကြီး၏ တစ်
ခြမ်းစင်ပေါ်က တစ်စုံတစ်ခုကို ဆွဲယူပြီး အပေါ်ထပ်တက်သွား၏
အရာ ဘာလဲဆိုတာ လူငယ်တွေက သိချင်မှသိမည်။ ဦးထွန်းထွန်း
တော့ ကိုယ့်ဇနီးအကြောင်း သိနေတာမို့ မကြာမီ ဖွားဖွားစင် ကို ဒေါ်
လတ် ဆက်သွယ်မေးမြန်းမှုတွေ စတော့မည်မှန်း တွက်မိလိုက်၏

ကိုယ်က စပေးလိုက်သည့်ကိစ္စ ဖြစ်ပေမယ့် ဒေါ်မီမီလတ်
ဦးမင်းခ တို့သားအဖက ရင်းနှီးသွားကြမှာ မြန်သည်။ ကိုယ်က
ဆွေချင်းမို့ ယုံကြည်စိတ်နှင့် ဒီကိစ္စကို လက်ခံခဲ့တာ ဖြစ်သည်။

ဒေါ်မီမီလတ် ကတော့ ခင်ခင်မင်မင်တွေ ဖြစ်ကြပြီဆိုကတည်း
လုံးဝ ပျက်စီးမခံနိုင်သော လောဘစိတ်တွေ တနင့်တပိုးနှင့် ဖြစ်သည်

"ကဲ .. မင်းတို့ကိုလည်း အန်ကယ်လ် ပြောရဦးမယ်"

လူငယ်နှစ်ယောက်ပဲ ကျန်ခဲ့တော့မှ ဦးထွန်းထွန်း က လေသံ
အေးနှင့် ...

"လူငယ်ပီပီ တဖွတ်ထိုး ပြောတတ်၊ လုပ်တတ်တာ အန်ကယ်
နားလည်တယ် .. ဒါပေမယ့် တစ်ခု သတိထားပေးပါ"

ဦးထွန်းထွန်း က အောင့် ကိုလည်း ပြောချင်တာမို့ အန်ကယ်
လို့ပဲ ကိုယ့်ကိုယ်ကိုယ် နာမ်စားသုံး၍ ...

"မင်းတို့အန်တီက ခုတလော ကျန်းမာရေးမကောင်းဘူး၊ ရှိ
က အစတည်းကိုက အလိုလိုက်ထားတိုင်း အမိုက်စော်ကားချင်တဲ့
ရှိတော့ ပြောတာဆိုတာလည်း မညင်သာဘူး .. လုပ်စရာရှိရင်လည်
ရှေ့နောက်မကြည့်ဘူး၊ ကိုယ့်သားကို ကဲ့ရဲ့နေတာတော့ မဟုတ်ဘူး





"အတူတူပါပဲ"

ချိန်း က မကြားတကြား ပြောရင်း ဂရုမစိုက်သလို မချိုမချဉ်မျက်နှာ
ဖြင့် ပခုံးတွန့်သည်။

"မတတ်နိုင်ဘူး .. အမြဲတမ်းကတည်းက နှစ်ယောက် အတူရှိနေ
အောင့် ကိုပဲ မှာချင်တာ မှာရတယ်၊ ဆုံးမစကားတွေ ပြောရတယ်၊
ငယ်ချင်းချင်းပေမယ့် မင်းကို ပြန်ထိန်းနိုင်းလေ"

"ကိုယ့်ကိုယ်ကိုယ် ဒီလောက်တောင် ဘုန်းကြီးမှန်း မသိခဲ့ပါလား"

"အေးပါ .. ဂုဏ်ယူပေါ့၊ ခုလည်း အောင့် ကပဲ ဂရုစိုက်ပါ၊ မင်း
လည်း စေ့စပ်ပွဲအမီ ပြန်လာရမှာ၊ သူတို့နှစ်ယောက်ကြားမှာ ဟို မိန်း
မလေးရှိနေမှာဖြစ်တဲ့အတွက် လက်ထပ်ဖို့ကိစ္စကို ပျက်စီးဖို့ အကြောင်း
တစ်မျိုးမျိုးလည်း ရှိချင်ရှိလာလိမ့်မယ်၊ အဲဒါတွေ ဘာမှ အဆင်မပြေ
မဖြစ်ရအောင် မင်းပဲ ဂရုစိုက်ဖို့ ပြောချင်တယ်"

"စိတ်ချပါ အန်ကယ်လ် .. ကမာ တို့ကလည်း အရမ်းခင်ကြတဲ့
သူငယ်ချင်းတွေပါ၊ သူတို့ တစ်ယောက်ကိုတစ်ယောက်လည်း အနစ်နာ
ခံပြီး ကူညီတတ်ကြတာဆိုတော့ ဘာမှမပူပါနဲ့"

ချိန်း က မျက်နှာခပ်လွှဲလွှဲငုံ၍ နှုတ်ခမ်းခြစ်ရင်း ရယ်သည်။ ရယ်နေ
ရင်း မဲ့၍ ဆံပင်တွေကို ခါထုတ်ပစ်၏။ မလိုချင်တာကို မယူဖို့များ
စိတ်ထဲက ပိုက်ဆံအထပ်လိုက်ကို လမ်းဘေးလွှင့်ပစ်လိုက်ရတာကမှ
သံယောဇဉ်အကြည့်တစ်ချက်လောက်နဲ့ လက်တွန့်သွားလိမ့်ဦးမည်။

ကိုယ်မချစ်နိုင်တဲ့မိန်းမကို တွေ့ပေးပြီး ခေါင်းမခါရဲလောက်အောင်
ဒက်ဒီသား မတုံးသေးဘူး ...။

ဟန်ဆောင်တဲ့ပြနေရတာက ကိုယ့်အကြောင်းနဲ့ ကိုယ် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

ရေမကူးရဲဘူးဆိုသည့် ဖူး ကို ရေစိုအောင်လုပ်ပြီး ပင်လယ်ထဲဆင်း
ဖြစ်အောင်တော့ လုပ်သည်။ အားလုံး ရေထဲရောက်ကုန်သည်နှင့် မိုက်
သည်လို့အကြောင်းပြပြီး တက်သွားလိုက်တာ ပြန်ရောက်မလာတော့ပေ

"မင်းမျက်နှာကြီးကို ပြင်ဦး .. မျက်လုံးတွေကို ဖူး ဆီမှာ ထား
တော်ကြာ လှိုင်းနဲ့ ပြန်ပါသွားဦးမယ်"

"မင်း စိုးရိမ်ရင် လိုက်ဆွဲထားပါလား"

"ငါ စိုးရိမ်ရမှာ မဟုတ်ဘူး .. မင်း စိုးရိမ်ဖို့ လိုတာကို ပြောနေတာ"

အောင် က ခဏခဏ နားနားကပ်ပြီး သတိပေးရသည်။ ချိန်း
မျက်နှာက တင်းလည်း မနေ၊ အပြုံးအရယ်လည်း မရှိဘဲ ဖူး နား ရောက်
သွားလိုက်၊ အလှမ်းကွာသွားလိုက် ...။

"ချိန်း နောက်နည်းနည်းဆုတ်ချင်တယ် ရမလားဟင် .. သူများ
တွေ လှိုင်းလုံးကြီးတွေ စီးနေတာ အားကျလို့"

"စီးပေါ့ .. မင်း စီးတတ်ရဲ့ပြီပဲ"

"ဒါပေမယ့် ချိန်း က အနားမှာရှိမှ .. အား .."

"ဝုန်း"

လှိုင်းပုတ်ချလိုက်တာ စကားမဆုံးလိုက်ဘဲ ဖူး နဲ့ ဘောကွင်း
အတိမ်ခေါက်ကျွေး ပါသွား၏။





"ဟာ!... ချိန်း လိုက်ဦးလေ၊ ဟိုမှာ ဘောကွင်းစွပ်ပြီး ဖင်ဖူးထောင်း
ခံနေပြီ"

"ဟား .. ဟား .. ဟား ..."

တစ်ချိန်လုံး စူပုတ်ပုပ်ဖြစ်နေပြီး ဖူး အဖြစ်ဆိုးနေတာကို မြင်မှ
ချိန်း က အော်ရယ်၏။

"ဩော် .. ဒီကောင် .. ကျွတ် .."

အားလုံး ပေါးလားဝါးလား ပျော်မြူးနေကြတာမို့ ဖူး အဖြစ်ကို
အထူးအဆန်းတော့ ဝိုင်းကြည့်မနေကြပေ။ ဒါပေမယ့် သူ ပြေးထူတော့
ဖူး ရေမွန်းကာ ကြူကြူပါအောင် ငို၏။

မိန်းကလေးမို့ ရှက်လည်း ရှက်ရှာပေလိမ့်မည်။

"ချိန်း က သူများကို ဆွဲမှ ဆွဲမထားတာ၊ အရမ်း နေနိုင်တာပဲ၊
အပတ် .. အပတ် .."

မျက်နှာလေးတစ်ပြင်လုံး ညိုရဲနေကာ ချောင်းဆိုးလေ ပိုဆိုးလေ...။

ထို့ပြင် ဆံပင်တိုတိုလေးတွေ ရေစိုစုလုံးကုန်လျက် မျက်နှာပေါ်မှာ
ခြယ်သထားတာတွေလည်း ပြောင်စင်ကုန်ပြီဖြစ်သည်။

ဖူး ကို တွဲထူပေးမရင်း အောင် တစ်ယောက်တည်း စိတ်ပျက်နေမိ
၏။ ချောင်းသာသွားချင်ပါသည်၊ ပျော်ချင်ပါသည်ဆိုတာ ဖူးဖူးစင် ...၊

တစ်စက်လေးမှ သူမအပေါ် မျက်နှာသာမပေးချင်သည့် ချိန်း က
ဘာမာ ပါလာမည်ဆိုလို့သာ လိုက်ခဲ့တာ ဖြစ်၏။ ရေ့လျှောက် အကျပ်
ရိုက်ဖို့တွေ ရှိဦးမှာကို တွေးကာ လိုက်ခဲ့မိသည့် ကိုယ့်ကိုယ်ကိုယ်ပဲ
အပြစ်တင်ရတော့မလိုလိုပါ ...။

"တော်တော် မွန်းသွားတာလား"

အနားရောက်လာပြီး မေးပုံက စပ်ဖြဲဖြဲ နှာခေါင်းတွန့်လျက် ...

"မွန်းတာပေါ့ .. ချိန်း လှမ်းဆွဲလိုက်ရင် ဖြစ်တဲ့ဟာကို .."

"ဆွဲဖို့ သတိတောင်မရဘူး"



www.burmeseclassic.com

"ဘာ!..."

"အန္တရာယ်ရှိနိုင်တဲ့နေရာမှ မဟုတ်တာ၊ ရေက ဒူးဆစ်မြုပ်ရုံပဲ
တယ်၊ လှိုင်းပုတ်လို့သောင်ပေါ်ရောက်သွားတော့ ဘာဖြစ်သွားနိုင်လို့လဲ"

"ဒလိမ့်ခေါက်ကွေး ပါသွားတော့ လှိုင်းပုတ်ခံရပြီး သတိလ
မတတ် ဖြစ်သွားတာပေါ့ .. အဟွတ် .."

ဖူး က ငိုမဲ့မဲ့လေး ရှိနေဆဲနှင့် ချောင်းဆိုးကလည်း မပျောက်သေ

"အဲဒါတောင် နောက်ထပ်ဆုတ်ပြီး လှိုင်းစီးချင်သေးတယ်"

"ချိန်း ရှိနေတာပဲဟာ"

"အားမကိုးနဲ့ .. လှိုင်းပုတ်လို့ ပါသွားရင် သူများဆွဲချိန်ရအော
ကိုယ့်ကိုယ်ကိုယ်လည်း ထိန်းရတယ်၊ အမှိုက်တစ်စလို ပါသွားရင်တော့
သေချာတယ် .. ခုထက် အဖြစ်ဆိုးမှာ"

"ဟင်!..."

"အခန့်မသင့်ရင် လှိုင်းနဲ့ ပြန်ပါသွားပြီ၊ ဟိုးက အလံနီစိုက်ထား
တဲ့ ဧရိယာထဲ ရောက်သွားရင်တော့ .."

"မင်းကလည်း တစ်မျိုး .."

"ဖြစ်နိုင်တာ ပြောပြတာလေ .. လှိုင်းစီးတယ်ဆိုတာ ကြောက်ရ
ရင် မှန်းမှာပဲ၊ ဘယ်သူကိုင်ထားထား ကိုင်ထားတဲ့လူလည်း မှန်းတာပဲ"

"ကမာ ပြောတော့ ကမ်းစပ်နားမှာ ဘာမှမဖြစ်ဘူးဆို .."

"မင်းပဲ ရေနက်ထဲ ဆင်းချင်တယ်လို့ ပြောတာလေ"

"မဆင်းတော့ပါဘူး .. ရေတိမ်တိမ်လေးမှာတောင် ချိန်း က
ဂရုစိုက်ဖော်ရတာ မဟုတ်ဘူး"

မျက်နှာလေး နီနေဆဲနှင့် ဖူး တော်တော်လန့်သွားပုံ ပေါ်သည်
ပြီးတော့ ဘောကွင်းကို ရေထဲမှာပဲ လိုက်ဖမ်းနေရင်း မအားမလပ် ဖြစ်
နေရင်းမှ ...

"လူကို ကူညီဖော်တာ မရတယ် .. ရယ်စရာလေးတွေ့တာနဲ့ ရယ်



ခစ်လိုက်တာ မညှာမတာ .."

ဘောင်းဘီရှည် အနီရဲရဲ အင်္ကျီလက်ပြတ်ခါးရှည်လေးနှင့် ဖူး
နှုတ်ခမ်းစူ စိတ်ကောက်သည့်ပုံလေးနှင့် ထွက်သွား၏။

"ကောင်းတယ် .. ခုမှ ဆေးစားမှန်သွားတာ"

"အေးပါ .. မင်း အဲဒီလို ကြင်နာတာတွေ မပုံးနိုင်မဖိနိုင် ဖြစ်နေ
တော့ လွတ်လပ်ရေးကြီး နီးလာတာပေါ့"

"ဟား .. ဟား .. ဟား ..."

ချိန်း တို့ ရယ်လို့ကောင်းနေတုန်း သူပဲ ဘောကွင်းပြန်အပ်နေ
သည့် ဖူး ဆီကို ပြေးရသည်။ ကမာ့ ကိုမှ ပါအောင် ခေါ်ချင်သည့် ဖူး
နှင့် ကမာ့ ကိုပဲ ချစ်နေသည့် ချိန်း တို့ကြောင့် မော်ရမှာက သူမဲ့ဆိုတာ
အစတည်းက သိပြီးသား ...၊

ဒါတောင် ကမာ က ဆင်ခြင်လွန်းလို့ရယ် ...၊ ဒီသုံးယောက်
တစ်နေ့နေ့တော့ ဖြစ်ကြဦးမှာပါ၊ ဆုတောင်းရမှာက စိတ်ဆင်းရဲဖွယ်
တွေ အကြီးအကျယ် ဖြစ်မလာဖို့...။

"တကယ်ပဲ ချောင်းသာမှာ အရမ်းပျော်ရမှာပဲလို့ ထင်ထားတာ"

ရေစိုလက်စနှင့် ရေချိုးခန်းထဲ ပြေးဝင်သွားရင်း ဖူး ပါးစပ်က
မနားတမ်းပြောသွားသည်။ တီဗီပိတ်လိုက်ပြီး ကမာ က ဖူး ရေလဲဖို့
ဝတ်စုံတစ်စုံ ပြင်ထားပြီးသားကို ကောက်ယူသွားရင်း ...

"ဘာဖြစ်လို့လဲ ဖူး .."

"ဘာဖြစ်ရမှာလဲ ချိန်း ပေါ့ .. ငါက လှိုင်းစီးချင်လို့ဟာကို ရေတိမ်
တိမ်လေးမှာဆိုပြီး ကိုင်မထားဘူး သိလား .. ငါ ရေမွန်းပြီး ကံကောင်းလို့
သတိလစ်မသွားတာ .."

"ဟုတ်လား .."

ကမာ စိုးရိမ်သွားမိပေမယ့် ဖူး လန့်သွားမှာစိုးသဖြင့် အရေးမကြီး
သလို ရယ်သံပေးကာ ...

www.burmeseclassic.com



"မစီးဘူးရင် ဒီလိုပဲ ဖူး ရဲ့ .. ဒါပေမယ့် ဘာမှအန္တရာယ်မရှိပါဘူး ရေစပ်မှာက ကမ်းမှာ ပြန်တင်နေတာပဲ၊ နောက်ဆို နင် ပျော်သွားမှာ တော်ကြာ လှိုင်းကြီးတဲ့နောက်လိုက်ရင်း ရေနက်ထဲပါ ဆင်းချင်လ ဦးမယ်"

"အမလေး .. ရေနက်ထဲကို ဆင်းရင် လှိုင်းနဲ့ ပြန်မျောပါပြီး အဝ နီတွေ ပြထားတဲ့ အန္တရာယ်နယ်ထဲ ရောက်သွားမှာတဲ့၊ ပြန်လမ်း မ တော့ဘူးတဲ့"

"ကြည့်စမ်း .."

ရေချိုးခန်းထဲက တဘက်လေးနဲ့ထွက်လာပြီး ကမာ လှမ်းပေ သည့်ဝတ်စုံကို ယူလိုက်သည်။ ပြီးတော့ တံခါးစေ့ရုံပဲ စေ့ထားပြီး အင်္ကျီ တွေ လဲလိုက်ကာ ...

"ချိန်း က ငါ့ကိုဆို 'စ'စရာ နောက်စရာလို့ပဲ သဘောထားနေ သလား မသိပါဘူးဟာ .. ငါ ဘောကွင်းနဲ့ ထွေးပြီး ရေမွန်းနေတာကို အော်ရယ်တယ် သိလား .. ဟား ဟား ဟား ဟားနဲ့ အသံကြီးကို အကျယ်ကြီးပဲ၊ ငါလည်း ရေသာမွန်းနေတာ သူ့အသံကို သိနေတယ်၊ ဘယ်သူမှမရယ်ဘူး .. သူပဲ ရယ်တာ၊ အရမ်းကို အကြင်နာတရား မဲ့တာ .."

"မဟုတ်လောက်ပါဘူး ဖူး ရယ် .. ချိန်း ရော အောင် ရော ဘာ ထူးလဲ၊ ချိန်း ကဆို သူ့မိဘကိုတောင် ပြောစရာရှိရင် ပြောတာပဲတဲ့၊ အောင် ကမှ သူ့ထက် လိမ္မာသေးတယ်"

ဖူး က အပြင်ထွက်လာပြီး မွေ့ရာပေါ် ခုန်တက်သည်။ ပြီးတော့ ခြေထောက်လေးတွေကို စောင်ထဲ ထည့်ကွေးနေလိုက်ပြီး ...

"နင် ငါ့ကို ဆံပင် ရေသုတ်ပေးပါလား .. ငါက ရေချိုးပြီး ဆံပင် တန်းခြောက်အောင် မလုပ်ရင် ဖျားတတ်တယ်ဟ .. ခြေထောက် အေးနေ တာကို ချက်ချင်းပြန်နွေးအောင်မလုပ်ဘဲနေရင်လည်း ဗိုက်နာတတ်တယ်"





"ဟုတ်လား .."

"ကမာ .. နင် ငါ့ကို တစ်မျိုးတော့ မထင်ပါနဲ့နော်"

"ထင်စရာလား ဖူး ရယ် .."

ကမာ က အိတ်ထဲက မျက်နှာသုတ်စောင်အရှည်ကြီးကို ထုတ်ယူ း ဖူး ကွေးလှဲနေတဲ့ဘေးမှာ သွားထိုင်ကာ သေချာသုတ်ပေးသည်။

"ချောင်းသာမှာလည်း ညကျမှ မီးရတာ စိတ်ပျက်စရာကြီးနော်.. ါတို့ အခန်းမရတော့လို့ ထားခဲ့ရတဲ့ Hotel Max မှာရော ဒီတိုင်းပဲလား သိဘူး၊ ရေကူးကန်တွေ ဘာတွေနဲ့ဆိုတော့ မီးရချင်ရမှာ"

"အားလုံး ဒီတိုင်းပဲနေမှာပါ ဖူး ရယ် .. အလည်အပတ်လာတာပဲ တော့ သည်းခံလိုက်ပါ၊ ပြန်ချင်တဲ့အချိန် ပြောလေ .. အချိန်မရွေး ပြန်လို့ရတာပဲဟာ"

"ငါက သူသာ ငါ့ကို နည်းနည်းလေး ဂရုစိုက်ရင် အောင် နေ့စပ် ယ့်နေ့ မရောက်ခင်ထိ အကြာကြီးနေဖို့ပါ"

ဖူး က လှဲနေရာကနေ ထထိုင်လိုက်ပြီး တမ်းတမ်းတတ ပြော သည်။ ပြီးတော့ ကမာ့ ဘက်လှည့်ကာ ပေါင်ပေါ်ကို လက်တင်၍ ...

"ကမာ .. ချိန်း တို့က နင်နဲ့ အရမ်းရင်းနှီးတာဆိုတော့ ဟိုလေ ငါ့အပေါ်မှာ ဘယ်လိုသဘောထားသလဲ .. နင် ခန့်မှန်းလို့ရလောက်မယ့် ကားတစ်ခုခု ပြောတာ မကြားမိဘူးလား"

ပေါ်တင်ကြီး ခေါင်းခါရမှာမို့ ကမာ ဖူး ကို ငေးနေမိရင်း ရုတ် ရက် ငြိမ်သက်သွားခဲ့၏။ မျှော်လင့်နေသူကို မညာရက်သလို ဒီစီး ဆို လိုက်လာမိတာကိုက အပြစ်ရှိနေသလို ခံစားမိနေသဖြင့် စကားတစ် ခွန်းပြောဖို့ ရှိလာတိုင်း ထိုစကားနဲ့ပတ်သက်သည့် အကြောင်းအရာ တွေက် အာမခံချက်ရှာရတာ ဖတ်ဖတ်မော၏။

"ဟင် .. ပြောပါဦး ကမာ ရယ် .. ငါလေ ချိန်း နဲ့ ငါတို့ လျှော သည်ကြတုန်းက အမှတ်တမဲ့ သူနဲ့ နီးကပ် ထိစပ်သွားခဲ့တာတွေ၊



www.burmeseclassic.com

www.burmeseclassic.com



အရေးကြုံလာရင် ဝင်ဖြေရှင်းသွားတတ်တဲ့ သူ့စတိုင်လ်လေးတွေ အ
တွေကို အရမ်းစွဲလမ်းခဲ့ရတာ သိလား .. ငါ နင့်ကိုတောင် သေချာမ
ရဲဘဲ ကြိတ်ပြီး ရူးသွပ်ခဲ့ရတာပါ ကမာ ရယ် .. အခု တရားဝင် ဖြေ
စေ့စပ်ပြီးကာမှ ဒါတောင် လူကြီးချင်း စေ့စပ်ထားတာပဲ ရှိပါသေးတ
ဒါပေမယ့် ငါ အရမ်းပျော်ခဲ့ရတာ၊ သူ့ကိုသာ ပိုင်ဆိုင်ခွင့်ရမယ်ဆို
သူ့ရင်ခွင်မှာ ခဏတဖြုတ်လေးဖြစ်ဖြစ် မှီနွဲ့ခွင့်ရထားခဲ့ရင်လေ သူ
လက်မထပ်ချင်သေးဘူးဆိုရင်လည်း ငါ စောင့်နိုင်ပါတယ်၊ ငါ သူ
ပေါင်းရဖို့ထက် သူ ကြင်နာတာလေးကိုပဲ တစ်စက္ကန့်လောက် ဒါ
မဟုတ်ရင် စက္ကန့်ဝက်လောက်ဖြစ်ဖြစ် ခံစားခွင့်ရချင်တာ .."

သူငယ်ချင်းလည်း ဖြစ်၊ မိန်းကလေးချင်းမို့ ဖူး က အိတ်သွ
ဖာမှောက် ရင်ဖွင့်နေရှာသည်။ ဖူး ကို ခဏဖြစ်ဖြစ် လိုက်လိုက်လေ
လျော ဆက်ဆံပေးပါလို့ ချိန်း ကို တောင်းဆိုထားခဲ့မိသည့် ကိုယ
ကိုယ်ကိုယ်လည်း မျက်နှာမထားတတ်အောင် ဖြစ်မိရ၏။

ဖူး ကို မယူနိုင်ဘူးလို့ ချိန်း က ပြောခဲ့ပြီးသား ..၊ မဖြစ်မနေ
အကြောင်းဖန်လာခဲ့ရင် မရမက ရှောင်ထွက်သွားဖို့ကို အဆုံးစွန်ထိ ပြေ
ထားခဲ့၏။ ဒါဆို ကိုယ်က အဆုံးစွန်သော အခြေအနေရောက်တာနဲ့
ချိန်း ကို ပြန်သိမ်းဖို့ စောင့်နေခဲ့သူလား .. ဖူး ကို သူမ ခုလို ကူညီနေ
တာရော တကယ့်စေတနာ မှန်ရဲ့လား ..။

ဖူး တို့ စေ့စပ်ပြီးသည့်နောက် နှစ်ရက်အကြာမှာ ဦးမင်းခ ဆီက
ဖုန်းဆက်သည်။ မေမေ ပြောခဲ့သည်၊ သူ့သမီးအတွက် အစစအရာရာ
ပြောင်းလဲသွားအောင် ကူညီပေးနိုင်ခဲ့တဲ့အတွက် ကျေးဇူး အထူးတင်
ကြောင်းတွေ အများကြီး ပြောသွားသည်တဲ့ ..။

"သူ ကျေနပ်တဲ့အထိ သူ့သမီးလေး ပန်းဝင်သွားပြီဆိုတော့ သမီး
လည်း ဒိုင်လူကြီးလုပ်ဖို့ မလိုတော့တဲ့သဘောပေါ့၊ ကိုယ့်ကိုယ်ကိုယ်
ပေါ့ပေါ့ပါးပါးနေတော့ သမီး၊ သမီးကို မေမေက မရွှေ တို့သားအိမ်ရဲ့





င်းရိပ်အောက်က ခွဲထွက်စေချင်တာ တစ်ခုတည်း မဟုတ်ဘူး၊
း တို့ အောင် တို့နဲ့ ပတ်သက်တာလည်း မကြိုက်တော့ဘူး သမီး၊
သူဖြစ်ဖြစ် သူတို့နှစ်ယောက်ကြောင့် သမီးမှာ ထိခိုက်ဖို့ပဲရှိတာ၊
ပိုင်လုပ်ငန်းလေးနဲ့ ကျကျနန ဖြစ်သွားရင်တော့ အားလုံးရဲ့ ကွန်
ထဲက ရုန်းထွက်လိုက်ပါ့ သမီးရယ် .. နော် .."

လူငယ်တွေ ဘယ်သူနဲ့ ဘယ်လို ရစ်ပတ်နှောင်တွယ်နေကြမှန်း
တော့ မေမေ သေချာသိပုံ မရပါ။ ဒါပေမယ့် ချိန်း တို့ အောင် တို့ရဲ့
တွေ သူတို့သားတွေကို အသီးသီး စေ့စပ်လက်ထပ်ပေးဖို့ အမြန်
ပ်ရှားနေကြတာကို မေမေ ရှက်နေတာမှန်း ကမာ သိသည်။

ချောင်းသာသွားဖို့ ဖြစ်လာခဲ့တာလည်း ဖူး ကိုယ်တိုင် အိမ်မှာ
ကလာပြောပြီး ခေါ်သွားခဲ့တာမို့ ထည့်သာထည့်လိုက်သည်၊ မျက်
ကတော့ မကောင်း ..။

ပြန်တွေးလိုက်မိရင်း ကမာ အသက်ရှူကျပ်သလို ဖြစ်သွားမိသည်။
ချိန်း ကို သူမ ပြတ်ပြတ်သားသား မငြင်းခဲ့မိတာ မှားသွားပြီလား ..။

ဒါပေမယ့် ဖူး အပေါ်မှာ ရတ်တရက်ကြီး မရက်စက်စေလိုသည့်
တနာနဲ့ မပြတ်သားခဲ့တာကတော့ အမှန်ပါ။ ထို့ပြင် ချက်ချင်း
ပြောင်းအလဲတွေဖြစ်ကာ 'ငါ ချစ်နေတာ ကမာ ပဲ' လို့ ချိန်း ပြောချ
က်မှာကို ရင်မဆိုင်ရဲတာလည်း ပါသည်။ ရိုးသားပါတယ်လို့တောက်
လျှောက်ကြီး အညာခံခဲ့ရတာပါလားလို့ သိသွားလျှင် ဖူး ဘယ်လောက်
ခံစားသွားရမလဲ ..။

"ကမာ .."

"ဟင် .."

"ဘာတွေ စဉ်းစားနေတာလဲ .. ငါမေးတာလည်း မဖြေဘူး"

"ဘာလဲဟင် .."

"ချိန်း က ငါနဲ့ စေ့စပ်လိုက်ရတာကို တစ်ခုခု မကျေမနပ်ပြော



www.burmeseclassic.com

www.burmeseclassic.com



တာ ကြားမိလားလို့"

"ဖူး ရယ် .. အဲလိုစကားမျိုးတွေက ယောကျ်ားလေးချင်းပဲ ပြောကြတဲ့ဟာ .. နောက်ပြီး နင် စေ့စပ်တဲ့ရက်တည်းက ငါ အလုပ်လုပ်မလို့ ဘန်ကောက်ထိ ရောက်သွားခဲ့တာ နင် သိသားနဲ့၊ ကျောင်းတွေပြီးတော့မယ်ဆို နင်တို့အတွက်က သင်တန်းတွေ တက်မယ်၊ အလည်အပတ်သွားဖို့တွေ တိုင်တယ်လ်လုပ်မယ်နဲ့ ဘာမှမထူးခြားပေမယ့် ငါ့အတွက်ကျတော့ ဘဝရဲ့တစ်ဆစ်ချိုးကို မမြင်မစမ်းနဲ့ ဘယ်လို ကူးခတ် ရော့ခတ်ရမလဲ အသေအလဲ စဉ်းစားနေရတဲ့အချိန် .."

"စကားတတ်လိုက်တာ ကမာ ရယ် .. အဲဒါတွေထားပြီး ငါ့ရင်ထဲက ဝေဒနာတွေကိုပဲ ပေါ့ပါးအောင် လုပ်ပေးစမ်းပါ၊ နင်နဲ့ ငါ နှစ်ယောက်တစ်ဘဝလို ဖြစ်နေသရွေ့ နင် ဘာမှမခက်ခဲစေရဘူး"

'ငါ့ရဲ့ဘော်ဒီဂတ် လုပ်စမ်းပါ' လို့ ပြောလိုက်တာမျိုး၊ ဖူး က လက်ကာ ခေါင်းခါနှင့် ...

"ငါသာ နင့်လို အနားမှာ အမြဲရှိနေပေးမယ့် အမေတစ်ယောက် ရထားရင် ရှိတာလေးကို ဖြစ်သလိုခြိုးခြံစားပြီး ပျော်ပျော်နေမှာပဲ၊ ဟိုနေ့ ငါက အန်တီ့ကို အလုပ်မလုပ်ဘူးလို့ ပြောတာ မဟုတ်ဘူး၊ ငါ့ဒက်ဒီကတော့ အလုပ်မှ အလုပ်ချည်းပဲ ဖြစ်နေလို့၊ အလုပ်လုပ်တဲ့လူကိုပဲ ငါက ကြည့်မရတာ၊ လောကမှာ ငါ အလိုချင် အမက်မောဆုံးက မေတ္တာပဲ"

ဖူး မျက်နှာလေးက မျှော်လင့်တမ်းတခြင်းတွေ သိပ်သည်းလာပြီး ဆွေးမြေ့နေရှာ၏။ ကိုယ့်ကို ဘော်ဒီဂတ်လို သဘောထားလိုက်တာလည်း နာကျင်ရမှန်း မသိဘဲ ဖူး ကို သနားညှာတာချင်စိတ်တွေသာ ဖြစ်နေမိလျက် ...

"တစ်ယောက်သဘောကို တစ်ယောက်ကသိလာရင် နင့်ဆန္ဒတွေ ပြည့်ဝလာမှာပါဟာ .."

"ဒက်ဒီရဲ့ အကြင်နာတရားကိုတော့ ငါ တစ်သက်လုံး မရခဲ့ပါ





ဘူး ကမာ ရယ် .. ဒါပေမယ့် ချိန်း ဆီက ငါ လိုချင်တာတွေကျတော့ ဒက်ဒီဆီက မရခဲ့တာထက် ပိုပြီး ခံစားရတယ်၊ ရင်ထဲမှာ ပိုပြီး ပူနေတယ်၊ ငါ ရှက်လည်း မရှက်တော့ပါဘူးဟာ .. နင် ငါ့ကို မကူညီနိုင်ဘူးလား ကမာ ရယ် .. ဟင် .."

ကိုယ်က မသိမသာ မတ်သွား၏။ ကိုင်ထားသည့် တဘက်စောင်နှင့်အတူ လက်က ပေါင်ပေါ် ပြန်ပြုတ်ကျကာ နေရာမှ ထပြေးချင်စိတ်တွေ ဖြစ်လာ၏။

"နင့်ကိုဆို သူတို့နှစ်ယောက်စလုံးက ယောကျ်ားလေးချင်း ရင်းနှီးသလို ရင်းနှီးကြတယ်၊ ခင်လည်း ခင်ကြပါတယ်၊ နင် ပြောတာဆိုလည်း အောင် က ခေါင်းမညိတ်ခဲ့တာ မရှိဘူး၊ အောင် ကနေ ချိန်းကို လက်တို့ သတိပေးတာတွေလည်း ငါ မြင်ဖူးတယ်၊ နင် ကူညီရင် ရပါတယ်ဟာ .. ချိန်း ငါ့ကို .."

"ဒေါက် .. ဒေါက် .."

တံခါးခေါက်သံနှင့်အတူ မှန်ထဲကနေ မြင်လိုက်ရသည့် အောင့်ပုံက ခုချိန်မှာ ကမာ့ အတွက် တကယ့် ကယ်တင်ရှင် သူရဲကောင်း...။

"လာပြီ .."

ကမာ မေ့ရာပေါ်က ဆင်းကာ ချက်ချင်း တံခါးပြေးဖွင့်လိုက်သည်။ အောင် က ကမာ့ ကို မြင်မှ အထဲကို သေချာမဟုတ်သော အကြည့်တစ်ချက် ဝေ့ကာ ...

"ထမင်းမစားကြဘူးလား .. ဘာလုပ်နေတာလဲ"

"နင်တို့ ဗိုက်ဆာလို့လား၊ ဖူး ကရေချိုးတာကြာသွားပြီး ချမ်းနေလို့"

"ရတယ် ကမာ .. ငါ လိုက်ခဲ့မယ်လေ .. ခဏပဲစောင့်လို့၊ ဒါနဲ့ ချိန်း ကရောဟင် .."

ဖူး က အိပ်ရာထဲကနေ လှမ်းမေးသည်။ အောင် က ခေါင်းလေးခါ ကုတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ဆာသလိုပဲဆိုပြီး အင်္ကျီလဲပြီး ထွက်သွားတာ၊ ဘယ်ရော
သွားလဲ မသိဘူး၊ နင်တို့ပြီးရင် ထွက်ခဲ့လေ .. ငါ ဒီကောင့်ကို သွား
လိုက်မယ်"

အောင် ထွက်သွားတော့ ဖူး က အိပ်ရာပေါ်က ဆင်းကာ မျက်
လေး ရှုံ့တွတွနှင့် ...

"မနက်က ပင်လယ်စာတွေ စားမိလို့လား မသိဘူး၊ ဗိုက်က
မကောင်းချင်ဘူး"

"ဟုတ်လား .. ဒါဆို ရွာထဲက ထမင်းဆိုင်တွေဘက် သွားမ
လေ၊ အဲဒီမှာဆို မြန်မာထမင်းဟင်း ရိုးရိုးဆီပြန်တွေ ရတယ်၊ စားချင်
လုပ်ခိုင်းလို့လည်း ရတယ်"

"နေပါစေဟာ .. ချိန်း က ပင်လယ်စာတွေ ကြိုက်ပုံရတယ်
နင် ငါ့ကို အင်္ကျီရွေးပေးထားဦးနော်"

"အေးပါ"

ဖူး က မှန်တင်ခုံရှေ့မှာ ရပ်ကာ တင်ပေးထားသည့် အလှပြ
ပစ္စည်းတွေကို ကိုင်တွယ်နေရင်း လှည့်ကြည့်သည်။

"ကမာ..နင် ငါ့ကို ခိုင်းတယ်ဘာညာ မထင်နဲ့နော်.. ငါက နင်
ကို တကယ်အလိုလိုက်တတ်မှန်းသိလို့ နှဲ့ချင်တာပါ၊ ငါ့အတွက် နင်
သူငယ်ချင်းလည်း ဟုတ်တယ် .. အစ်မတစ်ယောက်နဲ့လည်း တူတယ်

"ခဏ ခဏ ရှင်းပြမနေပါနဲ့ ဖူး ရယ် .. နင် အိမ်ထောင်ကျသွ
ရင် ငါတို့တွေ ကိုယ့်လမ်းကို လျှောက်ကြမှာပဲ၊ ဒီလို အတူတူနေ ရင်
ချင်ပါသေးတယ်ဆိုရင်တောင် မဖြစ်နိုင်တော့ဘူး"

"အံ့မယ် .. ခုတည်းက နုတ်ထွက်စာ တင်ချင်နေတာလား
မိန်းမနော် .."

ကမာ က ရယ်သည်။ ပြီးတော့ အင်္ကျီနဲ့ ဂျင်းဘောင်းဘီလေ
တစ်ထည် ထုတ်ထားပြီး အိတ်ကို သေချာပြန်ပိတ်နေ၏။





"နင် ဘာမှမပြင်တော့ဘူးလား"

"ပြီးပြီလေ .. နင်တို့ ရေချိုးနေကြတုန်း ငါလည်း အထဲမှာ ချိုး
လိုက်တာ"

"ဘာဖြစ်လို့ ပင်လယ်ထဲမဆင်းတာလဲ၊ အသားမည်းမှာစိုးလို့လား"

"မဟုတ်ပါဘူး .. ဒီကိုလာကြတာ အသားမည်းမှာ ကြောက်လို့
ရေဆင်းမကူးတဲ့သူ ရှိကို မရှိဘူး၊ ငါ အထက်တန်းကျောင်းသူတုန်း
ကဆို ခဏခဏ ရောက်ဖူးတယ်၊ အခုက .."

"သိပြီ .. ငါ့ဒုက္ခခံရမှာစိုးလို့"

"မဟုတ်တာ ပြောတော့မယ်"

ဖူး က မှန်ထဲက လှမ်းကြည့်ပြီး ရယ်နေသည်။ ပြီးမှ ...

"ညာတ်မများပါနဲ့ ကမာ ရယ် .. နင် ငါနဲ့ ချိန်း တို့ မလွတ်လပ်
မှာစိုးလို့မို့လား .. သိသားပဲ၊ ငါ့သူငယ်ချင်းက အစစအရာရာ အရမ်း
အလိုက်သိတဲ့ သူငယ်ချင်းဆိုတာ ဟွန်း .. ဒါပေမယ့် စိတ်မရှည် လက်
ရှည်နဲ့ ရွှေမင်းသားကလည်း ငါ့ကို မကြည့်ပါဘူးဟာ .. လူကြီးတွေ
စီစဉ်လို့ စေ့စပ်ထားရတာဆိုတဲ့ ရုပ်ကြီးနဲ့၊ ငါလည်း ဒီလောက်တော့
သိပါတယ် .. ဆုံးရှုံးမခံနိုင်လို့သာ မသိချင်ယောင်ဆောင်နေတာ.."

ကမာ သက်ပြင်းရှည်ကြီး တိတ်တခိုးချသည်။ ဖူး က နှုတ်ခမ်းနီ
ဘူးကိုင်ရင်း လှည့်လာပြန်ကာ ...

"ဘာဖြစ်ဖြစ် သူ ငါ့ကို ကြင်နာလာစေရမယ်"

ဟု တက်ကြွစွာ ပြော၏။ ဖူး ကို သနားမိတာနှင့် ချိန်း ကို ပြော
ဆိုမရ ဖြစ်နေတာတွေကြောင့် သူမ အနေကျပ်ပါ၏။

မင်းဘက်ကတော့ နားမလည်ဘူး ...။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"ဒါက ဘာလဲဟင် .."

"အရွှာဝါချဉ်စပ် ဟင်းချိုလေ .. စပ်စပ်ချဉ်ချဉ်လေးရယ် .. မြည်းကြည့်"

"ဟင့်အင်း .."

ဖူး က ရှုံ့မဲ့ ခေါင်းခါသည်။ ပြီးတော့ စားချင်စိတ်ကလည်း မပြေ၊နိုင် ..။

"အထဲမှာ ဘာတွေလဲဟင် .. ဒီဖြူဖြူအချောင်းကြီးတွေက .."

"အဲဒါ ရောဘဝရဲ့လက်တွေ"

"ဟင်!..."

ဟင်းသောက်ပန်းကန်ကြီးထဲကို မွှေနှောက်ပေးနေသဖြင့် ထမင်းစားနေသည့် ချိန်း မျက်လုံးလှန်ကြည့်ပုံက တစ်စုံစုံ ပြောချင်နေပြီမှန်း ကမာ သိလိုက်သည်။ ထို့ကြောင့် သူမပဲ ပန်းကန်ကို ဖူး ရှေ့နားမှာ မနည်းဆွဲယူပြီး ကိုယ်တိုင် မွှေနှောက်၍ ...

"ဒီမှာလေ .. အရွှာဝါချဉ်စပ်ဆိုတဲ့အတိုင်းပဲ .. ခရုတို့ ဂုံးတို့ ပုစွန်တို့ ပြည်ကြီးငါးရော ရောဘဝရော အစုံ ပါတယ်၊ လုံးဝ မညှီဘူး ဖူး ရဲ့ .. စားလို့ကောင်းတယ်"





"ဟင့်အင်း .. ဟင့်အင်း .. မထည့်လိုက်နဲ့နော်"

ဖူး က ခေါင်းတွင်တွင်ခါလျက် ထမင်းပန်းကန်ကိုပါ လက်နဲ့ထားကာ ...

"ဟိုပန်းကန်ထဲက ဘာသုတ်လဲ"

"အဲ့ဒါက ရေမှုသုတ်လေ"

"ဖြူဖပ်ဖြူရော်နဲ့"

"ရှိုင်သုတ် သုတ်နိုင်းထားတာကိုး ဖူး ရဲ့ .. ဒီလို အစားအစာတွေ သူ့ဒေသနဲ့သူတော့ ကောင်းပါတယ်"

"ဟုတ်တယ်ဟ .. အဲဒါ ငါ မှာထားတာ၊ ကမာ နဲ့ ငါတို့ ဆယ်တန်းတုန်းက ကျောင်းကားတွေနဲ့ ဒီကိုရောက်လာကြတာလေ၊ ငါတို့ ရေမှုသုတ်ကို အမျိုးမျိုးသုတ်နိုင်းပြီး စားကြတာ၊ တခြားကျောင်းသားတွေကတော့ ကဏန်းပေါင်းဆိုတာချည်းပဲ"

အောင် ဝင်ပြောပေမယ့် ဖူး က ရှုံ့မဲ့နေဆဲဖြစ်ကာ သူများတွေ စားသောက်နေကြပေမယ့် သူမက တစ်ဇွန်းမှ မစားနိုင်သေး ..။

"စားလေ ဖူး ရယ် .. ကြိုက်ကြိုက်မကြိုက်ကြိုက် စားဖူးတယ်ရှိအောင် စားပေါ့၊ ဒါမှမဟုတ် နင် ဗိုက်နာမှာစိုးရင် ဒီမှာ ပုစွန်ကျားကြီးတွေ ကြော်ထားတာ ကြွပ်ရွနေတာပဲ၊ ရိုးရိုးကြက်ချဉ်စပ် ဟင်းရည်လေး ငါ မှာလိုက်မယ်လေ .. ဘယ်လိုလဲ"

ကမာ က တစ်ဇွန်းစားတိုင်း ဖူး မစားရသေးတာကို မျိုမကျနိုင်ဖြစ်နေကာ အမျိုးမျိုး ပြောပေးနေ၏။ ဖူး က ဇွန်းခက်ရင်း ကိုင်ရင်း ခေါင်းခါနေလျက် ...

"လူမမာကြီးလို ဖြစ်နေမှာပေါ့ .. ငါ့ကို ကဏန်းပေါင်းလေးပဲ အသားနည်းနည်းထွင်ပေးပါလား"

"ကဏန်းပေါင်း စားမှာလား .. ထွင်ပေးမယ်"

ကမာ ထမင်းတစ်ဇွန်းကို ပါးစပ်ထဲ ကမန်းကတန်း ထည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဖွှန်းခက်ရင်းကို ချထားလိုက်၏။

ချိန်း ကလည်း ဖွှန်းတွေကို ချထားလိုက်သည်။ ဒါပေမယ့် ကမ္
လို ဖူး အတွက် တက်ကြွစွာ ဆောင်ရွက်ပေးဖို့ မဟုတ်ပေ ..။

"မစားတတ်ရင်လည်း စားတတ်တာတစ်ခုခု မှာပါလား ဖူ
သူများတွေလည်း ထမင်းဖြောင့်ဖြောင့် စားရအောင်"

"ဟင်!..."

"ချိန်း ကလည်း သူ မစားတတ်လို့ဟာကို"

"ဟုတ်ပါတယ် .. ဖူး က ခိုင်းချင်လို့ မပြောတ်ပါဘူး ချိန်း ရယ်
အိမ်မှာဆို .."

"မင်းပါးစပ်ထဲ ခွံ့ပေးမယ့်လူတွေလည်း ရှိကြမှာပေါ့၊ ဒါပေမယ့်
မင်း အထိန်းတော် အချိုတော်တွေနဲ့ တိုင်းခွန်းလှည့်လည်တာမှ မဟုတ်
တာ၊ အခု ကထာန်းစားရမှာရော .. တခြား ဘာမှ စားစရာမတွေ့လို့
စားရမှာမို့လား .. ဘာစားချင်တာလဲ ပြော၊ ကိုယ် သွားဝယ်ပေးမယ်"

စကားလုံးက ရိုးစင်းပေမယ့် စကားသံက ပျော့ပျောင်းမှုမရှိ၊ မျက်
လုံးတွေမှာ တင်းမာခြင်းတွေကို တွေ့နေရ၏။ ထို့ပြင် ...

ပုလဲရောင် လက်သည်းဆိုးဆေးလေးတွေနှင့် ဖြူနုသွယ်လျသည့်
ကမ္ လက်ချောင်းလေးတွေ ဟင်းတွေ ပေကျံနေတာကို ငေးခနဲ ကြည့်
သည်။ အောင် ကလည်း ချိန်း မျက်လုံးတွေ သွားတဲ့အတိုင်း လိုက်ကြည့်
ကာ ...

"သူတို့သူငယ်ချင်းပဲကွာ .. မင်းက ကမ္ ကို အားနာလို့မို့လား"

ချိန်း ဖျတ်ခနဲ လှည့်ကြည့်ပြီး ပါးစပ်ပြင်လိုက်တာနှင့် အောင်
က စားပွဲအောက်ကနေ သူ့ခြေထောက်ကို လှမ်းတို့၍ ...

"ဖူး က အပြင်ဗဟုသုတ နည်းတော့ ကမ္ က နားလည်လို့
လုပ်ပေးနေတာပါ"

"ဟုတ်ပါတယ်.. ဖူး က ခိုင်းချင်လို့မှ မဟုတ်တာ"





ဟိုမျက်နှာကြည့် ဒီမျက်နှာကြည့်နှင့် ဖူး က ထမင်း စတင်စားပေ
ယ့် ချိန်း မျက်နှာကိုပဲ အမိက ငေးနေ၏။ ချိန်း မျက်လုံးတွေ ကမ္
ပ်ကိုင်နေတဲ့ဆီ ငေးခနဲ ငေးခနဲ ဖြစ်နေတတ်တာကိုလည်း မြင်၏။

"ရပါပြီ ကမ္ ရယ် .. တော်ကြာ ငါ့ကို ချိန်း ဒီနားကနေ ကန်
တ်မလားပဲ"

"ဟုတ်မှာ .. နင်ကလည်း အိမ်ထောင်သည်ဖြစ်တော့မှာတောင်
ငယ်ချင်းကို အားကိုးနေတော့ ဒီကောင်က အားနာတာနဲ့ မျက်နှာပူ
တာနဲ့ နေရထိုင်ရခက်မှာပေါ့"

အောင် ကပဲ အားနာရခြင်းအကြောင်းဘက်ကို တွင်တွင် ဆွဲပြော
ခဲ့သည်။ ကမ္ ကလည်း တကယ်တော့ ကထာန်းခွံ့ထဲက အသားကို
သချာမထုတ်တတ်ပေ ..။

ကိုယ်စားဖို့ဆိုရင်တော့ အသာလေး ကိုက်လိုက်၊ ကွဲအက်သွားမှ
ခွံ့လေးတွေဖယ်ပြီး အသားကို ခက်ရင်းနဲ့ ခြစ်ယူ ..၊

ဒီလိုပဲ သူ့အထာနဲ့သူ စားရတာ ဖြစ်သည်။ သူများအတွက်ကျ
တော့ ဒါက တော်တော်ခက်သည့်ကိစ္စ ဖြစ်သွား၏။ ပြောမယ့်ဆိုမယ့်သူ
က ငုတ်တုတ်ထိုင်ကြည့်သဖြင့် ပိုဆိုးသည်။ ထို့ကြောင့် ဘယ်နေရာ
ကလုပ်ဖို့ဖြစ်ဖြစ် ကမ္ မလိုက်ဘဲ ကြံဖန် ရှောင်ရှားနေခဲ့တာ ဖြစ်သည်။

"ပုဇွန်ကျားပဲ စားကြည့်တော့မယ် ကမ္ .. အဲဒါလေးပဲ ဟို .."

အခွံခွာပေးလို့ ပြောမလို့ဟာ ဖူး မျက်လုံး ချိန်း ဆီ ရောက်သွား
သည်။ ချိန်း က စားလက်စ ဖွှန်းခက်ရင်းကို ချထားလိုက်ကာ ...

"ဒါလည်း အခွံခွာပေးရဦးမှာလား .. ပေး .. ကိုယ် ခွာပေးမယ်"

ပန်းကန်လိုက်ကို ဆွဲယူကာ သူကိုယ်တိုင် ကျကျနန ခွာပေး၏။
ပါးစပ်လေးအဟောင်းသားဖြစ်လျက် ဝမ်းသာရမှာလား .. ထိတ်လန့်
မှာလား။ ပန်းကန်ထဲရောက်လာသည့် အခွံချွတ်ပြီးသား ပုဇွန်တုပ်တွေ
ကိုလည်း စားစရာလို မဟုတ်ဘဲ ကြောင်တောင်တောင်နဲ့ ငုံ့ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ .. ဟဲ .. အစတည်းက ဒီလိုကြင်နာချင်တာကို ကမာ နဲ့

နေရမှာစိုးလို့ ဖြစ်နေတာ ရုပ်ကြီးက"

အောင် က အလိုက်ကမ်းဆိုးမသိ အချွန်နဲ့ 'မ' သည်၊ ချိန်း

နှစ်ဖက် တွန့်ခနဲ ဖြစ်သွားကာ နှုတ်ခမ်းတွေ တင်းတင်းစေ့သွ

ထိုစဉ် ..၊ နောက်ကစားပွဲမှာ ပုလင်းထောင်နေကြသည့် နှစ်ယောက်

ခပ်နဲ့နဲ့ ထလာသည့်တစ်ယောက် ချိန်း ရဲ့သေးကို ဖြတ်လျှောက်လ

"ဟာ!.. အ .."

"ဝုန်း .. ချွလွမ် .."

ထိုလူ စားပွဲပေါ်ကို အေးတိုက် ပုံပျက်ပန်းပျက် ပစ်ကျလာ

သူတို့စားပွဲတစ်ခုလုံး မှောက်လဲ ဖိတ်စင်ကုန်လျှင် ...

"ဒီလောက်တောင် သောက်စားလာရသလား .. မင်း .."

"ဟာ!.. မဟုတ်ဘူး .. မဟုတ်ဘူးနော် .. မင်းတို့ကို ငါ .."

လဲကျသူ လက်ကာ ရှင်းပြဖို့ကြိုးစားစဉ် အင်္ကျီရင်ဘတ်ကို ဆုပ်

ထူကာ ချိန်း ရဲ့လက်သီးချက်က ခွပ်ခနဲ ပစ်ဝင်၏။

ထိုလူ ခုံတွေကြားထဲ လဲကျသွားစဉ် သူ့အဖော်နှင့် တခြားစားပွဲ

လူတွေထလာပြီး ဝိုင်းဆွဲ ဖျန်ဖြေကြ၏။

"တော်ပါတော့ ငါ့ညီရာ .."

"အေးဗျာ .. သူ မူးနေလို့ ယိုင်ကျသွားတာပါ၊ သည်းခံပေးပါ

တောင်းပန်ပါတယ်"

"တောက်!.."

အားလုံး တောင်းပန်နေကြတာတောင် ချိန်း က တက်ခေါက်

တုန်း ..၊ ပြီးတော့ ဘောင်းဘီအိတ်ထဲက ပိုက်ဆံအိတ်ပြားလေးထုတ်

စားပွဲပေါ် ချထားခဲ့ပြီး ချာခနဲ လှည့်ထွက်သွား၏။

အမူးသမားကို တွဲထူပြစ်တင်ရင်း ဆိုင်ထဲမှာ ရုတ်ရုတ်သဲသဲ ကျ

ခဲ့တာက ကော်တော်နဲ့ မပြီးနိုင် ..။





"ကျွန်တော် မဟုတ်ဘူး .. အဲဒီကောင် တမင်လုပ်လိုက်တာ"

"တော်စမ်းပါကွာ .. မင်း ကျိုင်ထပ်မရှာစမ်းပါနဲ့"

"တကယ်ပြောတာ .. ငါ ဘာမှ .."

"ကဲပါ ခေါ်သွားပါဗျာ .. ခင်ဗျားလူကို .."

အခြေအနေကို ကျန်ရစ်ခဲ့တဲ့ အောင် ကပဲ အားလုံး ကြားနေမြင်နေ

သဖြင့် တံတွေးမျိုချမိသည်။ တခြားလူတွေ မမြင်လိုက်တဲ့အဖြစ်တစ်ခု

ကိုပါ သူ မြင်လိုက်သဖြင့် ကိုယ့်မျက်စိကို မယုံချင် ..။

တကယ်တော့ မူးနေတဲ့လူက ခြေလှမ်းမှားတာ မဟုတ်သေး။ ချိန်း

တမင် လုပ်လိုက်တာ ဖြစ်၏။ ဖူး နဲ့ စလိုက်တာမှာ အစလွန်သွားမှန်း

သိပေမယ့် ချိန်း ဒီလောက်ထိ ဖြစ်သွားမယ်လို့ သူ မထင်ခဲ့ပါ။

ဒေါသကို ထိန်းမရဖြစ်ကာ အနားရောက်လာသည့် အမူးသမား

ကို ခြေထိုးခံပစ်လိုက်သည်။ စားပွဲပေါ် မှောက်ကျလာတာနှင့် ဆွဲထိုးပစ်

လိုက်ပြီး ဒေါသကို ထွက်ပေါက်ပေးလိုက်သည်။

ဖြစ်ရလေ ချိန်း ..၊

ကံကောင်းလို့ .. သူဖြစ်ဖြစ် ဖူး ဖြစ်ဖြစ် ကိုင်ပေါက်ခံရတော့မလို့

သိသိလေး ..။

ဒါသတွေ ဘယ်တုန်းတည်းက စုဖြစ်နေမှန်း မသိ၊ ဘယ်လောက်

ထိ ပေါက်ကွဲဖို့ တာဆူနေမှန်းလည်း အကဲမခတ်မိလိုက် ..။

တကယ်ပါ .. ကံကောင်းလို့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ဒါက ဘာလုပ်တာလဲ"

နောက်က လိုက်လာမှန်း သိနေသဖြင့်ချိန်မြန်မျှောက်တာလည်း မရ၊ လက်တစ်ဖက်ကို ဆွဲလည်း ဆွဲ၊ နောက်ပြန်ပါသွားအောင်လည်း လှည့်ယူလိုက်ခြင်း ခံရကာ ...

"ပြောလေ ကမာ .."

"ပြန်မလို့လေ မသိဘူးလား .. ဖယ်ပေး"

စောစောစီးစီး ပြေးလွှားလိုက်ပါလာရသည့် အောင့် ခြေလှမ်းတွေ နှစ်ယောက်ဆုံသွားတာကိုမြင်မှ နေးကျ ရပ်တန့်သွားကာ ...

"ဟား!... တကယ့် ပြဿဒါးပဲ"

မောမောနှင့် ကိုယ့်နဖူးကို ပြန်ပွတ်မိကာ လမ်းဘေးပလက်ဖောင်းမှာပဲ ထိုင်ချလိုက်မိသည်။

ဖြစ်ကြစမ်း ...၊ ဒီနားမှာ တုတ်ကျိုးတုတ်ပဲ့တွေ၊ အုတ်ခဲတွေမှ ပေါ်မှပေါ် ...။ စိတ်ဒုံးဒုံးချနေလိုက်ကာမှ သူတို့ ပြောသမျှကို အကုန်လုံး ကြားနေရသည့်အဖြစ် ...။

"မင်း ဒီလိုပြန်သွားလိုက်ရင် ပြီးပြီလို့ ထင်ထားတယ်ပေါ့ .. ဟုတ်လား"





"ဘာလို့ မပြီးရမှာလဲ .. ရှင်တို့နားမှာ ကျွန်မ မရှိမှ အေးမှာ .. ယ်လိုနေရမှန်း မသိအောင် စိတ်ကျဉ်းကျပ်နေရတာတွေလည်း မခံ တော့ဘူး .. ဖယ်ပေး .."

ကမာ လက်ကို ဆောင့်ရုန်းပစ်လိုက်ပြီး ငိုသံပါလာ၏။ ချိန်း က်နှာလည်း ရှင့်ရော်နေကာ ရှင်တွေ ကျွန်မတွေနဲ့ ပစ်ဝင်သွားသည့် ာ့ စကားသံတွေကြောင့် ပိုပြီး ရုပ်ဆိုးသွားသလိုပင် ...။

"မင်း ငါ့ကို ရှင်တွေ ဘာတွေနဲ့ ပေါက်ကွဲမနေစမ်းပါနဲ့၊ ခုလို ခြေအနေတွေထိ ကွိုင်ပတ်လာတာ မင်းကြောင့်ပဲ"

"ဘာ!..."

"ချိန်း ဆိုတဲ့ကောင် ဘာလုပ်ဖို့မှ တွေဝေခဲ့ဖူးတာ မရှိဘူး၊ နည်း ည်းလေးမှ ကြည့်မရတဲ့ မိန်းမကို ဇနီးလောင်းလို ကြင်နာပြဖို့ အများ မြင်မှာ ကြည့်ပျော်ရှုပျော်ဖြစ်ဖို့ အဲဒါတွေအတွက် ဝက်ဝုတ္တိတွေ သုံး နေရတာ ဘယ်လောက် ပင်ပန်းလဲ .. မင်း သိလား"

"ဘာလဲ .. ဘာပင်ပန်းတာလဲ၊ မထင်ရင် မထင်သလို ပြောချလိုက် ာတွေလား၊ ဘယ်သူ ဘာထင်ထင် ဂရုစိုက်ဖို့ မလိုဘူးဆိုတဲ့ မျက်နှာ ုတ်ကြီးချနေပြီးတော့၊ ကျွန်မ မြင်နေတာတော့ ရှင် ပင်ပင်ပန်းပန်း သရုပ်ဆောင်နေရတာ ဘာမှ မတွေ့ပါလား"

"မင်းစိတ်ကူးတွေထဲမှာ အဲဒီမိန်းမနဲ့ ငါ့ကို ဘယ်ထိ ကြည်မွေ့နေ ချင်လဲမှ မသိတာ၊ ငါ့အတွက်ကတော့ မင်းအတွက် ငါ့ကိုယ်ငါ ရဲကျနေပေးခဲ့တာ"

မျက်လုံးချင်း ဆုံနေပြီးမှ ကမာ မျက်နှာလွှဲပစ်သည်။ ချိန်း အပို ပြောနေတာ မဟုတ်မှန်း မသိလို့ မဟုတ် ...၊ ဒါပေမယ့် ခုလို အခြေ အနေမျိုးထိ ရောက်ခဲ့ကြပြီးမှ သရုပ်ဆောင်မကောင်းလို့ ဖြစ်မလား ...။

စိမ်းသက်ခဲ့ကြတဲ့လူတွေလည်း မဟုတ်ဘဲ ချိုချိုသာသာ ရေရှိ ါးလိုက်သေး နေပေးဖို့ သူ့ဘက်မှာ ဒီလောက်ထိ ခက်ခဲနေဖို့ မ ပေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း အခု ပြန်လိုက်မှာလား .. မလိုက်သွားလား"

"ဟင့်အင်း .. မလိုက်တော့ဘူး"

ကမာ လေသံ သိသာစွာ ပျော့ကျသွားခဲ့ပြီး ...

"ဖူး ကို အဆင်ပြေသလို ပြောပြပြီး ကမာ ပြန်သွားတဲ့အကြောင်း.."

"ဘယ်သူက ပြောပေးမှာလဲ .. ဒီမှာ မင်းသွားမယ်ဆိုရင် စဉ်းစား ပြဿနာနှစ်ခု ရှိတယ်၊ တစ်ခုက .."

သူ မပြောသေးဘဲ ရပ်လိုက်တော့ ကမာ က လှည့်ကြည့်သည်။ မျက်လုံးချင်း ဆုံမိကာမှ ...

"မင်း ပြန်တာနဲ့ ကိုယ်လည်း ပြန်မှာပဲဆိုတော့ ဒီမှာ ဖူး နဲ့ အောင် ကျန်ခဲ့လိမ့်မယ်"

အံမာ ..၊ သေချာ ကြားလိုက်တာမို့ ဣန္ဒြေနထိုင်နေသည့် အောင် ကိုယ်ကြီး တောင့်ခနဲ ဖြစ်သွားသည်။ ထောင်ကားသွားသည့် နားနှစ် ဖက်က ယုန်နားရွက်ထက်များ ချွန်နေပြီလား မသိ ..။

ကျန်ခဲ့စရာလား .. ဖူးဖူးစင် ဆိုတဲ့ မြင်းဘာကြီးဦးခေါင်းနဲ့ ..၊ နောက် တစ်ခုက ဘာလဲ ..။ နားထောင်နေရင်း ကျောရောရင်ရော ချမ်းလာကာ အောင် ထရပ်လိုက်မိတဲ့အထိ ..၊ ဒီကိစ္စ မတားလို့ မဖြစ် ..။

"နောက်တစ်ခုက မင်းကို ငါ ခိုးပြေးသွားပြီလို့ .."

"ချိန်း .."

"မင်း မစဉ်းစားမိမှာစိုးလို့ ပြောပြတာ .."

"ဘာဖြစ်လို့ ရှင် ဒါကိုပဲ ထည့်ပြောနေရတာလဲ"

"ပြောအောင် မင်း လုပ်နေလို့လေ .. ပြဿနာတစ်ခုကို မလို အပ်ဘဲ ရှင်းနေရတာ၊ ငါ ဘယ်လောက်ထိ စိတ်ပျက်လဲ မင်း သိလား.. မင်းကို ချစ်ပါရစေလို့ နှစ်နဲ့ချီပြီး ကြိုးစားခဲ့တယ်၊ အခု နောက်ဆုံး အကျပ်အတည်းဖြစ်လာတဲ့အထိ ခေါင်းမညိတ်ခဲ့ဘူး .. မင်း .."

ပြောရင်း စိတ်မရှည်ဖြစ်လာသလို ချိန်း အသံ ပြန်ကျယ်လာသည်။





တစ်ဖက်ခြမ်းမှာ စားသောက်ဆိုင်တွေချည်းပဲ ဖြစ်ကာ မနက်ခင်းမို့ တွေလည်း အပြည့်ပဲ ဖြစ်သည်။

သူတို့ကို သတိထားမိပြီး ကြည့်နေကြတဲ့လူတချို့ကလည်း မျက်လုံး ..။ ထိုဆီကို မျက်လုံးကတော့ ရောက်ရောက်သွားတတ်ပေမယ့် ချိန်း တို့ သုံးယောက်စလုံး ပတ်ဝန်းကျင်ကို ဂရုစိုက်ဖို့ မေ့နေခဲ့ကြ၏။

"လူကြီးတွေ ဘာလုပ်နေနေ ကိုယ်တို့ဖြစ်ချင်တာ လုပ်သွားလိုက်ရင် ပြီ၊ ခုတော့ မလိုအပ်ဘဲ ပေရှည်နေတာ .. မရှုပ်တာကို ရှင်းနေရတာ"

"သူက ရှင့်ကိုခင်နေတယ်၊ သူ့ကို ပြန်ခင်ပေးပါလို့ ရှင့်ကို ကျွန်မ တောင်းဆိုခဲ့တာ၊ အဲဒါ မှန်တယ် .. ဒါပေမယ့် ရှင်တို့ကို နေ့စဉ်ပေးခဲ့ တာ ကျွန်မ မဟုတ်ဘူး ချိန်း .. ရှင့်မိဘနှစ်ပါး"

"သိတယ်လေ .. မိဘတွေကိုရော တစ်မိန်းလူတွေကိုရော အားလုံး ဆက် အရေးကြီးတာ ကိုယ့်အတွက် မင်းပဲ"

"မပြောနဲ့ .."

"ပြောရမှာပဲ .. မင်း ခု ထွက်သွားတာနဲ့ ပိုရှုပ်ကုန်မှာပဲဆိုတာ သိလိုက် ကမာ .. မင်းကို ငါ ချစ်လို့ မင်းရဲ့အလိုကျ သူ့ကို စိတ်မဝင်စား ဘဲ ဝင်စားသယောင်နဲ့ တွဲပေးခဲ့ရတာတွေ ပြောပြလိုက်မယ်"

"ရှင် .. ရှင် .. အဲ့ဒီလိုလူလား"

"ဟုတ်တယ် .. လိုချင်တာကို မရရင်နေ .. မလိုချင်တာကြီးကို အောင့်အင်းမယူနိုင်ဘူး၊ ကိုယ့်မှာ ငဲ့စရာမျက်နှာ မရှိတော့ဘူးဆိုရင် အပြတ်ပြောမယ် .. အပြတ်ရှင်းမယ်၊ ဖြစ်တယ်ဆိုရင် မင်း အခု ပြန် သွားလို့ရပြီ"

"ရှင့်ကို အဲဒီလိုလုပ်တဲ့အတွက် ဘယ်တော့မှ ခွင့်လွှတ်မှာ မဟုတ် ဘူး၊ သိရဲ့လား .."

"ဘယ်သူကလဲ .."

"နေကမာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူကရော မင်း ခွင့်လွှတ်ဖို့ ဒူးထောက်လာမှာလဲ၊ အရူးအ... ချစ်တာက သပ်သပ်၊ မုန်းပြီဆို တစ်ဆုံးပဲ၊ မင်း ငါ့ကို ပြန်ချစ်ဖို့ စိတ်... မရှိဘဲ အဲဒီတစ်ယောက်အတွက် ဖြားယောင်းနေတာမုန်း သိရက်... ဆက်ချစ်နေရအောင် ငါက ပင်လယ်ထဲက မီးပြတိုက် မဟုတ်ဘူး။

ကမာ သူ့မျက်နှာကို စူးစိုက်ကြည့်ရင်း မျက်ရည်တွေ ဝေ... သည်။ ချိန်း က မျက်နှာလွှဲ၍ မမြင်သလို လုပ်ပစ်၏။ မာနနှင့် ခံ... ခြင်းဝေဒနာက ပြိုင်တူ နှိပ်စက်ကာ ဆလင်းဘက်ခ်အဖြူရောင်... ရဲ့ကြိုးမှာ ဖိဆုပ်ထားသည့်လက်က ပို၍ တင်းကျပ်လာ၏။

ကျန်နေတဲ့အပိုင်းက သူတို့နှစ်ယောက် နှစ်ပါးခွင် 'က'ကြဖို့ဝါ... ကိုယ်က ဖူး ရဲ့အမြင်မှာ နာမည်ပျက် မုန်းတီးခံရတာပဲ ရှိမည်။ ဒါ... ဘာဖြစ်လို့ မသွားနိုင်ရမှာလဲ ...။

စိတ်လိုက်မာန်ပါ လှည့်ထွက်သွားဖို့ အပြင်းအထန် ကြိုးစားရင်း လက်သီးဆုပ်လေးပါ တုန်ယင်လာ၏။ ခြေထောက်တွေကလည်း နေရာ... မှာပဲ မရွေ့မလျားရှိနေဆဲဖြစ်ကာ ပေကမ်းကပ်ကလေးတစ်ယောက်နှင့် တူနေသည်။

ဖူး မျက်နှာလေးကို မြင်ယောင်လာတိုင်း သူမ မပြတ်သားနိုင်ခြင်း သည် ကိုယ့်ကို မုန်းတီးသွားမှာထက် သူမ ဘယ်လောက်ထိ ရက်စ... ကြေကွဲသွားမလဲလို့ တွေးမိသောကြောင့်သာ ဖြစ်၏။ အစွန်းရောက်... ခံစားတတ်သူဟာ ဒီလို ထိခိုက်ကြေကွဲမှုမျိုးကို ခံနိုင်ရည် ရှိပါ့မလား...

"နင်ဟာ ငါ့အတွက် သူငယ်ချင်းလည်း ဟုတ်၊ ညီအစ်မဆိုလည်း ဟုတ်တယ်၊ တကယ့် အရင်းအချာလိုပဲ"တဲ့ ...။

"နင့်ကို အားလုံးထက် ငါ ယုံတယ်"

"ငါ နင့်ကို ဒက်ဒီ့ထက်တောင် ပိုရင်းနှီးနေသလိုပဲ၊ ပိုချစ်တယ် ပြောရင် ယုတ္တိမတန်မှာစိုးလို့ပါ၊ ငါ့ရင်ထဲမှာ စွဲလမ်းမှုတွေ ရှိတတ်လာ တာ နင့်ကြောင့် ပထမဆုံးပဲ၊ အခင်ဆုံး အချစ်ဆုံးကလည်း နင် တစ်...





...ယောက်ပဲ ရှိတာ"တဲ့ ..။

တလှိုက်လှိုက်ခါလာသည့် ရင်ထဲမှာ ဖူး မျက်နှာလေးနဲ့ ပြောခဲ့တဲ့ စကားတွေ ပြန်ပေါ်လာတော့ နေရာမှာပဲ ဗုံးဗုံးလဲချင်မိ၏။

ဝတ္တုရားဆန်တဲ့ ပေးဆပ်ခြင်းတွေလည်း ကုန်ဆုံးခဲ့ပြီလို့ သတ်မှတ် လို့ ရပြီ။ အားလုံး ဖြစ်စေချင်တဲ့အတိုင်း ပုံမှန်လမ်းကြောင်းပေါ် ရောက် နေပြီဆိုတာ ဦးမင်းခ ကိုယ်တိုင် မေမေ့ကို ဖုန်းဆက်ခဲ့တာ။ ဒါပေမယ့် ဖြစ်ချင်ရာဖြစ်ဆိုပြီး သူမ ထွက်မသွားရက်ဘဲ ဖြစ်နေခဲ့၏။

"ကမာ .."

အနားကို အောင် ကိုယ်တိုင်ရောက်လာမှ မျက်နှာလွှဲပြီး မျက်ရည် သုတ်ရသည်။

"နင်တို့ကလည်း အကောင်းကြီးကနေ ထဖြစ်ကြတယ်ဟာ .. ဘာမှလည်း ဟုတ်တာမဟုတ်ဘဲနဲ့"

"ဘာမှမဟုတ်ဘူး .. ဟုတ်လား" ..

ကမာ့ အသံက ငိုသံပါကာ နှာသီးဖျားလေးတွေ ရဲတွတ်နေပုံက မျက်တောင်ဖျားတို့ စိုစွတ်သည့်မျက်ရည်တို့ကြောင့် ကလေးငယ်လေး နဲ့လည်း တူကာ ချစ်ဖို့လည်း ကောင်းသည်။ ပြီးတော့ သနားစရာလေး...။

"မနေ့ညနေကကိစ္စကို နင် မသိဘူးလား၊ သူ လူကို သူ သက် သက်ပြသနာရှာတာ၊ မဟန်နိုင်လို့ လဲကျလာတာကို တွဲဖယ်လိုက်ရင် ပြီးပြီ မဟုတ်ဘူးလား၊ ဘာညာမခွဲခြားဘဲ ထိုးပစ်လိုက်တာ နင် သိလား"

'ခြေထိုးခံလိုက်တာတောင် ငါ မြင်သေးတယ် ကမာ'လို့ စိတ်ထဲမှာ ပြောဖြစ်ရင်း မျက်နှာကတော့ မဟုတ်သလို ခပ်တည်တည်ကြည့်နေမိ၏။

"ညကလည်း အပြင်ထွက်ထိုင်ကြတာ ငါတို့ဆီမှာ လာမထိုင်ဘူး"

"ငါတို့ ဂစ်တာတီးနေကြတာလေ"

"ဖူး က ခေါ်ပေးပါဆိုလို့ ငါ လာခေါ်တယ်လေ၊ အဲဒါတောင် ငါ့ကို တစ်ချက်မှ စကားပြန်မပြောဘူး၊ လိုက်လာမှာပဲလို့ ငါ့တော့



www.burmeseclassic.com

www.burmeseclassic.com



ထင်တာ .. လုံး၀ လိုက်မလာဘူး၊ ဖူး ခမျာ သူ့ဟာသူ ဘာဖြစ်နေရ ဘာမှမသိရှာဘူး"

"နေပါဦး.. အဲဒီ ဖူးဖူးစင် ကို သနားခြင်း၊ စာနာခြင်းတွေနဲ့ ဗီးယ် မြင့်လာအောင် ငါ့ကို မင်း ဘယ်အချိန်ထိ စည်းရုံးနေမှာလဲ"

ချိန်း က အောင့် သေးမှာ လာရစ်သည်။

"အဲဒီတစ်ယောက်နဲ့ အတူရှိနေပေးတဲ့အပြင် ဘာထပ်လုပ်စေချင် တာလဲ ပြော .."

"အတူတူရှိနေခွင့်လေးတောင် ဖူး က ရလို့လား .. သူက ရှင် လက်ထပ်မယ့် .."

"လုပ်မနေနဲ့ အိပ်မက်ထဲတောင် ထည့်မမက်ဘူး"

"ချိန်း ရာ.. မင်းတို့ချင်း နားလည်မှု ယူထားပြီးပြီမို့လား .. ကမာ က အဲဒါကို ပြောနေတာ"

"နားလည်မှုကို ငါကပဲ ယူထားရတာ၊ သူလုပ်နေသမျှ ဖူးဖူးစင် အတွက်ချည်းပဲ၊ ဘာလဲ .. ထမင်းစားတဲ့အထိ အခွံခွာပေး .. အရိုးထွင် ဖေးတဲ့အထိ ငါက လုပ်ရမှာလား"

"ရှင့်ကို ဘယ်သူက ခိုင်းနေလို့လဲ"

"မင်း ငါ့ကို ရှင်လို့ပြောတာ ပြင်နော် .."

"ပြင်သင့်မှ ပြင်မယ်"

"ဘာ!..."

"ဟော့ .. ဟာ ... မင်းတို့ဟာ လင်မယား ရန်ဖြစ်နေတာကျနေတာ ပဲ၊ လမ်းဘေးမှာဆိုတာ သတိထားဦး"

ချိန်း ကလည်း စိတ်ဆတ်သူမို့ မျိုသိပ်ထားရတာတွေ များနေတိုင်း ဘာပြောပြော မညင်သာ ...။

"ကမာ .. ဒီမှာ မင်း သိထားရမှာက ငါ မြတ်နိုးနေတဲ့မိန်းမကို ပုတ်စတ်စော်ကားဖို့ မပြောနဲ့ မလိုတဲ့မျက်လုံးတောင် စောင်းကြည့်တာ





ကြိုက်ဘူး၊ မင်း သူ့ကို ကြိုက်သလို ခင် .. ဘယ်လောက် နားလည် နေ ငါ့ရှေ့မှာ အိုဗာတွေ မဖြစ်စေနဲ့၊ သိတယ်မို့လား .. မနေ့ကလို ါးစပ်ထဲ ခွံ့ကျွေးနေရတာတွေ .."

"အဲ့ဒါတွေကို .."

"ပြောရမှာပဲ .. ထပ်ရှိလာရင် ထပ်ပြောဦးမှာ၊ ဘာချို့ယွင်းချက်မှ ရှိတဲ့လူတစ်ယောက်ကို ဒုက္ခိတပြုစုသလို မင်း ပျာနေတာ ကိုယ် နား ည်မပေးနိုင်ဘူး၊ အဲဒါ ဖူးဖူးစင် ကိုပဲ မဟုတ်ဘူး .. ငါနဲ့ လက်ထပ်လို့ ယာက္ခမဖြစ်လာမယ့် ငါ့မိဘအထိ အားလုံးပဲ .."

မကျေနပ်ဖြစ်နေရခြင်းအကြောင်းကို သိလိုက်ရတော့လည်း ငါ့ကို ချစ်တာပါလားလို့ သူမ ဝမ်းမသာနိုင် ...၊

"မင်း ဂရုစိုက်ရမှာ ငါတစ်ယောက်ကိုပဲ .."

ထပ်ပြောလိုက်တော့ အောင် သက်ပြင်းချသည်။ ကမာ့ လက် ာလေးကို ချိန်း ဆုပ်ကိုင်လိုက်တော့ မျက်နှာလွှဲပစ်မိ၏။

နူးညံ့ငြိမ်သက်သွားတဲ့ ဒေါသတွေကို သဘောကျပေမယ့် ဒီလိုမျိုး ရုပ်ကြည့် ကြည်ဖြူနေတဲ့အထိတော့ စိတ်က မခိုင် ...။ ချစ်လို့ပါ ကြိုက် သို့ပါ ကူညီပါဆိုတာလည်း အားလုံးအတွက် သူ လိုက်လျောခဲ့သည်။

နေရာတကာအတွက် မသိသလို မမြင်သလို နေတတ်အောင် ကြိုးစားခဲ့၏။ ခုလို နားလည်မှုတွေ ဖြစ်သွားကြတဲ့ နူးညံ့ကြင်နာမှုတွေ ကိုတော့ ကျေနပ်ပေမယ့် မမြင်ရဲ ...၊ ကိုယ် တစောင်းလွှဲရပ်လိုက်ပေ မယ့်လည်း တိုးသဲ့သောစကားသံတို့က ကြားနေရဆဲသာ ...။

"မင်ပိုပါနဲ့ကွာ ကိုယ့်အပြုအမူအပြောအဆိုတွေ ကြမ်းတမ်းလာတာ၊ နူးညံ့သွားတာ အားလုံးက မင်းကြောင့်ချည်းပဲ၊ အဲဒါ နားလည်လား"

ချိန်း က ပြန်ရုန်းနေသည့် လက်ဖဝါးလေးကို လွတ်ထွက်မသွား အောင် ဖိဆုပ်ထားလျက် ...

"မင်းကို ကိုယ် ဘယ်လောက်တန်ဖိုးထားသလဲ မင်း သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်မှာ ချိန်း ရဲ့အချစ်တွေကို သိနေရလည်း ကမာ ဝမ်းသာ
မဟုတ်ဘူး၊ အားလုံးဟာ ဖြစ်သင့်တဲ့အတိုင်း ဖြစ်နေပြီဆိုတဲ့လ
ကြောင်းပေါ်မှာပဲ ငြိမ်ငြိမ်သက်သက် ရှိနေရမှာ"

"ကျွတ် .."

"ချိန်း ကို ထပ်တောင်းပန်ပါတယ် .. ဘာမှမသိတဲ့ ဖူး ကို ရတ်
ရက်ကြီး ရင်ကွဲပက်လက် ဖြစ်သွားအောင် မလုပ်လိုက်ပါနဲ့"

"နောက်တော့ သိမှာပဲ မဟုတ်ဘူးလား .. မင်းရင်ထဲကို ဝင်ကြ
လို့ရရင် သိပ်ကောင်းမှာပဲ ကမာ၊ ဖူးဖူးစင် အတွက် ဘယ်လောက်
ရင်ထဲထည့်ထားသလဲဆိုတာ တွေးလို့ကို မရတော့ဘူး"

"မဟုတ်ဘူး ချိန်း .. သူ ဘာမှမသိတာကိုပဲ ကြောက်လာတာ
ကိုယ့်ကို ယုံကြည်နေလေ ညာခဲ့မိတဲ့အပြစ်ကို ကြောက်လာလေ"

"ဒါဆို မင်း ပြောလေ.. ကိုယ်တို့ ဘယ်လောက်ထိဒီလိုနေကြမှာလဲ
ကိုယ်က မင်းကို မြင်နေရက်နဲ့ မင်းမဟုတ်တဲ့ မိန်းမတစ်ယောက်ကို

"ငါနဲ့ ဇာစပ်ထားတဲ့မိန်းမလို့ပဲ မြင်လိုက်ပါ၊ လူကြီးတွေ စိ
ကြတဲ့အချိန်တုန်းကလည်း ချိန်း ရုတ်တရက် မငြင်းနိုင်ခဲ့ဘူးမို့လား

"အဲဒါ မင်းအချစ်ကို မရသေးတဲ့အတွက် ကိုယ် ဆွံ့အသွားခဲ့တာ
ဘယ်လိုမှ မထင်တဲ့အချိန်မှာ ဗြုန်းဒိုင်းဆို ဖြစ်ကုန်လို့၊ အဲဒီအချိန်လေး
အတွင်းမှာ တိတ်တိတ်ဆိတ်ဆိတ် ပြီးသွားတာ၊ ဒါကို လက်ခံလိုက်တာ
လို့ မင်း ထင်လို့လား"

"မထင်ပါဘူး .. ဘယ်အခြေအနေဖြစ်ဖြစ် နောက်ဆုံးဆိုတဲ့အချိန်
ထိ ရုန်းထွက်ခွင့်ရှိတယ်ဆိုတာ ကမာ သိတယ်၊ အခု လောလောဆယ်
လေးပါ၊ မိဘမျက်နှာကို ငဲ့ရာလည်း ကျမယ်၊ ဖူး ကလည်း ဘာမှအပြ
မရှိတဲ့သူမို့လို့ .."

"နားလည်ပြီ .. အစတည်းကလည်း မင်း ဖြစ်စေချင်တဲ့အတိုင်း
လိုက်လျှောဖို့ပဲ ဆုံးဖြတ်ထားတာ၊ ဒါပေမယ့် မင်း ကိုယ့်ကို ဘယ်





စီရင်ချက်ချဖို့ စိတ်ကူးထားလဲဆိုတာ မသေချာတဲ့အတွက် ခံရခက်လာ
တိုင်း ထွက်လာတဲ့ဒေါသက အဲဒါကြောင့် .."

"ကဲ .. ကဲ .. မင်းတို့ ဘာတွေ နားလည်မှု ယူထားကြတယ်ဆိုတာ
ငါ ရိပ်မိပြီ၊ အခု ပြောနေကြပုံက အပေးအယူဆန်နေပြီဆိုတော့ လော
လောဆယ် အဲဒါကို ထားလိုက်ကြကွာ .. နားလည်မှုရှိနေကြရင် အခြေ
အနေဆိုတာ ပြောင်းလဲယူလို့ ရတယ်"

အောင် က ပတ်ဝန်းကျင်ကို ဝေ့ကြည့်ပြီး ဒီနားက ခွာသင့်ပြီကို
သတိပေးဖို့ ဖြစ်သည်။ ထို့ကြောင့် ...

"ဖြစ်မလာသေးတာကို ဒါပဲပြောပြီး အနိုင်လုနေလို့ကတော့ ဘာမှ
ဖြစ်လာမှာမဟုတ်တဲ့အပြင် ခုထက် ဆိုးတာတွေတောင် ဖြစ်လာဦးမယ်"

"အနိုင်လုနေတာ မဟုတ်ဘူးကွ .. ခုတောင် ဘယ်သူမှ မသိ
အောင် ထွက်သွားတာ ငါ မြင်လိုက်လို့"

ချိန်း က မကျေမနပ် ပြောပေမယ့် ကမာ့ နဖူးလေးကို လက်သီး
ဆုပ်နဲ့ လှမ်းထိပြီး စစ်ပြေငြိမ်းခြင်းမည်သော ရယ်မြူးခြင်းတွေ မျက်ဝန်း
မှာ ချက်ချင်းဖြစ်၏။

"မင်းလည်း အဲဒီလို အဖြစ်မခံနိုင်ဘူးမို့လား၊ နောက်ကို မတည့်ရာ
မတည့်ကြောင်းတွေ မပြောနဲ့"

"သူ့ကိုလည်း မင်း ပြောလေ .. ဒီတစ်ခါဆို ချိန်း က ရန်ဖြစ်နေမှာ
မဟုတ်ဘူးလို့ တစ်ခါတည်း နိုးပြေးမှာ"

သူ့ဟာသူ ပြောပြီး ရယ်သည်။ ပြီးတော့ ကမာ့ ဆလင်းဘက်ခ်
လေးကို ဆွဲဖြုတ်ယူလိုက်ပြီး ...

"မနက်စာ သွားစားမယ်"

"ဖူး ကို သွားခေါ်ဦးမှပေါ့၊ သူတစ်ယောက်တည်း မစားရဘဲဖြစ်
နေလိမ့်မယ်"

"ပြီးမှပဲ မင်း လိုက်ကျွေးလိုက်ပါကွာ၊ အဲဒီလောက်ထိ ...က



www.burmeseclassic.com

www.burmeseclassic.com



မရတော့ဘူး"

"ဟုတ်ပါတယ်ဟာ .. သူလည်း ကိုးနာရီ ဆယ်နာရီမှ အိပ်ရာထ တာပါ၊ ပြင်မှာဆင်မှာနဲ့ ကြာဦးမှာ .."

အောင် ကလည်း သဘောမတူဘဲ လူရှင်းသည့်ဆိုင်ထဲ ရောက်လာ ကြသည်။

"ငါ ဟိုဘက်မှာပဲ ထိုင်မယ်ကွာ .. မင်းတို့ ပြောဆိုနေမှာတွေ နားရှက်လို့ .."

"အို .. နားရှက်စရာတွေ ပြောနေမှာမှ မဟုတ်တာ .. အောင် ကလည်း တော်ကြာ ဖူး နဲ့တွဲလိုက် .. ကမာ နဲ့ ဖြစ်သွားလိုက်နဲ့၊ လူတွေ သတိထားမိကုန်မှာပေါ့"

အောင် က ဟိုဘက်စားပွဲကို ခြေလှမ်းပြင်ပြီးမှ ပြန်လှည့်ကြည့်၏။ ဒါပေမယ့် ဝိတ်တာတစ်ယောက် အနားရောက်လာသဖြင့် ကမာ ဘာမှ မပြောဖြစ်လိုက်ပေ ..။ နှစ်ယောက် အတူထိုင်လိုက်ကြပြီးမှ အောင် က ခပ်တည်တည် ကြည့်ကာ ...

"ဘယ်သူက ဖူး နဲ့ တွဲနေလို့လဲ .. ရှေ့တင်မှာမကဘူး ကွယ်ရာမှာ တောင် နေရာချန်ပေးဖို့ ကြိုးစားသေးတယ်၊ မင်း ကြည့်လုပ်" တဲ့။

ဝိတ်တာရှေ့မှာပဲ ပြောနေသဖြင့် စိတ်ဆိုးရခက် .. နားလည်ရခက်၊ ဖူး အပေါ် နည်းနည်းလေးဖြစ်ဖြစ် ပြေပြေပြစ်ပြစ် ရှိလာအောင် ဘယ်လို လုပ်ရမှန်းတောင် မသိတော့ပါ ..။ စကားနိုင်လုနေလည်း အပိုပဲမို့ ဝိတ်တာ မြန်မြန်ထွက်သွားအောင် သူမပဲ စားစရာ မှာလိုက်ရသည်။

"ထမင်းကြော် ဘာနဲ့ရလဲဟင်"

"ပင်လယ်စာ ချဉ်စပ်အသုတ်တစ်မျိုးမျိုးနဲ့ ရတယ်၊ ကြက်ဥ ဟတ်ဖ်ရိုက်ဒ်နဲ့ ရတယ်၊ ဆတ်သားမီးဖုတ် ဆီဆမ်း"

"ရပြီ .. ရပြီ"

လှည့်ကြည့်တော့ ချိန်း က စိတ်ဝင်စားပုံ မပြသဖြင့် ...





"ဆတ်သားဆီဆမ်းနဲ့ ထမင်းကြော် နှစ်ပွဲ .."

"ဘာလုပ်ဖို့လဲ နှစ်ပွဲ .."

ကမာ ချိန်း ကို အံ့ဩသလို လှည့်ကြည့်မိကာ ...

"ချိန်း ဘာမှ မစားဘူးလား"

"တစ်ပွဲပဲ ရတယ်၊ အတူတူ စားမယ်"

"ဟင်!..."

"ဘာလဲ .. မင်း မဝမှာစိုးလို့လား၊ ထမင်းကြော်စားတိုင်း တစ်ခါမှ ကုန်ဘဲနဲ့ .."

"မဟုတ်ပါဘူး .. ဟို .."

"ရတယ် .. ဒီမှာ ညီလေး တစ်ပွဲပဲပေး"

"ဟုတ်ကဲ့"

ထွက်သွားမည်ပြင်တော့ ကမာ က 'နေဦး' ဆိုပြီး တားလိုက်ကာ...

"လက်ဖက်ရည်တစ်ခွက် ကော်ဖီတစ်ခွက် ပေး .."

"လက်ဖက်ရည် ဘာလုပ်ဖို့လဲ .. ကော်ဖီပဲ သောက်မယ်"

"ကော်ဖီ .."

သူ ကော်ဖီ သိပ်မကြိုက်တာ သိသဖြင့် အံ့ဩသွားပေမယ့် ဒီတစ်ခါ ပြန်မမေးတော့ပါ ..။

"ဒါဆို ကော်ဖီ နှစ်ခွက်"

"တစ်ခွက်ပဲ ရတယ်"

"ချိန်း .."

"တစ်ယောက်တစ်ဝက် သောက်မယ်"

ကမာ မျက်လုံးလေး ဝိုင်းနေကာ ဝိတ်တာက ခေါင်းကုတ်ရင်း ပြုံးစိစိ ဖြစ်နေ၏။

"ရပြီ ညီလေး .. ဒါပဲ မြန်မြန်လုပ် .."

ဝိတ်တာ ထွက်သွားသည်နှင့် စကားပြောဖို့ ဖြစ်နေသည့်ကမာ့



www.burmeseclassic.com

www.burmeseclassic.com



နားကို လှရောခုံရော ရှေ့ထိုင်လိုက်သည်။

"ဘယ်လိုဖြစ်နေတာလဲ ချိန်း .. သူများတွေ ကြည့်ကုန်ပြီ၊ ဘာ
မကျေနပ်လို့ အရှုံ့တိုက်နေတာလဲ"

"မင်းလေ .."

ချိန်း က ကမာ ထိုင်နေသည့် ကျောမှီမှာ လက်တင်လိုက်သ
ပခုံးကို ဖက်ထားသလို ဖြစ်သွား၏။ ကမာ ကျောလေး မသိမသာ
တောင့်မတ်သွားတာကို စိုက်ကြည့်ပြီး ပြုံးလိုက်ကာ ...

"သတိပေးတာ .. နောက်ဆိုရင် ဖူး ကို သတိရတိုင်း ကိုယ့်ကို
ထည့်တွက်တတ်အောင်"

"ဘာဆိုင်လို့လဲ .."

"မဆိုင်ဘူးထင်ရင် လုပ်လေ .. မင်းက နည်းနည်းဆို ကိုယ်
များများပြန်လုပ်မှာ၊ ကိုယ် လိုက်လျှော့ဖို့စဉ်းစားထားပေမယ့် နေ
ချင်းတော့ မလဲနိုင်ဘူး"

စားပွဲပေါ်မှာ ချထားသည့်လက်ကို ထပ်ကိုင်လိုက်တော့ ကမာ
စိတ်ညစ်သွားမိသည်။ ချိန်း က ကြည့်ပြီး ရယ်၏။

"နှုတ်ခမ်းစူသွားပြီ တွေ့လား .. အရမ်းချစ်ဖို့ ကောင်းတယ်"

"သေလိုက် .. အဲဒီမှာ"

"ဒေါသဖြစ်လည်း လှတာပဲ၊ မျက်လုံးလေးတွေက လရောင်ထိ
သွားတဲ့ ရေပြင်လေးတွေ လက်နေသလို .."

"ချိန်း နော် .. မျက်လုံးကြီး လွဲထားလိုက် .. ဒီမှာ ဘယ်လိုနေ
မှန်း မသိတော့ဘူး"

"လက်ကို မရုန်းဘဲ ငြိမ်ငြိမ်လေး နေလိုက်လေ .. နှုတ်တရှုတ်တွေ
ပါလာရင် ဒီက အလျှော့ပေးချင်တာ မဟုတ်ဘူး"

"သိတယ် .. ဟွန်း .. ရုပ်ကြီးက"

ကမာ မျက်စောင်းထိုးတော့ ချိန်း က အသံမထွက်ဘဲ ရယ်သည်



ပြီးတော့ လေသံတိုးတိုးနှင့် ...

"ကိုယ်တို့နှစ်ယောက် ဟန်နီးမွန်းဆိုရင် အရမ်းရင်ခုန်ဖို့ ကောင်း
တော့ .. ဘယ်သွားသွား ပခုံးလေးဖက်ပြီး ဘယ်မှာနေနေ ရင်ခွင်ထဲ
ည့်၊ ဘယ်သူကြည့်ကြည့် အတင်းနမ်း .."

"ချိန်း .."

ကမာ အလန့်တကြား ဖြစ်သွားသည့်မျက်နှာလေးက ပါးပြင်
းတွေ ရဲတက်သွားသဖြင့် ချိန်း က ပခုံးတွေလှုပ်အောင် ရယ်သည်။
တော့ ပခုံးချင်းတိုက်၍ လက်ပိုက်လိုက်ရင်း ...

"ရှက်လို့ ငိုတော့မှာလား မသိဘူး၊ တော်ပြီ ငြိမ်ငြိမ်လေးပဲ
နေတော့မယ်" တဲ့ ...။

ဒေါသဖြစ်တာ မဟုတ်၊ သူ့မျက်နှာလည်း မကြည့်ရဲတော့ဘဲ မျက်
ာင်းလေးတစ်စင်းတော့ ဖြစ်သွား၏။ နှစ်ယောက်၏နှုတ်ခမ်းက
အပြုံးတွေကို မြင်နေရကာ အောင် မျက်နှာလွဲမိလိုက်၊ မျက်လုံးက
ပြန်ရောက်သွားလိုက် ...။ 'မကြည့်ချင် မြင်လျက်သား' ပါလား ...။

ချစ်နေပေမယ့် မချစ်သလို နေရသည့်ဒုက္ခဟာ ကြာလာလေ ပိုဆိုး
လေ ...။ သူတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြပြီဆိုမှ သူ့ရင်ဘတ်
တစ်နေရာတည်းမှာ မီးစတစ်စက လေတိုက်လိုက်တိုင်း ရဲခနဲ ရဲခနဲ
ဖြစ်တာမျိုး ...။ အစတည်းက ကမာ့ ကို သူ စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်
ခဲ့တာ ဘာလဲ ...။

ချိန်း နဲ့ ချစ်သွားမှာ မဟုတ်ဘူးလို့ ယုံကြည်နေခဲ့လို့လား .. ဒါမှ
မဟုတ် သူများရသွားမှ နာကျင်နေတာလား၊ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်
နေမှန်းမသိတော့ပေမယ့် နာကျင်မှုက ပြည့်တည်နာတစ်ခုလို ခံရခက်လာ
တာတော့ သေချာလေသည်။ သူ ကမာ့ ကို ဒီလောက်ထိချစ်နေမိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

"ကျောက်မောင်နှမ ဟုတ်လား .."

"အေး .. ကားလမ်းက ကြမ်းတယ်၊ ဆိုင်ကယ်လ် ငှားရင် သုံးထောင်"

"ကိုယ့်ဟာကိုယ် မောင်းရမှာလား"

"လူပါလည်း သုံးထောင်ပဲ ဘာလုပ်မှာလဲ .. ငါတို့ စီးနိုင်တာပဲဟာ .."

"ကောင်းတယ် .. ကောင်းတယ်၊ ဘယ်သွားရမလဲ စဉ်းစားနေတာနဲ့ အတော်ပဲ"

အောင် က သတင်းပေးသည်။ ဖူး က လက်ခုပ်လေးတီးပြီး ထောက်ခံ၏။ စားပွဲကျဉ်းကျဉ်းလေးမှာ အုန်းရည်ထိုင်သောက်နေကြရင်း တစ်ယောက်နဲ့တစ်ယောက်ကလည်း နီးကပ်နေရာ ..၊

"သွားရအောင်နော် ချိန်း .. ဖူး ဆိုင်ကယ်လ် စီးချင်လို့ပါ"

ချိန်း မျက်လုံး ဝင်းခနဲ ရောက်လာတော့ အောင် မျက်ခုံးတွေ ပင့်သွားကာ မျက်နှာ ဟိုလှဲဒီလှဲ..၊ ကမာ က အုန်းရည်စုပ်နေသည့် ပိုက်တံလေးကို ကိုင်ထားလျက်နှင့် ချိန်း ကို မော့ကြည့်၍ ...





"ဟုတ်သားပဲ .. ဒီနေ့ မပြန်ဖြစ်သေးဘူးဆိုတော့ သွားရအောင်လေ .. သဲဖြူကျွန်းကို ညနေမှ သွားမှာပဲ"

"သဲဖြူကျွန်းက လေးနာရီဆို စက်လှေတွေ မထွက်တော့ဘူး၊ ကျောက်မောင်နှမကို သွားမနေနဲ့တော့ .."

ချိန်း က ပေါ်တင်ကန့်ကွက်သည်။ ဆိုင်ကယ်လ်ငှားစီးပြီဆို ဖူးဖူးခင် သာ သူ့နောက် ရောက်လာမှာကို သိနေသည်။ ထို့ကြောင့် ...

"သွားဖူးနေတာပဲ .. ဘာလုပ်ဖို့လဲ"

လို့ အောင့် ကို မျက်မှောင်ကုတ်ကြည့်ပြီး ကြိမ်းလိုက်သေးသည်။ သို့သော် ..

"ချိန်း ကလည်း .. ဖူး မရောက်ဖူးလို့ပါ၊ လိုက်ပို့ပါ ချိန်း ရယ်..နော်၊ ဆိုင်ကယ်လ်စီးရမှာလည်း ပျော်တယ်၊ ဖူး လေ .. အခု ဦးလေးချက်ကြီး နဲ့ ကားမောင်းသင်တာတောင် တော်တော်ဟုတ်နေပြီ သိလား၊ အရင်ကဆို ကားမောင်းဖို့မပြောနဲ့ ကားပေါ်ထိုင်လိုက်ဖို့ အိမ်သဲကထွက်မှာတောင် အရမ်းဝန်လေးတာ၊ အိမ်သားတွေက အံ့သြနေကြပြီ၊ ဖူးလေး နတ်ရေကန်ထဲ ကျလာတာ ထင်တယ်တဲ့"

"ဟုတ်မှာပေါ့ .. ရေကန်စောင့်နတ်သမီးက နေကမာ တဲ့"

အောင် ဝင်ပြောတော့ ချိန်း မျက်နှာ တစ်စက်မှ အပြုံးအရယ်မရှိဘဲ ဖူး က ကမာ့ ကို လှည့်ကြည့်ပြီး ရယ်သည်။ ပြီးတော့ ပခုံးကိုဖက်ထားလိုက်ကာ ..

"အရမ်းမှန်တာပေါ့၊ ကမာ က ဖူး ရဲ့ ဖန်ဆင်းရှင်ပဲ"

ချိန်း နှုတ်ခမ်းမဲ့၍ အုန်းရည်က ပိုက်တံကို လုံးကာ တစ်ဖက်ကို ခွဲပေါက်ပစ်သည်။ ဖူး ဖျတ်ခနဲ လှည့်ကြည့်ကာ ...

"ဘာဖြစ်လို့လဲ ချိန်း .. အုန်းရည်တွေ မသောက်ရသေးဘဲနဲ့ .."

"ချဉ်လို့ .."

"ဟုတ်လား .. ဖူး ရဲ့အလုံးက ချိုတယ်၊ လဲမလားဟင် .. ပိုက်



www.burmeseclassic.com

www.burmeseclassic.com



အသစ်တောင်းပေးမယ်လေ"

"နေပစေ .. မသောက်ချင်လို့"

အောင် နဲ့ ကမာ မျက်လုံးချင်းဆုံသွားသည်။ ပြဿနာစတော့မည် မှန်း သိကာ စကားပြော ဆင်ခြင်ဖို့ မျက်လုံးချင်း သတိပေးလိုက်ကြတာ ဖြစ်ကာ ...

"ဒါဆိုလည်း သောက်ပြီးကြရင် အေးအေး နားလိုက်ကြမယ်လေ၊ သုံးနာရီလောက်ကျမှ သဲဖြူကျွန်းသွားကြတာပေါ့၊ ဟိုမှာလည်း ကြည့် စရာတော့ သိပ်မရှိပါဘူး၊ ကျောက်ဆောင်တွေ လှတာပဲ ရှိတယ်၊ စေတီ ဖူးပြီး ဓာတ်ပုံလေး ဘာလေး ရိုက်ပြီး ပြန်လာတာပေါ့"

ဘယ်သွားမယ် .. ဘာလုပ်မယ်နဲ့ ထွက်လာတိုင်း သူ့အသံချည်းပဲ မို့ ချိန်း မျက်လုံးတွေ အောင့် ဆီ ရောက်သွားပြန်သည်။ ကမာ က ဘာကိုမှ သတိမထားမိသည့်လေသံနှင့် ...

"ဟုတ်ပါတယ် .. ခုနေသွားလည်း ဆိုင်ကယ်လ်စီးရမယ့်လမ်းက ကြမ်းတယ် ဖူး ရဲ့ .. မနက်ဖြန်ကျမှ မပြန်ခင် သွားလိုက်မယ်လေ"

"ဘယ်ကိုလဲဟင် .."

"ကျောက်မောင်နှမကိုလေ .. မနက်ပိုင်းစောစောလေး သွားရင် နေလည်း မပူဘူး၊ ကမ်းစပ်ကနေသွားလို့လည်း ရတော့ ပင်လယ်ကို ကြည့်ပြီး ဆိုင်ကယ်လ်စီးရတာ အရမ်းလှတာ .."

"ဟုတ်လား .."

မသွားရတော့ဘူးထင်ပြီး မှိုင်သွားသည့် ဖူး မျက်နှာက ချက်ချင်း ဝင်းပကြည်လင်သွားသည်။

"အခုသွားရင် ကမ်းစပ်ကသွားလို့ မရဘူးပေါ့နော်"

"မနက် ဆယ်နာရီလောက်ဆို ရေတက်လာပြီလေ .. သောင်တွေ ကို ဖုံးသွားတာပေါ့၊ ညနေပိုင်း သွားလို့ရမရတော့ မသိဘူး"

"ရတယ် .. ရတယ်၊ မနက်ဖြန် သွားရမယ်ဆို ပြီးတာပဲ"





ပြောပြီး ချိန်း ကို လှည့်ကြည့်ကာ ...

"ငါက ဆိုင်ကယ်လ်ကိုပဲ စီးချင်နေတာ .. အကြာကြီး စီးရမှာ လားဟင်"

ကမာ က ရယ်လိုက်ပြီး ခေါင်းညိတ်သည်။

"နာရီဝက်နီးပါးလောက်ပေါ့"

"အိုခေ .."

ချိန်း နဲ့ ကမာ ရဲ့အလယ်မှာ ထိုင်နေပြီး ဟိုဘက်လှည့်ကြည့်၊ ဒီဘက်လှည့်ပြောနှင့် ဘာဆိုဘာမှ အလိုက်မသိ .. အကဲမခတ်တတ်တဲ့ ကလေးတစ်ယောက်နဲ့ တူ၏။

"ဒါဆို သဲဖြူကျွန်းတွေဘာတွေ အလုပ်ရှုပ်မနေနဲ့တော့၊ ခုပဲ သွားလိုက် .. မနက်စောစော ပြန်မယ်"

"ဟင်!..."

ထဖြစ်တာလည်း ချိန်း ပဲ ဖြစ်၏။ ဒီတစ်ခါ ဝမ်းသာသွားတာ လည်း ဖူး ပဲ ဖြစ်ကာ ...

"ခု သွားရမယ် .. ဟုတ်လား"

ချိန်း လက်မောင်းကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်မေးကာ ပြီးတော့မှ အသာလေး ပြန်လွှတ်၏။ ဆိုင်ကယ်လ်ငှားကြတော့ အောင် နဲ့ ကမာ က တစ်စီး၊ ချိန်း နဲ့ ဖူး တို့က တစ်တွဲ ...။

"ငါတို့ ကမ်းစပ်ကနေ သွားမလား ချိန်း .."

"မသွားချင်ဘူး .. ဖုန်တွေနဲ့ ဝပ်နေတဲ့နေရာတွေကို တိုးရတာ ပင်ပန်းတယ်၊ ရေရှိမရှိ မေးခဲ့ရတာ မဟုတ်ဘူး"

ချိန်း မျက်နှာက တစ်စက်လေးမှ အပြုံးအရယ် မရှိပေ။ အောင့် နောက်ကနေ ပါသွားသည့် ကမာ့ ပုံရိပ်လေးကို မြင်နေရတိုင်း လိုက်ဆွဲ ချကာ 'လာ ဒီမှာ ထိုင်'ဆိုပြီး ကိုယ့်နောက်မှာ တင်လိုက်ချင်သည်။

ခါးကို ဖက်ထားလို့ အမိန့်တွေပေးကာ အဆုံးအဲစမဲ့ ကင်ကြီးပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ မနားတမ်း ပြေးချင်၏။ ခုတော့ ကိုယ့်ခါးကို ဖက်ထားတာ ... ဖူးဖူးစင် ...။

ဆိုင်ကယ်လ် မစီးဖူးဘူးဆိုတာ ဟုတ်နိုင်ပေမယ့် ခါးကို လက်နှ... ဖက်နဲ့ သိမ်းကျုံးဖက်ထားသည့်ပြင် တစ်ကိုယ်လုံး ပက်ကျိတစ်ကော... လို ကပ်နေသည်။ ကျောပြင်မှာ ပါးနဲ့ကပ်ထားပြီး စကားထထပြောတ... စိတ်ပျက်ဖို့ အကောင်းဆုံး ...။

"ချိန်း .."

"ဟင် .."

"ဖြည်းဖြည်းမောင်းပါလား .. ကြာကြာစီးရတာပေါ့၊ ပြီးတော့ ဖူး ပြုတ်ကျမှာကြောက်လို့ ဘယ်ကိုမှလည်း သေချာမကြည့်ရဘူး"

"တောတွေ တောင်တွေ ဘာမှ မထူးဆန်းဘူး"

မေးတာကိုဖြေနေရင်း အောင့် နောက်မှာပါသွားသည့် ကမာ့ ကို... လှမ်းကြည့်နေမိသည်။ လည်ပင်းအဟိုက်ကနေ လက်မောင်းတစ်ဝက်ထိ ပဝါခြုံထားသလို ခပ်တွန့်တွန့် အပြာနုရောင်ပိုးပျော့လေးနှင့် အဖြူရောင် ကိုယ်ကျပ်ခါးရှည်မှာလည်း အပြာတွေနဲ့ တစ်ကွက်စီ ကျားထား၏။

ပြီးတော့ နက်ပြာရောင် ဂျင်းကွာတားက ခြေသလုံးတစ်ဝက်ထိ ကျပ်ကျပ်လေး ဖြစ်သည်။ ဆံပင်တွေကို တစ်ဖက်တည်း စုသိမ်းကာ ရှေ့မှာ ချထားသဖြင့် ဆံယဉ်စလေးတွေပဲ လွင့်မျောနေတာ ရှိသည်။

အောင့် ပခုံးတစ်ဖက်ပေါ်မှာ လက်တင်ကာ လှပကျနသည့် ကိုယ်လုံးအလှက ထိုင်နေပုံလေးကြောင့် ထင်းရှင်းနေ၏။

လေးဘက်လေးတန် ဘယ်ကကြည့်ကြည့် လှသည်။ ပြုံးနေ တည်နေ ဒေါသထွက်နေလည်း ချစ်ဖို့ကောင်း၏။ ထို့ကြောင့် ကမာ့ ကို သူ အရုပ်လေးတစ်ရုပ်လို မြတ်နိုးသည်။

သည်းဦးပန်းလေးအဖြစ် အပြီးတိုင် သတ်မှတ်ခဲ့၏။ အချစ်ရှိလို့ အလှရှိတာဖြစ်ဖြစ် အလှရှိလို့ အချစ်ဖြစ်သည်ပဲဆိုဆို ကမာ့ ကို သူ





...မြတ်နိုးနိုး ချစ်လေသည်။

"ချိန်း က ဖူး ကိုဆို တရင်းတနှီး ဘယ်တော့မှ မဆက်ဆံဘူး" ပြောတာကို ကြားပေမယ့် မကြားသလို နေလိုက်၏။ ဖူး က ...း ရဲ့ဟာဝေယံရှပ်အဖြူရောင်ပေါ်မှာ ပါးလေးကပ်ထားရင်း စကား ...ပြောတိုင်း နှုတ်ခမ်းနဲ့ကပ်လိုက်၊ မေးဖျားလေးနဲ့ ပွတ်လိုက်ရှိနေကာ...

"ချိန်း .. ဖူး ပြောတာ ကြားလားလို့"

"ဘာလဲ .. မကြားဘူး၊ နောက်မှ ပြော"

ဆိုင်ကယ်လ် ပြေးနေလို့ မကြားတာပဲဟု ထင်ကာ ဖူး က အသံ ...းမြှင့် အော်ပြောသည်။ စိတ်ပျက်ဖွယ်ပါလား ..။

"ချိန်း က ဖူး ကို ဘာဖြစ်လို့ အရေးတယူ မရှိရတာလဲလို့ မေးနေ ...ာ၊ ဖူး က ရင်းနှီးသလောက် ချိန်း က အရမ်းစိမ်းတာပဲ၊ ကမာ ...ို့နဲ့ဆို ရယ်လို့မောလို့"

"ကမာ က ဟိုအရင်ကတည်းက သူငယ်ချင်း"

"ဖူး နဲ့လည်း သူငယ်ချင်းဖြစ်ခဲ့တာပဲ၊ လက်ထပ်ဖို့တောင် သေချာ ...နေပြီ၊ အဲ့ဒါ အရင်းအနှီးဆုံး ဖြစ်ရမှာ မဟုတ်ဘူးလား"

"ဘာမှမဆိုင်ဘူးဆိုတာ မင်း မတွေးမိလို့ပါ"

"မဆိုင်ဘူး .. ဟုတ်လား"

အတင်း အော်ပြောနေသဖြင့် နားထဲမှာ ကန့်လန့်ကြီး ဖြစ်လာခဲ့ ...သည်။ လူတောမတိုးရဲဘူး၊ ကြောက်တတ်တယ်လို့ နာမည်တွင်ခဲ့ပြီး ...တော့ ခုကျတော့ မပြောရဲတာ ဘာရှိလို့လဲ ..။

ကျောပြင်မှာလည်း ဒီလောက်ထိ ကပ်ပွတ်တိုက်နေတာ ဘယ် ...လောက်တောင် စွန်းထင်းပေကျံနေပြီ မသိ ..၊ နောက်က စကားတွေ ...အောင်ဖွဲ့နေသလောက် ချိန်း စိတ်ပျက်မိ၏။

"ခဏလောက် ရပ်ပေးပါလား ချိန်း ရယ် .. တစ်နေရာတည်း ...ထိုင်စောင်းနေရတာ ညောင်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ .. ရပ်လိုက်ရမှာလား .. ရောက်တော့မှာ"

"ခဏလေးပါ"

ချိန်း က ခပ်ပြေပြေ တောင်စောင်းအတိုင်း လိမ့်ဆင်းလာပြီး လမ်းဘေးကို နည်းနည်းကွေ့ကာ ထိုးရပ်လိုက်၏။

"အမေ့!.."

ဆင်းမလို့ ကိုယ်ရွှေ့လိုက်စဉ် ဆိုင်ကယ်လ် လှည့်လိုက်လို့ ယိ သွားတာနှင့် တိုက်ဆိုင်ကာ ဖူး မတ်တတ်လေး ပြုတ်ကျပြီးမှ ပုံခဲ

"အား .. နာလိုက်တာ"

"ဘာဖြစ်လို့ ဆင်းလိုက်တာလဲ.. သေချာရပ်မှ ဆင်းတာမဟုတ်ဘူး"

ဆိုင်ကယ်လ်ကို ဒေါက်ထောက်လိုက်ပြီး ဖူး ကို ချိန်း က ဆွဲ ပေးသည်။

"ရပ်လိုက်ပြီ မှတ်လို့လေ .. ပြီးတော့ ခြေထောက်နဲ့ မိတယ်မှတ် လို့ ဆင်းလိုက်တာ၊ အား .. ဟိုကျောက်တုံး ခြစ်မိသွားတာ ထင်တယ် နာလိုက်တာ"

ဖူး က စတော့ကင်တွေပဲ အဝတ်များကာ လူက သေးသေးကွေး ကွေးမို့ လက်ပြတ်ခါးရှည်တွေနဲ့ ဝတ်တတ်သည်။ ခြေကျင်းဝတ် ရှည်သည့် စတော့ကင်ကို သူမဘာသာ လိပ်တင်လိုက်တော့ ခြေမျက် အောက်နားမှာ သွေးစို့နေသည့်ဒဏ်ရာကို ချိန်း မြင်လိုက်၏။

"သွေးထွက်သွားတယ် ထင်တယ်၊ ဆင်းလိုက်လို့ ဟိုကျောက်တုံး ကွဲနဲ့ ခြစ်မိသွားတာလား"

"ဟုတ်တယ် .. သိပ်တော့ မများဘူး ထင်တယ်၊ ခဏ နားလို့ရ ကောင်းမှာ"

ချိန်း နဲ့ နှစ်ယောက်တည်း နေရတဲ့အချိန်လေးကို ရနိုင်သမျှ ဆန့်ထားချင်လို့ပါ။ ချိန်း က ခါးထောက်၍ ပျောက်ကွယ်လု ဝေးကွာသွားကြပြီဖြစ်သည့် အောင် တို့ဆီ လှမ်းကြည့်ကာ ...





"နေလည်း ပူနေသေးတယ်၊ အရိပ်မရှိ ဘာမရှိ နားမနေပါနဲ့.. ခြေထောက်က သိပ်မများဘူးဆိုရင် သွားမယ် .."

"ဟို မများပေမယ့် .."

"ဟိုရောက်မှ ဆေးဆိုင်တွေမှာ ဆေးလေးဘာလေး မေးပြီး ဝယ် ထည့်ရမှာ၊ တက် .. သွားမယ်"

ဒဏ်ရာကို ဂရုတစိုက် နည်းနည်းပါးပါးလေးတောင် ကိုင်ကြည့် ဖော် မရ ...၊ သွေးထွက်တာက စင်းရာကြီးတစ်ခုမှာပဲ ဖြစ်သော်လည်း မှန်းရှထားသည့် စင်းကြောင်းတွေက ခြေထောက်တစ်ခြမ်းလုံးမှာ ရှိနေ သည်။ နာလည်း နာနေပေမယ့် သူ့အမိန့်အတိုင်း ဖူး ပြန်တက်လိုက်ရ ၏။ ဒီတစ်ခါ သူ ကြိုက်ကြိုက်မကြိုက်ကြိုက် နောက်ကနေ ခါးကို တအား ဖက်ထားမိသည်။

ရင်ဘတ်နဲ့ ကျောပြင် တစ်သားတည်း ထိကပ်ထားမိလျက် မွေးပျံ့ သည့် ကျောပြင်ကျယ်မှာ ပါးနဲ့ကပ်၍ နှာခေါင်းထဲ ဝင်လာနေသည့် သူ့ရဲ့ ကိုယ်နံ့ကို တပ်မက် မြတ်နိုးနေမိသည်။

"ဟေး .. သေချာ ဖက်ထား .. ပြုတ်ကျဦးမယ်"

"ပြုတ်ကျရင် အတွဲလိုက်ကျမှာပါ၊ ကော်နဲ့ကပ်ထားတဲ့အတိုင်းပဲ.. မတွေ့ဘူးလား .. ဟား .. ဟား .."

ဖြတ်သွားသည့် ကားပေါ်ကနေ ရယ်သံတွေ ဝေ့ဝဲကျန်ရစ်၏။ ချိန်း ရင်ပူသွားပေမယ့် ဖူး တို့က တုတ်တုတ်တောင် မလှုပ် ...။ အသက်မှ ရှိသေးရဲ့လားလို့ မေးလိုက်ရင် မကောင်းဘဲ ရှိတော့မည်။

ကျောက်မောင်နှမစေတီကို ဖူးချင်တာလည်း သူမပဲ ဖြစ်ကာ ခြေ ထောက်က နာသည်ဆိုလို့ သူပဲ လိုက်ပို့ခဲ့ရသည်။ စေတီက သိပ်မမြင့် ပေမယ့် လူကို အတင်းဖက်တွယ်မိထားတော့ အတက်လည်း ခက်၊ အဆင်းလည်း မလွယ် ...။

ဒီကြားထဲ ကမာ နဲ့ အောင် တို့ ဘယ်သွားသွား သူ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



မြင်နေရသဖြင့် အတူနေချင်တာက တစ်ယောက်၊ နေနေရတာက တခြားတစ်ယောက်နဲ့ ဖြစ်နေသည့် ကိုယ့်အဖြစ်ကို ဘယ်လို ထုတ်နုတ် ပေါက်ကွဲရမှန်းပင် မသိတော့ပါ။

"ဟိုမှာ ပြောပြနေတာ ကြားလား ချိန်း .. ကျောက်မောင်းမှ သမိုင်းကြောင်းကို ပြောပြနေတာ"

အလျှုခံမဏ္ဍပ်ကို မေးဆတ်ပြပြီး လက်ကို မလွှတ်တမ်း ကိုင်ထား သဖြင့် သူမ ဘာပြောချင်တာကို သိလိုက်၏။

"မင်းမှာလည်း ခြေထောက်နာနေတယ်မို့လား ဖူး၊ တစ်နေရာမှာ ခဏလောက် ငြိမ်ငြိမ်လေး ထိုင်နေဖို့ စိတ်ကူးမဖြစ်ဘူးလား"

ဖြစ်တာပေါ့ .. သွေးတွေ စိမ့်နေသည့်ဒဏ်ရာကို ကိုယ့်ဘာသာ ငုံ့ကြည့်ပြီး ဖူး မျက်နှာလေး ငယ်သွားသည်။

ဒဏ်ရာက နာနေတာပဲဟာ .. ခဏလောက်တော့ ထိုင်နားချင်တာ ပေါ့ ချိန်း ရယ် .. အနားမှာ ချိန်း က ဖူး ရဲ့ဒဏ်ရာလေးကို ဂရုစိုက်ပြုစု ပေးတာကို ငြိမ်ငြိမ်လေး ခံယူပြီး ချိန်း ရဲ့မျက်တောင်တိုစိပ်စိပ်လေးတွေ အောက်ခြေတွေ စိမ်းဖန့်နေတဲ့ မျက်ခုံးတန်းနက်နက်လေးတွေကို ငုံ့မိုး ငေးမောရင်းနဲ့လေ ..။

ဒါပေမယ့် ခုနေ ဖူး က ထိုင်နေချင်တယ်ဆိုရင် ချိန်း က ဖူး ရဲ့ လက်ကို ဖြုတ်ချထားခဲ့မှာ၊ ကမာ တို့နဲ့ ကျောက်ဆောင်တွေ၊ ရေလှိုင်း တွေကြားမှာ သွားဆော့တော့မယ်၊ ခတ်ပုံတွေ ရိုက်ကြမယ် .. ဟုတ် တယ်မို့လား ချိန်း ရယ် ..။

ခုလို ချိန်း နဲ့ နှစ်ယောက်တည်း နေခွင့်ရတာတောင် ချိန်း က ကြင်နာချင်လို့မှ မဟုတ်တာ၊ ကမာ က ဖူး ရဲ့နှလုံးသားလိုအင်ကို နားလည်နေလို့ ဖြည့်ဆည်းပေးနေတာ သိရဲ့လား ..။

ဖူး လေ .. တစ်ခါတလေ ကမာ့ ကို အရမ်းအားကျမိတာပဲ၊ အရမ်းချောတဲ့ ယောက်ျားလေးနှစ်ယောက်ရဲ့ ဆရာမကြီး ဖြစ်ခွင့်ရနေ





တာကိုပေါ့။ ကမာ က အရမ်းကို လှပပြီး စကားပြောကောင်းတယ်၊ အမူအရာလေးတွေက သိမ်မွေ့တယ်၊ အဲဒါကြောင့် ဒီ့ရာရာကို ချုပ်ကိုင် နိုးမိုးနိုင်တာ ထင်ပါတယ်။

နောက်ပြီး နေရာတကာမှာ အသုံးမကျတဲ့ ဖူး ရဲ့ဆရာမကြီးလည်း ဟုတ်တယ် .. ကမာ သာ ဖူး ကို ခုလို ခင်မင်မလာခဲ့ရင် ဖူး လည်း ချိန်း ကို ကွယ်ရာကနေ ချောင်းမြောင်းကြည့်နေရတဲ့ဘဝမှာပဲ ရှိနေဦးမှာ ပါ။ နောက်ပြီးတော့လေ ..၊

လူကြီးတွေ စေ့စပ်ပေးတာကိုလည်း ချိန်း က ခါးခါးသီး ငြင်းပြီး လှည့်ထွက်သွားမှာပါ။ စေ့စပ်တာကို လက်ခံပြီး ချိန်း ရဲ့ဘေးမှာ သက် ဆိုင်သူအဖြစ် ဖူး ခုလိုနေခွင့်ရတာ ကမာ့ ကြောင့်ပဲ။ ဖူး ဘက်ကနေ ကမာ ရပ်တည်နေလို့ ချိန်း ခေါင်းမခါခဲ့တာ ..။

"ဟိတ် .. ဖူး .."

"ဟင်!.."

"ဟာ .. ငေးလိုက်တာကွာ၊ အခု ဘာလုပ်မှာလဲ .. ဟိုမဏ္ဍပ်ကို သွားချင်တာလား၊ ကျောက်ဆောင်တွေပေါ် သွားမလား"

မျက်ရည်တွေဝေ့နေတာကို မမြင်အောင် ဒဏ်ရာကို ငုံ့ကြည့်သလို လုပ်ပစ်ရင်း ဟိုကိုင်ဒီကိုင်နှင့် အကြောင်းမရှိ အကြောင်းရှာလိုက်သော် လည်း ကြင်နာသူမဲ့သည့်အဖြစ်က ဒဏ်ရာကို မြင်တိုင်း နှိပ်စက်နေ၏။

"ဖူး လည်း လိုက်မှာပေါ့"

"လိုက်မယ်ဆိုလည်း ထ .."

ချိန်း မျက်နှာက စိတ်မရှည်ခြင်းတွေနှင့် အုံ့မှိုင်းနေကာ တင်းမနေ တာပဲ ရှိသည်၊ တစ်ချက်လေးမှ အရယ်အပြုံး မရှိသလို ဖူး ရဲ့လက် ကလေးတစ်ဖက်ကိုဖြစ်ဖြစ် အမှတ်တမဲ့လေးတောင် ဆွဲကူဖော် မရ..။

နင် ဘာဖြစ်နေတာလဲ ဖူး .. ဟင် ..။

ဘယ်တုန်းကမှ ဒီလို တမ်းတခဲ့တာမဟုတ်ဘဲနဲ့ ကိုယ့်ဘာသာ ညည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ပေးဆပ်ရမှာပဲဆိုတာရော အစတည်းက နင် သိနေခဲ့တာပဲ မဟုတ်ဘူးလား ..။ စေ့စပ်ခဲ့တာလည်း ဘာမှမကြာသေးဘူး၊ နင် ဒီ့ထက် အများကြီး ကြိုးစား ရင်နှီးရဦးမှာ ..၊ လောဘတွေ ပြန်လျှော့စမ်း ..။

လူကြီးတွေကို အားမကိုးနဲ့ ..၊ ချိန်း ကိုယ်တိုင် နင့်ကို သံယောဇဉ်ဆိုတာ ရှိတတ်လာမှ ..၊

"ဖူး ရေ .. ဖူး .. ဒီကို လား ကျောက်ဆောင်တွေကို လှိုင်းပုတ်တာ အရမ်းလှတာပဲ"

ကမာ ရပ်နေသည့်နေရာကို လှမ်းကြည့်လိုက်တော့ ကျောက်တုံးကြီးတွေထဲက ပင်လယ်ဘက်အစွန်ဆုံးက ကျောက်တုံးကြီးဖြစ်ကာ ဖူး လှမ်းကြည့်လိုက်သည့်အချိန်နှင့် ကျောက်ဆောင်ကို လှိုင်းပုတ်သွားတာ တစ်ချိန်တည်း ..။

ဖွားခနဲ လွင့်စင်ကော့ထွက်သွားသည့် ရေလုံးကြီးက နှင်းခဲတွေလို ဆွတ်ဆွတ်ဖြူလျက်၊ ပင်လယ်ပြာနှင့် ရေလှိုင်းတွေက ကောင်းကင်ပြာထက်က တိမ်လိပ်ဖြူတွေနှင့် တူသွား၏၊ ထို့ပြင် မြင့်မြင့်မားမား ထောင်တက်သွားပြီးမှ ပြန်ကျသွားပုံက ကဗျာဆန်လွန်းသည်။ ဖူး တမေ့တမော ငေးသွားမိလိုက်၊ ဒဏ်ရာကိုရော ချိန်း ကိုပါ မေ့သွားသည်။

ထိုဆီသွားဖို့ ကျောက်တုံးလေးတွေပေါ် တလှားလှား တက်သွားမိ၏။ ပတ်ဝန်းကျင်မှာ လှိုင်းပုတ်ချက်များသည့် ကျောက်ဆောင်တွေကို ရှေး၍ ခတ်ပုံရိုက်နေကြသည့်အုပ်စုတွေကလည်း ကိုယ့်အာရုံနဲ့ ကိုယ်မို့ ဖူး ဘာကိုမှ ဂရုမစိုက်မိတော့ပေ ..။

"ဒဏ်ရာရထားတဲ့လူက ဒါကျတော့ အကောင်း .."

စိတ်ထဲမှာ ခပ်ချဉ်ချဉ်နှင့် ချိန်း မျက်နှာ မဲ့သွား၏

"ချိန်း ရော့ကွာ .. မင်း ရိုက်ပေးလိုက်ဦး"

"မရိုက်ချင်ဘူး"

အောင် က ကင်မရာ လာပေးရင်း တအံ့တသြ ကြည့်၍ ...





"မင်းကလည်း အဲ့လောက် မသိသာနဲ့လေ"

"မင်းကရော မသိသာလို့လား .. ကမာ့ ကျတော့ လက်ညှိုးမှာ သားမာတက်နေတာတောင် သိရဲ့လား"

ချိန်း ဒေါကန်နေတာမြင်မှ ကင်မရာခလုတ်ပေါ် တင်ထားသည့် ယ်လက်ညှိုးလေးကို ထောင်ကြည့်မိပြီး အောင် က ရယ်သည်။ တော့ ပခုံးတွန့်၍ ...

"ဒါကတော့ ကိုယ့်လူနဲ့ ကိုယ်လေ"

"ဘာ!... ဘာပြောလိုက်တယ်"

ချိန်း က အောင့် ပခုံးကို ဆောင့်ဆွဲ၍ မျက်နှာချင်းကပ် ကြိမ်းည်။ အောင် က စပ်ဖြဲဖြဲနှင့် ..၊

"မဟုတ်လို့လား .. ဆိုင်ကယ်လ် တွဲစီးလာကြတာ တစ်တွဲစီ .."

"ဟွန်း .. ကြည့်ပြော .. ဒီမှာ လက်သီးက ယားနေတာ"

"ဒီကလည်း လက်ဝါးယားနေတာပဲ၊ ကမာ့ လက်လေးကိုဆွဲပြီး.."

"အောင် ရေ .. လာလေ၊ ဒီမှာ ဖူး ကို ရိုက်ပေးပါဦး၊ ချိန်း လာ လား ဒီကို .."

ထွက်လာပြီဆို သူမ အသံ ..၊ ချိန်း မျက်နှာ ကောက်ခါငင်ခါ င်းလေသည်။ ခင်ဗျားပဲ အမိန့်တွေ ပေးစမ်းပါ ဒေါ်နေကမာ..၊ ချိန်း တဲ့ကောင် ခင်ဗျားမှ မချွတ်ရင် ကျွတ်တမ်းဝင်ဖို့ မရှိတော့လို့ ..။

ချိန်း ဖြစ်သွားသည့်မျက်နှာကြီးကို လည်ပင်းရှည်ပြီး လိုက်ကြည့် အောင် အသံထွက်အောင် ရယ်သည်။

"ဟော့ကောင် ပါးစပ်က တရားမှတ်သွားတာလား၊ လုပ်ပါ .. ယ်ကျယ်လေး"

"မင်းကြီးတော် သရဏဂုံတင်မှ ကျယ်ကျယ်အော်ပေးမယ်"

"ဟား .. ဟား .. ဟား ..."

ပတ်ဝန်းကျင်ကြားလောက်အောင် ရယ်မိရင်း သူပဲ ပြောလိုက်ခဲ့ရ

www.burmeseclassic.com



သည်။ ဒီကောင့်ကို လွှတ်လွှတ်လပ်လပ်ကြီး စိတ်တိုခွင့်ပေးထား
မဖြစ် ..။

"ဒီကျောက်ဆောင်တွေကြားထဲမှာ ရေတွေ စီးနေတာ အ
ကြမ်းတာဗဲ .. လှလိုက်တာ အရမ်းပဲ ကမာ၊ လာ .. ဆင်းကြည့်"

"မဆင်းနဲ့ ဖူး .. ကျောက်တုံးတွေမှာ ရေညှိတွေ ရှိတယ်"

"သူများတွေတောင် ဆင်းပြီး ဓာတ်ပုံရိုက်နေတဲ့ဟာ .. လာ
ကမာ ရဲ့ .. ချိန်း ဒီနားမှာ ရိုက်ပေးဦးနော"

ပြောနေတာတွေ ချိန်း အားလုံး ကြားသည်။ ကင်မရာကိုင်ထား
ဘာလုပ်မှာလဲလို့ ကြည့်နေတုန်း ကမာ က ဖူး ကို ရေစီးကြောင်းအလ
မှာ သေချာရပ်မိအောင် အပေါ်စီးက ကိုင်ထားပေးကာ သူမ ဆ
လိုက်ကာမှ ...

"အမလေး .."

ဖူး ကလည်း လှမ်းကိုင်ထားဆဲဖြစ်ကာ ကမာ ခြေချော်ပြီး ဗွမ်း
ကျသွား၏။ ထို့အတူ ...

"ခွပ် .."

ချိန်း လက်ထဲက ကင်မရာသည် အရှိန်နှင့် ကိုင်ရိုက်လိုက်သ
လွှတ်ကျသွားတာ တစ်ပြိုင်တည်း..၊ အကျင့်ပါနေသည့်လက်က အလ
ကွာနေတာကို သတိမရလိုက်ဘဲ ကမာ ပြုတ်ကျသွားတာ မြင်လို
သည်နှင့် ကမန်းကတန်း ဖမ်းဆွဲလိုက်မိသည်။ ထိုအခါ ကိုင်ထားသ
ကင်မရာသည်သာ ကိုင်ပေါက်ခံလိုက်ရသလို ဖြစ်သွားခဲ့ပြီး ...

"ဘာဖြစ်သွားပြီလဲ"

ရေထဲမှာ လုံးဝ ထိုင်ကျမသွားသော်လည်း ကမာ့ ကိုယ်တစ်ပိုင်း
ရေတွေ စိုရွှဲသွားသည်။ ချိန်း ချက်ချင်း ရောက်လာတာကို ကမာ့
တွဲထူပေးနေရင်း ဖူး အံ့ဩလို မော့ကြည့်၏။

"ဘာဖြစ်သွားလဲလို့ မေးနေတာ .. ပြောလေ"





လူကို မော့မကြည့်နိုင်အားဘဲ ခြေထောက်ကိုပဲ ကိုင်နေသဖြင့်
း အသံက စိုးရိမ်သံနှင့်ဇွတ်ကာ ဒေါလုံးတွေ ပါနေခဲ့သည်။

"ဘာမှမဖြစ်ပါဘူး .. ခြေထောက်နာသွားလို့"

ရေထဲမှာ မြုပ်နေသည့်လက်ကို ပြန်ရုတ်ကာ ကမာ ကိုယ်ကို
တ်မတ်ပြင်ရပ်သည်။ ပြီးတော့ ခပ်နဲ့နဲ့ နေရာပြင်ကာ ဖူး နဲ့ တစ်
ာက်ခါ၊ တစ်ယောက်ဖက်ကာ ...

"ရိုက်ပေးတော့ .. ရပြီ"

"မရတော့ဘူး .. ကင်မရာကွဲသွားပြီ"

"ဟင်!..."

ပြောလိုက်တာက ချိန်း မဟုတ်ပေ ..၊ ထိုအခါကျမှ ကမာ နဲ့ ဖူး
ဲ့ ချိန်း လက်ထဲမှာ ဘာမှကိုင်မထားတာကို သတိထားမိသွားကြ၏။

အောင် က ကင်မရာကို ကိုင်ထားကာ မှန်ဘီလူးကွဲစတွေကို
ျောက်ဆောင်ပေါ်ကနေ ဂရုတစိုက် ကောက်နေရင်း ...

"ဘာဖြစ်သွားတာလဲ ဟိုကောင် .."

မှဆိုးဒူးထောက်ထိုင်လျက် မှန်ကွဲစတွေ ကောက်ရင်း အပြစ်တင်
သည်း လှမ်းကြည့်သေးသည်။

"လွှတ်ကျတာတောင် ပြန်မကောက်နိုင်ဘူး၊ ပြောတော့ဖြင့် .."

ဟင်!...

အောင် စကားမဆက်နိုင်အောင် ခေါင်းနပမ်းကြီးသွား၏။ ပျက်
ွားသည့်မျက်နှာတွေကို သတိထားမိလိုက်တာနှင့် သူ လူမှားပြောမိပြီ
ိတာ သိလိုက်သည်။

ဗွမ်းခနဲ လဲပြိုသွားတာကို သိလိုက်သည်နှင့် ကင်မရာပြုတ်ကျသံ
ာ တစ်ထပ်တည်းမို့ အသိနဲ့အကြည့်မှာ မျက်လုံးက ကင်မရာကိုသာ
ားပေးဖြစ်သွားခဲ့၏။ မှားမှားယွင်းယွင်းဖြစ်တတ်တာလည်း ဖူး ပဲမို့
ကျသွားတာ သူမလို့ပဲ ထင်ခဲ့ရာ ...



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ဆောရီးပါ .. ငါ လှမ်းဆွဲလိုက်တာလည်း ပါပါတ

တကယ်ဆို ချိန်း နဲ့ သူ အကွာကြီး ..၊ ညာပြောလိုက်ရတာ

တော့ ယားသွား၏။

"ကဲ .. ရိုက်လို့လည်း မရတော့ဘူး .. တက်ခဲ့လေ၊ ရေတွေ

ပြီ .. ပြန်မယ်"

"ပြန်တော့မယ်"

ဖူး မျက်နှာလေး ငယ်သွားသည်။ ကျောက်ဆောင်တွေ ရေ

တွေနှင့် သူမ ပျော်လို့မဝသေးပါ။ ဒါပေမယ့် ချိန်း မျက်နှာပျက်နေ

ရော .. အောင် ပြောလိုက်သည့်ဖြစ်ပျက် လှုပ်ရှားသွားခဲ့တဲ့အကြောင်း

ကိုပါ ဘယ်ဟာ ဘယ်သူ့အတွက်မှန်း မသိလောက်အောင် ရှုပ်ထွေး

သဖြင့် ...

"ပြန်မယ်လေ .."

ခေါင်းလေးညိတ်၍ သူမပဲ အရင်တက်လိုက်သည်။ ကမာ

ခြေလှမ်းလိုက်ပြီးမှ ယိုင်ခနဲဖြစ်သွားသဖြင့် ချိန်း မျက်နှာကို မလုံ

ကြည့်၏။

ချိန်း က မျက်မှောင်ကုတ်ကြည့်နေတာနှင့် တိုးကာ ဘာမှမ

သလို ရယ်လိုက်ရင်း ...

"နည်းနည်း မျက်သွားလို့ .."

ဘယ်သူမှ မမေးဘဲ ပြောမိရင်း မျက်လွှာချ၍ အားတင်းလျှေ

သည်။ သို့သော် ချိန်း ကလည်း နေရာမှ မရွေ့၊ မျက်လုံးမလွှဲတ

ကြည့်နေကာ ခြေမအောက်မှာ ဖြစ်သွားသည့် နာကျင်မှုက သဲနုတွေ

မှာ ဖိနင်းရင်း ဘယ်လိုမှ ဟန်ဆောင်မရနိုင်တော့ဘဲ ...

"အား .."

"သိတယ် .. အဲဒီခြေထောက်မှာ တစ်ခုခုဖြစ်သွားပြီဆိုတာ"

ကမာ ယိုင်ခနဲ ထပ်ဖြစ်သွားသည်နှင့် ချိန်း က ရေထဲကို ချက်





ဆင်းသွားမည်။ ကမာ့ ကို လက်မောင်းလေးကနေ တွဲခေါ်လာခဲ့ပြီး ခြောက်နေသည့် ကျောက်တုံးလေးတစ်ခုပေါ်မှာ ထိုင်ခိုင်း၏။

"ဘာလဲ .. ဘာမှမဖြစ်ပါဘူးဆိုမှ .. သွားမယ်"

"သွားလို့မရဘူး .. ဖယ် .. အဲဒီလက်"

ကမာ က သူ့လက်ကို ဖယ်ပစ်၍ ထရပ်ဖို့ ဖြစ်သည်။ ချိန်း က သူမလက်ကို ပြန်တိုက်ချကာ ခြေရင်းမှာ ဆောင့်ကြောင့်ထိုင်နေရင်း...

"ဒီဘက်မှာမို့လား .. ဘာဖြစ်သွားတာလဲ"

"နည်းနည်းလေးပါဆို .."

အနားမှာ လာရပ်ကြည့်နေကြသည့် အောင် နဲ့ ဖူး တို့ကိုလည်း မော့မကြည့်ရဲတော့ပေ။ တားနေလေ အဆင်ဆိုးလေ ဖြစ်နေမှာမို့ ထပြေးဖို့ထိ စိတ်ကူးပြီးမှ ကမာ ဒီတိုင်းပဲ ခေါင်းငုံ့နေလိုက်မိသည်။

"တွေ့ပြီ .. ကြည့်စမ်း .. နည်းတာမဟုတ်ဘူးကွာ၊ သဲတွေ ဝင်နေလား မသိဘူး"

ဒီလောက်တောင် မှိုသိပ်နေရသလားဆိုသည့် မျက်ထောင့်နီကြီးနှင့် ချိန်း က မော့ကြည့်သည်။ ကမာ ဆံပင်လေး တစ်ဖက်သိမ်း၍ ခေါင်းခါရင်း ...

"မဟုတ်ဘူး .. ရေထဲမှာဆိုတော့ သိပ်မနာလို့"

"ဘာ မနာတာလဲ .. မနာလို့ ခင်ဗျား ခြေတစ်ပေါင်ကျိုး ဖြစ်နေတာလား"

"ဟုတ်လား .. ပြပါဦး"

အောင် ကပျာကယာ ထိုင်ချလိုက်ပြီး ခြေထောက်လေးတစ်ဖက်ကို ဒူးထောက်ထိုင်သည့် သူ့ဒူးတစ်ဖက်ပေါ် ဆွဲတင်ကြည့်ကာ ...

"ဟုတ်သားပဲ .. နှစ်ချက်တောင် ကွဲသွားတာ၊ ဘယ်လိုဖြစ်တာလဲ ကြည့်ဦး .. ဒါကြီးကို ဘာမှမဖြစ်ဘူးတဲ့၊ ငါ ဝိတ်ထုလိုက်ရင် သေ ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖာလေးဖို့တွေ .. ငွဲ့ညှာမှုတွေ သတိမရတော့ဘဲ အောင် က

မျက်စိမျက်နှာပျက်နှင့် လက်ရွယ်သည်။

"မဟုတ်ပါဘူး .. ဒါက ဒီလောက် .."

"တော်ပါတော့"

ချိန်း က အောင် ဒူးပေါ်တင်ထားသည့် ကမာ့ ခြေထောက်လေး

ပြန်ဆွဲယူလိုက်ကာ ...

"ဟို မုန့်ဆိုင်တွေမှာ တက်ထရာလောက်တော့ အလွယ်တ

ရမလား မသိဘူး၊ မင်း သွားဝယ်လိုက် .. ဘာမှမရရင်လည်း ပလ

စတာဖြစ်ဖြစ် နှစ်ခု သုံးခု ဝယ်ခဲ့ကွာ .. လောလောဆယ် သဲတွေဖုန်

မဝင်အောင် ကာထားဖို့ .."

"အေး .. ငါ ပြေးလိုက်ဦးမယ်"

အောင် ချာခနဲ ထပြေးသွားသည်။ ချိန်း က ကမာ့ ခြေထောက်

ကျောက်ဘုစွန်းလေးတစ်ခုပေါ် ဖနောင့်လေးထောင်၍ လှမ်းတင်ထား

လိုက်ပြီး ရေစပ်ကို ပြေးသည်။

လက်ခုပ်နဲ့ ရေခပ်လာကာ ဒဏ်ရာပေါ်ကို လောင်းချ၏။ ပြီးတော့

ကိုင်ကြည့်လိုက် .. ရေထဲ ပြေးလိုက်နှင့် ခေါက်တုံ့ခေါက်ပြန် ...။

"ရပြီ .. ရော .. ပလပ်စတာပဲ"

အောင် နဲ့ ချိန်း တို့ ကမာ့ ရှေ့မှာ ဒူးထောက်၍ ခေါင်းချင်းဆိုင်

နေကြတာကို ဘာလုပ်နေမှန်း မသိသည့်လူတချို့က မသိမသာ ငုံ့ကြည့်

သွားကြသည်။

ဖူး ကတော့ ပတ်ဝန်းကျင်ကို ဘာမှမသိတော့သလို ဟင်းလင်းပွင့်

နေသည့် ရင်ဘတ်လေးထဲမှာ နှလုံးခုန်သံတွေပါ ရပ်ဆိုင်းကုန်ပြီလား

ထင်ရအောင် ကိုယ့်ကိုယ်ကိုယ် ဘာမှရှိတော့သည် မထင် ...။

ငုံ့ကြည့်စရာမလိုဘဲ စိတ်အာရုံထဲမှာ ယှဉ်လျက်ပေါ်လာသည်က

ကိုယ့်ရဲ့ ခြေမျက်စိအောက်က ဒဏ်ရာ ...၊





"လျှောက်နိုင်ရဲ့လား .. ဆိုင်ကယ်လ်ကလည်း ဒီထိ ယူလာလို့

ဘူး .. ဘယ်လိုလုပ်မလဲ"

"ရပါတယ် အောင် ရယ် .. ပလပ်စတာလည်း အုပ်ထားပြီးပြီ၊

ဖြည်းဖြည်း လျှောက်မှာပေါ့"

စကားသံတွေနဲ့အတူ ကမာ ထရပ်လိုက်တော့ ကမန်းကတန်း

တွဲလိုက်ကြတာ ယောကျ်ားလေးနှစ်ယောက်က တစ်ဖက် တစ်

ောက်စီ ...။ ဖူး မျက်ရည်တွေ ဝေ့လာတာ ကိုယ့်ကိုယ်ကိုယ်တောင်

သိလိုက်ဘဲ ပေါက်ခနဲ ကြွေဆင်းသွားမှ သတိရသည်။

ဒဏ်ရာချင်းတူတာတောင် ကိုယ့်မှာတော့ ပြုစုယုယမည့်သူ မရှိ

ည့်ဒဏ်ရာကို ကြိတ်မှိတ်မျိုသိပ်ကာ ချစ်ရတဲ့သူမျက်နှာကို တကြည့်

ည့်နဲ့ပဲ ပြေပျောက်ခဲ့ရသည်။

အရာရာကို စည်းစိမ်ချမ်းသာနဲ့ ပစ်ပေါက်ယူလို့ မရနိုင်ဘူးဆိုတာ

ာ်တွေ့ သင်ခန်းစာတွေ ရနေပေမယ့် စုစည်း သိမ်းထုပ်ထားရသည့်

ထဲမှာ နင့်နေသည်။

အချစ်ဆိုတာ ဘာလဲ ...၊ ဘယ်နေရာမှာ ရှိနေတာလဲ ...။

မရနိုင်လေ .. လိုချင်လေ .. ဘာကို ဆုပ်ကိုင် တိုင်တည်ရမလဲ၊

ယ်အရာကို ဦးတိုက် ငိုကြွေးရမလဲ ...။

အချစ်ကို မြင်ပါရစေ ...၊ အချစ်ရှိတဲ့နေရာကို သွားလို့ရတဲ့ကိုယ်

ပါရစေ ...။

ဘာပဲဖြစ်ဖြစ် အချစ်ကိုသာ ရလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

"ဒက်ဒီ့ကို သမီး ဒီတစ်ခါပဲ တောင်းဆိုမှာပါ .. ဒီတစ်
တောင်းဆိုဖူးတာမို့လို့ သမီးဆန္ဒကို ဖြည့်ပေးပါ ဒယ်ဒီ၊ ချိန်း ကို သ
ပိုင်ဆိုင်ချင်တယ် .. သူ သမီးကို မချစ်ပေမယ့် သမီး သူ့ကို ပိုင်ထ
ဆိုရင် သူ့အချစ်တွေကို သမီး ရလာမှာ၊ ဒက်ဒီ သမီးကို ကူညီပါနော်"

ကားထဲမှာ ထိုင်နေရင်း ဦးမင်းခ စိတ်တွေ လွင့်ပါးနေခဲ့၏။ သ
ရဲ့မျက်ရည်ရောင်လက်နေတဲ့ မျက်ဝန်းလေးတွေကို မြင်ယောင်
သည်။ ပြောသမျှတို့ကို ခဏခဏ ပြန်ကြားနေတာ တစ်နာရီမှာ အကြိ
ဘယ်လောက်တောင် ရှိနေပြီလဲ မသိ ...။

"သူ့ကို အမြန်ဆုံး ပိုင်ချင်တယ် .. သမီး အဲဒီလိုပြောလို့ ဒက်
သမီးကို အထင်မသေးဘူးမို့လားဟင်၊ သူ့ရှိမှ သမီးဘဝ ပြည့်စုံမှာမို့လို့
ဒက်ဒီရယ် .. ဒါတစ်ခုကို ဒက်ဒီ ဖြည့်ဆည်းပေးမယ်ဆိုရင် သမီးလေ
ဒက်ဒီ့ကိုရော အန်တီစုမြတ် ကိုရော အမြဲတမ်း ကြည်ဖြူနွေးထွေးစွာ
ဆက်ဆံမယ် .. နေရာထားမယ်၊ ဟိုလေ .. သမီးကို တစ်ဦးတည်း
အမွေလွှဲပေးရမှာမို့လို့ အန်တီစုမြတ် နဲ့ ဒက်ဒီ စကားများကြတယ်ဆို
သမီးကိုပေးမယ့် အမွေတွေ ဒက်ဒီတို့ ကြိုက်သလို လုပ်ပစ်လိုက်ပါ
ချိန်း ကိုပဲ အပိုင်ရရင် သမီး ကျေနပ်ပါပြီ"





"ဟူး ..."

ဦးမင်းခ သက်ပြင်းရှည်ကြီးချကာ ကူရှင်မှာ မျက်နှာမော့၍ ဒဏ်ရာအကြီးအကျယ်ရထားသူလို ဖြစ်သွားခဲ့၏။ ဦးချက်ကြီး က မှန်ထဲကနေ နောက်ခန်းထဲကို လှမ်းကြည့်၍ ...

"သူဌေး နေထိုင်မကောင်းလို့များလား"

မမေးသင့်ပေမယ့် မေးလိုက်မိသည်။ အလုပ်လုပ်ရာမှာ အတွေးတစ်ချက်နှင့် ရွှေထွက်နိုင်သူလို့ ပြောရလောက်အောင် အတိအကျ လုပ်ဆောင် အောင်မြင်ခဲ့သူမို့ ဒီလိုပုံစံမျိုး ခံစားနေရတာလည်း မမြင်ခဲ့ဖူးပါ။

အိမ်တွင်းရေးတစ်ခုခုဆိုတာကို ဦးချက်ကြီး ရိပ်မိသည်။ ဒေါ်စုမြတ် နှင့် အိမ်ထောင်ပြုလိုက်စဉ် ဖူး နဲ့ အဆင်မပြေတာတွေ ဖြစ်ခဲ့ရတုန်းကတောင် သူဌေး ဒီလောက်ထိ မွန်းကျပ်နေခဲ့တာမျိုး မရှိ ...။

မေးလိုက်မိတာ တကယ့်ကို စေတနာအမှန်နဲ့ပါ၊ ဖူး ကိုလည်း ဝေဒနာသည်လေးလို ပျော့ဖတ်ဖတ် ကြောင်ငေးငေးလေးမို့ သနားပို့ခဲ့ရသည်။

သူဌေးတို့ တစ်မိသားစုလုံးအပေါ်မှာလည်း ကိုယ့်ကျေးဇူးရှင်တွေလို စိတ်ရောကိုယ်ပါ အလေးထားခဲ့တာ ဖြစ်၏။

ထို့ကြောင့် ကိုယ့်နေရာနဲ့ကိုယ် ဆိုတဲ့စကား ရှိပေမယ့် စေတနာအရင်းခံနဲ့မို့ ရဲရဲတင်းတင်း မေးလိုက်မိခြင်းဖြစ်သည်။

ဦးမင်းခ မှိတ်ထားသည့် မျက်လုံးတွေ တော်တော်နဲ့ ဖွင့်မလာဘဲ ဦးချက်ကြီး မေးပြီး အတန်ကြာမှ ...

"ပြဿနာရှိနေလို့ပေါ့"

ဖြေလိုက်တာလား .. တစ်ယောက်တည်း ရေရွတ်တာမျိုးလား...၊ ဘာမှန်းမသိပေမယ့် ဦးချက်ကြီး ကားမောင်းရင်း နားစွင့်ထားမိ၏။

"သမီးလေးကို သနားလိုက်တာ .. သူ တော်တော်ကို ခွဲလမ်းနေရှာတာ၊ ဘယ်လိုလုပ်ရမလဲ .. ကျသလောက်ပေးမယ်ဆိုပြီး အောက်ယူ

www.burmeseclassic.com



လာလို့ ရတာမျိုးလည်း မဟုတ်ဘူး"

ဦးမင်းခ အသံက တိမ်ကျသွားလိုက် လုံးဝ ပျောက်ကွယ်သွားလိုက်နှင့်ရှိကာ ဦးချက်ကြီး ကို ပြောပြချင်တာမဟုတ်ပေမယ့် ရင်ထဲမှာ မွန်းကျပ်လွန်းလို့ တစ်ယောက်တည်း ရေရွတ်နေတာမျိုး ...။

"ဒီလောက် စိမ်းစိမ်းကားကား နေခဲ့တဲ့ ဖအေကိုတောင် သားအစ်ရင်ဖွင့်သလို မရှက်မကြောက် ပြောခဲ့ရှာတယ်၊ ဘယ်လိုလုပ်ရမလဲ"

ဦးချက်ကြီး ကိုယ့်ကိုပြောတာ မဟုတ်ပေမယ့် ကိုယ့်ဘာသာပဲ နားလည်သွားခဲ့သည်။ ဘာဖြစ်လို့လဲဆိုလျှင် ဖူး ကလည်း ဘာပဲဖြစ်ဖြစ် သိချင်လာပြီဆို သူ့ကိုပဲ မေးနေကျ ...။

ကျောင်းသွားပို့တိုင်း မြင်နေရတာလည်း လူငယ်တွေ ဘယ်လိုနေကြ၊ သွားလာကြတာတွေ ...။

"ကိုချက်ကြီး"

"ဗျာ .. သူဌေး"

ဦးချက်ကြီး ပျာပျာသလဲ ထူးကာ ကားကို အရှိန်လျှော့ချလိုက်လျှင် ...

"လုပ်ပါ .. မောင်းပါ၊ ကျုပ်ပြောတာကို နားပဲ ထောင်၊ သိရင်ဖြေ၊ မသိရင် မဖြေနဲ့"

"ဟုတ်ကဲ့ .. ပြောပါ သူဌေး"

"ကျောင်းမှာ သမီးနဲ့ သူ့သူငယ်ချင်းတွေ ဘယ်လိုနေသလဲ၊ ကျုပ်ပြောတာက .."

ဦးမင်းခ အသံ ခဏတိတ်သွားသည်။ ပြီးမှ ...

"ခင်ဗျားက ကျုပ်ထက် ပိုသိချင် သိနေမှာပါ၊ သမီးနဲ့ အများဆုံး အနီးကပ်နေခဲ့တဲ့သူ၊ အဲဒီတော့ သူဌေးတွေဘာတွေ မပါဘဲ တိုင်ပင်နေတဲ့သဘောနဲ့ ပြောစမ်းပါ၊ သမီးနဲ့ ချိန်း တို့ တွဲသွားတွဲလာရှိကြတဲ့ပုံတွေ၊ ဥပမာ နေကမာ ဆိုတဲ့ မိန်းကလေးက ချိန်း နဲ့ ပိုရင်းနှီးလိမ့်မယ်





ထင်တယ် .. သူတို့အားလုံးကို ခင်ဗျား နည်းနည်းမြင်တာရှိရင်ပေါ့"

ဦးမင်းခ မေးခွန်းဆုံးသွားမှ ဦးချက်ကြီး က ခေါင်းညိတ်လိုက်ကာ ...

"သူတို့လေးယောက်ပဲ အတွဲဆုံးလို့ ပြောရမှာပါ၊ တခြား မိန်းကလေး သုံးယောက် ရှိပေမယ့် ကမာ နဲ့ပဲ ရင်းနှီးကြတာ ထင်တယ်၊ ကမာ က ဆက်သွယ်မှ ဖူး နဲ့ တစ်ဖွဲ့တည်းဖြစ်ကုန်တာမျိုး"

"အင်း .."

"အားလုံးပုံစံတွေက သူငယ်ချင်းပုံစံ ရိုးသားကြပါတယ်"

"ကျုပ်သိချင်တာ အဲဒါ မဟုတ်သေးဘူး"

"ကျွန်တော် နားလည်ပါတယ် သူဌေး .. ချိန်း နဲ့ ကမာ ရယ် .. အောင်မြင်သူ ဆိုတဲ့ ကောင်လေးရယ်က ရိုးရိုးသားသားပုံပဲ ပေါက်တယ်လို့ ကျွန်တော် ထင်တယ်၊ အဲဒါ မြင်တဲ့အတိုင်း ပြောတာပါ၊ ပြောတာဆိုကြတာတွေ မကြားရတော့ သေချာမပြောနိုင်ဘူး၊ ဖူး နဲ့ ချိန်း ကတော့ လူကြီးချင်း နားဖောက်ထားပြီးမှ ပိုရင်းနှီးသွားသလိုပဲ"

"အင်း .."

ဦးမင်းခ ခေါင်းညိတ်နေပေမယ့် မျက်နှာကတော့ မသာယာပါ။ သူ သမီးကို မချစ်ဘူး လို့ သမီးက ဝန်ခံပြီးပြီမို့ ကြင်ကြင်နာနာ တွဲနေတာတော့ မဖြစ်နိုင်မှန်း သူ သိသည်။

"ဆက်ပြောပါဦး .. ဘယ်လိုရင်းနှီးတာမျိုးလို့ ထင်ရလဲ"

"သူငယ်ချင်းတွေထဲက သီးခြားခွဲထွက်သွားကြတာမျိုးလည်း ရှိတော့ သူတို့ ပိုရင်းနှီးကြတာ သိသာပါတယ် သူဌေး"

"အင်း .."

ဦးမင်းခ အင်းသံရှည်ကြီးနှင့် ရော၍ သက်ပြင်းချပြန်သည်။

"ဒီမိန်းကလေးလည်း မဆိုးပါဘူး .. သမီးလေးအပေါ် ဂရုစိုက်ရှာတယ်၊ သူ့တာဝန်တော့ သူ ကျေခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် နားလည်ရခက်သော စကားတို့ကို ဆိုရင်း ဖုန်းထုတ်ကိုင်လိုက်ကာ ...

"ကိုထွန်း လား .. ကျုပ်ပါ"

"... ... ... ... ..."

"အေးဗျာ .. ကျုပ် စင်ကာပူကပြန်မှ တစ်ခါတည်း လက်ထပ်ပေးဖို့ ပြောခဲ့တာ ဟုတ်ပါတယ်၊ ဒါပေမယ့် မသွားခင် စေ့စပ်ပေးခဲ့ချင်တယ်"

"... ... ... ... ..."

"ဟုတ်တယ် .. ဒါပေမယ့် မိသားစုနှစ်စု စကားကမ်းလှမ်းကြတာမျိုးပဲ ဖြစ်ခဲ့တာလေ၊ ရှင်းရှင်းပြောရရင် လူငယ်တွေ ရင်းနှီးဖို့ တတ်နိုင်သမျှ ကြိုးစားချင်တာ၊ သမီးလေး အထီးကျန်ဆန်ခဲ့ရသမျှ သူ့အိမ်ထောင်နဲ့သူ နွေးနွေးထွေးထွေး ဖြစ်သွားဖို့ ကျုပ်က အမြန်ဆုံး စီစဉ်ချင်နေတာ"

"... ... ... ... ..."

"အေးဗျာ .. အကြီးအကျယ်ဖြစ်ဖို့လည်း စီစဉ်စရာ ကျုပ်မှာ အချိန်မရတော့ဘူး၊ တတ်နိုင်သမျှ အခမ်းအနားလေးနဲ့ ကြေညာပေးလိုက်ချင်တာ ဘယ်လိုလုပ်ရမှန်း မသိဘူး၊ ကျုပ်ထင်တာက အဲဒီလိုဆိုရင် သူတို့ပိုရင်းနှီးသွားမလားလို့ပါ"

"... ... ... ... ..."

"နေပါဗျာ .. စင်ကာပူက အလုပ်ကိစ္စတွေ ကျုပ် သွားလိုက်တာနဲ့ ခင်ဗျား လုံးဝ ပြန်ကြည့်စရာမလိုအောင် ပြီးစီးသွားပါလိမ့်မယ်"

"... ... ... ... ..."

"ဟုတ်တယ် .. ပူရမှာက ကလေးတွေ ချစ်ခင်ရင်းနှီးဖွာနဲ့ လက်တွဲကြဖို့ပဲ၊ သူတို့ ရင်းနှီးနေကြတော့ ကျုပ် ပြန်လာတာနဲ့ လက်ထပ်ပေးလိုက်မယ်လေ .. မကောင်းဘူးလား"





"... ... ... ... ..."

"အိုခေဗျာ .. အိုခေ .. သေချာ ဆွေးနွေးနေဖို့လည်း အချိန်ကရှိတော့ ခုပဲ ခင်ဗျားရုံးခန်းကို ကျုပ် လာခဲ့မယ် .. ဖြစ်မလား"

"... ... ... ... ..."

"ကောင်းတာပေါ့ဗျာ .. ချိန်း ရဲ့ မိဘနှစ်ပါးစလုံး ရှိနေတော့ ကောင်းတာပေါ့"

ဖုန်းပြောနေတာတွေ ဒရိုင်ဘာ ကြားသွားမလားလို့လည်း မပူနိုင်တော့ပါ။ ဦးချက်ကြီး ကို ဒါတွေထိ လျှို့ဝှက်ဖို့မလိုအောင် ရင်းနှီးနေသည့်စိတ်ထဲမှာ လူယုံတစ်ယောက်လိုပဲ သဘောထားခဲ့တာ ကြာပါပြီ။

လောလောဆယ်မှာ နေရာရွေး ရက်ရွေးနေဖို့လည်း သူ့မှာ အချိန်ရှိတော့ပေ ..။ ခရီးသွားဖို့ရက် ကပ်နေကာမှ သမီးလေးဆန္ဒအတိုင်း ဆောင်ရွက်ပေးခဲ့ချင်သည့်စေတနာက လူကို ပူလောင်နေစေရာ ...

"ကိုချက်ကြီး .."

"ဗျာ .. သူဌေး"

"ထုံးစံအတိုင်းပဲပေါ့ .. ကျုပ် ခရီးသွားနေတုန်း သမီးလေးကို …ာ်ချချင်တယ်"

"စိတ်ချပါ သူဌေး"

"ကိုထွန်း တို့ ကုမ္ပဏီကို မောင်း .."

"ဟုတ်ကဲ့ .."

ကားသည် ဦးမင်းခ ၏ စေလိုရာအတိုင်း ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

"အောင် .."

ကိုယ့်ကိုယ်ကိုယ် တစ်ယောက်တည်း ရှိနေသည်ထင်ပြီး ငေးမှိ
ဆီ ငေးမောငြိမ်သက်နေခဲ့မိသဖြင့် ကျောနောက်က ခေါ်သံကြော
ဖျတ်ခနဲ လှည့်ကြည့်မိသည်။

"မမထက် .."

"ဟုတ်တယ် .. လန့်သွားလို့လား"

"မဟုတ်ပါဘူး .. မမထက် ဘာလိုလို့လဲ"

"မင်းကရော တစ်ခုခု လိုအပ်နေလို့ ဒီမှာ လာပုန်းပြီး ရပ်နေတာ
လား"

နို့သာရောင်ပိုးပုဆိုးနှင့် အရောင်တူ ရှပ်အင်္ကျီကော်လံ ထိကပ်
သည့် အောင့် မျက်နှာဝင်းဝင်းက အိမ်ထဲကဖြာကျနေသည့် မီးမှိန်
မီးအလင်းရောင်အောက်မှာ ချောမွန်နေသည်။

အဖြူရောင်တိုက်ပုံကို ပခုံးတစ်ဖက်မှာ တင်ထားကာ ရေသန့်
အသေးလေးကိုင်ထားလျက် မဖွင့်ရသေးသည့် ရေဘူးက ရေသီးတေ
တပေါက်ပေါက် ကျနေ၏။





ထက်ထက်မင်း က ဘယ်လိုနေနေ ချောနေသည့် အောင့် ပုံစံကို
ဘူးကိုင်ထားတဲ့အထိ သေသေချာချာ စိုက်ကြည့်သည်။ ပြီးတော့
ှင့်တပွင့်လေးပြုံးရင်း ...

"အရမ်းချောက်ချားနေတာလား အောင် .. ဒါက စေ့စပ်ပွဲပဲ ရှိပါ
သေးတယ်"

"မဟုတ်ပါဘူး .. ကျွန်တော် ထင်ထားတာထက် အများကြီး ပို
နေတာကို အံ့သြလို့ပါ၊ စေ့စပ်ပွဲအတွက် မေမေ ဒီလောက်ထိ ပြင်
ဆင်မယ်လို့ ကျွန်တော် မထင်ခဲ့ဘူး"

အံ့သြနေတာလား .. ဆွေးမြေ့နေတာလားဆိုတာလောက်တော့
သူမ အကဲခတ်နိုင်ပါသေးသည်။ ကမာ လက်မထပ်သေးဘဲ သူ့ဘဝကို
စိမ်ထောင်သည် အဖြစ်မခံနိုင်လိုပါလို့ တရားဝင် ဖွင့်ချ တောင်းဆိုခဲ့
တဲ့သူ ..။

စေ့စပ်တဲ့နေ့ကျမှသာ သူမရဲ့ဘေးမှာ ရပ်နေပေးဖို့ အသင့်ရှိနေပေး
ခဲ့သည်။ ကမာ ဘေးမှာပဲ တစ်ချိန်လုံး ရစ်ပတ်တွယ်တာနေခဲ့ကြတာကို
ဘယ်ထိ ဆက်ပြီး သည်းခံပေးရမလဲ ..။

သူမနှုတ်ခမ်းမှာ ပြုံးမဲ့မဲ့လေးဖြစ်သွားပေမယ့် တခြားကို ငေးနေ
သည့် အောင် ကတော့ မြင်မှာ မဟုတ်ပေ ..။

ဒီနေ့ စေ့စပ်ပွဲမှာလည်း ခေတ်မီဒီဇိုင်းတွေနဲ့ ဆင်နွှဲဖို့ သူမဘက်က
မျှော်လင့် ပြင်ဆင်ခဲ့သည်။ အောင် က ခေါင်းခါခဲ့၏။

"စေ့စပ်တာပဲ မမထက် ရာ .. လက်ထပ်ပွဲကျမှ ကြိုက်သလို ရှိုး
လို့ ရတာပဲ၊ ကျွန်တော်လည်း ချောင်းသာမှာ မထင်မှတ်ဘဲ ရက်ပိုကြာ
သွားတော့ ဒီမှာ ပြင်ဆင်ချိန် မရတော့ဘူး" တဲ့ ..။

အောင် က သူမ ပြင်ဆင်ပေးထားပါသည်ဆိုတာတွေ အားလုံးကို
အကြောင်းအမျိုးမျိုးနှင့် ပယ်ရှားခဲ့သည်။ ကိုယ်ကလည်း အရမ်းကို ပြင်
ချင်လွန်းလို့တော့ မဟုတ်ပါ။ ဒါပေမယ့် ကိုယ်တိုင်က သူမကိုလှ



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြင်ဆင်ပေးနေခဲ့တဲ့ အလှဖန်တီးရှင်တစ်ယောက် ..။

ပိုဆန်းအောင်၊ ခေတ်နောက်မကျအောင် ဒီဇိုင်းအမျိုးမျိုး ဖန်တီးနေခဲ့တဲ့သူ၊ ကိုယ့်ပွဲကျမှ မြန်မာပုံရိုးရိုးပဲဆိုတော့ ..။

"ခေတ်ဆန်ဆန် ဝတ်စုံဒီဇိုင်းလေးတွေ ဝတ်ပါလားအေ .. သမီးက ကိုယ်တိုင်ကျမှပဲ မြန်မာမလေးတွေ့ မြန်မာလိုလှအောင် အစဉ်အတွက် ပြင်နေတာကျနေတာပဲ၊ မြန်မာဝတ်စုံလေးတွေက မယ့် ညည်းက ပိုလှ ပိုနုအောင် ပြင်ရမှာ၊ မြန်မာဆန်နေဖို့ထက် ဆန်ပြီး နုငယ်နေရမှာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် .. မမထက် ကလည်း ကိုယ်လုံးသွယ်သွယ် လေးနဲ့ ဒီဇိုင်းဆန်းတွေ ဝတ်မှ လှမယ့်ဟာ .."

မေမေကလည်း ဆူသည်။ ဆိုင်က ကောင်မလေးတွေကလည်း အံ့ဩနေကြ၏။

သူမကတော့ အောင့် အကြိုက်ကိုပဲ တိတ်တဆိတ် လိုက်လျော ခဲ့တဲ့သူပါ။ တိုက်ပုံက အဖြူပေမယ့် နုံ့သာရောင်ပုဆိုးနဲ့ ရှပ်အကျီ အောင် က သူ့စိတ်ကြိုက် ရွေးလိုက်ပြီးမှ သူမက နုံ့သာရောင် ပိုးချိတ် လေးနှင့် ပွဲထိုင်ဇာဝတ်စုံကို အမြန်နှုန်းနဲ့ ပြေးအပ်ရသည်။

နှစ်တန်းသွား နောက်သိုင်းကရောင်းလေးနှင့် ဆံပင်တွေကို လေး သိမ်းတင်လိုက်တာနှင့် ဆံထုံးထုံးခြင်း ပြီးခဲ့ရ၏။

ဘေးနှစ်ဖက်မှာ ဆံပင်တွေကိုပဲ ပန်းပွင့်ပုံဖော်၍ ပြန်ကပ်ကာ ထိုအခွေလေးတွေပေါ်မှာ ရောင်စုံ ပြိုင်လက်နေသည့် ခရေပွင့်လေးတွေ လိုက်တပ်ပေးထားတာတောင် ကမာ အတင်းပြင်ပေးခဲ့တာ ဖြစ်သည်။

သူမ ခံစားမိနေတာကတော့ ဒီပွဲအတွက် အောင် စိတ်ညစ်မှာကိုပဲ သိနေကာ ကိုယ့်ကိုလည်း မချစ်၊ ကိုယ့်ထက် အသက်လည်းငယ်လျက် အစ်မကြီးတစ်ယောက်လိုသာ တောက်လျှောက် ဆက်ဆံလာခဲ့ကြသည့် အောင် နဲ့ ယှဉ်တွဲ နှုတ်ဆက်ရမှာ ဝန်လေးနေခြင်းသာ ..။





ဒါပေမယ့် ဒီနေ့ကိုပဲ ရောက်လာခဲ့ရကာ ဒီမျက်နှာသိုနေတာကို ည်း မြင်နေရပြီမို့ ...

"မင်း တစ်ခုခုပြောဖို့ ရှိနေသေးလား အောင်"

"မမထက် ဘာပြောတာလဲ"

"ဩော် .. မင်းသဘောကျဖြစ်ဖို့ တို့ လိုက်လျောခဲ့တာတောင် ရဲ့မျက်နှာမှာ စိတ်တိုင်းမကျဘဲ ဖြစ်နေတာ မြင်နေရတယ်၊ ပွင့်ပွင့် င်းလင်း ပြောပါ၊ ဒါကို ပြန်နောက်ဆုတ်လို့မရတော့ပေမယ့် ရင်ဖွင့် ည်ရရင် မင်းရင်ထဲမှာ ပေါ့သွားမှာပေါ့၊ မင်းရဲ့စိတ်ကူးထဲမှာ တိတ် တ်ဆိတ်ဆိတ်လေး စေ့စပ်ထားလိုက်ချင်တာမျိုးလား .."

"မမထက် .."

"တို့လည်း ဒီလိုဖြစ်ဖို့ လုံးဝ တိုက်တွန်းခဲ့တာ မပါဘူး အောင်၊ င်းလောက် မအံ့ဩပေမယ့် အံ့ဩခဲ့ပါသေးတယ်.. တကယ်တော့ .."

"မဟုတ်ဘူး မမထက် .. ကျွန်တော် အဲ့ဒါကြောင့် မဟုတ်ပါဘူး၊ ါပေမယ့် လက်ထပ်ပွဲအစား စေ့စပ်ပွဲ လုပ်လိုက်ရတာ လူကြီးတွေက မထက် သဘောကို အလိုလိုက်ကြတာ၊ မေမေကတော့ ခုချိန်ထိ ကျွန် တော့်အတွက် ကန့်ကွက်မဲနဲ့ ဆူနေတုန်းပဲ၊ ခုနက လူတွေကြားထဲမှာ တောင် .."

"အဲဒါ တို့ စိတ်မကောင်းပါဘူး၊ အောင့် အတွက် မမထက် ကာကွယ်ပေးဖို့ အသင့်ရှိပေမယ့် .."

"မလိုပါဘူး မမ .. မမထက် ဒီလောက်ထိ သည်းခံလိုက်လျောခဲ့ တာပဲ ကျေးဇူးတင်နေပါပြီ"

ကျေးဇူးတင်တယ်တဲ့လား ..၊

ဒီဘက်လှည့်ရပ်လိုက်သဖြင့် ထက်ထက်မင်း နှုတ်ခမ်းလေးခပ်မဲ့မဲ့ ဖြစ်သွားတာကို အောင် မြင်သွားခဲ့သည်။ ကိုင်ထားသည့် ရေဘူး သားမှာချထားလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပါ မမထက် ရယ် .. ကျွန်တော် မမထက် အပေါ်
အခွင့်အရေးယူသလို ဖြစ်နေခဲ့တာကို သိပါတယ်၊ ဒါပေမယ့် .."

"ရတယ် .. တစ်ခုတော့ သိချင်တယ်၊ ဒါကလည်း တို့ကို
အထင်သေးသွားမလားလို့ အကြိမ်ကြိမ် စဉ်းစားပြီးမှ အရမ်းကို သိ
လာလို့ မေးရမှာ .."

"မေးလေ .."

"ကမာ လက်မထပ်သေးဘဲ မင်းက အရင် လက်မထပ်ဘူးဆို
ကို ပိုရှင်းအောင် ပြောပါလား အောင် .. အခု ချိန်း ကလည်း ဖူးဖူး
နဲ့ စေ့စပ်ထားတယ်၊ မင်းလည်း တို့နဲ့ စေ့စပ်မယ်၊ ကမာ့ ကို ဘယ်
ယောက်နဲ့ နီးစပ်လက်ထပ်သွားမယ်ထင်လို့ မင်း ပြောနေတာလဲ၊ ဒါ
မဟုတ် .."

"မမထက် .. ကျွန်တော် .."

"နေပါဦး .. တို့ မေးချင်တာ မကုန်သေးဘူး"

သူ ပြောဖို့ ပြင်လိုက်တာနှင့် ထက်ထက်မင်း က လက်ကာ တား
ဆီး၍ ...

"စေ့စပ်ရုံပဲ လုပ်ထားချင်ပါတယ်ဆိုတဲ့ မင်းရင်ထဲမှာ တစ်ချိန်ချိန်
မှာ ကမာ့ ကိုပဲ .."

"မမထက် အထင်လွဲနေပြီ"

"လွဲမိတာပဲ ဖြစ်ချင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဘက်မှာ
ရင်းနှီးခင်တွယ်ရမယ့်လူတွေ ရှိနေပေမယ့် တို့မှာ .."

မှောင်ရိပ်ကျနေပေမယ့် မျက်လုံးချင်းဆုံသွားသည်။ ဆက်လည်း
မပြောရဲ၊ ကြာကြာကြည့်နေမိတော့လည်း ကိုယ်သာလျှင် သိမ်ငယ်ရသူ
မို့ သူမပဲ မျက်နှာလွှဲပစ်မိကာ ...

"တို့ လောဘမကြီးပါဘူး၊ တို့ရဲ့စေတနာကို နားမလည်နိုင်ရင်
တောင် အထင်မလွဲဘူးဆိုရင် ကျေနပ်တယ်၊ ဥပမာ မင်းသဘောမကျတဲ့





တစ်ခုတလေရှိလာတိုင်း တို့ အနေခက်အောင် ခုလိုပုံစံ ဖြစ်မနေဖို့"

"မမထက် ရာ .. အဲဒါ တကယ်ပြောတာပါ၊ ကျွန်တော့်စိတ်ထဲမှာ
င်မပြေတာ ဘာဖြစ်နေနေ မမထက် နဲ့ လုံးဝ မဆိုင်ဘူး၊ မမထက်
တလည်း ဒီ့ထက်ပိုပြီး ကျွန်တော် အခွင့်အရေးမယူသင့်တော့ဘူး
တာ နားလည်တယ်၊ တကယ်တော့ မမထက် က ကျွန်တော့်
တွက် အစ်မလိုလည်း ဖြူစင်ခဲ့တယ်၊ ပညာရှိတစ်ယောက်လိုလည်း
င်ပြ ညွှန်ကြားနိုင်တဲ့သူပါ"

ရင်ထဲမှာ ဆူးခနဲ အောင့်သွားသလိုပင် ...၊ စေ့စပ်ခဲ့ကြတာ မင်း
တွက် ပညာရှိအမတ်ရွေးတဲ့ပွဲလို့ ထင်လို့လား အောင် ရယ် ...။

"နောက်ပြီး မမ အထင်လွဲနေတာတစ်ခု ကျွန်တော် ပြောပြမယ်၊
ဘယ်သူမှ မသိနိုင်ခဲ့တဲ့ကိစ္စတစ်ခုပါ၊ ချိန်း ဘယ်သူနဲ့ပဲ စေ့စပ်နေနေ
လက်ထပ်မှာ ကမာ ကိုပဲ"

"ဘယ်လို .."

အောင် က စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့် ညေ့ခံပွဲဆီသို့
ကိုယ်နဲ့ မသက်ဆိုင်သလို ငေးနေပြီးမှ ထက်ထက်မင်း ဘက်ကို ပြန်ငဲ့
ကြည့်၍ ...

"ကျွန်တော်တို့ သွားရအောင် မမထက် .. လူကြီးတွေ ဟိုမှာ
ကျွန်တော်တို့ကို ရှာနေပြီ"

"ဟင့်အင်း .. ခုန ပြောလိုက်တာကို သေချာ ပြောစမ်းပါ၊ အခု
ကမာ ကလည်း တို့ စေ့စပ်ပြီးတာနဲ့ သူ အလုပ်မလာတော့ဘူးလို့ ပြော
ထားတာ"

"ဒါက သူ့အမေက ဆိုင်ထောင်ပေးဖို့အတွက် ရင်းနှီးစုဆောင်း
နေလို့ပါ"

"အဲ့ဒါ တို့ သိတယ်၊ ကမာ့ ကိုလည်း တစ်မျိုးတစ်မည် မြင်လို့
မေးနေတာ မဟုတ်ဘူး၊ ဒါပေမယ့် တို့ မသိလိုက်တဲ့ အစီအစဉ်တွေက



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေလဲ ..၊ မင်းတို့တွေရဲ့ စုစည်းမှုကို တို့က ဖောက်ခွဲမပစ်ပါဘူ
စိတ်ချလက်ချ ပြောပါ.. ချိန်း နဲ့ ကမာ တိုင်ပင်ထားကြတာလား၊ ဒါ
တို့ သိနေတာက ကမာ ကပဲ ဖူး အတွက် ..''

"ဟုတ်တယ် .. မမထက် သိထားတာ တချို့က မှန်တယ်၊ ဒါ
မယ့် ချိန်း နဲ့ ကမာ တိုင်ပင်ထားတာ မဟုတ်ဘူး၊ ကမာ စိတ်ကူး
က ဖူး အတွက်ချည်းပါပဲ၊ ချိန်း ကတော့ ..''

အောင် က အခြေအနေကို ပြောပြသည်။ ထက်ထက်မင်း
နားထောင်နေခဲ့၏။ တကယ်တမ်းကျတော့ စုစည်းရစ်နှောင်နေတဲ့
လူစုကြီးထဲမှာ ရစ်နှောင်ခံရသူက တစ်ယောက်တည်းပါလား။ လက်
ချင်းချိတ်ဆက် မိထားကြပေမယ့် သူမနဲ့ ဖူး ကတော့ စည်းရဲ့အပြင်
ဘက်ကို လုံးလုံးလျားလျား ရောက်နေတဲ့သူတွေ ..။

ဒီလက်တွေကို ပြုတ်ထွက်မသွားစေချင်သော်လည်း တစ်ဖက်က
ထပ်ဆုပ်ကိုင်ဆွဲထားတာ မဟုတ်တော့ ဘယ်လိုလုပ်မလဲ ..။

နာကျင်သွားခဲ့တာကို မသိဘဲ အောင် က ထပ်ရှင်းပြနေပြန်သည်။

"ချိန်း က ကမာ့ ကို သိပ်ချစ်တာ၊ ကမာ ကလွဲပြီး သူ ဘယ်သူ
ကိုမှ လက်ထပ်မှာမဟုတ်ဘူး၊ အဲဒါကို ကျွန်တော် သေချာသိနေတယ်
ဘယ်အခြေအနေထဲမှာပဲ ပိတ်မိနေပစေ သူ ရုန်းထွက်မှာပဲ၊ အဲဒါ
ကြောင့် ကမာ နဲ့ မကြာခင် လက်ထပ်ကြမှာပါ''

ငယ်သူငယ်ချင်းက အောင်မြင်သူ၊ သူမလေးကိုပဲ သူလည်း ချစ်
နေခဲ့သည်။ ဒါနဲ့တောင် ဘာဖြစ်လို့ ချိန်း နဲ့ ကြည်ဖြူနိုင်ခဲ့တာလဲ ..
ကမာ က ပြန်မချစ်လို့ လက်လျှော့ခဲ့ရတာလား .. ဒါမှမဟုတ် သဘော
နည်းတာလား ..။

"ဖူး နဲ့ ဖြစ်စေချင်ပေမယ့် မင်း ပြောပုံအရဆို ကမာ ကလည်း
ချစ်နေတာပေါ့၊ ချိန်း ဘယ်လိုပဲ လက်ထပ်ချင်နေနေ ကမာ သဘောတူ
မှ ဖြစ်မှာ''





"မမထက် အဲဒါတွေ မမေးပါနဲ့တော့ ..''

"မဟုတ်ဘူးလေ .. တို့ ပြောချင်တာက ..''

"ဟဲ့ .. ဟဲ့ .. အမလေးနော် .. ခုမှ မှောင်ရိပ်ခိုပြီး လာချိန်းတွေ့နေ
ကြတာလား''

ရုတ်တရက် ရှာဖွေရောက်လာသူက ဒေါ်ရွှေရုပ် ဖြစ်သည်။ တစ်
ကိုယ်လုံး ရတနာတွေနှင့် ပြိုးပြက်လက်နေကာ ခြုံထားသည့်ပဝါက
အောင် တို့နှစ်ယောက်လက်ကို လှမ်းဆွဲလိုက်တော့ တောင်ပံဖြန့်လိုက်
သလို တဖားဖားဝဲနေလျက် ...

"ပြောမကုန်နိုင် ဖြစ်နေကြတာကိုး .. မမြင်ဘူးတဲ့သူတွေဆိုတော့၊
ဟိုမှာ အားလုံး လူစုံနေပြီ .. လာခဲ့ကြ ..''

"သွားပါ မေမေရယ် .. အခု လိုက်လာမှာပါ''

လိုတာထက် ပို၍ ပျာယာခတ်ကာ အလျှင်စလို ဖြစ်နေပုံက ထူး
တော့ ထူးဆန်းနေပေမယ့် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ခြံဝင်းတစ်ခုလုံး ရွှေဖယ်မရသည့်သစ်ပင်၊ အရောင်စုံပန်းပွင့်လေးတွေ လွှဲလျှင် ရှေ့တစ်ပြင်လုံးမှာ စားပွဲတွေနဲ့ ပြည့်နေ၏။

စားပွဲတစ်လုံးမှာ အရောင်တစ်မျိုးနှင့် မီးပွင့်လေးတစ်ပွင့်စီပဲ ရှိ ဧည့်ခံပွဲ၏အလင်းရောင်ကို ခရစ္စမတ်သစ်ပင်လို ခြံရံထားသည့် ကျော ခက်ပင်အုပ်တို့ဆီမှာ မီးလုံးလေးတွေ ဆင်၍ ရယူထား၏။

ရောက်လာကြသူတိုင်းသည် ဝတ်စုံအရောင်တွေ အမျိုးမျိုး ပြောင်း လဲနေလျက် မလှတဲ့သူလည်း လှသည်၊ လှပြီးသားလူက ပိုလှ၏။

ဝတ်ဆင်လာသမျှ အတု အစစ် အားလုံးသော လက်ဝတ်ရတနာ တို့ကလည်း တုမှန်းစစ်မှန်း ခွဲမရလောက်အောင် ရောင်စုံ လင်းလက် နေခဲ့၏။

"အမလေး ဇေစပ်ပွဲကို မင်္ဂလာပွဲမှတ်လို့ မလတ် ရယ် .. ခြံထဲဝင် လာပြီးမှ လန့်ဖျန့်သွားတာပဲ"

"ဟုတ်တယ် .. ကျွန်မလည်း ဒီတိုင်းပဲ၊ မင်္ဂလာဧည့်ခံပွဲဆိုရင်တော့ ဒီရှိုးလောက်နဲ့ ဘယ်လာပါ့မလဲ .. နောက်ပြီး လက်ဖွဲ့ကောင်းကောင်း လည်း ပါမလာတော့ ကျွန်မဖြင့် ပြန်လှည့်ပြေးရတော့မလား ထင်မိ တယ်၊ တကယ်ကို မမြင်ဘူးပါဘူး"





"ဟုတ်တယ်နော် .. နှစ်ယောက်ပေါင်း လောင်းကျော်လုပ်နေ တာ၊ ငါတို့ အတုယူရမယ်"

"ယူရမှာပေါ့ .. တစ်ခါတည်း အကုန်ခံလိုက်တာ .. နှစ်ပွဲလည်း ပြီးတယ်၊ တခမ်းတနားလည်း ရှိတယ်"

ဧည့်သည်လာတဲ့လမ်းဆီ မျှော်ကြည့်နေသည့် ချိန်း နားထဲမှာ တစ် ချက်ကြီး ဖြစ်သွားသည်။ လှည့်ကြည့်လိုက်တော့ မျက်မှောင်ကုတ်နေသည့် အောင် ကလည်း သူ့ကို လှမ်းကြည့်လိုက်ဟန်နှင့် ဆုံ၏။

"ဘာလဲ .."

"မလတ် သားငယ်လေးက ချောတယ်နော်"

"တို့ရဲ့သားကရော မချောဘူးလား"

"ချောပါ့ .. နှစ်ယောက်စလုံး ရွေးရခက်အောင် ချောတာပါ၊ မမြင့် တို့ အရွေးတော်လိုက်တာမှ ချွေးမလောင်းလေးတွေကလည်း တကယ့်ကို ဖူးဖူးစင်အောင် လှကြတာ"

"မမကြည် ကလည်း ဖူးဖူးစင် က နာမည်ပဲလေ"

"ဩော် .. ဟုတ်ပါရဲ့ .. နာမည်ကလည်း လှမှလှပဲ"

ချိန်း တို့ရဲ့မျက်လုံးတွေ ယောက်ယက်ခတ်ခြင်းတို့ စတင်လာ၏။ အလှမ်းကွာနေပေမယ့် မျက်လုံးချင်း မေးနေကြတာ အဖြေက မပေါ်..။

ဦးမင်းခ ဆိုသည့်လူကြီးနှင့် ဖူး တို့က ဟိုဘက်စားပွဲမှာ ဧည့်ခံနေ ကြတာ ဖြစ်သည်။ သူတို့ရဲ့ဧည့်ခံပွဲလို မိန့်မိန့်ထည်ထည်ကြီး နှုတ်ဆက် ဧည့်ခံနေတာကိုလည်း အစက ဂရုမစိုက်မိပါ။ သုံးစု လေးစုဆိုင် ရှုပ် ထွေးစွာ ရင်းနှီးနေကြသည့် မိသားစုတွေမို့ မခွဲခြားဘဲ ကူညီဧည့်ခံနေကြ သည်လို့ ထင်ခဲ့မိသည်။

ဒီလိုနေရာမျိုးကျမှ 'ဖူး နား သွားလိုက်ပါ၊ ဖူး နဲ့ သွားစကားပြော ပါဦး' စသဖြင့်သော တိုက်တွန်းချက်တွေ ရောက်မလာသဖြင့် ထူးဆန်း စွာ စိတ်ချမ်းသာနေခဲ့တာ ပွဲတောင်မစရသေး ..။



www.burmeseclassic.com

www.burmeseclassic.com



"အောင် .."

"မမေးနဲ့ .. ငါလည်း မသိဘူး"

"မင်း ဘာလို့ မသိရမှာလဲ .. ဒါ မင်းအိမ် .."

"ဟ .. မသိပါဘူးဆိုမှ မင်းက တစ်မျိုး"

"ဒါ မရိုးသားဘူး .. မာမီ ဘာတွေလုပ်တာလဲ"

"ချိန်း .."

ချိန်း ဖျတ်ခနဲ လှည့်လိုက်တာနှင့် အောင် က လက်ကို ဖမ်းဆွဲထား လိုက်၏။

"မင်းက ဘာလဲကွာ .. ဒီလောက် ထူထပ်နေတဲ့ ဧည့်သည်တွေ ရှေ့မှာ အားလုံးလည်း စားသောက်နေကြတာကို"

"ဘာဖြစ်ဖြစ် အောင် .."

အနောက်တိုင်းဝတ်စုံ အဖြူရောင်နှင့် မီးခိုးနဲ့ အဖြူစပ်ကျားထား သည့် လည်စည်းက ပန်းနုရိပ်သမ်းနေသောမျက်နှာနှင့် အစတုန်းက တော်တော်ကြည့်လို့ကောင်းနေပေမယ့် အရောင်ရင့်သွားသည့်မျက်နှာ မှာ မျက်ခုံးတွေ တစ်ဆစ်ချိုးတဲ့အထိ ကုတ်ချိုသွားတော့ အကျည်းတန် သွား၏။

နူးညံ့ရှည်မွန်သော အပြုံးချိုချိုတွေ ပျောက်ဆုံးသွားခဲ့ပြီး ချက်ချင်း ပဲ နီမြန်းတင်းမာသွားသည်။ သူ့မျက်လုံးတွေ ရောက်သွားတာ ဖူး ကို အပေါ်က အဖြူရောင်ဂါဝန်ကိုဖြစ်ကာ ဒီဧည့်ခံပွဲ တခမ်းတနားဖြစ်လာ ရခြင်းအကြောင်းကို ကျကျနန နားလည်သွား၏။

"ဟိုမှာ .. ကမာ တို့ လာပြီ"

ခက်ထန်နေသည့်စိတ်တွေက အောင့် စကားကြောင့် တစ်နေရာ ကို ပြောင်းလဲ ရောက်ရှိသွားခဲ့၏။ သူသာမဟုတ်ဘဲ ဧည့်ခံပွဲထဲမှာ ရှိတ်တရက် တစ်စုံတစ်ရာ ဖြစ်ပျက်သွားသလို အသံတချို့ လျော့ကျ သွားခဲ့သည်။ သဲ ရယ် .. ကမာ ရယ် နှစ်ယောက်၊ သဲ က နက်ပြာရောင်





ဖြစ်ကာ ကမာ က မီးခိုးရောင်...၊

ရောင်စုံမီးပွင့်ငယ်တို့၏ အလင်းရောင်မှအပ မှောင်နေသည့်ညထဲ မှာ မီးခိုးရောင်ဖျော့သည့် ပိုးပျော့ဂါဝန်ကပ်ကပ်လေးက ကိုယ်ပေါ်မှာ မှတာ ကပ်တာမျိုးမဟုတ်ဘဲ ကောက်ကြောင်းလေးတွေအတိုင်း တင်နေ သည်။ နဂိုတည်းက လှသည့် ကမာ့ ကိုယ်ခန္ဓာသည် အဝတ်စား တင် ထားသည့်ဟန် ပျောက်ကာ ငွေရည်သွန်း၍ ထုဆစ်ထားသည့်အတိုင်း ပြီးပြက်လက်နေသည်။

မျက်တောင်ခတ်ဖို့ မေ့လျော့စေတဲ့အထိ ခြေလှမ်းတိုင်းက တိမ်း မူးစေအောင် ဆွဲဆောင်၏။ မီးခိုးရောင် အပြောင်သားပေါ်မှာ ဘယ်ဘက် ဒူးဆစ်အောက်နားမှာ ကျောက်တို့နှင့်သီထားသော လိပ်ပြာပုံ ပန်းတစ် ပွင့်နှင့် ညာဘက်ပခုံးနှင့် ရင်ဘတ်တစ်ခြမ်းမှာ လိပ်ပြာပုံတစ်ပွင့် ...။

ပြီးတော့ ဖွေးနုလှပသည့်လည်တိုင်မှာ အနက်နဲ့ အဖြူရောသော ခရစ္စတယ်လ် လည်ကပ်ကြိုးလေးတစ်ကုံး ဆွဲထားသည်။

ဆံပင်ကို တစ်ဖက်သတ် သိမ်းထားလျက် အနက်နဲ့ အဖြူအရစ် လိုက်ပါသည့် ကျောက်ခက်ပန်းကို အပြားလိုက် ကပ်ထား၏။

"ကြည့်ပါဦး .. ကြည့်ပါဦး .."

"မေမေ .."

"ဖယ်စမ်းပါ .."

"မလုပ်ပါနဲ့ မေမေရယ် .. သူ့ဟာသူ လှအောင် ပြင်တာ မေမေ သွားပြောလို့ ရမလား"

လူတွေအားလုံး စုပြုံ အာရုံရောက်နေကြစဉ် ခပ်လှမ်းလှမ်းမှာ ဒေါ်ရွှေရုပ် စွေ့စွေ့ခုန်မတတ် လက်သီးဆုပ်နေ၏။

"ပြောလို့မရဘူးဆိုပြီး သက်သက်လုပ်လာတာ၊ သတို့သမီးထွေ ထက် ကြောအောင် တမင်လုပ်ပြတာ .. ညည်း သိလား မိထက်ထက်၊ ငါ့အရိပ်က လွတ်ပြီလို့ သင်းက တွက်ထားတာလား .. တော်က် .."



www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ် .. သူများတွေ ရိပ်မိကုန်ပါ့မယ်"

"ဒါက ပြောလို့မရတဲ့ အခွင့်အရေးဆိုပေမယ့် သူ ဒီလောက် ဖြ မလာသင့်ဘူးဆိုတာ နားလည်ရမှာပေါ့၊ ဥမ္မာဒန္တီ ကိုမြင်လို့ သိဝိမင်းကြ ရူးသွားတာ ကြားလို့ကောင်းသေးတယ်၊ ခုတော့ ကြည့်ပါဦး .. ဒီ တစ်ခုလုံးကလူတွေ လိပ်ပြာတွေပါ လွင့်ကုန်ကြပြီလား မသိဘူး၊ ဟိုမှာ ဟိုနှစ်ကောင်ကို ကြည့် .. ပြေးပွေ့ကြတော့မလား၊ တစ်ဖွဲ့တစ်ရှုံ့ခိ လုယူကြတော့မလား၊ မရဘူး .. သင်း ခုပဲ သိမယ် .."

မေမေ ထဘီတစ်စ 'မ' ၍ ထွက်သွားတာကို တားဆီးဖို့စိတ်ကူး လည်း မဖြစ်မိတော့ပါ။ တခြားမိန်းမတစ်ယောက်ကို ဒီလောက်ထိ မှင်တက်ငေးမောနေခဲ့သော အောင့် မျက်လုံးတွေကြောင့် မိန်းမသားပီပီ နာကျင်လာခြင်းက အတိုင်းအဆမဲ့ နှိပ်စက်နေသည်။

လှမ်းကြည့်လိုက်တော့ ဖူး မျက်နှာလေးကလည်း ကမာ့ ထံမှာ တမေ့တမောပါ ..။ ဦးမင်းခ ကိုယ်တိုင် ကိုယ့်သမီးကို မသိမသာ ပြန် ငဲ့ကြည့်မိရင်း စိတ်မကောင်းဖြစ်သွားခဲ့၏။

ညအမှောင်မှာ ရောင်စုံမီးတို့၏လင်းအားက စိတ်လှုပ်ရှား ရင်ခုန် ဖွယ်ပေမယ့် လူတွေရဲ့ ဝတ်စားဆင်ယင်မှုတွေအပေါ်မှာ ဒီလောက်ထိ ရက်စက်စွာ အကဲဖြတ် အမှတ်ပေးသွားနိုင်မည်ဆိုတာတော့ ဘယ်သူမှ ကြိုတင် တွေးမိဖို့ မလွယ်ပါ။

ဈေးစပ်ပေးကြမှာကို ချိန်း က မသိပေမယ့် သမီးက သိထားသည်။ ချိန်း အတွက် သူ့မာမီကိုယ်တိုင် ဒီဝတ်စုံအဖြူကို စီစဉ်ထားသည်ဆို ကတည်းက ဆွတ်ဆွတ်ဖြူသည့်ဂါဝန်ကို မောကြီးပန်းကြီး ရှာခဲ့တာ လည်း တစ်ရက်အတွင်း၊ နာရီပိုင်းလောက်နဲ့ ပြည့်စုံအောင် သူမပဲ ကြိုးစားနိုင်လွန်းသည်။

အဖြူရောင်ဆင်တူ ဝတ်ခွင့်ရတာကို ချိန်း က မသိပေမယ့် သူ ခမျာ မရှက်နိုင်လောက်အောင် ပျော်နေခဲ့ရှာသည်။ ခုတော့ အမှောင်ကို





ခြင်းသည်မဟုတ်သော ရောင်စုံမီးပွင့်လေးတွေအောက်မှာ အဖြူရောင် ဂါဝန်ကပဲ ထင်လင်းနေကာ ဂါဝန်ရဲ့အောက်မှာ လူက ပျောက်နေခဲ့ သည်။ ပြင်ဆင်ခြယ်မှုန်းထားသမျှ မျက်နှာလှလှလေးကိုပါ အားနည်း သည့်အလင်းရောင်ထဲမှာ နစ်မြုပ်ပျောက်ကွယ်စေခဲ့၏။

ထက်ထက်မင်း ဆိုသည့် မိန်းကလေးလည်း ညှို့သို့သာ ..၊ နုံ့သာ ရောင်ဖျော့ဖျော့လေးက ဝင်းနေပေမယ့် အားလုံးထဲမှာပဲ ရောသော ပျောက်ကွယ်နေခဲ့သည်။ ညစ်ခံပွဲတစ်ခုလုံး၏ အပြိုင်အဆိုင် ပြင်ဆင် ခြယ်သမှုတွေဟာ နေကမာ ဆိုသည့် မိန်းကလေး၏ ခြေလှမ်းတိုင်းမှာ ပျောက်ကွယ် ပျက်စီးကြ၏

သူမဝတ်သည့် ခဲရောင်ဝတ်စုံသည် ညအမှောင်မှာ သူမရဲ့ အလှ တရားတွေ ပေါ်လွင်အောင် တမင် ဖျော့ချ နောက်ဆုတ်ပေးထားသည့် အတိုင်း ဖြူနုဝင်းစက်နေသည့် မျက်နှာပေါ်မှာ အသိုရောင်လက်လက် ပြုံးနေသော နှုတ်ခမ်းထူလေးတွေထိ ထင်းနေအောင် ပေါ်သည်။

လည်ပင်းမှာ ဆင်သည့် ခရုစ္စတယ်လ်ဆွဲကြိုးအတိုင်း လက်နှင့် ခြေကျင်းဝတ်တစ်ဖက်မှာလည်း ငါးကွင်းဖိုး အထပ်ထပ် ဝတ်ထားတာ ဆင်တူ ..။ ခဲရောင်လက်နေသော ကြိုးသိုင်းပို့င့်ဒေါက်နှင့် ဖုချိန်းတွေ အထပ်လိုက် ဝတ်ထားသည့် သူမရဲ့ခြေဖျားထိ မျက်နှာကနေ အပြန်ပြန် အလှန်လှန် ငေးနေခဲ့ကြရာ တစ်စစ ပို၍ တိတ်ကျသွားသည့် ညစ်ခံပွဲက ဆာစောကနဲ့ လုံးဝ ကွာခြားသွားလေသည်။

ပေါ့ပါးစွာ လှမ်းလာသည့် ကမာ့ ခြေလှမ်းတွေပါ တုံ့ခနဲ တစ် ချက် ဖြစ်သွားသည်။ စားပွဲဝိုင်းတွေရဲ့ အလယ်လမ်းလေးပေါ် ရောက် နေကာမှ ထိုအဖြစ်ကို သတိရသည်။ သဲ က ဆုပ်ထားသည့် သူမလက်ကို တင်းခနဲ ဖျစ်၍ ...

"ဆက်သာလျှောက် ကမာ .. မျက်လုံးတွေမှာလည်း စည်းကမ်း ရှိရတယ်ဆိုတာ သူတို့ နားမလည်လို့ နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သဲ က အားပေးရှာ၏။ ဒီတိုင်း ကျောင်းလာတာတောင် က[illegible]
က လူသတိထားမိအောင် လှနေတာ ...။ ကိုယ့်သူငယ်ချင်းဘက်[illegible]
တွေးပေးကာ ရှေ့ကို လှမ်းကြည့်လိုက်တော့ ထိပ်ဆုံး အဓိကဝိုင်း[illegible]
ဖူး တို့သားအဖနှင့် ချိန်း နဲ့ အောင် ရဲ့မိဘတွေ အားလုံး စုညီနေကြသည်[illegible]

လှည့်ပတ်ရှာကြည့်လိုက်မှ မမထက် ကို ဧည့်ခံပွဲရဲ့ ဟိုဘ[illegible]
ထောင့်ဆုံး စားပွဲနားမှာ မြင်လိုက်ရကာ ...

"ကမာ .."

"ဟင်!..."

ကိုယ်က အဝေးကို မဲရှာနေတုန်း ရှေ့ကို ဖျတ်ခနဲ ရောက်လာသည့်
ဒေါ်ရွှေရုပ် ကြောင့် နှစ်ယောက်စလုံး အံ့အားသင့်သွားကြသည်။

"ညည်းတို့ကို စောင့်နေတာ .. ဟိုဘက်စားပွဲကို သွားလိုက်[illegible]
လား၊ ညည်း မမထက် လည်း ရှိတယ်"

တလက်လက် စူးရဲနေသည့် ဒေါ်ရွှေရုပ် မျက်လုံးတွေကို ကမာ
သိလိုက်သည်။ လှမ်းကြည့်လိုက်တော့ ဖူးကလည်း ထလာကြိုမည့်ပုံ
မရှိဘဲ ငေးငေးငိုင်ငိုင်လေးမို့ ...

"ဟုတ်ကဲ့ အန်တီရွှေ"

"ညည်းအမေ မပါဘူးလား"

"မေမေက ကျန်းမာရေးမကောင်းလို့ ဘယ်ပွဲမှ မသွားနိုင်တာ
ကြာပြီ"

"အေးပေါ့ ဆင်းရဲတဲ့ဒဏ် ခံရပြီဆို ဒီလိုဖြစ်တတ်ကြတာပဲ"

ခံတွေကြားထဲက ဖြတ်ကျော်လျှောက်ခဲ့ရင်း ဆောင်းဘောက်စ်က
မြူးဇစ်သံကို ဖုံးလွှမ်းအောင် ဒေါ်ရွှေရုပ် က တမင် လုပ်ကြဲသွား၏။

"စီးပွားရေးအထောက်အခံလည်း ဘာမှ မကျန် .. ထုခွဲရင်းနှီးစရာ
လည်း မရှိတော့ဘူးကိုး၊ ရှိရင်တောင် ညည်းအမေက သိပ်နုံတာ ..
ဘာမှလုပ်တတ်ခဲ့တာမှ မဟုတ်ဘဲ"





ညီအစ်မဝမ်းကွဲတွေမို့ အကြီးဖြစ်သည့် ဒေါ်ရွှေရုပ် က အမြဲတမ်း
[illegible]ည်း ဒီလိုပြောနေကျပါ။ ဒါပေမယ့် ...

"ဒီမှာ ထိုင်ကြဦး"

မမထက် ကိုလည်း မတွေ့တော့ပါ၊ တမင် စီစဉ်ထားပုံရှိသော
ဧည့်ခံပွဲထဲက ပုံစံတကျရှိနေသည့် စားပွဲတို့နှင့် အလှမ်းကွာသည့်နေရာ
[illegible] သူမတို့ကို စားပွဲတစ်လုံးနှင့် သပ်သပ်နေရာပေး၏။

ဝင်လာကတည်းက ကြည့်နေကြသည့် မျက်လုံးတွေ ချက်ချင်းပဲ
[illegible]ရောင်ပြောင်းကုန်ကြတာ စိတ်က ထင်လို့လား ...။

"မျက်နှာပျက်မနေနဲ့ ကမာ .. နင့်အခေါ် တမင်လုပ်တာ၊
[illegible]နောက်ရှိတဲ့လူတိုင်း သိမှာပဲ၊ တကယ်ပဲ မကြားဖူးဘူး .. ဆွေမျိုး
[illegible]အချင်းကို ဒီလောက်ထိ .."

"ငါက ဘာမှမဖြစ်ပါဘူး သဲ ရယ် .. နင် ငါနဲ့ လိုက်လာခဲ့ရလို့.."

"အမလေး နားစမ်းပါ .. စင်ဒရဲလားနဲ့ အစ်မဆိုးတွေ ပုံပြင်ထဲ
[illegible]ရောက်နေသလိုပဲ၊ ငါတို့က ဘာမှ သိမ်ငယ်စရာ မလိုဘူး၊ ရှက်ရမှာက
[illegible]သူတို့ .."

"ဖူး ငါ့ဆီ ထမလာဘူးနော် .. မျက်နှာကြည့်ရတာ တစ်မျိုးပဲ"

"နင် ဒီလောက်လှနေတာ ဘယ်သူကမှ နာလိုမှာ မဟုတ်ဘူး
[illegible]ကမာ .. မမထက် ကိုရော နင် သတိထားမိလား၊ ငါတို့ကို မြင်သာ နဲ့
[illegible]ပျောက်သွားတယ်၊ သူတို့လူတွေက နင့်ကို .."

"ဟိုမှာ ချိန်း တို့ ဒီကို လာနေတယ်"

ကမာ့ မျက်နှာလေး ဝင်းပသွားသည်။ ကြိုဆိုသူ မရှိတဲ့ပွဲကို တက်
ရောက်မိသူ၏ ကျဉ်းကျပ်မှုမျိုး သူမ ခံစားရခြင်းဟာ ဒါ ပထမဆုံးပဲ
ဖြစ်သည်။ ထို့ကြောင့် တခြား ဘာကိုမှ သတိမရနိုင်တော့ဘဲ ကိုယ့်ကို
[illegible]လိုလားကြသူတွေမို့ ချိန်း တို့ လာတာကို ပျော်သွားမိသည်။

ဒါပေမယ့် နှစ်ယောက်စလုံး သူမတို့ဆီကို ရောက်မလာခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



တကယ် လျှောက်ထွက်လာကြတာက ထိပ်ဆုံးစားပွဲနှစ်လုံး... ဒီပွဲရဲ့ အဓိကလူကြီးတွေ ...။

အားလုံးရဲ့အမြင်မှာ သူမတို့ကို ကြိုဆိုဧည့်ခံဖို့ အထူးတာ... ထလာကြတာမျိုး ...၊ မျက်နှာတွေက နှစ်လိုဖွယ် ပြုံးချိုလျက် ...

"နေကမာ ဆိုတာ သူလား"

ကမာ တို့ နှစ်ယောက်ရဲ့ စားပွဲဘေးမှာ ဝိုင်းပတ်ရပ်လိုက်ကြ... ဒေါ်မီမီလတ် က ပထမဆုံး မေးခွန်းထုတ်၏။

"ဟုတ်တယ် မလတ် .. ကျွန်မနဲ့ဆို ဆွေမျိုးတောင် တော်သေး... တယ် .. ဒါပေမယ့် ကျောသားရင်သား မခွဲခြားလို့တော့ မရဘူး... မလတ် ရဲ့ .. အောင် တို့ သမီးရဲ့ဆိုင်ကို ရောက်ရောက်လာတိုင်း သူ... ဧည့်ထောက်ခံတော့ .."

"အံ့တီရွှေ .."

ကမာ မျက်နှာလေးပျက်လျက် နေရာမှ ထရပ်လိုက်သည်။ ချိန်း... နဲ့ အောင် တို့ရဲ့ ခြေလှမ်းတွေ တုံ့ရပ်ကျန်ခဲ့အောင် ဘယ်လို တားဆီး... သည်ကို မသိသော်လည်း ချိန်း ရဲ့အမေကို ဒီနားထိ တမင် ခေါ်လာ... မှန်း သိလိုက်သည်နှင့် အခြေအနေကို သူမ သဘောပေါက်သည်။

ထိုစဉ် မျက်ဝန်းထောင့်မှာ အဖြူရိပ်လေးတစ်ရိပ် ရွေ့လျားလာသ... မြင်လို့ လှည့်ကြည့်လိုက်တော့ ဖူး ဖြစ်နေသည်။ ဦးမင်းခ ကတော့... ပါမလာပါ ...။

လူစုံတက်စုံ ဝိုင်းရံနေသည့်အဖြစ်ကို အံ့ဩထိတ်လန့်လာသ... သဲ ကလည်း ကမာ့ ဘေးမှာ အတူတူ ထရပ်လိုက်သည်။ ဘာတွေလဲ... ဘာတွေ ဖြစ်ကုန်တာလဲ ...။

သူတို့ ဘာများလုပ်ကြဦးမလို့လဲ ...၊ စားပွဲတစ်လုံးမှာ အုပ်စုလိုက်... ဝိုင်းရံနေကြတာ ဧည့်ခံပွဲဆီကိုတောင် မမြင်ရတော့ပေ။

တစ်ယောက်လှနေတာကို တစ်ယောက်က မနာလိုဖြစ်သည်ဆို...





...ကြားဖူးပေမယ့် ဒီလို လူကြီးလူငယ်တွေအကုန် အုပ်စုလိုက် ဝိုင်းဝန်း ...င်းမဲကြတာမျိုးကတော့ ကြုံလည်း မကြုံဘူး၊ ကြားလည်း မကြားခဲ့ ...ပေ ...။

"ညည်းက ဘာပြောချင်လို့လဲ ကမာ .. ဟောဒီပွဲကို ဒီလို အလှဆုံး ...အောင် ဝတ်စားပြင်ဆင်လာနိုင်တာနဲ့ အားလုံးကို လွှမ်းမိုးနိုင်ပြီလို့ ...င်နေတာလား .."

"အဲဒီလိုရည်ရွယ်ချက် ကမာ့ မှာ လုံးဝ မရှိဘူး"

"ညည်း ရည်ရွယ်တာတွေကိုလည်း ငါကလွဲပြီး ဘယ်သူမှ သိမှာ ...ဟုတ်ပါဘူး၊ အဲဒါကြောင့် မသိသေးတာကို ပြောပြနေတာ၊ သူငယ် ...ချင်းတွေပဲ နေပါစေဆိုပြီး လွတ်လပ်ခွင့်ပေးလာခဲ့တဲ့ မမြင့် ကိုပဲ ကြည့် ... - အောင့် အတွက် သူ ဘယ်လောက်ထိ ပူနေရသလဲ"

ကမာ နဲ့ ဒေါ်ခင်မြင့် မျက်လုံးချင်း ဆုံသွားသည်။ မျက်နှာက ...င်းနေပေမယ့် ဒေါ်ခင်မြင့် က ဘာမှဝင်မပြောဘဲ တစ်ဖက် လှည့်ပစ်၏။ ...ကိုယ်တိုင် ခုမှ မြင်ဖူးသည့် ချိန်း ရဲ့မာမီကတော့ နှုတ်ခမ်းသားမကျဲဘဲ ...ခေါင်းတွေပါတွန့်၍ ဘယ်လောက်ထိ အထင်မြင်သေးနေခဲ့ခြင်းကို ...က်တွေ့ပြသည်။

အားလုံးအပေါ်မှာ ကျေနပ်နေသူက ဒေါ်ရွှေရုပ် ဖြစ်၏။ ရှိနေသူ ...တို့၏မျက်နှာတွေကို မျက်လုံးဝေ့သွားသည့် ကမာ့ ကို ကြည့်၍ နှုတ်ခမ်း ...မှာ မဲ့ပြုံးတို့ဖြစ်လျက် ...

"မိန်းကလေးတစ်ယောက် သိပ်လှနေတာကို ယောကျ်ားလေး ...တွေ သဘောကျနိုင်ပေမယ့် သူတို့ရဲ့မိဘတွေကတော့ စိုးရိမ်ပူလောင်နေ ...မှာပဲ ကမာ .. ကိုယ်ပိုင်အလင်းရောင် ရှိတာချင်းတူပေမယ့် ပိုးစုန်းကြူး ...က ပိုးစုန်းကြူးပဲ .. လမင်းကို တုပြိုင်ချင်လို့ မရဘူး၊ အလှနဲ့ ဘဝက ...တခြားစီ"

"မိန်းမတစ်ယောက်အတွက် အလှက ဘဝပဲ အန်တီ .. တခြားစီ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ဒီနေ့ ဒီနေရာမှာ ကမာ ပိုင်းဝန်း လက်ညှိုးထိုးခံလို မယ့် ကိုယ့်ကိုယ်ကိုယ် ဒီလောက်လှပါလားလို့ သိလိုက်ရတဲ့အ ဂုဏ်ယူပါတယ်"

"ကြံဖန် ဂုဏ်ယူပေါ့အေ .. ညည်းက ဒီလိုဖြစ်ချင်တဲ့သူပဲ၊ တော့ တစ်မ်းတွေက မပြောပေမယ့် ဆွေမျိုးချင်းမို့ အကြောင်းသိ ဆိုတော့ ညည်းရဲ့ခြေလှမ်းတွေကို .."

"ကျွန်မက ဘယ်ခြေလှမ်း လှမ်းနေတယ်လို့ အန်တီ ထင်လို

ကမာ့ မျက်နှာလေး နီရဲနေလျက် စကားသံတို့ပါ တုန်ခါစပြ ခဲ့သည်။

"ယောက်ျားလေး နှစ်ယောက်စလုံးက ညည်းကို .."

"အန်တီ စကားပြောတာ ငါ့တူမ တော်နေသေးတယ်ဆိုတဲ့ လေး မထားနိုင်ရင်တောင် စာနာမှုတော့ ရှိစေချင်တယ်"

"မစာနာနိုင်ဘူး .. ညည်းကြောင့် ငါ့ အမြဲတမ်း ဒေါသထွက် ပုလောင်ရ၊ ငါ့သမီးလက်အောက်မှာနေပြီး လက်အောက်ခံလို မနေ ယှဉ်ပြိုင်မှာလိုလို ရင်ဆိုင်တော့မလိုလို အမြဲတမ်း ပခုံးချင်းယှဉ်ဖို့ ကြ စားခဲ့တာတွေ၊ ညည်း လုပ်ကိုင်ကြံစည်သမျှ ခုလည်း အကောင်အထ ပေါ်နေပြီလေ .. ကိုယ့်ဟာကိုယ် တစ်နွယ်တစ်စင်ထောင်မယ်၊ ကြော ရမယ့်လူ မရှိတော့ဘူးဆိုပြီး လူတွေကို နည်းနည်းဖြစ်ဖြစ် ကာ ကအောက်ဖြစ်အောင် လုပ်မယ် .. အဲဒါကြောင့် ဒီပွဲကို ခုလို ပြင်ဆင် ရည်ရွယ်ချက်နဲ့ လာတာ၊ ဂရုမစိုက်တဲ့မျက်နှာပြောင်နဲ့ ဟွန်း .."

ဘယ်တုန်းတည်းက စုပြုံ ခံပြင်းနေခဲ့သည်မသိဘဲ ဒေါ်ရွှေ က တစ်မ်းတွေ ပတ်လုံးညီဝိုင်းနေသည့်ကြားထဲမှာပဲ ရင့်ရင့်သီးသီး ပြေ သည်။

စားပွဲစွန်းမှာ တင်ထားသည့် ကမာ့ လက်ဖဝါးလေး လက်သီးဆု လေးသို့ ပြောင်းလဲသွားခဲ့ပြီး ...





"မျက်နှာပြောင်တာ မဟုတ်ပေမယ့် ဂရုမစိုက်တဲ့မျက်နှာဆိုတာ တော့ ဟုတ်ပါတယ်"

"ဘာ!..."

"ဒါပေမယ့် လူတွေကို ဒုက္ခပေးနိုင်ပြီဆိုတဲ့ အန်တီရွှေ ပြောတဲ့ ရုမစိုက်မှုမျိုး မဟုတ်ဘူး"

"မဟုတ်ရင် ဘာလဲ .. အခု အားလုံး ညည်းရဲ့အလှမှာ ဝင်စင်း ကြောင်ငေးကုန်ကြပြီ၊ သူတို့ချစ်တဲ့ ယောက်ျားတွေ ညည်းကို ငေးမော ကုန်ကြတာ သူတို့ရင်ထဲမှာ ဘယ်လိုနေမလဲ စဉ်းစားကြည့် .."

"သူတို့ဆိုတာ ဒီတစ်ပွဲလုံးက လူတွေလား .. မမထက် နဲ့ ဖူး ဆို ပြောတာလား .. ကျွန်မ ခုလို ပြင်ဆင်လာတာ အဲဒီနှစ်ယောက် အတွက်ပါ"

ကြည့်စမ်း .. ဒေါ်ရွှေရုပ် နှင့် အမေတွေ အားလုံး မျက်နှာတွေပျက် ကုန်ကြ၏။

"သူတို့ရဲ့စေ့စပ်ပွဲကို ကြည်လင်ရွှင်ပျစွာ တက်ရောက်အားပေးတဲ့ နေကမာ ဖြစ်ဖို့ပါ၊ ကျွန်မ အချစ်ဆုံးလူလေးယောက်ရဲ့ ဒီပွဲအတွက် လိုလားသူ မလိုလားသူ အားလုံးကို ထည့်မတွက်မိဘဲ ကျွန်မဘက်က ရိုးသားစွာ ဝမ်းသာဂုဏ်ပြုခြင်းကိုပဲ သိစေချင်ခဲ့တာ"

"စကားကို သဘာဝကျအောင် ပြောစမ်းပါ၊ ဒီကို လာကိုလာချင် နေတာပဲဆိုတာ"

"မလာဘဲ ကျွန်မဘက်က ကွယ်ရာမှာ တိတ်တိတ်ဆိတ်ဆိတ် နေလိုက်ရင်လည်း ဒါကို အတင်းအဖျင်းပြောကြမှာပဲမို့လား"

မေးပြီး ကမာ က ဖြေတာကို မစောင့်ဘဲ ...

"ကျွန်မ လိုချင်ရင် ဒီလူနှစ်ယောက်ကို လုယူနေစရာ မလိုပါဘူး၊ သူတို့ရဲ့ မိဘစုံရာရှေ့ထိလာပြီး ထင်သလို ကဲ့ရဲ့ရှုတ်ချခံရအောင် လည စင်းပေးနေဖို့လည်း မလိုဘူး၊ အစတည်းက ကျွန်မက စည်းဝိုင်းထဲကို



www.burmeseclassic.com

www.burmeseclassic.com



မဝင်ခဲ့တဲ့လူ ..''

''မဝင်ခဲ့ပေမယ့် ငါ လိုအပ်တာ မင်းပဲ ကမာ ..''

ရုတ်တရက် ချိန်း ရောက်လာတာနှင့် ဒေါ်မီမီလတ် ကိုယ် အ
ခနဲ ခါသွား၏။ သားဖြစ်သူ အတင်းထွက်သွားတာ မြင်ကတည်း
ထလိုက်လာသည့် ဦးထွန်းထွန်း က ဒေါ်မီမီလတ် နောက် ရော
ရပ်လိုက်ပြီး ...

''သား ဒီဘက်ကို လာခဲ့စမ်း''

''မလာချင်ဘူး ဒက်ဒီ .. ကမာ့ ကို ဒီနေရာမှာ အားလုံးက ဘာ
ဝိုင်းပြောဆိုနေကြမှန်း မသိလိုက်ရပေမယ့် ကမာ ပြောနေတာ ကျွ
တော် သိတယ်၊ ဒါကြောင့် သူ လုယူယူ မယူယူ သူ့ခေါင်းပေါ
ကျွန်တော်ကိုယ်တိုင် သရဖူတင်ပေးမှာ''

''ဘာပြောတယ် ချိန်း .. မင်း .. မင်း စကားကို ပြင်ပြောစမ်း

ချိန်း က ကမာ့ လက်တစ်ဖက်ကို ဆွဲထားပြီးသားဖြစ်ကာ ဒေါ်မီ
လတ် အသားဆတ်ဆတ်တုန်နေ၏။ အားလုံး မယုံနိုင်စွာ ပါးစပ်တွေ
ပွင့်ဟနေကြသလို မှုး မျက်ဝန်းလေးတွေ ဝိုင်းစက်မတတ် ဖြစ်နေခဲ့
အားလုံးသော ပြောသံတွေထဲမှာ ချိန်း ရဲ့စကားတွေကိုပဲ သူ
ကြားသည်။ ချိန်း မျက်နှာချောချောကိုပဲ ငေးနေခဲ့၏။ ဇွဲစပ်မည့်
ဆိုတာ သိသွားသဖြင့် ဖြစ်ပျက်သွားသည့် ချိန်း ရဲ့ မျက်နှာပြောင်းလဲ
တွေကို ရှေ့ဆက်မမြင်ရဲတော့သလို ဒီလောက်ထိလဲ မထင်မိခဲ့သဖြ
တကယ်တမ်း အကြီးအကျယ် ထဖြစ်ကြတော့ မှုးတုန်လှုပ်နေခဲ့မိတာ
လိပ်ပြာလွှင့်မတတ် ..။

''မင်း ကိုင်ထားတဲ့လက်ကို အခု လွှတ်လိုက်စမ်း''

ဒေါ်မီမီလတ် ကတုန်ကယင် လက်ညှိုးထိုးရင်း ဆွဲကိုင်ထားသည့်
လက်နှစ်ဖက်ကို ချောက်ချားစွာ ကြည့်နေလျက် ...

''ပြောနေတာ ကြားလား ချိန်း .. ရပ်စမ်း''





ကမာ့ လက်ကို ဆွဲထွက်တော့မည့် ခြေလှမ်းကို သိလိုက်တာနှင့်
ဒေါ်မီမီလတ် နေရာမှ ဖျတ်ခနဲထွက်ကာ ချိန်း တို့ရှေ့ကို လေတိုက်သလို
ရောက်သွားသည်။ ထို့နောက် ...

''မင်းကလား .. ငါ့ကို .. ကဲဟယ် ..''

''လတ် ..''

ဦးထွန်းထွန်း တားဆီးချိန်မရလိုက်ဘဲ ဒေါ်မီမီလတ် ရဲ့ တအား
ရွယ်ချပစ်လိုက်သည့် လက်တစ်ဖက်က ချိန်း ရဲ့ပါးတစ်ဖက်ပေါ် ဖြန်းခနဲ
ကျလေသည်။

''ဟော့ .. ဧည့်ခံပွဲကလူတွေ မသိစေနဲ့၊ ခဏ ပိတ်ထားလိုက်''

''ကိုထွန်း .. မလတ် ကို တွဲလိုက်ပါဦး''

''လတ် .. ဟော့ .. သတိထားလေကွာ ..''

ဧည့်ခံပွဲနှင့် အလှမ်းမဝေးပေမယ့် မနီးမနားနေရာလေးက လူစုစု
ထဲမှာ ဘာတွေဖြစ်ပျက်သွားမှန်း ဧည့်သည်တွေ မသိလိုက်ကြပေ။

ခဏလေး ပျောက်သွားသည့် ထက်ထက်မင်း ချက်ချင်း ပြန်
ရောက်လာကာ ဒေါ်ရွှေရုပ် နှင့်အတူ ဧည့်ခံပွဲထဲ ပြန်ရောက်သွားသည်။
ခြေအနေကို ဒေါ်ရွှေရုပ် က လုံးဝ ပျက်စီးမခံနိုင်စွာ မဖြစ်မနေ
ကြည့်ရာ၏။

ချိန်း နဲ့ ဖူးဖူးစင်၊ အောင်မြင်သူ နဲ့ ထက်ထက်မင်း တို့ အောင်မြင်
စွာ ဇွဲစပ်ကြောင်းလမ်း ပြီးစီးပါကြောင်းနှင့် ...၊

''စိတ်ချမ်းသာစွာ သုံးဆောင်ကြပါရှင် ..'' ဟူ၍ ...၊

ဧည့်ခံပွဲသည် မချမ်းသာစွာ ပြီးဆုံးခဲ့ပြီးနောက် ...။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

ကျောပိုးအိတ်လေးက ခပ်သေးသေးပဲမို့ အဝတ်စား ငါးစုံလော ထည့်လိုက်တာနှင့် တင်းသွားသည်။ သေးဇစ်တွေကို ဖွင့်၍ လိုအပ်တာ တွေ ထည့်နေတုန်း ...

"မင်း ဘယ်သွားမလို့လဲ"

ခပ်ဟဟတံခါးက တစ်ဝက်ထိ ပွင့်သွားကာ ဦးထွန်းထွန်း တ လှမ်းချင်း အေးဆေးစွာ ဝင်လာသည်။ ချိန်း က မွေ့ရာပေါ်မှာ ကုန် ထည့်လျှိုနေရင်း ကိုယ်ကို မတ်မတ်ပြန်ရပ်သည်။ ဦးထွန်းထွန်း တောင်းပန်သလို ကြည့်ပြီးမှ မျက်ဝန်းတွေ ရွှေ့ဖယ်သွားကာ ...

"ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့ ဒက်ဒီ"

"ဘာအတွက်လဲ .."

"အခု မာမီဆုံးသွားတဲ့အတွက် သားမိုက်အဖြစ် ညှိုးငယ်စွာ ရ တည်နေရမှာပေမယ့် ကျွန်တော် သွားတော့မယ်"

"အဲဒါသိတယ်၊ ဘယ်သွားပြီး ဘာရည်ရွယ်ချက်နဲ့လဲဆိုတာ ပြော

ချိန်း က ဆံပင်တွေသပ်ရင်း လည်ဂုတ်ပေါ်မှာပဲ လက်နဲ့ဖိက ထားလျက် ...

"ဖူးဖူးစင် ကို ကျွန်တော် မယူနိုင်ဘူး၊ မာမီ မဆုံးခင်တည်းက သူ ဒီမှာ ဝင်ထွက် ပြုစုခဲ့တယ်၊ မာမီလည်း ကျေနပ်ခဲ့တယ်၊ မာမီ ဆုံး





းပေမယ့် မကြာခင် သူနဲ့ လက်ထပ်ရဖို့ ဖြစ်လာမှာပဲ၊ နောက်ထပ် းမိုက်လို့ ပြောဖို့ ထပ်ဖြစ်ရင် .."

"မင်းကြောင့် ဖြစ်ခဲ့တာတွေလို့ မသတ်မှတ်ဘူးဆိုရင် အားလုံး းချမ်းသွားမှာပါ"

ချိန်း အံ့သြသည့်မျက်ဝန်းတွေနှင့် ကြည့်သည်။ ဦးထွန်းထွန်း က း ပြင်ထားသည့်အိတ်လေးကို အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေပြီးမှ သက် င်းရှည်ကြီး ချ၏။ ပြီးတော့ ထိုဘေးမှာပဲ ဝင်ထိုင်ကာ ...

"ကောင်းတာဆိုးတာကို မိမိကိုယ်မိမိသာ ဖန်တီးနိုင်တာ၊ ပတ် န်းကျင်အခြေအနေ အကြောင်းရာတွေနဲ့ သက်ဆိုင်ပေမယ့် အဆုံးစွန် ဒီ တွန်းပို့နေတာက ကိုယ့်ရဲ့ ဆင်ခြင်နိုင်စွမ်းပဲကွ၊ ဒါ ဘယ်သူနဲ့မှ ဆိုင်ဘူး .. မင်းတို့သားအမိနှစ်ယောက်စလုံးကို ဒက်ဒီ နားလည်တယ်၊ ည်ခံပွဲပြီးတဲ့နောက်နေ့မှာ သူ ဆုံးသွားတဲ့အတွက် မင်းကြောင့်လို့ ပြော င်တယ် .. ဒါပေမယ့် ပြင်းထန်တဲ့ သူ့ရဲ့စိတ်က သူ့ကို သတ်သွားတာ ါ၊ ကိုယ့်ရောဂါအခြေအနေကို သိနေတဲ့အတွက် စားသတိ၊ သွားသတိ၊ ကိုယ့်စိတ်ကို သတိနဲ့ ယှဉ်နေပါစေလို့ ဒက်ဒီ တဖွဖွ သတိပေးနေတာ ည်းနည်းမှ ဂရုမစိုက်ဘူး"

နာကျင်နေသည့် မျက်နှာသည် စိတ်ပျက်ခြင်းတို့နှင့် အိုမင်း ရင့် ရော်နေလျက်ရှိကာ ...

"ကိုယ့်မိဘမို့ ငါ့အပြစ်လို့ ထင်နေတယ်ဆိုရင်လည်း အဲဒါ ထား လိုက်ပါ၊ ဒါပေမယ့် ငါ့သား ထွက်သွားစရာ မလိုဘူး"

ဦးထွန်းထွန်း က ထိုင်လျက်ကနေ ချိန်း ရဲ့လက်ကောက်ဝတ်ကို အားပါးတရ ဆုပ်ညှစ်၍ ...

"မင်းမာမီ ဒက်ဒီ့ကို သေခွဲခွဲသွားပြီပြီ .. မင်းက ရှင်ခွဲခွဲသွားဦးမယ် ဆိုရင် ဒက်ဒီ ဘယ်လိုနေရမလဲ"

တစ်ခါမှ မပြောခဲ့ဖူးသည့်စကားတွေပါ။ ဒီလို နာကျင်ကြေကွဲနေ



www.burmeseclassic.com

သည့် မျက်ဝန်းတွေကိုလည်း ချိန်း တစ်ခါမှ မမြင်ဘူးခဲ့ပေ။ ချစ်တဲ့ မုန်းတဲ့စကားတွေ ဘာအကြောင်းပဲပြောနေနေ သားအမိနှစ်ယောက်ပြောဖြစ်ကြတာ များကာ ဒက်ဒီက အမြဲတမ်းလိုလို ခပ်လှမ်းလှမ်းမှာ..

"ဧစ္စပ်ပွဲကို မင်းကို အသိမပေးဘဲ စီစဉ်ခဲ့တာတွေ၊ ဒီမိန်းကလေးနဲ့ လွဲကိုလွဲမှဖြစ်မယ့် ဒေါသမောဟတွေ အားလုံးဖြစ်လာတာ ပတ်ဝန်းကျင်လေကြောင့်ပဲ၊ လေကောင်းလေသန့်လား .. ညစ်ညမ်းတဲ့လေလားဆိုတာတောင် သူ မခွဲခြားတော့ဘူး၊ ဒက်ဒီ သတိပေးတာတောင် အမြင်စောင်းခဲ့သေးတာ .."

ပြောနေရင်း ဦးထွန်းထွန်း က ခေါင်းခါသည်။ စိုစွတ်လာသည့် မျက်ရည်စတို့က အံကြိတ်ထားသည့် မျက်နှာနီနီပေါ်မှာ မရမက နေရာယူဖို့ ကြိုးစားနေကြ၏။ ချိန်း ဒက်ဒီ့ကိုငုံ့ကြည့်နေရင်း ဘေးမှာပဲ ဝင်ထိုင်လိုက်မိသည်။ ကိုင်ထားသည့် ဒက်ဒီ့လက်ပေါ်မှာ ထပ်အုပ်ကိုင်၍—

"ဧစ္စပ်ပွဲ စီစဉ်ထားတာကို ကျွန်တော် လုံးဝ မသိလိုက်ရတဲ့အတွက် မာမီ့ကို မဆင်မခြင် ပြန်ပြောခဲ့မိတာပါ၊ နောက်ပြီး မာမီတို့ လူစုနဲ့ ဝိုင်းပတ်ကာထားတဲ့ အလယ်ကလူဟာ ကမာ မှန်း သိလိုက်ရတဲ့ အချိန်မှာ ကျွန်တော် ဘယ်လိုမှ ထိန်းမရခဲ့ဘူး ဒက်ဒီ"

ဦးထွန်းထွန်း က ခေါင်းညိတ်နေပြီး ဘာမှမပြော ..၊

"ကျွန်တော့်ကို ချစ်ရင် ကျွန်တော်ချစ်နေတဲ့ မိန်းကလေးဆိုတာလည်း သတိရသင့်တယ်၊ မာမီက ကိုယ်တိုင်လည်း ပြောတယ်၊ သူများပြောဆိုခွင့်ရအောင်လည်း လုပ်ခဲ့တယ်၊ အဲဒါကြောင့် မသင့်တော်မှန်းသိရက်နဲ့ ကမာ့ ဘက်က ကျွန်တော် ရပ်တည်ပေးလိုက်တာပါ"

"ပြင်းထန်မှုနှစ်ခု ဆုံစည်းပြီဆိုရင် ပေါက်ကွဲကြတာပါပဲ"

"ဒါပေမယ့် ကမာ က ကျွန်တော့်ကို လက်မခံပါဘူး ဒက်ဒီ"

ဦးထွန်းထွန်း က ချိန်း မျက်နှာကို လှည့်ကြည့်သည်။ ချိန်း က ဒူးနှစ်ဖက်ပေါ်မှာ တံတောင်နှစ်ဖက်ထောက်ကာ လက်ဖဝါးတွေထဲမှာ မျက်နှာမှောက်ချ၍ ပွတ်ပစ်သည်။

"တကယ်တော့ ကမာ က ဖူး အတွက် ဟိုအရင်ကတည်းက အစစအနစ်နာခံပြီး ကူညီခဲ့တဲ့ မိန်းကလေးပါ၊ သူသာ စိတ်ကောင်းမမွေးခဲ့ရင် ဖူးဖူးစင် ဆိုတာ အဲဒီညကလို အလှတွေပြင်ဆင်ပြီး ပွဲတက်ဖို့ လာရဲတဲ့ သတ္တိတွေလည်း ဖြစ်ခဲ့မှာ မဟုတ်ဘူး"

"ဘယ်လို .."

ဦးထွန်းထွန်း က မျက်မှောင်ကုတ်လျက် ကိုယ်တစောင်းလှည့်လာတဲ့အထိ ချိန်း ကို ပြန်ကြည့်သည်။ ဖူး နဲ့ပတ်သက်ပြီး ကမာ ပြောပြအကူအညီတောင်းခဲ့လို့ သူ လိုက်လျောခဲ့ရသမျှကို လူကြီးချင်း ဧစ္စပ်ပေးခဲ့တာကို သူ ဘာကြောင့် ငြိမ်သက်လက်ခံနေခဲ့တဲ့အထိ ချိန်း စိတ်လိုလက်ရ ပြောပြမိ၏။

"ဧစ္စပ်ပွဲမှာ ဖူး နဲ့ ကျွန်တော့်ကိုပါ ဧစ္စပ်ပေးမယ့်အကြောင်း ကျွန်တော် မသိပေမယ့် သူ့ကို ဖူး က ပြောထားလို့ သိပြီးသား"

"ဒါဆို မင်းကို သူက စွန့်လွှတ်ဖို့ သူက အစတည်းက ပြင်ဆင်ပြီးသားပါ"

"မသိဘူး ဒက်ဒီ .. သူ့စိတ်ထဲကို သိဖို့ မကြိုးစားနိုင်ခင် ဝေးသွားမှာကို ကျွန်တော် မခံနိုင်ဘူး၊ အဲဒါကြောင့် ဖူး နဲ့ လက်ထပ်ရဖို့ အတိအကျဖြစ်လာရင် သူ့ကို မရရအောင် လက်ထပ်မှာပဲလို့ ဆုံးဖြတ်ထားတာ"

"ဩော် .."

ဦးထွန်းထွန်း ဘာကို တရားကျသွားမှန်း မသိဘဲ 'ဩော် ..'သံရှည်နှင့် ခေါင်းတညိတ်ညိတ် ဖြစ်သွား၏။ မိန်းကလေးနှစ်ယောက်ကို ဝိုင်းရံပိတ်ဆို့ထားကာ လတ် တို့ ဘာတွေပြောဆို ကဲ့ရဲ့ခဲ့ကြသလဲ သူလည်း သေချာ ဘာမှမသိခဲ့ပါ။ ဦးမင်းခ နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်နေခဲ့တာဖြစ်ပြီး ချိန်း ထွက်လိုက်သွားတာမြင်မှ ဇနီးသည်ဘေးကို သူ ရောက်သွားတာ ဖြစ်သည်။




ရွှေသမင်စာပေ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ချိန်း ပြောပြနေသည့်အဖြစ်တို့ကို ထောက်ကြည့်မည်ဆိုလျှင် မိန်းမငယ်လေးတစ်ယောက်နှင့် လူကြီးတွေတစ်ပြုံတစ်မ ရင်ဆိုင်ခဲ့ကြခြင်းဟာ ‘စာနာခြင်းကင်းသော အနိုင်ကျင့်မှု’ တစ်ခုသာ ..။

“လောလောဆယ် ငါတို့သားအဖ အဲဒီပြဿနာတွေနဲ့ မဆိုင်ဘဲ ကိုယ့်စိတ်ကို ချမ်းသာအောင် အရင်မွေးကြရင် မကောင်းဘူးလား”

ဦးထွန်းထွန်း က ပြောနေသည့် အကြောင်းအရာကို လှီးလွှဲဖို့ ကြိုးစားသည်။ ချိန်း က ခေါင်းခါ၏။

“သူ့ကို ကျွန်တော် ပိုင်ဆိုင်ခွင့်မရဘဲနဲ့ စိတ်ချမ်းသာနိုင်မှာ မဟုတ်ဘူး ဒက်ဒီ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ဘက်က ကျွန်တော့်ကို သက်ဆိုင်ခွင့်လေးတောင် ပေးခဲ့တာ မဟုတ်တဲ့အတွက် အချိန်မရွေး နုတ်ထွက်သွားလို့ ရတယ်၊ အခု ဖူး နဲ့ တခမ်းတနား စေ့စပ်ခဲ့ပြီးပြီဆိုတော့ ..”

ချိန်း ဆက်မပြောဘဲ ခါးမတ်မတ်ပြင်ထိုင်၏။ ဦးထွန်းထွန်း က သူ့ပခုံးကို ဖက်လိုက်ကာ ...

“သားသမီးအတွက် လွဲမှားဖွယ်ထားမိတဲ့အတွက်မျိုး ဒက်ဒီမထားမိအောင် ကြိုးစားမှာပါ၊ အကောင်းဆုံးကို လိုချင်ရပေမယ့် မရနိုင်ရင် ရလာတာကိုပဲ မက်မောခုံမင်တတ်တဲ့ ရောင့်ရဲနိုင်မှုပေါ့၊ တစ်ယောက်ကို ဆုံးရှုံးလိုက်ရပြီးမှ ဒီအမှားကို ပြုပြင်ဖို့ မကြိုးစားရင် ဒက်ဒီ ရင်ကွဲဖို့ပဲ ရှိတော့တယ်”

သားအဖ မျက်လုံးချင်း စကားပြောမိကြသည်။ တိတ်ကျသွားသည့်အချိန်လေးမှာ ဒက်ဒီ ပြောတာ ဘာလဲဆိုတာ ချိန်း အပြင်းအထန်ရှာဖွေရင်း သား သိပါစေဆိုသည့် ခွင့်လွှတ်နားလည်ခြင်းတွေအပြည့်နှင့် ဦးထွန်းထွန်း မျက်လုံးတွေက နူးညံ့ရီဝေနေခဲ့၏။

အရာရာကို အချစ်နှင့် အကောင်းတိုင်း ဖြစ်ချင်သူအတွက် ..၊

အရာရာအတွက် နားလည်နိုင်သည့်မေတ္တာတို့နှင့် ဦးထွန်းထွန်း နှုတ်ခမ်းတွေပေါ် ပြုံးလာခဲ့သည်။ သား သိပါစေ ..။





## အခန်း (၄၁)

“ဘယ်လို မေမေ ..”

နားကြားမှားသွားတာလား .. မေမေ တကယ် ပြောလိုက်တာလား မယုံနိုင် ..။

ခြံဝရောက်သွားပြီဖြစ်သည့် ဦးထွန်းထွန်း ၏ ကားနောက်မီးပိုင်းကို ပျောက်ကွယ်သွားတဲ့အထိ ကြည့်နေပြီးမှ ပြန်လှည့်ကာ ...

“ချိန်း နဲ့ လက်ထပ်ပေးဖို့ သမီးကို လာစေ့စပ်တာ .. ဟုတ်လား”

“စေ့စပ်တာက အခု ပြီးသွားပြီ၊ မကြာခင် လက်ထပ်ပေးမှာ”

“မေမေ ..”

“အရမ်း အံ့ဩနေလား သမီး”

နူးညံ့ခဲ့သည့် ဒေါ်အမာလွင့် မျက်နှာက ခုမှ နာမည်နဲ့လိုက်အောင် အေးစက် တည်ငြိမ်နေတာဖြစ်ကာ ပြတ်သားသော စကားတို့ကို ဆိုလျက် ...

“ချိန်း နဲ့ သမီး လက်ထပ်ရမယ်၊ ဒီကလေးနှစ်ယောက်နဲ့ မပတ်သက်ပါနဲ့လို့ မေမေကိုယ်တိုင် တားခဲ့ဖူးပေမယ့် အခု မေမေကိုယ်တိုင်က လက်ထပ်ဖို့အတွက် သဘောတူပေးလိုက်တာ သမီး နာခံရမယ်”



www.burmeseclassic.com

www.burmeseclassic.com



"နာခံရမယ့်ကိစ္စက တခြားအကြောင်းအရာတစ်ခုခုဆိုရင် ဘာမှ ပြောဖို့ မရှိဘူး မေမေ .. သမီးတို့ ဒီလိုလုပ်လိုက်ရင် အားလုံး ဝိုင်းဝန်း ဖွစ်စွဲခဲ့သလို .."

"ဖြစ်သွားပစေ .. အဲဒီလို တကယ်ဖြစ်ဖို့ လိုတာ .."

ဒေါ်အမာလွင့် မျက်နှာမှာ ခံခက် နာကျင်ခဲ့သည့် ဝေဒနာတို့နှင့် မကျေနပ်လျက်ရှိကာ ...

"သူတို့ ဝိုင်းပြီး ကျီးထိုးသလို ထိုးလိုက်ကြတာ ညည်း မေမေ့ကို ဘာမှ ပြန်မပြောခဲ့ဘူး၊ ဒါပေမယ့် မေမေ မသိဘူး ထင်လို့လား"

ထင်ပေမယ့် သိနေလောက်ပြီဆိုတာလည်း တွက်ထားပြီးသားပါ။ မွေး နဲ့ သဲ တို့ အိမ်ကို နှစ်ခါရောက်လာပြီးတည်းက ဒါကို မပြောဘဲ နေမှာမဟုတ်ဘူးဆိုတာ သိသည်။

"မေမေ မသိပါစေနဲ့ ဟုတ်လား .. နှင်တို့မှာ ပြေးကြည့်မှ သားအမိနှစ်ယောက်ပဲ ရှိတာ၊ တစ်ယောက်လဲရင် တစ်ယောက်ထူရမှာ လေ .. ဘယ်သူကများ လာထူပေးမယ် ထင်လို့လဲ၊ နောက်ပြီး ကိုယ့်မိဘာ နှင့်အမေကသာ နှင့်ဒုက္ခဖြစ်ရင် ရှေ့ကနေ ရင်ဆိုးရမှာ .. မိဘကို မလှို့ ဝှက်သင့်ဘူးဆိုတာ ပြောပြတာပါ၊ ဘာဖြစ်ဖြစ် တိုင်ပင်ဖြေရှင်းရမှာကို"

သဲ က ဧည့်ခံပွဲက ပြဿနာဖြစ်လာတဲ့နေ့ကတည်းက ကျေနပ်ခဲ့ တာ မဟုတ်ပေ ..။ ဘာဖြစ်ဖြစ် မေမေ စိတ်ဆင်းရဲမှာစိုးလို့ပါလို့ ပြော ပြီး ဘယ်လို တားဆီးထားထား အိမ်ကို ခဏခဏ လာနေကြတာကိုက ပြောချင်လို့ပဲ ဖြစ်သည်။

"သမီး .."

"ရှင် .."

"ဘာတွေ တွေဝေနေတာလဲ .. အရေးကြီးလာရင် လိုအပ်တာကိုပဲ စဉ်းစား .. ဘာကြောင့်ဖြစ်လာတာ၊ ဘယ်သူနဲ့ပတ်သက်တာတွေ ထား ခဲ့တော့ .."





"ဒီလိုရှိတယ် မေမေ .. ဖူး ဆိုတာကလည်း သမီးသူငယ်ချင်းဖြစ် သလို သူ့အမေကိုယ်တိုင် .."

"ပြီးပြီ .. အဲဒီအတိုင်းအတာအထိ အဆင်ပြေအောင် သမီး ကူညီ ခဲ့ပြီးပြီ၊ ဒါ ဘာမှမဟုတ်လောက်တဲ့ကိစ္စလို့ သမီး ထင်ပေမယ့် ညည်း ကိုမှ ယုံကြည်ခင်တွယ်နေတဲ့ မိန်းကလေးဖြစ်တဲ့အတွက် သူ့ကို ညည်း ကတယ်ခဲ့ရင် ဒီလို ကျေနပ်စရာကောင်းတဲ့ ဘဝတစ်ခုကို သူ ပိုင်ဆိုင်ခွင့် ရှိလား .. အဲဒါတွေ ဦးမင်းခ သိတယ်၊ သိလို့လည်း ကျေးဇူးတင်ပါ တယ် .. ကျေနပ်ပါတယ်လို့ ပြောခဲ့ပြီးသား"

"ဒါတွေက ဝတ္တရားဆန်ခဲ့ရတဲ့အပိုင်းပဲ မေမေ၊ ဖူး ကို သမီး သနားတယ်၊ သူ ချိန်း ကို သိပ်ချစ်တာ .. နောက်ပြီး တစ်ဖက်စွန်းရောက် အောင် ခံစားတတ်တဲ့ သူ့စိတ်ထဲမှာ သူ စွဲလမ်းတာတစ်ခုကလွဲပြီး ဘာ ကိုမှ အစားထိုးကုစားနိုင်မှာ မဟုတ်ဘူး၊ စေ့စပ်ထားခဲ့တာလည်း တခမ်း တနားကြီး .."

"စေ့စပ်ပွဲကို ကလေးတွေသဘော မပါခဲ့တဲ့အတွက် မဖြစ်မြောက် ဘူးလို့ သတ်မှတ်တဲ့အကြောင်း ဦးမင်းခ ကို ဖုန်းဆက်ပြီးမှ ဦးထွန်း ချွန်း ဒီကိုလာတာ"

ဒေါ်အမာလွင် က ထိုင်ရာကထလာကာ ကမာ့ ရှေ့မှာ ရပ်လိုက် သည်။

"အဲဒီညက ဘာတွေဖြစ်ပျက်ခဲ့သလဲ သမီးက ပိုသိမှာပါ၊ ဦးထွန်း ချွန်း က သူ့ဇနီး ပြောဆိုခဲ့တာတွေအတွက်ပါ တောင်းပန်သွားတယ်၊ စေ့စပ်တဲ့သတင်း မကြေညာရသေးခင် ပြဿနာဖြစ်ရတဲ့အကြောင်းနဲ့ ဧည့်သည်ဆွေမျိုး ကိုယက်ရှင်တွေမပါဘဲ ဒေါ်ရွှေရုပ် တို့ စေ့စပ်ပွဲကို ကြေညာလိုက်တာ တွေအားလုံးကိုလည်း ပြောသွားတယ်"

"ဒါပေမယ့် မေမေရယ် .."

"သူ အဲဒါတွေကို ဦးမင်းခ ဆီ ဖုန်းဆက်ပြီးမှ ဒီကိုလာတာ မေမေ၊



www.burmeseclassic.com

www.burmeseclassic.com



ညည်း ဘာမှ မေတ္တာတွေ မျှဝေမနေနဲ့တော့၊ လူတစ်ယောက်ကို ချ
တာ မှန်မြတ်ပေမယ့် သူချစ်တဲ့သူကို ပိုင်ဆိုင်ခွင့်ရသွားဖို့ထိ အစိုး
အရေခန်းအောင် ဆောင်ရွက်နေဖို့ မလိုဘူး၊ ဖြစ်လည်း ဖြစ်နိုင်မှာမဟု
ဘူး၊ အဲဒါ ဘာကြောင့်လဲ သိလား .. သူ ချစ်နေတဲ့ ယောကျ်ားလေ
ညည်းကိုပဲ .."

"တော်ပါတော့ မေမေရယ်.. သမီးကို ဖူး မေးခဲ့သေးတယ်၊ သ
တို့ ရှိးသားကြတယ်လို့ သမီးကိုယ်တိုင် လမ်းဖွင့်ပေးခဲ့မိတာ၊ အဲ
ကြောင့် သူ ဘယ်လောက်ချစ်တာတွေ .. သမီးကို သူ ရင်ဖွင့်တယ်
ကူညီပေးပါလို့လည်း မရှက်မကြောက် အကူအညီ တောင်းဖူးတယ်

"သိပ်မိုက်မဲတဲ့ မိန်းကလေး"

သူမရင်ထဲကလို မဟုတ်ဘဲ မေမေက နှုတ်ခမ်းမဲ့လေသည်။

"ဖူး က အရမ်းရိုးသားခဲ့တာ မေမေ.. သူလေ .."

"ရိုးသားတာ မဟုတ်တော့ဘူး .. အဲဒါ ဉာဏ်ပညာ နည်းတာ
အသိမဲ့တာ၊ လူဆိုတာ ပါးစပ်တစ်ခုကို မမြုံရဆုံးပဲ၊ ပြောတာကို မ
သင့်ဘူးဆိုတာ တစ်စိုးတစ်စိလောက်တော့ သိရမှာပေါ့၊ အမှန်တရ
ဘာဖြစ်နိုင်သလဲဆိုတာ ကိုယ့်အသိနဲ့ကိုယ် ရှာဖွေရမှာ၊ အထူးသဖြ
သူသဘောကျနေတဲ့ယောကျ်ားက အောင့် သူငယ်ချင်း ဖြစ်နေတာ
အောင် လက်ထပ်ရမယ့်မိန်းမက ငါတူမတော်နေတဲ့အတွက် သူ ကံဆို
သွားတယ်"

ဒေါ်အမာလွင့် မျက်နှာမှာ နားလည်မှုများနှင့် ပြည့်နက်လာ
သည်။

"အဲဒီလူစုတွေနဲ့ ပတ်သက်ဆက်နွယ်နေသမျှ ငါ့ရဲ့ နာကြည်းမှု
ငါ့သမီးကို မညှာမတာ ရက်စက်ခဲ့တဲ့အတွက် ဒါက ကလဲ့စားသဘော
ဖြစ်ချင်ဖြစ်သွားနိုင်ပေမယ့် ငါ့အတွက် ကံကြမ္မာက ဇာက်ဖဲတစ်ချ
ထည့်ပေးလိုက်တာ၊ ဒီမှာ သမီး .."





နာကျင်စွာ ရေရွတ်နေရင်း ကမာ့ ပခုံးလေးတစ်ဖက်ကို ဆုပ်ကိုင်
ထိုက်ကာ ...

"ချိန်း ဆိုတဲ့ ကောင်လေးက ဒီလူစုတွေထဲမှာ မင်းသားတစ်ပါးပဲ၊
ရှေ့ရပ် လည်း ချိန်း နဲ့သာ စပြီး နီးစပ်ခဲ့တာဆိုရင် ချိန်း ကိုပဲ သမက်
တော်ဖို့ ကြိုးစားမှာ၊ ဒါပေမယ့် အခုတော့ မစားရဝခမန်းနဲ့ ကိုယ်လည်း
ရှေနိုင်၊ သူများနဲ့လည်း မနီးစပ်အောင် လူစုပြီး ယုတ်မာလိုက်တာ၊
ဒီတိုင်း ငြိမ်ခံမနေရအောင် ကံကြမ္မာက မေမေတို့ကို မျက်နှာသာပေး
လာတာ .. ညည်းက လက်လွှတ်ခံမှာလား .."

ကမာ ဘာမှမပြောပေမယ့် ခေါင်းမညိတ်ဘဲ ငေးနေတာကို ကြည့်
ကာ ဒေါ်အမာလွင် မျက်ရည်တွေ ဝေ့လာသည်။ ပြီးတော့ ကမာ့
ပခုံးလေးကို ဖက်ထားလိုက်ပြီး ...

"ကိုယ် မကာကွယ်နိုင်ခဲ့တဲ့ တစ်နေရာမှာ ကိုယ့်သားသမီးကို
သူများ ရက်စက်စော်ကားလိုက်တယ်ဆိုရင် အဲဒီမိခင်ရဲ့ရင်ထဲမှာ ဘယ်
လို ခံစားနေရမလဲ ..သမီး နားလည်နိုင်မှာ မဟုတ်ဘူး၊ မေမေ့ကိုတော့
နားလည်ဖို့ ကြိုးစားပါ သမီးရယ် .."

မွေ့ဖက်ခြင်းသည် တင်းတင်းကျပ်ကျပ်ဖြစ်လာခဲ့လျက် ဒေါ်အမာ
လွင် ရှိုက်သံတွေ ပါလာခဲ့၏။

"သမီးကို မေမေ လက်ထပ်ရမယ်လို့ အမိန့်ပေးနေတာ၊ သူများ
မိဘတွေလို ဆင်စီးပြီးမြင်းရံစေချင်တဲ့လောဘသက်သက်နဲ့ မဟုတ်ပါ
ဘူး၊ မေမေလေ .. သမီးလေး မေမေ့အနားမှာ ရှိနေဖို့ကလွဲပြီး ဘာကိုမှ
မမက်မောခဲ့တာ သမီး သိပါတယ်"

"မေမေရယ် .."

"တစ်ခါမှလည်း သမီးကို မတိုက်တွန်း မချုပ်ချယ်ခဲ့ပေမယ့် အခု
တစ်ခါတော့ မေမေ တိုက်တွန်းတာကို နားထောင်ပါ၊ သမီးတို့ရဲ့
မင်္ဂလာပွဲကို အကြီးကျယ်ဆုံးဖြစ်အောင် စိတ်ကြိုက် ဆောင်ရွက်ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာကို လက်ခံလိုက်ပါ သမီးရယ် .. နော်၊ မေမေတို့ တစ်သ
လုံး ခေါင်းငုံ့နေခဲ့ရသမျှ သမီးလေးကို အမြဲတမ်း အထင်မြင်သေး
ခဲ့တဲ့ ဒီလူတွေကိုလေ သမီး ဒီဆုံးဖြတ်ချက်နဲ့ အနိုင်ယူရမှာ .."

မေမေ့စကားသံတွေ နားထဲမှာ စွဲနေသည်။ မေမေ့နားက ထွ
လာခဲ့ပေမယ့် နားထဲမှာ မပျောက်မပျက် ကျန်ခဲ့၏။ ထို့အတူ ဖူး
အပြုံးအရယ်တွေ ရောင်စုံမီးပွင့်တွေနဲ့ များပြားတဲ့ ပရိသတ်တွေ ..

"ညည်းက ဒီတိုင်းပဲ ဖြစ်ချင်တာမို့လား"

"ညည်း ဘာတွေ ရည်ရွယ်နေသလဲဆိုတာလည်း ငါပဲ သိတာ

"ပိုးစုန်းကြူးက ပိုးစုန်းကြူးပဲ .. လမင်းကို အံတုချင်လို့ မရဘူ

စကားသံတွေ နားထဲမှာ ဆူညံလာသည်။ ဆောက်လုပ်ပြီးစီးနေ
ဖြစ်သည့် ခြံမျက်နှာစာက တိုက်ခန်းလေးဆီ တရွေ့ရွေ့ လျှောက်လာ
ရင်း ဆုပ်ကိုင်ထားမိသည့်ဖုန်းက လက်ထဲမှာ ကျိုးကြေတော့မတတ်

"ငါ သူ့ကို အရမ်းချစ်တာပဲ သိလား"

"နင့်ကိုဆို သူတို့နှစ်ယောက်စလုံး အရမ်း အလိုလိုက်ကြတာ
ငါ့ကို သူ ချစ်လာအောင် နင် မကူညီနိုင်ဘူးလားဟင်"

"နင်က ငါ့ရဲ့ ယုံကြည်ရဆုံး အချစ်ဆုံး၊ ဒက်ဒီ့ထက်တောင် ပို
ရင်းနှီးနေသလိုပဲ"

"ငါ့ဘဝမှာ စွဲလမ်းတမ်းတခဲ့ဖူးတာ နင် တစ်ယောက်ပဲရှိတယ်

ကမာ ခေါင်းခါပစ်လိုက်မိသည်။ စုပုံထားရဆဲဖြစ်သည့် အသ
စက်စက်ပစ္စည်းကိရိယာတွေကို ကျော်လွှား၍ ဆိုင်ရဲ့မျက်နှာစာဘက်ကို
ထွက်ခဲ့မိသည်။

ဖုန်းဆက်ချင်လို့ မေမေနဲ့ဝေးအောင် ဒီတိုက်ခန်းလေးဆီ ထွက်ခဲ့
ပေမယ့် တကယ်တမ်းကျတော့ မေမေ့မျက်ရည်တွေကိုလည်း ဥပေက္ခာ
မထားရက်နိုင် ..။

သူမ ဘာလုပ်ရမလဲ .. အရာရာ အကြောင်းကြောင်းထက် ဖူး ရဲ့





က်နှာကသာ ဖျောက်ဖျက်မရအောင် ကြီးစိုးနေခဲ့၏။

ပစ္စည်းတွေ နေရာချရုံ ဖွင့်ပွဲလုပ်ရုံသာ ရှိတော့သည့် တိုက်ခန်းထဲ
ဖုန်းကိုင်ရင်း ဆုံးဖြတ်ချက်တွေ ဝေဝါးကာ ခေါက်တုံ့ခေါက်ပြန်
လျှောက်နေခဲ့မိသည်။

မျက်နှာစာ မှန်နက်တွေကို အလုံပိတ်ထားသဖြင့် လမ်းမကို အထဲ
နေ တောင့်တောင့်လေးရပ်ငေးရင်း သူမ တစ်ခုခုဆုံးဖြတ်မှ ဖြစ်တော့
ကို သိနေသည်။ ထို့ကြောင့် ...

"ဟလို .."

ခေါ်လိုက်တာနှင့် ချိန်း အသံကို ချက်ချင်း ကြားလိုက်ရသည်။
မာ ပင့်သက်ရှိုက်လိုက်ရင်း ရှေ့ပြန်လှည့်ကာ ...

"ချိန်း ပြောစရာ ရှိတယ်"

"ပြောလေ .."

"ချိန်း ရဲ့ဒက်ဒီ အိမ်ကိုလာတဲ့ကိစ္စ .."

"ပြောလေကွာ .. ပြတ်တောက် ပြတ်တောက်နဲ့ .. အဲဒါ ဘာ
ဖြစ်လဲ"

"အဲဒါ ကမာ မသိဘူး"

"ဟုတ်တယ်လေ .. ကိုယ်နဲ့ မင်းပဲ ဆွေးနွေးရမှာ .. လူကြီးချင်း
စေ့စပ်တာက လူကြီးချင်းကိစ္စ"

"မဟုတ်သေးဘူး ချိန်း .. အဲဒါကို ပြောချင်တာ၊ လက်ထပ်ပေးဖို့
အမြန်ဆုံး စီစဉ်မယ်လို့ အန်ကယ်လ် ပြောသွားတယ်၊ အဲဒါကို အခု
မဖြစ်နိုင်ဘူးဆိုတာ .."

"ဘာ!..."

"တို့ ခေါင်းတွေ အရမ်းရှုပ်နေလို့ပါ၊ စေ့စပ်လက်ထပ်တာတွေ
ဘာမှကို မကြားချင်အောင် ဖြစ်နေတာ၊ အဲဒါကို .."

"ကိုယ်ကတော့ ခေါင်းမရှုပ်ရတော့ဘူးလား ကမာ .. မာမီဆုံးပြီး



www.burmeseclassic.com

တာ ဘာမှမကြာသေးဘူး၊ မင်းကို ထပ်ပြီး ဆုံးရှုံးရမှာစိုးလို့ တစ်ကိုယ် မီးတောက်မတတ် ပူလောင်နေတာလေ၊ မင်းပဲ ပူတတ်နေတယ် ထင် လား .."

စိတ်ဆတ်သည့် ငေါက်ဆတ်ဆတ်လေသံက ချိန်း ရဲ့ကာရိုက် မို့ မတည့်တာ့ စလိုက်မိတာနှင့် ဦးဆုံးကြားရတာ ဒီအသံပဲ ဖြစ် နာမည်က ချိန်း ဆိုပေမယ့် စိတ်က ဒါဆိုဒါပဲမို့ ...

"မင်းကိုပဲ လက်ထပ်မယ်ဆိုတာ ကိုယ် ခဏခဏ ပြောခဲ့ စကား"

"ဟုတ်ပါတယ်.. အဲဒါတွေ ချိန်း ကို ကမာ သေချာပြောချင်တယ်"

"အဲဒါတွေပြောဖို့ဆိုရင် မလိုဘူး .. လက်ထပ်ဖို့ရက် သတ်မှ မယ်၊ ဘယ်နေ့ဖြစ်ချင်သလဲ .. ဘယ်မှာ လုပ်ချင်လဲ"

"ချိန်း ရယ် .."

"မချိန်းရယ်နဲ့ .. ဘယ်လိုမှ ရယ်လို့မရအောင် တင်းနေတာ၊ ဒီမှ အန်တီမြင့် တောင်မှ အောင် စေ့စပ်တဲ့ပွဲကို ဖျက်လိုက်ပြီ .."

"ဟင်!... ဘယ်လို .."

"ဒက်ဒီက ကိုယ့်ထက် ပြတ်သားတယ်၊ လုပ်ငန်းဆက်နွယ်မှု အရ ပြတ်တောက်လို့မဖြစ်တဲ့ ဦးမင်းခ လိုလူကြီးကို ကိုယ်တိုင် ဖုန်း ဆက်ပြီး စေ့စပ်ပွဲကို ဖျက်လိုက်တာ ..၊ အဲဒီစေ့စပ်ပွဲကို ဆွေမျိုးစုချင် တိုက်ခိုက်ဖို့ပြင်ခဲ့တဲ့ မသမာမှုလို့ ထင်တဲ့အတွက် ဖျက်သိမ်းဖို့ .."

"အန်တီရွှေ တို့ ကီစွနဲ့ ဖူး က ဘာဆိုင်လို့လဲ ချိန်း .."

"မင်းကတော့ တစ်လောကလုံး မီးထလောင်တာတောင် ဖူးဖူးစင် ကို ကာကွယ်ရင်း အသေခံသွားမယ့်သူပဲ .. တော်ပြီ .. မပြောနဲ့တော့"

"မဟုတ်ဘူးလေ .. အောင် နဲ့ မမထက် တို့က .."

"သူတို့စေ့စပ်တာ ပျက်သွားပြီ၊ မယုံရင် အောင် ကို ဖုန်းဆက်မေး လိုက်၊ အန်တီမြင့် က အစတည်းက မင်းတို့ကို သံယောဇဉ်မကောင်းခဲ့တဲ့





သူပါ၊ အဲဒါ သူကိုယ်တိုင် ဝန်ခံတာတဲ့၊ ပွဲနေ့ညက အဖြစ်အတွက် သူလည်း မင်းဘက်ကို စာနာမိတယ်ဆိုတဲ့အကြောင်း၊ ဒါကို ဒက်ဒီက သေမာမှုလို့ ခေါင်းစဉ်တပ်ပေးလိုက်တဲ့အတွက် ဒီထဲမှာတော့ သူ မပါ ချင်တဲ့အကြောင်း ပြောတယ်၊ အဲဒါကြောင့် အန်တီရွှေ ဖုန်းဆက်မေး တော့ ကလေးတွေသဘောအတိုင်းပဲ ဖြစ်စေတော့မယ်လို့ ပြန်ပြောလိုက် တာ"

"အဲဒါတွေ အောင် က ပြောပြတာလား .. အောင် နဲ့ မမထက် တို့ အခု ဘယ်လိုဖြစ် .."

"လွမ်းဖျားလွမ်းနာကျနေပြီ ထင်လား"

"ချိန်း ရယ် .."

"အဟွန်း .. မင်းမေးပုံက အဲဒီလိုတွေးပြီး ပူသွားတာလေ"

"ဒီလောက်ထိ ပြောင်းလဲကုန်တာ ဘာတွေ ဖြစ်ကုန်တာလဲဟင်"

"ဘာတွေဖြစ်ဖြစ် ဒါ ဘယ်သူမှ ဖန်တီးယူတာ မဟုတ်ဘူး၊ အောင် လည်း ဝမ်းသာလွန်းလို့ ခုန်ပေါက်ပြီး နိုင်ငံခြားသွားဖို့ ပြင်နေပြီ"

"ဘယ်လို .."

"သူများတွေအကြောင်းပဲ ဖြေနေရတာ တော်သင့်ပြီထင်တယ်၊ အခု ကိုယ် ဖန်တီးယူဖို့ရှိတဲ့အကြောင်းကို ပြောမယ်၊ မင်းနဲ့ ဒီလထဲမှာ လက်ထပ်မယ်"

"ချိန်း ရယ် .. ပြောတာလည်း နားမထောင်ဘူး .. အတင်း ဒါပဲ၊ ချိန်း .."

ချိန်း အသံပျောက်နေပြီးမှ ...

"ဘာလဲ .."

"ချိန်း နဲ့ စကား အေးဆေးပြောချင်တယ်"

"သိပ်ဖြစ်တာပေါ့"

"အဲဒါ .. ချိန်း .. ချိန်း .. ဖုန်းချလိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဖုန်းကို ပြန်ကြည့်တော့ ချိန်း ဖုန်းမချသေးတာကို သိလိုက်သည်။

"ချိန်း .. ကြားရဲ့လား .. ပြန်ဖြေဦးလေ .. ဟား!..."

ဖုန်းမချသေးမှန်း သိရက်နဲ့ ဘာမှပြန်မပြောတာကို ဒီက ဆက်ပြောနေရမလား .. ချလိုက်ရတော့မလား ဖုန်းကိုကြည့်လိုက်၊ နားမှာကပ်လိုက်နှင့် ဘာမှလည်း မလုပ်ဖြစ် ...။ ထိုစဉ် ...

နားခေါင်းထဲမှာ ရင်းနှီးနေသည့် ရေမွှေးနံ့တစ်ချက်နှင့် လှုပ်ရှားမှုလေးတစ်ခုကို သတိထားလိုက်မိသည်။ တစ်ခုခုကို တွေးမိကာ လှည့်ကြည့်ဖို့ ပြင်လိုက်ပေမယ့် ...

"အို .. ချိန်း .."

"ဒေါက် .."

နောက်ကနေ သိမ်းဖက်ပစ်လိုက်သဖြင့် ကမာ့ လက်ထဲက ဖုန်း လွတ်ကျသွားသည်။ ပြီးတော့ ...

"ချိန်း .. လွှတ်ပါ ချိန်း ရယ် .. အိမ်ကို လာနေတာ မပြောဘူး စကားပြောရအောင်နော် .. လွှတ် .."

"မလွှတ်ချင်ဘူး"

"ဟင့်အင်း .. မလုပ်နဲ့ .. ချိန်း"

မေ့မူးစွာ ဖြန့်ကျက်လာသည့် အနမ်းတို့ကြောင့် ကမာ တစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်လာကာ ရုန်းနေရင်း လူက ခွေကျသွားသလိုပင်..။

ချိန်း သည် ကလေးဆိုးတစ်ယောက်လို သူမရဲ့ လည်တိုင်နုနုမှာ အတင်းဖိကပ်နမ်းရင်း ချစ်တဲ့စကားတွေ တတွတ်တွတ် ပြောနေ၏။

ကမာ့ အတွက် နေ့ခင်းကြောင်တောင်ကြီးမှာ အမှောင်ကျနေသလို ...။

"ဘာဖြစ်လို့ ငိုတာလဲကွာ .. ချစ်လို့ နမ်းတာကို"

"သွား .."





ကမာ သူ့လက်တွေကို အတင်းပုတ်ခတ် တွန်းပစ်ကာ မျက်နှာလေးငုံ့၍ မျက်ရည်သုတ်သည်။

"သူများ ဘာမှမပြောရသေးဘူး အတင်းရမ်းကားတာ"

"မပြောရသေးဘူး ဟုတ်လား .. ဒီမှာ မကြားချင်တာတွေကို နားထောင်နေခဲ့ရတာ နားကြီးတစ်လုံးလုံး ကွဲတော့မယ်၊ မရဘူး .. ခုလည်း ပြောခွင့်မပေးနိုင်ဘူး၊ ဘယ်ရက် သတ်မှတ်မလဲ .. အဲဒါတစ်ခုပဲ ပြော .."

လူကို နောက်ကဖက်ထားလိုက် မျက်နှာချင်းဆိုင် ဆွဲလှည့်ယူလိုက်နှင့် အရုပ်တစ်ရုပ် မှတ်နေသလား မသိ ...။ ဟာဝေယံရုပ်အနီရဲရဲနှင့် ချိန်း ရဲ့မျက်နှာကို ငေးမိပြီးမှ ရှက်သလို ဖြစ်သွားကာ မျက်နှာလွှဲမိ၏။

ချိန်း က ရယ်လိုက်ရင်း ...

"မရဘူး .. ခုနကအတိုင်း ပြန်မော့ကြည့် .."

"ဘာလို့ကြည့်ရမှာလဲ .. ဟွန်း .. ရုပ်ကြီးက"

"မှိုရတဲ့မျက်နှာထက် သာတယ်မို့လား .. မိန်းမရတော့မယ့်အပြုံးနဲ့ .."

ကမာ့ မျက်နှာလေး ပျက်သွားသည်။ ဒါကို မပြောလို့တော့မဖြစ်..၊

"ချိန်း ရယ် .. လူကြီးချင်း ပြောပြီးပြီဆိုရင်လည်း .."

"မပြောနဲ့တော့ ကမာ .."

သူကလည်း ချက်ချင်းကြီး မှုန်ကုတ်ကုတ်ဖြစ်သွားကာ ဖုန်းကောက်မလို့ ငုံ့လိုက်သည့် ကမာ့ ပခုံးလေးနှစ်ဖက်ကို ခပ်တင်းတင်း ဆွဲလှည့်ပစ်လိုက်ပြီး ...

"ဒီလို နှစ်ဦးမျက်နှာချင်းဆိုင် ပြောထားရဲ့လေး မပြောနဲ့ .. ကမာ သိအောင် ကြေညာပြီး စေ့စပ်ထားပါမယ်ဆိုရင်တောင် မကျေနပ်နိုင်ဘူး၊ ခုပဲ လက်ထပ်မယ်၊ ခုပိုင်ရမှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေတွေ ဒီလောက် ရှုပ်ထွေးနေတာ မိန်းကလေးဘယ်ကို ချိန်း ပြန်ငဲ့ဦးလေး"

"သူ့သမီးအတွက် ဘယ်လို ငဲ့ရမယ်ဆိုတာ အမေဖြစ်တဲ့သူက ပိုသိတယ်၊ အခု မင်းမေမေကိုယ်တိုင် နားလည်ပေးခဲ့တာ အားလုံးပြီးပြီ ဘာရှုပ်ထွေးမှုမှ မရှိတော့ဘူး"

ခုလည်း မေမေကိုယ်တိုင် ဒီထဲမှာဆိုတာ လက်ညှိုးထိုးပြလိုက်လို့ သူ လိုက်လာတာကို ကမာ သိသည်။ မေမေနဲ့ ကိုင်ပေါက် အနိုင်ယူမှာကို ငြင်းနိုင်မှာမဟုတ်ပေမယ့် လောလောဆယ် ဘယ်လိုမှ မဖြစ်နိုင်။

"ချိန်း ရယ် ... အချိန်ကာလတစ်ခုထိတော့ ကမာ တို့ မျှိုသိပ်ကြရအောင်ပါ၊ အဲဒါကို နားလည်ပါ ချိန်း ရယ်နော် .. ခု ဖြစ်သွားတာတွေက အန်တီရွှေ နဲ့ ကမာ တို့ရဲ့ ဂယက်ကြောင့် အားလုံး တိမ်းစောင်းကုန်ရတာ ဖူး က အရမ်းသနားစရာ ကောင်းပါတယ် .. သူ ချိန်း ကို သိပ်ချစ်တာ"

"ဘာပြောတယ် .."

ချိန်း အကျယ်ကြီး အော်ပစ်လိုက်ပြီး ကမာ့ ပခုံးကို ဆောင့်ခါသည်။

"တောက် .. မင်းကွာ .."

ဒေါသတကြီး ဖြုတ်လွှတ်လိုက်သည့်လက်ကို စိတ်လှုပ်ရှားစွာ ဆံပင်တွေ ဖွလိုက်၊ လက်သီးဆုပ်လိုက်နှင့် နောက်ဆုံး ဘောင်းဘီအိတ်တွေထဲ ရောက်ကာ ...

"သူ ချစ်နေတာတွေကိုတော့ မင်းက စီကာပတ်ကုံး မြင်တယ်၊ မင်းကို ချစ်လွန်းလို့ ငါ တစ်လောကလုံးနဲ့ ရန်ဖြစ်ပြီး လူမိုက်ကြီး ဖြစ်ခဲ့ရတာကျတော့ မသိချင်ယောင်ဆောင်နေတယ်၊ ကောင်းပါတယ် ဒေါ်နေကမာ .. ခင်ဗျားရင်ထဲမှာ အဲဒီတစ်ယောက်ကလွဲပြီး ဘာမှမရှိဘူးဆိုတာ သိလိုက်ရတဲ့အတွက် ကျေးဇူးတင်တယ်"

ပြောပြီး ခြေနှစ်လှမ်းလောက်ကို နောက်ပြန်ဆုတ်၏။





"ဒါပေမယ့် မင်း သိထားရမှာက မင်းက မြားနတ်မောင် မဟုတ်ဘူးဆိုတာပဲ၊ ငါ့ရင်ဘတ်က မြားနတ်မောင်ရဲ့မြားကိုလည်း ဂရုစိုက်မှာ မဟုတ်ဘူးဆိုတော့ မင်း ဘာလုပ်မလဲ .."

မမြင်ဘူးခဲ့သည့် ချိန်း မျက်နှာထက်က အေးစက်ခြင်းတွေကို ကမာ ငေးနေခဲ့မိသည်။ အရင်လိုပဲ အတိုက်အခံတွေ ပြောရဦးမှာပဲလို့ တွက်ထားခဲ့ပေမယ့် သူက ဒေါသတွေနဲ့ နှုတ်ဆက်ဖို့ ခြေလှမ်းပြင်နေပြီ။

"ငါ မင်းရဲ့ ဖူး ကို ဘယ်လောက်ထိ စိတ်ပျက်ခဲ့သလဲ မင်း သိချင်သေးလား .. အဖြူရောင်အမြဲဝတ်တာကို သူ အရမ်း သဘောကျတယ်ဆိုလို့ အဖြူရောင်ကို ငါ စွန့်လွှတ်ခဲ့တယ်"

ဟင်!...

ကမာ့ မျက်ဝန်းတွေ သူ့အကျီအနီရဲရဲဆီ ရောက်ခဲ့ပြန်သည်။ ချိန်း က ပခုံးတွန့်မဲ့ကာ နောက်ထပ်ဆုတ်၍ ...

"နားလည်ပြီ .. လုံးဝ နားလည်သွားပြီ၊ မရရအောင် လက်ထပ်မယ် .. မင်းအချစ်ကို မရမကတောင်းမယ်လို့ စိတ်ကူးခဲ့သမျှ ငါ့မျှော်လင့်ချက်တွေ အရည်ပျော်ကုန်ပြီ၊ မင်းဆီက ဒါတွေပဲ ကြားနေရမှာဆိုတော့ ငါ သည်းခံနိုင်စွမ်း မရှိတော့တဲ့အတွက် နှုတ်ဆက်ခဲ့တယ် ကမာ"

သူ ဖျတ်ခနဲ ကျောခိုင်းသည်။ နှစ်လှမ်းလောက်သွားပြီးမှ တုံ့ရပ်သွားကာ ...

"ထပ်မှတ်ထားလိုက်ဦး .. မင်းရဲ့ ဖူးဖူးစင် ကို ငါ ဘယ်တော့မှ စိတ်ကူးမှာ မဟုတ်သလို မင်းမျက်စိရှေ့မှာ နောက်ထပ် ငါ့ကို မမြင်စေရဘူး"

ဟင့်အင်း ...၊

ကမာ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ် ဖြစ်လာသည်။ သူ အောင်နဲ့ နိုင်ငံခြားလိုက်သွားတော့မှာလား ...၊ မသွားရဘူး .. ဘယ်မှ မသွားရဘူး ...။



www.burmeseclassic.com

www.burmeseclassic.com



"ချိန်း .."

ငိုချင်နေတာကို ဖျစ်ညှစ်ခေါ်လိုက်ရသဖြင့် တအားရှိုက်ငိုနေရင်း စကားပြောတဲ့အသံမျိုး ထွက်သွား၏။ ချိန်း ရဲ့ ခြေလှမ်းတွေ တုံ့ရ ရပ်သွားသည်။

"မသွားပါနဲ့ .."

ကမာ ချိန်း ရဲ့ခါးကို အတင်းပြေးဖက်လိုက်မိသည်။ ပြီးတော့ ကလေးလို ရှိုက်ငိုရင်း သူ့ကျောပြင်မှာ ပါးလေးတစ်ဖက်နဲ့ ဖိကပ်ထား မိ၏။

"မသွားပါနဲ့ .. ချိန်း ကို မချစ်လို့ပြောနေတာ မဟုတ်ပါဘူး ချစ်နေမိတဲ့သူချင်း စာနာမိလို့ မယူရက်တာပါ၊ ဖူး က ပိုအသည်းငယ် လို့ ခံစားနိုင်မှာ မဟုတ်ဘူးဆိုပြီး လုယူလိုက်သလို မဖြစ်စေချင်တာပါ ချိန်း ရယ် .."

"ခဏ .."

ချိန်း အသံ သဲ့သဲ့က မယုံနိုင်သလို ဖွမ်းတဝါးဝါး .. မရဲတရဲ

"ချိန်း ကို ချစ်တယ် .."

"ဘယ်လို .."

"ဖူး ကို သနားလို့ မျိုသိပ်နေခဲ့တာ"

"ဟား!.."

သူဖြစ်သွားပုံက ဝမ်းသာအားရ မဟုတ်ဘဲ တော်တော်ကြီး အံ့သြ စိတ်ပျက်သွားတာမျိုး ..။

"ရှားပါ့ကွာ .. လုံးဝကို ဟန်ဆောင်ကောင်းတာ .. တကယ် .."

ကျွတ်ခနဲ စုတ်သပ်ရင်း ဖက်ထားသည့် ကမာ့ လက်လေးတွေကို မရမက ခွာချသည်။

ကမာ က လက်ချင်းထပ်ဆုပ်ထားသဖြင့် နောက်လှည့်ကြည့်လို့ လည်း မရ ...။





"အကုန်လုံး မှားယွင်းပြီး တစ်စစီ ပြတ်ထွက်ကုန်တော့မလို့ ကြည့်စမ်း .. ရက်စက်တယ်ကွာ၊ ကျွတ် .."

"ပြတ်ထွက်ကုန်အောင် လုပ်တာမှမဟုတ်တာ .. ချိန်း သာ ဘာ ဖြစ်ဖြစ် ပေါက်ကွဲချင်နေတာ"

"ပေါက်ကွဲဖို့ပဲ ရှိတော့တာ .. ခင်ဗျားကို ဘယ်လို စည်းရုံးရဦး မလဲ၊ လွှတ်ပါ .. လက်တွေက ဘာလဲ .. နမ်းမှာစိုးလို့လား"

"အင်း .."

ချိန်း ရယ်သံ ကြားလိုက်ရတာ ဒီတစ်ခါ နားထဲမှာ ငြိမ်းချမ်းသွား သလိုပင် ..။

"နမ်းရဲ့ ဘယ်ကမလဲ .. အခု တစ်ခါတည်း မင်္ဂလာရက် သတ် မှတ်မပေးဘူးဆိုရင် ဘာလုပ်မယ် ထင်လဲ .."

ချိန်း က ရယ်နေရင်း သူ့ မျက်နှာမူထားသည့် နောက်ဖေးတံခါးကို ခြေဖျားနဲ့ လှမ်းချိတ်၍ ပိတ်ပစ်လိုက်၏။

"အို .. ဘာလုပ်တာလဲ .. မေမေ မြင်သွားလို့ တစ်မျိုးထင်ပါ့မယ် ချိန်း ရယ် .."

ကမာ ပျာပျာသလဲဖြစ်သွားကာ လက်လေးဖြုတ်လိုက်သည်နှင့် ဒီဘက် လှည့်လိုက်သည့် ချိန်း ရင်ခွင်ထဲကို ရောက်သွားကာ ...

"ပြန်ပြောစမ်းပါ .. ကိုယ့်ကို ဘယ်လောက်ချစ်လဲ"

"မနမ်းဘူးဆိုရင် ပြောမယ်"

"မနမ်းဘူး .."

"မညစ်ကြေး .."

"မညစ်ဘူး .."

"အရမ်း ချစ်တယ် .. ချိန်း ရင်ထဲကအတိုင်း ထပ်တူ"

"ဟား .. နားထဲကို ပျားရည်နှင်းစက်တွေ ဂါလံလိုက် လောင်းချ လိုက်သလိုပဲကွာ .. ချစ်ဖို့ကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... ဟင့်အင်း .. ဘာလုပ်တာလဲ၊ ချိန်း နော် .. မညစ်ကြေးလို့ ပြောပြီးသား .."

"အချစ်ဆိုတာ အစတည်းက ပန်းရောင်လို့ သတ်မှတ်ထားတာလေ .. မဖြူဘူး"

"သွား .."

ရယ်သံတွေ တိုးသက် ပျောက်ကွယ်သွားခဲ့ပြီး တိတ်ဆိတ်နေသည့် အခန်းထဲမှာ ရင်ခုန်သံတွေချည်း ကျန်ရစ်၏။ တစ်ယောက်ကို တစ်ယောက် ဖက်ထားမိရင်း အဆင်မပြေတာတွေ အားလုံးကိုလည်း မေ့သွားခဲ့သည်။

ချိန်း သည် ကမာ့ နှုတ်ခမ်းလေးနဲ့ မထိတထိကပ်၍ ...

"မင်းနဲ့ ဘယ်တော့မှ မခွဲဘူး"

"ဒါပဲလား .."

"သေတစ်ပန် သက်တစ်ဆုံး .."

ကမာ ကြည်နူးစွာ ရယ်မိသည်။

သူ့ကို ပြန်ဖက်ထားသည့်လက်တွေ မြဲမြဲနေတာလည်း ယုံကြည်အားကိုး မြတ်နိုးစွာဖြင့် ...။





## အခန်း (၄၂)

"ကားလည်း ကောင်းကောင်းမောင်းပါဦးကွာ .. မင်း ပြောသမျှကြားပါတယ်၊ ပြောမကုန်မချင်း နားထောင်မှာပါနော် .. မလေးကိုသွားမှာလည်း ဒီနေ့ မဟုတ်သေးပါဘူး"

အောင် မျက်နှာရှုံ့မဲ့နေကာ ...

"တကယ်ပဲ မျှော်က် အုန်းသီးရတဲ့မျက်နှာ မမြင်ဖူးပေမယ့် ဒီအတိုင်းပဲ ထင်တယ်"

"ဟား .. ဟား .. ဟား ..."

ကားမောင်းနေရင်း ချိန်း က အော်ရယ်သည်။ ပြီးတော့ ပြန်ငဲ့ကြည့်ကာ ...

"အေးပေါ့ကွာ .. ပွဲဖျက်ထားတဲ့ သတို့သားလောင်းရှေ့မှာ ပြောနေရတာ အားတော့ နာပါတယ်"

"လုပ်မနေနဲ့ ဟောကောင် .. ပွဲပျက်တာ မဟုတ်ဘူး၊ အစတည်းကိုက ဖြစ်ဖို့မကောင်းခဲ့တာ၊ ဒါပေမယ့် မမထက် ကိုတော့ အားနာသလိုပဲ"

"ဟုတ်တယ် .. မင်းကို သူ တကယ်ငြိတာ .. မောင်လေးနဲ့ မမ ဖြစ်နေတော့ အဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘက်က လုံးဝ ဖြူနေတာ ဘယ်လိုလုပ်မလဲ .. မမထက် အပေါ် နည်းနည်းမှ အရောင်ရောကြည့်လို့ မရဘူး"

"ဒါဆို တကယ် စေ့စပ်ဖြစ်သွားရင် မင်း ဘာလုပ်မှာလဲ"

"မသိဘူး .. အဲဒီလို ဖြစ်သွားမလားလို့ တွေးမိပေမယ့် မလိုလား တာလည်း အကြီးအကျယ် မဖြစ်ဘူး၊ ဒါကိုပဲ တွေးမိ ပူလောင်နေတာ မျိုး မဖြစ်တာ .. ပြောတာကွာ"

"အင်း .."

"စေ့စပ်ပွဲကို လက်ထပ်တာမှ မဟုတ်ဘဲလို့ သဘောထားလိုက် တာမျိုး ထင်တယ်၊ ဒါပေမယ့် အခု ပွဲပျက်သွားမှ အနှောင်အဖွဲ့တစ်ခု က လွတ်မြောက်သွားသလို ပျော်သွားတာ၊ မေမေတို့ ဒီပွဲကို အကြီး အကျယ်လုပ်ချလိုက်တာ ကိုယ်တိုင်မြင်ရမှ ကြောက်ရမှန်း သိတာကို တော့သေးတယ် .."

"မင်း အခု ဘာလဲ .. ကြာမှာလား"

"တော်သေးတာပေါ့ .. ငါ့ကို မေးမြန်းဖော်ရလာလို့"

"မင်းကလည်း ငါက မင်းလိုမျိုး လွတ်လပ်ခွင့်ကို အလိုအလျောက် ကပေးလို့ရတာမှ မဟုတ်တာ၊ ကမ္ဘာ ကို ရဖို့ ဘယ်လောက် ရင်ဆိုင်ခဲ့ရ သလဲ .."

အောင် က ခေါင်းညိတ်သည်။ ချိန်း ရဲ့စိတ်က ဖွတ်တရွတ်ဆန် သလောက် ကမ္ဘာ ကို ဘယ်လောက်ချစ်သလဲဆိုတာ သူ သိသည်။ ထို ကြောင့် အနည်းအပါးတော့ နာကျင်ပေမယ့် ကမ္ဘာ အတွက် သူ ကျေ နပ်ပါသည်။

"ဟုတ်တယ် .. ငါ ကမ္ဘာ ကို ချစ်မိတယ်ဆိုတာတောင် မင်း လောက် .."

"ဟာ .. နိုး .. နိုး .. မနိုင်းနဲ့ အောင် .. အားတော့နာပေမယ့် ငါ မင်းလိုကောင် မဟုတ်ဘူးဆိုတာတော့ ဆီနဲ့ရေလို အရောနှောခံရဲတယ်





နော် .."

အောင့် မျက်နှာက အပြုံးတွေ ချက်ချင်းလျော့ကျသွား၏။ ချိန်း က ရယ်ကာ လက်သီးဆုပ်နှင့် ပခုံးကို လှမ်းထိုးလိုက်ပြီး ...

"မင်း ဒီလို ရောင့်ရဲတတ်တဲ့အတွက် ငါတို့ ဇာတ်လမ်းမရှုပ်ဘူး၊ ခင်မင်မပျက်ကြဘူး .. အဲဒီအတွက် ကျေးဇူးတင်တယ်"

"ကျေးဇူးလည်း မတင်နဲ့တော့ ဟေ့ကောင် .. အလကား ကြား ကောင်းအောင်"

"ဟား .. ဟား ..."

အောင် က ရင်ထဲက နာကျင်မှုကို အပြောင်အပျက်စကားတို့နှင့် ဖျော်ချလိုက်သည်။ တကယ်တော့ သူ့ရဲ့ချစ်ခြင်းအားလုံးကို ကမ္ဘာ ဘဝ မျက်နှာမငယ်ရအောင် အစကတည်းက ပေးဆပ်ခြင်းသက်သက်နဲ့ ညီမျှခြင်းချထားခဲ့တာပါ။

အရွယ်လေးတွေ ရောက်လာကြပြီဆိုကတည်းက ကမ္ဘာ့ အပေါ်မှာ သူ ချစ်ခဲ့သည်၊ ဒေါ်ရွှေရုပ် တို့ သားအမိနဲ့ မေမေ ရင်းနှီးသွားခဲ့သည့် နောက်မှာ ကမ္ဘာ့ အတွက် မှန်ကန်ခြင်းအားလုံးကို မေမေက ကြက်ခြေ ခတ်ခဲ့၏။

ချစ်တတ်ခြင်းနဲ့ မဖြစ်နိုင်ခြင်း နှစ်ရပ်ကို တစ်ခါတည်း နားလည် လိုက်ရသည့် ခံစားချက်က ဒေါ်ရွှေရုပ် တို့ အရိပ်အောက်မှာ သူမ သက် သာငြိမ်းချမ်းစွာ နေနိုင်ဖို့ အဓိကနှင့် အတည်ပြုဖြစ်ခဲ့၏။

မမထက် နဲ့ ဒီအခြေအနေတွေထိ သူ လိုက်လျောနေခဲ့ရတာ သူမ နဲ့ နီးနီးလေး နေချင်လို့ပါ။ ဒါတွေဟာ သတ္တိနည်းခဲ့လို့ ဆိုရင်လည်း ရှိပါစေတော့ ..။

"အေးပါ .. ငါနဲ့ဆိုရင်လည်း မင်းလက်ထဲမှာလောက် ကမ္ဘာ ငြိမ်း ချမ်းမှာမဟုတ်ဘူးဆိုတော့ မင်း ပြောတာ မှန်ပါတယ် .. ပြောပါ"

ကိုယ့်ကိုယ်ကိုယ် ဖြေမရသည့်အဆုံးမှာ ဒီစကားကိုတော့ နာကျင်



www.burmeseclassic.com

www.burmeseclassic.com



မှမကောင်းစွာ ပြောလိုက်မိသည်။ ချိန်း က အံ့သြသွားသလို ဖျတ်ခ
လှည့်ကြည့်၏။ ပြီးမှ မျက်ခုံးတွေ မသိမသာ ပင့်လိုက်ရင်း စကားတွေ
ပြောဖို့ စိတ်ကူးကာ ...

"မေးတာ ဖြေဦးလေ .. ကြာမှာလား၊ ခဏပဲလား"

"မပြောတတ်သေးဘူး .. အန်တီရွှေ က ဗီလိန်ဆန်ပေမယ့် မေ
ထက် က ငါ့အပေါ်မှာ နားလည်ခဲ့တာတွေ ရှိတယ်၊ မေမေကလည်
ချက်ချင်းခေါင်းခါပစ်လိုက်တော့ ငါ မျက်နှာပူနေတာ အမှန်ပဲ"

"သနားနေတာများလား .. ဒါဆိုရင်တော့ ဟောကောင် မင်း ကိုယ်
ကိုယ်ကိုယ် ပြန်မေးဦး"

"ဟွန်း .."

အောင် က အေးစက်စက်မဲ့ပြုံးနှင့် သူ့ကို လှည့်ကြည့်သည်။

"ဘာကြည့်တာလဲ"

"မပြောတော့ဘူးလို့ နေပေမယ့် ပြောချင်လာလို့"

ချိန်း က ပခုံးတွန့်ကာ ...

"မပြောနဲ့တော့ .. ရပြီ"

"ပြောခွင့်လေးတော့ ပေးကွာ .. မင်းပဲ စတာ"

နှစ်ယောက် ပြိုင်တူ ပြုံးလိုက်ကြပေမယ့် အပြုံးတွေက မဲ့နေကြ
တာနှင့် တူ၏။

"ငါ့ဘဝမှာ မိန်းမတစ်ယောက်ကိုပဲ ချစ်ခဲ့ဖူးတာ .. စပြီး ချစ်တတ်
လာကတည်းက ခုထိ၊ နောက်လည်း .."

"ဟား .. ဟား .. ဟား ... ငါသာဆို မနိုင်လို့ ပန်းပေးပြီးမှ ထ
ပြီး ဒူးမထောက်ဘူး"

"ငါ မင်းဆီက တောင်းနေတာမှ မဟုတ်တာ"

"တောင်းတိုင်းရော ရတတ်လို့လား"

"အေးပါ .. ပြောခွင့်တော့ ပေးလို့ မင်းကို ငါ ပြောခဲ့တာ





ကမာ ကိုယ်တိုင်လည်း မင်းကို ချစ်လို့ အဖြေပေးလိုက်ပြီ၊ ဘာသဝန်တို
နေတာလဲ .."

"မရဘူး .. ငါက တာနေ့ာယက္ခရဲ့ဆရာကြီး"

"လုပ်လိုက်ကွာ .. ဟား .. ဟား .."

နှစ်ယောက်သား ရယ်ရယ်မောမော ပြန်ဖြစ်သွားကြသည်။ ပြီး
တော့ အောင် က ဒါကိုပဲ ပြန်စကာ ...

"မင်း သိလား .. မေမေက ခုမှ ကမာ့ ကို နားလည်သွားတာ၊
တကယ်တော့ အဲဒီဓာတ်စပ်ပွဲထဲက ဒေါ်ရွှေရုပ် တို့က အောင်နိုင်သူဖြစ်ဖို့
ကြိုးစားခဲ့ပေမယ့် ဓာတ်ပို့ဆုပဲ ရသွားခဲ့တာကွ .. သူတို့ အဲ .. ဓာတ်စပ်ပွဲ
ကြေညာတော့ မမထက် လည်း ပါတယ်၊ အဲဒါကြောင့် မေမေ ဒီပွဲကို
ဖျက်ဖို့ သေချာသွားတာပဲ၊ အန်ကယ်လ်ထွန်း ဆီက သူတို့အတွက် ပွဲ
ဖျက်ရတဲ့ခေါင်းစဉ် ရောက်လာတော့ မေမေ ပိုပြီး နားလည်သွားတယ်၊
ဒီလောက်ထိ ကြမ်းတမ်းတဲ့ ကာရိုက်တာမျိုးတွေရှိမှန်း အစက မသိခဲ့
ဘူးတဲ့၊ သူတို့က ကြမ်းတမ်းစော်ကားသလောက် ကမာ က ကြမ်းကြမ်း
တမ်းတမ်း ဘာမှပြန်မပြောရှာဘူးတဲ့၊ အစတည်းက ဒီကောင်မလေးကို
ငါ နားလည်နေရဲ့သားနဲ့ အဆင့်အတန်းမက်ခဲ့မိတာ .. လူပေါင်းမှားတာ
တဲ့ .."

အောင် က အရှည်ကြီးပြောပြနေပြီး မီးပွိုင့်မှာ ဘရိတ်ဆောင့်အုပ်
လိုက်မှ ရှေ့ကို ငိုက်ခနဲကျသွားပြီး ချိန်း ကို လှည့်ကြည့်သည်။ ချိန်း
က ရယ်ကျဲကျဲနှင့် စတီယာရင်ပေါ် လက်နှစ်ဖက် ကွေးတင်၍ ...

"သတိပေးတာ .."

"ဘာလဲ .."

"ဓာတ်ပေါင်းခန်းရောက်နေပြီ .. ဓာတ်ထုပ်ဖြည်ဖို့ မလိုတော့ဘူး"

"ခွေးကောင် .. တစ်ပတ်အစွင်း လက်ထပ်ဖို့ လုပ်နေပြီးတော့
ကြံဖန် ပုပ်ပွနေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ရိုးသားတဲ့ကောင်မ မဟုတ်တာ .. ပုပ်ရပွရတာပေါ့၊ လွှမ်းမနေနဲ့ .. မရတော့ဘူး"

"ဘာ!..."

"အန်တီမြင့် ကို ပြောတာ .."

ပွင့်ပွင့်လင်းလင်း တိုက်ခိုက်နေကြရင်း ကြာတော့လည်း စိတ်တိုစရာလို့ မမြင်တော့ပါ။ အောင် က ချိန်း ရဲ့ပခုံးကို ပြန်ထိုး၍ ခပ်ကြိတ်ကြိတ် ဆဲသည်။

"သေချာပြီ .. မနက်ဖြန် လုံးဝကို သွားမှာ"

"အံမာ .. ငါ့ကြောင့်ပဲ သေချာသွားရသလိုလို ခွေးဝဲစား အောင်မြင်သူ၊ ငါ လက်ထပ်ရက် သတ်မှတ်လိုက်ကာမှ တမင်စောထွက်ဖို့ လုပ်လိုက်တာ မသိတာ မှတ်လို့"

အောင် က ဆံပင်တွေ သပ်လိုက်ပြီး ရယ်သည်။

"မင်းနော် .. အတိအကျ ဝန်ခံထားလို့ ခွင့်လွှတ်ပေးလိုက်တာ - ဒီပွဲတက်ဖို့တောင် သတ္တိမရှိဘဲနဲ့ စွန့်လွှတ်နိုင်သူကြီး လုပ်နေသေးတယ်"

"ဘာလဲ .. သနားသွားလို့ ပြန်ပေးဖို့ ဆုံးဖြတ်တော့မှာလား"

"အဲဒီမှာ တံခါးမဖွင့်ဘဲ မှန်ခွဲပြီး ခုန်ချလိုက်"

"ရပါတယ်ကွာ .. ကိုယ့်သူငယ်ချင်းတွေပဲ ငါက ကြည်ဖြူပါတယ်"

ချိန်း က မျက်စောင်းနဲ့ လှည့်ကြည့်ပြီး မဲ့သည်။

"ငါ မနက်ဖြန်သွားမယ်လို့ ကမာ့ ကို ဖုန်းဆက်လိုက်သေးတယ်"

"ဘာပြောလဲ .. ခေါင်းအုံးပေါ် ပြေးမှောက်ပြီး ငိုရောလား .."

"ငိုတာပေါ့ .. ခုမှ သွားရလား သေနာကောင် တဲ့ .."

"ဟား .. ဟား .. ဟား ..."

ကားကို ဒဂုန်စင်တာဝင်းထဲ မောင်းဝင်လာခဲ့စဉ် ကားတစ်စီး အောင် က သတိထားမိသွားသည်။ ပါကင်ယူနေတုန်းမို့ ချိန်း က မမြင်





"ချိန်း .. စင်တာထဲမှာ ဖူး ရှိလားမသိဘူး"

ချိန်း က ကားသွင်းနေတုန်း လှည့်မကြည့်ဘဲ ..

"ဖူး ရှိတော့ ဘာဖြစ်လဲ .. အရေးမပါတာ"

"တကယ်လို့ တွေ့ရင်လည်း ပြေပြေပြစ်ပြစ် ရှိပါစေကွာ .. အဲဒီဟာလေးကို မင်းရဲ့ ကမာ က သည်းသည်းလှုပ်နော်"

အောင် က သတိပေးရင်း အတူတူ ဆင်းထွက်လာတော့လည်း မျက်လုံးက ဟိုရှာဒီရှာ ..။

"ဟာ!..."

ရှာတာက တစ်နေရာ၊ တွေ့ကြတော့ လှေကားထစ်တွေရှေ့မှာ သူတို့က တက်မလို့ သူမက အဆင်း ..။

"ဟင်!... ချိန်း .."

ဖူး တော်တော်လှလာတာပဲ၊ ဖက်ဖူးရောင်ဖျော့ဖျော့ ခါးပါးကို ငွေခြည်မျှင်တွေနှင့် အနံ့တာခံထားသဖြင့် ဖြိုးဖြိုးပြက်လက်နေတာ မဟုတ်ဘဲ ယဉ်ယဉ်လေးနဲ့ လှသည်။

အသားသိပ်မဖြူပေမယ့် ညိုညိုဝင်းဝင်းလေးလည်း ပြင်တတ်နေပြီဖြစ်၏။ ဂုတ်ထိ ဆံနွယ်လေးတွေကိုလည်း တုန်တွဲနေအောင် လုပ်ထားသည်။ ဒီပုံပန်းအရ မိန်းမတို့တတ်အပ်သည့် အလှပြင်ခြင်းပညာရပ်မှာတော့ ကျွမ်းကျင်အဆင့် ဖြစ်နေပါပြီ။

တစ်ခုရှိတာက တပ်မက်ခြင်းကြောင့် လှုပ်ရှားတောက်ပလာတတ်သည့် မျက်ဝန်းတွေကိုတော့ ယောက်ယက်ခတ်မနေအောင် မထိန်းတတ်သေး ..။

"ချိန်း ရယ် .. မတွေ့တာ သိပ်မကြာသေးဘဲနဲ့ ချောလိုက်တာ"

သူတို့နှစ်ယောက်စလုံး ဘေးက ဖြတ်သွားဖြတ်လာတချို့ကို မျက်လုံးဝေ့သွားမိသည်။

"ဖူး ဒီမှာ ဒက်ဒီအတွက် နက်စ်တိုင် လာဝယ်တာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မမေးရသေးဘဲ ပြောပြနေသည်။ ပြီးတော့ ရပ်အကျီ အဖြူ၊ ဘောင်းဘီရှည်အဖြူနှင့် ချိုင်းပြတ်စေါ်းကို ဆင်စွယ်ရောင် အပေါ် ထပ်နဲ့ ချိန်း ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ရယ်နေသည်။

ရယ်နေရင်း ငိုမဲ့မဲ့လေး ဖြစ်လာကာ လွယ်ထားသည့် ဆလင်း ဘက်ခ်အဖြူလေးကို ဖြုတ်၍ ရင်ခွင်ထဲမှာ ပိုက်သည်။

"ချိန်း က အဖြူရောင်လေးတွေ ဝတ်ထားရင် မဟာဆန်ပြီး ရာဇ ဝင်ထဲက မင်းသားလေးလိုပဲ .. သိလား"

"ကဲ .. ဒီမှာ မင်း .."

"နေပါဦး ချိန်း ရယ်.. ဟိုလေ .. ခုပဲ မှူး က ဖုန်းဆက်တော့မလို့"

"ဘာလုပ်မလို့လဲ"

"လူကြီးတွေ ဘာဖြစ်ဖြစ် မှူး တို့က စေ့စပ်ထားပြီးပြီမို့လား - ညှိခံပွဲမှာ ကမာ့ ကို .."

"မှူးမှူးစင် .."

"နေဦး ချိန်း .. ခဏ .."

ကမာ့ နဲ့ ချိန်း တို့ လက်ထပ်တော့မှာကို မှူး သိထားပုံ မရှိပေ။ ဒါကို ရိပ်မိလိုက်သဖြင့် ချိန်း ဘာမှမပြောရသေးခင် အချိန်မီ ဝင်တား လိုက်မိရင်း ...

"မှူး .. အခု ငါ ခရီးသွားဖို့ကိစ္စအတွက် လိုအပ်တာတွေ ဝယ်ကြ ဖို့ လာတာ၊ နင်လည်း ပြန်မှာမို့လား .. ညနေကျမှ ငါတို့ တစ်နေရာမှာ ဆုံပြီး စကား အေးဆေးပြောမယ် .. ဒါပဲနော်"

သူ့ ချိန်း ရဲ့လက်ကို ဆွဲ၍ ရှောင်ထွက်ဖို့ ပြင်လိုက်ပေမယ့် ...

"နေဝါဦး အောင် ကလည်း .."

အောင့် ကို ပြောပေမယ့် ဆွဲထားလိုက်တာက ချိန်း ရဲ့လက်ကို ဖြစ်သည်။ သူမ သိထားသည်က ချိန်း ရဲ့မာမီက အောင် တို့ စေ့စပ်ပွဲ ဖျက်လိုက်သည့်အတွက် နှစ်ပွဲစလုံးကို ဖျက်လိုက်ကြောင်းနှင့် ရှုပ်ထွေး





တွေရှိနေတာကို မလိုလားသည်ကြောင့် ..။

"ဒက်ဒီက ပြောပါတယ် .. စေ့စပ်ပွဲကို မဖျက်ဘူးတဲ့၊ အန်တီရွှေ တို့ဘက်မှာ ရှင်းရမှာတွေရှိလို့ ခဏ ဆိုင်းထားတာတဲ့၊ လူကြီးတွေ ဘာဖြစ်ဖြစ် မှူး တို့က ရှိပြီးသား သံယောဇဉ်တွေကို .."

"ဘာမှ မရှိဘူးလို့ မှတ်လိုက်တော့ မှူးမှူးစင် .. မင်းနဲ့ငါ ဘာ အကန့်မှ မရှိတော့ဘူး၊ ပိုပြီး ရှင်းရှင်းသိချင်ရင် ပြောပြမယ်၊ ငါနဲ့ ကမာ လက်ထပ်တော့မယ်"

"ဘာ!... ဘယ်လို .. အို .. မဟုတ်တာတွေ"

မှူး တစ်ကိုယ်လုံး တစ်ယောက်ယောက်က ပခုံးကနေ တွန်းပစ် လိုက်သလို တုန်ခနဲ လန်သွားသည်။ ခြေတစ်လှမ်း ဆုတ်ယိုင်သွားပြီးမှ မျက်ခုံးလေးတွေ ကုတ်ကွေးလာခဲ့လျက် ...

"ဒက်ဒီက .. ဒက်ဒီက ပြန်လာမှ အဲဒီကိစ္စ ဆက်လုပ်ပေးမယ်တဲ့၊ အဲဒါကြောင့် ဒက်ဒီ မြန်မြန်ပြန်လာအောင် သူ့အတွက် လက်ဆောင်တွေ ဝယ်ရနေတာ၊ အဲဒါတွေကို ပြောပြီး မြန်မြန်ပြန်လာဖို့ ခေါ်မလို့၊ မှူး .. မှူး .. ချိန်း ဆီကို ဒီရက်ပိုင်း မလာဘဲနေရတာလည်း ဒက်ဒီက တားထား လို့ပါ၊ အန်တီလတ် ဆုံးထားတဲ့ကိစ္စနဲ့ စိတ်ဆင်းရဲနေကြတယ် မသွား နဲ့တဲ့ .. မှူး ကို နေစိမ့်တယ်ဆိုပြီး စိတ်ဆိုးတာတော့ မဟုတ်ပါဘူးနော်"

"ကျွတ်!.."

သည်းမခံတတ်သည့် ချိန်း မျက်နှာက ဘာမှ ထပ်ပြောချင်စိတ် မရှိတော့သလို တစ်ချက်မဲ့သွားသည်။ ပြီးတော့ လှေကားတစ်ထစ် အမြင့်မှာ ရှိနေသည့် သူမကို ကွေ့ရှောင်သွားဖို့ ဖြစ်၏။

အစွဲအလမ်းကြီးတတ်သူအတွက် ဦးမင်းခ သူ့သမီးကို ဖြေသိမ့်နိုင် အောင် တမင်ပြောထားတာမှန်း အောင် နားလည်လိုက်သည်။ သနား သည့်စိတ်လေး ဝင်လိုက်မိရင်း ချိန်း လက်ကို ခပ်ဖိဖိဆွဲထားမိကာ ..

"နင် သိချင်တာတွေ ပြန်ရောက်သွားမှ နင့်ဒက်ဒီဖြစ်ဖြစ် ငါတို့



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြစ်ဖြစ် မေးဟာ .. လမ်းလယ်ခေါင်မှာ စကားပြောရတာ မကောင်း ပါဘူး .. သွားတော့နော်"

"ဟင့်အင်း .. ခုနပြောတာ တမင်နောက်တာမို့လား၊ ကမာ နဲ့ ချိန်း တို့ အိမ်ကမှ သဘောမတူတာ .. အဲဒါ သေချာပြန်ပြောစမ်းပါ ချိန်း .. ချိန်း ကိုယ်တိုင် ပြော .."

သူ ကြားဝင်ပေမယ့် ဖူး က ချိန်း လက်ကို မရမက လှမ်းဆွဲပြီး မျက်နှာတည့်တည့်ကြည့် မေးနေပြီမို့ မတတ်နိုင်။ ချိန်း ကလည်း သူ့ ထက် အပေါ်လေ့ကားထစ်မှာ ရပ်နေပြီးမှ ပြန်လှည့်ကြည့်ကာ ...

"ဘာမယုံစရာရှိလို့လဲ ဖူးဖူးစင်.. အစတည်းက ငါတို့သုံးယောက် ထဲကို မင်းက ဝင်နောက်တဲ့သူ"

"ဘယ်လို .."

"မင်းနဲ့ ငါ စေ့စပ်ဖို့အထိ ဖြစ်သွားတာလည်း ကမာ ကို ချစ်လို့ ငါ အလိုလိုက်ခဲ့တာ .. ကမာ ကို ငါ ပရိုပို့စ်လုပ်ခဲ့တာ နှစ်နဲ့ချီနေပြီ သူ ဖြေငြင်မှာစိုးလို့ မင်းနဲ့ငါ တွဲဖြစ်ခဲ့တာ၊ အားလုံးက ကမာ ကို ငါ အရမ်းချစ်လို့ပဲ .. မရှင်းတာ ရှိသေးလား"

"ဟင့်အင်း .. မဟုတ်ဘူး .. စေ့စပ်တာတွေ၊ အန်တီလတ် ဆုံး သွားတာတွေ အဲ့ဒါတွေ .. အဲ့ဒါတွေ ဘာမှမကြာသေးဘဲနဲ့ ချိန်း ညာနေတာ .. ရှင် .. ရှင် သူ့ကို ချစ်နေတာဆိုရင်လည်း ကမာ က ပြန်ချစ်မှာ မဟုတ်ဘူး .. အဲဒါ သေချာတယ်၊ ကမာ ရှင့်ကို ပြန်ချစ်မှာ မဟုတ်ဘူး"

"မင်း သတ္တိတွေ တော်တော်ကောင်းလာတာပဲ ဖူးဖူးစင် .. ဒီထိ နေရာထိ ဒီစကားမျိုးတွေ လာပြောရဲတယ်၊ ဒါပေမယ့် စိတ်မကောင်း စရာပဲ .. မင်းရဲ့ တိုးတက်မှုတွေကို အမှတ်ပေးမယ့်လူ မရှိဘူး"

ချိန်း က စူးစိုက်ကြည့်ပြီးမှ ချာခနဲ လှည့်ထွက်သွားသည်။ အော ခေါင်းခါရင်း နောက်က လိုက်ပါသွားခဲ့၏။ ဘယ်လိုလုပ်မလဲ .. ပြေ





နေတာလည်း နားမလည် ...။

နှုတ်ခမ်းနှစ်လွှာ တဆတ်ဆတ်တုန်ယင်ကာ မျက်ရည်တွေ ပြည့် ဝိုင်းနေသည့် ဖူး ကို အနီးအနားက ဖြတ်သွားတက်ဆင်းနေကြသူတွေ လှည့်ကြည့်သွားကြ၏။ ဖူး ကတော့ လူတွေကို မမြင်တော့သလိုပင်..။

"ဖူးလေး .."

"သမီး .. လာ .. ကားထဲသွားမယ်"

နာနီကြီးနဲ့ ဦးချက်ကြီး တို့ ဖူး ရဲ့လက်မောင်းလေးကို တစ်ဖက် တစ်ချက်ဆွဲ၍ ကားနားထိသာ ခေါ်လာနိုင်ကြကာ ...

"ဖယ်ပေးပါ"

ဖူး က လက်နှစ်ဖက်စလုံးကို ရုန်းပစ်လိုက်သည်။ ဒီလူနှစ်ယောက် ဟာ သူ့အတွက် မိဘသဖွယ်တွေမို့ ဘာကိုမှ ဂရုစိုက်မနေနိုင်ဘဲ ...

"ချိန်း က လက်ထပ်တော့မယ်တဲ့ .. ကမာ နဲ့ လက်ထပ်မှာတဲ့၊ ဦးလေး သိလားဟင် .. နာနီကြီးရော သိလား .."

"သမီးရယ် .."

ဦးချက်ကြီး အံကြိတ်၍ နာနီကြီးကို ကြည့်သည်။

"ခင်ဗျားက ကလေးကို ဘာဖြစ်လို့ ဟိုကောင်တွေနဲ့ ထားပေး လိုက်တာလဲ"

"ကျုန်မ ရပ်စောင့်တော့ ဖူးလေး က တွန်းလွှတ်လို့ပါ၊ ပြီးတော့ ကောင်လေးက သမီးနဲ့ စေ့စပ် .."

"တော်ပါတော့ဗျာ .."

လူနှစ်ယောက်ကို ချာလပတ်ရမ်းအောင် လိုက်ကြည့်နေသည့် ဖူး မျက်နှာလေးက ရှိုက်သံမထွက်လာဘဲ မျက်ရည်ကြောင်းတွေနှင့် ရွဲနစ် နေခဲ့လျက် ...

"ဦးလေး ဘာတွေပြောနေတာလဲ .. ဖူး မေးတာကိုပဲ ပြောစမ်းပါ၊ ချိန်းကိုပြန်ပြီး မေးကြည့်လို့ သူတို့ ပြောတယ်၊ ဦးလေးတို့ ဘာသိထား



www.burmeseclassic.com

www.burmeseclassic.com



လဲဟင် .. ပြောပါ .. ပြောပြပါ ဦးလေးရဲ့ .. ဒက်ဒီက သိရက်သား
ဖူး ကို ညာတာလား၊ ဖူး နဲ့ စေ့စပ်ထားတာကို ဘာဖြစ်လို့ ကမာ
လက်ထပ်ရမှာပဲ၊ ဘယ်သူက ညာနေတာလဲဟင် .. ပြောကြပါဦး"

"သမီး .."

"ဖြေပါ .. ဖြေစမ်းပါ .. အခု ဖြေပါ .. အခု"

ရှိုက်ကြီးတငင် ငိုကြွေးနေသည့် ဖူး ကို ကားထဲ မရမက ပြန်ထည့်
ကာ ဘယ်လိုချော့ချော့ မရတော့ပေ။ ထို့ကြောင့် ဦးမင်းခ ကလည်း
မပြောဖို့ တားထားလို့ .. မပြောရက်လို့ဆိုတဲ့အကြောင်း သေချာ ရှင်း
ရသည်။

"မဟုတ်ဘူး .. ဒါ မဖြစ်နိုင်ဘူး .. ဒက်ဒီ မလုပ်နိုင်လည်း ကမာ
လုပ်နိုင်တယ်၊ ချိန်း နဲ့ ဖူး ပဲ လက်ထပ်ရမှာ၊ ဒါကို ကမာ ပဲ တတ်နိုင်
မှာပါ"

"သမီး မလုပ်နဲ့တော့"

"ဖယ်ပါ .."

ဦးချက်ကြီး က ဖုန်းကို ဆွဲယူပြီး ချော့သည်။ နာနီကြီးကတော့
ဖူး ကို ကြည့်၍ မျက်ရည်တွေပဲ သုတ်နေရှာ၏။

"ဖုန်း ပြန်ပေးပါ၊ ချိန်း က ကမာ့ ကို ချစ်နေတာ .. ကမာ
သူ့ကို ချစ်မှာ မဟုတ်ဘူး၊ ဖူး အတွက်ကလွဲပြီး ကမာ က ဘာမှမ
စားဘူး၊ အဲဒါ ဖူး သိတယ် .."

"ဟိုတုန်းက ဟုတ်မှာပေါ့ သမီး .. သမီးရဲ့ဒက်ဒီက သိန်းထော
နဲ့ချီပြီး သမီးအတွက် ပုံချပေးခဲ့တာလေ၊ သူ့သမီးလေးကို စိတ်ချမ်းသ
အောင် ထားပါ၊ သူ့သမီးလေးကို ဘော်ဒီဂတ်လို စောင့်ရှောက်ပါဆို
သမီးကိုချစ်တဲ့စိတ်နဲ့ သူ အပေါင်ခံထားတဲ့ အတိုးတွေအရင်း
အားလုံး အထပ်လိုက် ပြန်ချပေးလိုက်တာ၊ အဲဒါတွေကြောင့် က
က သူ့ချစ်သူကို သမီး သဘောကျနေမှန်း သိတာနဲ့ ခဏတာ ကြည်





ပေးခဲ့တာပေါ့၊ သူ့ချစ်သူကို သူ အချိန်မရွေး ပြန်ယူလို့ ရနိုင်မှန်း သိလို့
ငွေကြေးနဲ့ လဲလှယ်ထားတဲ့သဘောပဲ၊ ဒီလိုမိန်းကလေးကို ဖြူစင်မယ်လို့
ထင်နေကြလည်း ခဏပါပဲ၊ အချိန်တန်ရင် ငါ့သမီးကပဲ မေတ္တာကြောင့်
အနိုင်ရမှာ"

ဘာအနိုင်လဲ .. ဘယ်သူ့ကို အနိုင်ရမှာလဲ ..၊

ဖူး စကားသံ တစ်လုံးမှ ထွက်မလာတော့ပါ။ အတုအယောင်တွေ..
အားလုံးဟာ အတုအယောင်တွေပဲ ဖြစ်နေသည်။

"ချိန်း က ကမာ ဒီလောက်လှနေတာကို တစ်ခါမှ မရိုးမသား
မပြောခဲ့ဘူးလား"

"ဟင့်အင်း .. တို့က သူငယ်ချင်းတွေပါ"

နားထဲမှာ စကားသံတွေ ဝီခေါ်ပြီး ပြေးဝင်လာကြသည်။ တလှုပ်
လှုပ်သွားလာနေကြတဲ့လူတွေက အမိုက်တွေလွင့်နေတာလား ဒါမှမဟုတ်
ကမ္ဘာကြီးကပဲ အရှိန်ရလာသည့် ချားရဟတ်ကြီးလို ဖြစ်လာတာလား..။

လိမ်နေကြတာ.. ငါက အဲဒီလောက် အလိမ်ခံရအောင် ညံ့ခဲ့တဲ့မိန်းမ
ပဲ ..၊ မညံ့စေနဲ့ ဖူးဖူးစင် .. တပည့်က ဆရာထက် လက်စောင်းထက်ရ
မယ်၊ သူပေးတဲ့ပညာတွေ ရှိတယ်၊ သူ တော်သလို နင် တော်ရမှာပေါ့..။

ဖူး မျက်ရည်တွေ သုတ်ပစ်လိုက်ပြီး ကားတံခါးဖွင့်၍ ပြန်ဆင်း
သည်။

"သမီး ဘာလုပ်တာလဲ"

"မည့်ချင်လို့ .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၃)

"ချိန်း .."

"မင်း ဒီမှာ ဘာလုပ်နေတာလဲ"

"စောင့်နေတာ .."

ချိန်း မျက်နှာ တင်းသွားကာ တံခါးဖွင့်ဖို့ ရှေ့တိုးလိုက်တော့ ဖူး က ကားတံခါးကို သူ့ကိုယ်နဲ့ ဖျတ်ခနဲ ဖိကပ်ထား၍ ...

"ကမာ့ ကို ချိန်း လက်မထပ်ပါနဲ့"

"ဘာ!..."

"ကမာ က ချိန်း ကို သူ့ရဲ့ ရွှေ့ကွက်ထဲက အရုပ်တစ်ရုပ်လို သဘောထားခဲ့တာ .."

ရှေ့ကို တိုးရပ်လိုက်သည့် အောင် နဲ့ ချိန်း ကို ဖူး က တစ်လှည့်စီ ကြည့်၍ ...

"ကမာ က အရမ်းလှတော့ ချိန်း တို့ အပြစ်မမြင်နိုင်ဘူးမို့လား သူ့ရဲ့ အိမ်နဲ့ခြံကို ဒက်ဒီက အပေါင်ခံထားခဲ့တာ၊ အဲဒါတွေကို ပြန်ဆေ ပြီး ဖူး အတွက် ဘော်ဒီဂတ်လုပ်နိုင်းခဲ့တာ ချိန်း သိလား .."

ချိန်း မျက်မှောင်ကုတ်သွားတာကို ကြည့်ပြီး ဖူး က ရယ်သည်





ချိန်း မျက်လုံးတွေ စူးရဲကျဉ်းမြောင်းသွားတော့ ကျေနပ်သည့် အပြုံးနှင့် ...

"ဖူး စိတ်ချမ်းသာအောင် ဘာမဆို လုပ်ပေးပါ့မယ်ဆိုတဲ့ ဝန်ခံ ကတိနဲ့လေ .. ချိန်း ကို ဖူး ကချ သဘောကျလာလို့ နီးစပ်အောင် သူ လုပ်ခဲ့တာ"

"ဒါဆို အစတုန်းကတော့ ချိန်း ကို နင် မသိခဲ့ဘူးပေါ့"

အောင့် မျက်နှာကလည်း တင်းနေပြီဖြစ်ကာ ချိန်း ကို ကွယ်ရာ အနေ ငေးမောနေခဲ့သည့် သူ့မအဖြစ်တွေကို သိနေတော့ မကျေနပ်နိုင်..၊

"သိတယ် .. သိလို့ သူ ယုတ်မာတာ၊ အဲဒီ အစွဲအလမ်းတွေ ဖူး ရင်ထဲကို ထည့်ပေးပြီး ဆရာမကြီး လုပ်ခဲ့တာ၊ ဒက်ဒီ့ဆီက လိုချင်တာ တွေ သူ ရသွားတာ"

ချိန်း စိတ်ကိုထိန်းနေရသည့်မျက်နှာနှင့် ပင့်သက်ရှိုက်ရင်း အံ ကြိတ်သည်။ ချိန်း ကို ရှင်းပြရမလား .. ဖူး ကိုပဲ အရင်နှင်ထုတ်ရမလား၊ အောင် ဘာလုပ်ရမှန်း မသိ ..။

"ချိန်း စဉ်းစားကြည့်ပါဦး၊ ဒီမှာလေ .. ဒီလက်စွပ်ကိုတောင် ဖူး ကို သူ ပေးခဲ့တာ"

ချိန်း ဆိုသည့် စာလုံးလေးပါသည့် သူ့လက်စွပ် ..။

ချိန်း မျက်နှာ နီရဲသွားသည်။ ဖူး က လက်စွပ်ဝတ်ထားသည့် သူ့မလက်ကို လက်သီးဆုပ်လေးလုပ်၍ နှုတ်ခမ်းမှာ ကပ်ထားကာ ...

"အဲဒါတွေကို ဖူး ကိုယ်တိုင် ဘာမှ မသိခဲ့ဘဲ သူ့ကို နေရာတကာ ယုံကြည်ခဲ့တာ၊ ချိန်း ကို သူ အမြဲတမ်း ရိုးသားတယ်ဆိုတာလည်း ယုံခဲ့တာပဲ၊ ညာခဲ့တယ်ဆိုရင်တောင် စေ့စပ်လိုက်တဲ့အထိ တွန်းပို့ပြီးမှ လက်ထပ်ပြလိုက်တာ မရက်စက်လွန်းဘူးလား၊ အဲ့ဒါ ဘာဖြစ်လို့ ကမာ ကပဲ မင်းသမီး ဖြစ်နေရတာလဲ၊ ဖူး မှာ ဘာအပြစ်ရှိလို့ ပေါင်းခွင့်မရှိ ရတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



သူမ ရှိက်သံထွက်လာတဲ့အထိ စိုက်ကြည့်နေပြီးမှ မေးကြော တင်းခနဲဖြစ်အောင် အံကြိတ်လိုက်ကာ ...

"မင်း ပြောလို့ ပြီးပြီလား"

ချိန်း က ဖူး နဲ့ ပိုနီးအောင် ရွေ့တိုးလိုက်ပြီးမှ ...

"အခက်ကြီးကြုံလာရင် ကိုယ်မွေးထားတဲ့ သားသမီးကိုတော အပေါင်ပစ္စည်းလို ထားခဲ့ရတဲ့အဖြစ်တွေ ရှိဖူးတယ်၊ မင်းတို့ ရွေ ပေါက်ပြီး လိုချင်တာကို ရအောင်ယူတာရော .. အဲဒါ သန့်စင်တာလား

ဖူး မျက်လုံးတွေ ဝိုင်းနေအောင် မော့ငေးနေ၏။ ချိန်း က စကား ပြောခါနီးတိုင်း အံကြိတ်လျက် ...

"ဗီလိန်ဆန်ဆန် ပြကွက်တွေနဲ့ ငါ့စိတ်ကို ယိမ်းယိုင်အောင် လု ဖို့ မကြိုးစားနဲ့ ဖူးဖူးစင် .. လူတစ်ယောက်ရဲ့ သန့်စင်မှုဆိုတာ အပြ အပျက်တစ်ခုပေါ်မှာရှိတာ မဟုတ်ဘူး၊ ကိုမှာ ငါ့ကို ချစ်တယ် .. လိုအပ်တာ ဒါပဲ၊ သူ့မိသားစုကိစ္စ၊ သူ ရင်ဆိုင်ခဲ့တဲ့ အခက်အခဲ၊ အဲ တွေက သူ့အချစ် ငါ့အချစ် ထပ်တူမညီနိုင်အောင် သက်သေပြုလို့ရ ပုံသေနည်းတွေ မဟုတ်ဘူး၊ မင်း မျက်ရည်တွေ ပေါ်နေရင် ထပ်ကြိုး ပေါ့"

"အို!..."

"ချိန်း .."

ဖူး နဲ့ အောင် တို့ လှုပ်လှုပ်ရှားရှား ဖြစ်ကြပေမယ့် ဖျတ် ဖမ်းဆွဲပြီး ဖြုတ်ယူလိုက်သဖြင့် လက်စွပ်က ချိန်း လက်ထဲ ပါသွားပြီ သည်။ အောင် ပါးစပ်အဟောင်းသားဖြစ်သွားကာ ဖူး ကိုယ့်လက်ချော လေးတွေ ပြန်ထောင်ကြည့်နေရင်း သတိလစ်သွားသည့်အတိုင်း ...

"မင်းလိုပဲ အပေါင်အနှံစကားတွေနဲ့ ငါ ပြောမယ်"

ချိန်း က ချဉ်တူးတူးမဲ့ပြုံးနှင့် လက်စွပ်ကို မျက်နှာရှေ့မှာ ထော ကြည့်သည်။ ပြီးမှ အိတ်ထဲ ထည့်လိုက်ကာ ...





"ငါ့အချစ်တွေက ကမာ့ ရင်ထဲကို ထည့်ပေးခဲ့ပြီးသား၊ ငါ့ကို အပေါင်ထားပြီး အိမ်နဲ့ခြံကို သူ ပြန်ယူသွားတာဆိုရင် မင်းအဖေကို ပြောလိုက် .. ချိန်း က သူ့ကိုယ်ကို ပြန်ရွေးသွားပြီလို့၊ အတိုးအရင်း ပေါင်းပြီး ကျသလောက်စာရင်းကို အချိန်မရွေး ပို့ပေးလိုက်၊ ကဲ့ရဲ့ခေါင်း နဲ့ ရှင်းပေးလိုက်မယ်လို့ .."

ပြောပြီးတာနှင့် တောင့်တောင့်လေး ဖြစ်နေသည့် ဖူး ကိုယ်ကို တံခါးပေါက်နေ ဆွဲဖယ်ပစ်လိုက်သည်။ တွန်းတာမဟုတ်ပေမယ့် လုံးဝ သတိလစ်သလို ဖြစ်နေသည့် ဖူး ကိုယ်လေးက အောင့် ရင်ခွင်ထဲ ယိုင် ကျသွား၏။

"လက်မထပ်သေးခင် သူ ငါ့ကို ဘယ်မှာ ပေါင်ထားသေးလဲ စုံ စမ်းရဦးမယ် .. မင်းလို တွေ့တဲ့နေရာမှာ အရှက်ခွဲတတ်တဲ့မိန်းမနဲ့ ကြုံ မှာစိုးလို့ .."

"ဂျိမ်း .."

လှည့်ပြောပြီးမှ ကားထဲဝင်၍ တံခါးဆောင့်ပိတ်သည်။ အောင် ကမန်းကတန်း ဟိုဘက်ကနေ ပြေးလွှားဝင်သွားသည်နှင့် ကားက ပါ့ကင်ထဲကနေ ဒေါသတကြီး ဆောင့်ထွက်၏။ မလွှတ်မလပ်သူတွေ ပြေးလွှားရှောင်ရင်း ဆဲတဲ့လူက ဆဲ .. ရပ်လျက် ကျန်ခဲ့သည့် ဖူး ကို သတိထားမိပြီး ကြည့်တဲ့လူက ကြည့် ..။

"သမီးလေး .."

ဒီတစ်ခါ ဦးချက်ကြီး မျက်နှာပေါ် ငိုမဲ့မဲ့ ဖြစ်နေခဲ့၏။ လိုက်မခေါ် နဲ့လို့ မှာခဲ့သည်။ လှလှပပ အနိုင်နဲ့ပိုင်းတော့မလိုလို ပြောသွားတော့ အားနားကနေပဲ စောင့်ကြည့်နေခဲ့မိသည်။

ဖြစ်ရလေ ကလေးရယ် ...၊

ဖူး ဆုတ်ကန်ကန်လေး ပါလာရင်း မျက်ရည်တွေ တစ်စက်ချင်း ကျသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ကမ္ဘာ ကိုပဲ ချစ်တယ်တဲ့ .. ဒီလောက် ယုတ်မာတဲ့မိန်းမကို သူက ချစ်တယ် .."

ကြေကွဲမှုသည် အရှင်လတ်လတ် မီးလောင်ခံနေရသလို ပူလောင်ပြင်းပြလျက် ...၊

♪.. ရှုသုဘာန်လို အဖြူးလည်း မထားရက်ပါ .. အချစ်ကြီးသူတိုင်း အမျက်ကြီးရမှာ မလိုချင်ပါ ..♪

♪.. မချစ်လို့ ခွန်သွားတော့မှ .. ချစ်သနား ငဲ့ညှာဦးလို့ မပြောလိုပါ..♪

ကားတစ်စီး ဘက်ခ်ဆုတ်လာရင်း သီချင်းသံလေး ပျံ့လွင့်လာခဲ့၏။ ဖူး ထိုကားဆီကို လည်ပင်းလေးလိမ်အောင် လိုက်ကြည့်သည်။

"မောင်းတော့ ကိုချက်ကြီး .. မြန်မြန် .."

"ဟင့်အင်း .. နေပါဦး"

သီချင်းသံနောက်မှာ စိတ်တို့ ကျန်ရစ်ကာ ဖူး ဘာကို ခေါင်းခါတားဆီးနေမိမှန်း မသိ ...၊ ဒါပေမယ့် ကားက ဝေးကွာလာခဲ့ပြီ ဖြစ်လေသည်။

"ဒီသီချင်းက ငါ့ကိုလား .."





## အခန်း (၄၄)

ရုံးမှာ လက်မှတ်ထိုးပြီးပြီမို့ အားလုံးမျက်နှာတွေ ပြုံးပျော် လန်းဆန်းနေကြ၏။

"အောင် ရှိနေရင် ကောင်းမှာနော်"

ကမာ က ပြောတော့ ချိန်း က ခေါင်းညိတ်၍ ...

"သူလည်း မထက် ကို မျက်နှာပူလို့ ထွက်သွားရတာပါ၊ လက်ထပ်ပွဲပြီးရင် ဓာတ်ပုံတွေအားလုံးကို သူ့ဆီ ပို့ပေးလိုက်ပါတဲ့၊ ကွန်ပျူတာရှေ့က ထိုင်စောင့်နေမယ်တဲ့"

ကမာ မျက်နှာလေးတော့ မကောင်းရှာပါ။ ပြီးတော့ ဖူးဖူးစင်..၊ သူမအကြောင်းပြောတာ ချိန်း က မကြိုက်တတ်ပေမယ့် ဘယ်လိုမှ မပြောဘဲ မနေနိုင်တော့သည်မို့ ...

"ဒီမင်္ဂလာကိစ္စတွေ ဖူး မသိတာ မဖြစ်နိုင်ဘူး၊ ဖုန်းတောင် မဆက်ဘဲနေတာ အံ့သြလိုက်တာ"

"သူ မသိတာ ပိုမကောင်းဘူးလား"

"ကောင်းပေမယ့် မရိုးသားရာကျတာပေါ့ ချိန်း ရယ် .. သူငယ်ချင်းတွေပါလို့ ပြောခဲ့ပြီးမှ .."

"တော်ပါတော့ကွာ .."



www.burmeseclassic.com

www.burmeseclassic.com



"မပြောချင်ပေမယ့် ချိန်း ကို အရမ်းပြောချင်နေတာတွေ ရှိတယ် သိလား .. အဲဒါတွေက ဖူး နဲ့ ကမာ .."

"နောက်မှ ပြော .."

"မနက်ဖြန် လက်ထပ်ကြမှာလေ .."

"ခုလည်း လက်မှတ်ထိုးခဲ့ပြီးပြီ၊ မင်း ကိုယ့်မိန်းမပဲလေ .. ဘာမှ မထူးဘူး"

ကမာ ဘာပြောချင်နေမှန်း သူ သိသည်။ ဒါကို လျှို့ဝှက်မထား မှန်း သိလိုက်ရတော့ သူ့ယုံကြည်ချက် မှန်သွားပြီဆိုတာ သိလို့လည်း ပိုပြီး ကျေနပ်မိ၏။ ဒါပေမယ့် ထပ်ပြီး မကြားချင်တော့ပါ။ ထို့ကြောင့် ကမာ့ ပခုံးလေးကို သိမ်းဖက်လိုက်ကာ ....

♪.. နှင်လိမ်လည်း ငါ ချစ်တယ် .. နင်ညာလည်း ငါ ချစ်တယ် .. နင် ပြောတဲ့စကား .. ♪

♪ .. အရာရာ မျက်စိမှိတ်ပြီး ယုံလိုက်မှာ .. ငါ့အချစ်တော့ တန်ဖိုးထား ♪

♪ .. နောက်တစ်ယောက်နဲ့ မတွဲပါနဲ့တွား .. တောင်းပန်တာ .. ♪

"ဘာလဲ .. ချိန်း ဘာကိုပြောတာလဲဟင် .."

ပခုံးမှာဖက်ထားသည့်လက်ကို ဖယ်ချရင်း ကမာ က ချိန်း မျက်နှာ ကို လည်ပင်းလေးလိမ်အောင် မော့ကြည့်သည်။ ဘောနှစ်ဖက်ဆံပင်တွေ ကို ကျောက်တွဲပန်းခက်တွေနဲ့ ကပ်ဖိထားသဖြင့် ချိန်း က ကမာ့ ခေါင်း ကပန်းတွေကို ရှောင်၍ ပါးပြင်လေးကို ငုံ့နမ်းသည်။ ပြီးတော့ အတင်း အကျပ် ပြန်ဖက်ထားကာ ...

"သီချင်းဆိုပြတာလေ .. မင်း ပြောဖို့ရှိတာတွေက လိမ်ညာထား တာတွေဆိုရင်လည်း မပြောခင်တည်းက ခွင့်လွှတ်ပြီးသားဆိုတာ .."

"မဟုတ်ဘူးလေ .. အဲဒါမျိုး မဟုတ်တဲ့ .."

"ကိုယ့်အပြင် နောက်တစ်ယောက် ထပ်မချစ်ဘူးဆို ပြီးရော"

"ချိန်း ရယ် .. ကမာ ရင်တွေပူလိုက်တာ၊ အဲဒါကြောင့် ပြောဖြင့်တာ .. ဟိုမှာ လူတွေ အများကြီးပဲ၊ ဘယ်လိုလုပ်ရမလဲဟင်"

ဧည့်ခန်းထဲမှာ သဲ တို့ အုပ်စုနှင့် ချိန်း ရဲ့ တခြားသူငယ်ချင်းတွေ ရော အိမ်နီးချင်းက မိတ်ဆွေတွေ၊ လက်မှတ်ထိုးတဲ့ဆီ လိုက်ပါ သက် သေပြုပေးကြသည့် လူကြီးတွေနှင့် နှစ်ဖက်မိဘ ...။

"ဘယ်လိုလဲဟေ့ .. ညီမှာလား"

"ညီတာပေါ့ .. တစ်ယောက် ဘယ်လောက်စီရမယ် ထင်လဲ"

"နောက်မှ ခွဲတမ်းချမယ်လေ .. အခုက နှစ်ပွဲ စားရမှာ၊ အင်းလျား သိတ်မှာ မနက်ပိုင်း မင်္ဂလာဆောင်မယ် .. ထရေဒါးမှာ ဒင်နာ၊ ငါတို့ နှစ်ပွဲစလုံးအတွက် စီစဉ်ရမယ်"

"ဟုတ်တယ် .. ဟုတ်တယ်"

လူငယ်တွေကို ကြည့်၍ လူကြီးတွေက လက်ဖက်ရည်သောက် ရင်း ပြုံးနေကြသည်။ ဒေါ်အမာလွင် တို့ အိမ်ထဲမှာပဲ မင်္ဂလာပွဲအတွက် စီစဉ်ရင်း ဆွေးနွေးနေတော့သည်။ ဦးထွန်းထွန်း က ရှိနေသေးသည့် လူကြီး တွေရှေ့မှာပဲ အတက်ချိကေ့စ်ကို စားပွဲပေါ်တင်လိုက်ကာ ...

"ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့ ဒေါ်အမာလွင်.. ဒါ အမေရှင်း ဆောင်ရွက်ရင်တော့ ပိုပြီး သင့်တော်မှန်း သိပါတယ်၊ ဒါပေမယ့် သားရဲ့ မာမီကဆုံးသွားပြီမို့လို့ ကျွန်တော်ကပဲ ပြောပါရစေ၊ နေကမာ ကလည်း ကျွန်တော့်သမီးလေး ဖြစ်လာမှာမို့လို့ သူ့မိဘက ချီးမြှင့်တယ်လို့ပဲ ယူဆ ပါ၊ ဒီထဲမှာ ငွေအပြည့်ပါတယ် .. မင်္ဂလာပွဲအတွက် သမီးလေး ပြင်ဆင်ဖို့ ရော်ပါ၊ သားကလည်း သမီးနဲ့ပဲ ဒီမှာလာနေဖို့ သဘောတူတယ် .. ကျွန်တော်လည်း ခွင့်ပြုပါတယ်၊ ကျွန်တော်တို့သားအဖ မိန်းမသား နှစ်ယောက်အတွက်ပဲ ဦးစားပေးရမှာပါ၊ သားကို လုပ်ငန်းတွေလွှဲပေး ပြီးရင် ဒေါ်အမာလွင် တို့ သားအမိနဲ့ သား သဘောကျ ဘယ်မှာနေနေ ပေါ့၊ လောလောဆယ် သမီးကလည်း လုပ်ငန်းထူထောင်ချင်တာ ရှိတယ် မို့လား.. အားလုံးအတွက် တခမ်းတနား ပြင်ဆင်ပါ၊ လိုအပ်တာရှိရင်







www.burmeseclassic.com

www.burmeseclassic.com



သားနဲ့ တိုင်ပင်ပါ"

နောက်ထပ် ရတနာဘူးတွေ အထပ်လိုက် ထုတ်ယူလိုက်ပြ... ဒေါ်အမာလွင် မျက်နှာမထားတတ်အောင် ဖြစ်ရရင်း သမီးလေးအတွ... ကျေနပ်ဂုဏ်ယူလို့ မဆုံးနိုင် ...။ လူကြီးတွေကပါ ပီတိဖြစ်နေကြလေ...

"အလွန်မင်္ဂလာရှိတဲ့ ချီးမြှင့်ခြင်းပါပဲဗျာ"

"ဟုတ်ပါတယ် .. ဒေါ်အမာလွင် တို့ သားအမိအတွက် ကျွန်တော်... တို့လည်း ဝမ်းသာပါတယ်"

ဦးထွန်းထွန်း က အနားမှာ သားနဲ့သမီး ရှိလိုရှိငြား လှည့်ပတ်... ကြည့်လိုက်သေးသည်။ ပြီးမှ ...

"မင်္ဂလာပွဲအတွက် သမီးလေးဝတ်ဖို့ ယူပါ၊ ဘာမှ အားနာဖို့ သိ... ငယ်ဖို့ မလိုဘူး၊ ကျွန်တော့်မှာ ရှိသမျှက ဒီသားနဲ့သမီးပဲ ပိုင်တာပါ... ဝတ်စုံအရောင်နဲ့ အဆင်မပြေသေးရင် အချိန်မီ အကြောင်းကြားလိုက်... ရတယ် .. အားလုံး ပြည့်စုံစေရပါမယ်"

"ပြည့်စုံတာထက်ကို လွန်နေပါတယ်ရှင် .. သမီးလေးအတွက်... လူကောင်းသူကောင်းတွေနဲ့ ကံကြုံရလို့ ကျွန်မ စိတ်ချသွားပါပြီ၊ အရင်... ပဲလည်း ပီတိဖြစ်ရပါတယ်၊ အစစအရာရာအတွက် ဦးထွန်းထွန်း တို့ကို... ကျေးဇူးတင်ပါတယ်"

"ကဲ .. ကဲ .. ကလေးတွေ ဘယ်ရောက်ကုန်လဲ .. အန်ကယ်လ်တို့... ပြန်လိုက်ဦးမယ် .. ဒီလင်ဒီမယား ချစ်ခင်မြဲမြဲစွာ ရာသက်ပန် ပေါင်းရ... ပါစေဗျာ"

"ဒီနေ့မှစပြီး နောင် နှစ်ပေါင်းရာကျော်တဲ့အထိ .."

"ဖောင်း .."

"အမလေး .."

"ဟား .. ဟား .. ဟား ..."

"ဒီကောင် .. ဒီကောင် လုပ်တာ"





ကလေး တစ်ဖက်စာလောက်ရှိသည့် ဘောလုံးကို ဖောက်ပစ်လိုက်ပြီး လန့်တာတွေရော ရယ်သံတွေပါ ဆူညံသွား၏။

"တော်တော်နောက်တဲ့ ကလေးတွေ .."

ဆုပေးတာမပြီးလိုက်ပေမယ့် လူကြီးတွေ နှုတ်ဆက်ပြန်သွားကြသည်။

"သားနဲ့ သမီးရော .."

"ဟုတ်ပါရဲ့ .. အပေါ်ထပ်မှာ မင်္ဂလာအိပ်ခန်း ပြင်ထားတာလေ၊ စိတ်တိုင်းကျရဲ့လား .. သွားကြည့်ကြဦးလေ"

"နောက်ကျနေပြီ အန်တီမာ .. ခုနကပဲ အပေါ်တက်သွားကြတာ"

အောက်မှာ ရယ်စရာတွေပြောကျန်ခဲ့ပြီကို သိကာ ကမာ က ချိန်းကို ဖိုက်ခေါက်ဆွဲသည်၊ ချိန်း အသံပြုကြီးနဲ့အော်ကာ လိမ်ဆွဲသည့်လက်လေးကို ထပ်ကိုင်လိုက်ရင်း ...

"သေပါပြီကွာ .. မင်းပဲ နှစ်ယောက်တည်း ပြောစရာရှိတယ် ဆိုလို့လေ .."

"အဲဒါ ဒီထိလာဖို့ လိုလို့လား၊ ဟိုမှာ ရယ်ကုန်ကြပြီ .. ကြားရဲ့လား"

"ကိုယ်တို့က ခြေလှမ်းဦးသွားလို့ပါကွာ .. မဟုတ်ရင်လည်း မင်းကိုယ့်ကို လိုက်ပြရမှာပဲ"

"ဘာ!..."

"အိပ်ခန်းလေ .. ခင့်တစ်မျက်နှာ တစ်ရွာထင်ပြီး လိုက်လာရမယ့် ကောင်လေးကို .."

"သေလိုက် .."

"အား .. သေပြီ"

"ကြည့်ပါလား .. ဘာလုပ်တာလဲ"

"ကျိမ်း"

တံခါးက ရှန်းရင်းဆန်ခတ်နေတုန်းမို့ ဆောင့်ပိတ်လိုက်သလို ပြေးသွားကာ ချိန်း အတင်းပွေ့ချီ၍ ပစ်ချလိုက်သဖြင့် ကမာ မွေ့ရာပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



အဝတ်ထုပ်လေးလို ထွေးခနဲ ပြုတ်ကျ၏။

"ရပြီ .. ပြော .."

"ဟင့်အင်း .. မပြောတော့ဘူး"

ကမာ ထိတ်ထိတ်ပျာပျာနှင့် အတင်းပြန်ကျုံးထသည်။ ချိန်း ...ဘေးမှာ ဝင်လှဲကာ တစ်ကိုယ်လုံးကို သိမ်းဖက်ထားလိုက်ပြီး ...

"အဖြစ်သည်းမနေနဲ့ .. ခင်ဗျားကို ကျွန်တော် ပိုင်ပြီးပြီ"

"အဲလို မလုပ်ပါနဲ့ ချိန်း ရယ် .. သူများတွေ တစ်မျိုးထင်ကုန်...ပေါ့၊ ဖယ်ပါ .. အပြင်ဝရန်တာမှာ သွားပြောရအောင်"

"မရဘူး"

ချိန်း က ကမာ့ ခေါင်းက ပန်းခက်လေးတွေကို မပြုတ်တတ်သ...ဟိုစမ်းဒီစမ်း လိုက်ဖြုတ်ပစ်ကာ ...

"ဘယ်သူ့ကို ဂရုစိုက်နေရမှာလဲ .. လက်ထပ်ပွဲကြီး တခမ်းတန...မကျင်းပရသေးတာနဲ့ ချိန်း ဆိုတဲ့ကောင်ကို မင်း ယုံကြည်မပေးနိုင်ဘူးလား"

"ချိန်း ရယ် .. အဲလို မဟုတ်ပါဘူး"

"မဟုတ်ရင် ဒီတိုင်းပဲ နေ .. မင်း မကြည်ဖြူဘဲနဲ့ ရှန်းကန်နေ...မိန်းမကို အတင်းအဓမ္မ ကြံရလောက်အောင် .."

"ချိန်း ကလည်း .."

ကမာ ပျာပျာသလဲဖြစ်သွားကာ ချိန်း ရဲ့လည်ပင်းကို ပြန်ဖက်လိုက်...မိသည်။ မှန်ကုတ်ကုတ်မျက်နှာက ခဏအတွင်းမှာပဲ ပြေကျသွားလျက်...

"ဘာတွေ ပြောမှာလဲ .. ပြော .."

"ဖွူး နဲ့ ကမာ စတွေ့တုန်းကလေ သူ့ကို အများက အထင်လွဲပြီး...ဝိုင်းပယ်ထားကြတော့ အရမ်းသနားသွားတာ .. အဲဒီမှာ ကူညီခဲ့သ...တကယ့် စာနာ သနားစိတ်နဲ့ပါ"

"ဘယ်အချိန်မှာ မဟုတ်တော့တာလဲ .."

"အမြဲတမ်း ဒီတိုင်းပဲ ချိန်း .. ဒါပေမယ့် တို့ စိတ်မကောင်းတာ...





...ကလေ .. အဲဒီအခြေအနေကို ထပ်ပြီး တောင်းဆိုခဲ့တဲ့ .."

"ဦးမင်းခ ဝင်ပါပြီး အပေါင်စာချုပ်တွေ ပြန်ပေးတာ၊ သူ့သမီးကို လူတောထဲ ဆွဲသွင်းပေးဖို့ ဖိနှိပ်ခိုင်းတာ၊ ပြီးတော့ ဓာတ်စပ်ပွဲကြီး ကိုယ် ...သိအောင် ကျင်းပဖို့ မင်း ကြိုသိနေသားနဲ့ မပြောဘဲ ကိုယ့်ကို သူနဲ့ ...ပေးစားလိုက်ဖို့ ကြံတာ .. အားလုံးထိ သိတယ်"

"ဟာင်!..."

ကမာ ထိတ်လန့်သွားကာ သူ့ရင်ခွင်ထဲကနေ ထထိုင်ဖို့ ကြိုးစား...သည်။ ချိန်း က ရင်ခွင်ထဲမှာပဲ ဖိနှစ် ဖက်ထားလျက် ...

"သီချင်း ထပ်ဆိုပြမယ် .. နင်လိမ်လည်း ငါ ချစ်တယ် .. နင် ...ညာလည်း ငါ ချစ်တယ်၊ နင် ပြောတဲ့စကား .. အရာရာ မျက်စိမှိတ်ပြီး ယုံလိုက်မှာ .. ငါ့အချစ်တော့ တန်ဖိုးထား .."

"ချိန်း ရယ် .."

ဝမ်းသာကြည်နူးခြင်းဖြင့် ချိန်း ရင်ခွင်ထဲမှာ မျက်နှာလေး ဖိကပ် ...ငြိမ်သက်ရင်း ရယ်မိသည်။ သူ အဲဒီလောက်ထိ ချစ်သတဲ့လား၊ ကိုယ့် ကိုယ်ကိုယ် ဒီလိုအချစ်မျိုးကို ပိုင်ဆိုင်နိုင်မည့်သူလို့ နည်းနည်းလေးမှ ...မထင်ခဲ့ပါ။ ချစ်တိုင်းလည်း ညားကြတာမှ မဟုတ်တဲ့ ..။

"ချိန်း .."

"ဟင် .."

"ကမာ့ ကို ဘာဖြစ်လို့ ဒီလောက် ချစ်ခဲ့တာလဲ"

"ချစ်စရာကောင်းလို့ပါ"

"ချိန်း ရယ် .. ချိန်း တကယ်ချစ်မှန်း သိခဲ့ပေမယ့် ခုလို ပေါင်းဖက် လက်ထပ်ခွင့်ရတဲ့အထိ ကမာ မမျှော်လင့်ရဲခဲ့ဘူး"

"အဲဒါကြောင့် ထင်ရာမြင်ရာတွေနဲ့ ဖိုးထည့်ပေးနေတာလား"

"မဟုတ်ပါဘူး ချိန်း ရယ် .. တို့ရင်ထဲမှာ ဘယ်လောက် နာကျင်...ခဲ့ရလဲ သိလား .. ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ် ပေါက်လာအောင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းရဲရတာ ဒါ ပထမဆုံးပဲ"

"ကိုယ် ပေး... လက်စွပ်ရော .. လုံးဝ မစွပ်ဘဲ သိမ်းထား...
ချစ်လို့လား .."

"ချိန်း ကလည်း .. လက်စွပ်က နာမည်ထိုးထားတာ မေမေ ...
သွားလို့ ဖြစ်မလား .. အဲဒီတုန်းကဆို အောင် နဲ့ ချိန်း နဲ့ကို မပတ်သ...
ပါနဲ့လို့ မေမေက တဖွဖွပြောနေတာ .. ဦးမင်းခ နဲ့ ဖူး တို့ ပါလာ...
ဖူး စိတ်ချမ်းသာအောင်လို့ပါလို့ ကမာ ပြောထားရတာ"

"အဲဒီအတိုင်း တကယ် ဟုတ်ချင် ဟုတ်မှာပေါ့"

"ချိန်း ထင်လို့ ရပါတယ် .. ဖူး နဲ့ ချိန်း ရဲ့ကြားမှာ ကမာ ...
မရိုးသားစွာ ပါဝင်လှုပ်ရှားခဲ့ဖူးတဲ့သူပါ၊ ဒီအမည်းစက်ကြောင့် ချိ...
ဘက်က အကြောင်းတိုက်ဆိုင်လာတိုင်း .."

"ဟာ!... ဟော့ .. တော်ပြီ .. မပြောနဲ့တော့"

သူ ထင်သည့်အတိုင်း ငိုချင်နေသည့် ကမာ့ မျက်နှာလေး...
နှာသီးလေးတွေ ပါးပြင်လေးတွေမှာ ပန်းရောင်ရင့်နေ၏။

"အဲဒါတွေ သိနေတာတောင် မင်းကို ကိုယ် ဘာမေးခဲ့လို့လဲ"

ချိန်း က တံတောင်တစ်ဖက်ထောက်ထားပြီး ကမာ့ မျက်နှာလေး...
စီးမိုးကြည့်နေရင်း ပါးလေးတစ်ဖက်ကို တယုတယ ပွတ်သပ်နေကာ...

"ကိုယ့်ကို ချစ်တယ်လို့ မပြောသေးတာတောင် ပိုင်ဆိုင်ခွင့်ရ...
မရမက ကြိုးစားထားရတာ၊ မင်း ဘာလုပ်လုပ် ဘာဖြစ်လို့ ခွင့်မလွှတ်
နိုင်ရမှာလဲ၊ မင်း ရိုးသားခဲ့လို့ ကိုယ့်ကို ချစ်ရဲ့သားနဲ့ အဖြေမပေးခဲ့တာ
ကိုယ် နားလည်တယ်၊ အခြေအနေတွေ ဘယ်ထိဖြစ်သွားနိုင်မလဲဆိုတာ
ဘယ်သူမှ ကြိုမသိသလို မင်းလည်း ကိုယ့်ကို စွန့်လွှတ်ဖို့ ပြင်ဆင်ထား...
တာလေ .. ဒါ စိတ်ဆိုးစရာမှ မဟုတ်တာ၊ နောက်ဆို မှတ်ထား.. အဲ...
အကြောင်းပါလာလို့ ကိုယ့်ပါးစပ်က ခနဲ့ခနဲ့စကားတွေ ထွက်လာရင်
'ချိန်း ကို အရမ်းကို ချစ်ခဲ့တာပါ' လို့ ပြောပေး .. ဒီကောင်က အဲဒီလို



...ကြားချင်လို့ ရစ်တာ .. ချစ်တာတွေပဲ ပြောပေးနေရင် ရပြီ.."

သူက ရယ်စရာလုပ်ပစ်လိုက်ပေမယ့် ကမာ ရင်ပူလာပြန်သည်။
...ချိန်း က စိတ်ဆတ်သည်၊ တစ်ချိန်ချိန် ပတ်ဝန်းကျင်လေတိုက်လာတာ
...တွေကို ခံနိုင်ပါ့လား ..။

"ဘာငေးနေတာလဲ .. မင်း ကိုယ့်ရင်ခွင်ထဲမှာနော် .. အသည်းယား
...ရင် ဖြဲသနာတက်သွားလိမ့်မယ်"

ကမာ့ ပါးလေးတစ်ဖက်ကို ခပ်ဆတ်ဆတ် ပုတ်ကာ ဆံပင်တွေ
...ကို အကြမ်းပတမ်း ဆွဲဖွပစ်၏။

"အို .. ဘာလုပ်တာလဲ .. ဖရိုဖရဲဖြစ်ကုန်ရင် သူများတွေ တစ်မျိုး
...င်ကုန်တော့မှာပဲ"

"လာပြန်ပြီ .. ခုနက ပြောတော့ အဲလိုမဟုတ်ပါဘူးဆို .."

"ချိန်း ကို ယုံပေမယ့် နှစ်ယောက်စလုံးကို လူအထင်သေးမှာစိုးလို့
...ပြောတာ၊ ခဏဖယ်ပေး .."

"ဘာလုပ်မလို့လဲ .."

"လက်စွပ် ယူမလို့လေ"

ချိန်း မျက်မှောင်ကုတ်သွားသည်။ ပြီးမှ ပြုံးလိုက်ကာ ...

"မင်းဆီမှာ ရှိသေးလို့လား .. တစ်ယောက်ယောက်ကိုများ ပေး
...လိုက်ပြီလားလို့"

"အို .. ဘာလို့ ပေးရမှာလဲ၊ လူကို ခနဲ့ခနဲ့တွေပဲ ပြောနေတယ်၊
...ယ်ပေးပါဆို .."

ခါးမှာ သိမ်းဖက်ထားသည့်လက်ကို ဖယ်ချရင်း ကမာ က ထထိုင်ဖို့
...ပြင်စားသည်။ ချိန်း က ဖယ်မပေးဘဲ တစ်စုံတစ်ခုကို ထုတ်ယူလိုက်ကာ...

"လက်စွပ်က ဒီမှာ .."

"ဟင်!..."

ဒီတစ်ခါ အလန့်တကြားဖြစ်သွားကာ ကမာ အတင်းကျုံ့ရုန်းထသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိန်း က ခေါင်းအုံးပေါ်မှာ ပက်လက်လှဲနေလိုက်ပြီး ရယ်ကာ ...

"မင်း ဝတ်မထားလို့ ကြွက်ကချီလာပြီး ကိုယ့်ကို လာပေးထ

တာ၊ အခု ဝတ်လို့ရပြီ .. ပေး .. လက်"

"ချိန်း .. အဲဒါ အို .. မဟုတ်သေးဘူး .. တို့ သေချာသိမ်းထားတာ"

ချိန်း က ရယ်နေလျက် ကမာ့ လက်သူကြွယ်လေးမှာ စွပ်ချပေး

လိုက်ပြီး ...

"မင်း သိမ်းထားတာ ကိုယ်ယုံတယ်၊ လက်စွပ်ကိုစွ ထားလိုက်တော့"

"အမေ့!.."

ချိန်း က ကမာ့ လက်လေးကို ပြန်ဆွဲချလိုက်သည်။ ကမာ ပက်

လန်ကျသွားကာ ချိန်း ရဲ့မျက်နှာ သူ့မမျက်နှာပေါ်မှာ နီးကပ်စွာ စီးမိုး

ရောက်လာလျက် ...

"ကိုယ် အရမ်းချစ်တယ်"

"ချိန်း .. အဲဒီလက်စွပ် .."

"ကိုယ့်ကို ချစ်လား .."

"ချစ်တယ် .. ဒါပေမယ့် အဲဒီလက်စွပ်ကိုတော့ .."

ချိန်း က ပြုံးလိုက်ကာ ကမာ နှုတ်ခမ်းလေးတွေကို စူးစိုက်ကြည့်၍

"ထားလိုက်တော့ဆိုလည်း မေးနေမှာပဲလား .."

"အဲ့ဒါ .."

နွေးထွေးစွာ ကျရောက်လာသည့် အနမ်းတို့မှာ ကမာ ပြောချ

သမျှစကားလုံးတွေ အငွေ့ပျံ ပျောက်ကွယ်ကုန်ကြ၏။ လူကို ကျင်

မေ့မူးစေသည့်ရင်ခုန်သံတို့ဟာ အချစ်ကြောင့်မှတစ်ပါး မဖြစ်နိုင် ...

သူ့ကို သူမ စွဲလမ်း မေ့မူး ရင်ခုန်ခြင်းဖြင့် နစ်သက်မြတ်နိုး အာ

ကိုး၍ ...။





အခန်း (၄၅)

"ချိန်း .."

"ဟင် .. အိပ်ပြီလား"

"ဒီက စခေါ်တာကို သူက အရင်မေးနေပြန်ပြီ"

"ကိုယ်လည်း ခုပဲ ဖုန်းကိုင်ပြီး ခေါ်ရကောင်းမလား စဉ်းစားနေ

တာ .. စိတ်ချင်းဆက်နေသလိုပဲ၊ ဆယ့်နှစ်ခွဲနေပြီဆိုတော့ နိုးလိုက်သလို

ဖြစ်သွားမလားလို့"

"အိပ်လို့မရဘူး သိလား .."

"ကိုယ်ရောပဲ .."

"အဲဒါ ဘာဖြစ်လို့လဲ သိလား"

"ရင်တွေခုန်နေတာ"

"ဟုတ်တယ် .."

ဖုန်းကိုင်ထားရင်း ကမာ ဝရန်တာဘက်ကို ထွက်လာမိသည်။

ခြံထဲမှာ မီးလုံးဝါလေး ရှိနေပေမယ့် မှောင်မိုက်နေတာပဲ ဖြစ်

သည်။ လမိုက်ညမို့ လက မသာ .. ကြယ်ရောင်တွေကလည်း မလင်း...။



www.burmeseclassic.com

www.burmeseclassic.com



လောကအမှောင်နှင့် ပတ်ဝန်းကျင် တိတ်ဆိတ်မှုက ဘာကို လွှမ်းမှောဖွယ် ဖန်ဆင်းနေမှန်း မသိဘဲ ပျော်ရွှင် ရင်ခုန်နေတာတွေပါ မှုန်ဝါး ဖြစ်၏။

"ချိန်း .."

"ဟင် .."

"ချိန်း အခု အိပ်ရာထဲမှာလားဟင်"

"ဘယ်ဟုတ်မလဲ .. မနက်က မင်းနဲ့ကိုယ် ဖုန်းနဲ့ရိုက်ထားတဲ့ပုံတွေ ကြည့်နေတာ .. ဝရန်တာမှာ"

"ဟုတ်လား .. ကမာ လည်း ဝရန်တာမှာပဲ၊ ချိန်း တို့ရဲခြံက အပေါ်စီးကကြည့်ရင် လင်းနေလားဟင်"

"လင်းတချို့ မှောင်တချို့ပေါ့၊ နောက်ဖေးဘက်မှာတော့ လင်းမယ်ထင်တယ် .. အိမ်အလုပ်သမားတွေအားလုံး ညဘက် အိမ်ပေါ်မှာ မအိပ်ရဘူးလေ၊ သူတို့တန်းလျားမှာ မီးတွေ ထားပေးထားတာ"

"ဟုတ်လား .. ကမာ တို့ကျတော့ အလုပ်သမားတွေ ဘာတွေလည်း မရှိဘူး၊ မီးတွေလည်း ဖွင့်မထားနိုင်တော့ မှောင်နေတာပဲ သိလား .. မေမေကလည်း ညစာစားပြီးတာနဲ့ ဘုရားရှိခိုးပြီး အိပ်ရာဝင်တာ၊ အမြဲတမ်း ဒီလိုပဲပေမယ့် ခု မနေတတ်ဘူး .."

"ကိုယ့်ကို လွမ်းနေတာလား"

"အင်း .."

"ကိုယ်လည်း အတူတူပဲကွ .. လက်မှတ်ထိုးတာ တစ်ရက်၊ လက်ထပ်တာတစ်ရက် စီစဉ်မိတာ မှားပြီလို့ တွေးပြီး ဘယ်သူ့ကို ပြေးတရားစွဲရမှန်း မသိဘူး"

"ကမာ့ကြောင့်ပါ ချိန်း ရယ် .. တကယ်ဆို .."

"မဟုတ်ပါဘူး .. ကိုယ်က ချက်ချင်းကြီး လက်ထပ်ဖို့ ထလုပ်တာလေ .. အဲဒီတော့ လိုအပ်တာတွေ ပြည့်စုံဖို့ ဟိုစောင့်ဒီစောင့် ဖြစ်





သွားတာပေါ့၊ ညဦးတုန်းက ဒက်ဒီကို ကိုယ် မေးသေးတယ်"

"ဘာလဲဟင် .."

"လက်မှတ်ထိုးပြီးပြီဆိုရင် အတူတူနေလို့ မရဘူးလားလို့"

"ဘာတဲ့လဲ .."

"ရတာမရတာ ကိုယ့်အလုပ်တဲ့ .. မနက်တည်းက မမေးဘဲနဲ့ ခုမှ ဘာလာဖြစ်တာလဲဆိုပြီး ရယ်တယ်"

"ကမာ့ ကို ချိန်း စိတ်ဆိုးလားဟင်"

"မဆိုးပါဘူး .. လက်ထပ်ပြီးနေကာမှ ဘာဖြစ်နေမှန်း မသိတာက ကိုယ် .."

"ကမာ လည်း ဘာဖြစ်နေမှန်း မသိဘူး၊ ပြီးတော့လေ မနက်က ချိန်း နဲ့ ကမာ အတူတူလှဲပြီး စကားတွေပြောခဲ့တဲ့အိပ်ရာကို ရပ်ငေးပြီး လွမ်းနေတာ ငိုချင်လာသလိုပဲ"

"ပြဿနာပဲကွာ .. ခုပဲ ပြေးလာချင်နေပြီ"

"ချိန်း ကို အရမ်းချစ်တယ်"

"ကိုယ်လည်း ချစ်တယ်"

ကမာ ဖုန်းကို ပါးနဲ့ဖိကပ်ထားမိရင်း တကယ် ငိုချင်လာသည်။ ခံစားချက်ဟာ ဘာမှန်းတော့ မသိပါ။ ချစ်ရသူကို လက်ထပ်ခဲ့ကြပြီးမှ ဖက်နမ်းရှိုက်ရှုံ့နှင့် စောင့်ထိန်း နှုတ်ဆက်သွားသည့် ချိန်း ကို ပိုချစ်သည်။

ဒါပေမယ့် အဲဒီတုန်းက လိုက်ခဲ့ပါတော့ဆိုပြီး ဖွတ်ခေါ်သွားပါလားလို့လည်း တွေးမိပြန်၏။ အတူတူ ပေါင်းသင်းဖို့ မဟုတ်သော်လည်း ချိန်း နဲ့ အတူလိုက်သွားခဲ့ရင် ခုလောက်ဆို မျက်နှာချင်းဆိုင်ပြီး စကားတွေ ပြောနေနိုင်သည်။

တစ်ညလုံး ဒါမှမဟုတ် မိုးလင်းတဲ့အထိဖြစ်ဖြစ် ..။

"ဟိတ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .."

"ဟာ!... ငိုနေတာလား"

"ဟင့်အင်း .."

"ဟင့်အင်းဆိုပြီး ရှိုက်သံကြီးနဲ့ကွာ .. ဘာဖြစ်လို့လဲ၊ တခြား စိတ်ညစ်စရာတစ်ခုခု ရှိနေလို့လား၊ ကိုယ် ခု လာခဲ့မယ်လေ .."

"မလာပါနဲ့ .. ညဉ့်နက်နေပြီဥစ္စာ"

ကမာ ကိုယ့်ကိုယ်ကိုယ် ငိုနေမိမှန်းတောင် မသိပါ။ တစ်ဖက်နဲ့ ဖုန်းကိုင်ထားရင်း မျက်ရည်ကို ပခုံးနဲ့ပဲ ပွတ်တိုက် သုတ်မိကာ ...

"တို့ ဘာဖြစ်နေမှန်း မသိဘူး .."

"ပြောလေ .. ဘာဖြစ်နေမှန်း မသိတာကို"

"ချိန်း ကို ချစ်တယ်"

"ဟာကွာ .. တတွတ်တွတ် မေးနေတုန်းကတော့ ကြားရဖို့ကို မျှော်လိုက်ရတာ၊ ဒီမှာ ဖုန်းကို ဝါးစားမိတော့မယ်"

"အဟွန်း .."

"ဟော ... ရယ်သွားပြီလား၊ အိုခေ .. အိုခေ .. ဆက်ပြော ချစ်တာတွေချည်းပဲ ပြောနေလည်း တစ်ညလုံး နားထောင်မယ်၊ လုံးဝ မညည်း မညူပဲ .."

"မနက်ဖြန်ညကျမှ ချိန်း ရင်ခွင်ထဲမှာ လက်မောင်းကို ခေါင်းအုံးပြီး တစ်ညလုံး ပြောမယ်"

"အဲဒါ မှတ်ထားနော်"

"အင်း .. အရမ်းပြောချင်နေတာ"

ကမာ သူ့လက်မောင်းလို စိတ်ကထင်ကာ ဖုန်းကို လက်နှစ်ဖက်စလုံးနဲ့ ဖွဖွလေး ထပ်ဆုပ်၍ စကားပြောရုံလေး ဖွင့်ထားလျက် ပါးမှာ အမြတ်တနိုး ကပ်မိသည်။

"တို့လေ .. မနက်ဖြန်ဆို အတူတူနေကြရမှာ သိရဲ့သားနဲ့ စိတ်ထဲ







မှာ လေးနေတယ်၊ ဒီလောက်မြန်မြန် အခြေအနေပြောင်းသွားတာကို မယုံနိုင်သလိုလို .. တကယ် အတူနေကြရဦးမှာ မဟုတ်ဘူးလိုလို .."

"ဘာမှမတွေးဘဲ ကိုယ့်ကို ချစ်တာတွေပဲ တွေးကွာ .."

"ချစ်လေ .. စိုးရိမ်လေ ဖြစ်နေတာ ချိန်း ရဲ့ .. အပြစ်ပြုမိမှုတွေလှလို ဘာက ခြောက်လှန့်နေမှန်း မသိဘူး၊ ချိန်း ကို ကမာ အားလုံး ပြောပြပြီးပါပြီ၊ တိုးထိမ်ချန်ထားတာ ဘာမှမရှိတော့ဘူး၊ ပြီးတော့လေ .. သူများ အပေါ်မှာ ဘာမှ .."

ပြောနေရင်း ထစ်ခနဲက ဖိစီးလာသလို ဖူး ကို မြင်ယောင်လာ၏။ ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားသည်။ ဘာသတင်းမှလည်း မကြား၊ စိတ်သည် အရေးပေါ် သတိပေးချက်သတင်းကို သိထားပြီး အန္တရာယ်ကို ရင်တထိတ်ထိတ်နဲ့ စောင့်ကြည့်နေရသူလို ဖြစ်နေသည်လား မသိ...။

မနက်ပိုင်း မင်္ဂလာဆောင်ခံပွဲ ရှိသည်။ ညဘက်မှာ ဒင်နာ အကြီးအကျယ် စီစဉ်ထား၏။ ဒီပွဲတွေမှာများ ဖူး ရောက်လာပြီး နာကျင်စရာ တစ်ခုခုကို ဖွင့်ချ စွပ်စွဲမှာလား ...။

အစွန်းရောက်အောင် ခံစားတတ်သူပီပီ လူတွေရှေ့ကျကာမှ တစ်လောကလုံးကို ရန်ပြုချင်သလို တစ်ဖက်သတ် စွပ်စွဲချက်တွေနဲ့ ကဲ့ရဲ့လာမလား ...။

အမှားလုပ်ခဲ့တာ မဟုတ်ပေမယ့် စပြီးကြုံလာခဲ့ရတာည်းက သာမန်မဟုတ်သည့် ဖြစ်ရပ်တွေမို့ ပျောက်ချက်သားကောင်းနေသည့် ဖူး ကပဲ ကြောက်စရာသတ္တဝါလိုလို.. ပတ်သက်ခဲ့မိတာ မှားလေခြင်းဟု နောင်တ ရချင်လာ၏။

ဒီခံစားချက်တွေကို ချိန်း ကို အားပါးတရ ပြောပြချင်သည်၊ ရှုပ်ထွေးနေတာတွေကို မေးချင်မိသည်။ ဒါပေမယ့် ပြောပြ ညည်းညူစရာလည်း အကြောင်းရပ်က ရှာမရ ...။

"ဟိတ် .. ပြောလေ .. စိတ်မချလိုက်တာကွာ .. ဘာတွေဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ၊ မဟုတ်မဟတ်တွေ လျှောက်တွေးပြီး တစ်ယောက်တည်း စိတ်ဆင်းရဲနေတာမို့လား .. အန်တီ အိပ်နေပြီလား .. သွားကြည့်ကွာ၊ မအိပ်သေးရင်လည်း သားအမိနှစ်ယောက် စကားထိုင်ပြောလိုက်၊ မင်း ဘာတွေဖြစ်နေမှန်း မသိဘဲ ဒီတစ်ညလုံး ကိုယ် ဘယ်လိုနေရမလဲ .."

ချိန်း ဘက်က စိုးရိမ်သည့်စကားလုံးတွေ ရေစီးကြောင်းထဲမှာ ပါလာသည်။ သူ စိုးရိမ်နေမှန်း သိလေ .. တွေ့ချင်လေ။ အခု လာခဲ့ပါ ခေါ်ရအောင်လည်း မသင့်တော် ..။

မနက်ဖြန်ပဲ အတူနေကြရတော့မှာ သူမ ဘာဖြစ်နေတာလဲ ..။

"ပြောနေတာ ကြားရဲ့လား .. အခု အန်တီဆီ သွားနေပြီလား"

"ဟင့်အင်း .."

"ကျွတ် .."

"ချိန်း .. မနက်ဖြန်ညည့်ခံပွဲမှာ ဖူး လာမယ်ထင်တယ်၊ ချိန်း ဘယ်လိုထင်လဲဟင်"

"လာလာမလာလာ ကိုယ်တို့အလုပ် ဘာရှိလို့လဲ .. သူနဲ့ကိုယ် ဖြစ်ဖြစ်မြောက်မြောက်လည်း စေ့စပ်ခဲ့တာ မဟုတ်ဘူး၊ စေ့စပ်ပွဲကို ဖျက်သိမ်းတဲ့အကြောင်းတောင် မင်းအတွက် လုံခြုံအောင် ဒက်ဒီ ထည့်ပေးထားသေးတယ်၊ ဘာလဲ .. ဘုရားဇာတ်တော်ထဲကလို ဖူး က သူ့မှာ ဟိုဟာဒီဟာဖြစ်နေပါပြီဆိုပြီး လာအရှက်ခွဲမှာ စိုးလို့လား"

"မဟုတ်ဘူး .."

"ကိုယ်နဲ့ လုံးဝ ငြိစရာမရှိဘူး၊ အဲဒါ ယုံစမ်းပါကွာ .. အမှိပ္ပာယ် မရှိတာတွေကို .."

"မဟုတ်ဘူး ချိန်း .. ချိန်း ကို မငြိနိုင်ပေမယ့် သူ ကမှာ ကို .."

"မင်းကိုဆို ပိုဆိုးတာပေါ့ .. သူ့ဟာသူ ရူးသလိုကြောင်သလို လျှောက်ဖြစ်နေတာ၊ ကိုယ်တို့နဲ့ မတွေ့ခင်တည်းက အဲဒီတစ်ကောင် ဝေါက်ဆိုတာ တစ်ကျောင်းလုံး သိတယ် .. မင်း ဒီလောက် စိုးရိမ်နေရင်



ကိုယ်တို့ပွဲကို လာတာမြင်တာနဲ့ ဆွဲထုတ်ပစ်လိုက်မယ် .."

ချစ်တဲ့သူက အနားမှာ ရှိမနေပေမယ့် နွေးထွေးမှုတွေကြောင့် ရင်ထဲမှာ လုံခြုံသွားခဲ့သည်။ ချိန်း နဲ့ ပတ်သက်ဖို့ နောက်ထပ် ကြိုးစားမှာ မဟုတ်ဘူးဆိုတာ တွေးမိပါသည်။ ဒါပေမယ့် ဒီပွဲကိုတော့ မသိလို့သာ ငြိမ်နေတာ ဖြစ်လိမ့်မည် ..။

ဒါမှမဟုတ် တကယ်ပဲ တချောင်ချောင်မှာ သည်းကြွေပြန်းအောင် ငိုကြွေးနေပြီလား .. ဒါ ဖြစ်နိုင်သည်။ ဖူး က အသည်းငယ်တဲ့သူပါ .. ဒီအဖြစ်တွေကို သူမ ခံစားနိုင်မှာ မဟုတ်ပေ ..။

"ကမှာ .."

"ဟင် .."

"အရမ်းငိုမနေနဲ့ကွာ .. မနက်ကျ မလှဘဲ နေဦးမယ်"

"မငိုတော့ဘူး"

"လိမ္မာတယ် .. အိပ်တော့နော်"

"ချိန်း .. အိပ်ချင်ပြီလားဟင်"

"မင်း ပင်ပန်းမှာစိုးလို့ ပြောတာ .. ဖုန်းထဲမှာ မင်း ငိုနေတာ ကိုယ် လှုသတ်ချင်စိတ် ပေါက်လာတယ် သိရဲ့လား၊ ဒီည စီးကရက် တစ်ဘူးလုံး ကုန်အောင် ထိုင်သောက်ပြီး ဖြေရဦးမှာ"

"အို .. မသောက်ရပါဘူး၊ ချိန်း လက်ထဲမှာ စီးကရက်ဘူးနဲ့လား .. ချလိုက်နော် .. ဘယ်နှစ်လိပ် ကုန်နေပြီလဲ"

ချိန်း ထံမှ ရယ်သံထွက်လာကာ ...

"တစ်လိပ်တောင် မကုန်သေးဘူး၊ လက်ကြားညှပ်ထားတာ သောက်ဖြစ်ဘဲ ကုန်သွားပြီ"

"ကုန်ပစေပေါ့ .. ညတိုင်း အဲဒီလို သောက်နေတာပဲလား"

"ဟုတ်တယ် .. အများကြီးတော့ မဟုတ်ပါဘူး၊ တစ်လိပ် နှစ်လိပ်ပေါ့ .. မင်းက ဟန်းဖုန်းကိုင်ထားတာတောင် ဖုံးဖိထားတော့လို

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ပြီး ရည်းစားစကားပြောခွင့်လည်း မရ ..၊ ချစ်သူဖြစ်ချင်တာ
လည်း မဖြစ်နိုင် ..''

''အောင့် ကိုတောင် ဖုန်းရောင်းလိုက်ရပြီ ပြောထားတာပါဆို
အိမ်ဖုန်းရှိနေသေးတာတောင် အောင် မသိဘူး၊ ဘာဖြစ်လို့လဲဆိုတာ
ရှင်းပြထားသားနဲ့ ချိန်း ကလည်း ..''

''အဟွန်း .. နည်းနည်း ရစ်ကြည့်တာပါ၊ ရင်ထဲမှာ ဘာမှမရှိဘူး
မင်း လုပ်သမျှအားလုံး အိုခေ ..''

''ချိန်း ..''

''ဟင် ..''

''ဂွတ်ဒ်နိုက်နော် .. ကမာ အိပ်တော့မယ်''

''အိုခေ .. တကယ်အိပ်နော်''

''အင်း ..''

''တကယ်လို့ အိပ်မရသေးရင်လည်း ဘယ်အချိန်ဖြစ်ဖြစ် ဖုန်း
ပြန်ခေါ်လိုက်''

''အင်းပါ''

''မင်းကို ချစ်တယ်''

''Me too''

အသံတိုးသွားပြီး နားထောင်နေလိုက်တော့ ချိန်း ဖုန်းမချသေးတာကို
သိလိုက်သည်။ ကမာ ဖုန်းကို နှုတ်ခမ်းနဲ့ ဖိကပ်နမ်းလိုက်ပြီးမှ ကိုယ်တိုင်
အရင်ချလိုက်၏။ ထိုခဏလေးမှာပဲ ဖုန်းက ချက်ချင်း ထမြည်လာရာ
ကြည့်လိုက်တော့ မမထက် ..။

''ဟလို ..''

''ပြောနိုင်လှချေလား ကမာ .. တစ်နာရီမထိုးခင်တည်းက ခေါ်နေ
တာ နှစ်နာရီခွဲပြီးသွားမှပဲ ရတော့တယ်၊ ဘာလဲ .. ချိန်း နဲ့ ပြောနေတာ
လား၊ လက်ထပ်ရတော့မှာမို့ အပျော်တွေ လွန်နေတာ ထင်တယ်''





ကမာ အံ့ဩမိလေသည်။ မမထက် ဤသို့သော ခနဲ့ခနဲ့စကား
တွေကို မဆိုတတ်ခဲ့သဖြင့် ...

''ပျော်တာကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ..''

''ထားလိုက်ပါ .. နင်က ကာယကံရှင်ပဲ၊ ပွဲပျက်ခဲ့တဲ့ ငါတောင်
ညတိုင်း အိပ်ပျက်နေရတာ .. နင်က ပိုမှာပေါ့''

''မမထက် တို့ကို ကမာ ဖိတ်တာကလေ .. အရင်းအချာဆိုလို့
ဒီလူတွေပဲ ရှိလို့ပါ၊ မမထက် တစ်မျိုးမထင်ပါနဲ့''

''မထင်ပါဘူး .. ဖိတ်ဖိတ်မဖိတ်ဖိတ် လာဖို့လည်း အစီအစဉ်
မရှိဘူး၊ မေမေကလည်း နင့်ကို စကားထဲတောင် ထည့်ပြောတာ မကြိုက်
တော့ဘူး၊ နင့်အကြံ အောင်တယ်လေ၊ ငါတို့ကတော့ ..''

''မမထက် အဲဒီလို လုံးဝ မဟုတ်ဘူးနော် .. မမထက် ကမာ့
ကို..''

''ထားလိုက်တော့ ကမာ .. ခုချိန်မှာ နင် နိုင်တယ်၊ ငါတို့ မြောင်း
ထဲရောက်သွားတယ် ဒါပဲ၊ အန်တီမြင့် ကလည်း နင့်ကို ချွေးမတော်
လိုက်ရရင် အကောင်းသားလို့တောင် သနားသွားရတဲ့အထိပဲ၊ တကယ်
တော့ အထင်ကြီးသွားတာပါ၊ ငါ သင်ပေးတဲ့ပညာတွေနဲ့ ဦးမင်းခ
တို့ဆီက ညှစ်ထုတ်ထားတာတွေ ပေါင်းပြီး နင်က ဖြူတီပါရာမိုင်ရှင်
ဖြစ်တော့မှာကိုး ..''

''မမထက် ..''

ကမာ ရှက်တတ်သည့် မာနစိတ်က ထောင်းခနဲ ထဖြစ်သည်။
ဒီဆိုင်နဲ့ ဦးမင်းခ ဘာဆိုင်လို့လဲ၊ ဒါတွေ မမထက် က ဘာလို့ သိနေတာ
လဲ၊ ဦးမင်းခ လိုလူကြီးက မဟုတ်တမ်းတရားတွေ လျှောက်ဖွမှာတော့
မဟုတ်နိုင် ..။

''ကျွန်မ အမြဲတမ်း လေးစားချစ်ခင်ခဲ့တဲ့ လူတစ်ယောက်က ဒီလို
စကားတွေ ပြောလာတာ အံ့ဩစရာပဲ မမထက် .. ကျွန်မ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းစွာ ရပ်တည်နေခဲ့တယ်၊ ဘယ်လို ကြိုးစားခဲ့ရတယ်ဆိုတာ ထက် အသိဆုံးပါ၊ ဒီဆိုင်ဖွင့်ဖို့ ဘယ်တုန်းတည်းက ကျွန်မ စုဆောင်း ခဲ့တယ်ဆိုတာလည်း မမထက် သိတယ်၊ ခုချိန်ထိ မပြည့်စုံသေးလို့ မဖွ ရသေးဘူး"

"ဖွင့်စရာလည်း လိုချင်မှလိုတော့မှာပါ .. နင်က ငါတို့အားလုံး ထက် အများကြီး မြင့်သွားပြီပဲ၊ မနက်က အားလုံးရှေ့မှာ ရတနာ ငွေတွေ စားပွဲပေါ်မှာ လျှံလန်နေအောင် ချိန်း ရဲ့ဒက်ဒီကိုယ်တိုင် ချပေး တယ်ဆိုတာလည်း ကြားရတာ ဝက်ဝက်ကွဲပဲ၊ နင် တော်ပါတယ် အပိုင်ရလိုက်တာ အချစ်တွေရော စည်းစိမ်တွေရော ဒါ့အပြင် မပိုင်ရ အဝေးကနေ ကျောက်ရုပ်ဖြစ်တဲ့အထိ ငေးမျှော်နေပါ့မယ်ဆိုတဲ့သူ လည်း အဆင်သင့် ရှိလို့"

"ဘယ်လို .. မမထက် ဘာပြောလိုက်တာလဲ .."

"အောင် လေ .."

ထက်ထက်မင်း က လက်ထပ်ပွဲကိုစေ့စပ်ရုံပဲလုပ်ဖို့ အောင် ကတောင်းဆိုခဲ့တာကစ၍ အောင် ရင်ဖွင့်ခဲ့သမျှကို ပြောပြသည်။ လောက်ထိ မသိခဲ့သဖြင့် ကမာ ဘာမှလည်း မပြောတတ်ပေ ..။

ကိုယ့်ဘက်မှာလည်း ဘယ်တုန်းကမှ မဖောက်ပြန်ခဲ့သလို အောင် ဒီလိုတွေ အုံ့ဖွဲ့တည်ရှိနေခဲ့မယ်လည်း မထင် ..။

"ငါကွ ဆိုပြီး ထခုန်နေပြီလား ကမာ .. တကယ်ပါ နင် အရင် ကို တော်ပါတယ်"

"အဲဒါတွေပြောမလို့ အချိန်မတော် ဆက်တာလား မမထက် ဒါဆိုရင်တော့ မမထက် ဖုန်းဆက်ရကျိုးနပ်အောင် ကျွန်မ ပြောပါ့မယ် ကျွန်မရင်ထဲမှာ မရိုးမသား စပြီး လက်ခံခဲ့မိတဲ့ယောကျ်ားက ချိန်း ပဲ"

"ဒါ မှန်တာပေါ့၊ ချိန်း က ပိုချောတယ်၊ အောင့် ထက် အများကြီး ချမ်းသာတယ်လေ"





"ကြိုက်သလို ထင်ပါ၊ ခုရော နောက်ရော ချိန်း နဲ့ ကျွန်မက ဦးခေါင်းဆံမြွေ သစ္စာရှိစွာ ပေါင်းဖက်ကြမယ့်ချစ်သူတွေ"

"ဒါလည်း မှန်တာပဲ .. နင်က အကောင်းဆုံးကို ရွေးထားနိုင်တာကိုး"

လုံးဝ ပြောင်းလဲနေပြီဖြစ်သည့် ထက်ထက်မင်း က မဲ့ရွဲ့ရယ်သည့် ရယ်သံနှင့် ...

"တစ်ခုရှိတာက လူတစ်ယောက်အတွက် အကောင်းတွေချည်း အများကြီးတော့ မရနိုင်ဘူး ကမာ .. တို့က အောင့် ကို သံယောဇဉ်ကြီး ခဲ့ပေမယ့် အောင် က နင့်ကို တစ်ဖက်သတ် ချစ်နေတာကို သိထားတဲ့ အတွက် ဖြစ်လာတာကို ခံနိုင်ရည်ရှိပါတယ်၊ ဖူး ကတော့ တစ်ခုခု ထိရှသွားမယ်ထင်တယ်"

"ဟင်!..."

"လူတွေက မသိကြတာပါ၊ ဒါကြောင့် နင့်ကို အချစ်တွေ ပိုကုန် ကြတာ၊ ဖူး ကို နင်ပဲ စင်ပေါ်တင်၊ နင်ပဲ ခေါက်ဖြုတ်လိုက်တာ ဘယ် သူမှ မသိဘူး"

"အို .. အဲဒီလိုမဟုတ်ဘူး .. လုံးဝ မဟုတ်ဘူး မမထက်"

"နင်သာ ကိုယ်ဟန်ပြမလာဘူးဆိုရင် ငါတို့ရဲ့ စေ့စပ်ပွဲကြီးက အောင်မြင်သွားခဲ့မှာပဲလေ.. လူကြီးချင်း စကားပြောခဲ့တုန်းက ချိန်း ဒီလိုပဲ နာခံခဲ့တာ၊ နင့်ကို နတ်သမီးတစ်ပါးလို မြင်လိုက်ရကာမှ ချိန်း က မိဘမှန်းမသိ စောင့်ထိန်းရမှန်း မသိ ရရာလက်နက် ထဆွဲပြီး တိုက် ပွဲဝင်တာမျိုး .."

"မဟုတ်ပါဘူး မမထက် ရယ် .."

တကယ် မဟုတ်ခဲ့တာတွေပါ၊ စေ့စပ်ကြတဲ့အတွဲတွေကို ကြည် ဖြူကျေနပ်စွာ စုံဖက် လက်ထပ်စေချင်တဲ့ပုံစံမျိုးဖြစ်ဖို့ ကိုယ့်ရဲ့ အလှုပ် ကို ဟန်လုပ် ပြင်ဆင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မမော့ချင်ဘဲ မော့၊ မပြုံးချင်ဘဲ ပြုံး၍ ဒီပွဲကို လာခဲ့မိ၏။ ... ကြီးဖြစ်နေမှတော့ ပျက်သွားနိုင်တာကို နည်းနည်းမှ မတွေးမိသလို ... ဒီလိုထဖြစ်မယ်လည်း မထင်ခဲ့ ...။

ခုတော့ သူမဘက်က ဘာပြောပြော အရာမထင့်တော့ပါလား ...

"နင် မိးကုန်ယမ်းကုန်ပျော်ပြီး ကျေးဇူးရှင်ကို မေ့နေသလား ... ဖုန်းဆက်တာပါ၊ တကယ်ဆိုရင် ဦးမင်းခ တို့ သားအဖရဲ့ ကျေး... ကြောင့် သူဌေးကြီး ဦးထွန်းထွန်း ကိုယ်တိုင် လာရောက် တောင်း... ခံရဖို့ ခြံဝန်းတိုက်တာလေးနဲ့ နင်တို့ နေနိုင်ခဲ့တာနော်၊ ဒီလိုသာမဟု... ရင် သားကို ဘယ်လောက်ချစ်ချစ် လမ်းဘေးရေပ်ပေါ် လိုက်ကောက်... ရမယ့်အဆင့်မျိုးဆိုရင်တော့ အဲဒီမိန်းမကို သူ့သားနဲ့ ကြည်ဖြူပေး... မဟုတ်ဘူး"

ကမာ မကြားချင်ပေမယ့် ဖုန်းကိုင်ထားရင်းနဲ့ပဲ နားထောင်နေ... သည်။ မျက်ရည်တွေ တစ်စက်ချင်း ကြွေဆင်းနေလျက် ရင်ဘတ်ထဲမှာ မီးလောင်နေသည့်နှယ် ...။

"ဖူးဖူးစင် ဘဝပျက်သွားပြီဆိုရင်တော့ ဝဋ်ဆိုတာ လည်တတ်... တယ်နော် .. ခံနိုင်ရည်ရှိဖို့ လိုတယ်"

ချက်ချင်း ဖုန်းချသွားသည်။ ကမာ ကိုင်လျက်သားရှိနေဆဲ ...

ဝဋ်ကြွေးဆိုတာ ရှိခဲ့ရင် ကိုယ်က ဘယ်သူ့အပေါ်မှာ နှိပ်စက်က... ပြုဖူးခဲ့လို့လဲ ...။

ချိန်း ရယ် .. အဲဒါတွေအားလုံးက တို့ကြောင့် ...၊

မျက်နှာမော့၍ အံကြိတ်ရှိုက်မိစဉ် မျက်ရည်တို့သည် နားသယ်စ... ဆံစများထဲသို့ ပြောင်းလဲ စီးဆင်းကာ ...၊





အခန်း (၄၆)

ဗီဒီယိုကင်မရာထဲမှာ မြင်နေရသည့်ပုံရိပ်လေးတွေကို တတ်နိုင်သမျှ ချဲ့ကြည့်နေပေမယ့် ကြည်ကြည်လင်လင် မြင်ရတယ်ဆိုတာ မရှိခဲ့ပေ။ မျက်ဝန်းမှာ ပြည့်လျှမ်းနေသည့် မျက်ရည်တို့က ပါးပေါ်မှာလည်း ...နေတာတောင် မျက်ဝန်းထဲမှပဲ ပြည့်သိပ်နေခဲ့သလိုလို လျော့ပါးသွားသည် မရှိ ...။

ရယ်နေကြသည်၊ ပုတ်ခတ် ပွေ့ဖက်၍ ပျော်ပါးနေကြ၏။ ကြည့်နေရင်း ပုံရိပ်တွေက ဝေဝါးပျောက်ကွယ်သွားလိုက် ခဏလေး ပြန်ကြည်လာပြီး ချက်ချင်း ဝါးတားတား ပြန်ဖြစ်လိုက် ...၊ ကြာတော့လည်း ...း ရဲ့ပုံရိပ်လေးကို မြင်ခွင့်မပေးလောက်အောင် တားဆီးနေသည့် မျက်ရည်တွေကို မုန်းတီးလာမိသည်။

အနားမှာရှိသည့် ဖက်လုံးကို ဆွဲယူကာ မျက်လုံးတွေကိုပဲ မညှာတာ ဖိကပ် ပွတ်ပစ်လိုက်၏။

နောက်ထပ် မျက်ရည်မကျအောင် မေးဖျားလေးပင့် အသက်အောင့်ရှု၍ ကင်မရာကို ပြန်ကြည့်၏။

တကယ့်ကို တခမ်းတနား ကျင်းပခဲ့တဲ့ မင်္ဂလာပွဲပါလား ...၊



www.burmeseclassic.com

www.burmeseclassic.com



ချိန်း နဲ့ ကမာ တို့ နှစ်ယောက်စလုံး အဖြူရောင်တွေပဲ ဆင်တူ
ကာ ပန်းနုနှင့် အပြာနုချိတ်ကလည်း အဖြူခံ ..။

ထမီ ပုဆိုးကအစ ပိုးချိတ်တွေ ဆင်တူနှင့် လှချင်တိုင်း လှနေ
၏။ ကမာ့ မျက်နှာမှာလည်း ဖြူနုနုလေးပဲ ပြင်ထားကာ အဖြူရော
ရှဲဒိုးထက်က စိမ်းနက်ညိုမှောင်သော မျက်ခုံးတန်းလေးတွေပဲ ထင်း
သည်။ မျက်တောင်ကော့တို့မှာ အပြာရောင်ရင့်ရင့်လေး တင်ထားသ
ပြာမှောင်သည့်အရောင်ကြောင့် မျက်ဝန်းပြာလေးတွေနှင့် ပိုလှ၏။

နှုတ်ခမ်းသားလေးတွေက ချိတ်မှာ ပါသည့်အတိုင်း ပန်းနုရော
လက်လက်လေးနှင့် ..။

သိပ်လှနေတာပဲ ကမာ ... ဒီလောက်ထိ မလိုပါဘူးဟာ၊ နင်
အစတည်းက အားလုံးရဲ့နှတ်သမီး ..။

မင်းသားနှစ်ပါးရဲ့ နတ်သမီးလေးပါ၊ ရင်ထဲမှာ စူးအောင့်နေသ
နာကျင်မှုက လက်နက်တစ်စုံတစ်ရာ ပစ်မှိုက်နေသည့်အတိုင်းပင် ..

တွဲတွဲတုန်တုန် လှုပ်လီလှုပ်လဲ့နှင့် လည်တိုင်က ရတနာတွေ
လည်း ပိုးချိတ်ထဲမှာ အရောင်ရစ်ထားတဲ့အတိုင်း တစ်ထပ်တည်း ဆ
ထားတာ ပညာရှင်ဆန်ပါ၏။

ချိန်း သည် ကမာ့ ပခုံးလေးကို ဖက်ထားပြီး ဧည့်သည်တွေ
နှုတ်ဆက်ရယ်မောရင်း ကမာ့ ကို တစ်ခုခု လှည့်ပြောလိုက်တိုင်း န
သယ်စပ်ဆံစလေးတွေနားမှာ နှာခေါင်းချွန်ချွန်နှင့် မထိတထိ က
သည်။ စကားပြောနေတာလိုလို နမ်းလိုက်သလိုလို ..။

ဟောက သူငယ်ချင်းတွေ ဝိုင်းရဲ့ယ်လိုက် .. ချိန်း က ကမာ့ ပ
လေး ကျုံ့သွားတဲ့အထိ တင်းခနဲ ဆွဲဖက်ပြီး ရယ်လိုက် ..။ ပြီးတော့
သဲ တို့ အုပ်စုတွေ အားလုံး တက်ကြွစွာ ပါဝင်လို့ပါ။ အော
မပါပေမယ့် လူငယ်တွေ အင်အားက မနည်းသည်မို့ ပို၍ စိုပြေနေသည
ပွဲပြီးချိန်ထိ လူတွေစည်ကားနေဆဲ ဒီပွဲမျိုးကို အင်းလျားလိတ်





ဆက်ချိုးရေလို့ ရတယ်တဲ့ ..။

ဦးချက်ကြီး က ကိုယ်တိုင် ရိုက်ယူလာသည့် ကင်မရာကို လာပေး
ရင်း ပြောသွားသည်။ ထို့ပြင် ...

'တော်တော် အကုန်ခံထားတာ'လို့ နှုတ်ခမ်းမဲ့ပြော၍ မျက်လုံး
တွေက စူးရဲနေ၏။ ကင်မရာကို လှမ်းယူလိုက်သော မျက်ရည်တွေနဲ့
ဖူး ရဲ့မျက်နှာကိုလည်း စေ့စေ့တောင်မကြည့်ဘဲ လှည့်ထွက်သွားခဲ့သည်။

'မငိုနဲ့ သမီး'လို့ပဲ ကိုတိုတုတ်တုတ် ချော့မော့တတ်ပေမယ့်
ဦးချက်ကြီး ရင်ထဲမှာ ဘယ်လောက်ထိ ခံပြင်းနေခဲ့သည်ကို ဖူး သိနေ
သည်။ ဒါပေမယ့် သူမ လိုချင်တာ ဒက်ဒီနဲ့ ဦးချက်ကြီး တို့ရဲ့ မေတ္တာ
တွေမှ မဟုတ်ဘဲ ..။

နောက်ထပ် ဖေ့တက်လာသည့် မျက်ရည်တွေကို ဖက်လုံးနဲ့ ထပ်
သွတ်ပစ်ကာ ကင်မရာဆီ ပြန်ငုံ့ကြည့်မိသည်။

ခန်းမတစ်ခုလုံးမှာ ပြည့်နက်နေသည့် မိတ်ဆွေသူငယ်ချင်းတွေ၊
ပြန်ကြတော့မလို့ မိုးတိုးမတ်တပ်ရပ်နေကြပြီးတဲ့လူတွေ အားလုံးသော
မေတ္တာအပေါင်းတို့ကို ရယူပိုင်ဆိုင် ပြီးပြည့်စုံ ပြုံးပျော်နေသည့် ကမာ့
လို ဖြစ်ချင်တာပါ။

ဒီထဲမှာ ဖူး ရဲ့မင်းသားလေးဟာ သူမကိုမှ မြတ်နိုး ယုယနေခဲ့
သည်။ ပန်းကိုမှ ဖက်မထားရလျှင် လက်ဖဝါးလေးဖြစ်ဖြစ် ဆုပ်ကိုင်
ထားလျက် တစ်ယောက်က ကမာ့ ကို ဆွဲခေါ်သွားတိုင်း သူလည်း
ပါသည်။

သူ့ကို တစ်ယောက်တလေက ခေါ်လိုက်တိုင်းလည်း ကမာ့ ကို
ပါအောင် ဆွဲခေါ်သွား၏။ စကြနောက်ကြသံတွေ တဝေါဝေါ ရယ်မော
ကြပြီဆို ကမာ့ ကို ငုံ့မိုးကြည့်လိုက်သည့်မျက်နှာက မြတ်နိုးယုယခြင်း
တွေနှင့် ..။

အဲဒီ ကံကောင်းခြင်းတွေကို ဖူး ဘာလို့ မရခဲ့တာလဲ ..၊ အဲဒီ ချစ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဖူး ကို ဘာဖြစ်လို့ မပေးခဲ့တာလဲ ချိန်း ရယ် ..၊ ရှင့်ကို
ချစ်လိုက်ရတာ ရှုံးတော့မယ်။ ငိုရလွန်းလို့လည်း ပါးပေါ်မှာ မျက်ရည်
မြစ်ကြီး ဖြစ်နေပြီလေ ..။

အရှင်မထားဘဲ တစ်ခါတည်း သတ်ပစ်ခဲ့ပါ ချိန်း ရယ် .. ချိန်း
ရဲ့လက်နဲ့ သေပါရစေ၊ ချိန်း ကို ချစ်နေတဲ့အချစ်တွေနဲ့ တစ်ချစ်
မြည်ရင်း သေပါရစေ ..။

မျက်ရည်တွေ တသောသော ဆင်းလာပေမယ့် ရှိုက်သံမပါခဲ့
အားလုံး ရယ်မောပျော်ရွှင်နေခဲ့ကြတဲ့ မနက်မှာ သူမကတော့ ဒီရယ်မော
သံတွေကို နားစွင့်စောင့်စားရင်း မျက်ရည်မြစ်ထဲမှာ မျောနေခဲ့သည်။

ဦးချက်ကြီး က မင်္ဂလာပွဲကို တက်ရောက်ရင်း ရိုက်ခဲ့တာ မဟုတ်
တော့ မြင်ကွင်းက ဝေးသလို အသံတွေကလည်း မပီပြင် ..။

ဖူး ကတော့ ဒီကင်မရာ လက်ထဲရောက်လာကတည်းက မကုန်
ခန်းနိုင်သည့် မျက်ရည်တွေကို သွန်ချရင်း အသိမဲ့သူလို သူမရဲ့စိတ်
ဝိညာဉ်အားလုံးက ဒီပုံရိပ်တွေထဲမှတစ်ပါး ..၊

"သမီးလေး .."

ခေါ်သံနှင့်အတူ နာနီကြီး နဲ့ ဦးချက်ကြီး တို့ တစ်ခေါက် ပြန်ဝင်
လာကြသည်။ ဖူး က မော့မကြည့်ပါ။

"ဒီမှာ ထားခဲ့ပြီ သမီး"

အနီရောင်အပျော့သားတစ်စနှင့် ထုပ်ပတ်ထားသည့် အရုပ်တစ်ရုပ်
ကို မှန်တင်ခုံအောက်မှာပဲ ထောင်ခဲ့သည်။ နာနီကြီး က တစ်ခုခုပြောမှာကို
စောင့်သလိုမျိုး ဖူး ကို ကြည့်နေလျှင် ဦးချက်ကြီး က လက်တို့ ခေါ်သွား
သည်။

ဖူး က ဘယ်သူ့ကိုမှ လှည့်မကြည့်ဘဲ မျက်ဝန်းတွေက ကင်မရာ
ထဲမှာ ..၊

"တောက် .."





ဗီဒီယိုကင်မရာကိုင်ထားသည့် လက်တို့ တဆတ်ဆတ်တုန်ကာ
ဘက်ခေါက်သံသည် မျက်ရည်နှစ်စက် လက်ခနဲ ခုန်ပေါက်ဆင်းသွား
ခြင်း တစ်ထပ်တည်း ..၊

ဟေး .. ခနဲ အော်လိုက်သံတွေ၊ လက်ခုပ်သံတွေနှင့် ချိန်း မျက်နှာ
ရယ်နေလိုက်တာများ ဒီသွားတွေ ပြန်စေ့ပါဦးမလား မသိ ..။

ဝိုင်းပြီး နမ်းခိုင်းကြတာတွေကို ကမာ က ထွက်ပြေးဖို့ ကြိုးစား
သည်။ သူက အတင်းဖက်ထားပြီး ပါးလေးတစ်ဖက်ကို နမ်းလိုက်၏။
ပြီးတော့ နှုတ်ခမ်းကို ဖျတ်ခနဲ နမ်းပစ်လိုက်လျှင် ကမာ မျက်နှာ ငုံ့ပစ်
တာ သူ့မေးဖျားကို တွန်းပစ်လိုက်သည်။ အော်ဟစ်ဆူညံသွားသည့် လက်
ခုပ်သံ ရယ်မောသံတွေဟာ ထိုအဖြစ်ကြောင့် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်၏။

ကမာ ရှက်ရှက်နဲ့ ထုနှက်နေတာကို ချိန်း က လက်တကာကာနှင့်
ရယ်မဆုံး ..။

"နင် ရယ်ပါ .. အရမ်းကို လှပါတယ်၊ ငိုနေရင်လည်း လှနေဦးမှာ
ပဲ .. ငါ ထိုင်ပြီး ကြည့်နေချင်သေးတယ် ကမာ"

ဖူး တစ်ယောက်တည်း စကားတွေ ပြောတတ်လာသည်။ နောက်
ထပ် မျက်လုံးထဲရောက်လာတာ ဦးထွန်းထွန်း ..၊ ဒေါ်မီမီလတ် ဆုံးသွား
သည့်ရက်ပိုင်းမှာ ဒက်ဒီလည်း ခရီးထွက်သွားပြီမို့လို့ ချိန်း ကို အားပေး
ကူညီချင်စိတ်လေးနဲ့ ဖူး ကိုယ်တိုင် ရောက်သွားခဲ့တာ နှစ်ခေါက် ..။

ထိုစဉ်တုန်းကတော့ ပျူငှာခြင်းမရှိသည့် ဦးထွန်းထွန်း ရဲ့အပြုံး
အရယ်မဲ့နေတဲ့ မျက်နှာကြီးက လူကို 'ရတယ် .. ပြန်တော့'လို့ နှင်
မထုတ်ရုံ တစ်မယ်ရယ်။ ဒါဟာ နာရေးကိစ္စကြောင့်လို့ပဲ သူမ ထင်ခဲ့
တာ မှားခဲ့သည်ပဲ။

နာရေးပြီးတာ မကြာသေးဘဲ ကမာ့ ကို ရွှေတွေငွေတွေ လှည်းနဲ့
တိုက် ပုံပေးပြီး တင်တောင်းခဲ့သည်။ မင်္ဂလာပွဲမှာ ရယ်နေလိုက်တာ
လူငယ်တွေနဲ့ ရောသော ပွဲကျလို့။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အမာလွင့် ကို ဆင်စွယ်ရောင် ဇာဝတ်စုံနှင့် ပဝါနှစ်စ ဘယ်ညာချလျက် ခန့်ညားထည်ဝါစွာ တွေ့သည်။ မမထက် တို့ သားအမိရေ အောင် မိဘရော ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ ရှာမတွေ့ခဲ့ပါ ..

ဒါပေါ့ .. ငါတို့အားလုံးက စည်းဝိုင်းအပြင်ကို ဆွဲထုတ်ခံခဲ့ရတဲ့ လူတွေပဲ ..။

နင့်ကို ငါ မကျေနပ်ဘူး ကမာ .. နင့်ကို ငါ့ အရမ်းကို ချစ်ခဲ့တာ ယုံကြည်ခဲ့မိတာ။ လူယုံသတ်လို့ သေရတာလို့ ငါ့ကို မမထက် ဖုန်း ဆက်ပြီး ပြောတယ်။

ငါက နင် ခဏငှားခဲ့တဲ့ အချစ်တစ်ခုနဲ့ တစ်ဘဝစာ စိတ်ကူးတွေ ယဉ်ပြီး ရှုံးသွပ်ခဲ့တဲ့သူ ..၊ ရှုံးခဲ့မိတာ မှန်ရင်တော့ နေမြင့်လေ အရှုံးရှင် လေပဲ၊ နင်တို့ရဲ့ ရယ်မောသံတွေကြောင့် ငါ အရှုံးရင့်နေပြီ ..။

"တောက် .."

ရင်ထဲမှာ စကားလုံးများစွာ ဆိုမိရင်း မျက်ရည်တွေကြောင့် ဘာမှ မမြင်တော့တာကို လွှတ်လပ်ခွင့်ပေးလိုက်သည်။ ကင်မရာကို ဒူးမှာ သာသာလေးချ၍ မျက်နှာမော့ထားမိ၏။ နောက်ထပ် မျက်ရည်စက်တွေ လျှောကျသွားစဉ် အနီရောင်အဝတ်စ တအိအိ ပုံကျသွားသည့် မြင်ကွင်း က ထင်လာ၏။

ကြည့်လိုက်တော့ သူမ ပူဆာထားသဖြင့် ဦးချက်ကြီး ရှာလာပေး သည့် ယောကျ်ားရုပ်ကြီးက ပြုံးတုံ့တုံ့မျက်နှာနှင့် သူမကို ကြည့်နေတာ တည့်တည့်မတ်မတ် ..။

ကော်ရုပ်ပေမယ့် အရုပ်အမောင်းကောင်းသည်၊ မျက်နှာ ပြေပြစ် ၏။ ဦးချက်ကြီး ရှော့ပင်းစင်တာတစ်ခုခုကနေ ရှာဝယ်ခဲ့တာလား .. ဘယ်လိုရလာသလဲ မသိ ..။

ဘာလုပ်မှာလဲလို့လည်း တစ်ခွန်းမှ မမေးခဲ့ပါ။ ဖူး နေရာမှ ထရပ် လိုက်ကာ ကော်ရုပ်ရှေ့ကို တရွေ့ရွေ့ တိုးလျှောက်သွားသည်။ ပြီးတော့

www.burmeseclassic.com



အရုပ်မှာ ဝတ်လျက်သားပါလာသည့် အနက်ရောင် အနောက်တိုင်း ဝတ်စုံကို တဖွဖွလေး ကိုင်ကြည့်၏။

မျက်ဝန်းတို့သည် အရုပ်၏မျက်လုံးပြူးပြူးကို စူးစိုက်ကြည့်ကာ မျက်တောင်ပုံစံ ကပ်ထားသည့် မွေးနက်လေးတချို့ကို လက်ညှိုးနဲ့ ထိတထိ ကိုင်ကြည့်၏။ ပြီးတော့ ...

'ငါက ချိန်း ကိုပဲ လိုချင်တာ' ဟု ဆိုရင်း မျက်လုံးတွေ အရောင် တလက်လက် ဖြစ်လာသည်။

ရှိနေခဲ့သော နူးညံ့ခယခြင်းတို့ ပျောက်ဆုံးသွားခဲ့ပြီး အရုပ်ကို ကိုင်တွယ်နေရင်း လက်သီးဆုပ်တွေ ဖြစ်ကုန်၏။

"ဦးလေး .. ဦးလေး ချက်ကြီး .."

"လာပြီ .. သမီး"

ဦးချက်ကြီး က အခန်းရှေ့မှာ ရှိနေသလိုမျိုး ..၊ ခေါ်လိုက်တာနှင့် ချက်ချင်း တန်းရောက်လာ၏။

"ညနေ ဘယ်နှစ်နာရီလဲ .."

"ခြောက်နာရီ"

မျက်ရည်စက်တို့ ဆုတ်ခန်းသွားခဲ့သလို စူးလက်နေသည့် ဖူး မျက် ဝန်းလေးတွေမှာ မျက်ရည်ရောင်တို့ တစ်စိုးတစ်စိမှ ရှိမနေခဲ့ဘဲ ...

"သမီး အရမ်းမုန်းတယ်"

"မုန်းသင့်တာပေါ့"

"နေကမာ .."

"အင်း .."

"ဦးထွန်းထွန်း"

"ဟုတ်တယ်"

"သတ်ပစ်ချင်အောင် မုန်းတယ်"

"ဦးလေး နားလည်ပါတယ် ကလေးရယ် .."

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချိန်း ဆိုသည့် နာမည် ပါမလာခဲ့သော 'အမုန်းစာရင်း'ကို စိတ်ထဲမှာ မှတ်ထားရင်း ဦးချက်ကြီး မချိတရိ ပြုံးမိ၏။ အပြစ်မမြင်နိုင်အောင် ချစ်ခဲ့ရှာတဲ့ မိန်းကလေး ..။

"အဲဒီပွဲကို သမီး မကျေနပ်ဘူး .. သူတို့ကို ပေါင်းခွင့်မပြုနိုင်ဘူး သိရဲ့လား .."

"သိပ်သိတာပေါ့ သမီးရယ် .. သူဌေးရဲ့လုပ်ငန်းကိစ္စတွေ ဦးထွန်းထွန်း နဲ့ ဆက်နွှယ်မှုရှိနေတာလည်း ဦးလေး သိသင့်သလောက်တော့ သိပြီးပြီ၊ ဒီညအတွက် အားလုံး လစ်ကွက်ဟာကွက် မရှိအောင် ဦးလေး စီစဉ်ပြီးပါပြီ၊ သမီး ဘာမှ မပူမပင်ဘဲ ဖြစ်ချင်တာကို လက်ညှိုးတစ်ချက်ပဲ ညွှန်ပြလိုက် .."

"အဟင့် .."

ငိုသလို ရယ်သလိုအသံနှင့် ဖူး ပခုံးတွေ ကျုံ့ကာ ကိုယ်လေးပါ တုန်သွားသည်။ ပြီးတော့ ဟားတိုက်ရယ်၏။

ရယ်နေသည့်အသံ ခန့်ညားစွာ ရှိနေဆဲမှာ မျက်ရည်တွေ ပြည့်သိပ်လာကာ ...

"ချိန်း ကို သမီး ရူးအောင် ချစ်ခဲ့တာ .."





အခန်း (၄၇)

နာရီသံ တစ်ချပ်ချပ်မှတစ်ပါး အခန်းထဲမှာ စိတ္တဇဆန်စွာ တိတ်ဆိတ်နေခဲ့၏။ မှန်တင်ခုံရှေ့မှာ ဖူး ရှိနေခဲ့လျက် အဖြူရောင် မင်္ဂလာဝတ်စုံနှင့် ဒီတိုင်း ဖြီးချထားသည့် ဦးခေါင်းထက်မှာ စိန်သရဖူလေး တင်ထားသည်။

မျက်နှာမှာ အလှဆုံး ပြင်ဆင်ထားပေမယ့် အပြုံးအရယ်မဲ့နေသော အရုပ်တစ်ရုပ်လိုရှိကာ ပေါင်ဒါရိုက်လိုက်၊ နှုတ်ခမ်းနီထပ်တင်လိုက်နှင့် သူမ လှုပ်ရှားနေသည့် ပစ္စည်းတချို့၏ ထိခတ်သံသဲ့သဲ့မှလွဲလျှင် တစ်ခန်းလုံး တိတ်နေခဲ့သည်။ ထိုစဉ် ...

စေ့ထားသည့်တံခါးက အသာလေး လှုပ်ရှား ပွင့်ဟသွားကာ ...

"ဦးလေး သွားတော့မယ် .. သမီး တစ်ခုခုမှာဖို့ ရှိလားလို့"

"ရှိတယ် .."

ဖူး ချက်ချင်း ခွန်းတုံ့ပြန်ကာ မှန်တင်ခုံရှေ့ကနေ ထိုင်လျက်သား နောက်ကို လှည့်သည်။ သူမပေါင်ပေါ်မှာ ခေါက်လျက်ရှိနေသည့် ဝတ်စုံကို တယုတယ ကောက်ယူ၍ ဦးချက်ကြီး ကို လှမ်းပေးလိုက်ရင်း ..

"ချိန်း ဝတ်ထားတဲ့ အဖြူရောင်ဝတ်စုံကို သမီး လိုချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံကိုမြင်သည်နှင့် ကော်ရုပ်ဆီ ဦးချက်ကြီး မျက်လုံးတွေ ဝေ့ခနဲ ရောက်သွားသည်။ အနီရောင်ပိတ်စနှင့် ဖြစ်သလို သိမ်းပတ်ထားသော အရုပ်ကိုယ်မှာ ဝတ်စုံ မရှိတော့ပေ ..။

ဦးချက်ကြီး က မျက်ခုံးထူထူကြီးတွေကို ထိဆက်မတတ် ကုတ်ချုံ ထားလျက် ပင့်သက် တစ်ဝကြီးရှိုက်ပြီး ရှူမထုတ်ခဲ့ဘဲ ...

"သမီး စိတ်ချမ်းသာအောင် နေ .. အားလုံး ဖြစ်စေရမယ်"

စကားသံတို့က အပိုအလိုမရှိ ပြတ်သားနေလျက် နောက်ခံ တိတ်ဆိတ်ခြင်းက ကျက်သရေမဲ့နေခဲ့သည်။ ထိုစဉ် 'ခုနစ်နာရီထိုးသည့်' အော်တို အလန်းမြည်သံလေး ထွက်ပေါ်လာခဲ့၏။

ဦးချက်ကြီး ပြန်လှည့်ထွက်သွားကာ ..၊

ဖူး နှုတ်ခမ်းမှာ ပြုံးရိပ်ထင်၏။ ပြီးတော့ နှုတ်ခမ်းတွေ တလှုပ်လှုပ်နှင့် ကြိမ်းဝါးနေခဲ့သည်။

"ရှင် ကျွန်မဆီကိုပဲ ရောက်လာမှာပါ"



## အခန်း (၄၈)

"နှစ်သိန်း .."

"ဟာ .. မရဘူး .. ငါးသောင်းပဲ"

"နှစ်သိန်းဆိုတာ လျှော့ထားတာနော် .. တစ်သိန်းခွဲနဲ့ ဆစ်ရင်တောင် မရဘူး"

"မင်းတို့က မလွန်ဘူးလား .. မနက်က ခန်းမထဲ မဝင်ခင်လည်း ငါးသိန်း .."

"ဒါကတော့ ပေးရမှာပဲ .. သူ့ခေတ် သူ့အခါ"

"နီး .. ပဲ"

"ရတယ်လေ .. အခန်းထဲ မဝင်ရဘူး"

"ကမာ တွေ့လား .. နင့်လူ အဲ့ဒါကို မပေးရင်တော့ နင့်ကို ဈေးဆစ်တာနဲ့ အတူတူပဲ"

"ဟုတ်တယ် .. အဲ့ဒါ အမှန်ပဲ"

"ဟာ!... ဘာမှမဆိုင်ဘူး .. ဟိုကောင်နော် .. ငါ့မိန်းမကို လှည့်စည်းရုံးနဲ့"

အပေါ်ထပ်တက်ရဖို့အတွက် လှေကားရင်းမှာပဲ ပြဿနာတက်နေရသည်။

[illegible]

www.burmeseclassic.com



သဲ တို့လူစုနှင့် ယောက်ျားလေးတွေ စိန်ကြိုးတစ်ကုံးကို နှစ်ဖက် ကိုင်ထားပြီး လက်ချင်းချိတ်ကာ မရမက တားထားကြ၏။

ဆေရလိုချင်ကြသည့် အိမ်သားတွေကို ပူးပေါင်းကာ လူတွေလည်း များလာသည်။ စကားသံတွေ ဆူညံနေတာလည်း တိုးမပေါက်နိုင် ...

"ကဲ .. ကဲ .. ကိုယ့်သူငယ်ချင်းတွေပဲကွယ်၊ မေမေပဲ ပေးလိုက် တော့မယ်"

ဒေါ်အမာလွင် က ပေးဖို့ပြင်တော့ ချိန်း က လှမ်းဆွဲကာ ...

"အန်တီ မလုပ်နဲ့ .. လာ .."

"အမလေး ..."

ချိန်း က ကမာ့ ကို ဆွဲခနဲ ပွေ့ချီကာ စိန်ကြိုးကို ဖြတ်တိုက်ပြီး အတင်းပြေးတက်၏။

"အဲဒီလို ရမလား .. ဟေ့ကောင်"

"ကမာ့ လက်ကို ဆွဲထားလိုက် .. တွဲလိုက် ပြန်ပါလာလိမ့်မယ်"

"လိုက်ဆွဲထား .."

စိန်ကြိုးကို ပြန်မကောက်နိုင်ကြဘဲ သတို့သားနဲ့ သတို့သမီးကိုပဲ ပြေးလွှား လိုက်ဆွဲကြကာ လှေကားခြေရင်းမှာ ထွေးခနဲ ပြိုကျလေသည်။ အားလုံးရဲ့ကြားထဲမှာ ကမာ ရှုံ့မဲ့နေလျက် ...

"အား .. သေပါပြီ၊ သူပဲ .. ကဲ .."

"ကိုယ့်ယောက်ျားကို မထုရဘူးကွ .. အဲဒီလက် အကိုက်ခံတတ် တယ်"

ချိန်း က ရယ်ချင်နေသည့် မျက်နှာကြီးနှင့် ကမာ့ ကို ရင်ခွင်ထဲ ကနေ လွှတ်ပေးလိုက်ပြီး ...

"ဘယ်ကောင်လဲ .. ငါ့ဘောင်းဘီခါးစကို နောက်ကနေ ဆွဲထား တာ"

"ငါပဲကွ"





"ဝိလီ"

"အစစ်ပဲ .. ဘာဖြစ်ချင်လဲ၊ မင်းမိန်းမလက်ကို မင်းနောက်ကနေ လိုက်ဆွဲတာ ဟိုကောင် ဂျပု .."

"ခွေးကောင် .. ဒီမှာ ကံကောင်းလို့ နောက်ပြန်မကျတာ၊ လုံးဝ မပေးဘူး"

"မပေးရင် လုံးဝ ဒီည မအိပ်ရဘူး .. မယုံမရှိနဲ့"

"အေးလေ .. ငါတို့တွေက အန်ကယ်လ် ဒီထိပါလာရင် ငါးသိန်းစဲ တောင်းမှာ သိလား"

"အန်ကယ်လ် ပါလာရင် ရမှာ .. ချိန်း ကော်တစ်ရာ ကပ်စေး"

"ဒက်ဒီကို မင်းတို့ ငတ်မွန်းသိလို့ တမင် ရှောင်နေအောင် ငါ လက်တို့လိုက်တာ"

"အလုပ်ကိစ္စ အရေးကြီးလို့ သွားတာ သိတယ်၊ မင်းနဲ့တော့ အကွာကြီး"

"ကမာ ငါတို့ တောင်းရတာ မတန်တော့ဘူးနော် .. ပြန်ကြရမှာ အဝေးကြီး"

"အေးလေ .. ကိုးနာရီခွဲနေပြီ"

တစ်ယောက်တစ်ပေါက် ဆူညံနေကြတာကို ရှင်းပေးဖို့ စိတ်မကူး တော့ဘဲ ဒေါ်အမာလွင် တပြုံးပြုံးနှင့် ထွက်သွားလေသည်။

"ကဲ .. ငါ ပေးပါ့မယ်၊ သဲ တို့က ဒီည အိမ်မှာပဲ အိပ်ပါဟာ၊ ချိန်း တို့အိမ်က လူတွေလည်း ငါတို့ကို အိမ်လိုက်ပို့ရင်း ဒီမှာပဲ အိပ်ကြ မှာ .."

ကမာ က လက်ကိုင်အိတ်ထဲက ပိုက်ဆံထုတ်နေရင်း သဲ ကိုပြော တော့ ချိန်း က ကမာ့ လက်ပေါ်က ထပ်ဖိအုပ်ထားလိုက်ပြီး ...

"မလုပ်နဲ့ .. မလုပ်နဲ့ .. ပြန်ပေးစေ၊ တော်ကြာ ဒီအုပ်စုရှိနေရင် 'မင်္ဂလာဦးည' ဟာသဇာတ်လမ်းထဲကလို ကိုယ်တို့ အေးဆေးအိပ်လို့



www.burmeseclassic.com

www.burmeseclassic.com



မရအောင် နှောင့်ယှက်ကြမှာ သေချာတယ်"

"ဩော် .. ဩော် ... ပူရှာတာကိုး"

"ဒါတော့ စိုးရိမ်သားပဲ .. ပိုက်ဆံပေးရမှာသာ နမျောတာ"

"အင်း .. ဒါဖြင့် ငါတို့ ပြန်ကြရမှာဆိုတော့ လမ်းစရိတ်နဲ့ ဘာ ပိုတောင်းရမှာပေါ့"

"ဘာ .."

ချိန်း ဆတ်ခနဲ ဖြစ်သွားတော့ သဲ တို့ လက်ခုပ်တီး၍ ဝိုင်းရယ်ကြ ၏။ ချိန်း တမင် ကက်ဖိုးကက်ဖဲ့လုပ်နေမှန်း သိနေသဖြင့် ကမာ ထ ချစ်စနိုးမော့ကြည့်ရင်း ရယ်နေသည်။

"အမလေးနော် .. သူ့လူကို မော့ကြည့်နေလိုက်တာ ငါတို့ကို ပိုက်ဆံမပေးရေး ကြိုးပမ်းနေတာကို ဆုဗွေဘာတွေ ပေးချင်နေတဲ့ ရုပ်ကြီးနဲ့"

"ဟုတ်ပ .. ငါတို့တော့ ဆုံးဖြတ်ပြီးပြီ၊ ဘယ်လောက် ပိုပေးပေ မပြန်ဘူး"

"ဟုတ်ပါတယ် .. ဒီမှာ အိပ်လိုက်ပြီး မနက်ကျမှ ကမာ့ စောစောထနိုးပြီး အေးဆေး ပြန်ပို့နိုင်းတော့မယ်"

"ညစ်ကုန်ပြီ .. မင်းလူတွေ တွေ့လား"

"ချိန်း က အဲလိုဖြစ်ချင်စရာ လုပ်နေတာကိုး .."

"မရဘူး .. ပြန်ကြတော့၊ ရော့ .."

"ယေး .."

လက်ကိုင်အိတ်လိုက် ပစ်ထည့်ပေးလိုက်တော့ အားလုံး လုယ ဖမ်းကြကာ ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်လေသည်။

"သွားမယ် .. အချစ်"

"ဘာ!.. ဘာ ... ဘယ်လို ခေါ်လိုက်တယ်၊ ဟဲ့ .. နင်တို့ကြ လား"





"မကြားလိုက်ဘူး .. ဘာတဲ့လဲ"

"လာပါဆိုကွာ .."

ချိန်း က ကမာ့ ပခုံးလေးကို ဖက်၍ လှေကားအတိုင်း ပြေးတက် သည်။ ရယ်သံတွေ တသောသောနှင့် ပိုက်ဆံတွေကို ထုတ်၍ ရေတွက် နေကြတာလည်း တိုးတိုးသက်သာ မဟုတ် ...။

"ဟား!..."

လှေကားထိပ်ရောက်မှ ဖုန်းမြည်လာသဖြင့် ချိန်း ရှုံ့မဲ့သွားကာ တုံ့ခနဲ ရပ်သည်။

"မပြောတော့ဘူးကွာ .. ရှုပ်တယ်"

"မဟုတ်တာ ချိန်း ရယ် .. ကိုယ်က အလုပ်ရှုပ်နေပေမယ့် ပြောမှ ဖြစ်မယ့်ကိစ္စမျိုး ရှိနေရင်တော့ ဆက်မှာပေါ့၊ ကိုင်လိုက်ပါ"

ကိုင်ထားပြီး ရှုံ့မဲ့နေရင်း ကမာ ပြောလိုက်ကာမှ ဖုန်းကို ကြည့်မိ သည်။

"ဒက်ဒီကွ .."

"ဟုတ်လား .."

ချိန်း ပျာပျာသလဲဖြစ်သွားကာ ချက်ချင်းဖွင့်လိုက်၏။ ပြီးတော့ တစ်ဖက်က ပြောတာကို မစောင့်နိုင်ဘဲ ...

"ဒက်ဒီ .. ကျွန်တော်တို့ ခုနကပဲ အိမ်ပြန်ရောက်တာ၊ ဒီမှာ ဒက်ဒီကို မျှော်နေကြတယ်"

"... ... ... ..."

"ခင်ဗျား ခုပြောတာ ဘယ်သူလဲ ခင်ဗျ၊ ကျွန်တော်က အဲဒီဖုန်း ပိုင်ရှင်ရဲ့သား ချိန်း ပါ"

"... ... ... ..."

"ဗျာ!... ဟုတ်ကဲ့ .. ဟုတ်ကဲ့ .. ခုချက်ချင်း လာပါ့မယ်"

"ချိန်း .. ချိန်း ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ (... ...)နားမှာ အက်ဆီးဒင့် ဖြစ်လို့ .."

"ဘုရား!... ဘုရား ..."

"အဲ့ဒီနားကလူ ဒက်ဒီ့ဖုန်းနဲ့ ဆက်တာ"

ချိန်း က ဖုန်းကို အိတ်ထဲပြန်ထည့်လိုက်ကာ လှေကားဘက် ပြ လှည့်ရင်း ...

"ကိုယ် လိုက်သွားမယ် .. ဒက်ဒီ့ကို ခုထိ ဆေးရုံမပို့ရသေးဘူးတဲ့"

"ကမှာ လဲ လိုက်မယ်လေ"

"မင်းက ဂါဝန်ကြီးနဲ့ မလိုက်ပါနဲ့ဦး၊ အန်တီ့ကိုလည်း သွားမပြော နဲ့နော် .. ကိုယ် မှိုရောက်တာနဲ့ ချက်ချင်း ဖုန်းပြန်ဆက်မယ်"

"ချိန်း .. ချိန်း .. ဖြည်းဖြည်းမောင်းနော် .. ကားမောင်းလို့ ဖြစ် မလား"

"ရတယ် .. မပူနဲ့၊ ကိုယ် ဘာမှမဖြစ်ဘူး"

ချိန်း ပြေးဆင်းသွားတဲ့အတိုင်း ခလုတ်တိုက်မတတ် ပြန်ဆင် လိုက်ခဲ့ရင်း တကယ် ခလုတ်တိုက်မိတော့ လှေကားသုံးထစ်လောက် တက်လာကြပြီဖြစ်သော မွေး နဲ့ သဲ တို့ရဲ့ ရင်ခွင်ထဲကို အထွေးလိုက် လေး ပစ်ကျသွား၏။

"ဒလိမ့်ခေါက်ကွေး ကျတော့မှာပဲ ကမာ ရယ် .. ချိန်း ဘာဖြ သွားတာလဲ"

"အန်ကယ်လ် ကားအက်ဆီးဒင့်ဖြစ်လို့တဲ့ .. ခုပဲ ဖုန်းဆက်တာ"

"ဟော့တော် .."

"ဘုရားရေ .. ဘာတွေ ဖြစ်ကုန်တာလဲ၊ များသတဲ့လား .. အသက် အန္တရာယ်ရော .."

"မသိဘူး သဲ ရယ် .. လုပ်ပါဦး၊ ငါ နှစ်ယောက်စလုံးအတွက် စိုးရိမ်နေပြီ၊ ချိန်း က ကားမောင်း အရမ်းကြမ်းတာ"

"အဲဒါကို မပြောဘဲနဲ့ ပြေးဆင်းသွားတယ်ဟာ .. ငါတို့ မောင်းပို





မှာပေါ့"

"အေးလေ .. ဒီကောင်"

"အိတ်ရော .. ငါ့ .. ငါ့အိတ် ပေးပါ၊ အဲ့ဒီထဲမှာ ဖုန်း ရှိတယ်၊ ချိန်း ဖုန်းပြန်ဆက်မှာ"

"ဒီမှာ .."

အိတ်ကို လှမ်းပေးနေပေမယ့် ကမာ က မမြင်သလို အတင်း ဆက်ကမ်းတောင်းနေသဖြင့် သဲ က ကိုယ်တိုင် ထုတ်ယူပြီး ဖုန်းကို ကမာ့ လက်ထဲ ထည့်ပေးသည်။

"လက်တွေလည်း အေးစက်တုန်ယင်နေတာပဲ ကမာ ရယ် .. ချိန်း က ကားမောင်းကျွမ်းတဲ့ဟာ၊ ဘာဖြစ်စရာရှိလို့လဲ"

"အေးလေ .. ညဆို လမ်းမှာ ကားလည်း ရှင်းပါတယ်"

တစ်ယောက်တစ်မျိုး နှားချနေကြသော်လည်း ကမာ က ခေါင်း ငွင်တွင်ခါနေရင်း မျက်ရည်တွေပါ ပြည့်ဝိုင်းလာ၏။

"ဘုရား .. ဘုရား .. ချိန်း တို့သားအဖ ဘေးအန္တရာယ် ကင်း ပါစေ"

ဖုန်းကိုင်သည့်လက်နှင့် လက်အုပ်ချီသလို ရင်ဘတ်မှာ ကပ်ကာ မျက်လုံးတွေမှိတ်၍ ဆုတောင်းမိလျှင် မျက်ရည်စက်တွေ တလိမ့်လိမ့် ဆင်းလာကြ၏။

"ကဲ .. ဒီလောက် စိတ်ပူရင် ငါတို့ လိုက်သွားပေးမယ်"

"ငါ့မှာလည်း ကားပါတယ်၊ ငါလည်း လိုက်မယ်"

"ဒါဆို တစ်စီးစီ မသွားနဲ့တော့ကွာ .. ငါ့ကားနဲ့ပဲ လိုက်ခဲ့"

ချိန်း နောက်ကို လိုက်မည့် ဝီလီ တို့က ချက်ချင်း ပြေးထွက်သွား ကြ၏။ ကားထွက်သွားသံကြားမှ တစ်ယောက် ပြန်ပြေးလာကာ ...

"ဘယ်နားမှာလဲ ပြောဦးလေ .. အန်ကယ်လ်က ဆေးရုံရောက် သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ကမာ ပြောပြလိုက်ကာမှ ခေါင်းညိတ်ပြီး ပြန်ထွက်သွား၏ ဒီအိမ်က ဖုန်းနံပါတ်တွေ သိမထားကြသည်မို့ အချိန်တွေ ကြန့်ကြာ ရခြင်းသည် ...၊

"ကမာ ညွှန်းမှာ ခဏ ထိုင်ပါလားဟယ် .. ငါ အအေးတ ခွက်လောက် သွား .."

"ဟင့်အင်း .."

"နင်ကလည်း မင်္ဂလာဦးညမှာ မျက်ရည်မကျကောင်းဘူးဟ၊ ဒီ တိုက်ဆိုင်တဲ့ အနှောင့်အယှက် အပျက်အစီးမျိုးတွေ ရှိတတ်ကြ တယ်၊ ဟိုဟိုဒီဒီတွေ လျှောက်တွေးမနေပါနဲ့"

"အေးလေ .. ဒါဖြင့် နင် အဝတ်စားလဲပြီး ပေါ့ပေါ့ပါးပါး နေ လား၊ အန်ကယ်လ့်အခြေအနေ ဖုန်းဆက်လာရင် ထလိုက်သွားလို့ တာပေါ့"

ကမာ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိရင်း အကြာကြီး ငေးနေ မှ ခေါင်းခါ၏။

"ကိုယ်တို့ မင်္ဂလာဦးညမှာ နှစ်ယောက်တည်း အမှတ်တရပုံ ရိုက်မယ် .. မှတ်တမ်းတင်ခွေ ထားမယ်၊ နှစ်ယောက်တည်းပဲ သိလ မင်းရဲ့အချစ်တွေကို မျှော်လင့်ရင်း ဒီလိုညမျိုးကို ကိုယ် အရမ်း စိတ် ယဉ်ခဲ့ရတာ၊ ကိုယ့်ရဲ့သတို့သမီးကို ဒီဝတ်စုံလေးနဲ့ပဲ တစ်ဝကြီး ကြ ချင်သေးတယ်"တဲ့ ...။

သူ့စကားသံတွေကို ပြန်ကြားယောင်ကာ ခေါင်းခါနေမိတာ နိုင်။ သူ့ဆန္ဒအတိုင်း ဒါကို လဲမဖြစ် ...။





အခန်း (၄၉)

မှောင်နေတဲ့နေရာတွေမှာ လုံးဝ မှောင်နေပေမယ့် မီးရောင်ရှိတဲ့ ရာတွေမှာတော့ ဖွေးနေသည်။ လမ်းမကြီးပေါ်မှာ ကားတွေလည်း း နေသည်မို့ ချိန်း လီဗာကို ထပ်ဖိလိုက်သည်။

ထိုစဉ် ဒက်ရှ်ဘုတ်ပေါ်မှာရှိနေသည့် ဖုန်းက ထမြည်လာသဖြင့် ကျုပ်တပ်လိုက်ကာ ...

"ဟလို .."

"လူနာ့ရှင်အိမ်က လူတွေလား"

"ဟုတ်ပါတယ် .. ဒါပေမယ့် ကျွန်တော် တစ်ယောက်တည်းပါပဲ၊ ဒ္ဒီအခြေအနေလေး သိပါရစေ အန်ကယ်လ် .. ဒေါ်ရာ ပြင်းထန် ယ်ဆိုရင် ဆေးရုံ အချိန်မီပို့ဖို့ .."

"အဲဒါက ကားသွားကားလာပြတ်တဲ့ လမ်းချိုးမှာဆိုတော့ ဒီနား ကျုပ်တစ်ယောက်တည်း ရှိနေတာ၊ ဒဏ်ရာကို အဝတ်နဲ့ စည်းပေး ား ရုံပဲ ရမှာ၊ ငါတူ မြန်မြန်လာကွယ်"

"ဗြော် .. ဟုတ်ကဲ့ပါ .. ဟုတ်ကဲ့ပါ၊ ကျေးဇူး အရမ်းတင်ပါတယ် ကိုတော့ ထားမသွားပါနဲ့ အန်ကယ်လ် .. ကျွန်တော် လာနေပြ တ်တော့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



အတောင်ပံတစ်ပြီး ခုန်ပျံရောက်လာတော့မလို ဖျာယာခတ်သွား
သည့်အသံကို နားထောင်ကာ ဦးချက်ကြီး အေးစက်စွာ ပြုံးသည်။

ချိန်း ...၊

ဘယ်သူ့အတွက်မှ မင်း ပူဖို့မလိုဘူး.. ကိုယ့်အတွက် ကိုယ်ပူရမှာ

ဖုန်းကို စိုက်ကြည့်ပြီး မှန်တစ်ဝက်ချထားသည့် ဘေးတံခါးကနေ
နောက်က ရေစပ်စပ်နှင့် ကန်ကြီးဆီ လွှဲပစ်လိုက်သည်။ ပြီးတော့ ဂီယာ
ပေါ်တင်ကာ လီဗာကို အသင့် ဖိထားလိုက်သည်။

ကိုယ်က မှောင်ထဲမှာမို့ လမ်းပေါ်မှာ အလင်းရောင်အားနည်းနေ
ပေမယ့် အားလုံးကို သဲကွဲစွာ မြင်နေရသည်။ လမ်းရဲ့ ဟိုဘက်အစပ်က
ကုက္ကိုပင်ကြီးကို စူးစိုက်ကြည့်ရင်း ကိုယ့်ကား ဦးတည်ထားသည့်ပုံနှင့်
တစ်ဖက်က လာမည့်ကား အနေအထားကို သေချာ ချိန်ကြည့်နေမိ၏။

ကျေနပ်သွားသည့် အပြုံးတစ်ချက်နှင့် ကိုယ်ကို အသင့်အနေ
အထား ပြင်လိုက်စဉ် မျက်လုံးထောင့်မှာ ကားမီးရောင်တစ်ချက် ဝင်းခနဲ
ရောက်လာ၏။

မီးတိုင်အောက်ကနေ ဖြတ်လာစဉ်မှာ ကားကို သူ သေချာမြင်
လိုက်သည်။ ချိန်း ရဲ့ကားပဲ ဖြစ်၏။ ရောက်လာပြီမှန်း သိလိုက်သည်နှင့်
ဦးချက်ကြီး ခေါင်းတဆတ်ဆတ် ညိတ်ကာ ...

"ဖူးဖူးစင် ဆိုတဲ့ ဝေဒနာရှင်လေးရဲ့ မျက်ရည်တွေအတွက် မင်း
ပြန်ပေးရတော့မယ် .."

မှောင်ရိပ်ထဲမှာပဲ ကားစက်နှိုးထားပြီး အသင့်ပြင်လိုက်သည်။

ချိန်း မျက်လုံးတွေက ပတ်ဝန်းကျင်ကို သတိမထားမိဘဲ ရှေ့ရှု
သာ သည်းမည်းရှာဖွေနေခဲ့လျက် ...

"ဒီနားမှာပဲ ထင်တယ်"

တစ်ယောက်တည်း ရေရွတ်ရင်း စိတ်က အရင်လိုနေသည်မို့ ဖုန်း
ကို လက်ရောက်သွားစဉ် ...





"ဟာ!..."

ဖုန်းဆက်မေးမလို့ တစ်ချက်လေး တိမ်းစောင်းသွားသည့်စိတ်က
ရှင်းလင်းနေသည့် လမ်းပေါ်မှာမို့ အန္တရာယ်ရှိနေလိမ့်မည်လို့လည်း
မထင်ခဲ့ရာ ...

"ဂူး .. ဒုန်း"

ဝေါခနဲ စက်သံနှင့်အတူ မျက်စိရှေ့ကို အနက်ရောင်ကားကြီးတစ်
စီး ကန့်လန့်ဖြတ် ပြေးတက်လာတာ နည်းတဲ့အရှိန် မဟုတ် ...။

မောင်းသူ သို့မဟုတ် စက်တစ်ခုခု ချို့ယွင်းပြီး ပြုန်းခနဲ ရောက်
လာသည့်ပုံစံမို့ ချိန်း ဘာမှတွေးချိန် မရလိုက်ပေ။ ကားချင်း မတိုက်
အောင် စတီယာရင်ကို အားကုန် ဆွဲလှည့်ပစ်လိုက်၏။

ကားသည် မြွေတစ်ကောင်ကဲ့သို့ ကော့လိမ်သွားလျက် ကုက္ကိုပင်
အိုကြီးဆီသို့ ...၊

"ဒုန်း .."

"ချလွမ်း .."

"ဝုန်း .."

တိုက်သည့်အရှိန်နှင့် ကားက ဆောင့်ခုန်ကာ မြေချိုင့်သည့်ဘက်
တစ်ခြမ်း ပြန်ကျ၏။ ထို့ကြောင့် တစ်ပတ်လိမ့်သွားပြီးမှ တစောင်းကြီး
ငြိမ်သက်သွားလေသည်။

ဦးချက်ကြီး သည် ကားကို တစ်နေရာမှာ ရပ်ထားခဲ့ပြီး အေးဆေး
စွာ လျှောက်ထွက်ခဲ့၏။ သေချာ အကွက်ချ၍ ကြိုးစား စီစဉ်ခဲ့သမျှ
အားလုံး ကွက်တိပါလား ...။

သခင်အတွက် အသက်ပေးရရင်တောင် နောက်တွန့်မှာမဟုတ်
သည့် သစ္စာရှိမှုမျိုးနှင့် ဦးချက်ကြီး ခြေလှမ်းတွေက ရဲရင့်နေသည်။
မျက်နှာမှာ စိုးရိမ်ထိတ်လန့်ဟန် အလျဉ်းမရှိခဲ့ဘဲ ဖူး ရဲ့မျက်ရည်စက်
တွေအတွက် ရယူနိုင်ပြီဆိုသော ပီတိအပြုံးတို့က အေးစက်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



တစောင်းဖြစ်နေသည့် ကားနားမှာ ခဏရပ်ကြည့်ပြီးမှ ကားကို ချိုင့်ဝှမ်းထဲ ပြန်ကျအောင် အားစိုက် တွန်းချလိုက်သည်။

"ဝုန်း .."

ညဦးနက်နက် မဟုတ်သေးပေမယ့် ထိခိုက်ပျက်စီးခဲ့သည့် ဆူညံသံတွေကတော့ ပဲ့တင်ထပ် ကျန်ရစ်၏။ ဒါပေမယ့် ဒီနားဝန်းကျင်မှာ လူနေအိမ်ခြေ မရှိပေ။ စက်မှုဇုန်ဝင်းထဲကို ဒီကသွားလို့လည်း ရပေမယ့် မြို့ထဲကလမ်းကသာ တစ်ဖြောင့်တည်းလမ်း ဖြစ်သည်။

'ငါ့အဖေ ညဘက်ကြီးကျမှ ဒီလိုလမ်းကနေ ဖြတ်သွားပါ့မလား' လို့ မင်း နည်းနည်းမှ မတွေးမိဘူးလား ချိန်း ...၊

ဖအေရဲ့ဖုန်းကို ကိုင်ထားတာနဲ့ပဲ ပြောသမျှ ယုံလိုက်ရသလား၊ ငါ တော်တာတော့ မဟုတ်ဘူး .. မင်း ညံ့လို့ပါ၊ အဲဒါ မှတ်ထားပေါ့ - လူတစ်ယောက်ဟာ အမြဲတမ်း ကံမကောင်းနိုင်ဘူးဆိုတာ ..။

ကားက ပြန်ကျသွားသော်လည်း တံခါးပွင့်ပြီး ကျကျန်ရစ်ခဲ့သည့် ချိန်း ရဲ့ကိုယ်ခန္ဓာ မြေပြင်ပေါ်မှာ အပုံလိုက် ရှိနေခဲ့သည်။ အဖြူရောင် သတို့သားဝတ်စုံဟာ အနီရောင်ဆေးဖျန်းထားသည့်အတိုင်း သွေးချင်းချင်းနီလျက် ...,

"အ .. အား ..."

ခပ်စောင်းစောင်း မှောက်နေခဲ့သည့်ကိုယ်က တိုးလျသော ညည်းသံသဲ့သဲ့နှင့် ဖြည်းလေးစွာ လှုပ်ရှားလာသည်။ သေဆုံးခဲ့ပြီလို့ ထင်ခဲ့ပြီးမှ နာကျင်မှုတွေကို ခံစားမိလာသဖြင့် ချိန်း ကိုယ့်ကိုယ်ကိုယ် မသေသေးပါလားဆိုတာ သိလိုက်ရသည်။ ပြီးတော့ သူ့မျက်နှာရှေ့မှာ လူတစ်ယောက်၏ခြေအစုံကို တစ်စစ ပုံဖော်လာမိသည်။

နောက်ခံမီးအလင်းရောင်ဖျော့ဖျော့ကြောင့် လောင်းကုတ်ကြီးဖားဖားနှင့် ရပ်နေသော ဝဝဖိုင့်ဖိုင့် လူပုံစံကို တွေ့၏။

နာကျင်မှုသည် ပင့်သက်တစ်ရှိုက်ကို ရှူထုတ်လိုက်တာနှင့်





အသက်ပါသွားတော့မတတ် အဆမတန် ပြင်းထန်လာခဲ့ပေမယ့် စိတ်ကို မရမက တင်းလိုက်သည်။ ကားထဲမှာ ဒလိမ့်ခေါက်ကွေး ဖြစ်နေဆဲမှာပဲ ဟိုကားရပ်သွားတာ ..၊ လူတစ်ယောက် အေးဆေးစွာ ဆင်းလာတာ အားလုံးကို ခံစားမှုထဲမှာ ပုံရိပ်တွေ လာထင်နေခဲ့သည်။

သူ့နံဘေးကို သွေးအေးတည်ငြိမ်စွာ လျှောက်လာပြီး ရပ်ကြည့်နေတဲ့အထိ သူ ဆက်စပ်ကြည့်မိတာနှင့် ဒါဟာ လုပ်ကြံမှုတစ်ခုဆိုတာ နားလည်သွားခဲ့ပြီး ...

"ဒါ ဘယ်သူလဲ .. ဘာကြောင့် ဒီလိုလုပ်တာလဲ"

ဆုပ်ကိုင်မိထားသည့် ဖုန်းကို ကိုယ်ခန္ဓာ နာကျင်မှုကြောင့် မချိဆဲ့ ဖိဆုပ်ထားမိကာ အမြင်အာရုံတို့သည် ဝိုးတဝါး အလင်းရောင်မှုသာ လက်ခံနိုင်စွမ်း ဖြစ်လာခဲ့၏။

သူ သိမှ ဖြစ်မည်။ အသက်သေဆုံးရတာတောင် ဘယ်သူ ဘာကြောင့် ဘယ်လို လုပ်ကြံလိုက်မှန်း မသိရသည့်အဖြစ်မျိုး မရှိရအောင် ကို သိရမှဖြစ်မည်။ ထိုစဉ် သေအံ့မူးမူး ဝေဒနာကြားထဲမှာ ဖုန်းမြည်သံလေးတစ်ချက်ကို ကြားလိုက်ရ၏။

အမှောင်ထဲမှာ ဖွေးခနဲ လင်းလာသော ဖုန်းစခရင်နဲ့အလင်းရောင်နှင့် မျက်နှာကြီးတစ်ခုကို မထင်မှတ်ဘဲ သူ မြင်လိုက်ရသည်။

ဦးချက်ကြီး ...၊

"ပြီးပြီ သမီး .. ခု ပြန်ခဲ့မယ်"

ဖြေသံကို ကြားလိုက်ရပြီး သူ့မျက်နှာရှေ့ကို သုတ်ခနဲ အေးခနဲ စက်ကျလာတာ ဘာလဲ ..၊ အဝတ်ထုပ်လား .. အိတ်တစ်လုံးလား ..။

သူ့အသိတွေအားလုံးသည် လင်းအရဏ်မှာ မြင်နေရသည့် မိုတ်ဘုတ်မိုတ်တုတ် ကြယ်ပွင့်လေးလို အလင်းရောင်ကို အရှုံးပေးဖို့ နှုတ်ဆက်နေပြီ ဖြစ်သည်။

သူ သေရတော့မည်၊ သူ့အပြန်အလာကို စောင့်မျှော်နေရှာသည့်



www.burmeseclassic.com

www.burmeseclassic.com



ကမာ့ ကို ထာဝရအဖြစ် နှုတ်ဆက်ခဲ့ဖို့အတွက် အင်အားလိုချင်သေး သည်။ ထို့ကြောင့် ...

ခုန်ပေါက်ထွက်ချင်နေသည့် နောက်ဆုံးထွက်သက်ကို မရမက အားတင်းဆုပ်ဆွဲထားမိလျက် ဖုန်းကို မကြည့်ဘဲ ကမာ့ ကို ခေါ်ဖို့ အရောက်သွားလိုက်သည်။

ဒီတစ်ချက် နှိပ်လိုက်တာနှင့် ကမာ့ ကို ခေါ်လို့ရပြီမှန်း သိပေမယ့် ဖုန်းနဲ့မျက်နှာ နီးဖို့အတွက်က လက်ကိုလည်း မမြှောက်နိုင်၊ ကိုယ်ခန္ဓာ ကိုလည်း အနည်းငယ်မျှပင် မလှုပ်ရှားနိုင်တော့ပေ ...။

ရန်သူကို သိချင်ဇောနှင့် ဆောင်းလျက်ကနေ ပက်လက်ဖြစ်အောင် ကြိုးစားမိခဲ့ခြင်းဟာ ကမာ နဲ့ နောက်ဆုံး နှုတ်ဆက်ခွင့်လေးတောင် မပြုနိုင်ဘူးဆိုသည့် ကံကြမ္မာရဲ့ ဆုံးဖြတ်ချက်လား ...။

မဟုတ်ဘူး .. ငါ နှုတ်ဆက်မယ်၊ ငါ ပြန်မလာနိုင်တော့ဘူးဆိုတာ သူ သိမှ ဖြစ်မှာ ...၊ လုပ်ပါ .. ကျွန်တော် နှုတ်ဆက်ပါရစေ။

နာကြည်း ခံခက်ခြင်းနှင့် ကြေကွဲခြင်းများကြောင့် မျက်ရည်ပူတွေ တလိမ့်လိမ့် လျှောဆင်းသွားတာကို သိလိုက်၏။

သေရခြင်းများစွာထဲမှာ ကိုယ့်ရဲ့အသက်တစ်ခုလုံးကို မုန်းတီး စက်ဆုပ်သူလက်ထဲကိုမှ ကိုယ်တိုင် ဝကွက်အပ်၍ စတေးခံလိုက်မိသည့် အဖြစ်ဆိုးနှင့် သေရခြင်းဟာ အဆိုးဝါးဆုံး ...။

ဒါပေမယ့် မုန်းတာတွေ၊ နာကျင်တာတွေကို သူ ထားခဲ့ရမည် ကမာ့ ကို နောက်ဆုံး နှုတ်ဆက်ခွင့်၊ သူမရဲ့အသံလေးကို နောက်ဆုံး ကြားနိုင်ခွင့်အတွက်သာ ...။

"အား ..."

သိမ်းကျုံးစုစည်းလိုက်သည့် နောက်ဆုံးအင်အားအတွက် သူ့ရဲ့ ညည်းသံထွက်သွားသည်နှင့် ဖုန်း ပြောနေသော ဦးချက်ကြီး စကားသံ တိခနဲ တိတ်ကျသွား၏။





"ကမာ .. ကိုယ် ပြန်မလာနိုင် .. အား .. ဖူး တို့ .."

"တောက် .."

တစ်စုံတစ်ရာနှင့် ပြင်းထန်စွာ ဆိခတ်သွားလျက် ချိန်း လက်ထဲ ကဖုန်း လွင့်ထွက်သွားသည်။

ဦးချက်ကြီး သည် ဖုန်းကို ဒေါသတကြီး ကန်ထုတ်လိုက်ပြီး နောက်ထပ် တက်ခေါက်ကာ ...

"သေခါနီးတာတောင် မင်းက ချစ်နိုင်သေးတာကိုး၊ ငါက သေ ငယ်ဇောနဲ့ မျှော်နေပြီ ထင်တာ"

ပြောပြီး အသံက နီးကပ်သွားသဖြင့် သူ့ဘေးမှာ ထိုင်ချလိုက်မှန်း သိလိုက်သည်။ ပြီးတော့ ဓာတ်မီးနဲ့ ထိုးလိုက်သလို မျက်လုံးထဲမှာ စူးရှ သည့်အလင်းရောင်တစ်ချက် ဝင်လာ၏။

ထိုစူးရှမှုကြောင့် ငြိမ်းသေခါနီး ဆီမီးကဲ့သို့ သူ့ရဲ့ဒေါသမာနတွေ ဟုန်းခနဲ ပွက်ပွက်ဆူကာ ...

"ခင် .. ခင်ဗျား"

"သြော် .. ပြောဦးမှာလား .. ကဲ .. ပြော .. သိပ်ကြာနေရင် ငါ ရိုက်သတ်မှာနော်၊ မင်းသေမှ ဖြစ်မှာ .. ဖူး ကို ငါ ဘာပြောလိုက်ရမလဲ၊ ဒိုတိုတုတ်တုတ် ပြော .."

"အရမ်း မုန်းတယ် .. ရွံစရာကောင်း .. တဲ့ .. မိန်းမရိုင်း"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၀)

"ဟော .."

အခန်းရှေ့ကို လျှောက်လာသည့်ခြေသံ ကြားလိုက်မှ ဖုန်းရှေ့မှာ တောင့်မတ်စွာ ရပ်နေခဲ့သည့်ကိုယ်က ဆတ်ခနဲ လှုပ်ရှားသွားသည်။

တိတ်ဆိတ်နေပြီဖြစ်သည့် ညဦးနက်ထဲမှာ အခန်းရှေ့မှာ ခြေသံရပ်သွားတာကပဲ ချောက်ချားဖွယ် ပြန်လည် တိတ်ကျသွားခဲ့၏။

တံခါးက ချက်ချင်း ပွင့်မသွားသဖြင့် လက်တစ်ဝါးစာလောက် ဟနေသည့်တံခါးကြားထဲကို ဖူး မျက်လုံးတွေ စူးစိုက်နေခဲ့သည်။ ထိုစဉ်... နာခေါင်းထဲကို ပြင်းရှစွာ ဝင်လာသည်က သွေးညှီနံ့ ...၊

ဖူး ကိုယ်လေး တောင့်ခနဲ ခါသွား၏။ နားလည်လိုက်သည့် တစ်စုံတစ်ရာကို လက်ဖြန့်လိုချင်နေလျက်နှင့် နားနဲ့ မျက်လုံးတွေကို ပိတ်ကာ အဝေးဆုံးကို ထွက်ပြေးချင်စိတ်တွေပါ ဒွန်တွဲဖြစ်လာခဲ့သည်။

နှုတ်ခမ်းအစုံ တဖြည်းဖြည်း ပွင့်ဟလာခဲ့ပြီး စူးစိုက်ကြည့်နေစဉ် တံခါးက အသံမမြည်ဘဲ တိတ်ဆိတ်စွာ ပွင့်သွား၏။

အခန်းရှေ့မှာ ရပ်နေတာ ဦးချက်ကြီး ပဲဖြစ်ကာ လက်နှစ်ဖက်ထဲမှာ အဖြူရောင်ပျောက်ကွယ်တော့မယ့်အတိုင်း သွေးတို့ဖြင့် ရွှဲရွှဲနစ်သော ဝတ်စုံ ...၊





"ဒီမှာ သမီး .. သူ့ကိုယ်ပေါ်က ဝတ်စုံ .. ဦးလေး လဲယူခဲ့တယ်"

ရှေ့တိုးဝင်လာပြီး ဝတ်စုံကို လှမ်းပေး၏။ အနက်ရောင်လက်အိတ်နှင့် ကိုင်ထားသည့် ဦးချက်ကြီး လက်မှာ မထင်ဘဲ လှမ်းယူလိုက်သည့် ဖူး လက်ထဲမှာ ဝတ်စုံမှ သွေးတွေက ရေစိုထားသလို ဖိခနဲ ...။

"ရလာခဲ့ပြီ .."

နှုတ်ခမ်းလှုပ်ရုံ ရေရွတ်ရင်း ဝတ်စုံကို လက်နဲ့ ထပ်ဖိပြီး ဆုပ်ညှစ်သည်။ ပြီးတော့ လက်ဖဝါးလေးကို ပြန်ဖြန့်ကြည့်၏။

"ရလာခဲ့ပြီပဲ .."

လက်ချောင်းတွေကို ကွေးလိုက် ဖြန့်လိုက်နှင့် ငေးနေစဉ် သွေးတို့က လက်ဖဝါးပေါ်မှာပဲ စေးထန်း ခြောက်သွေ့ကုန်ကြ၏။

"အဟွန်း .."

ဝတ်စုံကို လက်နှစ်ဖက်နှင့် ပြန်ဆုပ်ကိုင်လိုက်၍ ပခုံးတွန့် မဲ့သည်။ နောက်ထပ် ရယ်၏။ ရယ်နေရင်း မျက်နှာမော့၍ အားပါးတရကြီး ဟားတိုက်ပစ်မိသည်။

"ဟား .. ဟား .. ဟား ..."

ဦးချက်ကြီး မျက်လုံးတွေကျဉ်းမြောင်းသွားခဲ့ပေမယ့် စူးစူးရဲရဲဖြစ်လာခဲ့၏။ ယောကျ်ားရပ်မှာပတ်ထားသည့် ပိတ်စနီနီကိုဆွဲချလိုက်ပြီး သွေးစွန်းနေသည့်ဝတ်စုံကို ဝတ်ပေးနေတဲ့အထိ ဖူး ရဲ့လှုပ်ရှားမှုတွေအတိုင်း သူ့မျက်လုံးတွေကို တစ်ချက်မှ အလစ်မပေးဘဲ အလုပ်ပေးထားခဲ့သည်။

သူ အလိုလိုက်ခဲ့မိတာဟာ ဒီမိန်းကလေးကို စိတ်ချမ်းသာစေခဲ့တာမှ ဟုတ်ရဲ့လား ..၊ ဖူး ကတော့ သူ ရပ်ကြည့်နေတာကိုလည်း ဂရုမစိုက်...၊ ထွက်သွားပါလားလို့လည်း မနှင်ဘဲ သူ့အလုပ် သူလုပ်ရင်း တတွတ်တွတ် ပြောနေတာတွေ ရှိသည်။ ဘာတွေမှန်းတော့ မသိ ...။ ပြီးတော့ ငိုနေတာမှန်း .. ရယ်နေတာမှန်း ခွဲခြားရခက်သည့် ညည်းသံသဲ့သဲ့နှင့် ...

"ရှင်နဲ့ ကျွန်မ အဖြူရောင် ဆင်တူဝတ်မှာလေ .. အဲဒါဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် နီရဲစိုရွဲနေတာလဲ .. ဟင် ..”

ကော်ရုပ်ရဲ့မျက်နှာကို မော့ငေးရင်း တယုတယ မွတ်သပ်နေ၏။ ဝတ်စုံနဲ့ ကော်သားပေါ်မှာ လှုပ်ရှားပြေးလွှားနေသည့်လက်က အရုပ်မျက်နှာကိုပါ အနီရောင်တွေ ခြယ်ပေးနေသလိုဖြစ်လျက် ...

“ရှင် ဒီလောက် ချောတဲ့ဟာကို ကျွန်မတို့ မင်္ဂလာပွဲနေ့ကျမှ ဘာဖြစ်လို့ ရုပ်ဆိုးသွားတာလဲ၊ ပြောလေ .. ပြန်ပြောစမ်းပါ”

ဖူး မျက်ရည်တွေ ဝေ့လာပြီး ကျလည်း မလာ၊ ပျောက်ကွယ်သွားတာလည်း မဟုတ် ...။

“ကျွန်မက ရှင်နဲ့ဆင်တူ ဂါဝန်အဖြူကို ဝတ်ထားမှန်းသိလို့ ရှင် တမင် အနီရောင်လုပ်ခဲ့တာမို့လား၊ ကျွန်မက အဖြူရောင်နဲ့မှ ချောတယ်ဆိုလို့ အဖြူရောင်ကို ရှင် စွန့်လွှတ်လိုက်တာလေ။ ကျွန်မ အားလုံးကို မှတ်မိတာပေါ့ ချိန်း ရယ် .. ဒါပေမယ့် ကျွန်မက ရှင် ဘာပြောပြော မမုန်းနိုင်ဘူး .. ရှင့်ကို ချစ်တယ် ..”

“သမီးလေး ..”

ကျောနောက်က ခေါ်သံကြောင့် ဖူး မျက်လုံးတွေ ပိုင်းစက်သွားသည်။ နောက်ကို လှည့်ကြည့်လိုက်ဖို့အတွက် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားကာ ခပ်စောင်းစောင်းပဲ ငဲ့ကြည့်မိလျက် ...

“ကျွန်မ ကောင်းပါတယ် .. ရူးနေပြီ မှတ်လို့လား”

“မဟုတ်ဘူး သမီး .. ဒါပေမယ့် ..”

“ပြောချင်တာ ပြောပါရစေ .. ကျွန်မ သူနဲ့ သူ့ရဲ့ကိုယ်နံ့တွေထဲမှာ အားရပါးရ နစ်မျောချင်တယ်၊ သူ .. သူလေ ..”

မမေးဖြစ်အောင် နှုတ်ခမ်းကိုက်ထားရတဲ့အထိ ဖြစ်ခဲ့ပေမယ့် မေးချင်နေခဲ့ရာ ...

“ဦးလေး ..”

“ပြော .. သမီး”





“သူ .. သူ တစ်ခုခု ပြောလိုက်သေးလား .. လို့ ..”

ကျောခိုင်း နားစွင့်ရင်း ဖူး တစ်ကိုယ်လုံး ကတုန်ကယင် ဖြစ်လာခဲ့၏။ ဦးလေး ရဖြေစမ်းပါ .. ဒါပေမယ့် မကြားချင်ဘူး၊ မြန်မြန်ပြောပြလိုက်ရင် ဒါကို မကြားရဲလို့ အံကြိတ်နေရတဲ့ ဆင်းရဲခြင်းက လွတ်မြောက်သွားမည်။ သို့သော် ကျွန်မကို သနားပါ ...၊ မပြောပါနဲ့ ...။

ဦးချက်ကြီး ၏ဖြေသံကို နားစွင့်နေရင်း ကြောက်ရွံ့ခြင်းနှင့် ရောကာ ဖူး မျက်လုံးတွေပါ ပြာလာ၏။

“သူ့ကို ဘယ်မိန်းမနဲ့မှ လက်မထပ်စေရဘူး”

“ဒါပေမယ့် ဖူး ကိုလည်း သူ ဘယ်တော့မှ ချစ်မှာမဟုတ်ဘူး”

“နောက်ထပ် သူ လက်မထပ်ဖြစ်အောင်ရော ဖူး ဘယ်အချိန်ထိ တားနိုင်မှာလဲ”

“သူ့ကို ဖူး ရင်ထဲမှာပဲ ထာဝရသိမ်းထားချင်တယ်၊ သူ့ကို ဘယ်သူ့ကိုမှ မပေးနိုင်ဘူး”

“သူ့ကို သတ်ပစ်ပေးပါ”

“ဖူး ကို သနားရင် သူ့ကိုသတ်ပြီး သူ့ဝိညာဉ်ကိုပဲ ယူလာပေးပါ”

ဟင့်အင်း ...၊

ဖူး ကိုယ့်နားတွေကို ပြန်ပိတ်ကာ မျက်လုံးတွေကိုပါ မှိတ်ပစ်လိုက်မိသည်။ ငါ အဲဒီလို မခိုင်းခဲ့ဘူး ...၊ သူ သေသွားလို့ မဖြစ်ဘူး ...။ စိတ်တို့သည် လူကို ကမ်းပါးစွန်းထိပ်ကနေ အလဲထိုးချဖို့ ပြင်းပြင်းစွာ ကန်ကျောက် တွန်းထိုးနေဆဲ ...

“သူ ပြောသွားတယ် ..”

ဦးချက်ကြီး အသံ တုန်ယင်စွာ ထွက်ပေါ်လာ၏။ ဖိမှိတ်ထားမိသည့် ဖူး မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာလျက် ...

“ပြော .. ပြောလေ .. မညာပါနဲ့၊ ဖူး ကို သူ .. သူ မချစ်ဘူး၊ ဒါကို ဖူး သိနေတာပဲ”



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမရိုင်းကို သိပ်မုန်းတယ် တဲ့ .."

ဩော် ...၊ ရင်ဝတည့်တည့်မှာ စူးခနဲ အောင့်မျက်သွားသည်။ ရပ်တည်နိုင်စွမ်းမဲ့သလို ဖြစ်လာသည့်ကိုယ်ကို အရုပ်ကို လက်နှစ်ဖက်နဲ့ကိုင်ရင်း မသိသာအောင် ထိန်းလိုက်ရ၏။

ပြီးတော့ရော ဒါပဲလား ..၊ သူ ဘာပြောသေးလဲ ..။

နားစွင့်နေပေမယ့် ဦးချက်ကြီး တိတ်ဆိတ်နေရာ ...

"ပြီးတော့ ဘာတဲ့လဲ .. သူ .. သူ .. အခု .."

"အဲဒါပဲ ပြောပြီး သူ .."

ချိန်း ..၊ တစ်ကိုယ်လုံး ယိုင်ခနဲ ပြိုကျသွားကာ အရုပ်က လူကို မထိန်းထားနိုင်ဘဲ ထပ်လျက်သား ပစ်စလက်ခတ် လဲ၏။

"သမီး .. သမီးလေး .."

ဦးချက်ကြီး လွှားခနဲ ရောက်လာသည်။ ဒါပေမယ့် အကိုင်မခံ လဲကျနေရာကနေ ခေါင်းတွင်တွင် ခါပစ်သည်။

"သွား .. ထွက်သွားပါ .. သွားစေးစမ်းပါ"

လက်ညှိုးလေးပါ ကတုန်ကယင် ကြွတက်လာတော့ ဦးချက်ကြီ မျက်နှာပျက်ပျက်နှင့် နောက်ပြန်ဆုတ်ရ၏။

"ချိန်း ရယ် .."

ဖူး အတင်းဆုပ်ကိုင် ပွေ့ဖက်ထားသည့်ကော်ရုပ်သည် ခုချိန်မှာ ဖြစ်နေခဲ့ပြီး သွေးတို့ဖြင့် စေးထန်းချွဲပျစ်နေသော မင်္ဂလာဝတ်စုံနဲ့ မျက်နှာကို အရှုးတစ်ယောက်လို ငေးနေရင်း နှုတ်ခမ်းတွေသာ လှုပ် ဘာမှ ပြောမထွက်နိုင် ..။

မိန်းမရိုင်းတဲ့လား ..၊ အရမ်းမုန်းတယ် ဟုတ်လား ..၊ ရင်ထဲ မီးစတွေ တစ်စပြီးတစ်စ ပစ်ဝင်နေသလို ပူလောင်ပြင်းရှနေ၏။ ပြီးတော တဖျစ်ဖျစ် လောင်မြိုက်လာနေသလို အောင့်တက် နာကျင်လာသည်

ဖူး ကတော့ အရမ်းတို ချစ်နေခဲ့တာ သိရဲ့လား ..၊ ချိန်း





အရမ်းချစ်တယ် ချိန်း ရယ် ..။

ပက်လက်လဲနေသည့် ကော်ရုပ်ကိုဖက်၍ ရင်ဘတ်ပေါ်မှာ ပါး လေးအပ်ကာ ဘယ်သူမှ ကြားနိုင်မှာမဟုတ်သည့်စကားတွေနဲ့ ပွတ်သပ် တောင်းပန်နေမိသည်။

"ချိန်း က ဘာဖြစ်လို့ ဖူး ကို ထားခဲ့တာလဲ .. ချိန်း လိုလေ .. ချိန်း ကို အဲဒီလို ထွက်သွားမပြုနိုင်ဘူး၊ ချိန်း မသွားရဘူး .. ဖူး ရဲ့အနား မှာ ရှိနေရမှာကို ချိန်း ရယ် .."

နာခေါင်းထဲမှာ သွေးညှီနံ့တွေက ချိန်း ရဲ့ကိုယ်သင်းနံ့တွေလို နှမ် သက်ဖွယ်ဖြစ်နေသည်။ အေးစက်မာကျောနေသည့်အရုပ်ရဲ့မျက်နှာနဲ့ လည် တိုင်ကို နူးညံ့နွေးထွေးလာနိုးနှင့် အားမလျှော့တမ်း ပွတ်သပ်ချော့မြှူနေ မိသည်။ ပြီးတော့ ဖူး ရဲ့မျက်တောင်ဖျားလေးတွေ စင်းကျလာလေသည်။

"ဖူး ကို မမုန်းပါနဲ့ ချိန်း ရယ် .. တကယ်ဆိုရင် ချိန်း က ဘာမှ မသိခဲ့စဉ်တည်းက ချိန်း ကို ဖူး ချစ်ခဲ့ရတာ .."

အသက်ရှူနေသေးတာကို သိနေပေမယ့် စကားသံ ပျောက်သွား ခြင်း ဦးချက်ကြီး ရှေ့ကို ပြန်တိုးသည်။ ဟိုဘက်ကို စောင်းထားသည့် ကိုယ်ကို အသာလေး ငုံ့ကြည့်လိုက်တာနှင့် ဖူး နှုတ်ခမ်းလေးတွေ လှုပ် နေသေးတာကို မြင်လိုက်ရသည်။ ပြီးတော့ အရုပ်ရဲ့လည်တိုင်မှာ ပွတ်သပ် နေသည့် လက်ဖဝါးလေးတွေက ငြိမ်သက်နေပေမယ့် လက်ချောင်း သွယ်သွယ်လေးတွေက တရွရွ လှုပ်ရှားနေဆဲ ..။

"ဟင်!..."

သူ တစ်ခုခု လုပ်မှဖြစ်တော့မှာကို တွေးလိုက်မိဆဲ ဖူး ရဲ့နှာခေါင်း မှ စီးကျလာသည့် သွေးတွေ ..၊

ဘုရား ..၊ ဦးချက်ကြီး ထိတ်လန့်သွားသည်။

"သမီး .. သမီးလေး ဦးလေးကို ကြည့်ပါဦး .. ကိုယ် တွေ ..နှန်ပါပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးချက်ကြီး လှပ်ခေါ်လိုက်တာနှင့် ဖူး မျက်တောင်များလေးတွေ လှုပ်ခတ်လာသည်။ သူ ခေါ်တာကို ထူးဖို့ ကြိုးစားတာမဟုတ်ဘဲ ဖက်ထားသည့် အရုပ်ရဲ့မျက်နှာကို ကြည့်ဖို့ ကြိုးစားခြင်း ဖြစ်သည်။

သို့သော် သူမ မျက်နှာလေး ရှုံ့မဲ့သွားကာ ...

"ဖူး ဘာမှ မမြင်ရတော့ဘူး ချိန်း ရယ် .."

နှုတ်ခမ်းလေးတွေ လှုပ်ခတ်သွားကာ နှုတ်ခမ်းထောင့်မှာ သွေးစတွေ စိမ့်ထွက်လာ၏။ ဦးချက်ကြီး ဖုန်းထုတ်ကာ ချက်ချင်း လှမ်းပြောလိုက်မယ် ခလုတ်ပေါ် လက်တင်ထားရင်း တောင့်မတ်စွာ ငြိမ်ကျသွားခဲ့၏။

"သမီး .."

ထိတ်လန့်တုန်လှုပ်ခြင်းကြီးစွာ ဖူး ပခုံးလေးကိုကိုင်လှုပ်ခေါ်သည်။ ပြီးတော့ နှာခေါင်းဝလေးမှာ လက်သုံးနဲ့ကပ်ကြည့်၏။ ထို့နောက် လက်ကောက်ဝတ်လေးတစ်ဖက်ကိုစမ်းသည်။ ဦးချက်ကြီး ဘယ်လို ကြိုးစားစမ်းကြည့်ပေမယ့် မလိုချင်ခဲ့သည့်အဖြေသည်သာ အတိအကျရနေခဲ့၏။

"ဖြစ်ရလေ သမီးလေးရယ် .. သမီးရင်ထဲမှာ ဒီလောက်တောင် .."

ဦးချက်ကြီး ကိုယ့်လုပ်ရပ်ကို မှားမှန်းသိကာ ဖူး ရဲ့ဘေးမှာ ဒူးညွတ်ကျသွားခဲ့၏။ ကံကြမ္မာကို ဒူးထောက် အညံ့ခံနေသော်လည်း ဖူး ရဲ့နောက်ဆုံးထွက်သက်ဟာ သူ့ကို လှည့်မကြည့်စတမ်း ကျောခိုင်းထားရစ်ခဲ့ပြီ ဖြစ်၏။ လောဘ ဒေါသတို့ကြောင့် သူ မှားသွားခဲ့သည်။

ဘယ်လောက်ထိ နက်ရှိုင်းမလဲဆိုတာ မသိနိုင်ခဲ့သည့် အချစ်၏ သက်ရောက်စေတတ်သော နာကျင်မှုများစွာတို့သည် မာန်မာနတို့၏ ကောက်ကြောင်းများအတိုင်း နက်ရှိုင်းစွာ ..။





အခန်း (၅၁)

အရေးပေါ်ကို ဦးတည်ပြေးလွှားနေသော ခြေသံများစွာနှင့် လူနာတင်တွန်းလှည်း၏ ဘီးသံက ညဥ့်ယံမှာ ရက်ခြည်း ဆူညံသွားသည်။

"ကမာ .. ကမာ .. သမီးလေး သတိထားပါဦး .. သမီး .."

"သူငယ်ချင်း ကမာ .."

"အန်တီ နောက်က ဖြည်းဖြည်းလိုက်ခဲ့ပါ"

အရေးပေါ် လူနာဆောင်ကို ပို့ရသည့်အလှည့်မှာ ဒေါ်အမာလွင် ပြေးလွှားမလိုက်နိုင်တော့ဘဲ လူငယ်နှစ်ယောက်လက်ထဲမှာ ခွေလဲ ကျန်ရစ်၏။

"ငါ့သမီးလေးကို ကြည့်ပေးပါ .. သမီး .."

"သဲ တို့ ပါသွားကြတယ် အန်တီ .. ဝီလီ တို့လည်း ပြန်လှည့်လာကြပြီ၊ ဒဏ်ရာ သိပ်မပြင်းဘူးလို့ ဒေါက်တာ ပြောတာပဲ အန်တီရယ်.. စိတ်ကို နည်းနည်း လျှော့ပါဦး"

ညအိပ်ချိန်နှိုး တိတ်ဆိတ်နေသည့် လူနာဆောင်ထဲမှာ သွေးစွန်းနေသော အဖြူရောင် မင်္ဂလာဝတ်စုံနှင့် သတို့သမီး၏သတင်းကြောင့် လှုပ်ရှားရှားတွေ ဖြစ်ကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ လူနာအခြေအနေကို ကြည့်ပါဦး .. ဒဏ်ရာများလား ဟင် .."

"ခေါင်းမှာ ထိတာဆိုတော့ အပြင်က ထိရှမှုကိုပဲ ကြည့်လို့ မရဘူး၊ လောလောဆယ် ဒဏ်ရာကိုချုပ်ပြီး သွေးတိတ်အောင် ကုသရုံပဲ လုပ်ထားရမှာ .."

"ဘုရား .. ဘုရား .."

"ဒေါက်တာ အသက်အန္တရာယ်အတွက်ရော .. ဟင်"

"ခဏလေး ငြိမ်ငြိမ်နေပေးပါဗျာ .. ကျွန်တော်တို့ လုံလောက်တဲ့ စစ်ဆေးမှုတွေ လုပ်ရဦးမှာပါ"

"ကမာ ရယ် .."

သဲ က မျက်နှာကို လက်နဲ့အုပ်ကာ ဟီးခနဲ ငိုချလိုက်ပြီး အပြင်ကို ပြေးထွက်၏။

မွှေး က ကမာ လက်ဖဝါးလေးကို ဆုပ်ကိုင်ထားကာ မျက်ရည်တွေ အသံတိတ်ကျ၏။ သူသူသန်း သဲ နောက်ကို လိုက်သွားကာ ..

"သူများတွေ တစ်မျိုးထင်ပြီး နိမိတ်မရှိတာတွေ တွေးနေကြဦးမယ် သဲ ရယ် .."

ပြောနေရင်း သူမကလည်း မျက်ရည်သုတ်နေရလျက် ...

"အရေးပေါ်မှာ ဒေါက်တာ ပြောလိုက်တာပဲ .. သွေးထွက်လွန်နေတာတဲ့ .."

သူတို့တွေအားလုံး ကော်ရစ်ဒါမှာ ထွက်နေပေးကြစဉ် ...

"ဟိုမှာ ဝီလီ တို့ .."

"ဝီလီ .."

"မွှေး .. ကမာ ကားတိုက်ခံရတယ်ဆို .."

"ဟုတ်တယ် .. ဖုန်းလာတာကို နားထောင်ပြီး ပြေးထွက်သွားတာ ဆွဲချိန်ကို မရလိုက်ဘူး၊ ငါတို့က လိုက် .. သူက အတင်းပြေးနဲ့ .."



"ချိန်း ရဲ့အလောင်းကို ငါတို့ ခုပဲ သယ်လာရတာ"

"ဘာ!..."

သုံးယောက်စလုံး၏ ဘာ .. သံကြီးတွေ ပြိုင်တူ ဖြစ်ကုန်ကြကာ...

"ချိန်း .."

"ဟုတ်တယ် .. သူ ကားမှောက်တာ ပိုးစိုးပက်စက်ပဲ၊ ကိုယ်တစ်ပိုင်းကြေပြီး .."

"တော်ပါတော့ .. တော်ပါတော့ ဝီလီ၊ အမလေး ဘာတွေဖြစ်ကုန်တာလဲ .. ဘုရား ကယ်တော်မူပါ"

သဲ ရင်ဘတ်ကို ဖိ၍ ငုတ်တုတ်လေး ထိုင်ချလိုက်ရသည်။

"အန်ကယ်လ်က ဘာမှမဖြစ်ဘူးဟ .. ဖုန်းဆက်ခေါ်တယ်ဆိုတော့ ဒါ လုပ်ကြံမှုပဲ"

"အန်ကယ်လ်ရော .."

"သူ့ဖုန်း ပျောက်သွားလို့တဲ့၊ ချိန်း ကို ငါတို့ တွေ့ပြီးမှ သူ့ဖုန်းဆင်လာတာ၊ လောလောဆယ်တော့ ဘာမှ လိဝ်ပတ်မလည်သေးဘူး၊ လုပ်ကြံမှုဆိုတာ သေချာတာလောက်ပဲ"

"ဝီလီ .. အန်ကယ်လ် ရောက်လာပြီ၊ လာဦးဟ .. တော်တော်စိုးနေရတာ အခြေအနေ မကောင်းဘူး .."

ဝီလီ မျက်ရည်တွေ ဝေနေလျက် ခေါ်ဖိုး ပြေးလာပြီး လက်ဆွဲခေါ်တော့ ဘာမှမမေးနိုင်ဘဲ ပါသွားခဲ့သည်။ သဲ တို့ မျက်ရည်လည်ရွှဲနှင့် တိတ်ဆိတ်စွာ ကျန်ခဲ့ကြ၏။

"သတို့သမီးလေးက လှလိုက်တာနော် .."

"ဒီညမှ မင်္ဂလာဆောင်တာတဲ့ .."

"သတို့သားက ရင်ခွဲခန်းထဲ ရောက်နေပြီတဲ့၊ ခုနက ဝင်လာတဲ့ ကောင်လေ"

"ဒါဆို တစ်ယောက်တခြားစီ ဖြစ်လာတာလား ..၊ သတို့သမီးက

www.burmeseclassic.com

www.burmeseclassic.com



အရင်ရောက်တော့ ..''

စကားသံတွေ တိုးတိုးထွက်လာကြသည်။ အနားမှာ ရစ်ဝဲ ရစ်ဝဲ လုပ်နေကြပြီး ဒီကပြောတာတွေကို တစ်စွန်းတစ်စ ကြားတာနဲ့ ဆက်စပ် တွေးနေကြတာ ဖြစ်၏။

အမျိုးသမီးတစ်ယောက်ကတော့ သဲ တို့ထဲက တစ်ယောက် ယောက်များ ဝင်ဖြေလိုက်မလားလို့ တမင် မကြားတကြားပြော၍ ဒီဘက်ကအသံကိုလည်း နားစွင့်နေပုံ ..။

သူများတွေ သေကြေပျက်စီးကြလို့ ပူလောင် ပျာယာခတ်နေတာကို အိပ်ရေးပျက်ခံပြီး စပ်စုဖို့ ကြိုးစားနေကြသေးသည်။ သဲ က သူသူသန်း လက်ကိုဆွဲ၍ ကမာ့ ကို မြင်ရလောက်တဲ့နေရာထိ ပြန်ဝင်ခဲ့၏။

သားမှာ မွေး က မျက်ရည်တွေ တိတ်တဆိတ် ဖြိုကျလျက် ကမာ သည် ကော့နက်သော မျက်တောင်ရှည်တို့ကို ပိတ်ယှက်ကာ ခုတင်ပေ မှာ တင်ထားလိုက်တဲ့အတိုင်း ငြိမ်ငြိမ်သက်သက်လေး ရှိနေဆဲ ..။

''ခုထိလည်း အသက်အန္တရာယ် မရှိတော့ပါဘူးလို့ ဘယ်သူ မပြောကြဘူး၊ ဘယ်လိုလုပ်မလဲ မိသူ .. သူတို့နှစ်ယောက်ရဲ့ကံကြမ္ ဒီည ဘာတွေဖြစ်ကြမှာလဲ''

သူသူသန်း က မျက်ရည်သုတ်ရင်း ခေါင်းခါ၏။ မွေး ကတော့ ကမာ့ မျက်နှာလေးကို ငေးကြည့်ရင်း ဆံရာဝန်နဲ့ သူနာပြုတွေ လှုပ်ရှား လုပ်ကိုင်နေသမျှဟာ ရင်ထဲကို ဆူးချွန်တစ်ချောင်းနဲ့ ထိုးမွှေနေသလိ ပင် ..။ လူနာအတွက် လိုအပ်သမျှ ဆေးဝါးနဲ့ ဆောင်ရွက်ပြေးလွှား တာတွေကို အောင်ချမ်း တို့ နှစ်ယောက်က ဒိုင်ခံ လှုပ်ရှားကြ၏။

အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့ပြီး ...

''အန်တီ ကျွန်တော်တို့ မေးပြီးပြီ သိလား .. ကမာ ဘာမှ မဖြစ် တော့ဘူးတဲ့၊ လိုအပ်တဲ့သွေးအတွက် ..''





''အန်တီ ပေးမယ်လေ .. သမီးအတွက် အန်တီ့သွေးကမှ အဆင် ပြေမှာ''

''ရတယ် အန်တီ .. ရှားပါးတဲ့သွေးအုပ်စု မဟုတ်လို့ အဆင်ပြေ သွားပြီ၊ သဲ က သွေးပေးမှာ''

အခြေအနေတွေက အနီရောင်နယ်မြေကနေ အဝါရောင်ကို ဖြတ် သန်းနေခဲ့ပြီ ဖြစ်သည်။ အစိမ်းရောင်နယ်မြေဆိုတာအတွက် အားလုံး မျှော်လင့်တောင့်တနေကြပေမယ့် ကာယကံရှင်၏ဆန္ဒက ဤသို့ မဟုတ် ..။

နာကျင်ခြင်း၊ နှောင့်နှေးခြင်း အလျဉ်းကင်းသည့် ကိုယ်ခန္ဓာဟာ ပြေးနေပေမယ့်လည်း မမောပန်း ..၊ အများကြီး ပြေးနေပြီး ခရီးကမတွင်..။ ချိန်း .. ချိန်း .. ဘယ်မှာလဲ ..။

မည်းနက် ပြောင်ရှင်းနေသည့် ကတ္တရာလမ်းမကြီးပေါ် ရောက် တဲ့အထိ ဖိနပ်မပါတာကိုလည်း သတိမရ၊ ကြောက်ရလန့်ရမှန်း ည်း မသိပေ ..။ သူမ ခုနကတော့ သူငယ်ချင်းတွေရဲ့အလယ်မှာပါ။

ဖုန်းကိုကိုင်၍ စိတ်ပူသမျှကို တတ်နိုင်သမျှ ချုပ်တီးနေရသည်။ ဘယ်ရောက်ရောက်နေပြီလဲ ..၊ ကားကို သတိထား မောင်းရဲ့လား၊ မဟုတ် ကားမောင်းရင်း အန်ကယ့်လ်ဆီ ဖုန်းပြောဖို့ စိတ်လှုပ်ရှား လား ..။

အများကြီး တွေးနေလေ စိတ်ပူလေ ..၊ ဘာကိုမှ မသိခဲ့သော်လည်း စိတ်ပူတာဟာ အန်ကယ့်လ်ကို မဟုတ်ဘဲ ချိန်း ကိုသာ ပူနေမိခြင်း သူမ တစ်ကိုယ်ကောင်းဆန်နေပြီလား ..။

ဒါပေမယ့် ဘာအတွက်ဆိုတာ ပြစရာမရှိဘဲ ချိန်း တစ်ခုခု ဖြစ် နိုင်မလားဆိုသည့် အတွေးတွေ နှိပ်စက်နေခဲ့တာ ကြာပါပြီ။ ဖုန်း မေးချင်သည်၊ သတိပေးချင်မိသည်။ ကိုယ့်ဖုန်းသံကြောင့် ချိန်း မောင်းရင်း ကသိကအောက် ဖြစ်သွားမှာလည်း စိုးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ ယောက်ယက်ခတ်နေတုန်း ကိုင်ထားသည့်ဖုန်းက ဖျတ်ခနဲ လင်းလာကာ Vibration နှင့် ပုတ်နှိုးလိုက်၏။

"ဟော .. ဖုန်း .. ဖုန်းလာပြီ .."

ဘေးမှာ ပတ်လည်ဝိုင်းနေကြသည့် သဲ တို့တွေ ကမာ့ နားကို တိုးကပ်လာကြသည်။ ကမာ ချက်ချင်းဖွင့်၍ နားထောင်လိုက်လျှင် —

"ကမာ .. ကိုယ် ပြန်မလာနိုင် .. ဖူး တို့ .."

"ဟင်!..."

ဖုန်းထဲမှာ ချိန်း ရဲ့ သေအံ့မူးမူး မချိမဆံ့ ညည်းညူသံ ..၊ ပြီးတော့ စကားသံမဟုတ်တော့ဘဲ ဘာသံတွေမှန်း မသိသော အသံတွေထဲမှာ တရှိန်ရှိန်နှင့် မင်္ဂလာမဲ့စွာ ..။

"ချိန်း .."

"ဟင် .. ဘာဖြစ်လို့လဲ"

"ချိန်း .. ချိန်း .. တစ်ခုခုဖြစ်ပြီ .."

"ဒေါက် .."

ကယောင်ချောက်ချား ပြောကာ နားမှာပဲ ကပ်ထားဆဲ ဖုန်းက လက်ထဲကနေ လျှောခနဲ ပြုတ်ကျသွားသည်။

"မဟုတ်ဘူး .. အဲဒီလို မဟုတ်ဘူး .. ချိန်း မဖြစ်ရဘူး"

ကမာ အရူးလိုပြောရင်း ဂါဝန်စလေးနှစ်ဖက်ကို ဆတ်ခနဲ 'မ' ကိုင်လိုက်ကာ ...

"ဟဲ့ .. ဟဲ့ .. ကမာ .. ဆွဲကြပါဦး"

"ကမာ နေဦးလေ .. ညမိုးချုပ်ကြီး ဒီလိုလုပ်လို့ မဖြစ်ဘူး၊ အောင်ချမ်း တို့ လုပ်ပါဦးဟာ .."

နောက်မှာ အသံတွေ ဝေးကျန်ရစ်ကာ မည်းနက်သည့် ကတ္တရာလမ်းမကြီးက တွန့်လိမ်တွားသွားနေသော မြွေဆိုးတစ်ကောင်၏ ကျောကုန်းနှင့် တူနေသည်။





သူမသည် မြွေဆိုးတစ်ကောင်၏ စက်ကွင်းထဲမှာ ပြေးနေပြီး ရှေ့မှာ မြင်နေရတာ အမှောင်ထုလည်း မဟုတ်သေး ..။

အဖြူရောင်ဝတ်စုံမှာ နီစွေးသောသွေးတွေ စိုစွတ်လျက် ချိန်း လဲကျနေသည်။ ဘေးမှာ ဘယ်သူမှမရှိဘဲ ကားတုံးလုံး လူတုံးလုံးဖြစ်တာ အသက်ကို ခက်ခဲပင်ပန်းစွာ ရှူရှိုက်ရင်း သူမကို စောင့်နေခဲ့၏။

"ချိန်း .. ချိန်း ရယ် .. ရှင် ဘာမှမဖြစ်ရဘူး၊ ချိန်း အားတင်းထားပါဦး"

ဘယ်လောက်ပြေးပြေး ချိန်း ကို မြင်သာမြင်နေရပြီး မရောက်နိုင်..။

ဖူး တို့လို့ ချိန်း ပြောခဲ့တာ ဘာလဲ ..၊ သူတို့တွေ ချိန်း ကို ညာပြီး ခေါ်ထုတ်လိုက်တာလား ..၊ ဦးချက်ကြီး မျက်နှာကို ဖျတ်ခနဲ မြင်မိသည်။ ဖူး အတွက်ဆို လိုရာအကုန်ဖြည့်ဆည်းပေးချင်နေသည့် နူးညံ့နားလည်သော အပြုံးတွေ ..။

စကားနည်း တည်ငြိမ်တဲ့လူတွေဟာ သွေးအေး ရက်စက်တတ်သည်တဲ့ ..။

ချိန်း ကို ဒီလူကြီး ဘာလုပ်လိုက်ပြီလဲ ..၊ ချိန်း ရဲ့ဘေးမှာ သူတို့ ရှိနေကြသလား .. ဒါမှမဟုတ် ချိန်း ကို အနာတရဖြစ်အောင် လုပ်လိုက်ပြီးမှ ဖူး ပြန်လည် ပွေ့ပိုက်ထားခဲ့သလား ..။

စိတ်တို့သည် ကိုယ်ခန္ဓာနှင့်အတူ ပြေးချင်တိုင်း ပြေးနေခဲ့သည်။ စကားတွေပြော .. မေးခွန်းတွေဖြစ်လာသမျှ ဖြေမယ့်သူလည်း မရှိ ..။

ချိန်း သည် ဖူး အပေါ်မှာ ဘယ်လိုသော အကြောင်းအမျိုးနဲ့မှ ညွတ်ကျ ယိမ်းယိုင်မှာ မဟုတ် ..၊ ချိန်း ကို အလိုရှိသည်ဆိုလျှင် ပိုင်ဆိုင်ခွင့်ရအောင် ဖူး ဘယ်လို ကြံစားမလဲ ..။

ချိန်း ရဲ့နောက်ဆုံးစကားထဲမှာ ဖူး ဆိုသည့်နာမည်ကို ကြားလိုက်ရခြင်း၏နောက်မှာ သူမ အများကြီးပဲ နားလည်နေ၏။ စုံထောက်ကောင်းတစ်ယောက်ကဲ့သို့ ဖြစ်နိုင်ခြေတွေ အားလုံးက အစီအရီ ပေါ်လာနေ

www.burmeseclassic.com



သည်။

ဒါပေမယ့် ပြောပြဖို့ သူမအနားမှာ ဘယ်သူမှ မရှိ ..။ ဒါတွေ တကယ်ဖြစ်နေပြီလား သိရဖို့ဆိုတာလည်း ချိန်း ရဲ့အနားကို ရောက်အောင် ပြေးနေရင်း ဝေးကွာနေခဲ့၏။

ပြေးနေတာ ဟုတ်ရဲ့လားလို့ ကိုယ့်ခြေထောက်တွေကို ပြန်ငုံ့ကြည့်မိတဲ့အခါ မည်းနက်သောလမ်းမထက်မှာ ဖိနပ်မပါသည့် သူမခြေဖဝါးတွေက ဖြူနုသည့်အရောင် မဟုတ်တော့ဘဲ နီမြန်းနေခဲ့ပြီ ဖြစ်သည်။

သူမ အားသွန်ခွန်စိုက် ပြေးနေတာပါ။

ဘယ်မှာလဲ ချိန်း ရယ် .. ဟင် .. အသံပေးလိုက်ပါ၊ ချိန်း ကမာ့ကို တမ်းတရင်း လွှးလုးလွန့်လွန့် ရှိနေမှာ ..၊ အဲဒါ ကမာ သိတယ်၊ တို့ မရောက်လာသေးဘဲ ချိန်း ဘယ်မှ မသွားရဘူး၊ ဘာမှ မဖြစ်ရဘူး။

ထိုစဉ် သူမ တစ်စုံတစ်ရာထက်က ပြုတ်ကျသွားသလို တစ်ကိုယ်လုံး ညွတ်ခနဲ အေးသွားသည်။ နားထဲမှာ တဝီဝီ တိုးတုံ့နေသည့် လေသံတွေချည်း မဟုတ်တော့ဘဲ လူအများ၏စကားပြောသံတွေ ပါလာသည်။

"စိတ်ချရပါပြီ၊ ဒဏ်ရာကြောင့် နောက်ဆက်တွဲ ဘာဖြစ်လာနိုင်မလဲဆိုတာကတော့ လူနာ သတိရမှပဲ အဖြေပေါ်လိမ့်မယ်"

"ကျွန်မ သမီးလေး ဦးနှောက်တွေဘာတွေများ ဒေါက်တာရယ်.. ဟိုလေ .."

"စိတ်အေးအေးထားပါ အန်တီ .. လောလောဆယ် အသက်အန္တရာယ်အတွက် စိတ်ချရပြီဆိုတာပဲ ကျေနပ်စရာပါ"

နားထဲမှာ စကားလုံးတွေ ပီပြင်လာသည်။ စကားသံ ကြားတိုင်း ဒါ ဘယ်သူဆိုတာကို သိနေ၏။ ဒါပေမယ့် သူမ မွန်းကျပ်နာကျင်မှုတွေက အဆမတန်ဖြစ်နေကာ အမြင်အာရုံတွေလည်း မရ၊ စကားပြောဖို့ ကြိုးစားတာလည်း မအောင်မြင် ..။

သမီး ဦးနှောက်မပျက်ပါဘူး မေမေ .. ဒါပေမယ့် အခု ဘာတွေ







ဖြစ်နေတာလဲ ..၊ ဘယ်မှာလဲ ..။

ကမာ့ စိတ်တွေ ရှေ့နောက် ပြေးလွှားလာပြန်သည်။

"ကမာ .. ကိုယ် ပြန်မလာနိုင်တော့ဘူး"

"ဟဲ့ .. ဟဲ့ .. ဆွဲကြပါဦး .. ကမာ မသွားနဲ့ .."

ဝုန်းဒိုင်းကြဲသွားသည့် မြင်ကွင်းတွေ ..၊ ပြီးတော့ ချိန်း ရဲ့ [illegible] နာကျင်မှုတွေနဲ့ အသံ ..၊

"ဟော .. ကမာ သတိရလာပြီ အန်တီ၊ မျက်တောင်[illegible] လှုပ်လာပြီ"

"ဟဲ့ ဝီလီ .. နင် သွားလေ၊ နင့်ကို မြင်လိုက်ရင် ချိန်း နောက်လိုက်သွားတာ သတိရပြီး မေးနေလိမ့်မယ်"

"ချိန်း သေပြီဆိုတာ ဒီအချိန်မှာတော့ လုံးဝ ပြောလို့ မဖြစ်ဘူး"

"မွေး ရယ် .. မပြောဘူးလို့ ပြောနေတဲ့ နင့်ပါးစပ်ကြီးကို ပိတ်ထားစမ်းပါ"

"သမီး .. သမီးလေး .. သတိရလာပြီလား မျက်လုံးတွေ ဖွင့်ငါတော့ သမီးရယ် .. မေမေ ရင်တွေပူလှပြီ"

မေမေ ရှိုးနေတာကို ကြားနေရသည်။ အသံတွေ ဗိုနီးကပ်လာသလို အားလုံး၏ ကိုယ်ငွေ့နွေးနွေးနှင့် ပတ်ဝန်းကျင်၏ နွေးထွေးမှုတွေကိုပါ ခံစားမိလာ၏။

သူမ သတိရနေပါပြီ၊ မျက်လုံးတွေကို ဖွင့်ဖို့ အားယူရင်း မြင်မှာကို စိုးရိမ်လာခဲ့တာကိုတော့ ဘယ်သူမှ မသိနိုင် ..။ သူမ အသက်ပြန်ရှင်သန်ခွင့်ရခဲ့ရင်လည်း ဘဝကတော့ သေပါပြီ ..။

'ချိန်း သေပြီ' ဆိုသည့် စကားရပ်ကို ကြားလိုက်ရသည့်နောက်..၊

"ဟင်!.. ဟိုမှာ .. သဲ ကြည့်စမ်း"

'ကမာ ငိုနေတယ်' ဆိုသည့်စကားကို နှုတ်ဖျားက မထွက်နိုင်ခဲ့ဘဲ သဲ မျက်လုံးတွေ ဗိုင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူတို့တွေ ဆုံလိုက်သည့်အကြည့်တို့မှာ ကမ္ဘာမျှော် မှန်တိုင်းကြီးတစ်ခု လာတော့မှာကို သိလိုက်ရတာမျိုး ...။

ကမာ ကြားသွားခဲ့သည်လား ...၊

မျက်ဝန်းထောင့်မှာ တလိမ့်လိမ့် ဆင်းကျသွားသည့် မျက်ရည်တို့သည် မျက်တောင်ကော့တို့ ပိတ်ယှက်ထားသည့်အောက်မှ တစ်စက် ချင်း ဆက်တိုက်ကြီးမို့ ထိတ်လန့်လာမိ၏။

ချိန်း သေဆုံးခဲ့ပြီဆိုတာ ကမာ သိသွားရင် ဘာတွေဖြစ်လာမလဲ...၊

အခု သတိရနေသားနဲ့ မျက်လုံးတွေကို မဖွင့်ဘဲ နေနေတာလား...၊

ဩ သည် ကမာ့ မျက်ဝန်းထောင့်မှာ လက်ဖဝါးလေးနဲ့ ဖွဖွလေး ထိကပ်သုတ်ပေးရင်း ...

တော်ပါတော့ .. သေဆုံးခြင်းတွေ ရပ်ပါစေတော့ ကမာ ရယ်...၊

ထွက်ခွာသွားကြသူတွေထက် ကျန်ရစ်တဲ့သူတွေ ရင်ထဲမှာလည်း သေဆုံးကြရတာပဲမို့လို့ တော်ပါတော့ ...။

သွက်သွက်ခါ ရူးသွပ်စေနိုင်သော အံချစ်ရဲ့ မော့်ဆန်ဆန် အချည် ဖောက်ထားသည့် ပဥ္စလက်တို့သည် 'နေကမာ'ဆိုသည့် သူမကို ချန်ရစ် ခဲ့ပြီး ဘယ်လိုကကြိုးမျိုးနဲ့ ရှေ့ဆက်စေမှာလဲ ...။

BURMESE CLASSIC .com

မနက်ဖြန်တွေ လှစေချင်ပါ၏။

ပရိသတ်အတွက်
ထာဝရ



www.burmeseclassic.com